ဟာဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အ္ရရ်ဒူ) ကျမ်းမှ

မအာရိဗ္ဗလ်ကုရ်အာန်

မြန်မာဘာသာပြန်

အစောင် ၁၀

အာယသ်တော် (၇ : ၈၈) မှ (၈ : ၄၀) အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၀]
စူရာဟ်အန်ဖာလ်
လက်ရပစ္စည်းများကဏ္ဍ

ရ း ၄၁

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂
၃။ ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်ပြီးနောက် ငါးပုံတစ်ပုံ ခွဲဝေမှုပုံစံ ၉
၄။ ဆွေမျိုးသားချင်းနှင့် ငါးပုံတစ်ပုံ ၉
၅။ အကျိုးရလဒ် ၁၀
၆။ 'ဗဒရ်' စစ်ပွဲနေ့ကို 'ယောင်မွလ်ဖွရ်ကား‌န်' ဟု မိန့်ဆိုထားခြင်း ၁၁

ရ း ၄၂ မှ ရ း ၄၄ အထိ

၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂
၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅

ရ း ၄၅ မှ ရ း ၄၇ အထိ

၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂
၁၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃
၁၁။ စစ်မက်တိုက်ခိုက်ရာတွင် အောင်မြင်မှုအတွက် ကျမ်းတော်မြတ်ကုရ်အာန်၏ လမ်းညွှန်ချက်များ ၂၃

ရ း ၄၈ မှ ရ း ၄၉ အထိ

၁၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၀
၁၄။	ရှိက်သွာန်၏ လှည့်စားမှုနှင့် ၄င်းမှ ရှောင်ကြဉ်ရမည့် ပုံစံ	၃၄
၁၅။	အောင်မြင်မှုအတွက် စိတ်နှလုံး ဖြူစင်ရုံဖြင့် မလုံလောက်၍ ၄င်းအလျှင် ဖြောင့်မတ်သော လမ်းပေါ် လျှောက်လှမ်းရန် အရေးကြီးခြင်း	၃၄
	၈ း ၅၀ မှ ၈ း ၅၃ အထိ	
၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၇
၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၈
	၈ း ၅၄ မှ ၈ း ၅၈ အထိ	
၁၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၄
၁၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၅
၂၀။	အစ္စလာမ့်အုပ်ချုပ်မှု၏ အစပထမ လုပ်ဆောင်ချက်	၄၈
၂၁။	အစ္စလာမ်၏ လူမျိုးရေး	၄၈
၂၂။	ဒုတိယလုပ်ဆောင်ချက်	၄၉
၂၃။	ယဟူဒီများနှင့် ကတိစာချုပ်ချုပ်ဆိုခြင်း	၄၉
၂၄။	ငြိမ်းချမ်းရေးကတိစာချုပ်အား ပယ်ဖျက်ရမည့် ပုံသဏ္ဍာန်	၅၀
၂၅။	ကတိစာချုပ်ပါအတိုင်း အပြည့်အဝလိုက်နာသည့် အဲ့ဖွယ်ဖြစ်ရပ်တစ်ခု	၅၂
	၈ း ၅၉ မှ ၈ း ၆၂ အထိ	
၂၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၄
၂၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၅
၂၈။	"ဂျီဟားဒ်" ပြုရန်အတွက် စစ်လက်နက်များလည်းကောင်း၊ စစ်ဘက်ဆိုင်ရာ အသုံးဆောင်ပစ္စည်းများကို အဆင်သင့်ပြုခြင်း "ဖွရဇ်" ဖြစ်ခြင်းအကြောင်း	၅၅
	၈ း ၆၃ မှ ၈ း ၆၆ အထိ	
၂၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၁
၃၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၃
၃၁။	မွတ်စ္စလင်မ်အချင်းချင်းတွင် စစ်မှန် တိကျ၍ ခိုင်မာသော ညီညွတ်မှုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုအပေါ်၌သာ မူတည်ခြင်းအကြောင်း	၆၄

၈ း ၆၇ မှ ၈ း ၆၉ အထိ

၃၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၈
၃၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၀

၈ း ၇၀ မှ ၈ း ၇၁ အထိ

၃၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၈
၃၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၉

၈ း ၇၂ မှ ၈ း ၇၅ အထိ

၃၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၄
၃၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၆

စူရာဟ်သောင်ဗာဟ်

နောင်တရခြင်းကဏ္ဍ

၉ း ၁ မှ ၉ း ၅ အထိ

၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၉
၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၁
၄၀။ မက္ကာဟ်မြို့ကို အောင်မြင်ပြီးသည့်အခါ လွှမ်းမိုးခြင်းခံရသော ရန်သူများနှင့် ကရုဏာသက်စွာ အနိုင်းမဲ့ ဆက်ဆံခြင်း ၁၀၅
၄၁။ မက္ကာဟ်မြို့ကို အောင်မြင်သည့်အခါ၌ မုရှိရစ်ကီများသည် လေးမျိုးရှိပြီး ၎င်းတို့နှင့် စပ်လျဉ်းသည့် ပညတ်ချက်များ ၁၀၆
၄၂။ စာချုပ်ပါစည်းမျဉ်းအရ အချိန်ကာလ ကုန်ဆုံးသွားသော်ငြားလည်း ကရုဏာ တရားရှေ့ထားပြီး ကာဖိရ်များကို အချိန်ပေးခဲ့သည့်အကြောင်း ၁၀၈
၄၃။ ကာဖိရ်များနှင့်ချုပ်ဆိုထားသောစာချုပ်ကို ရုပ်သိမ်းမည်ဆိုလျှင် အများသိအောင် မကြေညာဘဲ၊ အားလုံးကို သတိမပေးဘဲ ၎င်းတို့နှင့်ဆန့်ကျင်သည့် မည်သည့် ကိစ္စရပ်မှ ပြုခြင်း မပိုင်ကြောင်း ၁၀၉
၄၄။ အထက်တင်ပြပါအာယသ်တော်ငါးပိုဒ်နှင့်ပတ်သက်သည့်အချို့ပညတ်ချက်များနှင့် အကျိုးထူးများ ၁၁၀

၄၅။ ကာဖိရ်များအား ခွင့်လွှတ်ပေးရမည်ဟူသော အလိုသဘော၌ ၎င်းတို့ဘက်မှ ပေးလာမည့် ဒုက္ခဟူသမျှမှ ရှောင်ကြဉ်ရန် အစီအစဉ်များပင် ပြုလုပ်ခြင်းမပိုင် ဟူသော အလိုသဘောမဟုတ်ခြင်းအကြောင်း ၁၁၁

၉ း ၆ မှ ၉ း ၁၁ အထိ

၄၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၆
၄၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၈
၄၈။ အစ္စလာမ်သာသနာတော်၏ စစ်မှန်ကြောင်းကို အထောက်အထားနှင့်တကွ နားလည်သဘောပေါက်စွာ တင်ပြပေးရန် သာသနာ့ပညာရှင်များအပေါ် 'ဖွရ်ဇ်' တာဝန်ဖြစ်ခြင်း ၁၁၉
၄၉။ အစ္စလာမ်နိုင်ငံတွင်း နေထိုင်သူမဟုတ်သူ မွတ်စ္စလင်မ်မဟုတ်သူ တစ်ဦးအား လိုသည်ထက်ပို၍ အစ္စလာမ့်နိုင်ငံအတွင်း နေထိုင်ခွင့် မပြုရခြင်း ၁၂၀
၅၀။ ကာဖိရ်များနှင့် ရင်ဆိုင်ရာ၌လည်း အမှန်တရားအပေါ် ရပ်တည်ရန်နှင့် ၎င်းတို့နှင့်ပတ်သက်ပြီး နိုင်ထက်စီးနင်းပြုခြင်းမှ ရှောင်ကြဉ်ရန် သင်ကြားပို့ချ ထားခြင်း ၁၂၁
၅၁။ သာသနာ့ညီနောင်အတွင်း ဝင်ရောက်ရန် စည်းကမ်းချက်သုံးချက် ၁၂၂

၉ း ၁၂ မှ ၉ း ၁၆ အထိ

၅၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၅
၅၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၆
၅၄။ အစ္စလာမ်နိုင်ငံတွင်း မှီတင်းနေထိုင်သူ မွတ်စ္စလင်မ် မဟုတ်သူများသည် အစ္စလာမ်သာသနာအပေါ် ပညာရေးအရ ရှုတ်ချပြောဆိုခွင့်ရှိသော်လည်း မဟုတ် မမှန် စွပ်စွဲပြောဆိုပိုင်ခွင့် မရှိခြင်း ၁၂၈

၉ း ၁၇ မှ ၉ း ၁၈ အထိ

၅၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၁
၅၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၂
၅၇။ မွတ်စ္စလင်မ်ပီသသောသူများ၏ လက္ခဏာနှစ်ရပ် ၁၃၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၅၈။ မွတ်စ္စလင်မ်မဟုတ်သူတစ်ဦးကို မိတ်ဆွေဖွဲ့ပိုင်ခွင့် မရှိခြင်း ၁၃၃
၅၉။ ဤအာယသ်တော်နှင့် ပတ်သက်သည့် အချို့ပညတ်ချက်များ ၁၃၇

၉ း ၁၉ မှ ၉ း ၂၃ အထိ

၆၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၀
၆၁။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၄၁
၆၂။ အလ္လာဟ်အသျှင်မြတ်အား သတိရ တသခြင်းသည် 'ဂျိဟားဒ်' ထက် ပို၍ မွန်မြတ်ခြင်း ၁၄၄
၆၃။ အထက်ပါ အာယသ်တော်များနှင့် ပတ်သက်သော အချို့အကျိုးထူးများနှင့် ပညတ်ချက်များ ၁၄၇
၆၄။ အဓိကတော်စပ်မှုမှာ အစ္စလာမ်နှင့်အီမာန်၏တော်စပ်မှုပင်ဖြစ်၍ ဆွေမျိုးအဆက်အသွယ်များနှင့် ဇာတိမြေ အဆက်အသွယ်များအားလုံးကို ထိုအဆက်အသွယ်အပေါ် စွန့်ကြဲရခြင်း ၁၄၈

၉ း ၂၄

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၉
၆၆။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၅၀
၆၇။ ဟိဂျ်ရသ်နှင့် စပ်လျဉ်းသည့် ခမ္မသတ်များ ၁၅၁
၆၈။ အလ္လာဟ်နှင့် ရစူလ် ﷺ အပေါ် ချစ်ခင်မှုသည် တစ်လောကလုံးနှင့် မိမိအသက်ထက် သာပိုခြင်းမဖြစ်သမျှကာလပတ်လုံး စစ်မှန်သောအီမာန်မဖြစ်နိုင်ခြင်း...... ၁၅၂

၉ း ၂၅ မှ ၉ း ၂၇ အထိ

၆၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၆
၇၀။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၅၆
၇၁။ 'ဟုနိုင်းန်' စစ်ပွဲ အောင်နိုင်ခြင်းနှင့် ဟဝါဇင်န်နှင့် စကီးဖ်မျိုးနွယ်တို့မှ ခေါင်းဆောင်များ မွတ်စ္စလင်မ်ဖြစ်၍ ရောက်ရှိလာခြင်းနှင့် အကျဉ်းသားများကို ပြန်လွှတ်ပေးခြင်း ၁၆၄

၇၂။ ရပိုင်ခွင့်၊ အခွင့်အရေးကိစ္စနှင့်စပ်လျဉ်း၍ အများလူထု၏ဆန္ဒကို ဆန်းစစ်ရာတွင် အများလူထု၏ ညာသံပေး ဟစ်အော်သည့် အသံဖြင့် မလုံလောက်ပေ။ တစ်ဦးချင်း၏ဆန္ဒကို သီးခြားစစ်တမ်းကောက် ဆန်းစစ်ရပေမည်။ ၁၆၆

၇၃။ ပညတ်ချက်များနှင့် ဓမ္မသတ်များ ၁၆၇

၇၄။ ရှုံးနိမ့်သူ ကာဖိရ်တို့၏ ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားမျှတမှုနှင့် ဆင်ခြင်မှုတရား ထားရှိခြင်း ၁၆၇

၉ : ၂၈

၇၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၉

၇၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၀

၇၇။ မုရှ်ရစ်က်များ 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' တွင် ဝင်ရောက်ခြင်းကို တားမြစ်ရသည့် ရည်ရွယ်ချက်နှင့် ဤတားမြစ်ချက်သည် 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' အတွက်သာ အထူးအမိန့်ဖြစ်ပါသလော။ (သို့) ဗလီအားလုံးအတွက် ဖြစ်ပါသလော။ ၁၇၂

၉ : ၂၉ မှ ၉ : ၃၀ အထိ

၇၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၇

၇၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၈

၉ : ၃၁ မှ ၉ : ၃၅ အထိ

၈၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၅

၈၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၆

၉ : ၃၆ မှ ၉ : ၃၇ အထိ

၈၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၃

၈၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၃

၈၄။ အမိန့်တော်များနှင့် ပညတ်ချက်များ ၁၉၈

၉ : ၃၈ မှ ၉ : ၄၂ အထိ

၈၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၀

၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၉ း ၄၃ မှ ၉ း ၅၂ အထိ	
၈၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၁
၈၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၄
၈၉။	လက်ခံနိုင်သော အကြောင်းပြချက်နှင့် လက်မခံနိုင်သော အကြောင်းပြချက်၏ ခြားနားမှု	၂၁၆
၉၀။	ကံကြမ္မာအပေါ် ယုံကြည်ခြင်းသည် အကြံအစည်အား အသုံးချခြင်းနှင့်တကွ ဖြစ်ရန် လိုအပ်၍ အကြံအစည် မရှိခြင်းအား 'သဝက္ကုလ်' အားကိုးအားထား ပြုသည်ဟု အမည်ပေးခြင်းသည် လုံးဝမှားခြင်း	၂၁၉
	၉ း ၅၃ မှ ၉ း ၅၉ အထိ	
၉၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၂
၉၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မတ်များ	၂၂၄
၉၃။	အလှူဒါနပစ္စည်းများအား ကာဖိရ်များကို ပေးနိုင်သလော။	၂၂၅
	၉ း ၆၀	
၉၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၆
၉၅။	'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသူများအကြောင်း	၂၂၆
၉၆။	အကျိုးအကျေးရှုး	၂၃၅
၉၇။	'အေဗာဒသ်' အပေါ် အခကြေးငွေယူခြင်း၏ မေးခွန်းတစ်ခု	၂၃၆
၉၈။	ကြီးမားသော အကျိုးကျေးဇူးတစ်ရပ်	၂၃၉
၉၉။	'သမ်လီးက်' (လက်ရောက်အပိုင်ပေခြင်း) နှင့်ပတ်သက်သည့် ဓမ္မသတ်	၂၄၈
၁၀၀။	ဇကားသ်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသောအချို့ဓမ္မသတ်များ......	၂၅၀
	၉ း ၆၁ မှ ၉ း ၆၆ အထိ	
၁၀၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၅
၁၀၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၇
	၉ း ၆၇ မှ ၉ း ၇၀ အထိ	
၁၀၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၉
၁၀၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၉ း ၇၁ မှ ၉ း ၇၃ အထိ	
၁၀၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၃
၁၀၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၃
	၉ း ၇၄ မှ ၉ း ၇၈ အထိ	
၁၀၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၇
၁၀၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၉
	၉ း ၇၉ မှ ၉ း ၈၀ အထိ	
၁၀၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၄
၁၁၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၄
	၉ း ၈၁ မှ ၉ း ၈၃ အထိ	
၁၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၆
၁၁၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၆
၁၁၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၇
	၉ း ၈၄	
၁၁၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၉
၁၁၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၉
၁၁၆။	တင်ပြခဲ့သည့် အဖြစ်အပျက်အပေါ် ဓောဒကအချို့နှင့်အဖြေ	၂၈၀
	၉ း ၈၅ မှ ၉ း ၈၉ အထိ	
၁၁၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၈၄
၁၁၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၈၅
	၉ း ၉၀	
၁၁၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၈၆
၁၂၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၈၆
	၉ း ၉၁ မှ ၉ း ၉၃ အထိ	
၁၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၈၈
၁၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၈၈

ပါရာ [၁၀]

စူရတ်အန်ဖာလ်

လက်ရပစ္စည်းများကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَاعْلَمُوْٓا اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ فَاَنَّ لِلّٰهِ خُمُسَهٗ وَ
لِلرَّسُوْلِ وَلِذِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ
السَّبِيْلِ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ وَمَآ اَنْزَلْنَا عَلٰى عَبْدِنَا يَوْمَ
الْفُرْقَانِ يَوْمَ الْتَقَى الْجَمْعٰنِ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٤١﴾

၈ : ၄၁ ။ ။ ထို့ပြင် (အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အကယ်၍ အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ (ယုံကြည်သူနှင့် သွေဖည်ငြင်းပယ်သူတို့အား) ခွဲခြားသိစေတော်မူသော နေ့ (သို့မဟုတ်) အုပ်စုတစ်စုနှင့် တစ်စု ရင်ဆိုင်ခဲ့ကြသောနေ့တွင် ငါအသျှင်မြတ်သည် မိမိ၏ ကျွန် (မိုဟမ္မဒ်) အပေါ်ဝယ် ချပေးသနားတော်မူခဲ့သည့် (သက်သေလက္ခဏာတော်) ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြပါမူ အသင်တို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) တစ်စုံတစ်ရာ လက်ရပစ္စည်းများကို ရရှိပါမူ ငါးပုံတစ်ပုံသည် အလ္လာဟ်အသျှင်မြတ်၊ ရစူလ်တမန်တော်မြတ်၊ (တမန်တော်မြတ်၏) သွေးမျိုးသားချင်းများ၊ မိဘမဲ့ကလေးသူငယ်များ၊ သူဆင်းရဲများနှင့် ခရီးသည်များ၏ ပိုင်ဆိုင်ကြသည့် (ဝေစုဖြစ်ကြောင်း) ကို (ကောင်းစွာ) သိထားကြရမည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလုံးစုံတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကာဖိရ်များ၏ထံမှ အသင်တို့သည် 'ဂနီမသ်' လက်ရပစ္စည်းများ ရရှိခဲ့ပါသော် ၎င်းပစ္စည်းများ၏ အမိန့်ပညတ်ချက်နှင့် ပတ်သက်၍ သိရှိထားကြရပေမည်။ (၎င်းအားလုံး ပစ္စည်းများကို ငါးပုံ ပုံရပေမည်။

ငါးပုံသည် စစ်တိုက်နိုက်သူတို့၏ ဝေရာတွင် ရှိပေမည်။ ကျန်တစ်ပုံဖြစ်သည့် ပဥ္စမတစ်ပုံသည် (တစ်ဖန် ၄င်းပဥ္စမအပုံကို ငါးပုံအညီအမျှ ခွဲခြားပြီး ၄င်းတို့ထဲမှ တစ်ပုံသည် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်အတွက်ဖြစ်ပြီး (အလိုသဘောမှာ တမန်တော်မြတ် ﷺ အတွက် ရှိပေမည်။ တမန်တော်မြတ် ﷺ အား ပေးခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်သို့ ပို့သခြင်းဖြစ်ပေမည်။) အခြားတစ်ပုံသည် တမန်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်းများအတွက်ဖြစ်ပြီး၊ (နောက်တစ်ပုံသည်) ဖမဲ့ကလေးသူငယ်များအတွက်ဖြစ်ပြီး၊ (နောက်တစ်ပုံသည်) သူဆင်းရဲများအတွက် ဖြစ်ပါသည်။ (နောက်တစ်ပုံသည်) ခရီးသည်များအတွက် ဖြစ်ပေသည်။

အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ကြပါမူ (၄င်းအရာများအပေါ် ယုံကြည်ကြပါမူ) ငါအလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ် (မိုဟမ္မဒ် ﷺ အပေါ် ဆုံးဖြတ်ချက်ချပေးသောနေ့ (အလိုသဘောမှာ) 'ဗဒရ်'စစ်ပွဲတွင် ကာဖိရ်နှင့် မွတ်စလင်မ်အုပ်စု နှစ်စုတို့ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော နေ့တွင် ချပေးသနားတော်မူခဲ့သည်။ (အလိုသဘောမှာ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များဖြင့် အကွယ်မှ အကူအညီပေးခြင်းဖြစ်သည်။ အကယ်၍ ငါအသျှင်မြတ်အား ၄င်းအကွယ်မှ အကူအညီပေးခဲ့သည့်အပေါ် သက်ဝင်ယုံကြည်ပါမူ ၄င်းအမိန့်ကိုလည်း သိရှိလိုက်နာဆောင်ရွက်ပါ။ ငါးပုံ ပုံလိုက်သည်ကို ခက်ခဲသည်ဟု မမှတ်လေနှင့်။ ဤအားလုံးသော 'ဂနီမသ်'လက်ရပစ္စည်းများသည် အလ္လာဟ်အသျှင်မြတ်၏ အကူအညီဖြင့်သာ ရရှိခဲ့ခြင်း ဖြစ်ပေသည်။ အကယ်၍ ငါးပုံတစ်ပုံ မရရှိလျှင်လည်း မည်သို့ ဖြစ်မည်နည်း။ ငါးပုံလေးပုံမှ ကျွန်ုပ်တို့၏ လက်များဖြင့် ရရှိအောင် ပြုလုပ်နိုင်စွမ်း မရှိပေ။ အသျှင်မြတ်၏ စွမ်းဆောင်ပေးမှုဖြင့်သာ ရရှိခဲ့လေသည်။ အလ္လာဟ်အသျှင်မြတ်သာလျှင် အရာအားလုံး၏အပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အသင်တို့၏ စွမ်းဆောင်ချက်သည် များပြောင်စွာ မရှိပါဘဲနှင့် များစွာ ရရှိခဲ့လေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်ဖြင့် 'မာလေဂနီမသ်' လက်ရပစ္စည်းများ၏ အမိန့်နှင့် ၄င်းပစ္စည်းများကို ခွဲဝေခြင်း၏ ဥပဒေနည်းလမ်းကို တင်ပြထားလေသည်။ ပထမဦးစွာ အချို့အရေးကြီးသော စာလုံးများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သိရှိထားရပေမည်။ အဘိဓါန်၌ 'ဂနီမသ်'ဆိုသည်မှာ ရန်သူတို့၏ထံမှ ရရှိခဲ့သော ပစ္စည်းများကို ခေါ်ဆိုသည်။ ရှရီအသ်၏ အခေါ်အဝေါ်တွင် မွတ်စလင်မ်မဟုတ်သူတို့၏ထံမှ စစ်ထိုးတိုက်ခိုက်ပြီး အောင်မြင်သောအခါ ရရှိသော ပစ္စည်းများကို 'ဂနီမသ်'ဟု ခေါ်သည်။ တစ်ဖက်နှင့်တစ်ဖက် ငြိမ်းချမ်းရေးရယူ၍ သဘောတူညီစွာဖြင့် ရရှိခဲ့ပါသော် ဥပမာ- 'ဂျဇိယာ'၊ 'ခိရာဂ်' စသည်တို့ကို 'ဖိုင်းအ်' ဟု ခေါ်ဆိုသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ၄င်းစာလုံးနှစ်လုံးဖြင့် နှစ်မျိုးစလုံး၏ အမိန့် တင်ပြထားလေသည်။ စူရာဟ်အန်ဖာလ်တွင် မွတ်စလင်မ်မဟုတ်သောသူတို့နှင့် စစ်တိုက်ခိုက်၍ ရရှိသော 'မာလေဂနီမသ်'၏ ပညတ်ချက်ကို တင်ပြထားလေသည်။ ပထမဦးစွာ ဤနေရာတွင် စကားရပ်တစ်ခုကို နားလည်

သိထားရန် လိုအပ်ပေသည်။ ထိုအရာသည် အစ္စလာမ်ဥပဒေနှင့် ကျမ်းတော်မြတ်ကုရ်အာန်၏ သုံးသပ်ချက်နှင့်အညီ တစ်လောကလုံးရှိ အရာအားလုံး၏ မူရင်းပိုင်ဆိုင်မှုသည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာအားလုံးကို ဖန်ဆင်းခဲ့ပေသည်။ လူသားတို့၏ အရာဝတ္ထုများ၏ ပိုင်ဆိုင်မှုသည်လည်း အလ္လာဟ်အသျှင်မြတ်က မိမိ၏ ဥပဒေနှင့်အညီ လူတို့အား ပိုင်ဆိုင်မှု သတ်မှတ်ပေးထားသည့် အတိုင်းအတာခန့်သာ ရှိသည်။ ဥပမာ- စူရာဟ်ယာစီးန်တွင် တိရစ္ဆာန်များနှင့် ပတ်သက်၍ အမိန့်ရှိသည်မှာ-

أَوَلَمْ يَرَوْا أَنَّا خَلَقْنَا لَهُم مِّمَّا عَمِلَتْ أَيْدِينَا أَنْعَامًا فَهُمْ لَهَا مَالِكُونَ

'ကေန်စင်စစ် ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အကျိုးငှာ မိမိ၏ လက်တော်ဖြင့် ပြုလုပ်တော်မူသော အရာတို့တွင် ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တို့ကို ဖန်ဆင်းတော်မူခဲ့ရာ ၎င်းတို့သည် ယင်းကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များအား ပိုင်ဆိုင်သူများ ဖြစ်သွားခဲ့ကြသည်ကို ၎င်းတို့ မမြင်ခဲ့ကြလေသလော။'

လူမျိုးစုတစ်စုသည် အလ္လာဟ်အသျှင်မြတ်ကို တုပနိူင်းယှဉ်သည့် ကုဖွ်ရ်ထဲတွင် ကျရောက် နေခဲ့ပါသော် ပထမဦးစွာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို ပြုပြင်ရန်အတွက် မိမိထံမှ ရစူလ်တမန်တော်မြတ် ﷺ နှင့် ကျမ်းစာအုပ်များ ပို့ပေးလိုက်လေသည်။ ထိုနဖူးစာဆိုးသောသူတို့သည် ထိုသို့ အလ္လာဟ်အသျှင်မြတ်ဘက်မှ (ရစူလ်နှင့် ကျမ်းစာများ ရောက်ရှိခဲ့ပါသော်လည်း) မည်သို့မှ ပြောင်းလဲမှု မဖြစ်ပေါ်ခဲ့ပါက အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်များကို ထိုသူတို့နှင့် တိုက်ခိုက်မှုပြုရန် အမိန့်ပေးခဲ့လေသည်။ ၎င်းကာဖိရ်များ၏ အသက်စည်းစိမ်ပစ္စည်းများအားလုံးကို ရယူခွင့် ပေးလိုက်လေသည်။ ထိုသူတို့ကို အလ္လာဟ်အသျှင်မြတ်၏ ပေးထားသော ပစ္စည်းများဖြင့် အကျိုးအမြတ် ရယူခြင်း၏ အခွင့်အရေးမရှိတော့ပေ။ သို့သာမက ၎င်းပစ္စည်းများကို တာဝန်ရှိခေါင်းဆောင်များထံ ထိန်းချုပ်လိုက်သည်။ ထိုသို့ ထိန်းသိမ်းခြင်း ခံရသော ပစ္စည်း၏ ဒုတိယအမည်မှာ 'မာလေ့ဂနီမသ်' ဖြစ်သည်။ ၎င်းပစ္စည်းများသည် ကာဖိရ်များ၏ ပိုင်ဆိုင်မှုမှ ထွက်ခွာ၍ အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ပိုင်ဆိုင်မှုတွင်းသို့ ရောက်ရှိသွား၏။

၎င်းထိန်းချုပ်ခံပစ္စည်းများနှင့် ပတ်သက်၍ ရှေးယခင်ကာလတွင် အလ္လာဟ်အသျှင်မြတ်၏ နည်းဥပဒေသည် ဤသို့ ရှိ၏။ ၎င်းပစ္စည်းများကို မည်သူတစ်ဦးကိုမျှ အကျိုးအမြတ် ရယူခြင်း၏ အခွင့်အရေး မရှိပေ။ ဤသို့ ပစ္စည်းများကို ကွင်းပြင်တစ်ခုတွင် စုပုံ၍ ထားလိုက်ရသည်။ ထိုအခါ မိုးကောင်းကင်မှ လျှပ်စီးတစ်ခု ကျရောက်ကာ ထိုပစ္စည်းများကို လောင်ကျွမ်းစေလိုက်၏။ ဤအချက်သည် ၎င်းစစ်ပွဲအား လက်ခံမှု၏ လက္ခဏာဖြစ်သည်။

တမန်တော်မြတ် ﷺ အား အချို့သော 'ခုစူစီယာသ်' (သီးသန့်ထူးခြားမှုများ) အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ထား၏။ ထိုထူးခြားမှုအနက် ထူးခြားမှုတစ်ခုမှာ ဤသို့ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ အုမ္မသ်သားများအတွက် 'မာလိဂနီမသ်' ကို 'ဟလာလ်' ပြုခဲ့ပေသည်။ 'ဟလာလ်' ဖြစ်ခြင်းမှာလည်း အသန့်ရှင်းဆုံးပစ္စည်းဖြစ်သည်ဟု သတ်မှတ်ပေးထား၏။ အကြောင်းမှာ အကြင်ပစ္စည်းအား

လူသားသည် မိမိ၏ ကြိုးစားရှာဖွေမှုဖြင့် ရရှိ၏။ ထိုပုံစံ၌ ၎င်းရှာဖွေမှုသည် လူသားတို့၏ ပိုင်ဆိုင်မှု ဆင့်ကာဆင့်ကာ ပြောင်းလဲ၍ ပစ္စည်းများသည် ၎င်း၏ ပိုင်ဆိုင်မှု သို့ ရောက်ရှိလာလေသည်။ ၎င်းအဆင့်ဆင့် ပိုင်ဆိုင်မှုများသည့်လည်း 'မကွရူးဟ်'ဖြစ်၍ 'ဟရာမ်'မပိုင် သည့် ပုံစံများလည်း ဖြစ်နိုင်သည်။ သို့သော် 'မာလေဂနီမသ်'တွင် ဤသို့ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များ၏ ပိုင်ဆိုင်မှု ကုန်ဆုံး၍ အလ္လာဟ် အသျှင်မြတ်၏ ပိုင်ဆိုင်မှုသို့ ကျရောက်ခဲ့လေသည်။ ယခု အကြင်မည်သူမဆို ရရှိမည်ဆိုလျှင် ၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုမှ ရရှိခြင်းဖြစ်သည်။ ၎င်းနှင့် ပတ်သက်၍ 'ဟရာမ်'၊ 'မကွရူးဟ်'ဖြစ်ခြင်း၏ သံသယဖြစ်ခြင်းများ မရှိပေ။ ပမာဆိုသော် ရေတွင်းမှ ထုတ်ယူထားသော ရေ (သို့) ပေါက်ပင်၊ မြက်ပင်များ၊ ၎င်းအရာများကို အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ လူသားတို့ ရရှိခြင်းသည် အခြားလူ တစ်ဦးတစ်ယောက်၏ ဆင့်ပွားမှုကြားတွင် မရှိဘဲ ရရှိခြင်းဖြစ်သည်။

အနှစ်ချုပ်စကားရပ်သည် ဤသို့ ဖြစ်သည်။ 'မာလေဂနီမသ်'သည် ရှေးယခင်အုမ္မသ်များအတွက် 'ဟလာလ်'မဖြစ်ရှိပေ။ ယခု အုမ္မသ်များအတွက်မူ ဆုချီးမြှင့်သောပုံစံဖြင့် 'ဟလာလ်'ပြုလိုက်လေ၏။ ဖော်ပြပါအာယသ်တော်တွင် 'မာလေဂနီမသ်'ကို ခွဲဝေမှုပုံစံ ဖော်ပြထားလေသည်။

وَاعْلَمُوٓا اَنَّمَا غَنِمْتُم مِّنْ شَيْءٍ

ဤအာယသ်တော်၌ အာရဗီအဘိဓါန်ဥပဒေဖြင့် ဦးစွာ ما ဟူသော စာလုံးသည် (အားမ်) အများကိန်းကို ညွှန်ပြလေသည်။ တစ်ဖန် ၎င်းစာလုံးကို ခိုင်မာစေရန် مِنْ شَيْءٍ ဟူသော စာလုံးကို ဖြည့်စွက်ခဲ့လေသည်။ ၎င်းတို့၏ အဓိပ္ပာယ်မှာ 'မာလေဂနီမသ်'မှ ရရှိသော ကြီး၊ ငယ်ပစ္စည်းအားလုံးတို့သည် ၎င်းဥပဒေ၏ အမိန့်တော်အောက်တွင် ရှိ၏။ မည်သည့်ပစ္စည်းကိုမဆို သာမန် (သို့) သေးငယ်သည်ဟု မှတ်ယူ၍ တစ်ဦးတစ်ယောက်သည် ခွဲဝေမှုမပြုဘဲ ယူနိုင်ပါသော် ကြီးလေးသော တရားခံဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ မှ အမိန့်ရှိခဲ့သည်မှာ 'မာလီဂနီမသ်'အတွင်းမှ အပ်နှင့် အပ်ချည်ပင်လျှင် တစ်ဦးတစ်ယောက်အတွက် ခွဲဝေမှုမပြုဘဲ မိမိလက်ဝယ် ယူခြင်း မပိုင်ပေ။ ၎င်းနောက် 'မာလေဂနီမသ်'အတွင်း အရာတစ်ခုခုကို ခွဲဝေမှုမပြုဘဲ ရယူခဲ့သော် ဟဒီးစ်တော်၌ غلول ဟု မိန့်ဆို၍ ပြင်းထန်စွာ ခြိမ်းခြောက်ထားသည်။ ၎င်းကို ရိုးရိုးခိုးယူမှုထက် ပြင်းထန်သော 'ဟရာမ်'ဖြစ်သည်ဟု သတ်မှတ်ထားလေသည်။

ခွဲဝေသည့်ပုံစံကို တင်ပြပြီး အားလုံးသော 'မုဂျာဟိဒ်မွတ်စ္စလင်မ်'များကို အသိပေးလိုက်လေ၏။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို ဤသို့ ပစ္စည်းအား 'ဟလာလ်' ပြုလိုက်လေ၏။ သို့သော်လည်း ဥပဒေအောင်အတွင်းသာ 'ဟလာလ်'ဖြစ်လေသည်။ အကယ်၍ ၎င်းဥပဒေအောင်ကျော်၍ အကြင်သူတစ်ဦးဦးသည် ယူခဲ့ပါသော် ထိုအရာသည် 'ဂျဟန္နမ်'၏ မီးခဲသာ မည်၏။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဥပဒေသည်သာလျှင် ဤသို့ ခွဲခြားမှု ပြုပေးလေသည်။ လောက၏ အခြားသော ဥပဒေသများဖြင့် မရရှိနိုင်ပေ။ ကျမ်းမြတ်ကုရ်အာန်၏ ဥပဒေသည်သာလျှင် ပြည့်ပြည့်ဝဝ ထိရောက်မှုရှိပြီး ၎င်းအောင်မြင်မှု၏ အဓိက

လျှို့ဝှက်ချက် ဖြစ်လေသည်။ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်၏ အကြောက်တရားနှင့် 'အာခေရသ်' ကို အကြောင်းပြု၍ ထိုသူတို့အား ခြိမ်းခြောက်ခဲ့သည်။ ဒုတိယအနေဖြင့် အပြစ်ဒဏ်များကိုလည်း ချမှတ်ခဲ့လေသည်။

စဉ်းစားဆင်ခြင် သုံးသပ်ကြည့်သော် စစ်မြေပြင်၌ ရှိနေစဉ်အတွင်း မွတ်စ္စလင်မ်မဟုတ်သူများထံမှ ပစ္စည်းများ လက်ဝယ်ရရှိခြင်းကို မွတ်စ္စလင်မ်ခေါင်းဆောင်များလည်း ၎င်းပစ္စည်းများ၏ အသေးစိတ်ကို မသိရှိနိုင်ကြသကဲ့သို့ အခြားသူများလည်း မသိရှိနိုင်ကြပေ။ စစ်ကွင်းပြင်များသည် များသောအားဖြင့် တော၊ ခြုံ၊ ကွင်းပြင်များဖြစ်သည့်အလျောက် ဖုံးကွယ်လျှို့ဝှက်ရန် နေရာများစွာ ရှိ၏။ ဥပဒေအားဖြင့်ဆိုလျှင် ၎င်းပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်မှ ထိန်းချုပ်နိုင်စွမ်း မရှိပေ။ အလ္လာဟ်အသျှင်မြတ်နှင့် 'အာခေရသ်' ၏ ကြောက်စိတ်တစ်ခုတည်းသာလျှင် ၎င်းပစ္စည်းများကို မွတ်စ္စလင်မ်တစ်ဦးတိုင်းမှ အနည်းငယ်သုံးစွဲမှုကိုပင်လျှင် ထိန်းချုပ်ပေးနိုင်ပေသည်။

ယခု ဤဝေစုခွဲဝေမှု၏ အမိန့်တော်မှာ-

فَأَنَّ لِلَّهِ خُمُسَهُ وَلِلرَّسُولِ وَلِذِي الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينِ وَابْنِ السَّبِيلِ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'မာလေဂနီမသ်' ပစ္စည်းများကို ရရှိပါမူ ငါးပုံတစ်ပုံသည် အလ္လာဟ်အသျှင်မြတ်၊ ရစူလ်တမန်တော်မြတ်၊ တမန်တော်မြတ်၏ ဆွေမျိုးသားချင်းများ၊ ဖမဲ့ကလေးသူငယ်များ၊ သူဆင်းရဲများနှင့် ခရီးသည်များ ပိုင်ဆိုင်ကြသည်။

ပထမ ဤစကားရပ်ကို စဉ်းစားထိုက်ပေသည်။ 'မာလေဂနီမသ်' ၏ ပစ္စည်းအားလုံး ခွဲဝေခြင်း၏ အကြောင်းအရာကို တင်ပြလျက်ရှိသော်လည်း ကျမ်းမြတ်ကုရ်အာန်တွင် ငါးပုံတစ်ပုံ၏ ခွဲဝေခြင်းနှင့် ဥပဒေကိုသာလျှင် ဤနေရာတွင် တင်ပြထားလေသည်။ ကျန်ရှိ လေးပုံ၏ အကြောင်းအရာကို မဖော်ပြထားပေ။ ထိုကဲ့သို့ ပြုလုပ်ရခြင်း၏ လျှို့ဝှက်ချက်မှာ မည်သို့နည်း။ ကျန်ရှိလေးပုံ၏ ခွဲဝေမှုဥပဒေသည် မည်သို့ဖြစ်မည်နည်း။ သို့သော် ကျမ်းမြတ်ကုရ်အာန်၌ သေချာစွာ စဉ်းစားခြင်းဖြင့် ထိုစကားရပ်နှစ်ခုလုံး၏ အဖြေသည်လည်း ထိုစာလုံးထဲမှ ထွက်ပေါ်လျက်ရှိပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်၌ 'ဂျိဟားဒ်' ပြုသူ မွတ်စ္စလင်မ်များကို ရည်စူး၍ အမိန့်ရှိသည်မှာ مَا غَنِمْتُمْ ဟူ၍ဖြစ်လေသည်။ အလိုသဘောမှာ 'အသင်တို့ 'မာလေဂနီမသ်' ရရှိခဲ့သော်' ထိုထဲတွင် ညွှန်ပြချက်များ တွေ့ရှိရပေသည်။ ဤပစ္စည်းသည် ထိုရရှိအောင် ပြုလုပ်သော သူများ၏ ရပိုင်ခွင့်သာ ဖြစ်သည်။ ၎င်းနောက် ဤသို့ မိန့်ဆိုချက် ပါရှိလေသည်။ ထိုပစ္စည်းထဲမှ ငါးပုံတစ်ပုံကို အလ္လာဟ်အသျှင်မြတ်၊ ရစူလ်တမန်တော်မြတ် စသည့်တို့အတွက်သာ ဖြစ်ရာ ၎င်းဖြင့် သိရှိရသည်မှာ ကျန်ရှိလေးပုံသည် တိုက်ခိုက်သော 'မုဂျာဟိဒ်' အတွက် ဖြစ်သည်။ ဥပမာ- ကျမ်းတော်မြတ်ကုရ်အာန်၏ တစ်နေရာတွင် အမွေခွဲဝေမှု၏ နည်းလမ်းဥပဒေကို အမိန့်ရှိလေရာ-

وَوَرِثَهٗٓ اَبَوٰهُ فَلِاُمِّهِ الثُّلُثُ

အလိုသဘောမှာ အကယ်၍ ကွယ်လွန်သူ၏ မိဘနှစ်ပါးတို့သည်သာလျှင် ယင်းသူ၏ အမွေကို ဆက်ခံကြပါမူ ၎င်း၏ မိခင်အတွက်မှာ သုံးပုံတစ်ပုံ ဖြစ်သည်။ ဤနေရာတွင်လည်းဘဲ မိခင်၏ ဝေစုအရာကို ဖော်ပြခြင်းဖြင့် သိရှိရပေသည်။ ကျန်ရှိသော နှစ်ပုံမှာ ဖခင်အတွက် ဖြစ်ချေသည်။ ဤကဲ့သို့ပင် مَاغَنِمۡتُمۡ အောက် သီးသန့် ငါးပုံတစ်ပုံကို အလ္လာဟ်အသျှင်မြတ်အတွက် ထားလိုက်ခြင်းဖြင့် ကျန်ရှိလေးပုံသည် "မုဂျာဟေဒီးန်" အတွက် ဖြစ်ပေသည်။ တစ်ဖန် တမန်တော်မြတ် ﷺ ၏ လုပ်ဆောင်ချက်နှင့် ဆော်သြချက်တို့သည် ဤအထက်ပါ အကြောင်းအရာကို ပို၍ ပေါ်လွင်ရှင်းလင်းသွားစေ၏။ ဤလေးပုံသည် 'မုဂျာဟေဒီးန်' အတွက် သီးသန့်ဥပဒေ သတ်မှတ်ချက်အရ ခွဲဝေရရှိခြင်း ဖြစ်သည်။

ယခု ထိုငါးပုံတစ်ပုံ၏ အကျယ်တဝင့်ကိုပင်လျှင် ကြည့်ရှုပါ။ ၎င်းနှင့်စပ်လျဉ်း၍ ကျမ်းတော်မြတ်ကုရ်အာန်၏ ဤအာယသ်တော်အရ သတ်မှတ်ပေးထားလေသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဤနေရာတွင် စာလုံးခြောက်လုံးကို ဖော်ကျူးထားလေ၏။

لِلّٰهِ ، لِلرَّسُوۡلِ ، لِذِى الۡقُرۡبٰى ، الۡيَتٰمٰى ، الۡمَسٰكِيۡنِ ، ابۡنِ السَّبِيۡلِ

ဖြစ်လေသည်။ အဆိုပါအချက်များတွင် 'လိလ္လာဟ်' ဟူသော အချက်သည် ထိပ်ဆုံးမှ ဖြစ်သည်။ ငါးပုံတစ်ပုံ ခွဲဝေပေးမည်ဟု မိန့်ဆိုထားသော်လည်း ခွဲရမည့်အရာများအားလုံးသည် အလ္လာဟ်အတွက်သာလျှင် သီးသန့်ဖြစ်သည်။

ထိုစာလုံးကို ဤနေရာ၌ အသုံးပြုခြင်းသည် သီးသန့်ထူးခြားချက်တစ်ခု ဖြစ်သည်။ ထိုအချက်ဘက်သို့ သဖ်စီးရ်မဇ္ဇဟရီကျမ်းရှင်က ဤသို့ ညွှန်ပြထားလေသည်။ ၎င်းမှာ တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်းများအတွက်မူ 'ဆွဒ်ကာဟ်' ပစ္စည်းကို 'ဟရာမ်' သတ်မှတ်ထားပေသည်။ ထို 'ဆွဒ်ကာဟ်' ပစ္စည်းသည် တမန်တော်မြတ် ﷺ ၏ ဂုဏ်တော်အရှိန်နှင့် မကိုက်ညီပေ။ အဘယ်ကြောင့်ဆိုသော် ထိုပစ္စည်းသည် လူအများ၏ ပစ္စည်းများကို သန့်ရှင်းမှုပြုပေးရာမှ ထွက်ပေါ်လာသော ဝေစု ဖြစ်သည်။ ယင်းကို ဟဒီးစ်တော်၌

اَوۡسَاخُ النَّاسِ

ဟု အမိန့်ရှိလေသည်။ အလိုသဘောမှာ လူတို့၏ အညစ်အကြေးဖြစ်သည်။ ၎င်းသည် 'နဗွီဝသ်' ရှင်၏ ဂုဏ်ခြင်နှင့် မထိုက်ပေ။

'မာလေဂနီမသ်' ၏ ငါးပုံတစ်ပုံသည် တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်းများကိုလည်း ကျမ်းတော်မြတ်၏ ဤအာယသ်တော်ဖြင့် ဝေစုသတ်မှတ်ပေးထားခြင်း ဖြစ်ပေသည်။ ဤအတွက်ကြောင့် ယခုကဲ့သို့ သတ်ပေးထားလေသည်။ ဆိုလိုသည်မှာ ဤဝေစုသည် လူတို့၏ ပိုင်ဆိုင်မှုမှ ပြောင်းလဲ၍ ကိုယ်တော်မြတ် ﷺ ထံ ရောက်ရှိခြင်း မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်ဘက်

တော်မှ တိုက်ရိုက်ရောက်ရှိလာခြင်း ဖြစ်သည်။ ပမာဆိုသော် ယခု တင်ပြပြီးဖြစ်သည့် 'မာလေဂနီမသ်' ပစ္စည်းများသည် ကာဖိရ်များ၏ ပိုင်ဆိုင်မှုမှ ထွက်၍ သီးသန့်အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုသို့ ရောက်ရှိသည်။ တစ်ဖန် အသျှင်မြတ်၏ဘက်မှ ဆုချီးမြှင့်မှုအနေဖြင့် ခွဲဝေပေးခြင်းပင် ဖြစ်သည်။ ဤအတွက်ကြောင့် ထိုစကားရပ်ဘက်သို့ ညွှန်ပြရန်အတွက် တမန်တော်မြတ် ﷺ နှင့် ၎င်းဆွေမျိုးသားချင်းများ၏ ဝေစုသည် 'မာလေဂနီမသ်'၏ ငါးပုံတစ်ပုံမှ ပေးခဲ့ခြင်းဖြစ်၏။ လူတို့၏ 'ဆွဒ်ကာဟ်' မဟုတ်ရုံသာမက အလ္လာဟ် အသျှင်မြတ်၏ဘက်တော်မှ ချီးမြှင့်ပေးသနားခြင်းဖြစ်သည်။ အာယသ်တော်၏ အစပိုင်း၌ အမိန့်ရှိခဲ့သည်မှာ ﷲ ၏ အလိုသဘောမှာ ဤပစ္စည်းများ၏ မူရင်းပိုင်ရှင်မှာ အလ္လာဟ်အသျှင်မြတ်သာ သီးသန့်ဖြစ်ပြီး ၎င်းအသျှင်မြတ်၏ ဖော်ပြပါအမိန့်တော် ပါရှိသည့်အတိုင်း သုံးစွဲမှု ပြုရပေမည်။

သို့ဖြစ်ပါ၍ ထိုငါးပုံတစ်ပုံ၏ မူရင်းသုံးစွဲခွင့်သည် ငါးမျိုး၌သာ ရှိခဲ့၏။ ရစူလ်တမန်တော်မြတ် ﷺ၊ တမန်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်းများ၊ ဖမဲ့ကလေးသူငယ်များ၊ သူဆင်းရဲများနှင့် ခရီးသည်များ ဖြစ်သည်။ တစ်ဖန် ထိုရထိုက်သူတို့၏ အဆင့်သည်လည်း ကွဲပြားလေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ထိုရထိုက်သူတို့၏ အဆင့်အတန်း ခွဲခြားမှုကို မည်သို့ နုနယ်လှပ၍ ပြောင်မြောက်စွာဖြင့် ဖော်ပြထားသည်မှာ ပေါ်လွင်ပေသည်။ ထိုငါးမျိုးထဲမှ ပထမနှစ်မျိုးတွင် 'လာမ်' စာလုံး لِلرَّسُولِ وَلِذِى الْقُرْبٰى ဟူ၍ ယူလာပြီး ကျန်သုံးမျိုးကို 'လာမ်' စာလုံး အသုံးမပြုဘဲနှင့် အချင်းချင်းကို ဆက်နွယ်မှုပုံစံ (မာအ်သူဖ်) ဖြင့် သုံးထားသည်။

အာရဗီဘာသာရပ်၌ 'လာမ်' စာလုံးသည် သီးသန့်ပြုထားမှုကို ပေါ်လွင်စေရန်အတွက် အသုံးပြုကြပေသည်။ ﷲ စာလုံး၌ 'လာမ်' သည် သီးသန့်ပိုင်ဆိုင်မှု၏ ရှင်းလင်းချက်ဖြစ်သည်။ ဆိုလိုသည်မှာ အရာရာ၏ မူရင်းပိုင်ဆိုင်မှုမှာ အလ္လာဟ်အသျှင်မြတ်သာ ဖြစ်သည်။ ၎င်းနောက် للرسول စာလုံး၌ သီးသန့်ရပိုင်မှုကို ရည်ရွယ်၍ ဖော်ပြခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က ငါးပုံတစ်ပုံ 'ဂနီမသ်' သုံးစွဲမှုနှင့် ၎င်းခွဲဝေမှု တာဝန်ကို တမန်တော်မြတ် ﷺ အား ချီးမြှင့်လိုက်လေသည်။ ၎င်းနှင့် စပ်လျဉ်း၍ အေမာမ်သွဟာဝီ၏ 'သဟ်ကီးက်' (စူးစမ်းတင်ပြမှု) နှင့် သဖ်စီးရ် မဇ္ဇဟ်ရီကျမ်းရှင်၏ မိန့်ကြားမှုများဖြင့် သိရှိရသည်မှာ ဤနေရာတွင် ငါးပုံတစ်ပုံ သုံးစွဲမှု၌ ငါးမျိုးသော အမည်များ တင်ပြထားသော်လည်း ၎င်းတို့ ထိုငါးမျိုးထဲမှ တမန်တော်မြတ် ﷺ သည် အကောင်းဆုံးသော ပုံစံကို ရွေးချယ်၍ ထိုငါးမျိုးထဲမှ ငါးပုံတစ်ပုံ ပစ္စည်းများကို သုံးစွဲမှုပြုသည်။ 'ရူဟ်အန်ဖွာလ်' ပထမအာယသ်နှင့် အားလုံးသော 'မလိဂနီမသ်' အမိန့်သည် ဤသို့ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် အကောင်းဆုံးနှင့် အသင့်လျော်ဆုံးပုံစံကို ရွေးချယ်၍ မည်သည့်နေရာ၌ သုံးစွဲရန် လိုအပ်သော် ထိုနေရာတွင် သုံးစွဲသည်။ မည်သူ့ကို ပေးရန် လိုလားသော် ထိုသူအား ပေးနိုင်သည်။

وَاعْلَمُوْا اَنَّمَا غَنِمْتُمْ

ဤအာယသ်တော်သည် အားလုံးသော 'မာလိဂနီမသ်' ကို ငါးပုံပုံ၍ လေးပုံကို 'မုဂျာဟစ်ဒ်' များ၏ ဝေစုသတ်မှတ်၍ ပေးလေသည်။ သို့သော် ကျန်ရှိ ငါးပုံတစ်ပုံကို ထိုအမိန့်ဖြင့် ကိုက်ညီစွာ ထား၍ ၎င်းကို

ခွဲဝေမှုပြုရန် ကိုယ်တော်မြတ် ﷺ ကို ရွေးချယ်သုံးစွဲခွင့် ပြုပေးထားပေသည်။ ဤနေရာတွင် အနည်းငယ် ဆင်ခြင် တင်ပြလိုသည်မှာ ထိုငါးပုံတစ်ပုံ၏ ဝေစုနှင့် ပတ်သက်၍ သုံးစွဲရန် နေရာငါးခု သတ်မှတ်ပေးထား၍ ထိုငါးနေရာ၌သာ သုံးစွဲရန် ညွှန်းဆိုထားလေသည်။ သို့သော် ဖွူမ်ဟူးရ် (အများပညာရှင်များ) ၏ အဆိုမှာ တမန်တော်မြတ် ﷺ တွင် ထိုငါးပုံတစ်ပုံကို ငါးပုံအညီအမျှ ဝေစုပုံ၍ ဖော်ပြပါ အာယသ်တော်၏ သုံးစွဲရန် နေရာငါးမျိုးစလုံးတွင် အညီအမျှ ခွဲဝေမှုပြုရမည်ဟူ၍ အရေးမကြီးတော့ပေ။ ၎င်း 'ဂနီမသ်' ၏ ငါးပုံတစ်ပုံကို ထိုငါးမျိုးတို့တွင် အားလုံး (သို့) အချို့အပေါ်သာ မိမိ၏ အလိုအတိုင်း ရွေးချယ်၍ ခွဲဝေချီးမြှင့်ပေးရန်သာ အရေးကြီးပေသည်။

၎င်းနှင့် ပတ်သက်၍ အထင်ရှားဆုံးသော အတောက်အထားမှာ ၎င်းအာယသ်တော်အတွင်းရှိ စာလုံးများသာလျှင် ဖြစ်၏။ ထိုထဲ၌ သုံးစွဲမှု၏ အမျိုးအမည်များကို တင်ပြထား၏။ ဤအမျိုးအမည်အားလုံးမှာ ကျင့်ကြံမှုတွင် သီးခြားမဟုတ်ရုံသာမက အချင်းချင်း၌လည်း ရောနှောပါဝင်နေသည်။ ဥပမာ– အကြင်သူ တစ်ဦးတစ်ယောက်သည် တမန်တော်မြတ် ﷺ ၏ မျိုးနွယ်စုတွင် ပါဝင်သော်လည်း ထိုသူသည် 'ယသီးမ်' ဖမဲ့ကလေးလည်း ဖြစ်နိုင်ပေသည်။ 'မစ်ကီးန်' သူဆင်းရဲသားနှင့် ခရီးသည်လည်း ဖြစ်နိုင်ပေသည်။ ဤနည်းအတိုင်း သူဆင်းရဲသားနှင့် ၎င်းခရီးသည်တို့သည် 'ယသီးမ်' လည်း ဖြစ်နိုင်သကဲ့သို့ ကိုယ်တော်မြတ် ﷺ ၏ မျိုးနွယ်ဝင်လည်း ဖြစ်နိုင်ပေ၏။ သူဆင်းရဲလည်း ခရီးသည်၏ စာရင်းတွင် ဝင်နိုင်ပေသည်။ အကယ်၍ ထိုအားလုံးသော အမျိုးအစားများ၌ သီးခြားစီ ညီမျှစွာ ခွဲဝေပေးရန် အရေးကြီးပါမူ အမျိုးအစားတစ်ခုတွင် ပါသောသူသည် အခြားအမျိုးအစား၌ မပါဝင်သင့်ပေ။ ထိုသို့မဟုတ်ပါက အကြင်သူသည် ကိုယ်တော်မြတ် ﷺ ၏ ဆွေမျိုးမှ ဖြစ်ရှိသော် ထိုသူသည် 'ယသီးမ်' ဖမဲ့သူလည်း ဖြစ်မည်။ 'မစ်ကီန်း' (ဆင်းရဲနွမ်းပါးသူ) နှင့် 'မုစာဖိရ်' (ခရီးသည်) လည်း ဖြစ်ပါသော် ထိုသူအား အမျိုးအစားတိုင်း၏ ဝေစုကို ရောနှော၍ လေးပုံပေးလိုက်ရမည်ဖြစ်သည်။ ဝမာဆိုသော် အမွေခွဲဝေခြင်း၏ ဥပဒေတွင်လည်း ဤသို့ ဖြစ်ချေ၏။ တစ်ဦးတစ်ယောက်သည် ကွယ်လွန်သူနှင့် တော်စပ်ပုံ အမျိုးမျိုးရှိခဲ့လျှင် ထိုတော်စပ်ပုံအမျိုးမျိုး၏ ဝေစုသည် ထိုသူကို သီးသန့်ရရှိနိုင်ပေသည်။ သို့သော် အလွယ်တကူတွင် တစ်ဦးတည်းအား လေးမျိုးသောပုံစံဖြင့် ဝေစုပေးလိုက်ပါမှု ပြောဆိုမည့်သူ မရှိပေ။ ၎င်းဖြင့် သိရှိရသည်မှာ အာယသ်တော်၏ အဓိကရည်ညွှန်းချက်မှာ ကိုယ်တော်မြတ် ﷺ အပေါ်ဝယ် ထိုအမျိုးအစားအားလုံးကို လုံးဝ ပေးရမည်။ (သို့) အညီအမျှ ခွဲဝေပေးရမည်ဟူသော အတိအကျပြုလုပ်ရန် တာဝန်မရှိပေ။ သို့သာမက အဓိကရည်ညွှန်းချက်မှာ 'ဂနီမသ်' ၏ ငါးပုံတစ်ပုံကို ထိုငါးမျိုးထဲတွင် လိုအပ်သည့် အမျိုးအစားအပေါ် ကိုယ်တော်အလိုရှိသည့်အတိုင်း ခွဲဝေပေးနိုင်ပေသည်။

ဤအတွက်ကြောင့် တစ်ခါသော် ဟရေသ်ဖာသွေမာဟ် ؓ သခင်မက ထိုငါးပုံတစ်ပုံထဲမှ ကျွန်တစ်ယောက်အား ကိုယ်တော်မြတ် ﷺ ၏ 'ခိဒ်မသ်' လုပ်ရန်နှင့် အိမ်၏ ဝေယျာဝစ္စများ ပြုလုပ်ရန်နှင့် မိမိ၏ ပင်ပန်းနွမ်းနယ်မှုများနှင့် မတတ်စွမ်းနိုင်မှုများကို တင်ပြ၍ တောင်းခံခဲ့သည်။ ထိုအခါ ကိုယ်တော်မှ ဤမျှင်းချက်ကို အကြောင်းပြု၍ ၎င်း၏ တောင်းဆိုချက်ကို ငြင်းဆိုခဲ့၏။ အကြောင်းမှာ ငါကိုယ်တော်၏

ရှေ့မှောက်တွင် အသင်မ၏ လိုအပ်ချက်ထက် ဆွဟာဗာသာဝကကြီးများ၏ လိုအပ်ချက်သည် သာပို၍ အရေးကြီး၏။ ထိုဆွဟာဗာကြီးများသည် အလွန့်အလွန် ဆင်းရဲသူများ ဖြစ်သည်။ ၎င်းတို့အား ချန်ရစ်၍ အသင်မကို မပေးနိုင်ပေ။ *[ဘုခါရီ၊ မွတ်စ္စလင်မ်ကျမ်း။]*

ထိုအချက်ဖြင့် ပေါ်လွင်ထင်ရှားသွားသည်မှာ အမျိုးအစားတစ်ခုတိုင်းတွင် သီးသန့်ရပိုင်ခွင့် မရှိပေ။ သို့တည်းမဟုတ်က ကိုယ်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်းများတွင် ဟဇရသ်ဖွာသြမာဟ် ﵂ သခင်မထက် နီးစပ်သူကား ရှိပါအံ့နည်း။ ဤငါးနေရာစလုံးသည် သုံးစွဲပိုင်ခွင့်၏ အကြောင်းအရာဖြစ်ပြီး ရပိုင်ခွင့်၏ အကြောင်းအရာမဟုတ်ပေ။

ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်ပြီးနောက် ငါးပုံတစ်ပုံ ခွဲဝေမှုပုံစံ

အများအိုလမာပညာရှင်များထံတွင် 'ဂနီမသ်'၏ ငါးပုံတစ်ပုံ ဝေစုမှ ကိုယ်တော်မြတ် ﷺ အတွက် ထားရှိခြင်းသည် ကိုယ်တော်၏ နဗီရစူလ်ဖြစ်ခြင်းအပေါ်၌သာ ဤကဲ့သို့ ပေးခဲ့ခြင်းဖြစ်သည်။ တမန်တော်မြတ် ﷺ ကို သီးသန့် ဤအခွင့်အရေးလည်း ရရှိခဲ့လေသည်။ 'မာလိဂနီမသ်'အားလုံးသော ပစ္စည်းထဲမှ ကိုယ်တော်သည် မိမိအတွက် ကြိုက်နှစ်သက်ရာ ရွေးချယ်၍ ရယူပိုင်ဆိုင်ခွင့်ရှိသည့်အတွက် ကိုယ်တော်မြတ်သည် အချို့အရာများကို ယူခဲ့လေသည်။ ၎င်းငါးပုံတစ်ပုံ၏ ပစ္စည်းထဲမှ ကိုယ်တော်သည် မိမိနှင့် မိမိအိမ်သူအိမ်သားများ၏ အသုံးစရိတ်ကို ဖြည့်ဆည်းပေးခဲ့သည်။ တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်ပြီးနောက် ဤဝေစုသည် အလိုအလျောက် ကုန်ဆုံးပပျောက်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ အခြားသော နဗီရစူလ်သည်ကား မရှိပေ။

ဆွေမျိုးသားချင်းနှင့် ငါးပုံတစ်ပုံ

ကိုယ်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်း သူဆင်းရဲများ၏ ဝေစုသည် အခြားသော 'ယသီးမ်'ဖမဲ့ကလေးများ၊ 'မစ်ကီးန်'သူဆင်းရဲများနှင့် 'မုစာဖိရ်' ခရီးသည်များထက် ဦးစားပေးရမည့် အခွင့်ဖြစ်သည်။ ထိုအချက်၌ အကွဲအလွဲမရှိပေ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်း သူဆင်းရဲများကို 'ဇကားသ်'၊ 'ဆွဒ်ကာဟ်'ဖြင့် အကူအညီပေးရန် မထိုက်ပေ။ အခြားသော အမျိုးအစားများကိုမူ 'ဇကားသ်'၊ 'ဆွဒ်ကာဟ်'ပစ္စည်းဖြင့်လည်း ကူညီမှုပြုနိုင်သည်။ သို့ရှိရာ ကိုယ်တော်မြတ် ﷺ ၏ ကြွယ်ဝသော ဆွေမျိုးသားချင်းများကို ထိုငါးပုံတစ်ပုံထဲမှ ပေးရမည်လော။ (သို့) မပေးရမည်လောဆိုသည်နှင့် ပတ်သက်၍ အေမာမ်အဘူဟနီဖွာ (ရဟ) မှ ဤသို့ မိန့်ဆိုထား၏။ ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင် ပင်လျှင် ဆွေမျိုးသားချင်းများကို ထိုအထဲမှ ပေးကမ်းခဲ့လေသည်။ ထိုသို့ ပေးခြင်းတွင် အခြေအမြစ်နှစ်ရပ် ရှိပေ၏။ တစ်ရပ်မှာ ၎င်းတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းနှင့် သူဆင်းရဲဖြစ်ပြီး ဒုတိယအကြောင်းမှာ ၎င်းတို့၏ သာသနာအပေါ်တွင် တည်မြဲစွာ ရှိနေခြင်းနှင့် အစ္စလာမ်သာသနာတော်အပေါ်၌ စွဲမြဲစွာ တည်ရှိရန်အတွက် ကိုယ်တော်မြတ် ﷺ အား အကူအညီပေးခြင်းကြောင့် ဖြစ်သည်။ ဒုတိယတင်ပြပါအချက်သည်

ကိုယ်တော်မြတ် ﷺ ၏ 'ဝဖားသ်'ဖြစ်မှုနှင့်အတူ ပျောက်ပျက်သွား၏။ သီးသန့်ပထမအကြောင်းခံ 'ဆင်းရဲ၍ လိုအပ်သည်'ဟူသော အကြောင်းခံသာလျှင် ကျန်ရှိခဲ့၏။ ၎င်းအကြောင်းခံဖြင့် 'ကေယာမသ်' (ကမ္ဘာ့တရားခွင်နေ့) တိုင်အောင် အေမာမ်တိုင်းနှင့် 'အမီးရ်'ခေါင်းဆောင်တိုင်းသည် ထိုသူတို့ကို အခြားသော အမျိုးအစားများထက် ဦးစားပေး၍ ခွဲဝေမှုပြုရမည်ဖြစ်သည်။ အေမာမ်ရှာဖေအီသခင်၏ မိန့်ဆိုချက်သည် လည်း အေမာမ်အဗူဟနီဖာနှင့် အတူတူပင် ဖြစ်သည်။

အချို့သော ဖွေကာဟ်ဓမ္မသတ်ပညာရှင်များထံတွင် ကိုယ်တော်မြတ် ﷺ နှင့် နီးစပ်စွာ ဆွေမျိုးတော်စပ်ခြင်းအားဖြင့် ၎င်း၏ ဝေစုမှာ အမြဲတမ်း တည်ရှိနေမည်ဖြစ်သည်။ ထိုဆွေမျိုးသားချင်းဟု ဆိုခြင်းမှာ ဆင်းရဲချမ်းသာအားလုံး ပါဝင်ပေသည်။ သို့ရှိရာ လက်ရှိခေါင်းဆောင်သည် မိမိ၏ ဆန္ဒအလျောက် ထိုက်သင့်သည့်ဝေစုအား ၎င်းတို့ကို ပေးရမည်။

၎င်းအကြောင်းအရာနှင့် ပတ်သက်၍ ခုလာဖာအီရာရှိဒီးန်တို့သည် ကိုယ်တော်မြတ် ﷺ ၏ 'ဝဖားသ်' ဖြစ်ပြီးသည့်နောက် မည်သို့ လုပ်ဆောင်ခဲ့သည်ကို ဟေဒါယာကျမ်းပြုစုသူက ဤသို့ ရေးသားထားလေသည်။

اَنَّ الْخُلَفَاءَ الْاَرْبَعَةَ الرَّاشِدِيْنَ قَسَّمُوْهُ عَلٰى ثَلٰثَةِ اَسْهُمٍ

ခုလာဖာအီရာရှိဒီးန်လေးပါးစလုံးသည် ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်ပြီးသည့်နောက် ငါးပုံတစ်ပုံကို ခွဲဝေရာတွင် 'ယသီးမ်'ဖမဲ့ကလေးများ၊ သူဆင်းရဲများ၊ 'ဖကီးရ်' (နွမ်းပါးသူ) သုံးမျိုးစည်းသာ ခွဲဝေမှု ပြုခဲ့လေသည်။

သို့ရှိရာ ဟဇရသ်အုမရ် ؓ သခင်မှ တမန်တော်မြတ် ﷺ ၏ ဆင်းရဲသော အမျိုးနွယ်ဝင်များကို ငါးပုံတစ်ပုံ 'ဂနီမသ်'ထဲမှ ပေးခဲ့ကြောင်းကို သိရှိရပေသည်။ *[အဘူဒါဝူဒ်ကျမ်း]*

ဤသို့ ဆောင်ရွက်မှုသည် ဟဇရသ်အုမရ် ؓ သာမက အခြားသော ခုလဖာများကလည်း ပြုမူကျင့်ဆောင်ခဲ့ကြောင်းမှာ ပေါ်လွင်ပေသည်။

ထို့ပြင် ဤဆင့်ပြန်မှုများဖြင့် သိရှိရသည်မှာ ဟဇရသ်အဗူဗကရ် ؓ သခင်နှင့် ဟဇရသ်အုမရ် ؓ သခင်တို့၏ အုပ်ချုပ်မှုခေတ် နှောင်းကာလအထိ တမန်တော်၏ ဆွေမျိုးသားချင်းများ၏ ဝေစုကို ထုတ်ထားလေသည်။ ၎င်းဝေစုကို ဟဇရသ်အလီ ؓ အား ကိုယ်စားပြုကာ ဆွေမျိုးသားချင်းထံ ခွဲဝေပေးစေသည်။ ဤသည် ၎င်း၏ ဆန့်ကျင်မှုမဟုတ်ပေ။ ထိုသို့သော ခွဲဝေမှုသည် သူဆင်းရဲဆွေမျိုးသားချင်းများအတွက်သာ ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ထိုလုပ်ဆောင်ချက်အား ပိုမိုသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။)

အကျိုးရလဒ်

ကိုယ်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်း၏ သတ်မှတ်ခြင်းသည် ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင် ရွေးချယ်မှုကို ဤသို့ ပြုခဲ့လေသည်။ ဗနူဟာရှင်မ်မျိုးနွယ်စုသည် ကိုယ်တော်မြတ် ﷺ ၏ အမျိုးစဉ်

ဆက်မှဖြစ်ပြီး ဗနူအဗ်ဒွလ်မုသွလစ်ဘ်ကိုလည်း ဗနူဟာရှင်မ်နှင့်အတူ ဤအတွက်ကြောင့် အတူပါဝင်စေခဲ့လေသည်။ ထိုသူတို့သည် 'ဂျာဟေလီယာသ်'(အမှောင်ခေတ်) နှင့် အစ္စလာမ်ပြန့်ပွားလာသော အချိန်အခါတွင်လည်း ဗနူဟာရှင်မ်တို့နှင့်အတူ ရှိနေပြီး ကွဲပြားစွာ မနေခဲ့ပေ။ သို့သာမက မက္ကာဟ်ကိုရိုက်ရှ်သားတို့သည် ဗနူဟာရှင်မ်တို့အား 'ရှအဗ်အဗီသွာလစ်ဗ်' တွင် အဆက်အသွယ် ဖြတ်တောက် ပိတ်ပင်ထားသော အခါ၌လည်း စင်စစ်မူ ၎င်းဗနူအဗ်ဒွလ်မုသွလစ်ဗ်တို့သည် (ကိုရိုက်ရှ်မျိုးနွယ်စုက အဆက်အသွယ်ဖြတ်တောက်မှုတွင်) မပါဝင်ခဲ့ပေ။ သို့သော် ၎င်းတို့က မိမိဆန္ဒအလိုနှင့်အညီ အဆက်သွယ်ဖြတ်တောက်မှု၌ ပါဝင်နေခဲ့ကြသည်။

'ဗဒရ်' စစ်ပွဲနေ့ကို 'ယောင်မွလ်ဖွရ်ကားန်' ဟု မိန့်ဆိုထားခြင်း

ဖော်ပြပါအာယသ်တော်၌ 'ဗဒရ်'စစ်ပွဲနေ့ကို 'ယောင်မွလ်ဖွရ်ကားန်' (အဆုံးအဖြတ်ချပေးသောနေ့) ဟု အမိန့်ရှိလေသည်။ အကြောင်းခံသည် ဦးစွာပထမ အစပိုင်းတွင် ထင်ရှားပေါ်လွင်သော နည်းလမ်းဖြင့် မွတ်စ္စလင်မ်များ၏ အောင်မြင်မှု၊ ၎င်းကာဖိရ်များ၏ သံဝေဂတရားရဖွယ် ရှုံးနိမ့်မှုသည် ထိုနေ့၌ ဖြစ်ရှိခြင်းအပေါ် ကာဖိရ်နှင့် အစ္စလာမ်၏ ထင်ရှားစေသော အဆုံးအဖြတ်ပေးသောနေ့ ဖြစ်ရှိသွားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

إِذْ أَنتُم بِالْعُدْوَةِ الدُّنْيَا وَهُم بِالْعُدْوَةِ الْقُصْوَىٰ وَ
الرَّكْبُ أَسْفَلَ مِنكُمْ ۚ وَلَوْ تَوَاعَدتُّمْ لَاخْتَلَفْتُمْ فِي
الْمِيعَادِ ۙ وَلَٰكِن لِّيَقْضِيَ اللَّهُ أَمْرًا كَانَ مَفْعُولًا لِّيَهْلِكَ
مَنْ هَلَكَ عَن بَيِّنَةٍ وَيَحْيَىٰ مَنْ حَيَّ عَن بَيِّنَةٍ ۗ وَإِنَّ
اللَّهَ لَسَمِيعٌ عَلِيمٌ ﴿٤٢﴾

၈ : ၄၂ ။ ။ ထို (အုပ်စုတစ်စုနှင့် တစ်စု ရင်ဆိုင်ကြသော) အချိန်အခါတွင် အသင်တို့သည် (စစ်မြေပြင်၏) နီးသောဖက်၌ ရှိနေခဲ့ကြပြီး ၎င်းတို့သည် ဝေးသောဖက်၌ ရှိခဲ့ကြကုန်သည်။ ထို့ပြင် ကုန်သည်အုပ်စုသည် အသင်တို့၏ အောက်ဖက်၌ ရှိခဲ့ကြသည်။ အကယ်၍သာ အသင်တို့အချင်းချင်း (တစ်ဖက်နှင့်တစ်ဖက်) ချိန်းခဲ့ကြသည်ဖြစ်ပါမူ၊ အမှန်ပင် ယင်းချိန်းချက်မှုနှင့်အညီ (တွေ့ဆုံကြရန်) လွဲခဲ့ကြမည်သာ ဖြစ်သည်။ သို့ရာတွင် (ယင်းကဲ့သို့ ရင်ဆိုင်စေတော်မူရခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် (အမှန်တကယ်) ဖြစ်ရမည့် ကိစ္စတစ်ရပ်ကို ပြီးမြောက်စေတော်မူရန်အတွက်လည်းကောင်း၊ (သို့မဟုတ်) သေကြေပျက်စီးရမည့်သူသည် ထင်ရှားစွာသော သက်သေလက္ခဏာ (ကို တွေ့မြင်ပြီးနောက်) သေကြေပျက်စီးစေရန်အတွက်လည်းကောင်း၊

အသက်ရှင်လျက် ရှိနေမည့်သူသည်လည်း ထင်ရှားစွာသော သက်သေလက္ခဏာ (ကို တွေ့မြင်ပြီးနောက်) အသက်ရှင်လျက် ရှိနေစေရန်အတွက်လည်းကောင်း ဖြစ်ပေသည်။ ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

إِذْ يُرِيكَهُمُ اللَّهُ فِي مَنَامِكَ قَلِيلًا
وَلَوْ أَرَاكَهُمْ كَثِيرًا لَّفَشِلْتُمْ وَلَتَنَازَعْتُمْ فِي الْأَمْرِ
وَلَٰكِنَّ اللَّهَ سَلَّمَ ۗ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٤٣﴾

၈ : ၄၃ ။ ။ (အို၊ နဗီတမန်တော်၊ ပြန်လည်သတိရပါလေ။) အကြင်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား အသင်၏ အိပ်မက်တွင် ၎င်းတို့ (၏ အရေအတွက်) ကို အနည်းငယ်မျှပင် ပြသတော်မူခဲ့လေသည်။ အကယ်၍သာ ထိုအသျှင်မြတ်သည် အသင့်အား ၎င်းတို့ (၏ အရေအတွက်) ကို များပြားစွာ ပြသတော်မူခဲ့ပါလျှင် အသင်တို့သည် စိတ်ဓါတ်ကျပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမှန်ပင် အချင်းချင်း အငြင်းအခုန်ပြုကာ အချင်းများခဲ့ကြမည်သာ ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့အား စိတ်ဓါတ်ကျဆုံးခြင်းနှင့် အချင်းအချင်း အငြင်းပွားမှုမှ) ကယ်ဆယ်တော်မူခဲ့လေသည်။ ကေန်စင်စစ် ထိုအသျှင်မြတ်သည် စိတ်နှလုံးအတွင်း၌ ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

وَإِذْ يُرِيكُمُوهُمْ إِذِ الْتَقَيْتُمْ فِي أَعْيُنِكُمْ قَلِيلًا وَيُقَلِّلُكُمْ
فِي أَعْيُنِهِمْ لِيَقْضِيَ اللَّهُ أَمْرًا كَانَ مَفْعُولًا ۗ وَإِلَى اللَّهِ
تُرْجَعُ الْأُمُورُ ﴿٤٤﴾

၈ : ၄၄ ။ ။ ထို့ပြင် (ပြန်လည် သတိရကြလေကုန်။) အကြင်အခါ၌ အသင်တို့သည် (ထိုသူတို့နှင့် ရင်ဆိုင်) တွေ့ဆုံကြစဉ် ထိုအသျှင်မြတ်သည် အသင်တို့အား ၎င်းတို့ (၏ အရေအတွက်) ကို အသင်တို့၏ အမြင်တွင် လျှော့၍ အနည်းငယ်မျှ (သာ) ပြသတော်မူခဲ့သည်။ ထိုနည်းတူစွာ အသင်တို့ကိုလည်း ၎င်း (ကာဖိရ်) တို့၏ အမြင်တွင် လျှော့၍ပင် ပြသတော်မူခဲ့လေသည်။ (ယင်းသို့ ပြုတော်မူရခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် ပြုလိုတော်မူသော ကိစ္စတစ်ရပ်ကို ပြီးမြောက်တော်မူရန် အလို့ငှာ ဖြစ်ပေသည်။ အမှန်စင်စစ် အလုံးစုံသော ကိစ္စရပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည်၍ ရောက်ရှိကြရမည်သာ ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤအချိန်သည် အသင်တို့ ကွင်းပြင်၏ ဤတစ်ဖက်တွင် ရှိနေခဲ့သော အချိန်ဖြစ်သည်။ ၎င်းသူတို့ (အလိုမှာ ကာဖိရ်များ) သည် ထိုကွင်းပြင်၏ အခြားတစ်ဖက်တွင် ရှိနေသည်။ (ဤတစ်ဖက်၏ အလိုသည်

မဒီနာမြို့နှင့် နီးသော နေရာဟူ၍လည်းကောင်း ထိုတစ်ဖက်၏ အလိုမှာ မဒီနာမြို့နှင့် ဝေးသောနေရာကို ဆိုလိုခြင်းဖြစ်၏။) ၎င်းကိုရိုက်ရှိ ကုန်သည်အုပ်စုသည် အသင်တို့၏ အောက်ဖက်တွင် ရှိနေကြလေသည်။ (အလိုမှာ ပင်လယ်နီကမ်းခြေတစ်ဖက်သို့ ထွက်ခွာသွားလျက်ရှိနေသည်။ ပစ္စည်းအားလုံးလည်း တစ်စုတစ်စည်း တည်း ရှိ၏။ အုပ်စုနှစ်အုပ်စုစလုံးသည် ရင်ဆိုင်တွေ့ဆုံနေကြသည်။ အုပ်စုတိုင်းသည် အခြားတစ်ဖက်ရှိ အုပ်စုကိုကြည့်၍ တက်ကြွလျက်ရှိနေကြ၏။ တစ်ဖက်တွင် ကုန်သည်အုပ်စုသည် လမ်းခရီးတွင်သာ ရှိနေသည့်အတွက် ကာဖိရ်စစ်တပ်သည် ထိုကုန်သည်များကို ကူညီလိုစိတ် ပြင်းထန်တက်ကြွလျက် ရှိနေသည်။ အချုပ်ဆိုရသော် ဤသို့ စိတ်ဓါတ်နှစ်ခု ပြင်းထန်လျက်သော အချိန်ဖြစ်သည်။ တစ်ဖန် အလ္လာဟ်အသျှင် မြတ်သည် အသင်တို့အပေါ် အကွယ်မှ အကူအညီများ ချပေးတော်မူခဲ့လေသည်။ ပမာဆိုသော် အထက်ပါ အာယသ်တော်တွင်

اَنْزَلْنَا عَلٰى عَبْدِنَا

'၎င်း (ကဲ့သို့ ရုတ်တရက် တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်ယှဉ်ပြိုင်မှု ဖြစ်ပေါ်လာမှုသည် ကောင်းလှ ပေသည်။ (သို့တည်းမဟုတ်) အကယ်၍ ပထမအစကပင် အစဉ်အလာအရ) အသင်နှင့် ထိုသူတို့သည် တိုက်ခိုက်မှုဖြစ်ရန်အတွက် ချိန်းချက်ခဲ့သော (မည်သည့်အချိန်တွင် တိုက်ခိုက်မည်ဟုဆိုသော လိုအပ်လျက်ရှိ သော လက်ရှိအခြေအနေသည်လည်း ဤသို့ ရှိမည်။) ဤကဲ့သို့ ချိန်းဆိုမှုတွင် လုံးဝ ကွဲလွဲမှုဖြစ်မည်။ အလိုသဘောမှာ မွတ်စ္လင်မ်တို့သည် လက်နက်ခဲယမ်း မပြည့်စုံမှုကြောင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုမှုအချို့ ဖြစ်ပေါ်လျက်ရှိပြီး ၎င်းကာဖိရ်များနှင့်လည်း ကွဲလွဲလျက်ရှိမည်။ ဤအတွက်ကြောင့် တစ်ဖက်တွင် လက်နက် ခဲယမ်း မပြည့်စုံမှု၊ တစ်ဖန် မွတ်စ္လင်မ်များ၏ ဗုဏ်အရှိန်ရှိမှုတို့တွင် နှစ်ဖက်စလုံး ထိုတိုက်ခိုက်မှု မပေါ် ပေါက်နိုင်ပေ။ သို့ရှိရာ ထိုစစ်ပွဲ၏ ဖြစ်ပေါ်မည့် အကျိုးထူးများရှိသည်။ ထိုအကျိုးထူးသည် မပေါ်ထွန်းနိုင် တော့ချေ။ ၎င်းနှင့်ပတ်သက်၍ لِيَهْلِكَ ၌ လာရှိပေသည်။)

သို့သော် (အလ္လာဟ်အသျှင်မြတ်သည် ဤသို့ စီစဉ်မှုပြုပေး၍ (မလွှဲမရှောင်သာ) ဖြစ်ပေါ်ရမည့် ကိစ္စရပ်ကို ပြီးမြောက်စေတော်မူ၏။ (အလိုသဘောမှာ မှန်ကန်မှု နိမိတ်လက္ခဏာများကို ပေါ်လွင်သွားစေ၏။ ၎င်း (အကြင်သူကို ပျက်စီးစေလိုသော ထိုသူ၏ နိမိတ်လက္ခဏာများ ပေါ်လွင်ပြီးသည့်နောက် ပျက်စီး စေသည်။ အကြင်သူတစ်ဦးတစ်ယောက်ကို 'ဟေဒါယဟ်' လမ်းမှန်တရား ရရှိစေလိုသော ဤသူအတွက် လည်း ထိုသို့ နိမိတ်လက္ခဏာများ ပေါ်လွင်ပြီးသည့်နောက် အသက်ရှင်လျက် ရှိနေမည်။ (အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် စစ်တိုက်ခိုက်မှုဖြစ်စေရန်သာ လိုလား၏။ သို့မှသာလျှင် အစ္စလာမ်သာသနာ သည် သီးသန့် မှန်ကန်သော သာသနာဖြစ်သည်ကို ပေါ်လွင်သွားစေမည်။ ထိုသို့ အနည်းငယ်သော အရေ အတွက်နှင့် စစ်လက်နက်ပစ္စည်း နည်းပါးလင့်ကစား မွတ်စ္လင်မ်တို့သည်သာလျှင် လွှမ်းမိုးမှုရရှိပေ၏။ သဘာဝတရားနှင့် မကိုက်ညီသော အခြေအနေမျိုး၌လည်း လွှမ်းမိုးလျက်ရှိခြင်းဖြင့် အစ္စလာမ်သာသနာသည် မှန်ကန်သော သာသနာဖြစ်ကြောင်း သိရှိရ၏။ သို့ရှိရာ ၎င်းဖြင့် အလ္လာဟ်အသျှင်မြတ်၏ သာသနာသည် သာလျှင် ပြည့်ဝသော သာသနာဖြစ်မည်။ ၎င်း၏နောက် အကြင်သူသည် ပျက်စီးစေရန် ရှိသည်ဖြစ်ပါက

မှန်ကန်မှု ပေါ်လွင်ပြီးသည့်နောက် ထိုသူ သေကြေပျက်စီးမည်ဖြစ်သည်။ သို့မှသာ 'အဇာဗ်' အပြစ်ဒဏ် ခံထိုက်သူဖြစ်မည်။ မည်သို့မျှ အကြောင်းပြ ဆင်ခြင်ပေးရန်လည်း မရရှိနိုင်ပေ။ ဤသို့ပင် အကြင်သူကို ထမ်းမှန်ရရှိစေရန်ရှိသော် ထိုသူသည် အမှန်တရားကို လက်ခံပေလိမ့်မည်။ နောက်ဆုံးတွင် မှန်ကန်မှုသည် ပေါ်လွင်လာမည်။) စကန်မုချ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအသျှင်နှင့် အကြွင်းမဲ့ သိတော်မူသော အသျှင်ဖြစ်တော်မူသည်။ (ဤသို့ ရှင်းလင်းသော အမှန်တရားကို သိရှိပြီးသည့်နောက် မည်သူသည် 'ကုဖ္ဖရ်' ငြင်းပယ်မှုပြု၍ မည်သူသည် အီမာန်ယူလာကြမည်နည်း။)

အို၊ နဗီတမန်တော်၊ ပြန်လည်၍ သတိရပါလေ။ အကြင်အချိန်ဝယ် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား အသင်၏ အိပ်မက်တွင် ၎င်းတို့၏ အရေအတွက်ကို အနည်းငယ်မျှပင် ပြသတော်မူခဲ့လေသည်။ (သို့ဖြစ်ရာ တမန်တော်မြတ် ﷺ က) ဆွဟာဗာများကို ထိုအိပ်မက်၏ သတင်းပေးလိုက်ရာ ၎င်းတို့၏ စိတ်နှလုံးမှာ အလွန် အားအင်ပြည့်ဝသွားလေ၏။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ၎င်းတို့၏ အရေအတွက်ကို များပြားစွာ ပြသတော်မူခဲ့ပါလျှင် (၎င်းတမန်တော်မြတ် ﷺ သည်လည်း၊ ဆွဟာဗာများကို ဖော်ပြခဲ့ပါသော်) သို့ရှိရာ (အို၊ ဆွဟာဗာအပေါင်းတို့) အသင်တို့သည် စိတ်ဓါတ်ကျပြီး ၎င်းကိစ္စနှင့် ပတ်သက်၍ အချင်းချင်း အငြင်းအခုန်ပြုကာ အမှန်ပင် အချင်းများခဲ့ကြမည်သာ ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့အား စိတ်ဓါတ်ကျခြင်းနှင့် အချင်းချင်း အငြင်းပွားမှုမှ) ကယ်ဆယ်တော်မူခဲ့လေသည်။ စကန်စင်စစ် ထိုအသျှင်မြတ်သည် စိတ်နှလုံးအတွင်း၌ ရှိသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ပြသ၍ အားအင်နည်းပါးမှုနှင့် အင်အားများပြားမှု ပေါ်ပေါက်လာခြင်းတို့ကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ဤအတွက်ကြောင့် ဤသို့ အစီအစဉ်ပြုပေးတော်မူလိုက်သည်။ ၎င်းအိပ်မက်အတွင်း၌သာလျှင် တမန်တော်မြတ် ﷺ အား အရေအတွက် အနည်းငယ်မျှသာ ပြည့်ဝမှုပြုရုံသာမက နီးကြားပြီး စစ်မြေပြင်၌ ရင်ဆိုင်တိုက်ခိုက်သော အချိန်၌လည်း မွတ်စလင်မ်တို့၏ အမြင်တွင် ၎င်းကာဖိရ်တို့၏ အရေအတွက် လျော့နည်း၍ ပြသခဲ့လေသည်။ ထိုအတိုင်း ပြောင်းပြန်လည်း မြင်တွေ့စေခဲ့လေသည်။ စင်စစ် အခြေအနေအမှန်သည်ပင်လျှင် ဤသို့ ဖြစ်ပေသည်။ သို့ရှိရာ အမိန့်ရှိထားသည်မှာ) ထို့ပြင် ပြန်လည်သတိရကြလေကုန်။ အကြင်အခါ၌ အသင်တို့သည် ထိုသူတို့နှင့် ရင်ဆိုင်တွေ့ဆုံကြစဉ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ၎င်းတို့၏ အရေအတွက်ကို အသင်တို့၏ အမြင်တွင် လျော့၍ အနည်းငယ်မျှသာ ပြသတော်မူခဲ့သည်။ ဤကဲ့သို့ပင် အသင်တို့ကိုလည်း ထိုကာဖိရ်တို့၏ အမြင်တွင် လျော့၍ပင် ပြသတော်မူခဲ့၏။ ယင်းသို့ ပြသရခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ပြုလိုတော်မူသောကိစ္စကို ပြီးမြောက်တော်မူရန်အလို့ငှာ ဖြစ်သည်။ (ပထမ

لِيَهْلِكَ مَنْ هَلَكَ ـ الخ

တွင် ဖော်ပြပြီး ဖြစ်သည်။ အမှန်စင်စစ် အလုံးစုံသော ကိစ္စရပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည်၍ ရောက်ရှိကြရမည်သာ ဖြစ်ပေသည်။ ၎င်းသည် 'ပျက်စီးခြင်းနှင့် ရှင်သန်ခြင်း' ဆိုလိုသည်မှာ လမ်းမှားနှင့် လမ်းမှန် လျှောက်သောသူကို အပြစ်ဒဏ်ပေးမှုနှင့် ချမ်းသာခွင့် ပေးခြင်းပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

'ဗဒရ်'စစ်ပွဲသည် ကာဖိရ်နှင့် မွတ်စ္စလင်မ်တို့၏ ပထမဦးဆုံး စစ်ပွဲဖြစ်သည့်အလျောက် ထင်ထင်ရှားရှားနှင့် အစကနဦးမှစ၍ အစ္စလာမ်သာသနာသည် အကောင်းဆုံးနှင့် မှန်ကန်မှုအရှိဆုံး သာသနာဖြစ်ကြောင်း သက်သေပြုပေသည်။ သို့ပါ၍ ကျမ်းမြတ်ကုရ်အာန်တွင် ၎င်းစစ်ပွဲနှင့်ပတ်သက်၍ အကျယ်တဝင့် တင်ပြခြင်းကို သီးသန့်အစီအစဉ်ဖြင့် တင်ပြထားပေသည်။ အထက်ပါ အာယသ်တော်များသည်လည်း ထိုအကြောင်းအရာများကိုသာ တင်ပြထား၏။ ထိုအကြောင်းအရာများကို ဖော်ပြထားခြင်းဖြင့် မြောက်မြားစွာသော လေးနက်သည့် အကြောင်းအချင်းအရာများနှင့် ကျိုးကြောင်းညီညွတ်မှုများ ရှိသည့်အပြင် သီးသန့် ကျိုးကြောင်းညီညွတ်မှု (မဆ္ဗလိဟာသ်) တစ်ခုရှိပြီး ၎င်းကို ပေါ်လွင်ထင်ရှားစေရန် ဖြစ်သည်။ ၎င်းစစ်ပွဲ၌ ထင်ထင်ရှားရှားနှင့် အစကနဦးတွင် မွတ်စ္စလင်မ်များ အောင်မြင်မှုရရန် လုံးဝမဖြစ်နိုင်ပေ။ မက္ကာဟ်သား ကာဖိရ်တို့သည်လည်း ရှုံးနိမ့်ခြင်း လုံးဝဖြစ်နိုင်ပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ အကွယ်မှ ချီးမြှင့်သော အင်အားများသာ အားလုံးသော စစ်လက်နက်ခဲယမ်း၏ ထင်ရှားပေါ်လွင်သော အကြောင်းခံဟူရားများကို ပြောင်းပြန်ပြုပေးလိုက်လေသည်။ ထိုသို့ အကြောင်းအရာများကို ရှင်းလင်းတင်ပြရန်အတွက် 'ဗဒရ်' စစ်ပွဲ၏ အပြည့်အစုံနှင့် စစ်ကွင်းပြင်၏ အခြေအနေများကို ဤအာယသ်တော်တွင် အပြည့်အဝ တင်ပြထားပေသည်။ ၎င်းအာယသ်တော်၏ ရှင်းလင်းချက်အလျှင် အချို့သော စာလုံးများ၏ အဘိဓါန် ရှင်းလင်းချက်ကို သိရှိသင့်ပေသည်။

عُدْوَةٌ ၏ အဓိပ္ပာယ်သည် 'တစ်ဖက်'ဟု ခေါ်ပေသည်။ ၎င်းနောက် الدُّنْيَا ဟူသော စာလုံးမှာ أَدْنَى မှဖြစ်၍ ၎င်း၏ အဓိပ္ပာယ်သည် 'အနီးကပ်ဆုံး'ဟူ၍ ဖြစ်ပေသည်။ 'အာခေရသ်'နှင့် ယှဉ်လျှက်ရှိသော ဤလောကကိုလည်း دُنْيَا ဟု ခေါ်သည်။ ဤအတွက်ကြောင့် 'အာခေရသ်'ဘက်သို့ ဆက်သွယ်မှုသည် လူသားအတွက် အနီးကပ်ဆုံးဖြစ်သည်'ဟု ပြောဆိုကြလေသည်။ ၎င်းနောက် الْقُصْوَى ဟူသော စာလုံးသည် أَقْصَى မှ ဖြစ်၍ ၎င်း၏ အဓိပ္ပာယ်မှာ 'အဝေးကွာဆုံး'ဖြစ်သည်။

အထက်ပါအာယသ်တော်၌ ရှိသော ပျက်စီးမှု ၎င်းနှင့်ယှဉ်လျှက်ရှိသော 'ဟယွာသ်'အသက်ရှင်နေမှု၏ အကြောင်းအရာ ပါရှိပေ၏။ ထိုစာလုံးနှစ်လုံးစလုံး 'မောက်သ်' (သို့) 'ဟယာသ်'တို့သည် အပေါ်ယံ၏ အလိုသဘောကို မဆောင်ပေ။ သို့သာမက 'မောသ်'နှင့် 'ဟယာသ်'၏ အဓိပ္ပာယ်သည် ပျက်စီးမှုနှင့် အောင်မြင်မှုဟု အဓိပ္ပာယ်ဆောင်ပေသည်။ အောင်မြင်မှု၏ အလိုသဘောမှာ အစ္စလာမ်နှင့် အီမာန်ဖြစ်ပြီး ၎င်းနောက် 'မောသ်'ပျက်စီးမှု၏ အလိုမှာ ရှရစ်က်၊ 'ကုဖွရ်'တို့ ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အချို့သော နေရာများတွင် ဤစာလုံးများကို ထိုအဓိပ္ပာယ်ဖြင့် အသုံးပြုကြလေသည်။ ကျမ်းတော်မြတ် တစ်နေရာတွင် အမိန့်ရှိသည်မှာ–

يَا أَيُّهَا الَّذِينَ آمَنُوا اسْتَجِيبُوا لِلَّهِ وَلِلرَّسُولِ إِذَا دَعَاكُمْ لِمَا يُحْيِيكُمْ

'အို၊ မုအ်မင်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ ရစူလ်တမန်တော်သည် အသင်တို့ကို အသင်တို့အသက်ရှင်စေနိုင်သော အကြောင်းကိစ္စရပ်များနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်၏ အမိန့်ပညတ်တော်များကို လိုက်နာကြလေကုန်။'

'ဟယာသ်'၏ အလိုသဘောသည် ထိုမှုရင်းအသက်ရှင်နေမှုနှင့် အမြဲတစေ အေးချမ်းမှုဖြစ်သည်။ ၄င်းသည် အီမာန်နှင့် အစ္စလာမ်သာသနာတော်ကို လက်ခံဖြင်းဖြင့် ရရှိမည်။

အာယသ်တော် (၄၂) တွင် 'ဗဒရ်'စစ်ပွဲနှင့် စစ်ကွင်းပြင်၏ ပုံစံကို ဤသို့ ဖော်ပြထားပေသည်။ မွတ်စ္စလင်မ်တပ်ဖွဲ့သည် العدوة الدنيا (နီးသောဘက်) တွင် ရှိသည်။ ၄င်းကာဖိရ်တို့သည် العدوة القصوى (ဝေးသောဘက်) ၌ ရှိလေသည်။ မွတ်စ္စလင်မ်တို့၏ နေရာသည် မဒီနာမြို့နှင့် နီးကပ်ပြီး ထိုကွင်းပြင်၏ တစ်ဖက်တွင် ရှိလေသည်။ ကာဖိရ်စစ်တပ်သည် မဒီနာမြို့နှင့် ဝေး၍ ကွင်းပြင်၏ အခြားတစ်ဖက်တွင် ရှိနေသည်။ အဘူစွဖ်ယာန်၏ ကုန်သည်အုပ်စု၊ ၄င်းကုန်သည်အုပ်စုအတွက်ကြောင့် ဤစစ်ပွဲပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ၄င်းတို့သည် မက္ကာဟ်မြို့မှ လာသော ကာဖိရ်စစ်တပ်နှင့် နီးကပ်လေသည်။ မွတ်စ္စလင်မ်များ၏ သုံးမိုင်ခန့် အကွာအဝေးတွင်ရှိပြီး ပင်လယ်နီ၏ ကမ်းစပ်မှ သွားနေကြသည်။ ဖော်ပြပါစစ်ပွဲ၏ အခြေအနေကို တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ တိုက်ခိုက်မှုအနေအထားအရ မွတ်စ္စလင်မ်တို့ ရောက်ရှိသော နေရာသည် လုံးဝ မသင့်လျော် မှားယွင်းသောနေရာ ဖြစ်နေသည်။ ၄င်းနေရာမှ ရန်သူများကို တိုက်ခိုက်ရန် မဆိုထားဘိ။ မိမိအသက်ကိုပင်လျှင် ကာကွယ်ရန် အပေါ်ယံအားဖြင့် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုကွင်းပြင်၏ မဒီနာမြို့နှင့် နီးသောဘက်သည် သဲမြေတစ်ခုဖြစ်နေ၍ ၄င်းမှ သွားလာမှုတွင် ခက်ခဲလေသည်။ တစ်ဖန် ထိုနေရာ၏ အနီးနားတွင် အသုံးပြုရန် ရေပင် မရှိပေ။ ၄င်းမဒီနာမှ ဝေးသောဘက်တွင် ကာဖိရ်များ စခန်းချထားလေရာ ၄င်းနေရာ၏ စစ်မြေပြင်သည် ရှင်းလင်း၍ ရေလည်း အနီးအနားတွင် ရှိလေသည်။

ထိုစစ်ကွင်းပြင်၏ နှစ်ဖက်စလုံး၏ အခြေအနေကို ပြသ၍ တပ်ဖွဲ့နှစ်ခုစလုံးသည် လုံးဝ နီးကပ်လျက်ရှိ၏။ တစ်ဖက်၏ အခြေအနေ အားနည်းချက်၊ အားသာချက်များသည် အခြားတစ်ဖက်တွင် ဖုံးကွယ်မှု မပြုနိုင်ပေ။ မက္ကာဟ်သား မုရှ်ရစ်က်များ၏ စစ်တပ်သည် မိမိတို့၏ ကုန်သည်အုပ်စုသည် မွတ်စ္စလင်မ်များ၏ ပစ်မှတ်မှ ထွက်ခွာပြီးသည်ကို တွေ့ရှိသော် စိတ်အေးချမ်းမှု ရရှိသွားလေသည်။ ယခု အကယ်၍ ကျွန်ုပ်တို့တပ်တွင် တစ်စုံတစ်ရာ လိုအပ်မှုရှိပါသော် ထိုကုန်သည်အုပ်စုသည် ကျွန်ုပ်တို့ကို အကူအညီပေးနိုင်သည်။ ၄င်းနှင့်ယှဉ်သော် မွတ်စ္စလင်မ်စစ်တပ် ရောက်ရှိသော နေရာသည် အခက်အခဲရှိစေသော နေရာဖြစ်သည်။ အခြားတစ်နေရာရာမှ အကူအညီရရှိလည်း မည်သို့မျှ မဖြစ်နိုင်ပေ။ ဤသည် ပထမဦးပင် သတ်မှတ်ပြီး ၄င်းပညာတတ် လူတန်းစားတိုင်း သိရှိပြီးဖြစ်လေသည်။ ၄င်းမှာ မွတ်စ္စလင်မ်စစ်တပ်၏ အရေအတွက်အားလုံးသည် (၃၁၃) ဦးဖြစ်ပြီး ကာဖိရ်စစ်တပ်၏ အရေအတွက်သည် (၁၀၀၀) ဖြစ်သည်။ မွတ်စ္စလင်မ်စစ်တပ်၌ အစီအနင်းများလည်း လုံလောက်စွာ မရှိပေ။ ၄င်းလက်နက် ခဲယမ်းလည်း မပြည့်စုံပေ။ ၄င်းတို့နှင့် ယှဉ်လျှင် ကာဖိရ်များ၏ စစ်တပ်သည် အစီးအနင်းနှင့် လက်နက်ခဲယမ်း အပြည့်အစုံ ဆင်မြန်းထားသည်။

မွတ်စ္စလင်မ်တပ်ဖွဲ့သည် ဤစစ်ပွဲ၌ လက်နက်ခဲယမ်းများကို ဆင်မြန်း၍ စစ်ဆင်နွှဲရန် ထွက်လာခြင်း မဟုတ်ပေ။ ကုန်သည်အုပ်စု၏ လမ်းကို ပိတ်တားဆီးရန်နှင့် ရန်သူ၏ အင်အားကို လျော့နည်းမှုပြုရန် ရည်ရွယ်၍ ထို (၃၁၃) ဦးသော မွတ်စ္စလင်မ်တပ်ဖွဲ့သည် လက်နက်ခဲယမ်းမဲ့ ထွက်ခွာလာခြင်းဖြစ်သည်။ ရုတ်တရက် ရည်ရွယ်မှုမရှိဘဲ လက်နက်ခဲယမ်း ဆင်မြန်းထားသော ရှူငယ်အုပ်စု တစ်ထောင်ဖြင့် ရင်ဆိုင်မှု ပေါ်ပေါက်လာခဲ့၏။

ကျမ်းမြတ်ကုရ်အာန်၌ လူတို့၏ အရှုတွင် ဤအကြောင်းအရာ ဖြစ်ပေါ်မှုသည် ရုတ်တရက် ဖြစ်ပေါ်လာသည့်ပုံစံတစ်ခု (ရည်ရွယ်မှုမရှိဘဲ ပေါ်ပေါက်လာသည်) ဟု အာယသ်တော်တွင် တင်ပြထားပေ၏။ သို့သော် လောက၌ ရုတ်တရက်နှင့် ရည်ရွယ်ချက်မဲ့ ဖြစ်ပေါ်လာသော ပုံစံဟူသမျှတို့သည် အပေါ်ယံ ကြည့်လျှင် ရုတ်တရက် ဖြစ်ပေါ်သည့်ပုံစံဟု ထင်ရပေသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး တွင် ထိုသို့ ပုံစံဖြစ်ပေါ်လာမှုတိုင်းသည် ခိုင်မာသော အစီအမံတစ်ခုကို တိတိကျကျ သတ်မှတ်ထားရှိ လေသည်။ ထိုအရာထဲ၌ အဆက်အစပ်မဲ့၊ အချိန်အခါမဲ့ဟူ၍ မရှိပေ။ ထိုပြည့်ဝသော အစီအစဉ်များသည် ရှေ့မှောက် ရောက်ရှိလာသောအခါ လူသားတို့သည် သိရှိနိုင်သွားပေမည်။ ဤသို့သော ရုတ်တရက် ဖြစ်ပေါ် တတ်သော ပေါ်ပေါက်မှုအားလုံး၌ မည်မျှ အမြော်အမြင်များ ရှိမည်နည်း။

'ဗဒရ်'စစ်ပွဲ၏ အကြောင်းအရာကို ပမာထား၍ တင်ပြရပေမည်။ ၎င်းစစ်ပွဲ၏ ရုတ်တရက်ပေါ်ပေါက် မှုနှင့် ရည်ရွယ်ချက်မပါသည့် ပုံစံဖြင့် ထင်ရှားပေါ်လွင်လာခြင်း၏ အကြောင်းခံကား ဤသို့ပင်တည်း။

وَلَوْ تَوَاعَدْتُّمْ لَاخْتَلَفْتُمْ فِى الْمِيْعَادِ

ဟူသည်မှာ အကယ်၍ အသင်တို့နှင့် ထိုသူတို့သည် အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ချိန်းချက်ခဲ့ ကြပါလျှင် ဧကန်မုချ အသင်တို့သည် ထိုချိန်းချက်မှုနှင့် စပ်လျဉ်း၍ ကွဲလွဲခဲ့ကြပေမည်။ ဤသို့ဖြင့် မွတ်စ္စလင်မ် တို့သည် မိမိတို့၏ အရေအတွက်နည်းပါးမှုနှင့် အားအင်နည်းမှုကို တွေးတော၍၊ တစ်ဖန် ယှဉ်ပြိုင်ရမည့် သူတို့၏ အရေအတွက်များပြားမှု၊ အင်အားတောင့်တင်းမှုကို တွေ့၍ ကွဲလွဲကြပေမည်။ (သို့မဟုတ်) ဤကဲ့သို့ ပင် ကာဖိရ်၊ အစ္စလာမ်တပ်ဖွဲ့နှစ်ခုစလုံးသည် သတ်မှတ်ထားသော ကတိရှိသည့်အတိုင်း စစ်ကွင်းပြင်သို့ မရောက်ရှိနိုင်ပေ။ မွတ်စ္စလင်မ်တို့သည် မိမိ၏ အရေအတွက်နည်းပါးမှုနှင့် အင်အားမပြည့်မှုကို တွေ့၍ ရှေ့တိုးရန် မရဲခဲ့ကြပေ။ ၎င်းနောက် ကာဖိရ်များကို အလ္လာဟ်အသျှင်မြတ်က မွတ်စ္စလင်မ်တို့၏ ကြောက်စိတ် ကို (နှလုံးသားတွင်) ထည့်ပေးလိုက်၏။ ထိုကာဖိရ်တို့သည် အရေအတွက်များပြားမှုနှင့် အင်အားတောင့်တင်း မှုရှိပါလျက် ယှဉ်ပြိုင်တိုက်ခိုက်လာရန် ကြောက်ရွံ့၍ နေကြသည်။

ဤအတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်၏ ခိုင်ခံ့သော အစီအစဉ်သည် နှစ်ဖက်စလုံး၏ အခြေ အနေကို ဖန်တီးပေးလိုက်လေသည်။ ထိုသူတို့သည် စဉ်းစားဆင်ခြင်ရန် အချိန်ပင်လျှင် မရရှိခဲ့ပေ။ မက္ကာဟ်သား ကာဖိရ်တို့သည် အဘူစွဖ်ယာန်ကုန်သည်အုပ်စု၏ စိုးရိမ်ဖွယ်အခြေအနေက ၎င်းတို့ကို ဤမျှ အန္တရာယ်ရှိလှ သည့် အခြေအနေမျိုး၌လည်း စဉ်းစားမှုကင်းမဲ့စွာဖြင့် ရှေ့ထွက်ရန် အသင့်ဖြစ်စေသည်။ မွတ်စ္စလင်မ်

စစ်တပ်သည်လည်း မိမိရင်ဆိုင်ရမည့်သူတို့သည် စစ်လက်နက်ခဲယမ်း တပ်ဆင်ထားသော စစ်တပ်မဟုတ်။ ဘာမန်ကုန်သည်အုပ်စုတစ်စုသာ ဖြစ်သည်ဟု ထင်မြင်ကြ၍ ရှေ့သို့ ထွက်စေခဲ့သည်။ သို့သော် အလ္လာဟ် အသျှင်မြတ်သည် နှစ်ဖက်စလုံးတွင် တိုက်ခိုက်မှုဖြစ်ပေါ်ရန်သာ လိုလားပေသည်။ ၄င်းစစ်ပွဲ၏ နောက်ဆုံး အခြေအနေသည် အစ္စလာမ့်စစ်တပ်၏ အောင်မြင်မှု ပေါ်လွင်မှုပင်ဖြစ်သည်။ ထိုအောင်မြင်မှုသည် ရှေ့တွင် တွေ့ကြုံရပေမည်။ ဤအတွက်ကြောင့် အမိန့်ရှိသည်မှာ-

وَلٰكِنْ لِّيَقْضِىَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا

'သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မလွဲမရှောင်သာဖြစ်ရမည့် ကိစ္စတစ်ရပ်ကို ပြီးမြောက်စေတော်မူခဲ့၏။ ၄င်းကိစ္စရပ်သည်ကား ဤသို့တည်း။ စစ်လက်နက်ခဲယမ်း ဆင်မြန်းထားသော လူငယ်စစ်သား (၁၀၀၀) အား ယှဉ်ပြိုင်ရာ၌ လက်နက်ခဲယမ်း ဆင်မြန်းမှုမရှိဘဲ မွတ်စ္စလင်မ် (၃၁၃) ဦးသော တပ်ဖွဲ့တစ်ဖွဲ့နှင့် ၄င်းတို့ စစ်ကွင်းပြင်နေရာ ရရှိမှုသည်လည်း အခြေအနေမကောင်း ညံ့သောနေရာ ဖြစ်၏။ အကြင်အခါဝယ် ၄င်းတို့၏ ရှေ့တွင် တောင်တစ်လုံးရှိပါက ထိုတောင်သည်လည်း ကွဲဖြာသွားပေမည်။ ထို့ပြင် ဤနည်းပါးလှသည့် တပ်ဖွဲ့သည် အောင်မြင်မှုရရှိပေမည်။ ၄င်းကို မျက်ဝါးထင်ထင်ဖြင့် မြင်တွေ့ခဲ့ပြီးဖြစ်၏။ အလိုသဘောမှာ ဤအဖွဲ့ကို အကွယ်မှ အလွန်ကြီးကျယ်စွာ စွမ်းဆောင်နိုင်သော အင်အားတော်ရှင်မှ လုပ်ဆောင်ပေးလျက် ရှိပေသည်။ ၄င်းဖြင့် ဤစစ်တပ်ဖွဲ့ (၁၀၀၀) သည် မစွမ်းနိုင် မယှဉ်ပြိုင်နိုင်ပေ။ ဤသည် ထို (၃၁၃) ဦးတပ်ဖွဲ့၏ စွမ်းဆောင်နိုင်မှုသည် အစ္စလာမ်ဖြစ်ခြင်းကြောင့် ဖြစ်ပြီး ထို (၁၀၀၀) တပ်ဖွဲ့၏ လက်မဲ့ဖြစ်မှုသည် ကုဖွ်ရ်ဖြစ်ခြင်းကြောင့်သာဖြစ်ကြောင်း ပေါ်လွင်နေ၏။ ၄င်းဖြင့် အမှားအမှန်၊ ကောင်းမှုနှင့် မကောင်းမှု၏ ခွဲခြားမှုအလုံးစုံကို အသိဉာဏ်ရှိသောသူအားလုံး သဘောပေါက် နားလည်နိုင်ပေသည်။ ဤအတွက်ကြောင့် နောက်ဆုံးအာယသ်တော်၌ မိန့်တော်မူသည်မှာ-

لِيَهْلِكَ مَنْ هَلَكَ عَنْ بَيِّنَةٍ وَّيَحْيٰى مَنْ حَىَّ عَنْ بَيِّنَةٍ

'ဗဒရ်' စစ်ပွဲအကြောင်း၌ အစ္စလာမ်သာသနာ၏ မှန်ကန်မှုပေါ်လွင်၍ ၄င်းကာဖိရ်၊ မုရှ်ရစ်ကတို့သည် မှားယွင်း၍ လက်မဲ့ဖြစ်သွားခြင်းကို ဤအတွက်ကြောင့် ပေါ်လွင်စေခဲ့သည်။ ၄င်းမှာ ရှေ့ဆက်၍ အကြင်သူသည် ပျက်စီးမှု၌ ကျရောက်ခဲ့သော် ထိုသူသည် ဆင်ခြင်စွာ နေထိုင်၍ ၄င်းအကြင်သူသည် အသက်ရှင်လျက်ရှိပါမူ ၄င်းသည်လည်း ဆင်ခြင်၍ နေရပေမည်။ မှောင်မိုက်မှုနှင့် လှည့်စားမှုတို့သည် မည်သို့မျှ အသုံးမဝင်ပေ။

၄င်းအာယသ်တော်၌ရှိသော هلاك စာလုံး၏ အလိုသဘောသည် 'ကုဖွ်ရ်' ဖြစ်ပြီး ၄င်း 'ဟယာသ်' حيات နှင့် 'ဇင်န်ဒဂီး' ၏ အလိုသဘောသည် 'အစ္စလာမ်' ပင် ဖြစ်သည်။ ယခု အကြင်သူသည် 'ကုဖွ်ရ်' ဖြစ်ခြင်းကို ရွေးချယ်ခဲ့ပါမူ ၄င်းသည် ပျက်စီးမှုကို မျက်ဝါးထင်ထင် တွေ့မြင်ပါလျက် ပျက်စီးမှုဘက်သို့ လျှောက်လှမ်းခြင်းသာ ဖြစ်သည်။ ၄င်းအကြင်သူသည် အစ္စလာမ်ကို ရွေးချယ်ခဲ့ပါမူ ထိုသူသည် အမြဲထာဝရ နေရမည့် သက်တမ်းကို တွေ့မြင်၍ လျှောက်လှမ်းသူသာ ဖြစ်မည်။ တစ်ဖန် အမိန့်ရှိသည်မှာ-

إِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ

'ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူလေ၏။ သို့ရှိရာ လူသားအားလုံး၏ နှလုံးသား၌ ဖုံးကွယ်လျက်ရှိသော 'ကုဖွရ်' (ငြင်းပယ်မှု) နှင့် အီမာန် (ယုံကြည်မှု) အလုံးစုံတို့ကို အလ္လာဟ်အသျှင်မြတ်သည် သိတော်မူသည်။ ၎င်းလူသားတို့၏ အစားပေးခြင်းနှင့် အပြစ်ဒဏ်ခတ်မှုတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်၌ပင် ရှိတော်မူသည်။

အာယသ်တော် (၄၃) နှင့် (၄၄) တို့သည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်စွမ်းဆောင်နိုင်သော တန်ခိုးတော် (ကရာမသ်) ကို တင်ပြထားလေသည်။ ၎င်းသည်ကား 'ဗဒရ်' စစ်ပွဲ၏ ကွင်းပြင်၌ ထိုရည်ရွယ်ချက်နှင့်အညီ လုပ်ဆောင်ခဲ့ပေသည်။ ထိုစစ်တပ်နှစ်ခုစလုံးမှ တစ်ဖက်ဖက်သည် စစ်ကွင်းပြင်ကို ကျောခိုင်း၍ ဤစစ်ပွဲကိုလည်း ပြီးဆုံးစေသည့် ပုံစံကို ပြုတော်မမူခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ဤစစ်ပွဲ၏ နောက်ဆုံးရလဒ်သည် အစနကဦးမှပင်လျှင် အစ္စလာမ်သာသနာ၏ မှန်ကန်မှု ထင်ပေါ်ကျော်ကြားစေရန် ရည်ရွယ်၍ ဖြစ်သည်။

ထိုစွမ်းဆောင်နိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ဆောင်ရွက်တော်မူခဲ့၏။ စင်စစ် ကာဖိရ်စစ်တပ်သည် မွတ်စ္စလင်မ်တို့ထက် သုံးဆသာပိုသော်လည်း အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အထူးပြည့်ဝသော စွမ်းဆောင်မှုဖြင့် မွတ်စ္စလင်မ်များကိုမူ ထိုကာဖိရ်တို့၏ အရေအတွက် အနည်းငယ်သာလျှင် ပြသတော်မူခဲ့၏။ သို့မှသာလျှင် မွတ်စ္စလင်မ်တို့သည် အင်အားနည်းပါးမှု၊ ၎င်းကွဲလွဲမှုများ ပေါ်ပေါက်မည် မဟုတ်ပေ။ ဤအကြောင်းအရာသည် နှစ်ကြိမ်ပေါ်ပေါက်ခဲ့၏။ ပထမတစ်ကြိမ်သည် တမန်တော်မြတ် ﷺ ကို အိပ်မက်၌ မြင်မက်စေခဲ့၏။ တမန်တော်မြတ် ﷺ က မွတ်စ္စလင်မ်အားလုံးကို တင်ပြခဲ့ရာ မွတ်စ္စလင်မ်တို့၏ ခွန်အားတို့သည် ပြည့်ဝလာလေသည်။ ဒုတိယအကြိမ်သည် စစ်တလင်းပြင်၌ နှစ်ဖွဲ့စလုံး ထိပ်တိုက်ရင်ဆိုင်သောအခါ မွတ်စ္စလင်မ်တို့အား ၎င်းကာဖိရ်တို့၏ အရေအတွက်အနည်းငယ်ကိုသာ ပြသတော်မူခဲ့၏။ အာယသ်တော် (၄၃) ၌ အိပ်မက်၏ အကြောင်းအရာ၊ ၎င်းအာယသ်တော် (၄၄) တွင် နီးကြားသော အခြေအနေတွင်လည်း အထက်ပါအတိုင်း တွေ့ရှိရပေသည်။

ဟဇရတ်အဗ်ဒုလ္လာဟ် ဗင်န် မတ်စ်အူးဒ် ﷺ သခင်မှ အမိန့်ရှိသည်မှာ ကျွန်ုပ်တို့၏ အရှေ့၌ တစ်ဖက်စစ်တပ်ကို ဤသို့ တွေ့မြင်နေရပေ၏။ ကျွန်ုပ်က အနီးရှိလူတစ်ဦးအား ထိုသူတို့သည် (၇၀) ဦးမျှရှိမည်ဟု ပြောဆိုရာ ထိုသူက (၇၀) မဟုတ်၊ (၁၀၀) မျှရှိမည်ဟု အဖြေပေးလေသည်။

နောက်ဆုံးအာယသ်တော်၌ ၎င်းနှင့် ပတ်သက်၍ တင်ပြထားသည်မှာ-

يُقَلِّلُكُمْ فِيْٓ اَعْيُنِهِمْ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'အသင်တို့ကိုလည်း ၎င်းတို့၏ အမြင်၌ လျော့နည်း၍ပင် အလ္လာဟ်အသျှင်မြတ်က ပြသတော်မူခဲ့လေ၏။' ၎င်းဖြင့် ဤအလိုသဘောလည်း ဆောင်နိုင်ပေ၏။ ဆိုလို

သည်မှာ မွတ်စ္စလင်မ်၏ အရေအတွက်သည် အမှန်တကယ်ပင် နည်းပါးခဲ့၏။ ထိုအရေအတွက်အမှန်ကို ၎င်းတို့အား ပြသတော်မူလိုက်၏။ ထို့ပြင် ဤသို့လည်း ဖြစ်နိုင်ပေ၏။ အရေအတွက်အမှန် မည်မျှရှိသည်၊ ထို့ထက်ပင် လျှော့နည်း၍ ပြသတော်မူခဲ့၏။ ပမာဆိုသော် အချို့သော ဆင့်ပြန်မှုများတွင် လာရှိပေသည်။

အဘူဂျဟလ်က မွတ်စ္စလင်မ်စစ်တပ်ကို ကြည့်ရှု၍ မိမိမိတ်ဆွေများကို ၎င်းတို့၏ အရေအတွက်သည် ကုလားအုတ်တစ်ကောင်မျှသာ စားသုံးနိုင်မှုထက် မများပြားနိုင်ဟု ပြောဆိုလေသည်။ အာရဗ်လူမျိုးတို့တွင် စစ်တပ်တစ်ခု၏ အရေအတွက်ကို သိရှိရန်အတွက် ၎င်းနည်းဖြင့် ခန့်မှန်း၍ သတ်မှတ်ကြပေသည်။ ၎င်းတို့ စားသောက်ရန်အတွက် တိရစ္ဆာန်မည်မျှ 'ဇဗာဟ်' လှီးဖြတ်ရသနည်းကို ကြည့်၍ ခန့်မှန်းသတ်မှတ်ကြ၏။ ကုလားအုတ်တစ်ကောင်ကို လူပေါင်း (၁၀၀) စားသောက်နိုင်သည်ဟု ယူဆကြ၏။ တမန်တော်မြတ် ﷺ သည်လည်း 'ဗဒရ်' စစ်ကွင်းပြင်၌ ထိုတစ်ဖက်ရှိ အချို့သောသူများဖြင့် ကိုရိုက်ရှ်မဂ္ဂဟာ်၏ စစ်တပ်အရေအတွက်ကို သိရှိရန် 'ထိုသူတို့၏ တပ်ဖွဲ့၌ နေ့စဉ် ကုလားအုတ်မည်မျှ 'ဇဗဟ်' ပြုသနည်း' ဟု မေးမြန်းရာ 'နေ့စဉ် ကုလားအုတ် (၁၀၀) ကောင်' ဟု ကိုယ်တော့်အား ပြန်လည်ဖြေကြား၏။ ၎င်းဖြင့် တမန်တော်မြတ် ﷺ က စစ်တပ်သားအယောက် (၁၀၀၀) ရှိမည်ဟု ခန့်မှန်းခဲ့လေသည်။

အချုပ်မှာ ဤသို့ဖြစ်သည်။ အဘူဂျဟလ်၏ အရှေ့၌ မွတ်စ္စလင်မ်တို့သည် အားလုံးပေါင်း (၁၀၀) ဟု ပြသတော်မူပြီး ဤနေရာ၌ အရေအတွက်လျှော့၍ ပြသတော်မူခြင်း၏ အကြောင်းအချင်းအရာမှာ ဤသို့ဖြစ်သည်။ မုရှ်ရစ်ကီများ၏ စိတ်အတွင်း၌ မွတ်စ္စလင်မ်တို့၏ ကြောက်စိတ်ပထမကပင်လျှင် မကိန်းအောင်းရန်အတွက် ဖြစ်၏။ ထိုသို့ ကိန်းအောင်း၍ စစ်ကွင်းပြင်မှ မထွက်ပြေးစေရန်ဖြစ်သည်။

အကျိုးထူး ။ ။ ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ အချို့ထူးဆန်းသော နိမိတ်လက္ခဏာများ ပေါ်ပေါက်ချိန်၊ သဘာဝတရားနှင့် ဆန့်ကျင်သော ဖြစ်ရပ်များ ပေါ်ပေါက်ချိန်၊ ဤသို့လည်း ဖြစ်နိုင်ပေသည်။ မျက်ဝါးထင်ထင် တွေ့မြင်မှုတို့သည် လွဲချော်မှုဖြစ်တတ်၏။ ပမာဆိုသော် ဤနေရာတွင် ဖြစ်ရှိခဲ့၏။

ဤအတွက်ကြောင့် ထိုနေရာတွင် ဒုတိယအကြိမ် ပြန်လည်အဓိပ္ပါယ်ရှိထားခြင်းဖြစ်ရာ

لِيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ပြုလိုတော်မူသည့် ကိစ္စတစ်ရပ်ကို ပြီးမြောက်စေတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်မှု၊ မျက်ဝါးထင်ထင် တွေ့မြင်မှုတို့ကို အသုံးပြု၍ ဤအတွက်ကြောင့်ပင် ထင်ပေါ်စေခဲ့၏။ မွတ်စ္စလင်မ်အရေအတွက်နည်းပါးမှုနှင့် စစ်လက်နက်ခဲယမ်း မလုံလောက်သည့်တိုင် အောင်မြင်မှုပေး၍ အစ္စလာမ်သာသနာသည် မှန်ကန်မှု ရှိခြင်းသည်လည်းကောင်း၊ အကွယ်မှ အားပေးခြင်းကိုလည်းကောင်း ပေါ်လွင်စေခြင်းသည် ဤစစ်ပွဲ၏ ရည်ရွယ်ချက်ကို ပြည့်ဝစွာ ပြသတော်မူလိုက်၏။

နောက်ဆုံးအာယသ်တော်၌ အဓိပ္ပါယ်ရှိသည်မှာ-

وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ

'စင်စစ် ကိစ္စအဝဝတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ပင် ပြန်လည်၍ ရောက်ရှိမည်မှာ ဖြစ်ပေသည်။ အကြင်အသျှင်မြတ်သည် ဆန္ဒရှိသလို ပြုမူဆောင်ရွက်၍၊ အကြင်အသျှင်မြတ်သည်ပင် ဆန္ဒရှိသလို အမိန့်ပေးတော်မူသည်။' အရေအတွက်အနည်းငယ်က အရေအတွက်အများကို၊ အင်အားတောင့်တင်းမှုက အင်အားချို့တဲ့သူအပေါ် လွှမ်းမိုးမှုပေးပြီး အနည်းကို များအောင်ပြု၍ အများကို နည်းအောင် ပြုနိုင်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا لَقِيتُمْ فِئَةً
فَاثْبُتُوا وَاذْكُرُوا اللَّهَ كَثِيرًا لَعَلَّكُمْ تُفْلِحُونَ ﴿٤٥﴾

၈ : ၄၅ ။ ။ အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မည်သည့်အုပ်စု တစ်စုစုနှင့်မဆို (ရင်ဆိုင်) တွေ့ဆုံကြရသောအခါ မြဲမြဲကြံ့ခိုင်စွာ တည်ရှိကြလေကုန်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား များစွာ အောက်မေ့တသ သတိရကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

وَأَطِيعُوا اللَّهَ وَرَسُولَهُ وَلَا تَنَازَعُوا فَتَفْشَلُوا وَتَذْهَبَ
رِيحُكُمْ وَاصْبِرُوا إِنَّ اللَّهَ مَعَ الصَّابِرِينَ ﴿٤٦﴾

၈ : ၄၆ ။ ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်များကို လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် အချင်းချင်း အငြင်းမပွားကြလေနှင့်။ သို့ အငြင်းပွားခဲ့ကြပါလျှင် အသင်တို့သည် စိတ်ဓါတ်ကျကြကာ အသင်တို့၏ လေ (အင်အား) လည်း လျော့နည်းဆုတ်ယုတ်သွားမည် ဖြစ်သည်။ ၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်။ စကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် သည်းခံသူတို့နှင့်အတူ ရှိတော်မူပေသည်။

وَلَا تَكُونُوا
كَالَّذِينَ خَرَجُوا مِن دِيَارِهِم بَطَرًا وَرِئَاءَ النَّاسِ وَ
يَصُدُّونَ عَن سَبِيلِ اللَّهِ وَاللَّهُ بِمَا يَعْمَلُونَ مُحِيطٌ ﴿٤٧﴾

၈ : ၄၇ ။ ။ ထို့ပြင် (အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြလေနှင့်။ ထိုသူတို့သည် မိမိတို့၏ အိမ်များမှ ပလွှားဝါကြွားလျက် လူတို့အား (ဂုဏ်ဟိတ်ထုတ်) ပြစား၍ ထွက်လာခဲ့ကြလေသည်။ ထို့ပြင် ၎င်းတို့သည် (သူတစ်ပါးတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးကြလေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ပြုမူသမျှတို့ကို ဝန်းရံလျက် ရှိတော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ မည်သည့်အခါ အသင်တို့သည် (ကာဖိရ်အုပ်စု) တစ်စုစုနှင့် (စစ်ပွဲ၌) ရင်ဆိုင်တွေ့ဆုံကြသောအခါ (ဤစည်းကမ်းချက်များကို စောင့်စည်းပါ။ ၎င်းပထမစည်းကမ်းမှာ) မြဲမြဲနိုင်မာစွာ ရှိကြလေကုန်။ (ထွက်မပြေးလေနှင့်။ ဒုတိယစည်းကမ်းချက်မှာ) အလ္လာဟ်အသျှင်မြတ်အား များစွာ တသ သတိရကြလေကုန်။ (အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းအားဖြင့် စိတ်ဓါတ်ကြံ့ခိုင်လာ၏။) သို့မှသာလျှင် အသင်တို့သည် (စစ်ပွဲ၌) အောင်မြင်ကြမည်ဖြစ်သည်။

(အဘယ်ကြောင့်ဆိုသော် စိတ်နှင့်ကိုယ် မကြောက်မရွံ့ ကြံ့ခိုင်စွာ တည်ရှိနေခြင်းတို့ တွဲလျက်ရှိနေပါမှ အောင်မြင်မှု ရရှိပေမည်။ တတိယအချက်မှာ စစ်မြေပြင်တွင် စစ်တိုက်ခိုက်နေသည့်အချိန်တိုင်း၌) အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ အမိန့်တော်များကို အစဉ်တစိုက် လိုက်နာရမည်။ (အမိန့်တော်နာခံမှုပြုရာတွင် မည်သည့်အချိန်အခါမျိုး၌မဆို ပျက်ကွက်မှု၊ ပေါ့လျော့မှု မရှိစေရ။ စတုတ္ထအချက်မှာ မိမိ၏ အကြီးအကဲခေါင်းဆောင်များနှင့် နောက်လိုက်များအချင်းချင်းတွင်လည်း) အငြင်းမပွားကြရ။ ထိုသို့ အငြင်းပွားခဲ့ကြသော် (အချင်းချင်း အကွဲကွဲအပြားပြားဖြစ်ပြီး) စိတ်ဓါတ်ကျဆင်းသွားပေမည်။ (အဘယ်ကြောင့်ဆိုသော် အင်အားလည်း ဆုတ်ယုတ်ပျက်ပြားသွားပေမည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု ကင်းမဲ့ကြပေမည်။ တစ်ဦးတစ်ယောက်ဖြင့် မည်သို့ ဆောင်ရွက်နိုင်မည်နည်း။) ၎င်းအသင်တို့၏ လေ (အင်အား) သည်လည်း ဆုတ်ယုတ်သွားပေမည်။ (လေထွက်သွားခြင်း၏ အလိုသဘောမှာ တုန်လှုပ်ချောက်ခြားသွားခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသူများကိုလည်း ဤကဲ့သို့ မညီညွတ်ခြင်း၏ သတင်းရရှိမည်ဆိုလျှင်လည်း လွှမ်းမိုးမှုအာဏာ မရှိခြင်း မုချဖြစ်သည်။) ၎င်း (ပဉ္စမစည်းကမ်းချက်မှာ အကယ်၍ မွတ်စလင်မ်များသည် မိမိတို့ မနှစ်မြို့သော ကိစ္စရပ်များ ပေါ်ပေါက်လာပါသော်) သည်းခံကြလေကုန်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် သည်းခံတရား ထားရှိသူများနှင့် ရှိနေမည်။ (အလ္လာဟ်အသျှင်မြတ်၏ အကူအညီ ရရှိနေခြင်း ကဲ့သို့ပင် ဖြစ်သည်။)

ဆဋ္ဌမစည်းကမ်းချက်မှာ စိတ်စေတနာဖြူစင်စွာ ထားရှိပါ။ ကြွားဝါမလွှားမှု ၎င်းပြစားမှုတို့၌ ထို (ကာဖိရ်မုရှ်ရစ်က်) တို့၏ ပုံစံ မပြုလေနှင့်။ ထိုသူတို့သည် (ဤ 'ဗဒရ်' စစ်ပွဲ၌) မိမိတို့၏ အိမ်များမှ ထွက်လာခဲ့ကြသော အခြားသူများကို (မိမိတို့၏ ထည်ဝါမှုပြစား၍) လူတို့အား ပြစားလျက် ထွက်လာခဲ့ကြပေသည်။ (ထိုပြစားမှုနှင့်အတူ ဤသို့ ရည်ရွယ်ချက်သည်လည်း ပါဝင်ပေ၏။) ၎င်းတို့သည် သူတစ်ပါးတို့အား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ (အစ္စလာမ်သာသနာ) မှ ပိတ်ပင်တားဆီးခဲ့ကြလေသည်။ (အဘယ်ကြောင့်ဆိုသော် မွတ်စလင်မ်များကို ရှုံးနိမ့်စေရန် ထွက်ခွာလာခြင်းဖြစ်၏။ ဤသို့ ပြုမူခြင်းကြောင့် အများသူတို့သည် သာသနာမှ ဝေးကွာစေ၏။) အလ္လာဟ်အသျှင်မြတ်သည် (ထိုသူတို့အား အပြည့်အဝ ပြစ်ဒဏ် ခတ်မည်ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အသိတော်၌ ၎င်းတို့ ပြုမူသမျှကို ဝိုင်းဝန်း လျက်ရှိတော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

စစ်မက်တိုက်ခိုက်ရာတွင် အောင်မြင်မှုအတွက် ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်များ

အလ္လာဟ်အသျှင်မြတ်သည် ပထမနှစ်အာယသ်တော်တွင် မွတ်စ္စလင်မ်များကို စစ်ကွင်းပြင်နှင့် ၎င်းရန်သူနှင့် ယှဉ်ပြိုင်ရန်အတွက် သီးသန့်လမ်းညွှန်မှုတစ်ခု ပေးထားလေသည်။ ၎င်းသည် မွတ်စ္စလင်မ်တို့အတွက် ဒွန္နယာ၊ အာခေရသ် (လောကီ၊ လောကုတ္တရာ) နှစ်ဌာနစလုံး၌ အောင်မြင်မှုရရှိပေမည်။ ရှေးအလျှင်အားလုံးသော စစ်ပွဲများ၌ အောင်မြင်မှုနှင့် လွှမ်းမိုးမှု၏ လျှို့ဝှက်ချက်သည် ၎င်းလမ်းညွှန်ချက်အတွင်း၌သာ ကျင့်သုံးကြမည်။ ၎င်းလျှို့ဝှက်ချက်အချို့မှာ ပထမ ثبات 'စေဗားသ်' အလိုသဘောမှာ ခိုင်မာစွာ တည်ရှိနေခြင်းနှင့် မယိမ်းမယိုင်ရှိခြင်းဖြစ်သည်။ ၎င်းဖြင့် စိတ်ဓါတ်ကြံ့ခိုင်မှုနှင့် မကြောက်မရွံ့ တည်ရှိမှု နှစ်မျိုးစလုံး ပါဝင်လေသည်။ အဘယ်ကြောင့်ဆိုသော် အကြင်အချိန်အခါဝယ် လူတစ်ဦးတစ်ယောက်၏ စိတ်သည် ခိုင်ခံ့ခြင်းမဲ့ပြီး မတည်မငြိမ် ဖြစ်ရှိသော် ၎င်း၏ ရပ်တည်မှုနှင့် ခန္ဓာကိုယ်သည်လည်း မတည်မြဲနိုင်ပေ။ ဤအချက်သည် မွတ်စ္စလင်မ်နှင့် ကာဖိရ်တိုင်း သိရှိနားလည်သဘောပေါက်သော အရာဖြစ်၏။ လောက၏ လူမျိုးစုတိုင်းသည် မိမိ၏ စစ်တိုက်ခိုက်မှုတွင် အထက်ပါအချက်ကို ကျင့်သုံးလိုက်နာကြပေသည်။ အဘယ်ကြောင့်ဆိုသော် အတွေ့အကြုံရှိသူတိုင်းအပေါ် ၎င်းအချက်သည် ဖုံးကွယ်၍မနေပေ။ စစ်ကွင်းပြင်၏ ဦးစွာ ပထမနှင့် အောင်မြင်မှုအရှိဆုံးသည် စစ်လက်နက်ခဲယမ်း၊ စိတ်ဓါတ်ကြံ့ခိုင်မှုနှင့် မြဲမြံစွာ ရပ်တည်နိုင်မှုသာ ဖြစ်ပေသည်။ အခြားသော လက်နက်အလုံးစုံတို့သည်မှု ၎င်းအချက်အလက်မရှိသရွေ့ အချည်းအနှီးပင် ဖြစ်ပေသည်။

ဒုတိယမှာ ذكر الله (အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်း) ဖြစ်သည်။ ဤသည်လည်း သီးသန့်အဓိပ္ပာယ်ရှိရှိ လက်နက်ဖြစ်သည်။ ၎င်းကို မွတ်စ္စလင်မ်များမှအပ လောကရှိ လူသားအားလုံးတို့သည် မေ့လျော့နေ၏။ လူသားအားလုံးတို့သည် တိုက်ခိုက်မှုပြုရန်အတွက် အကောင်းဆုံးသော လက်နက်ခဲယမ်းများနှင့် သစ်လွင်ဆန်းကျယ်သော အရာများ ထည့်သွင်းမှုပြု၍ စစ်တပ်၏ မြဲမြံစွာ ရပ်တည်နိုင်ရန် အပြည့်အဝ စီစဉ်မှု ပြုကြပေသည်။ သို့သော် မွတ်စ္စလင်မ်များ၏ စိတ်ပိုင်းဆိုင်ရာနှင့် အဓိပ္ပာယ်ရှိသော လက်နက်များကိုမူ ထိုသူများ မသိရှိ နားမလည်နိုင်ကြပေ။ ဤအတွက်ကြောင့်ပင် စစ်ပွဲတိုင်း၌ မွတ်စ္စလင်မ်တို့သည် ထိုအချက်အလက်များဖြင့် ကိုက်ညီစွာ ယှဉ်ပြိုင်ခဲ့သော် (မည်သို့သော မျိုးနွယ်စုမျိုးနှင့်မဆို ရင်ဆိုင်ပါက အပြည့်အဝ အင်အား၊ လက်နက်ခဲယမ်းတို့သည် အလဟဿ အချည်းအနှီးသာ ဖြစ်သွားချေ၏။ အလ္လာဟ်အသျှင်မြတ်ကို အောက်မေ့တသခြင်းသည် မိမိ၏ ပင်ကိုယ်နှင့် ၎င်းအဓိပ္ပာယ်တို့၏ 'ဗရ်ကသ်' (မင်္ဂလာ) ရှိမှုသည် သီးခြားရှိပြီး စင်စစ်မှာလည်း ၎င်းထက် အကောင်းဆုံးသော မြဲမြံစွာ ရပ်တည်နိုင်မှု မရှိပေ။ အလ္လာဟ်အသျှင်မြတ်ကို သတိရတသမှုနှင့် အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားကိုးမှုတို့သည် လျှပ်စီးကဲ့သို့ အင်အားဖြစ်သည်။ ၎င်းသည် အင်အားချိနဲ့သော လူတစ်ယောက်အား တောင်များဖြင့်

ရင်ဆိုင်ရန်အတွက်လည်း အသင့်ပြုပေးလေသည်။ မည်သို့ပင် အတိဒုက္ခနှင့် ပူဆွေးမှုဖြစ်ပေါ်စေပါမူ ဤအခါ အလ္လာဟ်အသျှင်မြတ်ကို အောက်မေ့တသခြင်းဖြင့် အားလုံးသော အရာများကို လေထဲတွင် လွင့်ပါးသွားစေ၏။ လူ၏ နှလုံးခိုင်ခံ့စေပြီး ငြင်းမြဲမြံစွာ ရပ်တည်နိုင်စွမ်းကို ပေးလေသည်။

ဤနေရာတွင် သတိပြုရန် အချက်တစ်ခု ရှိပေသည်။ ၎င်းမှာ စစ်ကွင်းပြင်တွင် တိုက်ခိုက်သော အချိန်သည် အစဉ်အလာအရ ဤသို့ အရေးပါသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် တစ်ဦးတစ်ယောက်သည် အခြားတစ်ဦးဦးအား သတိရ၍ မနေပါ။ မိမိကိုယ်ကို မိမိသာလျှင် သောကတွင်း၌ ကျရောက်ပေမည်။ ဤအတွက်ကြောင့် အာရပ်၌ အမှောင်ခေတ်တွင် စစ်ကွင်းပြင်၌ မိမိ၏ချစ်သူ (အလ္လာဟ်အသျှင်မြတ်) ကို သတိရခြင်းအပေါ် ကဗျာဆရာများက ဝံ့ကြွားခဲ့ကြပေသည်။ ထိုသို့ သတိတရရှိမှုသည် အလွန်အင်မတန် စိတ်နှလုံး ခိုင်ခံ့မှုရှိခြင်းနှင့် အပြည့်အဝအချစ်ရှိခြင်း၏ အထောက်အထားတစ်ခု ဖြစ်ပေသည်။

ကျမ်းမြတ်ကုရ်အာန်၌ ဤစိုးရိမ်ဖွယ်အချိန်မျိုးတွင်လည်း မွတ်စ္စလင်မ်များကို အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသရန် အမိန့်ရှိထားပေသည်။ ၎င်းတို့ တသခြင်းကိုလည်း كثيرا 'ကစီရန်' (အမြောက်အမြား) ဟူ၍ ဖော်ပြထားပေသည်။

ဤနေရာတွင် စဉ်းစားရန် အချက်တစ်ချက် ရှိပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အစအဆုံးတွင် 'ဇိက္ကရုလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်ကို အောက်မေ့တသခြင်း) မှအပ အခြားသော 'အေဗာဒသ်' များကို များစွာ ပြုလုပ်ရန် အမိန့်မရှိပေ။

صِيَامًا كَثِيْرًا ، صَلٰوةً كَثِيْرًا

ဟူ၍ မည်သည့်နေရာတွင်မှ ဖော်ပြထားခြင်း မရှိပေ။ အကြောင်းမှာ 'ဇိက္ကရုလ္လာဟ်' အလ္လာဟ်အသျှင်မြတ်ကို အောက်မေ့တသခြင်းသည် လွယ်ကူသော 'အေဗာဒသ်' တစ်ခု ဖြစ်ပေသည်။ ထိုအောက်မေ့တသခြင်း၌ အချိန်ကြာညောင်းစွာ အသုံးမပြုရပေ။ ကြိုးစားအားထုတ်ရန်လည်း မလိုအပ်ပေ။ အခြားလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဤသို့ တသခြင်းဖြင့် အဟန့်အတား မပေါ်ပေါက်ပေ။ ထို့ထက်မက အလ္လာဟ်အသျှင်မြတ်က မိမိ၏ သီးသန့်ချီးမြှင့်မှုဖြင့် အောက်မေ့တသရန်အတွက် အခြားစည်းကမ်းများဖြစ်သော 'ဝုဇူ' သန့်ရှင်းမှုနှင့် အရှက်ဖုံးအုပ်ခြင်း၊ 'ကိဗ်လာဟ်' ဘက်သို့ မျက်နှာမူခြင်း စသည်ဖြင့် စည်းကမ်းချက်များ ချမှတ်မထားပေ။ လူတိုင်းသည် အခြေအနေတိုင်းတွင် 'ဝုဇူ' ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ အိပ်လျက်ဖြစ်စေ လုပ်ဆောင်နိုင်ပေသည်။ ၎င်းကို အေမာမ်ဂျဇ်ရီ၏ ဟွတ်စ်ွနေ့ဟစွီးန် စာအုပ်တွင် ဖော်ပြထားသည်မှာ 'ဇိက္ကရုလ္လာဟ်' အောက်မေ့တသခြင်းသည် သီးသန့်နှုတ်နှင့် စိတ်နှလုံးဖြင့် ပြုလုပ်ခြင်းကို မဆိုပေ။ သို့သာမက ပြုပိုင်သော လုပ်ငန်းတိုင်းကို အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ့်ရစူလ်၏ အမိန့်နာခံမှုအတွင်း ရှိ၍ လုပ်ဆောင်ခြင်းသည်လည်း 'ဇိက္ကရုလ္လာဟ်' အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းဖြစ်ပေသည်။ သို့ရှိရာ ထိုသို့ တင်ပြခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်း၏ အလိုသဘောသည် ဤမျှ လွယ်ကူ၍ အများသူငှာ ပြုနိုင်စွမ်းရှိပေ၏။ အိပ်လျက်ရှိစဉ်တွင်

လည်း ထိုလူသားသည် 'ဓာကိရ်' (တသသူ) ဟု ခေါ်ဆိုနိုင်ပေသည်။ ပမာဆိုသော် အချို့သော ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ-

نَوْمُ الْعَالِمِ عِبَادَةٌ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အာလင်မ်ပညာရှင်၏ အိပ်စက်မှုသည့်လည်း 'အေဗာဒသ်' ခဝပ်မှု၌ ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အာလင်မ်ပညာရှင်များသည် မိမိပညာ၏ စစ်မှန်သော ညွှန်ကြားချက်အပေါ်၌သာ 'အမလ်' ပြုလုပ်ခြင်းဖြစ်သည်။ ဤအတွက်ကြောင့် ထိုပညာရှင်တို့၏ အိပ်ခြင်း၊ နိုးကြားစွာရှိနေခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုအတွင်း၌သာ ရှိသည်။

စစ်ကွင်းပြင်၌ အလ္လာဟ်အသျှင်မြတ်ကို များပြားစွာ အောက်မေ့တသခြင်း၏ အမိန့်သည် တိုက်ခိုက်သူများအတွက် အလုပ်တစ်ခု ပိုလာသည်ဟု အပေါ်ယံအားဖြင့် မြင်ရသော်လည်း ၎င်းသည် အစဥ်အလာအရ ခက်ခဲမှုနှင့် ကြိုးစားအားထုတ်မှု လိုအပ်သော်လည်း အလ္လာဟ်အသျှင်မြတ်ကို အောက်မေ့သတိခြင်းသည် ဤသို့ သီးသန့်ဆန်းကျယ်သော အလုပ်ဖြစ်ရာ ၎င်းတွင် ကြိုးစားအားထုတ်ရန် မလိုအပ်ပေ။ သို့သော်မတအားအင်ပြည့်၍ အရသာအရှိဆုံးကိုသာ ချီးမြှင့်ပေး၏။ လူသားတို့၏ လုပ်ဆောင်ချက်၌ ကြည့်ရှု၍သာ ကူညီသူ ဖြစ်ပေသည်။ ဤသို့ဖြင့်လည်း ကြိုးစားအားထုတ်၍ အလုပ်လုပ်သော သူတို့၏ အကျင့်ဓလေ့ရှိသည်မှာ စာလုံးတစ်လုံး၊ တီးတိုးညည်းတွားရွတ်ဆိုလေ့ ရှိသည်။ ကျမ်းမြတ်ကုရ်အာန်၌ မွတ်စ္စလင်မ်များကို ထိုသို့ ပြုမူဆောင်ရွက်သည့်အတွက် အကောင်းဆုံးသော အစားပေးသနားတော်မူပေမည်။ ၎င်းသည် ထောင်ပေါင်းမြောက်မြားစွာသော အကျိုးကျေးဇူးများ ပါဝင်သည်။ ဤအတွက်ကြောင့် နောက်ဆုံးအာယသ်တော်၌ အမိန့်ရှိသည်မှာ 'အကယ်၍ အသင်သည် မြဲမြံမှုနှင့် အလ္လာဟ်အသျှင်မြတ်အား ဂါသမှုကို မြောက်မြားစွာ ကျင့်ဆောင်၍ ၎င်းကို စစ်ကွင်းပြင်၌ အသုံးချခဲ့ပါမူ အောင်မြင်မှုသည် အသင်တို့အတွက်ပင်ဖြစ်သည်'

စစ်ကွင်းပြင်၏ 'ဇိကိရ်' (အောက်မေ့တသခြင်း) တစ်ခုသည် အများအားဖြင့် 'သက္ကဗီးရ်' ရွတ်ဆိုခြင်း၏ ပုံသဏ္ဍာန်ဖြင့် ပြုကြလေ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားကိုး၍ နှလုံးသားမှ အောက်မေ့တသမှုတို့သည်လည်း 'ဇိက္ကရုလ္လာဟ်' (အောက်မေ့တသမှု) ၌ ပါဝင်ပေသည်။

အာယသ်တော် (၄၆) ၌ တတိယအကြောင်းအရာတစ်ခု လုပ်ဆောင်ရန် အမိန့်ရှိထားလေသည်။ ၎င်းမှာ-

وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ

အလိုသဘောမှာ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်ကိုလည်းကောင်း လိုက်နာကြလေကုန်။' အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ဖေးမကူညီမှုတို့သည် ၎င်းအမိန့်များကို နာခံမှုဖြင့်သာ ရရှိနိုင်ပေ၏။ အပြစ်ဒုစရိုက်နှင့် အမိန့်ဖီဆန်မှုတို့ သည် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်ရှုခြင်းနှင့် ချီးမြှင့်မှုဟူသမျှမှ လက်မဲ့ဖြစ်စေခြင်း၏ အကြောင်းခံ ဖြစ်ပေသည်။ ဤကဲ့သို့ စစ်ကွင်းပြင်အတွက် ကျမ်းတော်မြတ်၏ လမ်းညွှန်ချက်တို့သည် သုံးချက်တိတိ ဖြစ်ရှိသွားပေ၏။

اطاعت — ذكر الله — ثبات

'စေဗားသ်'၊ 'ဇိက္ကရုလ္လာဟ်'၊ 'အေသွာအသ်'ဖြစ်သည်။ ၎င်းနောက် ဆက်လက်၍ အမိန့်ရှိသည့်မှာ

وَلَا تَنَازَعُوْا فَتَفْشَلُوْا وَتَذْهَبَ رِيْحُكُمْ وَاصْبِرُوْا

၎င်းဖြင့် ဆိုးကျိုးဖြစ်သော အကြောင်းအရာများကို တင်ပြ၍ ၎င်းတို့ကို ရှောင်ရှားရန် အမိန့်ရှိထားပေသည်။ ထိုဆိုးသော အကြောင်းအရာသည် စစ်တိုက်ခိုက်ရာတွင် အောင်မြင်မှုအတွက် တားမြစ်သော အကြောင်းခံများ ဖြစ်၏။ အချင်းချင်း မညီမညွတ် ကွဲလွဲမှုရှိသည့်အတွက် အမိန့်ရှိသည်မှာ-

وَلَا تَنَازَعُوْا

အလိုသဘောမှာ 'အချင်းချင်း မညီမညွတ် ကွဲလွဲမှုမပြုလေနှင့်။ အကယ်၍ မညီမညွတ် ကွဲလွဲမှုဖြစ်ပေါ်လျှင် အသင်တို့ထဲ၌ သူရဲဘောကြောင်မှု ပြန့်နှံ့ကာ အသင်တို့၏ လေအင်အားသည် လွင့်စင်၍ သွားပေမည်။'

အချင်းချင်းမညီညွတ်ဖြစ်ခြင်း၏ နောက်ဆုံးရလဒ် အချက်နှစ်ချက်ကို တင်ပြထားရာ ပထမအချက်မှာ အသင်တို့သည် ပင်ကိုယ်၌ပင် အင်အားနည်းမှုနှင့်လည်းကောင်း သူ့ဘောကြောင်မှုနှင့်လည်းကောင်း ဖြစ်ပေါ်လာပေမည်။ ဒုတိယအချက်မှာ အသင်တို့၏ လေအင်အား ပြန့်နှံ့သွားပေမည်။ ရန်သူတို့၏ အရှေ့၌ သေးသိမ်သူ ဖြစ်ရှိသွားပေမည်။ အချင်းချင်း မညီညွတ် ကွဲလွဲမှုတို့သည် အခြားသူများ၏ အမြင်တွင် သေးသိမ်သွားသည်ရှိသော် ဤသည်သာ မကောင်းသော လုပ်ရပ်ဖြစ်သည်။ သို့သော် မိမိအင်အားအပေါ် ထိုသို့ ကွဲလွဲခြင်းဖြင့် မည်သို့ အကျိုးသက်ရောက်မည်နည်း။ ၎င်းဖြင့် အင်အားနည်းမှုနှင့် သူရဲဘောကြောင်မှု ပေါ်ပေါက်လာပေ၏။ ၎င်း၏ အကြောင်းခံမှာ အချင်းချင်း ညီညွတ်မှုနှင့် ယုံကြည်အားကိုးသည့် ပုံစံသည် လူတစ်ဦးတိုင်းနှင့်အတူ အဖွဲ့တစ်ခုလုံး၏ အင်အားပေါ်ပေါက်လာပေသည်။ ဤအတွက်ကြောင့် လူတစ်ဦးသည် မိမိ၏ အင်အားဖြင့် မိမိအဖွဲ့၏ အင်အား နှိုင်းယှဉ်မှန်းဆမှု ပြုလေသည်။ သို့ရှိရာ အချင်းချင်း ညီညွတ်မှုနှင့် ယုံကြည်အားကိုးမှု မရှိသော် ထိုသူတစ်ဦးတည်း၏ အင်အားသာ ကျန်ရှိ၏။ ၎င်းသည် စစ်ကွင်းမြင်၏ သတ်ဖြတ်မှု၌ မည်သို့မျှ အသုံးဝင်သော အရာမဟုတ်ပေ။ ဆက်လက်၍ မိန့်တော်မူသည်မှာ-

وَاصْبِرُوْا

အလိုသဘောမှာ သည်းခံခြင်းတရားကို အစဉ်အမြဲပြုလော့။ وَاصْبِرُوْا ဖြင့် သိရှိရသည်မှာ ဤသို့ ကွဲလွဲ၍ ညီညွတ်မှုမရှိခြင်းနှင့် ပြဿနာများမှ ကြဉ်ရှောင်ရန် အောင်မြင်သော နည်းလမ်းတစ်ခု တင်ပြထားလေသည်။ ၎င်းတင်ပြချက်မှာ အဖွဲ့အစည်းတစ်ခုသည် မည်မျှပင် အတွေးအခေါ်နှင့် ရည်ရွယ်ချက်တို့ တူညီစေကာမူ လူသားတို့သည် သဘာဝအလျောက် မုချ ကွဲလွဲမှုတစ်ခု သီးသန့်ပေါ်ပေါက်လေ့ရှိသည်။ ဤသို့ဖြင့် ရည်ရွယ်ချက်တစ်ခုခုအတွက် အသိဉာဏ်ရှိ၍ အတွေ့အကြုံရှိသောသူများ၏ ကြိုးစား

အားထုတ်မှုဖြင့် ဆန္ဒတို့သည်လည်း ကွဲလွဲမှုဖြစ်ပေါ်ပေ၏။ ဤအတွက်ကြောင့် အခြားသူများနှင့် အတူ နေထိုင်သွားလာခြင်းမှအပ အခြားနည်းမရှိပေ။ လူသားသည် မိမိစိတ်သဘော၏ ဆန့်ကျင်သော အကြောင်း အရာများအပေါ်၌လည်း သည်းခံတရားရှိ၍ လျစ်လျူရှုခြင်း၏ အကျင့်ရှိကြ၏။ မိမိ၏ သဘောဆန္ဒအပေါ် စွဲမြဲစွာ ရပ်တည်၍ ၎င်းကို လက်ခံကျင့်သုံးမှုမပြုသော် ပြဿနာရှာဖွေမှု မပြုရပေ။ ၎င်းအရည်အချင်း၏ ဒုတိယအမည်မှာ 'စွဗရ်'(သည်းခံခြင်း) သာဖြစ်သည်။ ယနေ့ခေတ်သမယတွင် လူတိုင်းသည် ဤအချက်ကို သိရှိ၍ ပြောဆိုကြပေသည်။ အချင်းချင်း ကွဲလွဲ၍ မညီညွတ်မှုသည် အပွေ့နိမကောင်းသော အရာဖြစ်သည်။ သို့သော် ၎င်းမှ ရှောင်ကြဉ်ရန်အတွက် နည်းလမ်းရှိသည်။ လူသားသည် မိမိ၏ စိတ်သဘောနှင့် မကိုက်ညီ သော လုပ်ရပ်များ ပေါ်ပေါက်လျှင် သည်းခံတရားရှိရန် ထိုနည်းလမ်းကို အသုံးပြုရမည်။ မိမိစကားရပ်ကို လက်ခံကျင့်သုံးရန်နှင့် တိုက်တွန်းမှုပြုရန် သဘောကမထားလေနှင့်။ ၎င်းအနည်းငယ်သော လူတို့တွင်သာ လုပ်ဆောင်နိုင်ကြောင်း တွေ့ရှိရပေသည်။ ဤအတွက်ကြောင့် ညီညွတ်စည်းလုံးမှုရှိစေသော ဟောပြောဆုံးမမှု တို့သည် အချည်းနှီးဖြစ်ခဲ့ပေသည်။ လူတစ်ဦးသည် အခြားသူတစ်ဦးဦးကို မိမိ၏ စကားရပ်များ လက်ခံနိုင် သာအောင် မစွမ်းဆောင်နိုင်ခဲ့ပါမူ ထိုအချိန် ၎င်းသူကိုယ်တိုင် အခြားသူများ၏ စကားရပ်ကို လက်ခံလိုက်ပါ။ အကယ်၍ မိမိ၏ မှန်ကန်သော နှလုံးသားသည် ဤသို့ လက်ခံနိုင်ခြင်းကို မလိုအပ်ပါမူ အနည်းဆုံး ပြဿနာ ဖြစ်ပေါ်မည်ကို စိုးရိမ်၍ တိတ်ဆိတ်မှုကို ရွေးချယ်လိုက်လျှင် ပို၍ ကောင်းပေသည်။ ဤအတွက် ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်တွင် ပြဿနာဖြစ်ပေါ်မှုကို ရှောင်ရှားခြင်း၏ စည်းကမ်းချက်နှင့်အတူ သည်းခံမှုပြုကြရန် လူတိုင်းနှင့် အဖွဲ့အစည်းတိုင်းကို တိုက်တွန်းနှိုးဆော်ထား၏။ သို့မှသာလျှင် ပြဿနာ များကို ရှောင်ရှားခြင်းဖြင့် လောကီလုပ်ဆောင်ချက်များသည်လည်း လွယ်ကူသွားပေမည်။

ဤနေရာတွင် ထိုစကားရပ်သည်လည်း သတိမူသင့်ပေသည်။ ကျမ်းမြတ်ကုရ်အာန်၌ لَا تَنَازَعُوْا ဟု အမိန့်ရှိလေသည်။ အလိုသဘောမှာ အချင်းချင်း ပြဿနာဖြစ်မှုများကို တားမြစ်ထားလေသည်။ သဘော ဆန္ဒ၏ ကွဲလွဲမှု (သို့မဟုတ်) ၎င်းသဘောဆန္ဒကို တင်ပြရန် တားမြစ်မထားပေ။ သဘောဆန္ဒ ကွဲလွဲမှု ဟူသရွေ့တို့သည် စိတ်ဆန္ဒဖြူစင်မှုနှင့်အတူ ဖြစ်ပေါ်ပါက ထိုကွဲလွဲမှုပုံစံသည် မည်သို့သောအခါမှ ပြဿနာ ပေါ်ပေါက်စေမည်မဟုတ်ပေ။ ပြဿနာပေါ်ပေါက်မှုတို့သည် သဘောဆန္ဒကွဲလွဲမှုများနှင့်အတူ မိမိ၏ စကား ရပ်ကို လက်ခံစေရန်နှင့် အခြားသူများ၏ စကားကို လက်ခံမှုမပြုခြင်းတို့ ဖြစ်ပေါ်စေခြင်းဖြစ်သည်။ ဤအချက်အလက်နှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင် وَاصْبِرُوْا စာလုံးဖြင့် အဆုံးသတ်သွားစေ၏။ နောက်ဆုံးတွင် သည်းခံတရား၏ အလွန်ကြီးမားလှသည့် အကျိုးထူးကို ပြသ၍ သည်းခံတရား၏ ခါးသီးမှုကို ဝေးကွာသွားစေပြီး အမိန့်ရှိသည်မှာ-

اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'သည်းခံတရားရှိသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အတူရှိနေ မှု ရရှိပေမည်။ အလ္လာဟ်အသျှင်မြတ်သည် အချိန်တိုင်း အခြေအနေတိုင်း၌ ၎င်းနှင့်အတူတကွ တည်ရှိ

ပေမည်။ ဤသည် ကြီးမားသော အခွင့်အရေးဖြစ်သည်။ နှစ်ဌာနစလုံးရှိ စည်းစိမ်အားလုံးတို့သည် ၄င်းနှင့် နှိုင်းယှဉ်လျှင် အချည်းနှီးမင် ဖြစ်ချေမည်။ တမန်တော်မြတ် ﷺ သည် အချို့သော စစ်ပွဲများနှင့် အထောက် တော်ပြုပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးနိုင်ရန်အတွက် စစ်ကွင်းပြင်၌ ဤသို့ ဩဝါဒမိန့်ခြွေခဲ့လေ၏။ 'အို၊ လူသားတို့၊ ရန်သူနှင့် ယှဉ်ပြိုင်ရန် ဆန္ဒမစောလေနှင့်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ငြိမ်းချမ်းမှု တောင်းခံ၍နေပါ။ အကယ်၍ မတတ်သာရွေ့ တိုက်ခိုက်ရင်ဆိုင်မှု ဖြစ်ပေါ်လာခဲ့သော် တစ်ဖန် အသင်တို့သည် သည်းခံတရားနှင့် ခိုင်မြဲစွာ ရပ်တည်ကြလေကုန်။ 'ဂျန္နသ်'(သုခဘုံ) သည် ဓါး၏ အရိပ်အောက်တွင် တည်ရှိသည်ဟု မှတ်ယူကြလေကုန်။'

အာယသ်တော် (၄၇) တွင် ပျက်စီးစေသော အကြောင်းအရာကို တင်ပြ၍ ၄င်းတို့ ရှောင်ကြဉ်ရန် လမ်းညွှန်မှုပြုထားလေသည်။ ၄င်းမှာ မိမိတို့၏ အင်အားနှင့် အရေအတွက်များမှုအပေါ် ကြွားဝါ၍ လုပ်ဆောင်ချက်တိုင်း၌ စိတ်စေတနာဖြူစင်မှုမရှိဘဲနှင့် မိမိ၏ အခြားသော ရည်ရွယ်ချက်တို့ဖြင့် ဖုံးကွယ်ထားခြင်း ဖြစ်ပေသည်။ အကယ်ကြောင့်ဆိုသော် ဤအချက်နှစ်ချက်စလုံးသည် အလွန်အင်အားရှိမှုနှင့် အရေအတွက်များပြားလင့်ကစား ရှုံးနိမ့်စေခဲ့၏။

ဤအာယသ်တော်၌ မက္ကာဟ်သား ကုရိုက်ရှ်တို့၏ အခြေအနေများဘက်သို့ ညွှန်ပြနေသည်။ ၄င်းတို့သည် မိမိ၏ကုန်သည်အုပ်စုကို စောင့်ရှောက်မှုပြုရန်အတွက် မြောက်မြားစွာသော အရေအတွက်နှင့် လက်နက်ခဲယမ်းများ ယူဆောင်၍ မိမိတို့၏ အင်အားနှင့် အရေအတွက်များပြားစွာဖြင့် ကြွားဝါစွာ ထွက်ခွာခဲ့ကြလေသည်။ ၄င်းကုန်သည်အုပ်စုသည် မွတ်စ္စလင်မ်တို့၏ ပစ်မှတ်မှ လွတ်မြောက်သွားခဲ့သောအခါ၌လည်း မိမိ၏ ရဲစွမ်းသတ္တိရှိမှုကို ဖော်ထုတ်ပြသရန်အတွက် ပြန်မလှည့်ခဲ့ကြပေ။

အခြားသော ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ အကြင်အခါဝယ် အဘူစုဖ်ယာန်းသည် မိမိ၏ ကုန်သည်အုပ်စုကို ဦးဆောင်၍ မွတ်စ္စလင်မ်တို့၏ ပစ်မှတ်မှ လွတ်ကင်း၍ ထွက်ခွာလာပြီးသောအခါ အဘူဂျဟာလ်ထံသို့ လူတစ်ဦးကို ကိုယ်စားလှယ်အဖြစ် စေလွှတ်ခဲ့သည်။ ယခု အသင်တို့ ရှေ့တိုးရန် မလိုအပ်တော့ပေ။ ပြန်လှည့်လာကြလေကုန်။ ထိုအခါ ကုရိုက်ရှ်တို့၏ အခြားသော ခေါင်းဆောင်သည်လည်း ပြန်လှည့်ရန် ဆန္ဒရှိကြ၏။ သို့သော် အဘူဂျဟာလ်သည် မိမိ၏ မာန်မာနနှင့် ကျော်ကြားမှုကို လိုလားမှုက ကျိန်ဆိုမှု ပြုစေခဲ့၏။ ကျွန်ုပ်တို့သည် ရက်အနည်းငယ် 'ဗဒရ်'စစ်ပွဲသို့ ရောက်ရှိ၍ မိမိတို့၏ အောင်မြင်မှု၏ အစမ်းအနားမပြုသမျှ အချိန်အထိ ပြန်လည်မည် မဟုတ်ပေ။

၄င်း၏ လုပ်ဆောင်ချက်ကြောင့် ၄င်းနှင့်အတူ အခြားသော ခေါင်းဆောင်များသည်လည်း လှိုက်ဂူတစ်ခုအတွင်း စုရုံးနေခဲ့ကြ၏။ ဤအာယသ်တော်တွင် မွတ်စ္စလင်မ်များကို ထိုသူတို့၏ ပုံသဏ္ဌာန်များဖြင့် ရှောင်ကြဉ်နိုင်ရန် လမ်းညွှန်မှု ပြုခဲ့လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ زَيَّنَ لَهُمُ الشَّيْطَٰنُ أَعْمَٰلَهُمْ وَقَالَ لَا غَالِبَ لَكُمُ
الْيَوْمَ مِنَ النَّاسِ وَإِنِّي جَارٌ لَّكُمْ ۖ فَلَمَّا تَرَاءَتِ الْفِئَتَانِ
نَكَصَ عَلَىٰ عَقِبَيْهِ وَقَالَ إِنِّي بَرِيءٌ مِّنكُمْ إِنِّي أَرَىٰ مَا لَا تَرَوْنَ
إِنِّي أَخَافُ اللَّهَ ۚ وَاللَّهُ شَدِيدُ الْعِقَابِ ﴿٤٨﴾

၈ : ၄၈ ။ ။ (ထို့ပြင် ပြန်လည်သတိရကြလေကုန်။) အကြင်အခါဝယ် ရှိုက်သွာန်သည် ၎င်းတို့၏ အပြုအမူများကို ၎င်းတို့၏ အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်၍ ပြသခဲ့သည့်အပြင် ‘ယနေ့ လူတို့အနက်မှ အသင်တို့အပေါ်ဝယ် လွှမ်းမိုးအောင်နိုင်မည့်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှပင် မရှိချေ။ ငါသည် အသင်တို့အား ကာကွယ်စောင့်ရှောက်မည့်သူ ဖြစ်သည်’ ဟူ၍လည်း ပြောဆိုခဲ့လေသည်။ သို့ရာတွင် အုပ်စုနှစ်စုသည် ရင်ဆိုင်ခဲ့ကြသောအခါ ထိုရှိုက်သွာန်သည် နောက်ဆုတ်၍ ထွက်ပြေးသွားခဲ့လေသည်။ ၎င်းပြင် ယင်းရှိုက်သွာန်က (အချင်းတို့) ငါသည် အသင်တို့နှင့် ပတ်သက်ခြင်းမရှိ ကင်းဝေးသည်။ ငါသည် အသင်တို့ မမြင်ရသော အရာများကို မြင်၏။ ငါသည် ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်’ ဟူ၍ ပြောဆိုခဲ့လေသည်။

إِذْ يَقُولُ
الْمُنَٰفِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ غَرَّ هَٰٓؤُلَاءِ دِينُهُمْ ۗ
وَمَن يَتَوَكَّلْ عَلَى اللَّهِ فَإِنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٤٩﴾

၈ : ၄၉ ။ ။ (ပြန်လည်သတိရကြလေကုန်။) အကြင်အခါဝယ် မုနာဖစ်က် မွတ်စ္လင်မ်အသွင်ဆောင်ထားသူတို့နှင့် စိတ်နှလုံးများတွင် ရောဂါစွဲကပ်နေသော (စိတ်ခါတ်နုနယ်သေးသည့် အချို့ မုအ်မင်န်) သူတို့က (မွတ်စ္လင်မ်များနှင့် ပတ်သက်၍) ဤသူတို့အား ‘၎င်းသူတို့၏ ဒီန်သာသနာက (မိမိတို့ကိုယ်ကို) အထင်ကြီးအောင် လှည့်စား၍ ထားလေသည်’ ဟူ၍ ပြောဆိုလျက် ရှိကြသည်။ အမှန်စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် ယုံကြည်လွှဲအပ် ပုံအပ်ခဲ့ပါလျှင် (ထိုသူသည် အောင်မြင်မည်သာ ဖြစ်သည်။ အကြောင်းမှာ) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းအချိန်အခါ၏ ထိုသူတို့ကို ပြောပြလေကုန်။ အကြင်အခါဝယ် ရှိုက်သွာန်သည် ထို (ကာဖိရ်များ) ကို (ထင်ယောင်ထင်မှား သံသယတို့၏ အကြောင်းခံဖြင့်) ထိုသူတို့၏ အပြုအမူ (ကုဖွ်ရ်လုပ်ရပ်များ၊ ရန်ငြိုးထားမှုနှင့် တမန်တော်မြတ် ﷺ ကို ဆန့်ကျင်မှု) တို့ကို ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင်

ပြုခဲ့လေသည်။ (ထိုသူတို့က ထိုလုပ်ရပ်များကို) ကောင်းသော လုပ်ရပ်ဟု မှတ်ယူကြ၏။ ၎င်းထင်ယောင်ထင်မှား သံသယတို့ကို ပိုမိုတိုးပွားစေရန် ဤသို့ ဆောင်ရွက်၍) ပြောကြားလေသည်။ (အသင်တို့၏ အင်အားကြီးမားမှုတို့သည် ဆန့်ကျင်သော လူတို့၌ ယနေ့အသင်တို့အပေါ် လွှမ်းမိုးနိုင်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိချေ။ ငါသည် အသင်တို့အား ကာကွယ်စောင့်ရှောက်မည့်သူ ဖြစ်သည်' ဟူ၍လည်း ရှိုက်သွာန်မှ ပြောဆိုခဲ့၏။

(အတွင်းအပြင် ရန်သူများဖြင့် စိုးရိမ်ကြောင့်ကျမှု မဖြစ်လေနှင့်။) ထို့နောက် အုပ်စုနှစ်ခုသည် (ကာဖိရ်နှင့် မွတ်စ္စလင်မ်) ရင်ဆိုင်ခဲ့ကြသည်။ (၎င်းက 'မလာအေကာဟ်' ကောင်းကင်တမန်များ ဆင်းသက်လာသည်ကို တွေ့သောအခါ) ထိုရှိုက်သွာန်သည် နောက်ဆုတ်၍ ထွက်ပြေးသွားလေသည်။ ၎င်းနောက် ရှိုက်သွာန်က ငါသည် အသင်တို့နှင့် မပတ်သက်ပေဟု ပြောဆိုလေသည်။ (ကျွန်ုပ်သည် အကာအကွယ်ပေးသူလည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ငါသည် အသင်တို့ မမြင်သော အရာများကို သိမြင်၏။ (အလိုသဘောမှာ ဖရစ်ရှ်သာဟ်များသာ ဖြစ်၏။) ငါသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါသည်။ (မည်သည့်အခါမဆို ဒွန္နယာလောကတွင်း၌ ဖရစ်ရှ်သာဟ်တစ်ပါးပါးဖြင့် ကျွန်ုပ်၏ သတင်းကို ယူနိုင်ပေသည်။) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်ဖြစ်တော်မူသည်။ အကြင်အချိန်အခါကိုလည်း ပြန်လည်၍ သတိရသင့်သော အချိန်ဖြစ်သည်။ အကြင်အခါ၌ မုနာဖစ်ကအရေခြုံ အယောင်ဆောင်သူများ (မဒီနာမြို့နေ သူတို့) စိတ်နှလုံးသားအတွင်း၌ သံသယရောဂါ စွဲကပ်လျက်ရှိနေသူတို့သည် (မက္ကာဟ်မြို့သူမြို့သားတို့သည် မွတ်စ္စလင်မ်တို့၏ လက်နက်ခဲယမ်း ပြည့်စုံမှုမရှိခြင်းနှင့်အတူ ကာဖိရ်များဖြင့် ယှဉ်ပြိုင်ရန် ထွက်လာကြသည်ကို တွေ့မြင်လျက်) ဤသို့ ပြောဆိုကြသည်။ ထို (မွတ်စ္စလင်မ်တို့ကို) ၎င်းတို့၏ သာသနာက မှေ့လျော့မှုတွင် သွတ်သွင်းထားသည်။ (မိမိတို့၏ မှန်ကန်သော သာသနာဖြစ်မှုအပေါ် အားကိုးယုံကြည်မှုက ဤသို့သော စိုးရိမ်ရသည့် အချိန်သို့ ကျရောက်စေ၏။ အလ္လာဟ်အရှင်မြတ်မှ အဖြေပေးနေသည်မှာ) အကြင်သူသည် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်စိတ်ချ အားကိုးရှိပြီးဖြစ်သော်ကြောင်မှုချ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်သည်။ (ဤအတွက်ကြောင့် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်အားကိုးသော သူများအား လွှမ်းမိုးမှု ပြုပေးလေသည်။ တစ်ခါတစ်ရံ ဤသို့သော အင်အားတောင့်တင်းသူများ လွှမ်းမိုးခံရခြင်းသည် အချို့သော နက်နဲသည့် အကြောင်းအချင်းအရာများ ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် နက်နဲသိမ်မွေ့၍ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူ၏။ (အချုပ်ဆိုရသော် လက်နက်ခဲယမ်း ပြည့်စုံမှုနှင့် မပြည့်စုံမှုတို့သည် အဓိကအကြောင်းမဟုတ်ပေ။ စွမ်းဆောင်မှု ပြုပေးသောသူသည် သီးခြားရှိပေသည်။

သီမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

စူရာဟ်အန်ဖွားလ်၏ အစတွင် 'ဗဒရ်'စစ်ပွဲ၌ ဖြစ်ပေါ်လာသော အကြောင်းအရာနှင့် အခြေအနေတို့မှာ ရရှိလာသော အဆုံးအမများနှင့် သံဝေဂတရားနှင့် ၎င်းပညတ်ချက်များ၏ အကြောင်းအရာများကို ဖော်ပြထားပေသည်။

ငင်း၌ မက္ကာဟ်သား ကိုရိုက်ရှ်တို့ကို ရှိုက်သွာန်သည် လှည့်စားမှုပြု၍ မွတ်စ္စလင်မ်တို့နှင့် ယှဉ်ပြိုင်မှု ပြုခြင်းနှင့် တစ်ဖန် စစ်ကွင်းပြင်မှ အတူပါဝင်ဆင်နွှဲမှုကို စွန့်လွှတ်ခြင်း၏ အကြောင်းအရာတို့သည် ဖော်ပြပါ အာယသ်တော်၏ အစတွင် တင်ပြထားလေသည်။

ရှိုက်သွာန်၏ ဤလှည့်စားမှုသည် ကိုရိုက်ရှ်များ၏ နှလုံးအတွင်း၌ ဖွဲ့ဗာသ်သသယထည့်ခြင်း၏ ပုံစံ ဖြစ်သည်။ သို့မဟုတ် လူပုံသဏ္ဍာန်ဖြင့် လာရောက်၍ ပြောဆိုမှုဖြင့် ဤတွင် နှစ်မျိုးစလုံး ဖြစ်နိုင်၏။ သို့သော် ကျမ်းမြတ်ကုရ်အာန်၏ စာလုံးဖြင့် ပို၍ ဖြစ်နိုင်သည်မှာ ဒုတိယပုံစံဖြစ်သည့် လူ၏ ပုံသဏ္ဍာန် ဖြင့် လှည့်စားမှုပြုခြင်းဖြစ်၏။

အေမာမ်အိဗ်နေကျရီးရ် (ရဟ) သခင်သည် ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန် ချက်ကို တင်ပြထားသည်မှာ မည်သည့်အခါ ကိုရိုက်ရှ်မက္ကာဟ်၏ စစ်တပ်သည် မွတ်စ္စလင်မ်တို့နှင့် ယှဉ်ပြိုင် ရန်အတွက် ထွက်ခွာလာသော ငင်းတို့၏ စိတ်နှလုံးတွင် စိုးရိမ်မှုတစ်ခု လွှမ်းမိုးစွာ ရှိနေ၏။ ကျွန်ုပ်တို့နှင့် နီးကပ်လျက်ရှိသော 'ကဘီလာဗနူဘကရ်'တို့သည်လည်း ကျွန်ုပ်တို့၏ ရန်သူများဖြစ်သည်။ ကျွန်ုပ်တို့သည် မွတ်စ္စလင်မ်တို့ဖြင့် ယှဉ်ပြိုင်ရန် ထွက်ခွာသောအခါ ဤရန်သူတို့သည် အခွင့်ကောင်းရ၍ ကျွန်ုပ်တို့၏ အိမ်များ၊ အမျိုးသမီးများနှင့် ကလေးများကို နောက်ကွယ်မှ လာရောက်၍ သတ်မည်ကို စိုးရိမ်မိ၏။ ကုန်သည်အုပ်စု၏ ခေါင်းဆောင် အဘူစွဖ်ယာန်၏ စိုးရိမ်မှုဖြင့် ခေါ်ယူမှုအပေါ် အသင့်ဖြစ်ပြီး ထွက်ခွာ၍ လာချေ၏။ သို့သော် အထက်ပါစိုးရိမ်မှုသည် ထိုသူတို့အတွက် သံကြိုးကွင်းသကဲ့သို့ ဖြစ်နေပေ၏။ ရုတ်တရက် ရှိုက်သွာန်သည် 'စုရာကာဟ်ဗင်နမာလစ်က်'၏ ပုံစံဖြင့် ထိုသူတို့၏ ရှေ့သို့ထွက်ခွာ၍ လာရာ ငင်း၏ လက်တွင် အလံကိုင်ဆောင်ပြီး ငင်းနှင့်အတူ ရဲရင့်သော တပ်ဖွဲ့တစ်ဖွဲ့ ခေါ်ဆောင်လာသည်။ 'စုရာကာဟ် ဗင်နမာလစ်က်'သည် ထိုနေရာနှင့် မျိုးနွယ်စု၏ ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်၏။ ငင်းနှင့် ယှဉ်ပြိုင်ရန် ခက်ခဲပေသည်။ ငင်းက ရှေ့တိုးလျက် လူငယ်ကိုရိုက်ရှ်တပ်ဖွဲ့ကို ပြောဆိုလေသည်။ ထို့ပြင် လှည့်ဖြားမှုပုံစံ နှစ်မျိုးတွင် နှစ်မွန်းစေခဲ့၏။

ပထမတစ်မျိုးမှာ-

لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ

ဟူ၍ ဖြစ်သည်။ အဓိပ္ပါယ်မှာ 'ယနေ့ လူသားအားလုံးတို့သည် အသင်တို့အပေါ် မည်သို့မျှ လွှမ်းမိုးမှု ရရှိမည်မဟုတ်ပေ။' ဆိုလိုရင်းမှာ 'ကျွန်ုပ်သည် အသင်တို့နှင့် ယှဉ်ပြိုင်မည့်အဖွဲ့၏ အင်အားကိုလည်း သိရှိပြီးဖြစ်၍ အသင်တို့၏ များပြားမှုနှင့် အားအင်ရှိမှုကိုလည်း တွေ့မြင်ရပေသည်။ ဤအတွက်ကြောင့် အသင်တို့အား ကတိပေးပါ၏။ အသင်တို့သည် သောကကင်းစွာဖြင့် ရှေ့တိုးမှုပြုပါ။ အသင်တို့ လွှမ်းမိုးမှု ရရှိပေမည်။ အခြားသူများသည် အသင်တို့အပေါ် လွှမ်းမိုးနိုင်မည် မဟုတ်ပေ။'

ဒုတိယတစ်မျိုးမှာ- إِنِّي جَارٌ لَّكُمْ ဟူ၍ ဖြစ်သည်။ အဓိပ္ပါယ်မှာ 'အသင်တို့သည် 'ဗနီဘကရ်'စသည်တို့ဖြင့် ကြောက်ရွံ့နေ၏။ ထိုသူတို့သည် အသင်တို့ ထွက်ခွာပြီးနောက် မက္ကာဟ်မြို့

အား ချိတက်လာပါက ကျွန်ုပ်သည် ၄င်းနှင့်ပတ်သက်၍ တာဝန်ယူပေမည်။ ကျွန်ုပ် အသင်တို့ကို ကူညီမှု ပေးခြင်း မရှိပေ။ မဗ္ဗာဟ်သား ကိုရိုက်ရှ်တို့သည် စုရကာဟ်ဗင်နီမာလစ်က်၏ တန်ခိုးအရှိန်အဝါ ကြီးမား ကြောင်းကို အစကပင်လျှင် သိရှိပြီးဖြစ်၏။ ထိုသူ၏ စကားကို ကြားယောင်၍ ထိုသူတို့သည် စိတ်တည် ငြိမ်သွားလေ၏။ ၄င်းကာဘီလာဗနီဗကရ်၏ စိုးရိမ်စိတ် သောကကင်း၍ မွတ်စ္စလင်မ်များနှင့် ယှဉ်ပြိုင်ရန် အတွက် အဆင်သင့်ဖြစ်သွားစေ၏။

ရှိုက်သွာန်၏ ဤနှစ်ဆသော လှည့်စားဖြားယောင်းမှုက ထိုသူတို့ကို မိမိတို့ အသတ်ခံရမည့်ဘက် သို့ တွန်းပို့သကဲ့သို့ ဖြစ်နေ၏။

فَلَمَّا تَرَاءَتِ الْفِئَتَانِ نَكَصَ عَلَىٰ عَقِبَيْهِ

ထို့နောက် မုရှ်ရစ်က်အုပ်စုနှင့် မွတ်စ္စလင်မ်တို့၏ အုပ်စုနှစ်ခုတို့သည် 'ဗဒရ်'၌ ရင်ဆိုင်ကြသောအခါ ယင်းရှိုက်သွာန်သည် နောက်ဆုတ်ထွက်ပြေးသွားခဲ့လေသည်။

'ဗဒရ်'စစ်ပွဲတွင် မုရှ်ရစ်က်တပ်၏ နောက်တွင် ရှိုက်သွာန်တပ်ဖွဲ့တစ်ခုသည်လည်း အတူ ပါဝင်လာ လေသည်။ ဤအတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့နှင့် ယှဉ်ပြိုင်ရန် ဖရစ်ရှ်တာဟ် ကောင်းကင် တမန် ဂျိဗ္ဗရာအီးလ် عليه السلام နှင့် မီကာအီးလ် عليه السلام ၏ တပ်ဖွဲ့ကို ကူညီရန် ပို့ပေးလိုက်လေသည်။ အေမာမ်အိမ်နေ ဂျရီးရ်နှင့် အခြားသော ပညာရှင်များက အိမ်နေအမွှားစ် رضي الله عنه ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်။ ရှိုက်သွာန် သည် ထိုအချိန်တွင် စုရကာဟ်ဗင်နီမာလစ်က်၏ ရုပ်သဏ္ဍာန်ဖြင့် မိမိ၏ ရှိုက်သွာန်တပ်ဖွဲ့နှင့်အတူ အကူအညီ ပေးနေလျက်ရှိ၏။ ဂျိဗ္ဗရီးလ် عليه السلام ကောင်းကင်တမန်နှင့်အတူ အခြားသော ဖရစ်ရှ်တာဟ်တပ်ဖွဲ့ကို တွေ့မြင်သောအခါ ထိတ်လန့်လျက်ရှိသည်။ ထိုအချိန် ရှိုက်သွာန်၏ လက်သည် ကိုရိုက်ရှ်လူငယ် တစ်ဦး ဖြစ်သည့် ဟာရစ်ဗင်နီဟေရှားမ်၏ လက်တွင် ချိတ်လျက်ရှိရာ ချက်ချင်းပင်လျှင် မိမိ၏လက်ကို ထိုသူ့ထံမှ ဖြုတ်၍ ထွက်ပြေးရန် ဆန္ဒရှိသော် ဟာရစ်က 'ဤသည် အဘယ်သို့ ပြုဆောင်သနည်း' ဟု မေးရာ ရှိုက်သွာန်က ဟာရစ်၏ ရင်ဘက်ကို တွန်းဖယ်၍ လှဲချလိုက်လေသည်။ ထို့နောက် မိမိ၏ ရှိုက်သွာန် စစ်တပ်ကို ခေါ်ဆောင်၍ ထွက်ပြေးသွားလေသည်။ ဟာရစ်က် ထိုရှိုက်သွာန်ကို စုရာကာဟ်အထင်ဖြင့် ဤသို့ ပြောဆိုလေသည်။ 'အို, အာရပ်တို့၏ ခေါင်းဆောင် စုရာကာဟ်၊ အသင်သည် ဤသို့ ပြောဆိုခဲ့၏။ ငါသည် အသင်တို့ဘက်မှ အကူအညီပေးသူ ဖြစ်မည်။ ယခု စစ်ကွင်းပြင်၌ ဤသို့ (ထွက်ပြေးမှုကို) လုပ်ဆောင်ပေးသေသည်။ ရှိုက်သွာန်က စုရာကာဟ်၏ ပုံသဏ္ဍာန်ဖြင့် အဖြေပေးလေသည်။

إِنِّي بَرِيءٌ مِّنكُمْ إِنِّي أَرَىٰ مَا لَا تَرَوْنَ إِنِّي أَخَافُ اللَّهَ

အလိုသဘောမှာ ကျွန်ုပ်သည် အသင်တို့အား ပေးထားသော ကတိမှ ကင်းစင်ပါ၏။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့ ထိုအရာကို တွေ့မြင်နေ၏။ အလိုသဘောမှာ ဖရစ်ရှ်တာဟ် ကောင်းကင်တမန်များ၏ တပ်ဖွဲ့ဖြစ်သည်။ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ပါ၏။ ဤအတွက်ကြောင့် အသင်တို့နှင့် ခွဲခွာရခြင်းဖြစ်ပါ၏။

ရှိက်သွာန်က ဖရစ်ရှိသာဟ်ကောင်းကင်တမန်များ၏ တပ်ဖွဲ့ကို တွေ့သောအခါ ထိုသူတို့၏ အင်အားကို သိရှိနားလည်သွားပေသည်။ ယခု မိမိအတွက် အကောင်းဟူ၍ မရှိတော့ပေ။ ဤရှိက်သွာန်၏ စကားဖြစ်သော 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ပါသည်' ဟူသော အဆိုကို အေမာမ်သဖိစီးရ်ကသာဒါဟ်မှ အမိန့်ရှိသည်မှာ 'ဤသည်မှာ ရှိက်သွာန်သည် အလ္လာဟ်အသျှင်မြတ်ကို စိတ်နှလုံးမှ ကြောက်ရွံ့သော် အမိန့်ဖီဆန်မှုကို အဘယ်ကြောင့် ပြုလုပ်သနည်း။' သို့သော် အများပညာရှင်များက အမိန့်ရှိသည်မှာ အကြောက်တရားသည် ဤနေရာတွင် မှန်ပေ၏။ အဘယ်ကြောင့်ဆိုသော် ထိုရှိက်သွာန်သည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော စွမ်းအားနှင့် ပြင်းထန်လှသော ပြစ်ဒဏ်ပေးမှုကို အပြည့်အဝ သိရှိလေ၏။ ဤအတွက်ကြောင့် ကြောက်ရွံ့မှုမရှိခြင်း၏ အခြားအကြောင်းခံမရှိပေ။ အမှန်စင်စစ် ကြောက်ရွံ့မှုတစ်ခုတည်းဖြင့် အီမာန်သက်ဝင် ယုံကြည်မှု ၄င်းအမိန့်နာခံမှုတို့ မရှိပါက မည်သို့မျှ အကျိုးသက်ရောက်မည်မဟုတ်ပေ။

အဘူဂျဟာလ်က စုရာကာဟ်နှင့် ၄င်း၏စစ်တပ် နောက်ဆုတ်ထွက်ပြေးသွားခြင်းဖြင့် မိမိစစ်တပ်တွင် ရဲရင့်မှု လျော့နည်းသွားသည်ကို တွေ့သောအခါ မိမိစစ်တပ်ကို ပြောဆိုလေ၏။ စုရာကာဟ်ထွက်ပြေးသွားခြင်းဖြင့် အသင်တို့ စိုးရိမ်သောက မပြုလေနှင့်။ စုရာကာဟ်သည် တိတ်တဆိတ် တမန်တော်မြတ် ﷺ နှင့်အတူ ငြိမ်းချမ်းမှု ရယူထားလေ၏။ ရှိက်သွာန်တပ်ဖွဲ့၏ ထွက်ပြေးပြီးသည့်နောက် ထိုသူတို့၏ ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း ဖြစ်သွား၏။ တစ်ဖန် ထိုသူတို့သည် မက္ကာဟ်မြို့သို့ ပြန်ရောက်လာပြီး ထိုထဲမှ တစ်ဦးသည် စုရာကာဟ်ဗင်န်မာလစ်က်နှင့် တွေ့ဆုံခဲ့ရာ ထိုသူက စုရာကာဟ်ကို မကောင်းဟု ပြစ်တင်မှု ပြု၏။ 'ဗဒရ်' စစ်ပွဲ၏ ရှုံးနိမ့်မှုနှင့် ကျွန်ုပ်တို့၏ အားလုံးသော ဆုံးရှုံးမှု၏ တာဝန်သည် အသင့်အပေါ် ရှိသည်။ အသင်သည် စစ်ကွင်းပြင်မှ ထွက်ပြေးခြင်းဖြင့် ကျွန်ုပ်တို့ ငယ်ရွယ်သူများ၏ အားမာန်ကို ပျက်ပြားစေခဲ့၏။ စုရာကာဟ်မှ 'ကျွန်ုပ်သည် အသင်တို့နှင့်အတူ ပါဝင်ခြင်း မရှိပေ' ဟု ပြောဆိုကြ၏။ ကျွန်ုပ်သည် အသင်တို့ ရှုံးနိမ့်မှုသတင်းကိုပင် အသင်တို့ မက္ကာဟ်မြို့သို့ ရောက်ပြီးမှသာလျှင် သိရှိခြင်းဖြစ်သည်။

ဤဆင့်ပြန်ချက်အားလုံးသည် အေမာမ်အိဗ်နေကစီးရ်သခင်က မိမိ၏ သဖ်စီးရ်တွင် ဆင့်ပြန်မှု ပြုပြီးသည့်နောက် အမိန့်ရှိသည်မှာ ရှိက်သွာန်၏ အကျင့်သည် များသောအားဖြင့် လူသားထို ရာမ်းမှုထွင် ရောက်စေ၍ ဒုက္ခဖြစ်သောအခါ၌မှ ခွဲခွာသွားလေ့ ရှိသည်။ ကျမ်းမြတ်ကုရ်အာန်၌ ရှိက်သွာန်၏ ဤသို့သော အကျင့်နှင့် ပတ်သက်၍ ထပ်ခါတလဲလဲ တင်ပြထားပေသည်။ အာယသ်တော်တစ်ပုဒ်တွင် လာရှိသည်မှာ-

كَمَثَلِ الشَّيْطٰنِ اِذْ قَالَ لِلْاِنْسَانِ اكْفُرْ فَلَمَّا كَفَرَ قَالَ اِنِّىْ بَرِىْٓءٌ مِّنْكَ اِنِّىْٓ اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ ○

ဟူ၍ ဖြစ်သည်။

ဂျင်းသွာန်၏ လှည့်စားမှုနှင့် ၎င်းမှ ရှောင်ကြဉ်ရမည့် ပုံစံ

တင်ပြပါအာယသ်တော်၏ အဖြစ်အပျက်မှ အချို့သော အကျိုးကျေးဇူးများ ရရှိလေသည်။ ပထမ အကျိုးထူးမှာ ရှိုက်သွာန်သည် လူသား၏ ရန်သူဖြစ်သည်။ ၎င်းကို ဆုံးရှုံးနစ်နာစေရန်အတွက် အမျိုးမျိုးသော လှည့်စားမှုနှင့် ပုံစံပြောင်းမှုများ ပြုလုပ်လျက်ရှိသည်။ အချို့သော အခါများ၌ လူတို့၏ စိတ်နှလုံးအတွင်း ဒွိဟာသံသယများ ထည့်ပြီး သောကပေါ်ပေါက်စေ၍လည်းကောင်း၊ အချို့သော အခါ၀ယ် လူတို့၏ ရှေ့မှောက် တွင်လည်းကောင်း လှည့်စားမှုပြုလေ၏။

ဒုတိယအကျိုးထူးမှာ ရှိုက်သွာန်ကို အလ္လာဟ်အသျှင်မြတ်က အမျိုးမျိုးသော ပုံသဏ္ဍာန်ပြောင်းနိုင် စွမ်းကို ပေးထား၏။ ကျော်ကြားသော ဟနဖီဖေကာဟ်ပညာရှင်တစ်ဦး၏ ရေးသားထားသော

آكام المرجان فى احكام الجان

ဟူသော စာအုပ်တွင် ၎င်းကို အကျယ်တ၀င့် ရှင်းလင်းတင်ပြထားပေသည်။ ဤအတွက်ကြောင့် မုဟက္ကစ်က် စူဖီသူတော်စင်များနှင့် အခြားသော ပညာရှင်များက လူသားတို့အား ၎င်းနှင့် ပတ်သက်၍ သတိပေးထားလေ၏။ လူတစ်ဦးတစ်ယောက်ကို ကြည့်၍ (သို့) ထိုသူ၏ စကားကို နားထောင်ပြီး အခြေ အနေကို သေချာကျနစွာ မစုံစမ်းဘဲ ၎င်းသူ၏ နောက်လိုက်ခြင်းသည် အလွန်စိုးရိမ်ဖွယ်ရှိ၏။ ကရှ်ဖ်၊ အင်လ်ဟာမ်တို့တွင်လည်း ရှိုက်သွာန်၏ လှည့်စားမှု ရှိနိုင်ပေသည်။

အောင်မြင်မှုအတွက် စိတ်နှလုံးဖြူစင်ရုံဖြင့် မလုံလောက်၍ ၎င်းအလျှင် ဖြောင့်မတ်သော လမ်းပေါ် လျှောက် လှမ်းရန် အရေးကြီးခြင်း

တတိယအကျိုးထူးမှာ အကြင်သူတို့သည် ကုဖွ်ရ်၊ ရှရစ်က်နှင့် အခြားသော မပြုပိုင်သည့် လုပ်ငန်း များတွင် နစ်မွန်းခဲ့ပါမူ ထိုသူတို့၏ အများအားဖြင့် အကြောင်းခံသည် ဤသို့ ဖြစ်လေသည်။ အဘယ် ကြောင့်ဆိုသော် ရှိုက်သွာန်သည် ထိုသူ၏ မကောင်းသော လုပ်ရပ်ကို လှပတင့်တယ်မှုပြု၍လည်းကောင်း၊ အကျိုးထူးပေးသည်ဟူ၍လည်းကောင်း ထိုသူ၏ နှလုံးနှင့် ဦးနှောက်ဉာဏ်ကို မှန်ကန်မှုဘက်မှ မှားယွင်း သောဘက်သို့ လှည့်ပေးလိုက်လေ၏။ ထိုသူတို့သည် မိမိတို့၏ မှားယွင်းသော လုပ်ရပ်များကို မှန်သည်ဟူ၍ လည်းကောင်း၊ မကောင်းမှုကို ကောင်းမှုဟူ၍လည်းကောင်း မှတ်ယူကြ၏။ မှန်ကန်သော သူများကဲ့သို့ မိမိတို့၏ မှားယွင်းသော လုပ်ဆောင်ချက်များအပေါ် အသက်ပေးရန်လည်း အဆင်သင့် ဖြစ်သွားကြ၏။ ဤကဲ့သို့ပင် ကိုရိုက်ရှ်တပ်ဖွဲ့နှင့် ၎င်းတို့၏ ခေါင်းဆောင်တို့သည် မည်သည့်အခါ 'ကအ်ဗာဟ်'ကျောင်းတော် မှ ထွက်ခွာခဲ့သော် 'ကအ်ဗာဟ်'ကျောင်းတော်၏ရှေ့တွင် ဤစာလုံးများဖြင့် ဒိုအာဆုပန်၍ ထွက်ခွာခဲ့ကြ လေ၏။ ၎င်းမှာ-

اَللّٰهُمَّ انْصُرْ اَهْدَى الطَّائِفَتَيْنِ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်ုပ်တို့အဖွဲ့နှစ်ဖွဲ့စလုံးထဲမှ သာပို၍ လမ်းမှန်ပေါ်တွင်ရှိသော အဖွဲ့ကို အကူအညီပေး၍ အောင်မြင်မှု ပေးသနားတော်မူပါ'ဟု တောင်းဆိုကြ၏။ ဤအသိမရှိသော သူတို့သည် ရိုက်သွာန်၏ လှည့်ဖြားမှုအတွင်း ကျရောက်၍ မိမိကိုယ်ကို မိမိ မှန်ကန်မှုအရှိဆုံးဟူ၍လည်းကောင်း၊ မှန်ကန်သောဘက်မှဟူ၍လည်းကောင်း ထင်မှတ်ကြ၏။ ပြည့်ဝသော စိတ်နှလုံးဖြူစင်စွာဖြင့် မိမိတို့၏ မှားယွင်းသော ဘက်တွင် ပါဝင်ကူညီ၍ အသက်၊ စည်းစိမ်တို့ကို ပေးလှူကြ၏။

၎င်းဖြင့် သိရှိရသည်မှာ စိတ်စေတနာဖြူစင်ရုံဖြင့် မလုံလောက်ပေ။ မှန်ကန်သောလမ်း လျှောက်လှမ်းမှု မပြုသရွေ့ ကာလပတ်လုံး လုံလောက်မည်မဟုတ်ပေ။

၎င်းနောက် ဒုတိယအာယသ်တော်၌ မဒီနာမြို့မှ မုနာဖစ်က်များနှင့် မက္ကာဟ်မှ မုရှ်ရစ်က်တို့က ပေါင်းစပ်၍ အဆိုတစ်ခု မွတ်စ္စလင်မ်များနှင့် စပ်လျဉ်း၍ စာနာမှုပြု၍ ပြောဆိုကြလေသည်။

غَرَّ هٰٓؤُلَاۤءِ دِيْنُهُمْ

အလိုသဘောမှာ 'ဗဒရ်စစ်ပွဲ၌ ဤနည်းပါးလှသော မွတ်စ္စလင်မ်တို့သည် အင်အားတောင့်တင့်သည့် တပ်ဖွဲ့ကြီးနှင့် ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့ကြ၏။ ဤမျှ သနားဖွယ်ကောင်းသော သူတို့ကို ၎င်းတို့၏ သာသနာက လှည့်စား၍ သေတွင်းသို့ ပို့ပေးလိုက်သည်'ဟု ပြောဆိုကြရာ အလ္လာဟ်အသျှင်မြတ်က ၎င်းတို့ကို တုန့်ပြန်၍ အဖြေပေးသည်မှာ-

وَمَنْ يَّتَوَكَّلْ عَلَى اللّٰهِ فَاِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ

ဟူ၍ ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အကြင်မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်စိတ်ချလွှဲအပ်ခဲ့သည်ရှိသော် (မှတ်သားကြလေကုန်) ထိုသူတို့သည် မည်သို့သောအခါမှ သေးသိမ်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အရာတိုင်းအပေါ်၌ လွှမ်းမိုးနိုင်တော်မူသော အသျှင်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဆင်ခြင်တုံတရားရှေ့တွင် အားလုံး၏ အသိဉာဏ်တို့သည် နောက်ကျန်ခဲ့ပေမည်။' အလိုသဘောမှာ အသင်တို့သည် သီးသန့် မူရင်းရုပ်ဒြပ်ကိုသာ သိရှိသောသူများနှင့် ၎င်းအပေါ်သာ ယုံကြည်အားထားမှု ပြုသောသူများသာ ဖြစ်သည်။ အသင်တို့သည် ထိုရုပ်ဒြပ်များကို ဖန်ဆင်းတော်မူသော အသျှင်သခင်၏ ဖုံးကွယ်နေသော စွမ်းအားကို မသိရှိကြချေ။ ထိုစွမ်းအားသည် ၎င်းတို့နှင့်အတူ ရှိနေ၏။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယုံကြည်မှုထားလေသည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်အပေါ် ပြည့်ဝစွာ အီမာန်ယုံကြည်မှုရှိသော် ထိုသူတို့သည် ယင်းမွတ်စ္စလင်မ်များအား မည်သို့မျှ ဆုံးရှုံးမှု ပေးနိုင်မည်မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَوْ تَرَىٰٓ إِذْ يَتَوَفَّى ٱلَّذِينَ كَفَرُوا۟ ٱلْمَلَٰٓئِكَةُ يَضْرِبُونَ
وُجُوهَهُمْ وَأَدْبَٰرَهُمْ وَذُوقُوا۟ عَذَابَ ٱلْحَرِيقِ ﴿٥٠﴾

၈ : ၅၀ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အကယ်၍ 'မလာအေကာဟ်' ကောင်းကင်တမန်များသည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့၏ အသက်ဝိညာဉ်ကို နုတ်ယူစဉ် ၎င်းတို့၏ မျက်နှာများနှင့် ကျောကုန်းများကို ရိုက်နှက်ကြသည့် အပြင် အသင်တို့သည် (ငရဲမီး) ကျွမ်းလောင်ခြင်း၏ ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်ဟူ၍ ပြောဆိုကြသည့် (စက်ဆုပ်ဖွယ်ရာ အဖြစ်) ကို အသင်တွေ့မြင်ရပါလျှင် (ကြောက်မက်ဖွယ်ရာအဖြစ်နှင့်သာ) အသင် ရှုမြင်ရလိမ့်မည်သာ ဖြစ်သည်။

ذَٰلِكَ بِمَا قَدَّمَتْ أَيْدِيكُمْ وَأَنَّ ٱللَّهَ لَيْسَ بِظَلَّٰمٍ لِّلْعَبِيدِ ﴿٥١﴾

၈ : ၅၁ ။ ။ ဤ (ပြစ်ဒဏ်) သည် အသင်တို့၏ လက်များက တင်ကြို၍ ပို့ထားပြီးဖြစ်သော (ပြစ်မှုဒုစရိုက်များ) ကြောင့်ပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (မိမိ၏) ကျွန်များအား နှိပ်စက်ညှဉ်းပန်းတော်မူသော အရှင်မြတ် အလျှင်းမဟုတ်ပေ။

كَدَأْبِ ءَالِ فِرْعَوْنَ وَٱلَّذِينَ مِن قَبْلِهِمْ كَفَرُوا۟ بِـَٔايَٰتِ ٱللَّهِ
فَأَخَذَهُمُ ٱللَّهُ بِذُنُوبِهِمْ إِنَّ ٱللَّهَ قَوِىٌّ شَدِيدُ ٱلْعِقَابِ ﴿٥٢﴾

၈ : ၅၂ ။ ။ (၎င်းကာဖိရ်တို့၏ သွေဖည်မှုကြောင့် ပြစ်ဒဏ်ခံစားရသော အဖြစ်အပျက်မှာ) ဖိရ်အောင်န်၏ အခြွေအရံများနှင့် ၎င်း (ဖိရ်အောင်န်) တို့အလျင် ရှိခဲ့ကြသော သူတို့၏ အဖြစ်အပျက် အခြေအနေများကဲ့သို့ပင် ဖြစ်ချေသည်။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ပြစ်မှုများကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခြင်းပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ အင်အားပြည့်စုံတော်မူသော အရှင်၊ အလွန်တရာ ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

ذَٰلِكَ بِأَنَّ ٱللَّهَ لَمْ يَكُ مُغَيِّرًا نِّعْمَةً أَنْعَمَهَا عَلَىٰ قَوْمٍ حَتَّىٰ
يُغَيِّرُوا۟ مَا بِأَنفُسِهِمْ وَأَنَّ ٱللَّهَ سَمِيعٌ عَلِيمٌ ﴿٥٣﴾

၈ : ၅၃ ။ ။ ဤသည်ကား (အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းအတိုင်းပင် ဖြစ်သည်။) အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အကြင်လူမျိုးတစ်မျိုးအပေါ် ချီးမြှင့်တော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ၎င်းလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့၏ အခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး ပြောင်းလဲပေးတော်မူသည်ဟူ၍ မရှိချေ။ ၎င်းပြင် စင်စစ်မုချ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် အို့, နဗီတမန်တော်၊ အကယ်၍ အသင်သည် (ထိုအချိန်အခါ၏ အကြောင်းအရာ) တွေ့မြင်ခဲ့ပါမူ (အံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်ကို ရှုမြင်ရပေမည်။) မည်သည့်အခါ 'မလာအေကာဟ်' ကောင်းကင်တမန်များသည် ထို (လက်ရှိ) ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ အသက်ဝိညာဉ် နှုတ်ယူသောအချိန်တွင် (၎င်း) တို့၏ မျက်နှာများတွင်လည်းကောင်း၊ ယင်းတို့၏ ကျောက်ကုန်းများကိုလည်းကောင်း ရိုက်နှက်၍ ဤသို့ ပြောလျက် သွားလေသည်။ (ဤသည် မပြောပလောက်ပေ။ ရှေ့ဆက်၍) ထိုသူတို့သည် ငရဲမီး၏ ပြစ်ဒဏ်ကို မြည်းစမ်းကြရပေမည်။ (ထို့ပြင်) ဤအပြစ်ဒဏ်သည် ထိုသွေဖည်ငြင်းပယ်မှုပြုသည့်အတွက်ကြောင့် ဖြစ်သည်။ ဤသည် အသင်တို့၏ လက်များက ကြိုတင်၍ ပို့ထားနှင့်ပြီးသော မကောင်းသော လုပ်ရပ်ကြောင့်ပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်များအား ညှဉ်းပန်းနှိပ်စက်သော အသျှင် အလျှဉ်းမဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်သည် အပြစ်မပြုသူများကို အပြစ်ပေးသော အသျှင်မြတ် မဟုတ်ပေ။) ကုဖွရ်သွေဖည်မှုကြောင့် (ပြစ်ဒဏ်ခံစားရာ၌ ထိုကာဖိရ်များ၏ အခြေအနေသည်ကား) ဖိရ်အောင်န်နှင့် နောက်လိုက်များ၏ အခြေအနေကဲ့သို့လည်းကောင်း ဖြစ်ချေသည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မယုံမကြည် ငြင်းပယ်ခဲ့ကြ၏။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ (ထို) ပြစ်မှုဒုစရိုက်များကြောင့် ဖျက်ဆီးတော်မူခဲ့လေသည်။ အလ္လာဟ်အသျှင်မြတ်သည် အင်အား အလွန်ပြည့်စုံတော်မူသော အသျှင်၊ ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုသို့သော အပြစ်ဒဏ်မျိုးကို ပယ်ဖျက်ရန်အတွက် အခြားသော စွမ်းအားရှင်ဟူ၍ မရှိပေ။) ဤအတွက်ကြောင့် (အလ္လာဟ်အသျှင်မြတ်သည် အပြစ်မပြုသူများကို အပြစ်ပေးတော်မူသော အသျှင်မြတ် မဟုတ်ပေ။) အကြောင်းခံမှာ (ဥပဒေတစ်ရပ် သတ်မှတ်ထားသည်မှာ အပြစ်မရှိသူအား အပြစ်မပေးခြင်းသည် ထိုဥပဒေများအနက်မှ ဥပဒေတစ်ခု ဖြစ်သည်။ ၎င်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အကြင်လူမျိုးတစ်မျိုးအပေါ်၌ ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့၏ အခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး ပြောင်းလဲပေးတော်မူမည်ဟူ၍ မရှိပေ။ စင်စစ်မှုချ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ပြောင်းလွဲသော လုပ်ရပ်နှင့် ပြောဆိုမှုများကို သိရှိတော်မူသည်။ ထိုကာဖိရ်များက မိမိတို့၏ ဤအခြေအနေများကို ပြောင်းလဲလိုက်ကြ၏။ ထိုသူတို့သည် 'ကုဖွရ်'၏အစား ဦးစွာ အီမာန်သက်ဝင် ယုံကြည်နိုင်ပါလျက် ငြင်းပယ်ဆန့်ကျင်မှုပြု၍ အီမာန်သက်ဝင်ယုံကြည်မှုကို ဝေးကွာစေခဲ့၏။ သို့ရှိရာ ငါအသျှင်မြတ်သည် မိမိ၏ ကြီးကျယ်လှသည့် 'နေအ်မသ်'များသည် ထိုသူတို့ကို ဦးစွာ ရရှိပြီးဖြစ်၏။ ပြောင်းလဲသတ်မှတ်ပေးလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့က ဖော်ပြပါပုံစံဖြင့် 'နေအ်မသ်'များကို လုပ်ဆောင်နိုင်သော်ငြားလည်း ပြောင်းလွဲလိုက်ကြ၏။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဖော်ပြပါအာယသ်တော်များမှ ပထမအာယသ်တော်နှစ်ပုဒ်၌ ကာဖိရ်များ၏ သေဆုံးသောအချိန်၏ အဖြစ်၊ ၎င်းဖရစ်ရှိသာဟ်များ၏ သတိပေးမှုများ၏ အကြောင်း တင်ပြထား၏။ ထိုအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို ရည်ညွှန်း၍ အဓိပ္ပါယ်ရှိနေသည်မှာ အကယ်၍ အသင်တမန်တော်သည် ထိုကာဖိရ်များ၏ အသက်ဇီဝိန်ကို နှုတ်ယူသောအချိန်၊ ထိုသူတို့၏ မျက်နှာများနှင့် ကျောက်ကုန်းများအပေါ် ရိုက်နှက်နေသော အခြေအနေနှင့် ငရဲမီးတွင် လောင်ကျွမ်းရမည့် အရသာကို မြည်းစမ်းကြလေကုန်' ဟု ပြောဆိုနေသံကို ကြားသိ တွေ့မြင်တော်မူခဲ့သော် အသင်တမန်တော်မြတ် ﷺ သည် စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းကို တွေ့မြင်ရပေမည်။

သဖ်စီးရ်ပညာရှင်များထဲမှ အချို့ပညာရှင်များက အထက်ပါအာယသ်တော်သည် ထိုကိုရိုက်ရှု ကာဖိရ်များနှင့် ပတ်သက်ကြောင်း သတ်မှတ်ထား၏။ ထိုကာဖိရ်ကိုရိုက်ရှုတို့သည် 'ဗဒရ်' စစ်ကွင်းပြင်၌ မွတ်စ္စလင်မ်တို့ဖြင့် ယှဉ်ပြိုင်ရန် လာခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များကို အကူအညီပေးရန်အတွက် ဖရစ်ရှိသာဟ်ကောင်းကင်တမန်များ၏ တပ်ဖွဲ့ကို စေလွှတ်လိုက်လေသည်။ ဤသို့ဖြင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဗဒရ်' စစ်ကွင်းပြင်၌ ကိုရိုက်ရှုခေါင်းဆောင် သတ်ဖြတ်ခြင်း ခံခဲ့ရလေသည်။ ယင်းသူတို့ကို သတ်ဖြတ်သူမှာ ဖရစ်ရှိသာဟ်ကောင်းကင်တမန်များသာ ဖြစ်သည်။ ၎င်းဖရစ်ရှိသာဟ်များသည် ထိုသူ၏ ရှေ့မှ မျက်နှာကိုလည်းကောင်း၊ ထိုသူ၏နောက်မှ ထိုသူ၏ ကျောက်ကုန်းကိုလည်းကောင်း ရိုက်နှက်၍ သတ်ဖြတ်လိုက်မှုနှင့်အတူ 'အာခေရသ်' နောင်တမလွန်ဘဝ၌ 'ဂျဟန္နမ်' ငရဲဘုံ၌ ပြစ်ဒဏ်ခံရမည့် သတင်းကို ပေးနေသည်။

အချို့သဖ်စီးရ်ပညာများက အာယသ်တော်၏ စာလုံးများသည် 'အားမ်' အမျိုးကိန်းဖြစ်သည့်အပေါ် ၎င်းအကြောင်းအရာကိုလည်း 'အားမ်' အမျိုးကိန်းဖြင့် တင်ပြထားသည်။ သို့ပါ၍ အာယသ်တော်၏ အဓိပ္ပာယ်မှာ အကယ်၍ အခြားကာဖိရ်တစ်ဦး သေဆုံးသွားလျှင်လည်း အသက်နှုတ်ယူသော ဖရစ်ရှိသာဟ်သည် ထိုကာဖိရ်၏ အသက်ဇီဝိန်နှုတ်သောအခါ၌ ထိုသူ၏ မျက်နှာနှင့် ကျောကုန်းကို ရိုက်နှက်မှု ပြုလေသည်။ အချို့သော ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ မီးကြာပွတ်နှင့် သံတုတ် (၎င်းသည် တစ်ဖက်တွင် သံလုံးဖြစ်ပြီး သံချွန်များ တပ်ဆင်ထား၏။) လက်တွင်ရှိသည်။ ၎င်းဖြင့် သေဆုံးသူ ကာဖိရ်တို့ကို ရိုက်နှက်လေသည်။ သို့သော် ဤအပြစ်ဒဏ်ခတ်မှုနှင့် ပတ်သက်၍ လောကဓံတွင် ချမှတ်ထားသော အပြစ်ဒဏ်မဟုတ်ရဲ့ သာမက 'ကဗရ်အစားမ်' နှင့် ပတ်သက်မှုဖြစ်၍ ၎င်းကို 'ဗရ်ဇခ်' ဟု ခေါ်ဆိုပေမည်။ ဤအတွက်ကြောင့် ဤပြစ်ဒဏ်ပေးမှုသည် များသောအားဖြင့် လူသားတို့၏ မျက်စိဖြင့် မမြင်တွေ့ရပေ။

ဤအတွက်ကြောင့် တမန်တော်မြတ် ﷺ အား ဤသို့ ရည်ညွှန်းမိန့်ဆိုထားသည်မှာ အကယ်၍ အသင်တမန်တော်သည် ထိုသို့ ပြစ်ဒဏ်ခတ်မှုကို တွေ့ခဲ့ပါသော် အလွန်သံဝေဂရစေသော မြင်ကွင်းကို တွေ့မြင်ရပေမည်။ ၎င်းဖြင့် သိရှိရသည်မှာ သေပြီးသည့်နောက် 'ဗရ်ဇခ်' လောက (ကဗရ်လောက) ၌

ကာဖိရ်များကို ပြစ်ဒဏ်ခတ်မှုတို့သည် 'အာလမ်ဂိုင်းဗ်' (အကွယ်လောက) ၌ ဖြစ်သည်။ ဤအတွက်ကြောင့် အများအားဖြင့် မမြင်တွေ့နိုင်ပေ။ 'ကဗရ်'၌ အပြစ်ဒဏ်ခတ်မှုနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၏ အခြားနေရာများတွင်လည်း လာရှိထားပေသည်။ ၄င်းနောက် ဟဒီးစ်တော်များတွင်လည်း ၄င်းနှင့်ပတ်သက်၍ မြောက်မြားစွာ လာရှိပေသည်။

ဒုတိယအာယသ်တော်၌ ကာဖိရ်များကို ညွှန်း၍ အမိန့်ရှိထားသည်မှာ ဤလောက၊ လောကုတ္တရာ၌ ပြစ်ဒဏ်ခတ်ခံရမှုတို့သည် မိမိ၏ လက်များဖြင့် ပြုလုပ်သည့်အတွက်ကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြောက်မြားစွာသော လုပ်ငန်းများသည် လက်၏ လုပ်ဆောင်မှုဖြင့်သာ ရရှိခဲ့ကြလေသည်။ ဤအတွက်ကြောင့် လက်များ၏ဟု တင်ပြလိုက်၏။ အလိုသဘောမှာ ဤပြစ်ဒဏ်ခံရမှုတို့သည် အသင်တို့ မိမိကိုယ်တိုင် လုပ်ဆောင်ခြင်း၏ ရလဒ်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ဗန္ဒာဟ်'ကျေးကျွန်များအပေါ် ညှဉ်းပန်းသောသူ မဟုတ်ပေ။ အကြောင်းမဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အပြစ်ဒဏ်ချမည်မဟုတ်ပေ။

တတိယအာယသ်တော်၌ ဖော်ပြထားသည်မှာ ထိုအပြစ်ရှိသူများကို အလ္လာဟ်အသျှင်မြတ်က ဤသို့ 'အဇာဗ်'ပေးခြင်းသည် အံ့ဖွယ်မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်မှ ဤသို့သာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးကျွန်များကို 'ဟေဒါယဟ်'ရရှိရန်အတွက် ထိုသူတို့ကို ဦးနောက်အသိဉာဏ် ချီးမြှင့်တော်မူထား၏။ ထိုသူတို့၏ အနီးအနားတွင် မရေမတွက်နိုင်သော ဤသို့ အရာများ အသင့်ရှိလေသည်။ ထိုအရာများကို ကြည့်ရှုစဉ်းစားခြင်းဖြင့် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို တွေ့ရှိရပေမည်။ ထို့ပြင် မည်သို့မျှ မစွမ်းနိုင်သော အဖန်ဆင်းခံကို အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်မှု မပြုကြရန် သိရှိရသည်။ တစ်ဖန် သာပို၍ သတိမူရန်အတွက် မိမိ၏ ကျမ်းစာအုပ်များနှင့် ရစူလ်တမန်တော်များအား ပို့ပေးလေ၏။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်သည် ၄င်းသူတို့ နားလည်သဘောပေါက်စေရန် ရှင်းပြရာတွင် အနည်းငယ်မျှပင်လျှင် ချန်လှပ်မထားပေ။ ထိုရစူလ်များက ၄င်းတို့ကို အလ္လာဟ်အသျှင်မြတ်၏ အလွန်ကြီးမားလှသော စွမ်းအားတော်ကို 'မုအ်ဂျေဇာဟ်' လက္ခဏာပုံစံဖြင့် ပေါ်လွင်စေရန် ပြသခဲ့၏။ မည်သည့်အခါ အကြင်သူတစ်ဦးတစ်ယောက် (သို့) လူမျိုးစုတစ်ခုတို့သည် ထိုဖော်ပြပါအရာများကို လုံးဝ မျက်ကွယ်ပြု၍ အလ္လာဟ်အသျှင်မြတ်၏ သတိပေး ပြောဆိုမှုတို့ကို ထိုသူတို့ နားမဝင်ခဲ့သော် ထိုအခါ အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်သည် ထိုသို့သော လူတို့အတွက် လောကတွင် အပြစ်ဒဏ်ခတ်ခံရပေမည်။ ၄င်းနောက် 'အာခေရသ်'နောင်တမလွန်ဘဝတွင် အမြဲတမ်း 'အဇာဗ်'အပြစ်ဒဏ်ခတ်ခံရမှုတို့တွင် ကျရောက်ပေလိမ့်မည်။ အမိန့်ရှိသည်မှာ-

كَدَاْبِ اٰلِ فِرْعَوْنَ وَالَّذِيْنَ مِنْ قَبْلِهِمْ

ဖိရ်အောင်၏ မျိုးနွယ်၏ပမာကဲ့သို့ ဖြစ်လေသည်။ ၄င်းထက်အလျှင် ကာဖိရ်ညှဉ်းပန်းသူတို့နှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်၏ ဓလေ့စည်းကမ်းသည် တစ်လောကလုံး သိရှိပြီးဖြစ်၏။ ဖိရ်အောင်နှင့် ၄င်း၏ နောက်လိုက်နှင့် ၄င်းတို့ပြုစုသူအားလုံး အပါအဝင် မြစ်အတွင်း နစ်မြုပ်ခဲ့ပေသည်။ ၄င်းထက်အလျှင်

'အားဒ်'နှင့် 'စမူးဒ်'မျိုးနွယ်တို့ကိုလည်း အမျိုးမျိုးသော ပြစ်ဒဏ်ခတ်မှုတို့တွင် ကျရောက်၍ သေကြေပျက်စီးစေခဲ့၏။

كَفَرُوْا بِاٰيٰتِ اللّٰهِ فَاَخَذَ هُمُ اللّٰهُ بِذُ نُوْ بِهِمْ

ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မယုံမကြည် ငြင်းပယ်ခဲ့ကြလေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်။

اِنَّ اللّٰهَ قَوِىٌّ شَدِيْدُ الْعِقَابِ

အကြောင်းမှာ ဤသို့ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အလွန်ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ အခြားသော အင်အားနှင့် ရဲရင့်သောသူတို့သည် မိမိတို့၏ အင်အားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တို့မှ မလွတ်ကင်းနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ပေးမှုသည် အလွန်ပြင်းထန်စွာ ရှိပေသည်။

စတုတ္ထအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်က မိမိ၏ ချီးမြှင့်တော်မူထားသော ကျေးဇူးတော်များ ကျန်ရှိတည်မြဲရန်အတွက် လမ်းစဉ်တစ်ခု ညွှန်ပြထားလေသည်။ အဓိပ္ပါယ်ရှိသည်မှာ-

اِنَّ اللّٰهَ لَمْ يَكُ مُغَيِّرًا نِّعْمَةً اَنْعَمَهَا عَلٰى قَوْمٍ حَتّٰى يُغَيِّرُوْا مَا بِاَنْفُسِهِمْ

'အလ္လာဟ်အသျှင်မြတ်သည် အကြင်လူမျိုးတစ်မျိုး၏အပေါ်၌ ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့၏ အခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး ပြောင်းလဲပေးတော်မူသည်ဟူ၍ မရှိပေ။

ဤနေရာတွင် စဉ်းစားရန် အချက်တစ်ချက် ရှိပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်က ကျေးဇူးတော်ချီးမြှင့်ရန်အတွက် အခြားစည်းကမ်းချက်များ တင်ပြမထားပေ။ ၎င်းအတွက် အခြားသော ဥပဒေနည်းလမ်း စည်းကမ်းချက်များလည်း သတ်မှတ်မထားပေ။ ၎င်းကို ရရှိရန် အခြားသော ကောင်းသည့် 'အမလ်'ကျင့်ဆောင်မှုတစ်ခုခုနှင့်လည်း သတ်မှတ်ထားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဤကဲ့သို့ သတ်မှတ်ခဲ့ပါသော် ဦးစွာပထမ ကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုယ်တိုင် တည်ရှိနေခြင်းသာ ဖြစ်သည်။ ထိုကျေးဇူးတော်ထဲမှ အလ္လာဟ်အသျှင်မြတ်၏ အံ့ဩဖွယ်ကောင်းသော စွမ်းဆောင်ချက်များထဲတွင် ထောင်ပေါင်းများစွာသော ဆန်းကျယ်လှသည့် ကျေးဇူးတော်များကို ထားရှိလေသည်။ ဖော်ပြပါကျေးဇူးတော်များသည် ကျွန်ုပ်တို့၏ 'အမလ်'နှင့် ကျွန်ုပ်တို့ မရှိမီအလျင်ကပင် ဤကျေးဇူးတော်များ တည်ရှိပြီးဖြစ်၏။

အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များအား ချီးမြှင့်မြောက်စားမှုတို့သည် ကျွန်ုပ်တို့ ဗန္ဒာဟ်များ၏ ကောင်းမှု၊ 'အမလ်'ကျင့်စဉ်များကို စောင့်ဆိုင်းနေခဲ့စဉ် ကျွန်ုပ်တို့၏ တည်ရှိမှုသည် မပေါ်ပေါက်ခဲ့ပေ။

အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် သနားကြင်နာမှုတို့သည် ထိုအသျှင်မြတ်၏ တစ်လောကလုံးကို ကျွေးမွေးစောင့်ရှောက်တော်မူသော အသျှင် ဖြစ်တော်မူခြင်း၊ 'ရဟ်မာန်'၊ 'ရဟီးမ်' သနားကြင်နာတော်မူခြင်းတွင် ပင်ကိုယ်ကတည်းက တည်ရှိလေသည်။ ထိုကျေးဇူးတော်နှင့် သနားကြင်နာမှု၊ ကျွန်ရှိ တည်တံ့ခိုင်မြဲရန် စည်းကမ်းတစ်ခုကို ထိုအာယသ်တော်တွင် ဤသို့ လာရှိထား၏။ အသျှင်မြတ်သည် အကြင်မျိုးနွယ်စုတစ်ခုခု၏ အပေါ်၌ ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိ၏ အခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး ပြောင်းလဲပေးတော်မူမည် မဟုတ်ပေ။ ထိုသူတို့သည် မိမိတို့၏ အခြေအနေများနှင့် ကျင့်ဆောင်မှုများကို ပြောင်းလဲ၍ မိမိကိုယ်တိုင် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကို ဖိတ်ခေါ်မှု မပြုသရွေ့ ပြန်လည်ရုပ်သိမ်းမည် မဟုတ်ပေ။

အခြေအနေပြောင်းလဲမှု၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ ၎င်းသည် ကောင်းသော ကျင့်စဉ်နှင့် ကောင်းသော အခြေအနေကို ပြောင်းလဲမှုပြု၍ မကောင်းသော ကျင့်စဉ်နှင့် မကောင်းသော အခြေအနေကို ရွေးချယ်လိုက်ခြင်းပင် ဖြစ်သည်။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ချီးမြှင့်မှု မပြုမီအချိန်၌ အကြင်မကောင်းသော ကျင့်စဉ်နှင့် 'ဂိုနာဟ်' များတွင် နစ်မွန်းလျက် ရှိသည်။ ကျေးဇူး 'နေ့အ်မသ်' ရရှိပြီးသည့်နောက် သာ၍ မကောင်းသော ကျင့်စဉ်တွင် ကျရောက်စေခဲ့သည်။

ဖော်ပြပါ သဖ်စီးရ်ဖြင့် သိရှိရသည်မှာ အကြင်မျိုးနွယ်စုတို့၏ အကြောင်းအရာကို အထက်ပါ အာယသ်တော်တွင် ဖော်ပြပြီးဖြစ်၏။ အလိုမှာ 'ကုဖ္ဖါးရ်ကိုရိုက်ရ်'၊ ဖိရ်အောင်န်မျိုးနွယ်စုတို့နှင့် ပတ်သက်၍ ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ 'ထိုသူတို့သည် အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များ ရရှိသောအချိန်၌တွင်လည်း ကောင်းသော အခြေအနေတွင် မရှိပေ။ ၎င်းတို့အားလုံးသည် မုရှ်ရစ်က်နှင့် ကာဖိရ်တို့သာ ဖြစ်သည်။ သို့သော် ကျေးဇူးတော်များ ရရှိပြီးသည့်နောက် ထိုသူတို့သည် မိမိတို့၏ မကောင်းသော ကျင့်စဉ်များတွင်လည်းကောင်း၊ ဆိုးသွမ်းမှုများတွင်လည်းကောင်း ပထမထက်ပင် ပို၍ ထက်သန်စွာ ပြုလုပ်လာကြသည်။

ဖိရ်အောင်န်မျိုးနွယ်စုက ဗနီအိဇ္စရာအီးလ်မျိုးနွယ်စုအပေါ် အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းမှုများ ပြုခြင်းကို စတင်ခဲ့သည်။ တစ်ဖန် ဟဇရသ်မူစာ عليه السلام နှင့် ယှဉ်ပြိုင်ဆန့်ကျင်မှု ပေါ်ပေါက်လာခဲ့သည်။ ၎င်းသည် ဖိရ်အောင်န်၏ မကောင်းသော ပြစ်မှုများထဲမှ ပြစ်မှုတစ်ခု တိုးပွားလာခြင်းသာ ဖြစ်သည်။ ဤအတွက်ကြောင့် ထိုသူတို့က မိမိ၏ အခြေအနေထက် ပို၍ မကောင်းမှုဘက်သို့ ပြောင်းလဲခဲ့လေသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည်လည်း မိမိ၏ ကျေးဇူးတော်ကို စက်ဆုပ်ဖွယ်ရာအဖြစ်လည်းကောင်း၊ 'အဇားဗ်'အပြစ်ဒဏ်အဖြစ် ပြောင်းလဲပေးလိုက်၏။ ဤကဲ့သို့ပင် မက္ကာဟ်သားကိုရိုက်ရ်တို့သည် မုရှ်ရစ်က်အဖြစ်နှင့် မကောင်းသော ကျင့်စဉ်တွင် ရှိလေသည်။ သို့သော် ထိုမကောင်းမှုနှင့်အတူ အချို့သော ကောင်းမှုကျင့်စဉ်များဖြစ်သည်။ ငြိမ်းချမ်းရေးရယူခြင်း၊ ဧည့်ဝတ်ပြုခြင်း၊ ဟာဂျီများကို ပြုစုခြင်းနှင့် 'ကအ်ဗာဟ်'ကျောင်းတော်ကို ဂုဏ်ပေးလေးစားခြင်း စသည်တို့ကိုလည်း ပြုဆောင်ကြ၏။ အလ္လာဟ်အသျှင်မြတ်က ထိုသူတို့အပေါ် တစ်လောကလုံးတွင် ကျေးဇူးတော်များ ချပေးလိုက်လေသည်။ ဒုန္နယာလောကတွင် ထိုသူတို့၏ ရောင်းဝယ်ဖောက်ကား

ရှုကို အောင်မြင်မှုပေးခဲ့လေသည်။ ကုန်သည်အုပ်စု ငြိမ်းချမ်းစွာဖြင့် သွားလာမှုခက်ခဲသော တိုင်းပြည်တွင် ထိုသူတို့၏ ကုန်သည်အုပ်စုသည် ဆီးရီးယားနှင့် ယမန်နိုင်ငံသို့ သွားရောက်၍ အောင်မြင်ခဲ့ကြောင်းကို ကျမ်းမြတ်ကုရ်အာန်၏ 'ရှုရာဟ်လေအီလာဖ်' ၏

رِحْلَةَ الشِّتَاءِ وَالصَّيْفِ

ဟူသော အာယသ်တော်တွင် ဖော်ပြထား၏။

သာသနာတော်နှင့် ပတ်သက်၍ ထိုကြီးကျယ်သော ကျေးဇူးတော်အား ၎င်းတို့အား ချီးမြှင့်ခဲ့၏။ ၎င်းသည် ရှေးယခင်မည်သည့်မျိုးနွယ်စုကိုမျှ ဤသို့ ကျေးဇူးမရရှိခဲ့ပေ။ တမန်တော်မြတ် ﷺ ကို ၎င်းတို့ထံမှ မွေးဖွားသန့်စင်စေခဲ့ပြီး အလ္လာဟ်အသျှင်မြတ်၏ နောက်ဆုံးကျမ်းမြတ်ကုရ်အာန်ကို ၎င်းတို့ထံ ပို့ခဲ့လေသည်။ သို့သော် ထိုသူတို့က အလ္လာဟ်အသျှင်မြတ်၏ ဤသို့ ကျေးဇူးတော်များ၏ ကျေးဇူးတရား သိတတ်မှုနှင့် တန်ဖိုးထားမှုတို့ဖြင့် မိမိတို့၏ မကောင်းသော အခြေအနေများကို ပြုပြင်မှုမပြုဘဲ ပထမထက်ပင် ပို၍ ဆိုးသွမ်းကြလေသည်။ ငြိမ်းချမ်းရေးကို လွတ်၍ မွတ်စ္စလင်မ်ဖြစ်ရှိလာသော ညီအစ်ကို၊ မောင်နှမများအပေါ် တိရစ္ဆာန်များကဲ့သို့ ညှဉ်းပန်းမှုပြုကြသည်။ ဩဇိဝတ်ကျေပွန်ရမည့်အစား ထိုသို့ မွတ်စ္စလင်မ်များအပေါ် စားနပ်ရိက္ခာ ပိတ်ပင်ရန် စာချုပ်တစ်ခု ချုပ်ဆိုခဲ့ကြ၏။ ဟာဂျီများကို မပြုစုဘဲနှင့် မွတ်စ္စလင်မ်များကို 'အလ္လာဟ့်ဗိုင်သွလ္လာဟ်' သို့ ဝင်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်ခဲ့ကြ၏။ ဤသည် ထိုကာဖိရ် ကိုရိုက်ရှ်များ၏ ပြောင်းလဲခဲ့ကြသော အခြေအနေပင် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က မိမိ၏ ကျေးဇူးတော်များကို စက်ဆုပ်ဖွယ်ရာလည်းကောင်း၊ 'အဇာဗ်'ပြစ်ဒဏ်အဖြစ်လည်းကောင်း ပြောင်းလဲ ပေးလိုက်လေသည်။ ထိုသူတို့သည် ဒွန္နယာလောက၌ပင် သေးသိမ်သူဖြစ်ပြီး ၎င်းတစ်လောကလုံးအတွက် သနားကြင်နာမှု ယူဆောင်လာတော်မူသောသူ၏ အကြောင်းခံဖြင့် ထိုသူတို့သည် မိမိ၏ သေမင်းကို ဖိတ်ခေါ်လိုက်လေသည်။

သမ်မီရ်မဇ္ဇဟရီကျမ်း၌ ယုံကြည်စိတ်ချရသော သမိုင်းပညာရှင်များ၏ အကိုးအကားဖြင့် ရေးသားထားသည်မှာ 'ကိလာဗ်ဗင်န်မုရ်ရာဟ်' ၎င်းသည် တမန်တော်မြတ် ﷺ ၏ မျိုးနွယ်စုမှဖြစ်ပြီး ကိုယ်တော်မြတ်၏အထက် တတိယအဆက်၏ အဖိုးဖြစ်သည်။ ၎င်းသည် တမန်တော်အိဗ္ဗရာဟီးမ် ﵇ နှင့် တမန်တော်အိစ္စမာအီးလ် ﵇ တို့၏ သာသနာတွင် ရှိပြီး ၎င်းသာသနာပေါ်တွင် ကျင့်ကြံသူဖြစ်သည်။ မျိုးရိုးစဉ်ဆက်မပြတ် ထိုသာသနာအပေါ် ဦးဆောင်ဦးရွက်ပြု၍ ၎င်းသာသနာ၏ လုပ်ဆောင်ချက်တိုင်းသည် ထိုသူ၏ ထိုသူများ၏ လက်ဝယ်၌ရှိခဲ့၏။ ကုဆိုင်ဗ်ဗင်န်ကိလာဗ်၏ ခေတ်သမယ၌ ထိုသူများထဲတွင် ရုပ်တုများကို ကိုးကွယ်မှု စတင်ပေါ်ပေါက်ခဲ့သည်။ ထို့ထက်အလျင် ကအဗ်ဗင်န်လဝီးသည် ထိုသူ၏ သာသနာတွင် ခေါင်းဆောင်ဖြစ်၏။ သောကြာနေ့ကို ထိုသူတို့၏ ဘာသာစကားတွင် 'အွရ်ဝိယာ' ဟု ခေါ်ဆိုပေသည်။ အားလုံးသော သူများကို စုရုံး၍ 'ခွသ်ဗာဟ်' ပေး တင်ပြမှု ပြုလေသည်။ ၎င်းတင်ပြမှုမှာ ကျွန်ုပ်တို့၏ သားစဉ်မြေးဆက်မှ နောက်ဆုံးနဗီ ပေါ်ပေါက်မည်။ အသင်တို့အားလုံးသည် ထိုနဗီ၏ နောက်လိုက်ဖြစ်ရန် အရေးကြီးသည်။ အကြင်သူသည် ထိုနောက်ဆုံးနဗီအပေါ် အီမာန်မယုံမကြည်သော် ထိုသူ၏ မည်သည့်

'အမလ်' ကျင့်စဉ်မှ လက်ခံလိမ့်မည်မဟုတ်ပေ။ တမန်တော်မြတ် ﷺ နှင့် ပတ်သက်၍ ထိုသူတို့၏ အာရဗီကဗျာဆရာများထံတွင် သိရှိကျော်ကြား၏။ ကုရိုင်ဗင်နီကိလာဗ်တို့သည် အားလုံးသော ဟာဂျီများအတွက် အစားအသောက်နှင့် ရေကို စီစဉ်မှုပြုပေးလေသည်။ ဤမျှတိုင် ဤသို့ လုပ်ဆောင်ချက်တို့သည် တမန်တော်မြတ် ﷺ ၏ မျိုးနွယ်စုတို့မှ တမန်တော်မြတ် ﷺ ၏ ခေတ်ကာလထိ ဆောင်ရွက်လျက်ရှိသည်။ ဤသမိုင်းဝင်ရှင်းလင်းချက်ဖြင့် ဤသို့လည်း ပြောဆိုနိုင်ပေသည်။ ကိုရိုက်ရှ်တို့၏ ပြောင်းလဲနေသော အခြေအနေသည် အိဗ္ဗရာဟီးမ် عليه السلام ၏ သာသနာတော်ဇာတ်လွှတ်၍ ရုပ်တုကိုးကွယ်မှုကို ရွေးချယ်ခြင်း၏ အလိုသဘောဖြစ်သည်။

သို့ရှိရာ အာယသ်တော်ပါ အကြောင်းအရာဖြင့် ဤသို့ သိရှိရသည်မှာ အချို့သောအချိန်တွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ကို ဤကဲ့သို့သောသူအချို့ကို ချီးမြှင့်ပေးခဲ့လေသည်။ အကြင်သူသည် မိမိ၏ ကျင့်စဉ်ဖြင့် ထိုကျေးဇူးတော်နှင့် ထိုက်သက်သူမဟုတ်ပေ။ သို့သော် ၎င်းကျေးဇူးတော် ချီးမြှင့်ပေးသည့်နောက် အကယ်၍ ထိုသူသည် မိမိ၏ ကျင့်စဉ်သည် ပြုပြင်၍ မှန်ကန်သောဘက်မှ လျှောက်လှမ်းမှုမပြုဘဲ မကောင်းသော ကျင့်စဉ်ဘက်တွင် သာပို၍ လုပ်ဆောင်လာပါသော် ဤကျေးဇူးတော်များကို ထိုသူ၏ထံမှ ပြန်လည်သိမ်းပိုက်ခြင်းခံရပြီး ၎င်းသည် အပြစ်ဒဏ်ခတ်မှုကို ခံထိုက်သူ ဖြစ်သွားပေမည်။

နောက်ဆုံးအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

إِنَّ اللَّهَ سَمِيعٌ عَلِيمٌ

အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ စကားပြောဆိုမှုတိုင်းကို ကြားတော်မူသောအသျှင်၊ ထိုသူတို့၏ အားလုံးသော ကျင့်စဉ်လုပ်ဆောင်ချက်တို့ကို သိရှိတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ ထိုကြားသိမှုထဲတွင် အမှားအယွင်းနှင့် မှားယွင်းမှု၏ သံသယမှ ကင်းရှင်းလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

كَدَأْبِ آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ كَذَّبُوا بِآيَاتِ رَبِّهِمْ فَأَهْلَكْنَاهُم
بِذُنُوبِهِمْ وَأَغْرَقْنَا آلَ فِرْعَوْنَ وَكُلٌّ كَانُوا ظَالِمِينَ ﴿٥٤﴾

၈ : ၅၄ ။ ။ (မိမိတို့၏ အခြေအနေကို ပြောင်းလဲရာတွင် ထိုကာဖိရ်တို့၏ အခြေအနေသည်ကား) ဖိရ်အောင်န်၏ အခြွေအရံများနှင့် ၎င်းတို့အလျင် ရှိခဲ့ကြသော သူတို့၏ အခြေအနေကဲ့သို့ပင် ဖြစ်ပေသည်။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ၎င်းတို့အား ဖျက်ဆီးတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ဖိရ်အောင်န်၏ အခြွေအရံများကို နစ်မြုပ်စေတော်မူခဲ့သည်။ အမှန်စင်စစ် ၎င်းတို့အားလုံးသည်ပင် မတရားကျူးလွန်သူများ ဖြစ်ခဲ့ကြကုန်သည်။

إِنَّ شَرَّ الدَّوَابِّ عِندَ اللَّهِ الَّذِينَ كَفَرُوا فَهُمْ لَا يُؤْمِنُونَ ﴿٥٥﴾

၅၅ ။ ။ မုချစေကန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ အဆိုးဆုံးသော သတ္တဝါများသည် (ဤအမှန်တရားကို ရှုကြည့်လက်ခံခြင်းမှ) မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြသော အကြင်သူများပင် ဖြစ်ကြသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် အက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

الَّذِينَ عَاهَدتَّ مِنْهُمْ ثُمَّ يَنقُضُونَ عَهْدَهُمْ فِي كُلِّ
مَرَّةٍ وَهُمْ لَا يَتَّقُونَ ﴿٥٦﴾

: ၅၆ ။ ။ အသင်သည် ၎င်း (ကာဖိရ်) များထံမှ (ကြိမ်ဖန်များစွာ) ပဋိညာဉ်ဝန်ခံချက် ယူခဲ့ပြီးဖြစ်သည်။ သို့ပါလျက် (နောက်ပိုင်းတွင်) ၎င်းသူတို့သည် မိမိတို့၏ ပဋိညာဉ်ဝန်ခံချက်ကို အကြိမ်တိုင်း ဖောက်ဖျက်ခဲ့ကြလေသည်။ အမှန်စင်စစ် ထိုသူတို့သည် (အသျှင်မြတ်အား) ကြောက်ရွံ့ကြသည် မဟုတ်ပေ။

فَإِمَّا تَثْقَفَنَّهُمْ فِي الْحَرْبِ فَشَرِّدْ بِهِم مَّنْ خَلْفَهُمْ لَعَلَّهُمْ يَذَّكَّرُونَ ﴿٥٧﴾

၈ : ၅၇ ။ ။ သို့ဖြစ်ပေရာ အကယ်၍ အသင်သည် ၎င်းတို့အား စစ်ပွဲတွင် (လက်ရ) ဖမ်းမိခဲ့သည်ရှိသော် အသင်သည် ၎င်းတို့အား ၎င်းတို့၏ အပြင် (နောက်) ၌ ရှိကြကုန်သော အခြား (ရန်သူ) တို့အား ဖရိုဖရဲ ကစဉ့်ကလျားဖြစ်အောင် ပြုလုပ်ပါလေ။ သို့မှသာလျှင် ၎င်းတို့သည် သတိ (သံဝေဂနောင်တ) ရရှိကြပေမည်။

وَإِمَّا تَخَافَنَّ مِن قَوْمٍ
خِيَانَةً فَانبِذْ إِلَيْهِمْ عَلَىٰ سَوَاءٍ ۚ إِنَّ اللَّهَ لَا يُحِبُّ الْخَائِنِينَ ﴿٥٨﴾

၈ : ၅၈ ။ ။ ထို့ပြင် အကယ်၍ အသင်သည် လူမျိုးတစ်မျိုးထံမှ သစ္စာဖောက်ဖျက်မည်ကို စိုးရိမ်ရပါလျှင် အသင်သည် (၎င်းတို့နှင့် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်ကို) ၎င်းတို့ထံ ပြန်လည်၍ အပ်လိုက်ပါလေ။ (စာချုပ်ရုပ်သိမ်းပြီးဖြစ်ကြောင်း သိရှိရာ အသင်နှင့် ၎င်းတို့သည်) တန်းတူဖြစ်ရှိသွားမည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သစ္စာဖောက်ဖျက်သူတို့ကို (လုံးဝ) နှစ်သက်တော်မူသည် မဟုတ်ချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(သို့ရှိရာ ထိုလုပ်ဆောင်ချက် အပြောင်းအလဲတွင်လည်း) ဖိရ်အောင်န်၏ အခြွေအရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း၏အလျင်က ရှိခဲ့ကြသော သူတို့၏ အခြေအနေကဲ့သို့လည်းကောင်း ဖြစ်ရှိခဲ့၏။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မယုံမကြည် ငြင်းပယ်ခဲ့ကြသည်။ ထို့နောက် ငါအလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား (ထို) သူတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီးကွပ်မျက်တော်

မူခဲ့လေသည်။ ထိုထဲမှ ဖိရ်အောင်နှ်၏ အခြွေအရံတို့ကို ဖျက်ဆီးခဲ့ပေသည်။ (ထိုသူတို့ကို) နှစ်မြုပ်စေတော်မူခဲ့လေသည်။ ၄င်း (ဖိရ်အောင်နှ်၏ အခြွေအရံများနှင့် ၄င်း၏အလျှင် ရှိသောသူ) အားလုံးတို့သည် ပြစ်မှုဒုစရိုက်ကျူးလွန်သူများဖြစ်ခဲ့ကြသည်။ မလွဲဧကန် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အဆိုးဆုံးသော သတ္တဝါတို့သည်ကား ဤမယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့ပင် ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဤသို့သောသူတို့သည်) အီမာန်သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

ထိုသူတို့သည် ဤကဲ့သို့သော အခြေအနေတွင် ဖြစ်သည်။ အသင်သည် ၄င်းကာဖိရ် (တို့ထံမှ ကြိမ်ဖန်များစွာ) ကတိဝန်ခံချက် ရယူခဲ့ပြီးဖြစ်သည်။ (သို့သော်) တစ်ဖန် (နောက်ပိုင်းတွင်) ၄င်းသူတို့သည် (ကတိဝန်ခံချက် ဖောက်ဖျက်၍လည်း) ကြောက်ရွံ့ကြမည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အကယ်၍ အသင်သည် ၄င်းတို့အား စစ်ပွဲတွင် ဖမ်းမိခဲ့သည်ရှိသော် (ဤသူတို့ကို အသင်သည် လက်ရဖမ်းဆီးမိခဲ့သည်ရှိခဲ့ပါသော်) အသင်တို့သည် ၄င်းတို့အား ၄င်းတို့၏ အပြင် (အခြား) ၌ ရှိကြသောသူတို့အား ဖရိုဖရဲ ကစဥ့်ကလျားဖြစ်အောင် ပြုလုပ်ကြပါလေ။ သို့မှသာလျှင် ၄င်းတို့သည် သတိရရှိကြပေမည်။ အဘယ်ကြောင့်ဆိုသော် ကတိဝန်ခံချက်ကို ချိုးဖောက်သူတို့သည် ဤသို့ အပြစ်ဒဏ်ခံရမည်ဖြစ်သည်။ ငါသည် ဤသို့ မဆောင်ရွက်ခဲ့ပေ။ ဤအမိန့်သည် ထိုအချိန်အခါမှ ဖြစ်သည်။ မည်သည့်အခါ ထိုသူတို့သည် ကတိဝန်ခံချက်ကို ပေါ်လွင်စွာ ချိုးဖောက်ကြသည်။) ထို့နောက် အကယ်၍ (ယခုထက်တိုင် ပေါ်လွင်စွာ မချိုးဖောက်ခဲ့သော်လည်း) အသင်သည် လူမျိုးတစ်မျိုးထံမှ (ကတိသစ္စာ ဖောက်ဖျက်) မည်ကို စိုးရိမ်မကင်း ဖြစ်ပါက (အခွင့်ရှိပေသည်။ ၄င်းသည်ကား) အသင်သည် ၄င်းတို့နှင့် ချုပ်ဆိုထားသော ကတိစာချုပ်ကို ၄င်းတို့ထံ ပြန်လည်၍ အပ်ပါလေ။ အလိုသဘောမှာ ဤကဲ့သို့ ထိုစာချုပ်ရှိမနေကြောင်းကို အကြောင်းကြားလိုက်ပါလေ။ အသင်နှင့် ထိုသူတို့သည် (ဤသို့ အကြောင်းကြားခြင်းဖြင့်) တန်းတူဖြစ်ရှိသွားမည်။ (ဤကဲ့သို့ အသိပေး အကြောင်းကြားခြင်းမရှိဘဲ) တိုက်ခိုက်ခြင်းသည် 'ခယာနသ်' (ကတိသစ္စာဖောက်ခြင်း ဖြစ်သည်) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သစ္စာဖောက်ဖျက်သူတို့အား လုံးဝ နှစ်သက်တော်မူမည် မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်များမှ ပထမဆုံးအာယသ်တော်၏ အကြောင်းအရာများသည်လည်းကောင်း၊ စာသားများသည်လည်းကောင်း ပြီးဆုံးခဲ့သော အာယသ်တော်ထဲမှ ပထမအာယသ်တော်၌ လာရှိခဲ့ပြီးဖြစ်၏။

كَدَاْبِ اٰلِ فِرْعَوْنَ وَالَّذِيْنَ مِنْ قَبْلِهِمْ كَفَرُوْا بِاٰيٰتِ اللّٰهِ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ

သို့သော် အကြောင်းအရာ၏ ရည်ညွှန်းချက်သည် အာယသ်တော်နှစ်ခုစလုံးတွင် သီးခြားစီ ဖြစ်သည်။ ပထမအာယသ်တော်တွင် လာရှိသည့် အကြောင်းအရာ၏ ရည်ရွယ်ချက်မှာ ထိုသူတို့၏ ညည်းပန်းမှုက ၄င်းတို့၏ 'အဇာဗ်' ပြစ်ဒဏ်ခံရမှု၏ အကြောင်းခံဖြစ်သည်။ ထို့ပြင် ဤအာယသ်တော်၏ ရည်ရွယ်ချက်မှာ

အလ္လာဟ်အသျှင်မြတ်၏ အမျှားနှင့် သက်ဆိုင်သည့် ဥပဒေတစ်ခု ရှိသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူမျိုးတစ်မျိုးအပေါ် ကျေးဇူးတော်များကို ချပေးထားလေသည်။ ၎င်းသူတို့သည် ထိုကျေးဇူးတော်များ၏ တန်ဖိုး မသိရှိခဲ့ပါ။ အလ္လာဟ်အသျှင်မြတ်ကို ဦးညွတ်မှုမပြုခဲ့သည့်အပေါ် ထိုသူတို့၏ ကျေးဇူးတော်များကို စက်ဆုပ်ဖွယ်ရာ ပြစ်ဒဏ်နှင့် ဒုက္ခဘေးများဖြင့် ပြောင်းလဲပေးလိုက်လေသည်။ ဖိရ်အောင်န်၏ မျိုးနွယ်စုနှင့် ၎င်းထက်အလျင် မျိုးနွယ်စုတို့ကလည်း အသျှင်မြတ်၏ ကျေးဇူးတော်များကို တန်ဖိုးမထားခဲ့သော် ထိုသူတို့ထံမှ ၎င်းကျေးဇူးတော်များကို ရုပ်သိမ်းလိုက်ပေမည်။ ထို့ပြင် ကျေးဇူးတော်များ၏ အစား 'အစားဗ်'ပြစ်ဒဏ်ခတ်ခြင်း ခံရလေသည်။ အချို့သော စာလုံးများဖြင့် အချို့သော ကွာခြားမှုဟူ၍ သီးသန့်ခြားနားသော ညွှန်ပြမှု အဓိပ္ပါယ်ရှိထားသည်။ ဥပမာ- ပထမအာယသ်တော်တွင် كَفَرُوْا بِاٰيٰتِ اللّٰهِ ဟူသော စာလုံးဖြစ်၍ ဒုတိယအာယသ်တော် (ဤနေရာ) တွင် بِاٰيٰتِ رَبِّهِمْ ဟူသော စာလုံးဖြစ်သည်။ اللّٰهُ ဟူသော စာလုံးကို အသုံးမပြုဘဲ 'မွေးဖွားသည်'စာလုံးဖြစ်သော رب ဟူသော စာလုံးကို အသုံးပြု၍ ညွှန်ပြထားလေသည်။ ဤသူတို့သည် အလွန်ဆိုးသွမ်းသောသူများ၊ လမ်းမှားရောက်ရှိသောသူများ ဖြစ်ကြ၏။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ ကျွေးမွေးစောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုသူတို့၏ အစတည်ရှိသည့် အချိန်မှစ၍ ယနေ့လက်ရှိ အခြေအနေအထိ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်အတွင်းတွင် ရှိပြီး ထိုအထဲမှပင်လျှင် ကျွေးမွေးစောင့်ရှောက်မှု ရရှိမည်။ ထိုအသျှင်မြတ်၏ အာယသ်တော်များကို မယုံမကြည် ငြင်းပယ်ခဲ့ကြလေသည်။

ပထမအာယသ်တော်တွင် فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ ဟု မိန့်တော်မူထားသည်။ ဤနေရာတွင် فَاَهْلَكْنٰهُمْ بِذُنُوْبِهِمْ ဟူ၍ အဓိပ္ပါယ်ရှိပေသည်။ ထိုထဲတွင် ဤတင့်တယ်လှပစွာဖြင့် 'သဖ်စီးလ်'နှင့် 'သက်ရ်ရီ' (ရှင်းလင်းတင်ပြမှု) ဖြစ်ရှိသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပထမအာယသ်တော်တွင် ထိုသူတို့ကို ပြစ်ဒဏ်ကျရောက်ခြင်း၏ အကြောင်းအရာကို တင်ပြထားလေသည်။ ၎င်းဖြင့် ပုံစံအမျိုးမျိုးဖြစ်နိုင်ပေသည်။ အသက်ရှင်ကျန်ရှိနေပါမူ ဒုက္ခများတွင် ကျရောက်စေမည်။ သို့မဟုတ် အစကနဦးမှ ၎င်းတို့၏ တည်ရှိမှုကို အဆုံးသတ်စေမည်။ ဤအာယသ်တော်၌ اَهْلَكْنٰهُمْ အဓိပ္ပါယ်ရှိ၍ ရှင်းလင်းတင်ပြထားလေသည်။ ထိုအားလုံးသော မျိုးနွယ်စုတို့၏ ပြစ်ဒဏ်ချမှတ်မှုသည် ၎င်းတို့အားလုံးကို ဖျက်ဆီးပစ်တော်မူသည်။ လူမျိုးစုတိုင်း၏ ပျက်စီးမှုပုံစံသည် ကွဲလွဲသော ပုံသဏ္ဍာန်ဖြင့် ပေါ်လွင်စေ၏။ ထိုထဲမှ ဖိရ်အောင်န်သည် မိမိကိုယ်မိမိ 'ခိုဒါ'ဟု ကြွေးကြော်သူဖြစ်သည်။ ၎င်း၏ လူမျိုးတို့သည် ၎င်းတို့ ထောက်ခံကြလေသည်။ ဤအတွက်ကြောင့် ၎င်းတို့၏ အကြောင်းအရာကို သီးသန့်တင်ပြထားလေသည်။

وَاَغْرَقْنَا اٰلَ فِرْعَوْنَ

အလိုသဘောမှာ 'ငါအသျှင်မြတ်သည် ဖိရ်အောင်န်၏ မျိုးနွယ်စုကို နစ်မြုပ်လိုက်လေသည်။ အခြားသော မျိုးနွယ်စုတို့၏ ပျက်စီးသည့် ပုံသဏ္ဍာန်သည် ဤနေရာတွင် တင်ပြထားခြင်းမရှိပေ။ အခြား အာယသ်

တော်တွင် ၎င်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းချက် ရှိလေ၏။ အချို့သော သူတို့အပေါ်တွင် လျှောင်ဘေး ကျရောက်စေ၍ အချို့ကို မြေမြိုသော အပြစ်ဒဏ်ပေးခဲ့လေသည်။ အချို့သူတို့၏ ပုံသဏ္ဍာန်သည် ကောင်းသောအခြေအနေမှ မကောင်းသော အခြေအနေသို့ ပြောင်းလဲပေးလိုက်လေသည်။ အချို့အပေါ်တွင် လေပြင်းမုန်တိုင်း တိုက်ခိုက်ခတ်မှုတွင် ကျရောက်စေ၏။ နောက်ဆုံးတွင် မက္ကာဟ်သား မုရှ်ရစ်က်တို့၏အပေါ်တွင် 'ဗဒရ်' စစ်ပွဲတွင် မွတ်စ္စလင်မ်တို့၏ လက်ချက်ဖြင့် ပြစ်ဒဏ်ကျရောက်စေခဲ့သည်။

အခြားအာယသ်တော်တွင် ထိုကာဖိရ်များနှင့် ပတ်သက်၍ အမိန့်ရှိသည်မှာ-

اِنَّ شَرَّ الدَّوَآبِّ عِنْدَ اللّٰهِ الَّذِيْنَ كَفَرُوْا

ဟု လာရှိရာ ထိုအာယသ်တော်ထဲမှ دوابّ စာလုံးသည် دابة ၏ အများကိန်းဖြစ်သည်။ ၎င်း၏ အဘိဓါန်အဓိပ္ပာယ်မှာ 'မြေပြင်ပေါ်တွင် လျှောက်သောသူ' ဟု ဖြစ်သည်။ ဤအတွက်ကြောင့် လူသားနှင့် အခြားသော တိရစ္ဆာန်များသည် မြေပြင်ပေါ်တွင် လျှောက်လှမ်းသွားလာကြလေရာ အားလုံးသည် ဤစာလုံးထဲတွင် ပါဝင်သည်။ သို့သော် အများအခေါ်အဝေါ် အသုံးအနှုန်းတွင် ထိုစာလုံးသည် ခြေလေးချောင်းတိရစ္ဆာန်များအတွက် သီးသန့် အသုံးပြုကြ၏။ ထိုသူတို့၏ အခြေအနေမှာ အသိဉာဏ်မဲ့မှုတွင် တိရစ္ဆာန်များထက်ပင် သာပို၍ နိမ့်ကျလေသည်။ ဤအတွက်ကြောင့် ဖော်ပြပါစာလုံးဖြင့် သုံးနှုန်းပြောဆိုခြင်း ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ရှင်းလင်းနေသည်။ အားလုံးသော တိရစ္ဆာန်နှင့် လူသားတို့တွင် အားလုံးထက် အဆိုးဆုံးသော သတ္တဝါသည် ဤသူတို့သာ ဖြစ်သည်။ နောက်ဆုံးအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

فَهُمْ لَا يُؤْمِنُوْنَ

အလိုသဘောမှာ 'သို့ရှိရာ ဤသူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ပေ။' ဆိုလိုသည်မှာ ထိုသူတို့က မိမိတို့အား ချီးမြှင့်ထားသော အရာများနှင့် ထိုက်တန်မှုများကို ဖျက်ဆီးလိုက်ကြလေသည်။ ခြေလေးချောင်းသတ္တဝါများကဲ့သို့ နေထိုင်စားသောက်၊ သွားလာလှုပ်ရှားမှုတို့ကိုသာ သက်တမ်း၏ အဓိကအဖြစ် ပြုလုပ်နေထိုင်ကြလေသည်။ ဤအတွက်ကြောင့် ထိုသူတို့သည် အီမာန်၏ လမ်းစသို့ ရောက်ရှိကြမည့်သူများ မဟုတ်ပေ။

ဟဇရသ်စအီးဒ် ဗင်န် ဂျူဗိုင်ရ် (ရဟ) မှ အမိန့်ရှိသည်မှာ ဤအာယသ်တော်သည် ယဟူဒီ (၆) ဦးနှင့် ပတ်သက်၍ ကျရောက်သော အာယသ်တော်ဖြစ်သည်။ ၎င်းတို့နှင့် ပတ်သက်၍ အဆုံးတိုင် အီမာန် ယူသောသူများ မဟုတ်ကြောင်းကို အလ္လာဟ်အသျှင်မြတ်က ကြိုတင် သတင်းပေးခဲ့သည်။

ထိုစာလုံးတွင် ထိုသူတို့ကို ပြစ်ဒဏ်ချမှတ်မှုမှာ ပလပ်ခွင့်ပြုခြင်းကို လက်ခံခြင်းဖြစ်သည်။ စင်စစ် ၎င်းတို့သည် ထိုအခါ ကာဖိရ်များနှင့်အတူ ရှိပြီး မွတ်စ္စလင်မ်များနှင့် ဆန့်ကျင်သော လုပ်ငန်းတိုင်းတွင် လုံးပန်း ပါဝင်ကြသည်။ သို့သော် နောင်အခါတွင် အစ္စလာမ်လက်ခံ၍ မိမိ၏ မှားယွင်းခဲ့သော လုပ်ဆောင်ချက်များကို 'သောင်ဗာဟ်' အမှားဝန်ချမှု ပြုပေမည်။ သို့ရှိရာ ဤသို့ပင် ဖြစ်သွားပေသည်။ ၎င်းတို့ထဲမှ

မြောက်မြားစွာသော လူအုပ်စုသည် မွတ်စ္စလင်မ်ဖြစ်ရုံသာမက ကိုယ်တိုင် သူမွန်သူမြတ်နှင့် 'သဟ္ဗာဝါ' ရှောင်ကြဉ်ရန် လမ်းစရှာပေးသူများ ဖြစ်ရှိသွားသည်။

တတိယအာယသ်တော်

اَلَّذِيْنَ عَاهَدْتَّ مِنْهُمْ ثُمَّ يَنْقُضُوْنَ عَهْدَهُمْ فِيْ كُلِّ مَرَّةٍ وَّهُمْ لَا يَتَّقُوْنَ

ဤအာယသ်တော်သည် မဒီနာမြို့ရှိ ယဟူဒီ၊ ဗနူကုရိုက်ဇာနှင့် ဗနူနဒီးရ်တို့နှင့် ပတ်သက်လေသည်။ ပြီးခဲ့သော အာယသ်တော်များတွင် မက္ကာဟ်သား မုရှ်ရစ်က်များအပေါ် ဗဒရ်စစ်ပွဲတွင် မွတ်စ္စလင်မ်တို့၏ လက်ချက်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ကျရောက်ခြင်းကိုလည်းကောင်း လွန်လေပြီးသော အွမ္မသ်သားများ၊ ကုဖွရ်နှင့် ၄င်းတို့နှင့် ပတ်သက်၍ နှိုင်းယှဉ်မှုများကိုလည်းကောင်း တင်ပြထား၏။ ဤအာယသ်တော်တွင် ထို 'မွာလင်မ်' ညှဉ်းပန်းသူများ၏ အကြောင်းအရာကို တင်ပြထား၏။ ထိုသူတို့သည် မဒီနာမြို့သို့ ဟိဂျ်ရသ်ပြောင်းရွှေ့ပြီးသည့်နောက် မွတ်စ္စလင်မ်များအတွက် မိမိကိုယ်ကို မိမိ အဆုံးစီရင်ခြင်း ဖြစ်သည်။ ဤသူတို့သည် တစ်ဖက်တွင် မွတ်စ္စလင်မ်တို့ဖြင့် ငြိမ်းချမ်းရေးရယူပြီးဟု ကြွေးကြော်ကြ၍ အခြားတစ်ဖက်တွင် မုရှ်ရစ်က်များနှင့်အတူ မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်သော လုပ်ဆောင်ချက်များတွင် အတူပါဝင်ခဲ့ကြသည်။ ဤသူတို့သည် ယဟူဒီအနွယ်ဝင်များ ဖြစ်ကြသည်။ ထို့ပြင် မုရှ်ရစ်က်တို့အနက် မွတ်စ္စလင်မ်များနှင့် ဆန့်ကျင်မှုတွင် အဘူဂျဟလ်သည် ခေါင်းဆောင်တစ်ဦးဖြစ်သကဲ့သို့ မဒီနာ၏ ယဟူဒီတို့တွင် ကအဗ်ဗင်နအရှ်ရဖ်သည် ခေါင်းဆောင်ဖြစ်သည်။

တမန်တော်မြတ် ﷺ ဟစ်ဂျ်ရသ်ပြုပြီး မဒီနာသို့ ပြောင်းရွှေ့ပြီးသည့်နောက် မွတ်စ္စလင်မ်များ တိုးတက်များပြားလာခြင်းကို တွေ့လျက် ထိုသူတို့သည် အနည်းငယ် လျော့ဆင်းသွားသော်လည်း စိတ်နှလုံးတွင် အစ္စလာမ်၏ ဆန့်ကျင်သော လုပ်ဆောင်ချက်များသည် ကိန်းအောင်းလျက်ရှိသည်။

အစ္စလာမ့်ဥပဒေဖြင့် အုပ်ချုပ်မှုသည် မည်သို့တိုင် ဖြစ်နိုင်စေပါမူ မဒီနာရှိ ယဟူဒီများကို ကတိဝန်ခံချက်တစ်ခုခုဖြင့်သာ ထားရှိလေသည်။ သို့မှသာလျှင် ထိုသူတို့သည် မက္ကာဟ်သူ မက္ကာဟ်သားတို့အား အကူအညီမပေးနိုင်ကြမည် ဖြစ်သည်။ ယဟူဒီများသည်လည်း မိမိတို့ အင်အားနည်းပါးမှုကြောင့် ထိုအချက်ကိုသာ လိုလားကြသူများ ဖြစ်သည်။

အစ္စလာမ့်အုပ်ချုပ်မှု၏ အစပထမ လုပ်ဆောင်ချက်

အစ္စလာမ်၏ လူမျိုးရေး ။ ။ တမန်တော်မြတ် ﷺ သည် မဒီနာမြို့တော်သို့ ရောက်ရှိ၍ ဦးစွာပထမ အစ္စလာမ့်အုပ်ချုပ်မှု ဥပဒေအခြေခံ အုတ်မြစ်အဖြစ် မဒီနာမြို့ကို ပြုလုပ်ခဲ့တော်မူသည်။ မုဟာဂျိရ်များနှင့် အန်ဆွာရ်များ၏ မွေးရပ်မြေသည် မျိုးနွယ်စုများ၏ လူမျိုးခွဲမှုများကို အဆုံးသတ်စေ၍ မျိုးနွယ်စု အသစ်တစ်ခု အနေဖြင့် အစ္စလာမ်ကို သတ်မှတ်ပေးလိုက်လေသည်။ မုဟာဂျိရ်များနှင့် အန်ဆွာရ်တို့၏ အမျိုးမျိုး သော မျိုးနွယ်စုများကို အချင်းချင်း ညီရင်းအစ်ကိုသဖွယ် ပြုပေးခဲ့သည်။ တမန်တော်မြတ် ﷺ ၏ အကြောင်းခံ

ဖြင့် အလ္လာဟ်အသျှင်မြတ်က အန်စွာရ်များ၏ အချင်းချင်း မညီမညွတ် ကွဲပြားမှုသည် နှစ်အတော်ကြာ ကပင် ဖြစ်ပေါ်လျက်ရှိသည်ကို ဝေးကွာစေ၍ အချင်းချင်းမှာ မုဟာဂျိရ်များနှင့်လည်း ညီရင်းအစ်ကိုသဖွယ် ပြုလုပ်ပေးလိုက်လေသည်။

ဒုတိယလုပ်ဆောင်ချက်

ယဟူဒီများနှင့် ကတိစာ ချုပ်ချုပ်ဆိုခြင်း ။ ။ ဤအုပ်ချုပ်မှု၏ ဒုတိယစွမ်းဆောင်ချက်မှာ ရန်သူများ၏ ဆန့်ကျင်သော အဖွဲ့နှစ်ဖွဲ့ရှိပြီး ပထမတစ်ဖွဲ့မှာ မက္ကာဟ်ရှိ မုရှ်ရိက်များဖြစ်ပြီး ၎င်းတို့အား ဒုက္ခများပေးသည့် အတွက် မက္ကာဟ်မြို့အား စွန့်လွှတ်ရန် ဖြစ်ပေါ်ခဲ့ပေသည်။ ဒုတိယအဖွဲ့သည် မဒီနာရှိ ယဟူဒီများဖြစ်သည်။ ၎င်းတို့သည် ယခု မွတ်စ္စလင်မ်များ၏ အိမ်နီးနားချင်း ဖြစ်ခဲ့လေသည်။ ထိုယဟူဒီများနှင့်အတူ ကတိစာချုပ် ပြုထားပေသည်။ ၎င်းကတိစာချုပ်ကို အကျယ်တဝင့် ရေးသားထားပေသည်။ ထိုကတိစာချုပ်ပါ အကြောင်း အရာအတိုင်း နေထိုင်ရန် မဒီနာရှိ အားလုံးသော ယဟူဒီများသည်လည်းကောင်း၊ တစ်ဖက်တွင် မုဟာဂျိရ်၊ အန်စွာရ်များ အားလုံးတို့သည်လည်းကောင်း ပါဝင်ပေသည်။ ကတိစာချုပ်ပါ အပြည့်အဝ အကြောင်းအရာ ကို အလ်ဗဒါယဟ်ဝန္နိဟာယဟ်ကျမ်း၊ အိဗ်ကစီးရ်ကျမ်းနှင့် စီရသ်အိဗ်နေဟိရှားမ် စသည့်ကျမ်းတို့တွင် အကျယ်တဝင့် တင်ပြထားသည်။ ၎င်းထဲမှ အကြီးမားဆုံးသော အကြောင်းအရာတစ်ခုမှာ အချင်းချင်း ကွဲလွဲမှု ဖြစ်ပေါ်သည့်အချိန် တမန်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်သည် အားလုံး လိုက်နာဆောင်ရွက်ရန် အရေးကြီးပေသည်။ ဒုတိယအကြောင်း အရာသည်ကား မဒီနာရှိ ယဟူဒီတို့သည် မွတ်စ္စလင်မ်များအား ဆန့်ကျင်လျက် မည်သည့်ရန်သူကိုမဆို ပေါ်လွင်ထင်ရှားစွာ (သို့) တိတ်တဆိတ် မည်သည့်အကူအညီမျိုးမှ မပေးရပေ။ သို့သော် ထိုသူတို့က 'ဗဒရ်' စစ်ပွဲတွင် ထိုကတိကို ချိုးဖောက်၍ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များအား စစ်လက်နက်နှင့် စစ်အသုံးအဆောင် ပစ္စည်းများဖြင့် အကူအညီပေးခဲ့ကြလေသည်။ သို့သော် 'ဗဒရ်' စစ်ပွဲ၏ အခြေအနေမှာ မွတ်စ္စလင်မ်များ အတိအလင်း အောင်မြင်ပြီး ကာဖိရ်များသည် ရှုံးနိမ့်သွားခဲ့သော် တစ်ဖန် ထိုသူတို့သည် ကြောက်စိတ်လွှမ်းမိုးခံရ၍ တမန်တော်မြတ် ﷺ ၏ ရှေ့မှောက်သို့ ရောက်ရှိကာ 'ဤတစ်ကြိမ် တွင် ကျွန်ုပ်တို့၏ မှားယွင်းမှုကို ခွင့်လွှတ်၍ ရှေ့တွင် ကတိချိုးဖောက်မှု ပြုလုပ်မည်မဟုတ်တော့ပါ' ဟု အကြောင်းပြုကြလေသည်။

တမန်တော်မြတ် ﷺ က အစ္စလာမ်သာသနာ၏ သည်းခံခွင့်လွှတ်မှုနှင့် သနားညှာတာမှုတို့သည် ကိုယ်တော်၏ ဓလေ့တော်ဖြစ်ခဲ့ရာ ထိုအရာအား ထောက်ထား၍ ဒုတိယအကြိမ် ကတိဝန်ခံချက်အသစ် ပြုခဲ့လေသည်။ သို့သော် ဤသူတို့သည် မိမိတို့၏ အကျင့်စရိုက်ကို မထိန်းသိမ်းနိုင်ကြပေ။ 'အုဟုဒ်' စစ်ပွဲ တွင် မွတ်စ္စလင်မ်များ၏ အစပထမပိုင်း ရှုံးနိမ့်မှုနှင့်လည်းကောင်း၊ ဆုံးရှုံးမှုအား ကြားသိရ၍ ၎င်းတို့၏ ဖွဲ့သတ္တိ တိုးပွားလာ၍ ၎င်းတို့ထဲမှ ခေါင်းဆောင် ကအဗ်ဗင်နအ်ရှ်ရဖ်ကိုယ်တိုင် မက္ကာဟ်မြို့သို့ ခရီးထွက်၍ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များကို အပြည့်အဝ အစီအစဉ်ပြုလုပ်၍ မွတ်စ္စလင်မ်များအပေါ် တိုက်ခိုက်မှုပြုရန်နှင့် မဒီနာရှိ ယဟူဒီတို့သည်လည်း ၎င်းတို့နှင့်အတူ ရှိနေမည့်အကြောင်း အစီအစဉ်များ ချပေးခဲ့သည်။

ဒုတိယတစ်ကြိမ် ကတိချိုးဖောက်ခြင်းမှာ ထိုသူတို့သည် အစ္စလာမ်နှင့် ဆန့်ကျင်၍ ဖော်ပြပါအာယသ် တော်၌ ကြိမ်ဖန်များစွာ ကတိချိုးဖောက်ခြင်း၏ အကြောင်းအရာနှင့် ထိုသူတို့၏ ဆိုးသွမ်းမှုကို တင်ပြထား လေသည်။ ဤသူတို့သည် တမန်တော်မြတ် ﷺ ကတိယူထားသူများ ဖြစ်ပေသည်။ သို့သော် ဤသူများ သည် အကြိမ်တိုင်းအကြိမ်တိုင်း မိမိ၏ ကတိကို ချိုးဖောက်လျက်ရှိသည်။ နောက်ဆုံးအာယသ်တော်တွင် အဓိပ္ပါယ်ရှိသည်မှာ-

وَهُمۡ لَا يَتَّقُوۡنَ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'ဤသူများ အကြောက်တရား မထားကြပေ။' (သို့မဟုတ် ဤသို့လည်း ဖြစ်နိုင်သည်မှာ နဖူးစာဆိုးသူတို့သည် စင်စစ် လောက၏ တပ်မက်မှုတွင် မွေ့လျော်၍ မေ့လျော့ နေကြသည်။ 'အာခေရသ်'၏ သောကမရှိကြပေ။ ဤအတွက်ကြောင့် 'အာခေရသ်'၏ အပြစ်ဒဏ်ပေးမှုကို ကြောက်ရွံ့ခြင်း မရှိပေ။ ဤအလိုသဘောလည်း ဖြစ်နိုင်ပေသည်။ ၎င်းမှာ ဤသို့ မနှစ်မြို့ဖွယ်ရာ ကတိ ချိုးဖောက်သူတို့၏ နောက်ဆုံးရလဒ်ဆိုးသည် ဤလောက၌ပင် ဖြစ်ပေါ်လေ့ရှိသည်။ ဤသူတို့သည် မိမိ တို့၏ အမှားနှင့် အသိဉာဏ်ကင်းမဲ့မှုကြောင့်သာ 'အာခေရသ်'၏ အပြစ်ဒဏ်ကို မကြောက်ရွံ့ကြပေ။

တစ်ဖန် တစ်လောကလုံးရှိ လူတိုင်းက ထိုသူတို့ကိုယ်တိုင် မကောင်းမှုပြုမူခြင်း၏ အပြစ်ဒဏ်ခံရ မှုကို တွေ့မြင်ခဲ့ကြလေသည်။ အဗူဂျဟလ်ကဲ့သို့ ကအဲဗ်ဗင်န်အရှ်ရဖ်သည်လည်း အသတ်ခံလိုက်သည်။ ၎င်းနောက် မဒီနာရှိယဟူဒီများကို နယ်နှင်ဒဏ် ပေးခဲ့လေသည်။

စတုတ္ထအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်က မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ ကို ထိုကတိ ချိုးဖောက်သူများနှင့် ပတ်သက်၍ လမ်းညွှန်ချက်တစ်ခု ပေးခဲ့သည်မှာ-

فَاِمَّا تَثۡقَفَنَّهُمۡ فِى الۡحَرۡبِ فَشَرِّدۡ بِهِمۡ مَّنۡ خَلۡفَهُمۡ لَعَلَّهُمۡ يَذَّكَّرُوۡنَ

ဟူ၍ဖြစ်သည်။ ၎င်းတွင် تَثۡقَفَنَّهُمۡ ဟူသော စာလုံး၏ အဓိပ္ပါယ်မှာ 'ထိုသူများအပေါ် စွမ်းဆောင် နိုင်ခြင်း'ဟုဖြစ်သည်။ شرد သည် تشريد ဟူသော စာလုံးမှ ဖြစ်လာသည်။ ၎င်း၏ မူရင်းအဓိပ္ပါယ်မှာ 'နှင်ထုတ်ခြင်း'၊ 'ပုံ့နှံ့စေခြင်း'ဟူ၍ ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပါယ်မှာ အကယ်၍ အသင်တမန် တော်သည် စစ်ပွဲတစ်ခုခု၌ ထိုသူတို့အပေါ် အောင်မြင်မှု ရရှိခဲ့သော် ထိုသူတို့အား ဤသို့ ကြောက်ရွံ့ဖွယ် ကောင်းသော ပြင်းထန်လှသည့် ပြစ်ဒဏ်ပေးပါ။ ၎င်းဖြင့် အခြားသူများအား သံဝေဂတရား ရရှိပေမည်။ ၎င်းနောက် အကြင်သူတို့သည် ၎င်းတို့၏ သဟဲဖြင့် အစ္စလာမ်၏ ဆန့်ကျင်မှု ရှိကြပါသော် ထိုသူတို့သည် ဤနေရာမှ မိမိ၏ အသက်ကို မိမိတို့ ကာကွယ်၍ တိမ်းရှောင်ပါမှ အကောင်းဆုံးဖြစ်မည်ဟု မှတ်ယူလိုက် ကြပေမည်။ ၎င်း၏ အလိုသဘောမှာ ထိုသူတို့ကို ဤကဲ့သို့ အပြစ်ဒဏ်ပေးပါ။ ၎င်းကို တွေ့၍ အခြားသော ရန်သူများနှင့် မက္ကာဟ်ရှိ မုရှ်ရစ်ကတ်တို့သည်လည်း ထိရောက်သွားစေမည်။ နောက်နောင်တွင် ၎င်းတို့သည် မွတ်စလင်မ်များဖြင့် ယှဉ်ပြိုင်ရန် သတ္တိ မပေါ်ပေါက်ရန်သာ ဖြစ်သည်။

နောက်ဆုံးအာယသ်တော်တွင် لَعَلَّهُمْ يَذَّكَّرُوْنَ ဟု အမိန့်ရှိ၍ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော 'ရဟ်မသ်'တော်ဘက်သို့ ရည်ညွှန်းထားပေသည်။ ဤကြောက်မက်ဖွယ်ကောင်းသော အပြစ်ဒဏ်၏ အဓိက ရည်ရွယ်ချက်သည်လည်း လက်စားချေမှု (သို့) မိမိ၏ အမျက်ဒေါသကို ဖြေသိမ့်ရန် မဟုတ်ပေ။ သို့သာမက ၎င်းတို့၏ အပြစ်ဒဏ်ပေးရခြင်း၏ အဓိကအကြောင်းအရင်းကို တွေ့မြင်၍ ဤသူများသည် မိမိ၏ ရက်ဖွယ် လုပ်ရပ်များအပေါ် ပြုပြင်မှုရယူ၍ အသိတရားရရှိရန်သာ ဖြစ်သည်။

ငြိမ်းချမ်းရေးကတိစာချုပ်အား ပယ်ဖျက်ရမည့် ပုံသဏ္ဍာန်

ပဥ္စမမြောက်အာယသ်တော်၌ တမန်တော်မြတ် ﷺ အား တိုက်ခိုက်မှုနှင့် ငြိမ်းချမ်းရေးယူခြင်း၏ အရေးကြီးသည့် ဥပဒေတစ်ရပ် တင်ပြထားပေသည်။ ၎င်းဥပဒေကို ကတိစာချုပ်၏ အထူးသီးသန့် လိုက်နာခြင်းနှင့်အတူ တင်ပြထားသည်မှာ 'အကယ်၍ မည်သည့်အချိန်အခါမှာမဆို စာချုပ်ချုပ်ဆိုထားသည့် အခြားတစ်ဖက်မှ خيانت (ကတိဖောက်ရန်) စိုးရိမ်ရသော ကျွန်ုပ်တို့ဘက်မှလည်း ကတိစာချုပ်ပါအတိုင်း နေထိုင်ရန် အရေးမကြီးတော့ချေ။ သို့သော် ကတိစာချုပ်ကို အတိအလင်း မရုပ်သိမ်းမီအလျင် ကျွန်ုပ်တို့သည် ၎င်းတို့နှင့် ဆန့်ကျင်၍ မည်သို့မျှ လုပ်ဆောင်ရန် အစပြုခြင်း မပိုင်ပေ။ သို့သာမက အမှန်ကန်ဆုံးသော ပုံသဏ္ဍာန်မှာ ၎င်းတို့ကို တည်ငြိမ်အားလပ်သော အခြေအနေ၌ ၎င်းတို့အား သတင်းပေးရမည်။ အသင်တို့၏ စိတ်ခါတ်နိမ့်ကျမှု (သို့) ကတိချိုးဖောက်မှုသည် ကျွန်ုပ်တို့ သိရှိပြီးဖြစ်သည်။ (သို့) အသင်တို့၏ လုပ်ဆောင်ချက်များတွင် သံသယရှိကြောင်း တွေ့မြင်ရ၍ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ရှေ့ဆက် ထိုကတိစာချုပ်ပါအတိုင်း နေထိုင်ကျင့်သုံးမည်မဟုတ်ပေ။ အသင်တို့သည်လည်း စိတ်ကြိုက် ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ လုပ်ဆောင်ရန် ဆန္ဒရှိသော် လုပ်ဆောင်ပါလေ'ဟု အတိအလင်း သတင်းပေးရမည်။ အာယသ်တော်ပါ စာလုံးများမှာ-

وَاِمَّا تَخَافَنَّ مِنْ قَوْمٍ خِيَانَةً فَانْبِذْ اِلَيْهِمْ عَلٰى سَوَآءٍ اِنَّ اللّٰهَ لَا يُحِبُّ الْخَائِنِيْنَ

အလိုသဘောမှာ 'အကယ်၍ အသင်သည် လူမျိုးတစ်မျိုးထံမှ ကတိသစ္စာ ဖောက်ဖျက်မည်ကို စိုးရိမ်မကင်းဖြစ်ပါမူ အသင်သည် (၎င်းတို့နှင့် ဖွဲ့ထားသည့် ပဋိညာဉ်စာချုပ်ကို ၎င်းတို့ထံ ပြန်လည်အပ်လိုက်ပါ။ (စာချုပ်ကို ရုပ်သိမ်းပြီးဖြစ်ကြောင်းကို သိရာတွင် အသင်နှင့် ၎င်းတို့သည်) တန်းတူ ဖြစ်သွားပေလိမ့်မည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သစ္စာဖောက်ဖျက်သူတို့အား (လုံးဝ) နှစ်သက်တော်မူမည်မဟုတ်ပေ။

အလိုသဘောမှာ အကြင်မျိုးနွယ်စုနှင့်အတူ ငြိမ်းချမ်းရေးကတိ စာချုပ်ချုပ်ဆိုထားသော် ၎င်းနှင့် ဆန့်ကျင်၍ မည်သည့်တိုက်ခိုက်မှုမျိုးမဆို အစပြုခြင်းသည် 'ခယာနသ်'(ကတိဖျက်မှု) ထဲ၌ ပါဝင်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် သစ္စာကတိဖောက်ဖျက်သူတို့ကို မနှစ်သက်ပေ။ အကယ်၍ ဤကဲ့သို့ ပြုခြင်းသည် ကာဖိရ်ရန်သူများနှင့် ပတ်သက်နေလျှင်လည်း ပိုင်မည်မဟုတ်။ သို့ရှိရာ အကယ်၍ အခြားတစ်ဖက်မှ ကတိ

ချိုးဖောက်ရန် စိုးရိမ်ဖွယ်ရှိသော် ပေါ်လွင်ထင်ရှားစွာ ကြေငြာသတင်းပေးမှု ပြုရပေမည်။ ကျွန်ုပ်တို့သည် ရှေ့ဆက်၍ ကတိစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မှု ရှိမည်မဟုတ်ပေ။ သို့သော် ဤကြေငြာချက်သည် မွတ်စ္စလင်မ်များနှင့် အခြားတစ်ဖက်တို့သည် တန်းတူညီတူဖြစ်ရမည်။ အလိုသဘောမှာ ကြေငြာမှုမပြုမီအလျှင် ၎င်းတို့နှင့် စစ်ဆင်နွှဲရန် ကြိုတင်စီစဉ်မှုများ မပြုရပေ။ ထိုသူတို့သည် တိုက်ခိုက်ရန် အဆင်သင့်ပြုနိုင်မည် မဟုတ်ပေ။ သို့သာမက စီစဉ်မှုအားလုံးကို ၎င်းတို့အား အသိပေး ကြေငြာပြီးသည့်နောက် ပြုရပေမည်။

ဤသည် အစ္စလာမ်ဘာသာ၏ တရားမျှတမှု၊ သမာသမတ်ရှိခြင်းတို့ ဖြစ်သည်။ **خيانت** ပြုသော ရန်သူများနှင့် ပတ်သက်၍လည်း အထက်ဖော်ပြပါအတိုင်း ပြုခဲ့ကြပေသည်။ မွတ်စ္စလင်မ်များကို ၎င်းတို့နှင့် ယှဉ်ပြိုင်၍ ကတိစာချုပ်ကို မရုပ်သိမ်းမီအလျှင် ၎င်းတို့နှင့် ဆန့်ကျင်၍ မည်သည့်စီစဉ်မှုမျိုးမှ မပြုလုပ်ရန် အမိန့်ပေးလမ်းညွှန်ထား၏။ *[မဇ္ဇဟရီကျမ်း]*

ကတိစာချုပ်ပါအတိုင်း အပြည့်အ၀ လိုက်နာသည့် အံ့ဖွယ်ဖြစ်ရပ်တစ်ခု

အဗူဒါဝူးဒ်၊ သိရ်မိဇီ၊ နစာအီ၊ အေမာမ်အဟ်မဒ် ဗင်န် ဟန်ဗလ် (ရဟ) တို့က စလီးမ် ဗင်န် အာမိရ် ؓ ၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ ဟဇရသ်မုအာဝိယာ ؓ ၏ လူမျိုးစုတစ်စုနှင့်အတူ အချိန်တစ်ခု သတ်မှတ်ရန်အတွက် စစ်တိုက်ခိုက်မှုပြုရန် ရက်ရွှေ့ပြောင်းသည့် ကတိစာချုပ်တစ်ခု ဖြစ်ခဲ့သည်။ ဟဇရသ်မုအာဝိယာ ؓ က ထိုကတိယူသည့်ရက်၌ မိမိ၏ စစ်တပ်နှင့် စစ်လက်နက်ပစ္စည်းများကို ထိုလူမျိုးစု၏ အနီးသို့ ပို့ဆောင်ရန် ဆန္ဒရှိသည်။ ဤသို့ ပြုရခြင်းမှာ ကတိစာချုပ်၏ သတ်မှတ်ရက် ကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် ရန်သူများအပေါ် တိုက်ခိုက်ရန်ဖြစ်သည်။ သို့သော် ဟဇရသ်မအာဝိယာ ؓ ၏ စစ်တပ်သည် ထိုဘက်သို့ ထွက်ခွာသောအချိန်တွင် အသက်ကြီးသူတစ်ဦးသည် မြင်းစီးလျက် ဤ 'နိအ်ရာဟ်'

الله اكبر الله اكبر وفاء لاغدرا

ကို အသံကျယ်လောင်စွာဖြင့် ရွတ်ဆိုနေသည်ကို ဟဇရသ်မုအာဝိယာသခင် တွေ့ရှိခဲ့သည်။ အလိုသဘောမှာ 'သဗ္ဗဗီးရ်' ရွတ်ဆိုမှုနှင့်အတူ ပြောကြားသည်မှာ ကျွန်ုပ်တို့သည် ကတိစာချုပ်ကို ပြည့်ပြည့် ၀၀ လိုက်နာရန် ထိုက်ပေသည်။ ၎င်းအား မချိုးဖောက်သင့်ပေ။ တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်မှာ အကြင်မျိုးနွယ်စုနှင့် ငြိမ်းချမ်းရေးစာချုပ် (သို့) စစ်ပြေငြိမ်းရန် ကတိရရှိပြီးသော် ၎င်းတို့နှင့် ဆန့်ကျင်၍ အခြားမည်သို့မျှ အစမဖော်ထုတ်လေနှင့်။ ဟဇရသ်မုအာဝိယာ ؓ သခင်အား ထိုအကြောင်း အသိပေး လိုက်၏။ ပြောဆိုသည့် သူတော်စင်ကြီးကို ကြည့်ရှုလိုက်ရာ ၎င်းသည် ဟဇရသ်အမရ် ဗင်န် အန်ဘစဟ် ؓ သခင် ဖြစ်နေသည်။ ဟဇရသ်မုအာဝိယာ ؓ က ချက်ချင်းပင် မိမိ၏ စစ်တပ်ကို ပြန်လှည့်ရန် အမိန့် ပေးခဲ့လေသည်။ သို့မှသာ စစ်ရှေ့ဆိုင်းသည့် သတ်မှတ်ရက်အတွင်း စစ်ချီတက်၍ ကြိုတင်စီစဉ်မှုပြုခြင်းဖြင့် **خيانت** ၌ မကျရောက်ရန်သာ ဖြစ်ပေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا يَحْسَبَنَّ الَّذِينَ كَفَرُوا سَبَقُوا ۚ إِنَّهُمْ لَا يُعْجِزُونَ ﴿٥٩﴾

၈ : ၅၉ ။ ။ ထို့ပြင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က 'မိမိတို့သည် လွတ်မြောက်ခဲကြရပြီ' ဟူ၍ အလျှင်း မထင်မှတ် မယူဆကြရချေ။ ကေန်အမှန် ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်အား) မတတ်စွမ်းနိုင်အောင် ပြုလုပ်နိုင်ကြသည် မဟုတ်ပေ။

وَأَعِدُّوا لَهُم مَّا اسْتَطَعْتُم مِّن قُوَّةٍ وَمِن رِّبَاطِ الْخَيْلِ
تُرْهِبُونَ بِهِ عَدُوَّ اللَّهِ وَعَدُوَّكُمْ وَآخَرِينَ مِن دُونِهِمْ
لَا تَعْلَمُونَهُمُ اللَّهُ يَعْلَمُهُمْ ۚ وَمَا تُنفِقُوا مِن شَيْءٍ فِي سَبِيلِ
اللَّهِ يُوَفَّ إِلَيْكُمْ وَأَنتُمْ لَا تُظْلَمُونَ ﴿٦٠﴾

၈ : ၆၀ ။ ။ ထို့ပြင် အသင်တို့သည် ထိုကာဖိရ်တို့နှင့် ပြိုင်ဆိုင် (တိုက်ခိုက်) ရန်အလို့ငှာ မိမိတို့ တတ်စွမ်းနိုင်သမျှ (လက်နက်အစရှိသော) အင်အားကိုလည်းကောင်း၊ မွေးမြူထားသော မြင်းများကိုလည်းကောင်း အဆင်သင့် စုဆောင်း၍ ထားရှိကြလေကုန်။ (သို့မှသာလျှင်) အသင်တို့သည် ထိုလက်နက်အင်အားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ရန်သူများနှင့် မိမိတို့၏ ရန်သူများကိုလည်းကောင်း၊ ထိုသူတို့အပြင် အသင်တို့ မသိကြသော်လည်း အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူသော အခြား အကြင်ရန်သူတို့အား ခြောက်လှန့်၍ ထားနိုင်ကြပေမည်။ စင်စစ် အသင်တို့သည် (မည်သည့်တစ်စုံတစ်ရာပင်မဆို) ထိုအလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခဲ့ကြသည်ရှိသော် (ထိုအသျှင်မြတ်သည်) အသင်တို့အား ပြည့်စုံစွာ ချီးမြှင့်တော်မူပေမည်။ ထို့ပြင် အသင်တို့သည် (အနည်းငယ်မျှပင်) ယုတ်လျော့၍ ပေးခြင်းကို ခံကြရလိမ့်မည် မဟုတ်ပေ။

وَإِن جَنَحُوا لِلسَّلْمِ
فَاجْنَحْ لَهَا وَتَوَكَّلْ عَلَى اللَّهِ ۚ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ ﴿٦١﴾

၈ : ၆၁ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အကယ်၍ ထိုသူတို့သည် စစ်ပြေငြိမ်းမှုသို့ ယိမ်းညွတ်ကြသည်ရှိသော် အသင်သည်လည်း ယင်းစစ်ပြေငြိမ်းမှုဘက်သို့ ယိမ်းညွတ်ပါလေ။ သို့ရာတွင် အသင်သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချ လွှဲအပ်ပါလေ။ ကေန်မလွဲ ထိုအသျှင်မြတ်သည်ပင်လျှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَإِن يُرِيدُوا أَن يَخْدَعُوكَ فَإِنَّ حَسْبَكَ اللَّهُ ۚ هُوَ الَّذِي
أَيَّدَكَ بِنَصْرِهِ وَبِالْمُؤْمِنِينَ ﴿٦٢﴾

၈ : ၆၂ ။ ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင့်အား လိမ်လည်လှည့်ဖြားရန် ရည်စူးကြပါလျှင် ကေန်စင်စစ် အသင်တို့အဖို့ အလ္လာဟ်အသျှင်မြတ်သည် လုံလောက်တော်မူပေသည်။ ထိုအသျှင်မြတ်သည်ပင်လျှင် အသင့်အား မိမိ၏ အကူအညီဖြင့်လည်းကောင်း၊ မုအ်မင်န်သက်ဝင်ယုံကြည်သူ (သက်စွန့်ကြိုးပမ်းခဲ့သော အာဇာနည်) တို့ဖြင့်လည်းကောင်း အားပေးတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ကာဖိရ် မယုံမကြည် သွေဖည်ဖြင်းပယ်သောသူများက မိမိတို့သည် လွတ်မြောက်ခဲ့ကြ ချေပြီဟု အလျှဉ်းမထင်မှတ်၊ မယူဆရချေ။ ဧကန်အမှန် ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်အား) မစွမ်း ဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသည်မဟုတ်ပေ။ (ထိုအသျှင်မြတ်၏ လက်တော်တွင် အလျှဉ်း လွတ်မြောက် သွားကြမည် မဟုတ်ပေ။ သို့မဟုတ် လောကတွင်ပင် အပြစ်ဒဏ်ကျရောက်စေမည်။ နောင်တမလွန်ဘဝတွင် အပြစ်ဒဏ်ကျရောက်မှုမှာ အမှန်ပင်ဖြစ်သည်။) ထို့ပြင် အသင်တို့သည် ထိုကာဖိရ်သွေဖည်ဖြင်းပယ်သော သူတို့နှင့် (ပြိုင်ဆိုင်တိုက်ခိုက်ရန်) အလို့ငှာ မိမိတို့ တတ်စွမ်းနိုင်သမျှ စစ်လက်နက် အစရှိသော အင်အားကို လည်းကောင်း၊ မွေးမြူထားသော မြင်းများကိုလည်းကောင်း အဆင်သင့် စုဆောင်း၍ ထားရှိကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် ထိုလက်နက်အင်အားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ရန်သူ (သွေဖည်ဖြင်းပယ် သူ) များကိုလည်းကောင်း၊ (အသင်တို့၏ အဝေးတွင် ရှိသည့်အတွက်ကြောင့်) အသင်တို့၏ ရန်သူဖြစ်သည့် (၎င်းတို့နှင့် နေ့၊ ည အသင်တို့သည် ထိပ်တိုက်ရင်ဆိုင်နေကြရသည်။) ထိုသူတို့အပြင် အခြားသော ကာဖိရ် များအပေါ်၌လည်းကောင်း (ကြောက်လန့်မှုကို မြဲမြံစွာ ထားပါလေ။) ၎င်းကို အသင်သည် (အတာလိ) မသိပေ။ သို့သာမက ယင်းကို အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်။ (ပမာဆိုသော် အီရန်နှင့် ရောမ အစရှိသော နေရာများတွင်ရှိသော ကာဖိရ်များ၊ ၎င်းတို့ဖြင့် ထိုအချိန်တွင် အသိကျွမ်းဝင်မှု မရှိခဲ့ပေ။ သို့သော် ဆွဟာဗာများ၏ ပစ္စည်းပစ္စယများနှင့် စစ်ရေးစစ်ရာ ကျွမ်းကျင်မှုတို့သည် အခါအားလျော်စွာ ၎င်းတို့နှင့် ယှဉ်ပြိုင်ရာတွင် အသုံးဝင်ခဲ့သည်။ ထို့ပြင် ၎င်းတို့အပေါ်၌ ဂုဏ်ရှိန်ရှိခဲ့၏။ အချို့သည် ထိပ်တိုက် ရင်ဆိုင်ကြပြီး ရှုံးနိမ့်ခြင်းခံရသည်။ အချို့သည် စစ်လျော်ကြေးပေးခြင်းကို လက်ခံခဲ့၏။ ဤသည်တို့သည် ဂုဏ်အရှိန်အဝါ၏ ထိရောက်မှုဖြစ်သည်။)

အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် (ယင်းသို့ဆိုရာ 'ဂျိဟားဒ်' လည်း အကျုံးဝင်၏။) သုံးစွဲသမျှ တို့ကို (ယင်းအသုံးစရိတ်တွင် စစ်လက်နက်ပစ္စည်း ပြုပြင်မှု ပါဝင်ပေသည်။) ထို (အလိုမှာ ၎င်း၏ အကျိုး စဝါးဗ်များ) ကို အသင်တို့အား (အာခိရသ်) ၌ အပြည့်အဝရရှိပေမည်။ ထို့ပြင် အသင်တို့အတွက် (ယင်း ထဲမှ) အနည်းငယ်လျော့နည်း၍ ပေးခြင်းကို ခံကြရလိမ့်မည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ ထိုသူ (ကာဖိရ်) များသည် စစ်ပြေငြိမ်းရန်အလို့ငှာ ယိမ်းညွတ်ကြပါမူ အသင် (ကို) လည်း (၎င်းတွင် ကောင်းကျိုးများ တွေ့မြင်ရသော် အခွင့်ရှိသည်မှာ) ထိုစစ်ပြေငြိမ်းရန် ယိမ်းညွတ်ပါလေ။ (အကယ်၍ ကောင်းကျိုးများ ရှိပါလျက်နှင့်ပင် ဖြစ်နိုင်သည်မှာ ထိုသူတို့၏ လှည့်စားမှု မဟုတ်သော်) သို့ရာတွင် အသင်တို့သည် အလ္လာဟ် အသျှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချ လွှဲအပ်ပါလေ။ (ဤသို့သော သံသယဖြစ်ဖွယ်ရာများကိုမူ မစိုးရိမ် လေနှင့်။) ဧကန်မလွဲ ထိုအလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော် မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင် ဖြစ်တော်မူပေသည်။ (ထိုသူတို့၏ ပြောဆိုမှု အဖြစ်အပျက် များကို ကြားသိတော်မူ၏။ ၎င်းနှင့်ပတ်သက်၍ ကိုယ်တိုင် စီစဉ်မှုပြုပေမည်။) ထို့ပြင် အကယ်၍ (အမှန် တကယ်ပင် သံသယဖြစ်မှုက မှန်ကန်ခဲ့ပါသော်) ထိုသူတို့သည် (စစ်မှန်သည့် ငြိမ်းချမ်းရေးဖြင့်) အသင့်အား လိမ်လည် လှည့်ဖြားရန် ရည်စူးကြပါမူ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား (အကူအညီနှင့်

ထိန်းသိမ်းမှုပြုရန် လုံလောက်တော်မူပေသည်။ ပမာဆိုသော် ၎င်းအလျင်လည်း အသင့်အား အပြည့်အဝ ကူညီတော်မူခဲ့လေသည်။ သို့ရှိရာ) ထိုအသျှင်မြတ်သည်ပင်လျှင် အသင့်အား မိမိအကူအညီ၊ (အကွယ်မဲ့ ဖရစ်ရှိသာဟ်များဖြင့်လည်းကောင်း၊ ထင်ရှားစွာ မုအ်မင်နိသက်ဝင် ယုံကြည်သူတို့ဖြင့်လည်းကောင်း ကူညီ အားပေးတော်မူခဲ့လေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များမှ ပထမအာယသ်တော်တွင် 'ဗဒရ်'စစ်ပွဲတွင် ပါဝင်မှု မပြုသူများနှင့် ပါဝင်ပြီးသည့် ထွက်ပြေးလွတ်မြောက်ပြီး ကျန်ရှိခဲ့သော ကာဖိရ်များ၏ အကြောင်းအရာများကို ဖော်ပြထား ပေသည်။ ထိုသို့သောသူများနှင့် ပတ်သက်၍ အာယသ်တော်တွင် မိန့်တော်မူသည်မှာ မိမိတို့သည် လွတ်မြောက် ခဲ့ကြပြီဟု အလျှင်း ဤသို့ မှတ်ထင်မှတ် မယူဆကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် 'ဗဒရ်'စစ်ပွဲသည် ကာဖိရ်များအတွက် အလ္လာဟ်အသျှင်မြတ်ထံတော်မှ အပြစ်ဒဏ်တစ်ခု ဖြစ်ပေသည်။ ထိုအပြစ်ဒဏ်မှ ရှောင်ကြဉ်ရန် မည်သူမှ မစွမ်းဆောင်နိုင်ပေ။ ဤအတွက်ကြောင့် အမိန့်ရှိသည်မှာ-

إِنَّهُمْ لَا يُعْجِزُونَ

'ဧကန်အမှန် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသည် မဟုတ်ပေ။' အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အခါ အပြစ်ဒဏ်ချမှတ်ရန် ဆန္ဒရှိသော် ခြေတစ်လှမ်းမျှပင် ရှောင်ရှား၍ သွားနိုင်မည်မဟုတ်ပေ။ လောက၌ပင် အပြစ်ဒဏ် ကျရောက်နိုင်သော်လည်း ထိုသို့မဟုတ်က 'အာခိရသ်'တွင် မုချ အပြစ်ဒဏ်ခံရပေမည်။

ထိုအာယသ်တော်ဖြင့် သိရှိရသည်မှာ အပြစ်ကျူးလွန်သူတစ်ဦးသည် အကယ်၍ အခက်အခဲဒုက္ခ တစ်စုံတစ်ရာမှ လွတ်မြောက်မှု ရရှိသွားသော် တစ်ဖန် 'သောင်ဗာဟ်' အမှားဝန်ခံခြင်းမရှိရုံသာမက မိမိ၏ အပြစ်ဒုစရိုက်အပေါ် ဆက်လက်ကျူးလွန်လျက် ရှိသည်။ ဤသည်ကို အောင်မြင်သည့်လက္ခဏာဟု မမှတ် ယူလေနှင့်။ အစဉ်အမြဲ လွတ်မြောက်မှု ရရှိသွားပြီဟု မမှတ်ယူလေနှင့်။ သို့သာမက ထိုသူတို့သည် အချိန် တိုင်း အလ္လာဟ်အသျှင်မြတ်၏ ချုပ်နှောင်မှုအောက်တွင် ရှိသည်။ ထို့နောက် ဤသို့ 'အဇားဗ်' အပြစ်ဒဏ် နှင့် ဘေးဒုက္ခတွင် ကျရောက်မှုတို့သည် တိုးသည်ထက် တိုးပွားနေသည်ကို ၎င်းတို့ မသိရှိကြပေ။

'ဂျီဟာဒ်' ပြုရန်အတွက် စစ်လက်နက်များလည်းကောင်း၊ စစ်ဘက်ဆိုင်ရာ အသုံးဆောင်ပစ္စည်းများကို အဆင်သင့်ပြုခြင်း 'ဖွရ်' ဖြစ်ခြင်းအကြောင်း

ဒုတိယအာယသ်တော်တွင် အစ္စလာမ်သာသနာအား တားမြစ်ပိတ်ပင်သူများနှင့် ကာဖိရ်များနှင့် ယှဉ်ပြိုင်ရန်အတွက် အဆင်သင့်ပြုလုပ်ရန် အမိန့်ပညတ်ချက် ရှိပေသည်။ မိန့်ခြွေထားသည်မှာ-

وَاَعِدُّوْا لَهُمْ مَا اسْتَطَعْتُمْ

အလိုမှာ အသင်တို့သည် ထိုကာဖိရ်သွေဖည် ငြင်းပယ်သော သူတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် မိမိတို့ တတ်စွမ်းသမျှ အဆင်သင့်ထားကြလေကုန်။ ၎င်း၌ စစ်လက်နက်ပစ္စည်းများ အဆင်သင့်ပြုခြင်းနှင့်အတူ مَا اسْتَطَعْتُمْ ဟု သုံးနှုန်း၍ အဓိပ္ပါယ်ရှိသည်မှာ အသင်တို့ အောင်မြင်မှုရရှိရန်အတွက် အသင်တို့နှင့်ယှဉ်ပြိုင်သော သူတို့ထံတွင် မည်သည့်ပစ္စည်းနှင့် မည်ရွေ့မည်မျှ ရှိ၍ အသင်တို့သည်လည်း ထိုနည်းအတိုင်းရယူစုဆောင်းရန် အရေးမကြီးပေ။ သို့သာမက မိမိစွမ်းအားရှိသမျှသော ပစ္စည်းများကိုသာ စုဆောင်းမှုပြုခြင်းသည် လုံလောက်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အကူအညီသည် အသင်တို့နှင့်အတူ ရှိမည်။

ထို့နောက် ယင်းပစ္စည်းများနှင့်ပတ်သက်၍ အကျယ်ထဝင် ဤသို့ရှင်းပြထားသည်မှာ مِنْ قُوَّتٍ အလိုသဘောမှာ ယှဉ်ပြိုင်တိုက်ခိုက်ရန် အင်အားစုဆောင်းပါလေ။ ထိုထဲတွင် စစ်နှင့် ပတ်သက်သည့်စစ်လက်နက်ခဲယမ်းများ၊ အစီးအနင်း စသည်တို့ ပါဝင်ပေသည်။ မိမိခန္ဓာကိုယ်၏ ကာယလေ့ကျင့်မှု၊ စစ်ဘက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူရန်လည်း ကျမ်းမြတ်ကုရ်အာန်၏ ဤနေရာတွင် ထိုခေတ်ကာလ၏ လက်နက်များကိုလည်း တင်ပြထားခြင်း မရှိပေ။ သို့သာမက ‹အင်အား› قُوَّتٌ ၏ 'အားမ်' စာလုံးအသုံးပြု၍ ညွှန်ပြထားသည်မှာ ဤ قُوَّتٌ သည် ခေတ်တိုင်း၊ တိုင်းပြည်တိုင်းနှင့် နေရာအနေအထားအရကွဲပြားမှု ဖြစ်နိုင်ပေသည်။ ထိုခေတ်ကာလ၏ လက်နက်များမှာ မြား၊ ဓါး၊ လှံတို့ ဖြစ်လေသည်။ ထို့နောက်သေနတ်၊ အမြောက်၏ ခေတ်ကာလသို့ ရောက်ရှိ၍ လာပေသည်။ တစ်ဖန် ယခု ဗုံးများ၊ ဒုံးကျည်များ၏ခေတ်ကာလသို့ ရောက်ရှိလာပေသည်။ ထို قُوَّتٌ စာလုံးသည် ဤအရာအားလုံး ပါဝင်ပေသည်။ ဤအတွက်ကြောင့် ယနေ့ခေတ်ကာလ၏ မွတ်စ္စလင်မ်များအနေဖြင့် တတ်စွမ်းနိုင်သည်နှင့်အမျှ အဏုမြူစွမ်းအား၊ အမြောက်ကား၊ စစ်လေယာဉ်များ၊ စစ်သင်္ဘောများကို စုဆောင်းထားသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာအားလုံးတို့သည် ထို قُوَّتٌ စာလုံးတွင် ပါဝင်လေသည်။ ဤအတွက်ကြောင့် မည်သည့်ပညာရပ်များကို သင်ယူဆည်းပူးရန် လိုအပ်သော် ထိုသင်ယူမှုအားလုံးတို့သည် အကယ်၍ အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့ကို တားမြစ်ပိတ်ပင်သူများနှင့် ကာဖိရ်များကို ယှဉ်ပြိုင်တွန်းလှန်ရန် 'နိယသ်' ဖြင့် သင်ယူခဲ့ပါမူ ၎င်းတို့အားလုံးသည် 'ဂျိဟားဒ်' အဓိပ္ပါယ်၌ ပါဝင်သွားပေမည်။

قُوَّتٌ ဟူသော စာလုံးကို عام ပုံစံဖြင့် အသုံးပြုတင်ပြပြီးသည့်နောက် သီးသန့်အားအင်တစ်ခုကိုပေါ်လွင်စွာ တင်ပြထားသည်မှာ مِنْ رِّبَاطِ الْخَيْلِ မှ رباط ဆိုသော စာလုံးသည်(ပ) مصدر အဓိပ္ပါယ်အားဖြင့်လည်း အသုံးပြုထားလေသည်။ ၎င်းနောက် مربوط ၏ အဓိပ္ပါယ်ကိုလည်း အသုံးပြုထားလေသည်။ ပထမပုံစံ၌ 'မြင်းကြိုးချည်ခြင်း' ဟု အဓိပ္ပါယ်ရ၍ ဒုတိယပုံစံ၌ 'ချည်ထားသောမြင်း' ဟူ၍ ရသည်။ နှစ်မျိုးစလုံးသည် အဓိပ္ပါယ်တစ်ခုတည်းဟု သိရှိရသည်မှာ 'ဂျိဟားဒ်' ၏ 'နိယသ်' ဖြင့် မြင်းမွေးမြူခြင်းနှင့်

မြင်းကို ပြည့်နှောင်ခြင်း၊ (သို့) မွေးမြူထားသော မြင်းများကို စုဆောင်းခြင်းဖြစ်သည်။ စစ်လက်နက်ပစ္စည်းများအနက် သီးသန့်မြင်းများ၏ အကြောင်းကို ဤအတွက်ကြောင့် တင်ပြထားသည်။ ထိုခေတ်ကာလ၌ မည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုးကိုမဆို အောင်နိုင်စေရန်အတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံး အကျိုးပြုမည်မှာ မြင်းသာ ဖြစ်သည်။ ယနေ့ခေတ်တွင်လည်း မြောက်မြားစွာသော နေရာတို့တွင် မြင်းမရှိဘဲနှင့် အောင်မြင်မှု မရရှိနိုင်ပေ။ ဤအတွက်ကြောင့် တမန်တော်မြတ် ﷺ က စစ်လက်နက်ပြုလုပ်ခြင်းနှင့် ၄င်းအား သုံးစွဲရန် လေ့ကျင့်ခြင်းကို အလွန်ကြီးမားသော 'အိဗာဒသ်' နှင့် ကြီးမားသော 'စဝါးဗ်' ရှိကြောင်း ကတိပေးထား၏။ အဘယ်ကြောင့်ဆိုသော် 'ဂျိဟားဒ်' ၏ အဓိကရည်ရွယ်ချက်မှာ အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့အား တားဆီးပိတ်ပင်ခြင်းကြောင့်သာ ဖြစ်သည်။ တားဆီးပိတ်ပင်ခြင်းသည် ခေတ်ကာလတိုင်း၊ မျိုးနွယ်စုတိုင်းတွင် သီးခြားစီ ရှိခဲ့၏။ ထို့ကြောင့် တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ-

جَاهِدُوا الْمُشْرِكِيْنَ بِاَمْوَالِكُمْ وَاَنْفُسِكُمْ وَاَلْسِنَتِكُمْ

အလိုသဘောမှာ 'အသင်တို့သည် မုရှ်ရစ်က်များအား မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်သော်လည်းကောင်း၊ မိမိတို့၏ အသက်ဝိညာဉ်များဖြင့်သော်လည်းကောင်း၊ မိမိတို့၏ နှုတ်လျှာများဖြင့်သော်လည်းကောင်း၊ 'ဂျိဟားဒ်' ပြု စစ်မက်တိုက်ခိုက်ကြကုန်။' *[အဗူဒါဝူဒ်၊ နစာအီ၊ ဒါရမီကျမ်း။]*

ထိုဟဒီးစ်တော်ဖြင့် သိရှိရသည်မှာ ယင်းကဲ့သို့ ဆန့်ကျင်မှုပြုခြင်းနှင့် 'ဂျိဟားဒ်' သည် လက်နက်ခဲယမ်းတို့ဖြင့် ဖြစ်ရှိပေသည်။ အချို့အချိန်အခါတွင် နှုတ်လျှာဖြင့်လည်း ဖြစ်ရှိပေသည်။ ကလောင်သည်လည်း နှုတ်လျှာ၏ အမိန့်တွင် ရှိသည်။ အစ္စလာမ်နှင့် ကျမ်းမြတ်ကုရ်အာန်မှာ ကာဖိရ်များ၏ လှုမ်းမိုးတိုက်ခိုက်မှုများ၊ ကျမ်းစာများ၏ ပြောင်းလဲလိုက်မှုအား နှုတ်လျှာ (သို့) ကလောင်ဖြင့် တုံ့ပြန်ချေပခြင်းသည်လည်း ဤထင်ရှားပြတ်သားသည့် အထောက်အထားအရ 'ဂျိဟာဒ်' တွင် ပါဝင်ပေသည်။

ဖော်ပြပါအာယသ်တော်၌ စစ်လက်နက်များ အဆင်သင့်ပြုရန် မိန့်ခြွေပြီးသည့်နောက် ထိုစစ်လက်ပစ္စည်းများကို စုဆောင်းမှုပြုစေခြင်း၏ အကြောင်းခံတရားများနှင့် အဓိကရည်ရွယ်ချက်များကိုလည်း ဤသို့သော စာလုံးများဖြင့် အမိန့်ရှိထားလေသည်။

تُرْهِبُوْنَ بِهٖ عَدُوَّ اللّٰهِ وَعَدُوَّكُمْ

အလိုသဘောမှာ စစ်လက်နက်ခဲယမ်း စုဆောင်းစေခြင်း၏ အဓိကရည်ရွယ်ချက်သည် သတ်ဖြတ်ရန်မဟုတ်ပေ။ သို့သာမက ကုဖွ်ရ်သွေးပည်မှုနှင့် ရှရစ်က်ပြုမှုအား ကျဆင်းစေရန်အတွက်ဖြစ်ပြီး လွှမ်းမိုးခံစေရန်ဖြစ်သည်။ ၄င်းသည် တစ်ခါတစ်ရံ နှုတ်လျှာ (သို့) ကလောင်တို့ဖြင့်လည်း ဖြစ်နိုင်ပေသည်။ အချို့သော အချိန်တွင် ၄င်းတို့အား သတ်ဖြတ်ရန် အရေးကြီးပေသည်။ မည်သို့သော အခြေအနေဖြစ်ပြီး ထိုအခြေအနေနှင့် ကိုက်ညီစွာ တွန်းလှန်တိုက်ခိုက်မှုပြုရန် အရေးကြီးပေသည်။ ထို့နောက် 'ဂျိဟားဒ်' အတွက် အဆင်သင့်ပြုခြင်းသည် ၄င်းတို့အား ကြောက်ရွံ့စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုထဲမှ အချို့ကို မွတ်စ္စလင်မ်များ

သိရှိပြီးဖြစ်သည်။ ၎င်းတို့မှာ မွတ်စ္စလင်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသော မက္ကာဟ်မြို့ရှိ ကာဖိရ်များ၊ မဒီနာမြို့ရှိ ယဟူဒီများနှင့် ယခုတိုင် မွတ်စ္စလင်မ်များ မသိရှိကြသေးသောသူများ ဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ တစ်လောကလုံးရှိ ကာဖိရ်မုရှ်ရစ်က်များ ဖြစ်သည်။ ၎င်းတို့သည် ယခုတိုင် မွတ်စ္စလင်မ်ဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ရန် မဖြစ်ပေါ်သေးပေ။ သို့သော် နောင်အခါတွင် ယင်းတို့နှင့်လည်း ယှဉ်ပြိုင် ရင်ဆိုင်ရပေမည်။ ကျမ်းမြတ်ကုရ်အာန်၏ ဤအာယသ်တော်ဖြင့် တင်ပြထားသည်မှာ အကယ်၍ မွတ်စ္စလင်မ်များက မိမိတို့၏ လက်ရှိရန်သူများနှင့် ယှဉ်ပြိုင်ရန် အဆင်သင့် ပြုလုပ်လိုက်သော် ထိုယှဉ်ပြိုင်ခြင်းခံရသည့် ကာဖိရ်များသာမက အဝေးရှိ ကာဖိရ်များနှင့် အီရန်ဘုရင်များ၊ ရောမဘုရင်များ အစရှိသော ဘုရင်ခံများအပေါ်လည်း ဂုဏ်အရှိန်အဝါသက်ရောက်စေသည်။ သို့ရှိရာ ဤသို့ပင် ဖြစ်ရှိခဲ့ပေသည်။ ထို့နောက် ခလီဖွာလေးပါး၏ ခေတ်တွင်လည်း ယင်းတို့အားလုံး လွှမ်းမိုးခံခဲ့ရပေသည်။

စစ်လက်နက်စုဆောင်းခြင်းနှင့် စစ်တိုက်ခိုက်ရာတွင် ပစ္စည်းများလည်း လိုအပ်ပေသည်။ စစ်လက်နက်တို့သည်လည်း ပစ္စည်းများ၏ အကြောင်းခံဖြင့်သာ စီစဉ်မှုပြုနိုင်ပေ၏။ ဤအတွက်ကြောင့် နောက်ဆုံးအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ပစ္စည်းဥစ္စာ သုံးစွဲခြင်း၏ ထွတ်မြတ်မှုနှင့် ၎င်း၏ အကျိုးစဝါးဗ် ကြီးမားကြောင်းကို ဤသို့ တင်ပြထားသည်မှာ ထိုလမ်းတော်၌ အသင် မည်မျှပင် သုံးစွဲခဲ့ပါမူ ၎င်း၏ အပြည့်အဝအစား အသင် ပြန်လည်ရရှိမည်ဖြစ်သည်။ အချို့အချိန်အခါတွင် လောက၌ပင် မာလိဂနီမသ်ပုံစံဖြင့် ဤအစား ရရှိသွားကြပေသည်။ သို့တည်းမဟုတ်ပါက 'အာခိရသ်'၏ အစားရရှိခြင်းသည် သတ်မှတ်ထားပေသည်။ ယင်းသည် သာ၍ တန်ဖိုးရှိကြောင်း ပေါ်လွင်ပေသည်။ တတိယအာယသ်တော်၌ ငြိမ်းချမ်းရေး၏ ပညတ်ချက်နှင့် ပတ်သက်သည့် အကြောင်း တင်ပြပြီး အမိန့်ရှိသည်မှာ-

وَاِنْ جَنَحُوْا لِلسَّلْمِ فَاجْنَحْ لَهَا

ဟူ၍ဖြစ်ပြီး سَلْم ဟူသော စာလုံးသည် سين (စီးန်) မှာ (ဇဗရ် —) နှင့် (ဇေရ် —) နှစ်မျိုးစလုံးဖြင့် ဖတ်နိုင်၍ အဓိပ္ပာယ်မှာ 'ငြိမ်းချမ်းရေး' ဟု လာရှိပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အကယ်၍ ကာဖိရ်များသည် မည်သည့်အချိန်အခါတွင်မဆို ငြိမ်းချမ်းရေးဘက်သို့ ယိမ်းညွတ်ပါသော် အသင်သည်လည်း လိုက်လျောသင့်ပေသည်။ ဤနေရာတွင် အမိန့်ပေးသော စာလုံးသည် تخيير (ရွေးချယ်ခြင်း) အတွက် အသုံးပြုထားပေသည်။ အလိုသဘောမှာ ကာဖိရ်တို့သည် ငြိမ်းချမ်းရေးဘက်သို့ ယိမ်းယိုင်လာသောအခါ အသင်သည်လည်း ရွေးချယ်လုပ်ဆောင်နိုင်သည်။ အကယ်၍ မွတ်စ္စလင်မ်များ၏ အောင်မြင်မှုသည် ငြိမ်းချမ်းရေးရယူခြင်းမှ ဖြစ်မည်ဆိုလျှင် ငြိမ်းချမ်းရေးရယူနိုင်ပေသည်။ اِنْ جَنَحُوا စာလုံးဖြင့် သိရှိရသည်မှာ ငြိမ်းချမ်းရေးသည် ကာဖိရ်များ၏ဘက်မှ ငြိမ်းချမ်းရေးယူရန် လိုလားချက်ပေါ်လွင်မှသာ ငြိမ်းချမ်းရေးရယူနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ လိုလားချက်မပါရှိဘဲ အကယ်၍ မွတ်စ္စလင်မ်များသည် ငြိမ်းချမ်းရေးရယူမည်ဆိုပါက ဤသည် ၎င်းမွတ်စ္စလင်မ်တို့၏ အားနည်းချက်ဟု ထင်မှတ်ကြပေမည်။

အကယ်၍ မွတ်စ္စလင်မ်တို့သည် ဝန်းရံမှုခံရသောအချိန်၊ ထို့ပြင် မိမိတို့ လွတ်မြောက်ရန်အတွက် ငြိမ်းချမ်းရေး ရယူခြင်းမှအပ အခြားနည်းလမ်းကို မတွေ့ရှိပါသော် ဦးစွာ ငြိမ်းချမ်းရေးရယူရန် ပြောဆိုခြင်းသည် ဖေကာဟ်ပညာရှင်များ၏ အဆိုအရ ပိုင်ပေသည်။ ထို့ပြင် ၎င်းနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၌လည်း လာရှိပေသည်။

ထို့ပြင် ရန်သူတို့၏ဘက်မှ ငြိမ်းချမ်းရေးရယူရန် လိုလားချက်ပေါ်ပေါက်မှုတွင် ဤသို့ သံသယဖြစ်နိုင်ဖွယ်ရှိသည်မှာ ထိုသူတို့သည် မွတ်စ္စလင်မ်များကို လှည့်စားပြီး သတိလက်လွတ်မှုတွင် ကျရောက်စေ၍ တစ်ဖန် ရုတ်တရက် တိုက်ခိုက်ပေမည်။ ဤအတွက်ကြောင့် နောက်ဆုံးအာယသ်တော်၌ တမန်တော်မြတ် ﷺ အား လမ်းညွှန်ချက်ပေးထားသည်မှာ-

وَتَوَكَّلْ عَلَى اللّٰهِ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ

အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်စိတ်ချ လွှဲအပ်ပါလေ။ ဧကန်မလွဲ ထိုအသျှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ ပြောဆိုမှုကိုလည်း ကြားတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့ပြင် ၎င်းတို့၏ စိတ်အတွင်း၌ ဖုံးကွယ်လျက်ရှိသော ရည်ရွယ်ချက်များလည်း သိရှိတော်မူပေသည်။ ထိုအသျှင်မြတ်သည် အသင့်အား အကူအညီပေးရန်အတွက် လုံလောက်ပေသည်။ အသင်သည် ဤသို့သော အထောက်အထားမရှိသော သံသယပွားမှုများအပေါ် မိမိလုပ်ဆောင်ချက်များကို အခြေခံမထားလေနှင့်။ ဤသို့သော စိုးရိမ်ဖွယ်အခြေအနေများကို အလ္လာဟ်အသျှင်မြတ်အား အပ်နှင်းလိုက်ပါ။

ထို့နောက် စတုတ္ထအာယသ်တော်၌ ထိုအကြောင်းအရာကို ပို၍ ရှင်းလင်းပြတ်သားသော ပုံစံဖြင့် ဤသို့ တင်ပြထားပေသည်။

وَاِنْ يُّرِيْدُوْا اَنْ يَّخْدَعُوْكَ فَاِنَّ حَسْبَكَ اللّٰهُ هُوَ الَّذِيْٓ اَيَّدَكَ بِنَصْرِهٖ وَبِالْمُؤْمِنِيْنَ

အကယ်၍ ဤသံသယပွားမှုတို့သည် အမှန်ပင် ပေါ်ပေါက်လာ၍ ငြိမ်းချမ်းရေးပြုခြင်းဖြင့် ၎င်းတို့၏ ရည်ရွယ်ချက်မှန်ဘဲ အသင့်အား လှည့်စားရန် ဆန္ဒရှိသော် အသင် မည်သို့မျှ မစိုးရိမ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အသင့်အတွက် လုံလောက်ပေသည်။ ဤအလျှင်၌လည်း အလ္လာဟ်အသျှင်မြတ်၏ အကူအညီနှင့် အင်အားပေးမှုတို့ဖြင့်သာ အသင့်အလုပ် ဖြစ်မြောက်ခဲ့ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သီးသန့်အကူအညီဖြင့် အသင့်အား အင်အားချီးမြှင့်၍ ထိုအင်အားသည် အသင့်အောင်မြင်မှု၏ အဓိက အခြေခံဖစ်မြစ်ဖြစ်သည်။ ထို့ပြင် အပေါ်ယံအားဖြင့် မွတ်စ္စလင်မ်များ၏ အဖွဲ့ကို အသင်၏[illegible] အား ကူညီမှုပြုရန် ပေးပို့လိုက်လေသည်။ ၎င်းသည် ပေါ်လွင်သော အကြောင်းခံများမှ ဖြစ်သည်။ သို့ရှိရာ စစ်မှန်သော စိုးပိုင်တော်မူသော အသျှင်၊ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်က အလုံးစုံသော အောင်မြင်မှု အကြောင်းခံများကို ထွက်ပေါ်စေတော်မူခဲ့သော အသျှင်မြတ်သည် ယနေ့လည်း ရန်သူများ၏ လှည့်စား

ခြားယောင်းမှုတွင် အသင့်အား ကူညီပေလိမ့်မည်။ ထိုအလ္လာဟ်အသျှင်မြတ်၏ ကတိတော်၏ အောက်၊ ထိုအာယသ်တော် ကျရောက်ပြီးသည့်နောက် တမန်တော်မြတ် ﷺ အား ဘဝသက်တမ်း တစ်လျှောက်လုံးတွင် ဤကဲ့သို့ ရန်သူများ၏ လှည့်စားမှုကြောင့် ဆုံးရှုံးခြင်းကို မပေါ်ပေါက်စေခဲ့ပေ။ ဤအတွက်ကြောင့် သဖ်စီးရ် ပညာရှင်များ အဓိပ္ပါယ်ရှိသည်မှာ ဤကတိသည် တမန်တော်မြတ် ﷺ အတွက် ပမာဆိုသော ဤသို့ ဖြစ်သည်။

وَاللّٰهُ يَعْصِمُكَ مِنَ النَّاسِ

၏ ကတိသည် ဤအာယသ်တော် ကျရောက်ပြီးသည့်နောက်တွင် တမန်တော်မြတ် ﷺ သည် မိမိ၏ ကိုယ်ရံတော်ဆွဟာဗာများကို ဖြောင့်ဖျ ဖြေသိမ့်၍ ကိုယ်ရံတော်များ၏ တာဝန်ဝတ္တရားများကို ဖယ်ရှား လိုက်လေသည်။ ၎င်းဖြင့် သိရှိရသည်မှာ ဤကတိပြုမှုသည် တမန်တော်မြတ် ﷺ အတွက်သာ သီးသန့်ဖြစ်၏။

[ဗယာနုလ်ကုရ်အာန်ကျမ်း]

အခြားသူများကို အပေါ်ယံ စီစဉ်မှုပြုပေးခြင်းနှင့် အနီးအနားပတ်ဝန်းကျင်၏ အခြေအနေများကို ကြည့်ရှုခြင်းသာ အလုပ်လုပ်ဆောင်ရလေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَأَلَّفَ بَيْنَ قُلُوبِهِمْ ۚ لَوْ أَنفَقْتَ
مَا فِي الْأَرْضِ جَمِيعًا مَّا أَلَّفْتَ بَيْنَ قُلُوبِهِمْ وَلَٰكِنَّ اللَّهَ
أَلَّفَ بَيْنَهُمْ ۚ إِنَّهُ عَزِيزٌ حَكِيمٌ ﴿٦٣﴾

၈ : ၆၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုမုအ်မင်န်တို့၏ စိတ်နှလုံးများကို ညီညွတ်စေတော်မူခဲ့လေသည်။ အကယ်၍ အသင်သည် ကမ္ဘာမြေ၌ ရှိသမျှ (ပစ္စည်း) အားလုံးကို သုံးစွဲသည့်တိုင်အောင် ထိုသူတို့၏ စိတ်နှလုံးများစပ်ကြားဝယ် ညီညွတ် စေနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏ တန်ခိုးတော်ဖြင့်) ၎င်းတို့အချင်းချင်း (စပ်ကြားတွင်) ညီညွတ်စေတော်မူခဲ့လေသည်။ ကေန်မုချ ထိုအသျှင်မြတ်သည် တန်ခိုးတော်နှင့် လွှမ်းမိုးတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

يَا أَيُّهَا النَّبِيُّ حَسْبُكَ اللَّهُ وَمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِينَ ﴿٦٤﴾

[illegible] ။ ။ အို၊ နဗီတမန်တော်၊ အသင်၏အဖို့ အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ အသင်၏ နောက်သို့ လိုက်ကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည်လည်းကောင်း လုံလောက်ကြပေသည်။

တစ်နည်း (အဓိပ္ပာယ်) အရ အို၊ နဗီတမန်တော်၊ အလ္လာဟ်အသျှင်မြတ်သည် အသင့်အဖို့လည်းကောင်း၊ အသင်၏ နောက်လိုက်ဖြစ်ကြကုန်သော မုအ်မင်န်သက်ဝင်ယုံကြည်ကြကုန်သော သူတို့အဖို့လည်းကောင်း လုံလောက်တော်မူပေသည်။

يَآيُّهَا النَّبِيُّ حَرِّضِ الْمُؤْمِنِيْنَ
عَلَى الْقِتَالِ ۚ إِنْ يَّكُنْ مِّنْكُمْ عِشْرُوْنَ صٰبِرُوْنَ يَغْلِبُوْا
مِائَتَيْنِ ۚ وَإِنْ يَّكُنْ مِّنْكُمْ مِّائَةٌ يَّغْلِبُوْا أَلْفًا مِّنَ الَّذِيْنَ
كَفَرُوْا بِأَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿٦٥﴾

၈ : ၆၅ ။ ။ အို, နဗီတမန်တော်၊ အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် တိုက်တွန်းနိူးဆော်ပါလေ။ အကယ်၍ အသင်တို့အနက်မှ စွဲမြဲကြံ့ခိုင် (စွာ တိုက်ခိုက်သောသူ) နှစ်ဆယ်ရှိကြပါမူ ၎င်းတို့သည် (ကာဖိရ်တို့ဘက်မှ လူ) နှစ်ရာကို နှိမ်နင်းနိုင်ကြပေမည်။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက်မှ (စွဲမြဲကြံ့ခိုင်စွာ တိုက်ခိုက်သူ) တစ်ရာရှိကြပါမူ ၎င်းတို့သည် ကာဖိရ်တို့အနက်မှ (လူ) တစ်ထောင်ကို နှိမ်နင်းနိုင်ကြပေမည်။ အကြောင်းမှာ ၎င်းတို့သည် (လုံး၀) နားမလည်သောသူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။

اَلْـٰٔنَ خَفَّفَ اللّٰهُ عَنْكُمْ
وَعَلِمَ أَنَّ فِيْكُمْ ضَعْفًا ۚ فَإِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا
مِائَتَيْنِ ۚ وَإِنْ يَّكُنْ مِّنْكُمْ أَلْفٌ يَّغْلِبُوْا أَلْفَيْنِ بِإِذْنِ اللّٰهِ ۗ وَ
اللّٰهُ مَعَ الصّٰبِرِيْنَ ﴿٦٦﴾

၈ : ၆၆ ။ ။ ယခုမူကား အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့၏ တာဝန်ကို) အသင်တို့မှ ပေါ့ပါးစေတော်မူခဲ့လေပြီ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၌ အင်အားသတ္တိ နည်းပါးနေသည်ကိုလည်း သိရှိတော်မူလေပြီ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့အနက်မှ စွဲမြဲကြံ့ခိုင် (စွာ တိုက်ခိုက်မည့်သူ) တစ်ရာရှိလျှင် ၎င်းတို့သည် (ရန်သူတို့ဘက်မှ လူ) နှစ်ရာကို နှိမ်နင်းနိုင်ကြပေမည်။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက်မှ (စွဲမြဲကြံ့ခိုင်စွာ တိုက်ခိုက်မည့်သူ) တစ်ထောင်ရှိလျှင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် (ရန်သူတို့ဘက်မှ လူ) နှစ်ထောင်ကို နှိမ်နင်းနိုင်ကြပေမည်။ အမှန်စင်စစ် အလ္လာဟ် အသျှင်မြတ်သည် စွဲမြဲကြံ့ခိုင်သူတို့နှင့်အတူ ရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (မွတ်စ္လင်မ်များကို အကူအညီပေးမှု၏ အကြောင်းခံဖြစ်စေရန်အတွက်) အလ္လာဟ်အသျှင်မြတ်သည် ထိုမုအ်မင်န်များ၏ စိတ်နှလုံးများ၏ စပ်ကြားတွင် ညီညွတ်စေတော်မူခဲ့လေသည်။ (သို့ရှိရာ အကယ်၍ အချင်းချင်း ညီညွတ်မှုမရှိပါက မည်သည့်အလုပ်၊ အထူးသဖြင့် သာသနာ့လုပ်ငန်းတိုင်းကို

မူးပေါင်းကူညီနိုင်မည်မဟုတ်ပေ။ ၎င်း၏ အရင်းခံမှာ ခေါင်းဆောင်ပြုမှုအား ရှမ္မက်ထားခြင်း၊ မုန်းတီး ရန်လိုမှု လွှမ်းမိုးခြင်းတို့သည် ညီညွတ်မှုရှိရန် ဤမျှ ခက်ခဲပေသည်။) အကယ်၍ အသင်သည် အစီအစဉ် အပြည့်အဝနှင့် ဉာဏ်အမြော်အမြင် အပြည့်အဝရှိပြီး ၎င်းတို့အတွက် အသင့်ထံ၌ ပစ္စည်းဥစ္စာ အပြည့်အဝ လုံလောက်မှုရှိပြီး ဤမျှတိုင်) ကမ္ဘာမြေ၌ ရှိသမျှပစ္စည်း အားလုံးကို (ယင်းလုပ်ငန်းအတွက်) သုံးစွဲသည့် တိုင်အောင် ထိုသူတို့၏ စိတ်နှလုံးများစပ်ကြားတွင် ညီညွတ်စေနိုင်မည်မဟုတ်ပေ။ သို့သော် (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ (လုပ်ဆောင်ချက်သာ ဖြစ်သည်။ ထို) အသျှင်မြတ်သည် ၎င်းတို့၏ စပ်ကြား ညီညွတ်စေတော်မူခဲ့လေသည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သည် အလိုရှိသမျှ မိမိ၏ တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူ လေသည်။ ထို့ပြင်) ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (မည်သည့်ပုံစံဖြင့် သင့်လျော်မည်ဟု သိတော် ထိုအရာကို လုပ်ဆောင်တော်မူလေသည်။ မည်သည့်အခါ အလ္လာဟ်အသျှင်မြတ် သည် မိမိ၏ အကွယ်မှ အကူအညီနှင့် မုအ်မင်န်များဖြင့် အသင့်အား အကူအညီပေးမှုကို သိရှိသွားလေသော်) အို၊ နဗီတမန်တော် (၎င်းဖြင့် သိရှိသွားရသည်မှာ) အသင့်အဖို့ (စင်စစ်တွင်) အလ္လာဟ်အသျှင်မြတ်သည်လည်း ကောင်း၊ အသင်၏နောက်ကို လိုက်ကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည်လည်းကောင်း လုံလောက်ကြပေသည်။

အို၊ နဗီတမန်တော် ﷺ အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှာ တိုက်တွန်းနှိုးဆော်ပါလေ။ (၎င်းနှင့် ပတ်သက်၍ ဤစည်းမျဉ်းစည်းကမ်းများကို ပြောကြား ပါလေ။) အကယ်၍ အသင်တို့အနက် စွဲမြဲကြံ့ခိုင်စွာ တိုက်ခိုက်မည့်သူ နှစ်ဆယ်ရှိကြပါမူ (မိမိထက် ဆယ်ဆများသော အရေအတွက်အပေါ် ဆိုလိုသည်မှာ) ၎င်းတို့သည် လူပေါင်း နှစ်ရာကို နှိမ်နင်းနိုင်ကြ ပေမည်။ (ထိုနည်းတူစွာ) အကယ်၍ အသင်တို့အနက် ကြံ့ခိုင်စွာ တိုက်ခိုက်မည့်သူ တစ်ရာရှိကြပါမူ ၎င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အနက်မှ လူပေါင်းတစ်ထောင်ကို နှိမ်နင်းနိုင်ကြပေမည်။ အကြောင်းသော်ကား ၎င်းတို့သည် (သာသနာကို) နားမလည်သောသူများ ဖြစ်ခဲ့ကြသည်။ (ထို့ပြင် ဤအတွက် ကြောင့် ကာဖိရ်များအပေါ် စူးရှထိရောက်၍ ယင်းအကြောင်းခံဖြင့်သာ ၎င်းတို့အား အကွယ်မှ အကူအညီမရ ခြင်း ဖြစ်သည်။ ထိုအကြောင်းခံဖြင့်သာ ၎င်းတို့သည် လွှမ်းမိုးခံကြရပေသည်။ သို့ရှိရာ အသင့်အပေါ် 'ဝါဂျိဗ်'ဖြစ်သည်မှာ မိမိထက် ဆယ်ဆများသော ရန်သူများဖြင့် ယှဉ်ပြိုင်မှုမှာ မကြောက်ရွံ့လေနှင့်။ (ဦးစွာပထမ ဤအမိန့်တော် ကျရောက်လာခြင်းဖြစ်သည်။ ဆွဟာဗာများအပေါ် ၎င်းနှင့်ပတ်သက်၍ ခက်ခဲမှု ဖြစ်ရှိခဲ့သော် လျှောက်ထားကြသည်။ ရက်အနည်းငယ် ကုန်ဆုံးပြီးနောက် ဤဒုတိယအာယသ်တော်ဖြင့် ပထမအမိန့်ပညတ်ချက်ကို ပယ်ဖျက်လိုက်သည်။ ယင်းအာယသ်တော်မှာ) ယခုသော်ကား အလ္လာဟ်အသျှင် မြတ်သည် အသင်တို့၏ ဝန်ထုပ်ကို အသင်တို့ထံမှ ပေါ့ပါးစေတော်မူခဲ့ပေပြီ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၌ အင်အားသတ္တိနည်းပါးသည်ကိုလည်း သိရှိတော်မူလေသည်။ (ဤသို့ အမိန့်ပေးခြင်း ခံရလေ သည်။) သို့ဖြစ်ပေရာ အကယ်၍ အသင်တို့အနက် စွဲမြဲစွာ တိုက်ခိုက်မည့်သူ တစ်ရာရှိကြပါလျှင် (မိမိထက်

နှစ်ဆ များပြားသော အရေအတွက်) ၎င်းတို့သည် ရန်သူတို့ဘက်မှ လူနှစ်ရာကို နှိမ်နင်းနိုင်ကြပေမည်။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက် (စွဲမြဲစွာ) တိုက်ခိုက်မည့်သူ တစ်ထောင်ရှိခဲ့ပါမူ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် (ရန်သူတို့ဘက်မှ လူ) နှစ်ထောင်ကို နှိမ်နင်းနိုင်ကြပေမည်။ (ငါအလ္လာဟ်အသျှင်မြတ်က ထိုစွဲမြဲကြံ့ခိုင်မှု၏ စည်းကမ်းသတ်မှတ်ရခြင်းမှာ) အမှန်စင်စစ်သည်ကား အလ္လာဟ်အသျှင်မြတ်သည် စွဲမြဲကြံ့ခိုင်သူတို့နှင့် (အလိုသဘောမှာ စိတ်နှလုံးနှင့် စွဲမြဲကြံ့ခိုင်စွာ တိုက်ခိုက်နိုင်ခြင်းဖြစ်သည်။) အတူ ရှိတော်မူပေသည်။ (အလိုသဘောမှာ ၎င်းတို့အား အကူအညီပေးမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

'စူရာဟ်အန်ဖားလ်' ၏ ဖော်ပြပါအာယသ်တော်လေးခုအနက် ပထမအာယသ်တော်၌ မွတ်စ္စလင်မ်များ၏ တိုးတက်အောက်မြင်မှု၏ အဓိကအကြောင်းခံနှင့် ၎င်းအား ရရှိသည့် ပုံစံကို တင်ပြထားပေသည်။ ပထမအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ဗားသ်' တော်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သီးသန့်အကူအညီဖြင့်လည်းကောင်း၊ မွတ်စ္စလင်မ်များ၏ အဖွဲ့အစည်းများဖြင့် တမန်တော်မြတ် ﷺ အား အကူအညီပြုသည်။ ထိုအာယသ်တော်၌ ဖော်ပြထားသည်မှာ မွတ်စ္စလင်မ်အုပ်စုဖြင့် အခြားသူတစ်ဦးဦးအား အကူအညီပေးခြင်းသည် ထိုသို့ ပုံစံဖြင့်သာ အကူအညီပေးနိုင်မည်။ ယင်းမှာ ဤအုပ်စုသည် အချင်းချင်း ညီညွတ်မှုနှင့် တစ်စုတစ်စည်းတည်း ရှိမှသာ ဖြစ်ပေမည်။ ညီညွတ်မှုနှင့် တစ်စုတစ်စည်းတည်း ရှိမှုတို့သည် ၎င်းတို့အတွက် အင်အားနှင့် အကာအဆီးရရှိပေမည်။ အချင်းချင်း ညီညွတ်မှုနှင့် စည်းလုံးမှုတို့ဖြင့် အင်အားရှိသော အလုံးစုံသော အုပ်စုသည် အင်အားရှိပေမည်။ အကယ်၍ ၎င်းတို့သည် လျော့ရဲခဲ့ပါမူ အလုံးစုံသော အုပ်စုတို့သည်လည်း လျော့ရဲ၍ အင်အားနည်းပါးပေမည်။ ထိုအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်က မိမိ၏ ယင်းသီးသန့်ချီးမြှင့်မှုအကြောင်းကို အမိန့်ရှိထားသည်မှာ တမန်တော်မြတ် ﷺ အား အကူအညီပေးရန်အတွက် သာမန်မွတ်စ္စလင်မ်များ ဖြစ်ပေသည်။ ၎င်းတို့၏ စိတ်နှလုံး၌ အပြည့်အဝ ညီညွတ်မှုနှင့် ချစ်ခင်မှု ထည့်ပေးလိုက်လေသည်။ အမှန်စင်စစ် တမန်တော်မြတ် ﷺ သည် မဒီနာမြို့သို့ ဟိဂျ်ရသ်မပြုမီအလျှင် မဒီနာမြို့တွင် အောက်စ်နှင့် ခဇ်ရဂျ်မျိုးနွယ်စုနှစ်စု အချင်းချင်း အပြင်းအထန် တိုက်ခိုက်လျက်ရှိကြပြီး ပြဿနာများ ဖြစ်ပွားလျက်ရှိပေသည်။ တမန်တော်မြတ် ﷺ ၏ 'ဗရ်ကသ်' တော်ဖြင့် အလ္လာဟ်အသျှင်မြတ်က ယင်းတို့၏ အသက်ရန်ပြုမှုများကို အချင်းချင်း ညီညွတ်စေပြီး ညီရင်းအစ်ကိုအဖြစ် ပြုလုပ်ပေးတော်မူလိုက်သည်။ မဒီနာမြို့၌ ပေါ်ထွက်လာမည့် အစ္စလာမ်နိုင်ငံရေး အသစ်ထည်ရှိလျက် ရန်သူများအပေါ် လွှမ်းမိုးလာနိုင်သည့် အဓိကမူရင်း စစ်မြစ်သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင့်ရှောက်မှုဖြင့်သာ ဖြစ်သည်။ အပေါ်ယံအားဖြင့် မွတ်စ္စလင်မ်များသည် အချင်းချင်း ချစ်ခင်မှုနှင့် အပြည့်အဝ ညီညွတ်စည်းလုံးမှုလည်း ရှိပေသည်။ ၎င်းနှင့်အတူ ထိုအာယသ်တော်၌ ဖော်ပြထားသည်မှာ အမျိုးမျိုးသော လူသားတို့၏ စိတ်နှလုံးကို ပေါင်းစပ်၍ ၎င်းတို့၌ ချစ်ခင်မှု ပေါ်ပေါက်စေရန် ပြုခြင်းသည် မည်သည့်

လူသားတစ်ဦးတစ်ယောက်မျှ လုပ်နိုင်သော အလုပ်မဟုတ်ပေ။ ယင်းသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်ချက်သာဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က အားလုံးကို ဖန်ဆင်းခဲ့လေသည်။ အကယ်၍ လူတစ်ဦးတစ်ယောက်သည် တစ်လောကလုံးရှိ စည်းစိမ်ဥစ္စာတို့ဖြင့် အချင်းချင်း မုန်းတီးသူတို့၏ စိတ်နှလုံး၌ ချစ်ခင်မှု ပေါ်ပေါက်စေရန် အသုံးပြုခဲ့သော်လည်း ၎င်းသည် လုံးဝ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။

နှလုံးသားအချင်းချင်းတွင် စစ်မှန်တိကျ၍ ခိုင်မာသော ညီညွတ်မှုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှု အပေါ်၌သာ မူတည်ခြင်းအကြောင်း

၎င်းဖြင့် သိရှိရသည်မှာ လူတို့၏ စိတ်နှလုံးသည် အချင်းချင်း ချစ်ခင်ကြင်နာမှုတို့သည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်မှုဖြင့် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုကို မရယူနိုင်သည်မှာ ထင်ရှားသည်။ သို့သာမက ချီးမြှင့်မှု ရရှိရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုနှင့် ကျေနပ်နှစ်သိမ့်မှုရှိရန် အရေးကြီးပေသည်။

အဖွဲ့အစည်းနှင့် တစ်ဦးချင်း၏ ကြားတွင် စုစည်းညီညွတ်ခြင်းသည် ဤကဲ့သို့ အရေးပါသော အရာတစ်ခု ဖြစ်ပေသည်။ ယင်း၏ အရေးကြီး အကျိုးရှိကြောင်းနှင့် ပတ်သက်၍ မည်သည့်သာသနာနှင့် လူမျိုး၊ အမြော်အမြင်ရှိသူတိုင်းထံတွင် ကွဲလွဲမှုမရှိပေ။ ဤအတွက်ကြောင့် လူတိုင်းသည် အခြားသော လူတို့၏ ပြုပြင်မှုပေးရန် သောကရှိကြသည့်အခါ ၎င်းတို့အား အချင်းချင်း ညီညွတ်မှုရရှိရန် ကြိုးစားကြလေသည်။ သို့သော် လောကရှိ လူတို့သည် ဤအရေးပါအရာရောက်သည့် အချက်အား မေ့လျော့နေကြသည်။ နှလုံးသားအတွင်း ပြည့်ဝခိုင်ခံ့သော ညီညွတ်မှုတို့သည် အပေါ်ယံ လုပ်ဆောင်စီမံမှုများဖြင့် ရရှိမည် မဟုတ်ပေ။ ယင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုနှင့် ကြင်နာသနားမှုဖြင့်သာ ရရှိပေမည်။ ကျမ်းတော်မြတ်ကုရ်အာန်၌ ၎င်းမူရင်းစစ်မြစ်နှင့် ပတ်သက်၍ မြောက်မြားစွာသော အာယသ်တော်များဖြင့် ရည်ညွှန်းဖော်ပြထားသည်။ တစ်နေရာတွင် အမိန့်ရှိထားသည်မှာ-

وَاعْتَصِمُوْا بِحَبْلِ اللّٰهِ جَمِيْعًا وَّلَا تَفَرَّقُوْا

ဤအာယသ်တော်တွင် ကွဲလွဲမှုမှ ရှောင်ရန်အတွက် အစီအစဉ်တစ်ခု ပြသထားသည်မှာ အားလုံးပူးပေါင်း၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်မြတ်ကုရ်အာန် (သို့) အစ္စလာမ်သာသနာကို စွဲမြဲစွာ လိုက်နာကျင့်သုံးပါက အားလုံးအချင်းချင်း အလိုအလျောက် ညီညွတ်သွားပေမည်။ အချင်းချင်း ကွဲလွဲမှု ကုန်ဆုံးသွားပေမည်။ ထိုအချိန် သဘောအမြင် ကွဲလွဲခြင်းသည်လည်း အကောင်းသက်သက်သာ ဖြစ်သည်။ အကယ်၍ ထိုသဘောအမြင်သည် စိတ်တို့၏ အတိုင်းအတာအတွင်း၌သာ ရှိသော် ကွဲလွဲမှုနှင့် ပြဿနာများ ဖြစ်ပေါ်စေသည့် အကြောင်းခံ လုံးဝ မဖြစ်နိုင်ပေ။ ပြဿနာနှင့် ကွဲလွဲမှုတို့သည် ရှရီအသ်၏ စည်းမျဉ်းဘောင်ကျော်၍ လုပ်ဆောင်မှုသာ ဖြစ်နိုင်ပေသည်။ ယနေ့ (စည်းလုံးညီညွတ်မှု) ဟု အားလုံး ကြွေးကြော်တသနေကြသည်။ သို့သော် စည်းလုံးညီညွတ်မှု၏ အဓိပ္ပာယ်သည် လူတိုင်းထံတွင် ဤသို့ ဖြစ်သည်ဟု ထင်ကြပေသည်။

'လူများ ကျွန်ုပ် ထိုစကားနာခံခဲ့သော် စည်းလုံးညီညွတ်မည်'ဟု ထင်ကြသည်။ ထို့ပြင် အခြားသူသည်လည်း စည်းလုံးညီညွတ်ရန်ဆိုသော သောကဒ္ဒသာ ရှိပေသည်။ ထိုသူကလည်း ထင်သည်မှာ 'ကျွန်ုပ်၏ ဆိုစကားကို နာခံခဲ့သော် ညီညွတ်သွားပေမည်။' သို့ရှိရာ စိတ်ဆန္ဒကွဲလွဲမှုသည် အမြော်အမြင်ရှိသူများ၊ အတတ်ပညာရှင်များထံတွင် အရေးကြီးလိုအပ်သော စည်းမျဉ်းဟုဆိုလျှင် အကယ်၍ 'လူတိုင်းသည် အခြားသူများနှင့်အတူ ညီညွတ်မှုရှိခြင်း' အပေါ်တွင် မူတည်သတ်မှတ်ထားသော် 'ကေယာမသ်' နေ့အထိ အချင်းချင်း ညီညွတ်မှု ရရှိမည်မဟုတ်။ သို့သာမက ညီညွတ်မှု၏ အမှန်ကန်ဆုံးနှင့် သဘာဝအကျဆုံးပုံစံသည် ကျမ်းမြတ်ကုရ်အာန်က ပြသသော ပုံသဏ္ဌာန်သာ ဖြစ်သည်။ နှစ်ဦးနှစ်ဖက် ပူးပေါင်း၍ အခြားတတိယပုဂ္ဂိုလ်တစ်ဦး၏ ဆိုစကားကို လက်ခံလိုက်ရမည်။ ၄င်းတတိယ ပုဂ္ဂိုလ်၏ ဆုံးဖြတ်ချက်တိုင်းသည်လည်း အမှားအယွင်းမှ ကင်းရှင်းရပေမည်။ ၄င်းသည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်နိုင်ကြောင်း ပေါ်လွင်သည်။ ဤအတွက်ကြောင့် ဖော်ပြပါ အာယသ်တော်၌ ၄င်းအား လမ်းညွှန်မှုပြုထားသည်မှာ အားလုံးပူးပေါင်း၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းမွန်ကို စွဲမြဲစွာ ဆောက်တည်ကြပါမူ အချင်းချင်းရှိ ပြဿနာများ ကုန်ဆုံး၍ ပြည့်ဝသော စည်းလုံးညီညွတ်မှု ပေါ်ပေါက်လာပေမည်။

အခြားအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَيَجْعَلُ لَهُمُ الرَّحْمَٰنُ وُدًّا

'ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၄င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှု ဆောက်တည်ကြကုန်၏။ 'ရဟ်မသ်'ကရုဏာတော်ရှင်သည် မကြာမီပင် ၄င်းတို့အတွက် ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ ပေးတော်မူပေမည်။' ၄င်းအာယသ်တော်ဖြင့် သိရှိရသည်မှာ စိတ်နှလုံး၌ ချစ်ကြည်မြတ်နိုးမှု ပေါ်ပေါက်စေရန် အဓိကအကြောင်းခံသည် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှု 'အေဗာဒသ်'အား စွဲမြဲစွာ လုပ်ခြင်းဖြစ်သည်။ အကယ်၍ တစ်နေရာတွင် ညီညွတ်မှုနှင့် စည်းလုံးမှု ပေါ်ပေါက်စေသော်လည်း ၄င်းသည် အခြေအမြစ်မရှိသည့်အပြင် တည်တံ့ခိုင်မြဲမည်လည်း မဟုတ်ပေ။ အနည်းငယ် ထိရှမှုဖြင့် ကွယ်ပျောက်သွားပေမည်။ ၄င်းကို လောကရှိ လူမျိုးတိုင်း၏ အခြေအနေနှင့် တွေ့ကြုံမှုတို့ဖြင့် တွေ့ရှိရတတ်ပေသည်။ အချုပ်ဆိုရသော် ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ ဤ 'နေအ်မသ်'တော်ကို ထုတ်ဖော်ပြသခဲ့ပေသည်။ မဒီနာရှိ မျိုးနွယ်စုတိုင်း၏ စိတ်နှလုံး၌ ချစ်ခင်ကြင်နာမှုကို ပေါ်ပေါက်စေ၍ တမန်တော်မြတ် ﷺ ၏ အကူအညီပေးရန်အတွက် သံမဏိခံတိုင်းတစ်ခုသဖွယ် ပြုလုပ်ပေးထားလေသည်။

ဒုတိယအာယသ်တော်၌လည်း ဤအကြောင်းအရာအား အချုပ်အားဖြင့် တင်ပြ၍ တမန်တော်မြတ် ﷺ ကို နှစ်သိမ့်တော်မူခဲ့လေသည်။ အသင်တမန်တော်အတွက် စင်စစ်အားဖြင့် အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ အပြင်ပန်းအားဖြင့် မုအ်မင်န်များ၏ အဖွဲ့အစည်းများသည် လုံလောက်ပေသည်။ အသင်မည်မျှပင် ကြီးမားလှသည့် ရန်သူများ၏ အရေအတွက် (သို့) လက်နက်ခဲယမ်းများကိုမှ မကြောက်ရွံ့လေနှင့်။ သပ်စီးရ်ပညာရှင်များ အမိန့်ရှိသည်မှာ ဤအာယသ်တော်သည် 'ဗဒရ်'စစ်ပွဲ၏ စစ်ကွင်းပြင်၌ တိုက်ခိုက်

မွစ်လ်ပြုမီအလျင် ကျရောက်ခြင်းဖြစ်သည်။ သို့မှသာ အရေအတွက်နည်းပြီး လက်နက်ခဲယမ်း မပြည့်စုံသည့် မွတ်စ္စလင်မ်တို့သည် မိမိတို့၏ ယှဉ်ပြိုင်ဘက်ရှိသူတို့သည် အရေအတွက် များပြားပြီး လက်နက်ခဲယမ်း ပြည့်စုံမှုဖြင့် ကြောက်စိတ်မဝင်စေရန် ဖြစ်သည်။

တတိယနှင့် စတုတ္ထအာယသ်တော်တွင် မွတ်စ္စလင်မ်များအတွက် ဥပဒေတစ်ခုအကြောင်း တင်ပြထားသည်။ ၎င်းအား အတိုင်းအတာတစ်ခုအထိ မိမိ၏ ရန်သူများနှင့် ယှဉ်ပြိုင်ရာတွင် မြဲမြံစွာ ရပ်တည်ရန် အရေးကြီးပေသည်။ ၎င်းမှ တိမ်းရှောင်ခြင်းသည် 'ဂိုနာဟ်'ဖြစ်သည်။ ဖော်ပြပြီးသော အာယသ်တော်များနှင့် အကြောင်းအရာများတွင် ယင်းအကြောင်းအရာကို အကျယ်တဝင့် ဖော်ပြပြီးဖြစ်၏။ အလ္လာဟ်အသျှင်မြတ်၏ အကွယ်မှ အကူအညီပေးမှုသည် မွတ်စ္စလင်မ်များအပေါ်တွင် ရှိပေသည်။ ဤအတွက်ကြောင့် ၎င်းအကြောင်းအရာသည် ဒွန်ယာလောကရှိ လူမျိုးစုတိုင်း၏ အကြောင်းအရာများကဲ့သို့ မဟုတ်ပေ။ ဤအရေအတွက် အနည်းအကျဉ်းသည် ရာပေါင်းများစွာအပေါ် လွှမ်းမိုးနိုင်ပေသည်။ ပမာဆိုသော် ကျမ်းမြတ်ကုရ်အာန်၌ အမိန့်ရှိသည်မှာ-

كَمْ مِنْ فِئَةٍ قَلِيلَةٍ غَلَبَتْ فِئَةً كَثِيرَةً بِإِذْنِ اللَّهِ

အလိုသဘောမှာ အလွန်နည်းပါးသော အရေအတွက်ရှိသည့် အဖွဲ့အစည်းများသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖြင့် များပြားလျက်ရှိသော ဆန့်ကျင်သူများကို လွှမ်းမိုးနိုင်ပေသည်။

ဤအတွက်ကြောင့် အစ္စလာမ်သာသနာ၏ ဦးစွာပထမဖြစ်သော 'ဗဒရ်'စစ်ပွဲတွင် မွတ်စ္စလင်မ် ဆယ်ဦးကို တစ်ရာနှင့်ညီမျှသည်ဟု သတ်မှတ်၍ မိန့်ခြွေထားသည်မှာ အကယ်၍ အသင်တို့သည် လူပေါင်း နှစ်ဆယ် စွဲမြဲကြံ့ခိုင်စွာ တိုက်ခိုက်နိုင်ပါမူ ရန်သူပေါင်း နှစ်ရာကို အောင်နိုင်ပေမည်။ ထို့ပြင် အကယ်၍ အသင်တို့သည် လူပေါင်းတစ်ရာဖြစ်ရှိသော် ကာဖိရ်ပေါင်းတစ်ထောင်ကို လွှမ်းမိုးနိုင်ပေမည်။

ယင်းအကြောင်းအရာကို ကောက်နုတ်၍ သတင်းတစ်ခုအနေဖြင့် တင်ပြထားသည်မှာ မွတ်စ္စလင်မ် တစ်ရာသည် ကာဖိရ်တစ်ထောင်အပေါ် နိမ်နင်းနိုင်ပေမည်။ သို့သော် အမိကအမိန့်ပေးလိုသည်မှာ မွတ်စ္စလင်မ် တစ်ရာတို့သည် ကာဖိရ်တစ်ထောင်တို့နှင့် ယှဉ်ပြိုင်မှုပြုရာမှ ထွက်ပြေးတိမ်းရှောင်ခြင်း မပိုင်ဆေး။ ယင်း အကြောင်းအရာအား သတင်းတစ်ခုအနေဖြင့် ထားခြင်း၏ အကျိုးထူးမှာ မွတ်စ္စလင်မ်များ၏ စိတ်နှလုံး၌ ထိုသတင်းထူးဖြင့် ကြံ့ခိုင်[illegible]အသျှင်မြတ်၏ ကတိတော်သည် ကျွန်ုပ်တို့အား ထိန်းသိမ်းစောင့်ရှောက်[illegible]ခိုင်မှုပေး[illegible]အတွက် ဖြစ်သည်။ အကယ်၍ အမိန့်တော်ကို အမိန့်ပေး ရေးနိုးသည့် ဥပဒေတစ်ရပ်[illegible]ဖြင့် တင်ပြခဲ့သော် သဘာဝအနေဖြင့် ယင်းသည် လေးလံခက်ခဲသွားပေမည်။

'ဗဒရ်'စစ်ပွဲသည် [illegible]စပိုင်းတွင် မွတ်စ္စလင်မ်များ၏ အရေအတွက်နည်းပါးသော အခြေအနေမျိုးတွင် ဖြစ်ခဲ့သော စစ်ပွဲတစ်ခုဖြစ်သည်။ ထိုသူအားလုံးတို့သည် စစ်ကွင်းမြင်သို့ မသွားခဲ့ကြပေ။ သို့သာမက လျှင်မြန်စွာ အဆင်သင့် ဖြစ်ရှိသူတို့သည်သာလျှင် ယင်းစစ်ပွဲတွင် ပါဝင်ခဲ့ပေသည်။ ဤအတွက်ကြောင့် ထိုစစ်ပွဲတွင် မွတ်စ္စလင်မ်တစ်ရာကို ကာဖိရ်တစ်ထောင်နှင့် ယှဉ်ပြိုင်တိုက်ခိုက်မှု ပြုရန် အမိန့်ပေးထား ပေသည်။ ဤအမိန့်သည်လည်း အောင်မြင်မှုနှင့် ကူညီပေးမည်ဟု ကတိနှင့်အတူ မိန့်ခြွေထားပေသည်။

စတုတ္ထအာယသ်တော်တွင် ယင်းအမိန့်အား နောင်အတွက် ဖျက်သိမ်းမှုပြု၍ အခြားအမိန့်ပေးထားသည်မှာ အလ္လာဟ်အသျှင်မြတ်က အမိန့်ကို လျှော့ပေါ့၍ ပေးလေသည်။ အကြောင်းမှာ အသင်တို့ထဲ၌ သတ္တိနည်းပါးသည်ကို တွေ့ရှိပေသည်။ သို့ရှိရာ အကယ်၍ အသင်တို့ထဲမှ လူ (၁၀၀) သည် စွဲမြဲခိုင်ခံ့စွာ တိုက်ခိုက်နိုင်မည်ဆိုလျှင် လူပေါင်းနှစ်ရာအား နှိမ်နင်းနိုင်ပေမည်။ ဤနေရာတွင်လည်း ရည်ရွယ်ချက်မှာ မွတ်စ္စလင်မ်တစ်ရာသည် ကာဖိရ်နှစ်ရာနှင့် ယှဉ်ပြိုင်မှုမှ ထွက်ပြေးတိမ်းရှောင်ခြင်းသည် မပိုင်ပေ။ ပထမအာယသ်တော်တွင် မွတ်စ္စလင်မ်တစ်ဦးကို ဆယ်ယောက်နှင့် ယှဉ်ပြိုင်မှုမှ ထွက်ပြေးတိမ်းရှောင်ခြင်းမှ တားမြစ်ခဲ့လေသည်။ ဤအာယသ်တော်မှ တစ်ယောက်ကို နှစ်ယောက်နှင့် ယှဉ်ပြိုင်မှုတွင် ထွက်ပြေးတိမ်းရှောင်မှုမှ တားမြစ်ချက် ကျန်ရှိခဲ့ပေသည်။ ဤသည် နောက်ဆုံးအမိန့်ပညတ်ချက်ဖြစ်ပြီး အမြဲတစေ လည်ပတ်ကျန်ရှိပေသည်။

ဤနေရာတွင်လည်း အမိန့်ကို အမိန့်၏ အကြောင်းအရာအဖြစ် မတင်ပြရုံသာမက သတင်းကောင်းပုံစံဖြင့် တင်ပြထားပေသည်။ ယင်းဖြင့် ရည်ညွှန်းသည်မှာ မွတ်စ္စလင်မ်တစ်ဦးသည် ကာဖိရ်နှစ်ဦးနှင့် ယှဉ်ပြိုင်မှုအား စွဲမြဲစွာ ရှိနေခြင်း အမိန့်သည် မသမာမှုနှင့် အစွန်းရောက်မှုတို့ မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များ၏ အီမာန်သက်ဝင်ယုံကြည်သည့်အတွက် ၎င်းတွင် တစ်ဦးက နှစ်ဦးနှင့် ညီမျှသည့် စွမ်းအားကို ထည့်ပေးထားသည်။

သို့သော် နှစ်နေရာစလုံး၌ ယင်းအောင်မြင်မှုနှင့် အကူအညီပေးမှုအား ထိုစည်းကမ်းချက်နှင့်အတူ ဘောင်ခတ်ထားပေသည်။ မွတ်စ္စလင်မ်တို့သည် စွဲမြဲစွာ တိုက်ခိုက်နိုင်သူ ဖြစ်သည်။ ထို့ပြင် ထင်ရှားသည်မှာ စစ်ကွင်းပြင်၌ မိမိ၏ အသက်ကို စိုးရိမ်ဖွယ်အခြေအနေတွင် ရောက်ရှိစေ၍ မြဲမြံစွာ ရပ်တည်နိုင်မှုတို့သည် အီမာန်သက်ဝင်ယုံကြည်မှု ပြည့်ဝသူတို့သည်သာလျှင် ယင်းလုပ်ငန်းအား လုပ်ဆောင်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပြည့်ဝသော အီမာန်ရှင်များကို 'ရှဟီးဒ်'ဖြစ်လိုသည့် ဆန္ဒ ချီးမြှင့်ထားပေသည်။ ဤစိတ်ဆန္ဒသည် ၎င်း၏ အင်အားကို ဆထက်ထမ်းပိုး တိုးပွားစေသည်။

နောက်ဆုံးအာယသ်တော်၌ အများနှင့် သက်ဆိုင်သည့် ဥပဒေပုံစံဖြင့် တင်ပြထားသည်မှာ–

إِنَّ اللّٰهَ مَعَ الصَّابِرِينَ

အမှန်စင်စစ်သော်ကား အလ္လာဟ်အသျှင်မြတ်သည် စွဲမြဲ[illegible]သူတို့နှင့်အတူ ရှိတော်မူပေသည်။ ယင်းဖြင့် **စစ်ကွင်းပြင်၌ စွဲမြဲစွာ** တိုက်ခိုက်သူတို့သည်လည်း ပါဝင်ပေသည်။ ထို့ပြင် [illegible]၏ အမိန့်ပညတ်[illegible]များကို စွဲမြဲစွာ လိုက်နာ[illegible]သူတို့သည်လည်း အလ္လာဟ်အသျှင်မြတ်နှင့်အတူ ရှိကြောင်း ကတိရှိပေသည်။ ဤအတူရှိခြင်းသည် အောင်မြင်မှု၏ အဓိကလျှို့ဝှက်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကြင်သူတစ်ဦးတစ်ယောက်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်နှင့် အတူရှိခြင်းတို့ ဖြစ်ပေါ်ခဲ့သော် ၎င်းအား တစ်လောကလုံး ပေါင်းစည်း၍လည်း ၎င်း၏ နေရာမှ ဖယ်ရှားနိုင်မည် မဟုတ်ပေ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

مَا كَانَ لِنَبِيٍّ أَن يَكُونَ لَهُۥٓ أَسْرَىٰ حَتَّىٰ
يُثْخِنَ فِى ٱلْأَرْضِ ۚ تُرِيدُونَ عَرَضَ ٱلدُّنْيَا وَٱللَّهُ يُرِيدُ
ٱلْـَٔاخِرَةَ ۗ وَٱللَّهُ عَزِيزٌ حَكِيمٌ ﴿٦٧﴾

: ၆၇ ။ ။ မည်သည့်နဗီတမန်တော်ပင်မဆို ကမ္ဘာမြေပြင်ဝယ် (ကာဖိရ်တို့အား ကောင်းစွာ) တိုက်ခိုက်သတ်ဖြတ်အောင်မြင်မှုကို မပြုသေးသမျှ ကာလပတ်လုံး ထိုနဗီတမန်တော်၌ (စစ်မြေအရပ်မှ) လက်ရဖမ်းဆီးမိခဲ့သော သုံ့ပန်းများသည် ရှိသင့်ပေ။ အသင်တို့သည် ပစ္စုပ္ပန်လောက၏ ဥစ္စာပစ္စည်းများကိုသာ အလိုရှိကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့အဖို့) နောင်တမလွန်ဘဝ (၏ အကျိုးစည်းစိမ်) ကို လိုလားတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့တော်မူသော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

لَّوْلَا كِتَٰبٌ مِّنَ ٱللَّهِ سَبَقَ لَمَسَّكُمْ فِيمَآ أَخَذْتُمْ عَذَابٌ عَظِيمٌ ﴿٦٨﴾

: ၆၈ ။ ။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်ထံတော်မှ (ပြဋ္ဌာန်းအပ်သော) ဥပဒေတစ်ရပ်သည် မူလကပင် မရှိခဲ့ပါမူ အသင်တို့ ရယူလိုက်ကြသော အရာနှင့် စပ်လျဉ်း၍ ကြီးကျယ်လှစွာသော ပြစ်ဒဏ်သည် ကေန်မလွဲ အသင်တို့၌ သက်ရောက်ခဲ့ပြီး ဖြစ်ပေသည်။

فَكُلُوا۟ مِمَّا غَنِمْتُمْ
حَلَٰلًا طَيِّبًا ۚ وَٱتَّقُوا۟ ٱللَّهَ ۚ إِنَّ ٱللَّهَ غَفُورٌ رَّحِيمٌ ﴿٦٩﴾

: ၆၉ ။ ။ ယခု အသင်တို့သည် မိမိတို့ ရယူခဲ့ကြသည့် (ငွေကြေးဥစ္စာ လက်ရပစ္စည်း) များကို တရားဝင် သန့်စင်သော ပစ္စည်းများအဖြစ် စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့လျက် ရှိကြပါလေကုန်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ မွတ်စ္လင်မ်အပေါင်းတို့၊ အသင်တို့အား တမန်တော်မြတ် ﷺ အား ထိုသုံ့ပန်းများထံမှ အနည်းငယ် လျော်ကြေးယူ၍ လွှတ်ပေးရန် အကြံဉာဏ်ပေးခြင်းသည် အချည်းနှီးပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ အကြံဉာဏ်ပေးခြင်းသည် နဗီ၏ ဂုဏ်အရှိန်အဝါနှင့် ကိုက်ညီခြင်း မရှိပေ။ ထိုမွတ်စ္လင်မ်သည် မြေပထဝီအပေါ် ကာဖိရ်များအား ကောင်းစွာ မသုတ်သင်သည့်အချိန်အထိ သုံ့ပန်းများကို အချုပ်သားအဖြစ်

ထားရှိရမည်သာမက သတ်ဖြတ်ပစ်ရပေမည်။ (အဘာယ်ကြောင့်ဆိုသော် ရှရီအသ်၌ 'ဂျိဟားဒ်'၏ မူရင်းရည်ရွယ်ချက်မှာ ပြဿနာကို ဖယ်ဖျက်ခြင်းသာ ဖြစ်သည်။ ကာဖိရ်များ၏ အရှိန်အဝါကို မဖြိုဖျက်သရွေ့ ပြဿနာပယ်ဖျက်ရန်မှာ မဖြစ်နိုင်ပေ။ သို့ရှိရာ ယင်းအခြေအနေအလျှင် သုံ့ပန်းများကို အသက်ချမ်းသာပေး၍ လွှတ်ပေးခြင်းသည် တမန်တော်မြတ် ﷺ ၏ ပြုပြင်ပေးမှု၏ ဂုဏ်အရှိန်အဝါနှင့် မကိုက်ညီပေ။ သို့သော်လည်း သတ်ဖြတ်ရန် အရေးမကြီးတော့သည့် အင်အားမျိုး ရရှိလာရသောအခါတွင် ရှရီအသ်တရားတော်မှ သို့သာမက အခြားပုံစံများလည်း လာရှိပေသည်။ ဤသို့ မသင့်လျော်သည့် အကြံဉာဏ်ကို အသင်တို့က တမန်တော်မြတ် ﷺ အား အဘယ်ကြောင့် မပေးခဲ့သနည်း) အသင်တို့သည် လောကီပစ္စည်းများကို အလိုရှိကြ၏။ (ဤအတွက်ကြောင့်သာလျှင် ဒဏ်ကြေးယူဆောင်ရန် အကြံပြုခြင်းဖြစ်သည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် နောင်တမလွန်ဘဝ၏ (စည်းစိမ်ပစ္စည်းများ) ကိုသာ လိုလားတော်မူသည်။ (ထို့ပြင် ယင်းသည် ကာဖိရ်များ ကြောက်စိတ်ဖြင့် လွှမ်းမိုးခံဖြစ်ပေမည်။ ၎င်းဖြင့် လွတ်လပ်စွာ အစ္စလာမ်၏ နူရ်အလင်းရောင်နှင့် လမ်းမှန်တရားများ ပျံ့နှံ့ရန်နှင့် အတားအဆီးမဲ့ လူအမြောက်အမြားသည် မွတ်စ္စလင်မ်ဖြစ်ရှိ၍ အောင်မြင်မှု ရရှိပေမည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထိုအသျှင်မြတ်သည် အသင်တို့ကို ကာဖိရ်များအပေါ် လွှမ်းမိုးနိုင်စေ၍ အောင်မြင်မှု မြောက်မြားစွာဖြင့် အသင်တို့အား ကြွယ်ဝသူအဖြစ် ပြုပေးခြင်းဖြစ်သည်။)

အခြားသော အမြော်အမြင်များ၏ အကြောင်းခံဖြင့် ကြန့်ကြာမှုဖြစ်ရှိပြီး အကြင်အလုပ်သည် အသင်တို့ လုပ်ဆောင်ခဲ့ရာ ယင်းလုပ်ဆောင်ချက်သည် ဤသို့ မနှစ်မြို့ဖွယ်ရာ ဖြစ်သည်။ ၎င်းအပြင် အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဥပဒေတစ်ရပ်သည် မူလကပင် မရှိခဲ့ပါမူ (၎င်းမှာ ထိုစစ်သုံ့ပန်းတို့ထံမှ လူတို့သည် မွတ်စ္စလင်မ်ဖြစ်ရှိသွားပေမည်။ ၎င်းဖြင့် ပျက်စီးမှုများ ပေါ်ပေါက်စေမည့် သံသယမရှိတော့ပေ။ အကယ်၍ ဤသို့ ဖြစ်ခဲ့ပါမူ) အသင်တို့ ရွေးချယ်ခဲ့ကြသည်နှင့် စပ်လျဉ်း၍ ကြီးကျယ်သော ပြစ်ဒဏ်သည် အသင်တို့၌ ကေန်မလွဲ ထိရောက်ခဲ့ပြီးဖြစ်ချေသည်။ (သို့သော် မည်သို့မျှ ပျက်စီးဆုံးရှုံးမှု မဖြစ်ရှိခဲ့ပေ။ ထို့ပြင် ရှဲတရက် အသင်တို့၏ အကြံပေးမှုသည် အမှားတစ်ခုသာ ထွက်ပေါ်လာ၏။ ဤအတွက်ကြောင့် အသင်တို့ အပြစ်ဒဏ်မှ လွတ်မြောက်သွား၏။ အလိုသဘောမှာ ငါအလ္လာဟ်အသျှင်မြတ်သည် ယင်းဒဏ်ကြေးကို ခွင့်ပြုခဲ့၏။) ယခု အသင်တို့ (၎င်းတို့ထံမှ ဒဏ်ကြေးအဖြစ်) မိမိတို့ ရယူခဲ့ကြသော ပစ္စည်းများကို တရားဝင်သော သန့်စင်သည့် ပစ္စည်းများအဖြစ် စားသောက်ကြလေကုန်။ ၎င်းအပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်။ (ရှေ့ဆက်၍ အဖက်ဖက်မှ သတိပြုကြလေကုန်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ရှိရာ အသင်တို့၏ 'ဂိုနာဟ်' အပြစ်ကို ခွင့်လွှတ်ပေးခဲ့သည်။ ဤသည် 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းသာ ဖြစ်သည်။ ထို့ပြင် ဒဏ်ကြေးကိုလည်း 'ဟလာလ်'အဖြစ် သတ်မှတ်လိုက်၏။ ဤသည် 'ရဟ်မသ်' ကရုဏာတော်ပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်များသည် 'ဗဒရ်'စစ်ပွဲနှင့် ဆက်စပ်နေသည့် သီးသန့်အကြောင်းအရာတစ်ခု ဖြစ်သည်။ ဤအတွက်ကြောင့် ၎င်းအား အကျယ်ဖွင့်ဆိုမှုမပြုမီအလျင် ခိုင်လုံသည့် ဟဒီးစ်ဆင့်ပြန်ချက်များဖြင့် ဤအကြောင်းအရာကို တင်ပြရန် အရေးကြီးပေသည်။ အကြောင်းအရာမှာ

'ဗဒရ်'စစ်ပွဲသည် အစ္စလာမ်သာသနာတော်တွင် ဦးစွာပထမ စစ်ပွဲဖြစ်သည်။ ထို့ပြင် ရုတ်တရက် ပေါ်ပေါက်ခဲ့သော စစ်ပွဲဖြစ်သည်။ ထိုအချိန်အထိ 'ဂျီဟားဒ်'နှင့် ပတ်သက်၍ ပညတ်ချက်၏ အကျယ်တဝင့် ကျမ်းမြတ်ကုရ်အာန်၌ မကျရောက်ခဲ့သေးပေ။ အကယ်၍ 'မာလိဂနီမသ်' လက်ဝယ် ရောက်ရှိလာသော် ၎င်းအား မည်သို့မည်ပုံ ပြုရမည်နည်း။ ရန်သူစစ်သားသည် မိမိလက်ဝယ် ရောက်ရှိလာသော ၎င်းအား ဖမ်းဆီးခြင်း ပိုင်၊ မပိုင်။ အကယ်၍ ဖမ်းဆီးချုပ်နှောင်ခဲ့သော် တစ်ဖန် ၎င်းတို့နှင့်အတူ မည်သို့ ဆက်ဆံမှု ပြုရမည်နည်း စသည်တို့ ဖြစ်သည်။

'မာလ်ဂနီမသ်'နှင့် ပတ်သက်၍ ရှေးယခင်အားလုံးသော နဗီတမန်တော်များ၏ ရှရီအသ်၏ ဥပဒေမှာ မွတ်စ္စလင်မ်များကို ၎င်းမှ အကျိုးအမြတ်ယူခြင်း၊ သုံးစွဲခြင်းသည် 'ဟလာလ်'မဟုတ်ပေ။ သို့သာမက အမိန့်မှာ 'မာလိဂနီမသ်'အားလုံးကို စုစည်း၍ ကွင်းပြင်တစ်ခု၌ စုပုံထားရမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ဝလေ့တော်မှာ မိုးကောင်းကင်မှ မီးတစ်ခု ရောက်ရှိလာပြီး ရှိသမျှ ပစ္စည်းများကို လောင်ကျွမ်းစေ၍ ပြာဖြစ်စေခဲ့သည်။ ဤနိမိတ်လက္ခဏာသည် ထို 'ဂျီဟားဒ်'၏ လက်ခံခြင်းဟု မှတ်ယူရပေသည်။ အကယ်၍ 'မာလိဂနီမသ်'ကို လောင်ကျွမ်းစေရန်အတွက် မိုးကောင်းကင်မှ မီးတန်းတစ်ခု လာရောက်မှုမရှိသော် ဤ 'ဂျီဟားဒ်'၌ လျှော့နည်းပေါ့လျော့မှုတစ်ခုခု ရှိသည့် နိမိတ်လက္ခဏာတစ်ခု ဖြစ်သည်။ ယင်းပေါ့လျော့မှုအတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ထို 'ဂျီဟားဒ်'အား လက်မခံပေ။

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဖော်ပြထားလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ကျွန်ုပ်အား ငါးမျိုးသောအရာ ချီးမြှင့်ထားပေသည်။ ၎င်းသည် ကျွန်ုပ်၏အလျင် မည်သည့်နဗီကိုမျှ ချီးမြှင့်ခြင်းမရှိပေ။ ထိုငါးမျိုးထဲမှ တစ်မျိုးသည် ကာဖိရ်များထံမှ ရရှိသော 'မာလိဂနီမသ်'သည် မည်သူ့အတွက်မှ 'ဟလာလ်'မဟုတ်ချေ။ သို့သော် ဤအုမ္မသ်မရ်ဟူမာဟ်အတွက် 'ဟလာလ်'ပြုပေးခဲ့လေသည်။ မာလိဂနီမသ်သည် ဤအုမ္မသ်အတွက် သီးသန့်အနေဖြင့် 'ဟလာလ်'ဖြစ်ရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အသိတွင် ရှိတော်မူ၏။ သို့သော် 'ဗဒရ်'စစ်ပွဲအကြောင်းအရာအထိ ၎င်းနှင့်ပတ်သက်၍ ကျရောက်မှုမရှိခဲ့ပေ။ ထို့ပြင် 'ဗဒရ်'စစ်ပွဲ၏ အခြေအနေသည် ဤသို့ ပေါ်ပေါက်လာသည်။ အလ္လာဟ်အသျှင်မြတ်က မွတ်စ္စလင်မ်များကို လုံး၀ စဉ်းစားမှုနှင့် သန့်ကျင်၍ အနည်းငယ်မျှ သာမန်အောင်မြင်မှုကို ချီးမြှင့်ခဲ့လေသည်။ ရန်သူများက ပစ္စည်းများလည်း လွှတ်ခဲ့ကြသည်။ ၎င်းကို 'ဂနီမသ်'ပုံစံဖြင့် မွတ်စ္စလင်မ်များထံ ရောက်ရှိလာ၍ ၎င်းမှာ ရန်သူများ၏ ခေါင်းဆောင်ကြီး (၇၀) ကို မွတ်စ္စလင်မ်များက ဖမ်းဆီးခေါ်ဆောင်ခဲ့လေသည်။ သို့သော်

ထိုအရာနှစ်ခုစလုံး၏ ပြုပိုင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် မည်သည့်ဝဟီကိုမျှ အလ္လာဟ် အသျှင်မြတ်ဘက်မှ ယခုတိုင် မလာရှိခဲ့သေးပေ။

ဤအတွက်ကြောင့် ဆွဟာဗာများ၏ လျင်မြန်သော လုပ်ဆောင်ချက်အပေါ် 'အဇာဗ်'ပြစ်ဒဏ် ကျရောက်ခဲ့လေသည်။ ထိုအပြစ်ဒဏ်နှင့် မနှစ်မြို့မှု ပေါ်လွင်စေ၍ 'ဝဟီ'၏ အကြောင်းခံဖြင့် ပြုလုပ်ခဲ့ ပေသည်။ ၎င်းတွင် အဖမ်းခံထားရသော တပ်သားများနှင့် ပတ်သက်၍ မွတ်စ္စလင်မ်များအား အချက်နှစ်ချက် မှ ရွေးချယ်စေခဲ့သည်။ သို့သော် ရွေးချယ်မှုပြုရာတွင် ညွှန်ကြားချက်တစ်ခု ရှိထားပေသည်။ ဓမ္မသတ်၏ နှစ်ဖက်စလုံးထဲမှ အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် တစ်ဖက်တွင် နှစ်သက်မှုရှိပြီး အခြားတစ်ဖက်တွင် နှစ်သက်မှု မရှိပေ။ ဂျာမိအ်သိရ်မီဇီ၊ စုနနီ နစာအီ၊ အိဗ်နေ့ဟဗ္ဗားမ်ကျမ်းတို့တွင် ဟဇရသ်အလီ رضي الله عنه သခင် ၏ ဆင့်ပြန်ချက် လာရှိပေသည်။ ထိုအချိန်အခါ ဟဇရသ်ဂျိဗ္ဗရီးလ် عليه السلام သည် တမန်တော်မြတ် ﷺ ထံ လာရောက်၍ ဤအမိန့်တော်အား ကြားနာစေ၏။ အသင်တမန်တော် ဆွဟာဗာကြီးများကို အရာဝတ္ထုနှစ်ခု နှင့် ပတ်သက်ပြီး ရွေးချယ်ခွင့်ပေးလိုက်ပါလေ။ တစ်ချက်မှာ ထိုအကျဉ်းသားများကို သတ်ဖြတ်၍ ရန်သူ များ၏ ထည့်ဝါမှုကို အမြဲတမ်းအတွက် ဖျက်ဆီးပစ်လိုက်ပါလေ။ ဒုတိယတစ်ချက်မှာ ၎င်းတို့ထံမှ ပစ္စည်း အနည်းငယ်ယူ၍ လွှတ်ပေးလိုက်ပါလေ။ သို့သော် ဤဒုတိယအချက်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်သည် ဤသို့ သတ်မှတ်ပြီးဖြစ်သည်။ ၎င်း၏အစား ရှေ့နှစ်တွင် မွတ်စ္စလင်မ်များသည် 'ဖိဒ်ယာ'ယူ၍ လွှတ်ပေး ခဲ့သော အရေအတွက်နှင့်အညီ 'ရှဟီးဒ်'ဖြစ်ရှိပေမည်။ ဤပုံစံသည် စင်စစ် ရွေးချယ်စေခြင်းသာ ဖြစ်သည်။ ဆွဟာဗာများအား အချက်နှစ်ချက်စလုံးအား ရွေးချယ်ခွင့်ပေးခဲ့လေသည်။ သို့သော် ဒုတိယပုံစံ၌ မွတ်စ္စလင်မ် ပေါင်း (၇၀) 'ရှဟီဒ်'ဖြစ်မည့် ဆုံးဖြတ်ချက်အကြောင်း တင်ပြချက်၌ ထိုဘက်သို့ အနည်းငယ် ရည်ညွှန်း ချက်သည် မုချ ရှိခဲ့၏။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်၏ထံတော်၌ မနှစ်သက်ပေ။ အဘယ်ကြောင့်ဆို သော် ဤသည် နှစ်သက်သည်ရှိသော် မွတ်စ္စလင်မ် (၇၀) ၏ သွေးမြေကျမှုကို မသတ်မှတ်ခဲ့ပေ။

ဆွဟာဗာများ၏ရှေ့တွင် ဤပုံစံနှစ်ခုစလုံးအား ရွေးချယ်စေရန် တင်ပြသောအခါ အချို့ဆွဟာဗာ များက ဤသို့ အတွေးဝင်ခဲ့ကြသည်မှာ အကယ်၍ ထိုသူတို့ထံမှ 'ဖိဒ်ယာ'ယူ၍ လွှတ်ခဲ့သော် ဖြစ်နိုင်သည်မှာ ၎င်းတို့ထဲမှ အားလုံး (သို့) အချို့သည် မည်သည့်အချိန်မဆို မွတ်စ္စလင်မ်ဖြစ်သွားမည်။ ၎င်းသည် စစ်မှန် သော အကျိုးရလဒ်နှင့် 'ဂျိဟာဒ်'၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ ဒုတိယအကြောင်းခံမှာ မွတ်စ္စလင်မ် တို့သည် ထိုအချိန်တွင် ဆင်းရဲနွမ်းပါးသည့် အခြေအနေတွင် ရှိသည်။ အကယ်၍ လူ (၇၀) ၏ ပစ္စည်းအားဖြင့် 'ဖိဒ်ယာ'၎င်းတို့အား ရရှိသွားသော် ယင်းတို့၏ ခက်ခဲမှုသည်လည်း ဝေးကွာသွားပေမည်။ နောင်တွင် တိုက်ခိုက်ရန် ပြင်ဆင်မှုပြုရာ၌လည်း အထောက်အကူ ဖြစ်စေမည်။ မွတ်စ္စလင်မ်တို့အတွက် 'နိအ်မသ်' လက်ဆောင်တစ်ခု ဖြစ်သည်။ ၎င်းဖြင့် သောကဖြစ်ရန် မလိုအပ်ပေ။ ထိုစဉ်းစားသုံးသပ်မှုပြု၍ ဟဇရသ် အဘူဗကရ် رضي الله عنه နှင့် ဆွဟာဗာများက ဤသို့ အကြံပြုကြသည်မှာ ထိုသုံ့ပန်းတို့ထံမှ 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးရန် အကြံပြုကြသည်။ ဟဇရသ်အုမရ် ဗင်န် ခတ္တာဗ်နှင့် စအဒ်ဗင်န် မအားဇ် رضي الله عنه စသဖြင့် အချို့ သော ဆွဟာဗာများသည်သာ ထိုအကြံပေးချက်အား ဆန့်ကျင်မှုပြု၍ ထိုအားလုံးအား သတ်ဖြတ်ပစ်ရန် အကြံဉာဏ်ပေးခြင်း၏ အဓိကအကြောင်းအရင်းမှာ ဤသည် အကောင်းဆုံးသော အခွင့်အရေးတစ်ခု

ဖြစ်သည်။ မွတ်စ္စလင်မ်များနှင့် တိုက်ခိုက်ရာ၌ အင်အားအပြည့်အဝ ထောက်ပံ့ပေးသော အားလုံးသော ထိုရှိက်ရှ်ခေါင်းဆောင်တို့သည် ဤအချိန်ဝယ် ထိန်းချုပ်နိုင်ပေမည်။ ၎င်းတို့၏ အစွလာမ်လက်ခံမှုဟူသည် ၎င်းတို့၏ ထင်မြင်ယူဆချက်သာ ဖြစ်သည်။ သို့သော် ဤသို့လည်း ဖြစ်နိုင်ပေသည်။ ၎င်းတို့သည် ပြန်လည် လှည့်ပြောက်၍ ပထမထက်ပို၍ မွတ်စ္စလင်မ်များနှင့် ဆန့်ကျင်မှု ပြုနိုင်ပေသည်။

တမန်တော်မြတ် ﷺ သည် တစ်လောကလုံးအား 'ရဟ်မသ်' မရက်လာရရှိစေရန် ကြွမြန်းလာခြင်း ဖြစ်သည်။ ထို့ပြင် 'ရဟ်မသ်' ရရှိစေရန် စံပြလည်း ဖြစ်သည်။ ဆွဟာဗာများ၏ အကြံပြုချက်နှစ်ခုကို ကြည့်ရှု၍ စစ်သုံ့ပန်းများနှင့် ပတ်သက်၍ 'ရဟ်မသ်' နှင့် လွယ်ကူစေသည့် အကြံပြုချက်အား လက်ခံလိုက် လေသည်။ ၎င်းမှာ 'ဖိဒ်ယာ' ယူ၍ လွတ်ပေးရန်ဖြစ်သည်။ တမန်တော်မြတ် ﷺ က ဟဇရသ်အဗူဘာကရ် စွဒ္ဒီးက် ﷺ နှင့် ဟဇရသ်အုမရ်ဖာရူးက် ﷺ တို့နှစ်ဦးအား အမိန့်ရှိသည်။

لَوِ اتَّفَقْتُمَا مَا خَالَفْتُكُمَا

အလိုသဘောမှာ အကယ်၍ အသင်တို့နှစ်ဦးသည် အကြံဉာဏ်တစ်ခုတည်းအား တစ်ညီတစ်ညွတ် တည်းပြုခဲ့သော် ကျွန်ုပ်သည် အသင်တို့နှစ်ဦး၏ အကြံဉာဏ်ဖြင့် ဆန့်ကျင်မှုမပြုပေ။ */ မဇ္ဇဟရီကျမ်း /*

အကြံဉာဏ်ကွဲလွဲသောအခါ တမန်တော်မြတ် ﷺ ၏ ကရုဏာတရားနှင့် ချစ်ခင်မှုတို့၏ လိုလား တောင့်တချက်သည်လည်း ၎င်းတို့၏ အဖြစ်အပျက်၌ လွယ်ကူမှုကို ရွေးချယ်စေခဲ့လေသည်။ သို့ရှိရာ ဤသို့ပင် ဖြစ်ရှိခဲ့ပေသည်။ ယင်း၏ နောက်ဆုံးရလဒ်သည် ရှေ့နှင့် 'အုဟုဒ်' စစ်ပွဲ အချိန်အခါတွင် အလ္လာဟ် အသျှင်မြတ်၏ ပညတ်ချက်ပါအတိုင်း မွတ်စ္စလင်မ် (၇၀) 'ရှဟီဒ်' ဖြစ်ပေါ်မည့် အကြောင်းအရာ ပေါ်ပေါက် ခဲ့လေသည်။

تُرِيدُونَ عَرَضَ الدُّنْيَا

ဟူသော အာယသ်တော်၌ ထိုဆွဟာဗာများကို ရည်ညွှန်းထားပေသည်။ ယင်းဆွဟာဗာများက 'ဖိဒ်ယာ' ယူ၍ လွတ်ပေးရန် အကြံဉာဏ်ပေးခဲ့ပေသည်။ ထိုအာယသ်တော်တွင် ဖော်ပြထားသည်မှာ အသင် တို့က ကျွန်ုပ်၏ ခုရူလ်တမန်တော်အား မသင့်လျော်သည့် အကြံဉာဏ်ပြုကြပေသည်။ အာယသ်ကြောင့်ဆို သော် မည်သည့်နဗီတစ်ပါးပါးအတွက် ဤသို့ အချိန်အခါဖြင့် မတိုက်ညီပေ။ ၎င်း၏ ရန်သူများအပေါ် လွှမ်းမိုးမှုရရှိသော်သည်း ၎င်းတို့၏ အင်အားနှင့် ထည့်ဝါမှုကို မချိုးဖျက်ခဲ့ပေ။ ထို့ပြင် ဖျက်ဆီးစေသော ရန်သူများကို ကျန်ရှိစေ၍ မွတ်စ္စလင်မ်များအတွက် အစဉ်အမြဲ ဘေးဒုက္ခဖြစ်စေခဲ့သည်။

ယင်းအာယသ်တော်တွင် حَتَّىٰ يُثْخِنَ فِي الْأَرْضِ ဟူသော စာလုံး လာရှိခဲ့သည်။ اثخان ဟူသော စာလုံး၏ အဘိဓါန်အဓိပ္ပာယ်မှာ 'လူတစ်ဦးတစ်ယောက်' ၏ အင်အားနှင့် ထည်ဝါမှုကို ချိုးဖောက် ခြင်းတွင် သာပို၍ ပြုမူလုပ်ဆောင်ခြင်းကို ခေါ်ဆိုပေသည်။ ထိုအဓိပ္ပာယ်ခိုင်လုံစေရန်အတွက် فِي الْأَرْضِ ဟူသော စာလုံး ယူလာခဲ့လေသည်။ ၎င်းဖြင့် သိရှိရသည်မှာ ရန်သူများ၏ ခန့်ညားထည်ဝါမှုကို မြေခစေခြင်း ဖြစ်သည်။ ယင်းဆွဟာဗာများက 'ဖိဒ်ယာ' ယူ၍ လွတ်ပေးခြင်း၏ အကြံဉာဏ်ပေးမှုသည် အကယ်၍

၎င်း၏ အကြံပြုချက်၌ တစ်နည်းအားဖြင့် သီးသန့်သာသနာအရ ဖြစ်သည်။ အလိုသဘောမှာ လွတ်မြောက်ပြီးသည့်နောက် ထိုသူတို့သည် မွတ်စ္စလင်မ်ဖြစ်နိုင်သည့် မျှော်လင့်ချက်ရှိသည်။ သို့သော် ၎င်းနှင့်အတူ အခြားအကြောင်းခံမှာ မိမိတို့ကိုယ်တိုင်သည်လည်း အကျိုးအမြတ်ရှိပေသည်။ ပစ္စည်းဥစ္စာ လက်ဝယ်ရရှိခြင်းဖြင့် ယခုတိုင် ယင်းပစ္စည်းနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၌ ပိုင်သည်ဟူ၍ မလာရှိခဲ့ပေ။ ဤအတွက်ကြောင့် လူသားများအတွက် တမန်တော်မြတ် ﷺ မှ သင်ကြားပြသခဲ့သော လူမှုဆက်ဆံရေး၏ အဆင့်အတန်းသည် ဖရစ်ရှိသာဟ် ကောင်းကင်တမန်များထက်ပင် သာလွန်သည့် အတိုင်းအတာအထိ သင်ကြားပြသခဲ့သည်။ ၎င်းတို့အတွက် ဤပစ္စည်းဥစ္စာများဘက်သို့ အာရုံစိုက်ခြင်းသည် အပြစ်တစ်ခုဟု မှတ်ယူရပေမည်။ ထို့ပြင် အကြင်လုပ်ငန်းသည် ပိုင်သော မပိုင်သော လုပ်ငန်းများဖြင့် ရောနှောလျက်ရှိသော ၎င်းလုပ်ငန်းများကိုလည်း မပိုင်ဟု ခေါ်ဆိုပေသည်။ ဤအတွက်ကြောင့် ဆွဟာဗာများနှင့် ဤအလုပ်သည် အပြစ်ဒဏ်ချမှတ်ခြင်းခံရ၍ ဤသို့ အမိန့်ရှိသည်။

تُرِيْدُوْنَ عَرَضَ الدُّنْيَا وَاللّٰهُ يُرِيْدُ الْاٰخِرَةَ وَاللّٰهُ عَزِيْزٌ حَكِيْمٌ

အလိုသဘောမှာ အသင်တို့သည် လောကီပစ္စည်းများကို အလိုရှိကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ နောင်တမလွန်ဘဝ၏ စည်းစိမ်ကို လိုလားတော်မူ၏။ ဤနေရာတွင် အပြစ်တင်သည့် ပုံစံသည် ယင်းတို့၏ ထိုလုပ်ဆောင်ချက်ကိုသာ တင်ပြထားခြင်းဖြစ်၍ မနှစ်မြို့သည့်အတွက်ကြောင့် ဖြစ်သည်။ ဒုတိယအကြောင်းမှာ စစ်သုံ့ပန်းတို့သည် မွတ်စ္စလင်မ်ဖြစ်ရှိသွားခြင်း၏ မက်ထားခြင်း၊ ၎င်း၏ အကြောင်းကို ဤနေရာတွင် မဖော်ပြထားပေ။ ယင်းဖြင့် ထိုအကြောင်းအရာဘက်သို့ ညွှန်ပြထားသည်မှာ ဆွဟာဗာများကဲ့သို့ သန့်ပြန့်သည့် သီးသန့် 'ဂျမာအသ်'အတွက် ဤကဲ့သို့သော 'နီယသ်' ဖြင့် ၎င်းတွင် သာသနာ၏ အစိတ်အပိုင်းတစ်ရပ် ပါဝင်သကဲ့သို့ အရျို့မှာ မိမိလောကီရှိ အကျိုးအမြတ်များ ရောထွေးနေမှုတို့အား လက်မခံပေ။ ဤနေရာတွင် အာယသ်တော်၌ အပြစ်ဒဏ်နှင့် သတိပေးမှုတို့သည် ဆွဟာဗာများဘက်သို့ ဖြစ်ကြောင်း တွေ့ရှိရပေသည်။ အကယ်၍ တမန်တော်မြတ် ﷺ ကလည်း ယင်းတို့၏ အကြံဉာဏ်ပေးမှုကို လက်ခံမှုပြု၍ မိမိကိုယ်တိုင် ၎င်းတို့နှင့်အတူ ပါဝင်မှုတစ်ခုကို ပြုခဲ့ပေသည်။ သို့သော် တမန်တော်မြတ် ﷺ ၏ လုပ်ဆောင်ချက်သည် တမန်တော်မြတ် ﷺ ၏ သီးသန့် رَحْمَةً لِّلْعَالَمِيْنَ ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ ဆွဟာဗာများ၏ အကြံဉာဏ်ကွဲလွဲမှု ဖြစ်ရှိသည့် ပုံစံ၌ ထိုပုံစံကိုသာ ရွေးချယ်မှုပြုခဲ့လေသည်။ ၎င်းပုံစံတွင် အကျဉ်းသား သုံ့ပန်းများနှင့်ပတ်သက်၍ လွယ်ကူမှုနှင့် ကြင်နာမှုရှိလေသည်။ နောက်ဆုံးအာယသ်တော်တွင်

وَاللّٰهُ عَزِيْزٌ حَكِيْمٌ

ဟု အမိန့်ရှိ၍ ရည်ညွှန်းထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် စင်စစ် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကယ်၍ အသင်တို့သည် လျင်မြန်စွာ ပြုမူဆောင်ရွက်မှု မရှိသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အသနားတော်ဖြင့် နောင်လာမည့် အောင်မြင်မှုများတွင် အသင်တို့အတွက် ပစ္စည်းဥစ္စာများကိုလည်း ပေးသနားတော်မူမည်။

ဒုတိယအာယသ်တော်သည်လည်း ထို 'အဇားဗ်'ပြစ်ဒဏ်၏ အကြောင်း အပြည့်အဝ လာရှိထားသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ဥပဒေတစ်ရပ်သည် မူလကပင် မရှိခဲ့ပါမူ အသင်တို့ ယူခဲ့ကြသည်နှင့်စပ်လျဉ်း၍ ကြီးကျယ်ပြင်းထန်သော အပြစ်သည် အသင်တို့၌ ဧကန်မလွဲ ထိရောက်ခဲ့ပြီးဖြစ်ချေမည်။

ဥပဒေတစ်ရပ်၏ အလိုသဘောမှာ အဘယ်နည်း။ ၎င်းနှင့်ပတ်သက်၍ သိရ်မိဇီကျမ်းတွင် ဟဇရတ်အဗူဟုရိုင်ရာဟ် ؓ သခင်၏ ဆင့်ပြန်ချက်တစ်ခု လာရှိပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'မာလိဂနီမသ်'သည် အသင်တို့အလျှင် မည်သည့်လူမျိုးနှင့် မည်သည့်အမွှသ်သားများအတွက်မျှ 'ဟလာလ်' မဟုတ်ခဲ့ပေ။ 'ဗဒရ်'စစ်ပွဲတွင် မွတ်စ္စလင်မ်တို့သည် 'မာလိဂနီမသ်'စုဆောင်းမှုပြုနေကြ၏။ သို့ရာတွင် ယင်းအချိန်အထိ ၎င်းတို့အဖို့ 'မာလိဂနီမသ်'သည် 'ဟလာလ်'မဖြစ်ရှိသေးပေ။ ထိုအကြောင်းအရာအပေါ် ဤအာယသ်တော် ကျရောက်ခဲ့ပေသည်။ 'မာလိဂနီမသ်'သည် 'ဟလာလ်'ဖြစ်ခြင်း၏ အမိန့်မကျရောက်မီ အလျှင် မွတ်စ္စလင်မ်များ၏ လုပ်ဆောင်ချက်သည် ဤသို့ အပြစ်ဖြစ်ခဲ့သည်မှာ ၎င်းတို့အပေါ် 'အဇားဗ်' ပြစ်ဒဏ် ကျရောက်သင့်ပေသည်။ သို့သော် စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ဤအမိန့်ပညတ်ချက်သည် 'လောင်ဟေမဟ်ဖူဇ်'တွင် ရေးသားပြီးဖြစ်၏။ ဤအမွှသ်သားများအတွက် 'မာလိဂနီမသ်'သည် 'ဟလာလ်' ပြုပေးပေမည်။ ဤအတွက်ကြောင့် မွတ်စ္စလင်မ်များ၏ ထိုမှားယွင်းသော လုပ်ဆောင်ချက်အပေါ်တွင် 'အဇားဗ်'ပြစ်ဒဏ် မချမှတ်ခဲ့ပေ။ *[မဇ္ဇဟရီကျမ်း]*

အချို့သော ဆင့်ပြန်ချက်များ လာရှိလားသည်မှာ ဤအာယသ်တော် ကျရောက်လာသည့်အခါ တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'ပြစ်ဒဏ်သည် ရှေ့မှောက်သို့ လုံးဝ ရောက်ရှိပြီးဖြစ်၏။ သို့သော် အသျှင်မြတ်သည် မိမိ၏ အသနားတော်ဖြင့် ရပ်ဆိုင်းလိုက်စေ၏။ ထို့ပြင် အကယ်၍ 'အဇားဗ်'ပြစ်ဒဏ် ကျရောက်လာပါမူ ဟဇရတ်အုမရ် ဗင်န် ခတ္တာဗ်နှင့် စအဒ်ဗင်န် မအားဇ် ؓ မှအပ အခြားမည်သူမှ ထိုပြစ်ဒဏ်မှ မလွတ်ကင်းနိုင်ပေ။ ၎င်းဖြင့် သိရှိရသည်မှာ အပြစ်ဒဏ် ကျရောက်ခြင်း၏ အဓိကအကြောင်းခံသည် သုံ့ပန်းများထံမှ ဒဏ်ကြေးယူဆောင်၍ လွှတ်ပေးခဲ့သည့်အပေါ် ဖြစ်သည်။ ထို့ပြင် သိရ်မိဇီကျမ်း၏ ဖော်ပြပြီးသည့် ဆင့်ပြန်မှုတွင် 'အဇားဗ်'ပြစ်ဒဏ် ကျရောက်ခြင်း၏ အကြောင်းခံမှာ '**မာလိဂနီမသ်**' စုဆောင်းခြင်းကြောင့်ဟု သိရှိရပေသည်။ သို့သော် နှစ်ခုစလုံးတွင် မည်သို့မျှ ဆန့်ကျင်၍ မနေပေ။ သုံ့ပန်းများထံမှ ဒဏ်ကြေးယူခြင်းသည်လည်း 'မာလိဂနီမသ်'၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။

ဓမ္မသတ် ။ ။ ဖော်ပြပါအာယသ်တော်တွင် သုံ့ပန်းများထံမှ 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးခြင်း (သို့) 'မာလိဂနီမသ်'စုဆောင်းမှုပြုခြင်းဖြင့် အကြင် 'အဇားဗ်'ပြစ်ဒဏ်ကျရောက်ခဲ့ရာ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်ဖြင့် ခြိမ်းခြောက်ခဲ့သည်။ သို့သော် တစ်ဖန် ခွင့်လွှတ်မှုပြုပေးခဲ့၏။ ၎င်းဖြင့် ဤစကားရပ်သည် မရှင်းလင်းခဲ့ပေ။ ရှေ့ဆက်၍ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ မွတ်စ္စလင်မ်များကို မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်းဟူသော အချက်သည် မရှင်းလင်းခဲ့ပေ။ ဤအတွက်ကြောင့် ရှေ့အာယသ်တော်၌ 'မာလိဂနီမသ်'၏ ဓမ္မသတ်ကို ရှင်းလင်းစွာ တင်ပြခဲ့သည်မှာ-

فَكُلُوا مِمَّا غَنِمْتُمْ

အလိုသဘောမှာ 'မာလိဂနီမသ်'သည် အသင်တို့လက်ဝယ် ရောက်ရှိခဲ့သော် ယခု ထို 'မာလိဂနီမသ်' ကို သုံးစွဲနိုင်ပေသည်။ ထို 'မာလိဂနီမသ်'သည် ရှေ့ဆက်၍ အသင်တို့အတွက် 'ဟလာလ်'ပြုပေးလိုက်လေပြီ။ သို့သော် ၎င်းဖြင့်လည်း သံသယတစ်ခု ကျန်ရှိနေပေသည်။ ၎င်းမှ 'မာလိဂနီမသ်' အား 'ဟလာလ်' ပြုခြင်း၏ အမိန့်သည် ယခု ရရှိခြင်းဖြစ်သည်။ ထိုအမိန့်အလျင် ထိုသူတို့သည် မှားယွင်း၍ စုဆောင်းမှု ပြုခဲ့ကြ၏။ ၎င်းတွင် အနည်းငယ်မနှစ်မြို့ဖွယ်ရာ ရှိနေသည့်အတွက်ကြောင့် طَيِّبًا ဟုအမိန့်ရှိ၏။ အထက်ပါ သံသယကိုလည်း ဝေးကွာစေခဲ့သည်။ အကယ်၍ အမိန့်မကျရောက်မီအလျင် 'ဂနီမသ်' စုဆောင်းမှုပြုခြင်း တို့သည် မမှန်ကန်ပေ။ သို့သော် ယခု 'မာလိဂနီမသ်'သည် 'ဟလာလ်'ဖြစ်ခြင်း၏ အမိန့်ကျရောက်လာသော် ပထမ စုဆောင်းမှုပြုထားသည့် အရာတို့သည်လည်း မနှစ်မြို့မှုကင်းမဲ့စွာဖြင့် 'ဟလာလ်' ဖြစ်၏။

မဗ္ဗသတ် ။ ။ ဤနေရာတွင် အုစူလိဖေ့ကာဟ်၏ မဗ္ဗသတ်တစ်ခုသည် လေ့လာမှတ်သားဖွယ်ရာ ဖြစ်သည်။ မည်သည့်အခါ မပိုင်သော လုပ်ဆောင်ချက်တစ်ခု၏နောက် ခိုင်လုံသည့် အာယသ်တော်၏ အကြောင်းခံဖြင့် ထိုပစ္စည်းကို 'ဟလာလ်'ဖြစ်ခြင်း၏ အမိန့်ကျရောက်လာပါသော် ရှေ့တွင် လုပ်ဆောင်ခဲ့ သော လုပ်ဆောင်ချက်၌ ဤနေရာတွင် မည်သို့မျှ ထိရောက်မှုမရှိပေ။ ဤပစ္စည်းသည် သန့်ပြန့်သော 'ဟလာလ်'ဖြစ်ရှိသွားပေသည်။ ပမာဆိုသော် ဤအဖြစ်အပျက်ပင် ဖြစ်သည်။ သို့သော် ၎င်းနှင့်ပတ်သက်၍ အခြားသုံးသပ်ချက်တစ်ခု ရှိသည်မှာ မည်သည့်အကြောင်းအရာနှင့် ပတ်သက်၍ အမိန့်ပညတ်ချက်သည် အစကပင် ချပေးပြီးဖြစ်သည်။ သို့သော် ယင်း၏ ပေါ်လွင်မှုသည် လုပ်ဆောင်သောသူများအပေါ် မသက် ရောက်ခဲ့ပေ။ ဤအတွက်ကြောင့် ၎င်းသည် ထိုအမိန့်နှင့် ဆန့်ကျင်မှုပြုခဲ့ကြသည်။ ပြုဆောင်ပြီးမှ သိရှိရ သည်မှာ ကျွန်ုပ်တို့၏ ဤလုပ်ဆောင်ချက်သည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်၏ မည်သည့်အမိန့် တော်ဖြင့် ဆန့်ကျင်လျက်ရှိ၏။ သို့ရှိရာ ထိုအခြေအနေမျိုးတွင် အမိန့်တော် ပေါ်လွင်ပြီးနောက် စင်စစ် လွန်လေပြီးသော မှားယွင်းမှုကို ခွင့်လွှတ်မှု ပြုပေးခဲ့လျှင်လည်း ထိုပစ္စည်းသည် 'ဟလာလ်'မဟုတ်တော့ပေ။ *[နူရုလ်အနွာ၀ါးရ်]*

ဖော်ပြပါအာယသ်တော်၌ 'မာလိဂနီမသ်'ကို သန့်ပြန့်သော 'ဟလာလ်'သတ်မှတ်ပေးပြီးဖြစ်၏။ သို့သော် နောက်ဆုံးအာယသ်တော်တွင် ဤသို့ စည်းကမ်းချက် သတ်မှတ်ထားသည်မှာ-

وَاتَّقُوا اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ

၎င်းဖြင့် သိရှိရသည်မှာ 'မာလိဂနီမသ်'သည် စင်စစ် 'ဟလာလ်'ပြုပေးလိုက်လေသည်။ သို့သော် ၎င်းသည်လည်း သီးသန့်ဥပဒေတစ်ရပ်အနေဖြင့် 'ဟလာလ်'ပြုပေးခြင်း ဖြစ်သည်။ ၎င်းဥပဒေနှင့် ဆန့်ကျင်၍ (သို့) မိမိရပိုင်ခွင့်ထက် အပိုယူခဲ့ပါမူ မပိုင်ပေ။

ဤနေရာတွင် အဖြစ်အပျက်နှစ်ခု ရှိသည်။ တစ်ခုမှာ 'မာလိဂနီမသ်'ဖြစ်ပြီး ဒုတိယမှာ သုံ့ပန်းများထံမှ ဒဏ်ကြေးယူဆောင်၍ လွှတ်ပေးခြင်းဖြစ်သည်။ ပထမအကြောင်းအရာနှင့် စပ်လျဉ်း၍ ဤအာယသ်တော်မှ ရှင်းလင်းစွာ ဖော်ပြပြီးဖြစ်၏။ ဒုတိယအကြောင်းအရာနှင့် စပ်လျဉ်း၍ ယခုတိုင် ရှင်းလင်းစွာ မရှိသေးပေ။ ၎င်းနှင့် ပတ်သက်၍ စူရာဟ်မိုဟမ္မဒ်၌ ဤအာယသ်တော် ကျရောက်ခဲ့ပေသည်။

فَاِذَا لَقِيْتُمُ الَّذِيْنَ كَفَرُوْا فَضَرْبَ الرِّقَابِ ؕ حَتّٰۤى اِذَاۤ

اَثْخَنْتُمُوْهُمْ فَشُدُّوا الْوَثَاقَ فَاِمَّا مَنًّاۢ بَعْدُ وَاِمَّا فِدَآءً حَتّٰى تَضَعَ الْحَرْبُ اَوْزَارَهَا

အလိုသဘောမှာ ယခုသော် အသင်တို့သည် ကာဖိရ်သွေဖည်ဖြင်းပယ်သော သူတို့နှင့် ရင်ဆိုင်တွေ့ကြသောအခါ လည်ကုတ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် အသင်တို့သည် ၎င်းတို့အား ကောင်းစွာ သတ်ဖြတ်ခဲ့ကြပြီးသောအခါ သုံ့ပန်းများကို ကြိုးများဖြင့် ကောင်းစွာ တုပ်နှောင်ကြလေကုန်။ ထို့နောက်တစ်ဖန် အသင်တို့သည် ကျေးဇူးပြုခြင်းအားဖြင့် လျော်ကြေးမယူဘဲ ပြန်လွှတ်ခြင်းကိုသော်လည်းကောင်း၊ လျော်ကြေးယူ၍ ပြန်လွှတ်ပေးခြင်းကိုသော်လည်းကောင်း ပြုနိုင်ခွင့်ရှိ၏။ စစ်မက်တိုက်ခိုက်မှုသည် လက်နက်ချသည့်တိုင်အောင် ဖြစ်ရမည်။

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် အဖွားစ် ﷺ သခင် ဆင့်ပြန်သည်မှာ 'ဗဒရ်'စစ်ပွဲတွင် သုံ့ပန်းများထံမှ 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးသည့် 'အစားဗ်'ပြစ်ဒဏ် ကျရောက်ခဲ့လေသည်။ ဤစစ်ပွဲသည် အစ္စလာမ်၏ ပထမဦးဆုံး စစ်ပွဲဖြစ်သည်။ ထိုအချိန်အထိ ကာဖိရ်များ၏ အင်အားနှင့် ထည်ဝါမှုတို့သည် မပျက်စီးသေးပေ။ ရုတ်တရက် ၎င်းတို့အပေါ် ဘေးဒုက္ခတစ်ခု ကျရောက်ခဲ့လေသည်။ တစ်ဖန် အစ္စလာမ်နှင့် မွတ်စလင်မ်များသည် အပြည့်အဝ လွှမ်းမိုးမှု ရရှိသွားခဲ့သော် အလ္လာဟ်အသျှင်မြတ်သည် ထိုအမိန့်ပညတ်ချက်ကို ပလပ်၍ စူရာဟ်မိုဟမ္မဒ်၏ အထက်ပါအာယသ်တော်ကို ချပေးခဲ့သည်။ ၎င်းအာယသ်တော်တွင် တမန်တော်မြတ် ﷺ နှင့် မွတ်စလင်မ်များကို သုံ့ပန်းများနှင့် ပတ်သက်၍ အချက်လေးချက်မှ ရွေးချယ်မှု ပြုစေခဲ့သည်။ ၎င်းမှာ 'အလိုရှိပါမူ အားလုံးကို သတ်ဖြတ်လိုက်ပါ။' (သို့) 'အလိုရှိပါမူ ကျွန်ပြုလိုက်ပါ။' (သို့) 'အလိုရှိပါက 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးလိုက်ပါ။' (သို့) 'အလိုရှိပါက 'ဖိဒ်ယာ'မယူဘဲ လွှတ်ပေးနိုင်ပေသည်။' ဖော်ပြပါ အချက်လေးချက်မှာ ပထမနှစ်ချက်သည် အမ္မသတ်တစ်ခုလုံး တစ်ညီတစ်ညွတ်တည်းရှိ၏။ အမီရွလ်မွတ်စ္စလိမီးန်သည် သုံ့ပန်းများထို သတ်ဖြတ်ရန် ရွေးချယ်နိုင်ပေသည်။ ထို့ပြင် ကျွန်ပြုရန်လည်း ရွေးချယ်နိုင်ပေသည်။ သို့သော် သုံ့ပန်းများအား အစားမယူဘဲ လွှတ်ပေးခြင်း (သို့) အစားယူ၍ လွှတ်ပေးခြင်းတို့၌ ဖေကာဟ်ပညာရှင်များ၌ အဆိုအကွဲအလွဲရှိသည်။ အေမာမ်မာလစ်က်၊ အေမာမ်ရှာဖိအီ၊ အေမာမ် အဟ်မဒ်ဗင်န်ဟန္ဗလ်၊ ဆောင်ရီ၊ အစ္စဟားက်၊ သာဗေအီးန်များထံမှ ဟဇရတ်ဟစန်ဗစ္စရီနှင့် အသွာအ်တို့၏ အဆိုမှာ ဤပုံစံနှစ်ခုလုံးသည်လည်း အမီရွလ်မွတ်စ်လိမီးန်အတွက် ပြုပိုင်ပေသည်။ သုံ့ပန်းများထံမှ အစားယူ၍ လွှတ်ပေးခြင်း (သို့) အစားယူမှုမပြုဘဲ လွှတ်ပေးခြင်း (သို့) မွတ်စ္စလင်မ်များသည် သုံ့ပန်းများဖြင့် ပြောင်းလဲမှု ပြုနိုင်ပေသည်။

ထို့ပြင် အေမာမ်အဘူဟနီဖ္ဖာ၊ အေမာမ်အဘူယူစွဖ်၊ အေမာမ်မိုဟမ္မဒ်၊ အောင်ဇာအီ၊ ကသာဒါဟ်၊ သျှုဟ်ဟားက်၊ စွဒ္ဒီးနှင့် အိဗ်နိဂျုရိုင်ဂ်ျတို့က အမိန့်ရှိသည်မှာ လျော်ကြေးမယူဘဲ လွှတ်ပေးခြင်းသည် လုံး၀

မပိုင်ပေ။ 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးခြင်းသည်လည်း အေမာမ်အဘူဟာနီဖွာ၏ အကျော်ကြားဆုံး အဆိုတွင်လည်း မပိုင်ပေ။ သို့ရှိရာ စီယရိကဗီးရ်ကျမ်း၏ ဆင့်ပြန်ချက်တစ်ခု လာရှိသည်မှာ အကယ်၍ မွတ်စ္စလင်မ်များသည် ပစ္စည်းဥစ္စာတစ်ခုခု လိုအပ်သော် 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးနိုင်ပေသည်။ သို့ရှိရာ မွတ်စ္စလင်မ်များသည် သုံ့ပန်းများ၏အစား ၎င်းကာဖိရ်များ၏ သုံ့ပန်းတို့ကို လွှတ်ပေးခြင်းသည် အေမာမ်အဗူဟာနီဖွာနှင့် စွာဟိဗိုင်န် (အေမာမ်အဗူယူစွဖ်နှင့် အေမာမ်မိုဟမ္မဒ်) ထံတွင် ပိုင်လေသည်။ *[မဇ္ဇ်ဟရီကျမ်း]*

အကြင်အေမာမ်များက 'ဖိဒ်ယာ'ယူ၍ (သို့) 'ဖိဒ်ယာ'မယူဘဲ လွှတ်ပေးခြင်း ခွင့်ပြုပေးမှုသည် ဟဇရတ် အိဗ်နေ့ အဗ္ဗားစ် ﷺ သခင်၏ အဆိုအရ စူရာဟ်မိုဟမ္မဒ်၏ အာယသ်တော်က စူရာဟ်အန်ဖွာလ်၏ အာယသ်တော်ကို ပယ်ဖျက်၍ စူရာဟ်အန်ဖွာလ်၏ အာယသ်တော်ကို အပယ်ဖျက်ခံဟု သတ်မှတ်ထားကြသည်။ ဟနဖီပညာရှင်များက 'စူရာဟ်မိုဟမ္မဒ်'၏ အာယသ်တော်ကို အပယ်ဖျက်ခံဟု သတ်မှတ်ပေးထားသည်။ 'စူရာဟ်အန်ဖွာလ်'၏ အာယသ်တော်ဖြစ်သော فَشَرِّدْ بِهِمْ مَنْ خَلْفَهُمْ နှင့် اُقْتُلُوا الْمُشْرِكِيْنَ حَيْثُ وَجَدْتُّمُوْهُمْ ဟူသော အာယသ်တော်တို့က စူရာဟ်မိုဟမ္မဒ်၏ အာယသ်တော်အား ပယ်ဖျက်ပစ်လိုက်သည်ဟု သတ်မှတ်ထား၏။ ဤအတွက်ကြောင့် သုံ့ပန်းများအား လွှတ်ပေးမှုပြုခြင်း၌ 'ဖိဒ်ယာ'ယူ၍ ဖြစ်စေ၊ (သို့) 'ဖိဒ်ယာ'မယူသည်ဖြစ်စေ ယင်းအေမာမ်များထံတွင် မပိုင်ပေ။ *[မဇ္ဇ်ဟရီကျမ်း]*

သို့သော် အကယ်၍ စူရာဟ်အန်ဖွာလ်၏ အာယသ်တော်၏ စာလုံးများနှင့် စူရာဟ်မိုဟမ္မဒ်၏ စာလုံးများအား စဉ်းစားတွေးတောခြင်းဖြင့် သိရှိရသည်မှာ ထိုစူရာဟ်နှစ်ခုစလုံး၌ 'ပယ်ဖျက်ခြင်း၊ အပယ်ဖျက်ခံခြင်း'ဟူ၍ မရှိပေ။ သို့သာမက မတူညီသော အဖြစ်အပျက်နှစ်ခု၏ အမိန့်တော်နှစ်ခုသာဖြစ်သည်။

စူရာဟ်အန်ဖွာလ်၏ အာယသ်တော်၌လည်း စင်စစ် အမိန့်သည် اِثْخَانٌ فِى الْاَرْضِ အလိုသဘောမှာ သတ်ဖြတ်မှုပြု၍ ကာဖိရ်များ၏ အင်အားကို ချိုးနှိမ်ရန်ဖြစ်သည်။ စူရာဟ်မိုဟမ္မဒ်၏ အာယသ်တော်၌လည်း مَنًّ နှင့် فِدَاءً (အလိုသဘောမှာ စစ်သုံ့ပန်းများကို လျော်ကြေးမယူဘဲ (သို့) လျော်ကြေးယူ၍ လွှတ်ပေးခြင်း) ကို ရွေးချယ်ခွင့်ပေးထားပေသည်။ ၎င်းအလျှင် اِثْخَانٌ فِى الْاَرْضِ ၏ အကြောင်းတင်ပြပြီးဖြစ်၏။ အလိုသဘောမှာ သတ်ဖြတ်မှုပြု၍ ကာဖိရ်များ၏ 'ကုဖွ်ရ်'သွေးဖည်မှုအား ပျက်စီးပြီးသည့်နောက် ဤသို့ ရွေးချယ်မှုပြုနိုင်ပေသည်။ ၎င်းမှာ သုံ့ပန်းများထံမှ 'ဖိဒ်ယာ'ယူ၍ (သို့) 'ဖိဒ်ယာ'မယူဘဲ လွှတ်ပေးလိုက်ရမည်။

အေမာမ်အဘူဟာနီဖွာ၏ စီယရိကဗီးရ်ကျမ်း၏ ဆင့်ပြန်မှုသည်လည်း ဤရည်ရွယ်ချက်သာ ဖြစ်နိုင်ပေသည်။ မွတ်စ္စလင်မ်များ၏ အခြေအနေနှင့် လိုအပ်ချက်များအပေါ် သုံးသပ်၍ နှစ်မျိုးစလုံး၏ အမိန့်ကို ပေးနိုင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلنَّبِيُّ قُل لِّمَن فِيٓ أَيۡدِيكُم مِّنَ ٱلۡأَسۡرَىٰٓ إِن يَعۡلَمِ ٱللَّهُ فِي
قُلُوبِكُمۡ خَيۡرٗا يُؤۡتِكُمۡ خَيۡرٗا مِّمَّآ أُخِذَ مِنكُمۡ وَيَغۡفِرۡ لَكُمۡۚ وَٱللَّهُ غَفُورٞ رَّحِيمٞ ٧٠

၈ : ၇၀ ။ ။ အို့၊ နဗီတမန်တော်၊ အသင်သည် မိမိတို့၏ လက်တွင်း၌ရှိသော ဖမ်းမိသည့် သုံ့ပန်းများကို (ဤသို့) ပြောကြားပါလေ။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများမှ တစ်စုံတစ်ရာ ကောင်းခြင်းကို သိရှိတော်မူပါလျှင် ထိုအသျှင်မြတ်သည် (ယခု) အသင်တို့ထံမှ ယူခဲ့ပြီးဖြစ်သော (လျော်ကြေး) ပစ္စည်းထက် သာလွန်ကောင်းမြတ်သော အရာကို အသင်တို့အား ချီးမြှင့်ပေးသနားတော်မူမည့်အပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုတို့ကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပေမည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَإِن يُرِيدُواْ خِيَانَتَكَ فَقَدۡ خَانُواْ ٱللَّهَ مِن قَبۡلُ
فَأَمۡكَنَ مِنۡهُمۡۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ٧١

၈ : ၇၁ ။ ။ သို့ရာတွင် အကယ်၍သာ ထိုသုံ့ပန်းများသည် အသင် (တမန်တော်) အား သစ္စာဖောက်ရန် ကြံရွယ်ကြလျှင်လည်း (စိုးရိမ်စရာ မဟုတ်ပေ။) စင်စစ် ၎င်းတို့သည် ယခင်ကလည်း အလ္လာဟ်အသျှင်မြတ်အား သစ္စာဖောက်ဖူးခဲ့ကြလေပြီ။ သို့ဖြစ်ပေရာ အသျှင်မြတ်သည် ၎င်းတို့ကို အသင် (တမန်တော်) ၏ လက်တွင်း၌ ဖမ်းဆီးကျရောက်စေတော်မူခဲ့ခြင်း ဖြစ်သည်။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့၊ နဗီတမန်တော်၊ အသင်သည် မိမိတို့၏လက်တွင်း၌ ရှိကြကုန်သော လက်ရဖမ်းဆီးမိသည့် သုံ့ပန်းများကို (၎င်းတို့ထဲမှ မွတ်စ္လင်မ်ဖြစ်ရှိသွားသူတို့အား) အသင် ၎င်းတို့အား ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများတွင် တစ်စုံတစ်ရာ ကောင်းခြင်းကိုပင် သိရှိတော်မူပါလျှင် (အလိုသဘောမှာ အသင်တို့သည် စိတ်နှလုံးမှ မွတ်စ္လင်မ်ဖြစ်ရှိသွား၏။) အဘာယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့် ကိုက်ညီစွာ အမှန်ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် စစ်မှန်သော မွတ်စ္လင်မ်ဖြစ်ရှိသောသူများကိုသာ မွတ်စ္လင်မ်ဟု သိရှိတော်မူပေမည်။ ထို့ပြင် အကြင်သူသည် မွတ်စ္လင်မ်မဖြစ်ပါက ၎င်းအား မွတ်စ္လင်မ်မဟုတ်သူအဖြစ်သာ သိရှိတော်မူမည်။ သို့ရှိရာ အကယ်၍ အသင်တို့သည် စိတ်နှလုံးဖြင့် မွတ်စ္လင်မ်ဖြစ်ရှိခဲ့ပါသော် ထိုအသျှင်မြတ်သည် ယခု အသင်တို့ထံမှ ရယူပြီးဖြစ်သော လျော်ကြေး (ဖိဒ်ယာ) ပစ္စည်းထက် (လောကတွင်) မြင့်မြတ်သော အရာကို အသင်တို့အား ချီးမြှင့်ပေးသနားတော်မူပေမည်။ ထို့ပြင် နောင်တမလွန်ဘဝ၌ အသင်တို့အား ခွင့်လွှတ်တော်မူပေမည်။

စင်စစ်သော်ကား အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ (ဖြစ်သောကြောင့် အသင်တို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူမည် ဖြစ်သည်။ ထို့ပြင်) အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤအတွက်ကြောင့် အသင်တို့ကို 'နိအ်မသ်' စည်းစိမ်ဖြင့် ပြောင်းလဲ၍ ပေးမည်။) ထို့ပြင် အကယ်၍ ၎င်းတို့သည် (စစ်မှန်သော နှလုံးသားဖြင့် မွတ်စ္စလင်မ်မဖြစ်ဘဲ အပေါ်ယံအနေဖြင့် အစ္စလာမ်နှင့် အသင့်အား လှည့်ဖြားရန်သာ လိုလားမှုရှိသော် စိတ်တွင်း၌) အသင့်အား သစ္စာဖောက်ရန် ရည်စူးကြလျှင် အလိုမှာ ကတိချိုးဖောက်၍ ဆန့်ကျင်ရင်ဆိုင်မှု) ပြုလိုပါက (မည်သို့မျှ သောကမဖြစ်လေနှင့်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းတို့အား တစ်ဖန် အသင်၏ လက်အတွင်းမှ ဖမ်းဆီးခံ ဖြစ်ပေမည်။ ပမာဆိုသော် ကေန်စင်စစ် ယင်းတို့သည် ယခင်က အလ္လာဟ်အသျှင်မြတ်ကိုပင် သစ္စာဖောက်ခဲ့ကြပြီးဖြစ်၏။ (ထို့ပြင် အသင်နှင့် ဆန့်ကျင်မှုပြု၍ ရင်ဆိုင်ခဲ့ကြ၏။) တစ်ဖန် သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် အသင့်အား ၎င်းတို့ကို) ဖမ်းဆီးနိုင်စေတော်မူခဲ့လေသည်။ ထို့ပြင် အသျှင်မြတ်သည် (မည်သူသည် သစ္စာဖောက်ခဲ့သည်ဟူ၍ အကြွင်းမဲ့ သိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့ပြင်) နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤသို့သော အခြေအနေများကို ပေါ်ပေါက်စေခဲ့သည်။ ယင်းဖြင့် သစ္စာဖောက်သူများ လွှမ်းမိုးခံလိုက်ရသည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဗဒရ်'စစ်ပွဲ၏ သုံ့ပန်းများထံမှ 'ဖိဒ်ယာ'ယူ၍ လွှတ်ပေးခဲ့သည်။ အစ္စလာမ်နှင့် မွတ်စ္စလင်မ်၏ ရန်သူတို့သည် ၎င်းတို့၏ ညှဉ်းပန်းမှု၊ ရိုက်နှက်မှု၊ သတ်ဖြတ်မှု ပြုရာတွင် မည်သည့်အခါမှ မည်သို့မျှ နောက်နေးခဲ့ခြင်း မရှိပေ။ အခွင့်သာသည်နှင့်အမျှ အတိုင်းမဲ့ ရိုင်းစိုင်းသော ဆက်ဆံမှု ညှဉ်းပန်းမှုများ ပြုခဲ့ကြလေသည်။ မွတ်စ္စလင်မ်များ၏ လက်ဝယ်ဖမ်းဆီးခံရပြီးသည့်နောက် ၎င်းတို့၏ အသက်ချမ်းသာပေးခြင်းသည် လွယ်ကူမှုမရှိလှပေ။ ၎င်းတို့အတွက် အကြီးမားဆုံး 'ဂနီမသ်'ဖြစ်သည်နှင့်အမျှ အရသာအရှိဆုံးဖြစ်သည်မှာ 'ဖိဒ်ယာ'အဖြစ် ယူဆောင်ခဲ့သော အခကြေးငွေသည်လည်း အလွန်အနည်းအကျဉ်းမျှသာ ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ နူးညံ့သိမ်မွေ့လှသည့် အသနားတော်ကို ကြည့်ရှုပါ။ ထိုအနည်းငယ်မျှသော ငွေကြေးပေးဆောင်လိုက်ခြင်းဖြင့် ၎င်းတို့အပေါ် ဒုက္ခတစ်မျိုး ပေါ်ပေါက်မှု ရှိပေသည်။ ၎င်းဒုက္ခကိုလည်း ထိုနည်းတူစွာ ပယ်ဖျက်ပေးလိုက်၏။ ဖော်ပြပါအာယသ်တော်၌ မိန့်တော်မူသည်မှာ အသင်တို့၏ စိတ်နှလုံးအတွင်း၌ အခြားကောင်းမှုတစ်ခု တွေ့ရှိသော် ယင်းအား အသင်တို့ထံမှ ရယူခြင်းထက် သာပို၍ ပေးသနားတော်မူမည်။ ထို့ထက်ပင်မက အသင်တို့၏ ကျူးလွန်ခဲ့သော အပြစ်များကိုလည်း ချမ်းသာခွင့်ပေးပေမည်။ ကောင်းမှု၏ အလိုသဘောမှာ အီမာန်နှင့် 'အိခ်လာ်စ်'တို့ ဖြစ်သည်။ အလိုသဘောမှာ သူကောင်းပြု လွှတ်ပေးလိုက်ပြီးသည့်နောက် ထိုစစ်သုံ့ပန်းများထဲမှ အကြင်သူတို့သည် အီမာန်အစ္စလာမ်၏ 'အခ်လာ်စ်' (စိတ်စေတနာဖြူစင်စွာဖြင့်) လက်ခံလိုက်ပါသော် 'ဖိဒ်ယာ'အဖြစ် ပေးခဲ့သော အရာဟူသရွေ့တို့ထက်

သာပို၍ ကောင်းမွန်သော အရာအား ၎င်းတို့ ရရှိပေမည်။ သုံ့ပန်းများကို လွှတ်ပေးခြင်းနှင့်အတူ ကိုယ်တိုင် ရွေးချယ်ခွင့်ပြုပေး၍ ဤကဲ့သို့ ဖိတ်ခေါ်မှုပြုခဲ့သည်။ လွတ်လပ်စွာ မိမိတို့အား အကျိုးရှိမှုနှင့် အကျိုးယုတ်မှုများကို ကိုယ်တိုင် စဉ်းစားတွေးတောမှု ပြုပါ။ သို့ရှိရာ အဖြစ်အပျက်များသည် သက်သေအထောက်အထား ဖြစ်၏။ ၎င်းတို့ထဲမှ မွတ်စ္စလင်မ်ဖြစ်ရှိပြီးနောက် အလ္လာဟ်အသျှင်မြတ်က ၎င်းတို့အား 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့် 'ဂျန္နသ်'၌ အဆင့်အတန်းမြင့်မားစွာ ထားရှိမှုဖြင့် လောကတွင်လည်း ယင်းတို့အား စည်းစိမ်ဥစ္စာ ဤမျှခန့် ပေးသနားတော်မူခဲ့ရာ ၎င်းတို့ ပေးဆောင်ခဲ့သော 'ဖိဒ်ယာ' ထက် အဆပေါင်းများစွာ သာပိုခဲ့၏။

သဖ်စီးရ်ပညာရှင်များက အမိန့်ရှိသည်မှာ ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ ၏ ဘကြီးတော် ဟဇရသ်အဗ္ဗားစ် ؓ သခင်နှင့် ပတ်သက်၍ ကျရောက်လာသော အာယသ်တော်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် 'ဗဒရ်'စစ်ပွဲ၏ သုံ့ပန်းများတွင် ပါဝင်လေသည်။ ၎င်းထံမှလည်း 'ဖိဒ်ယာ'ယူဆောင်ခဲ့လေသည်။ ၎င်း၏ ထူးခြားချက်သည် ဤအဖြစ်အပျက်တွင် 'ဗဒရ်'စစ်ပွဲ၌ မက္ကာဟ်မြို့မှ မိမိနှင့်အတူ ရွှေဒင်္ဂါးခုနှစ်ရာ ယူဆောင်လာခြင်း ဖြစ်သည်။ သို့မှသာ ၎င်းသည် ကာဖိရ်စစ်တပ်အတွက် အသုံးပြုရန် ဖြစ်သည်။ ထို့ပြင် ယခု ဤသုံးစွဲမှု မပြုမီအလျှင်၌ပင် ၎င်းရွှေများနှင့်အတူ ဖမ်းဆီးခြင်းခံခဲ့ရလေသည်။

'ဖိဒ်ယာ'ပေးဆောင်ရန် အချိန်ရောက်ရှိလာသော် ၎င်းက တမန်တော်မြတ် ﷺ အား လျှောက်ထားသည်မှာ ကျွန်ုပ်နှင့်အတူ ပါလာသော ရွှေကို ကျွန်ုပ်၏ 'ဖိဒ်ယာ'ပေးဆောင်ရန် ဒဏ်ကြေးအတွင်း တွက်ယူလိုက်ပါ။ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ အသင် ကာဖိရ်များကို ကူညီရန် ယူဆောင်လာသော ပစ္စည်းများသည် မွတ်စ္စလင်မ်များအတွက် 'မာလိဂနီမသ်' ဖြစ်သွားလေသည်။ 'ဖိဒ်ယာ'ဒဏ်ကြေးသည် ယင်းအပြင် သီးခြားဖြစ်ရန် ထိုက်ပေသည်။ တစ်ဆက်တည်း အမိန့်ရှိသည်မှာ မိမိ၏ တူနှစ်ယောက်ဖြစ်သည့် အကိုင်လ် ဗင်န် အာဘီသွာလိဗ်နှင့် နောင်ဖလ်ဗင်န်ဟာရစ်၏ ဒဏ်ကြေးကိုလည်း အသင် ပေးဆောင်ရမည်။ ဟဇရသ်အဗ္ဗားစ်မှ လျှောက်ထားသည်မှာ အကယ်၍ ဤမျှ လေးလံများပြားသော ပစ္စည်းကို ကျွန်ုပ်အား ပေးဆောင်ရန် တာဝန်ပေးသော် ကျွန်ုပ်သည် ကိုရိုက်ရှ်များထံမှလည်း တောင်းခံမှုပြုရမည်။ ကျွန်ုပ်သည် လုံးဝ တောင်းရမ်းသူဖြစ်ရှိသွားပေလိမ့်မည်။ တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ 'အဘယ်ကြောင့် လက်ဝေခံဖြစ်ရမည်နည်း။ အသင်၌ ပစ္စည်းဥစ္စာ မကျန်ရှိတော့သည်လော။ အသင် မက္ကာဟ်မှ ထွက်ခွာလာသောအချိန် မိမိ၏ ဇနီး အွမ္မိဖဲဇ်လ်အား အပ်နှံခဲ့လေသည်။' ဟဇရသ်အဗ္ဗားစ် ؓ က 'အသင်သည် မည်ကဲ့သို့ ဤအကြောင်းကို သိခဲ့ပါသနည်း'ဟု မေးမြန်းခဲ့သည်။ ထိုအပ်နှံမှုကို ကျွန်ုပ်သည် ည၏ မှောင်မိုက်၍ တစ်ကိုယ်တည်းရှိသောအခါ မိမိဇနီးအား အပ်နှံမှု ပြုခဲ့သော်လည်း အခြားတတိယလူသည် မသိရှိနိုင်ပေ။ တမန်တော်မြတ် ﷺ မိန့်ကြားမှုသည်မှာ 'ကျွန်ုပ်အား အလ္လာဟ်အသျှင်မြတ်က ထိုအကြောင်းအရာကို အပြည့်အဝ သိရှိစေခဲ့၏။' ဟဇရသ်အဗ္ဗားစ်သည် ဤအကြောင်းကို ကြားသိ၍ စိတ်တွင်း၌ 'တမန်တော်သည် စစ်မှန်သည့် ရစူလ်ဖြစ်ကြောင်း'ကို ယုံကြည်သွားလေသည်။ ထို့ထက်အလျှင် ၎င်းသည် တမန်တော်မြတ် ﷺ အား စိတ်တွင်းမှ ယုံကြည်သော်လည်း အချို့သော သံသယရှိလေ၏။ ၎င်းသံသယများ

ကို အလ္လာဟ်အသျှင်မြတ်က ဝေးကွာစေခဲ့လေသည်။ ၎င်းသည် ထိုအချိန်မှစ၍ မွတ်စ္စလင်မ်ဖြစ်သွားခဲ့သည်။ သို့သော် ၎င်း၏ မြောက်မြားစွာသော ပိုက်ဆံသည် မက္ကာဟ်ရှိ ကိုရိုက်ရှ်များထံ အကြွေးကျန်ရှိနေ၏။

အကယ်၍ ၎င်းသည် ထိုအချိန်၌ပင် မိမိမွတ်စ္စလင်မ်ဖြစ်ကြောင်း ကြေညာလိုက်ပါက ထိုပိုက်ဆံများ ဆုံးရှုံးသွားပေမည်။ ဤအတွက်ကြောင့် ကြေညာမှု မပြုခဲ့ပေ။ ထို့ပြင် တမန်တော်မြတ် ﷺ သည်လည်း မည်သူ့ကိုမျှ ထုတ်ဖော် မပြောဆိုခဲ့ပေ။ မက္ကာဟ်အောင်မြင်မှု မဖြစ်မီအလျှင် ၎င်းက တမန်တော်မြတ် ﷺ ထံမှ မက္ကာဟ်မှ မဒီနာသို့ ဟိဂျ်ရသ်ပြောင်းရွှေ့ရန် ခွင့်တောင်းလေသည်။ သို့သော် တမန်တော်မြတ် ﷺ က '၎င်းအား အကြံပြုသည်မှာ ယခု ဟိဂျ်ရသ်မပြုလေနှင့်။' ဟုဇရသ်အဗ္ဗားစ် ؓ သခင်၏ ဤသို့ ပြောဆိုမှုကြောင့် တမန်တော်မြတ် ﷺ က ဖော်ပြပါအာယသ်တော်တွင် လာရှိသည့် ကတိတော်ကို ၎င်းအား ပြောဆိုလေသည်။ အကယ်၍ အသင်သည် အစ္စလာမ်သာသနာကို လက်ခံပြီး 'အိခ်လားစ်' စိတ်စေတနာဖြူစင်စွာဖြင့် မုအ်မင်န်ဖြစ်ရှိသွားသော် 'ဖိဒ်ယာ'၌ မည်ရွေ့မည်မျှ သုံးစွဲခဲ့ပါမူ ၎င်းထက် အဆပေါင်းများစွာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ချီးမြှင့်ပေးသနားတော်မူမည်။ သို့ရှိရာ ဟုဇရသ်အဗ္ဗားစ် ؓ သခင် အစ္စလာမ်ဖြစ်ကြောင်း ကြေညာပြီးသည့်နောက် အမိန့်ရှိသည်မှာ ကျွန်ုပ် အာယသ်တော်ပါ ကတိ၏ ပေါ်လွင်ကြောင်းကို မိမိမျက်လုံးများဖြင့် ကိုယ်တိုင် တွေ့မြင်လျက်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ထံမှ အိုကီယာ ရွှေနှစ်ဆယ် 'ဖိဒ်ယာ'အဖြစ် ယူခဲ့သည်။ ဤအချိန်အခါ၌ဝယ် ကျွန်ုပ်ထံ ကျွန်အယောက် (၂၀) သည် နေရာအနှံ့အပြားတွင် အရောင်းအဝယ် လုပ်ကိုင်လျက် ရှိသည်။ လုပ်ငန်းတစ်ခုစီတွင် ဒိရ်ဟာမ် နှစ်သောင်းထက် လျော့နည်း၍ မနေပါ။ ၎င်းအပြင် ကျွန်ုပ်သည် ဟာဂျီများကို ယခု 'ဇမ်ဇမ်'ရေ တိုက်ကျွေးခြင်း တာဝန်ကို သာပို၍ ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ဤအလုပ်သည် ကျွန်ုပ်တို့ထံတွင် အဆင့်မြင့်ဆုံး အလုပ်တာဝန် ဖြစ်သည်။ မက္ကာဟ်ရှိ အားလုံးသော ပစ္စည်းဥစ္စာများသည် ၎င်းအလုပ်နှင့် ယှဉ်လျှင် နည်းပါးသည်ဟု ထင်ရပေသည်။

'ဗဒရ်'စစ်ပွဲ၏ သုံ့ပန်းများထဲမှ အချို့သည် မွတ်စ္စလင်မ်ဖြစ်ရှိသွားကြ၏။ သို့သော် ၎င်းတို့နှင့် ပတ်သက်၍ ဤပူဆွေးသောက လူတို့၏ နှလုံးသားတွင် ရှိသည်။ ၎င်းမှာ ဤသူများသည် မက္ကာဟ်မြို့သို့ ပြန်ရောက်၍ အစ္စလာမ်မှ ပြန်လည်ထွက်ခွာသွားမည်ဟု စိုးရိမ်နေ၏။ ထို့ပြင် ကျွန်ုပ်တို့အား နစ်နာမှု ပြုနိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ်က အခြားအာယသ်တော်တွင် ထိုစိုးရိမ်မှုကို ဤကဲ့သို့ ဝေးကွာစေ တော်မူခဲ့သည်မှာ-

اِنْ يُّرِيْدُوْا خِيَانَتَكَ فَقَدْ خَانُوا اللّٰهَ مِنْ قَبْلُ فَاَمْكَنَ مِنْهُمْ وَاللّٰهُ عَلِيْمٌ حَكِيْمٌ

အလိုသဘောမှာ အကယ်၍ ဤသူတို့သည် အသင့်အား သစ္စာဖောက်ရန် ရည်စူးကြပါလျှင် ဧကန် စင်စစ် ၎င်းတို့သည် ယခင်က အလ္လာဟ်အသျှင်မြတ်ကိုပင် သစ္စာဖောက်ခဲ့ကြပြီးဖြစ်၏။ အဖန်ဆင်းခံများကို ဖန်ဆင်းသောနေ့၏ ကတိတွင် အလ္လာဟ်အသျှင်မြတ်၏ رب العالمين ဖြစ်ကြောင်း ထိုသူတို့သည် ဝန်ခံခဲ့ပြီးဖြစ်၏။ ၎င်းကတိဖြင့်လည်း သစ္စာဖောက်ခဲ့ကြသည်။ သို့သော် ၎င်းတို့၏ ဤသစ္စာဖောက်မှုသည် မိမိကိုယ်ကို မိမိ ဒုက္ခရောက်ရှိစေသည်။ နောက်ဆုံးတွင် အမြင်သေးသိမ်စွာဖြင့် ဖမ်းဆီးခြင်း ခံရပေမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် နှလုံးသား၏ လျှို့ဝှက်ချက်ကို သိတော်မူသော အသျှင်မြတ်

ဖြစ်တော်မူသည်။ ထို့ပြင် အလွန် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ အကယ်၍ ဤသူတို့သည် ယခုလည်း အသင်အား ဆန့်ကျင်မှုပြုကြသော် အလ္လာဟ်အသျှင်မြတ်၏ အုပ်ထိန်းမှုအပြင် မည်သည့်နေရာသို့ ထွက်ပြေးသွားမည်နည်း။ အလ္လာဟ်အသျှင်မြတ်သည် တစ်ဖန် ထိုသူတို့ကို ထိုပုံစံဖြင့် ဖမ်းဆီးမည်ဖြစ်သည်။ လွန်လေပြီးသော အာယသ်တော်တွင် လွတ်မြောက်သွားသော သုံ့ပန်းများကို အစ္စလာမ်ဘက်သို့ သတင်းကောင်းပေး၍ ဖိတ်ခေါ်မှုပြုခဲ့သည်။ ဤအာယသ်တော်တွင် ခြိမ်းခြောက်သည့်ပုံစံဖြင့် ထိုသူတို့ကို အသိပေးခဲ့သည်။ အသင်တို့၏ လောကီလောကုတ္တရာ နှစ်ဘဝစလုံး၏ အောင်မြင်မှုသည် အစ္စလာမ်နှင့် အီမာန်ပေါ်တွင် မူတည်နေသည်။

ဤမျှတိုင် ကာဖိရ်များနှင့်အတူ သတ်ဖြတ်ရန် ၎င်းတို့အား ဖမ်းဆီးချုပ်နှောင်ခြင်း၊ လွှတ်ပေးခြင်း၊ ထို့ပြင် ၎င်းတို့နှင့် ငြိမ်းချမ်းရေးညှိနှိုင်းခြင်း၏ အမိန့်ပညတ်ချက် အကြောင်းအရာကို တင်ပြလျက်ရှိ၏။ ရှေ့အာယသ်တော်တွင် စူရာဟ်၏ နောက်ဆုံးအထိ ၎င်းတို့နှင့် စပ်လျဉ်း၍ သီးသန့်အကြောင်းအရာများနှင့် ၎င်း၏ အမိန့်ပညတ်ချက်များအကြောင်း အကျယ်တဝင့် တင်ပြထား၏။ ၎င်း၏ ပညတ်ချက်မှာ ဟိဂျ်ရသ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များနှင့် ယှဉ်ပြိုင်ရာတွင် တစ်ခါတစ်ရံ ဤသို့ အခြေအနေမျိုး ကြုံကြိုက်နိုင်ပေသည်။ ၎င်းမှာ မွတ်စ္စလင်မ်တို့သည် ၎င်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် စွမ်းအားမရှိပေ။ ထို့ပြင် ၎င်းတို့သည် ငြိမ်းချမ်းရေးရယူရန် သဘောမတူကြပေ။ ဤသို့ အင်အားနည်းသည့် အခြေအနေမျိုးတွင် အစ္စလာမ်နှင့် မွတ်စ္စလင်မ်များ၏ အောင်မြင်မှု၏ လမ်းကြောင်းသည် ဟိဂျ်ရသ်ဖြစ်သည်။ ထိုတိုင်းပြည်များကို စွန့်လွှတ်၍ အခြားသူများ၏ နယ်မြေများသို့သွား၍ နေထိုင်မှုပြုရန် ဖြစ်သည်။ ယင်းနေရာတွင် အစ္စလာမ်၏ အမိန့်ပညတ်ချက်များကို လွတ်လပ်စွာ ကျင့်ကြံနိုင်ပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِيْنَ اٰمَنُوْا وَهَاجَرُوْا
وَجَاهَدُوْا بِأَمْوَالِهِمْ وَأَنْفُسِهِمْ فِيْ سَبِيْلِ اللهِ وَالَّذِيْنَ اٰوَوْا
وَّنَصَرُوْٓا أُولٰٓئِكَ بَعْضُهُمْ أَوْلِيَآءُ بَعْضٍ ۚ وَالَّذِيْنَ اٰمَنُوْا
وَلَمْ يُهَاجِرُوْا مَا لَكُمْ مِّنْ وَّلَايَتِهِمْ مِّنْ شَيْءٍ حَتّٰى يُهَاجِرُوْا ۚ
وَإِنِ اسْتَنْصَرُوْكُمْ فِي الدِّيْنِ فَعَلَيْكُمُ النَّصْرُ إِلَّا عَلٰى قَوْمٍۢ
بَيْنَكُمْ وَبَيْنَهُمْ مِّيْثَاقٌ ۗ وَاللهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿٧٢﴾

၇၂။ ။ အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် (မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်၍ ဟိဂျ်ရသ်ပြု) ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ထို့ပြင် မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် အသက်ဇီဝိန်တို့ဖြင့် အလ္လာဟ်

အသျှင်မြတ်၏ လမ်းတော်၌ (ဂျီဟာဒ်) သက်စွန့်ကြိုးပမ်း စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်သည်။ (ထိုသူတို့သည် မုဟာဂျိရီန် မည်၏။) ထိုနည်းတူစွာ အကြင်သူတို့သည် (ဟိဂျ်ရတ်ပြုခဲ့ကြသောသူတို့အား) ခိုကိုးရန် နေရာများပေးခြင်း၊ ကူညီရိုင်းပင်းခြင်း တို့ကို ပြုခဲ့ကြကုန်သည်။ (ထိုသူတို့သည် အန်ဆွာရ်မည်၏။) ထို (ရွှေ့ပြောင်းသူတို့နှင့် ကူညီရိုင်းပင်) သူတို့သည်သာလျှင် အချင်းချင်း တစ်ဦးနှင့်တစ်ဦး အမွေစားအမွေခံများ ဖြစ်ကြကုန်သည်။ သို့ရာတွင် အကြင်သူတို့မှာမူ အီမာန်သက်ဝင်ယုံကြည် ကြသော်လည်း ၎င်းတို့သည် (အစ္စလာမ်နိုင်ငံသို့ မိမိတို့၏ အိုးအိမ်၊ စည်းစိမ်တို့ကို စွန့်၍ ဟိဂျ်ရတ်) ရွှေ့ပြောင်းနေထိုင် ခြင်းကို မပြုခဲ့ကြချေ။ ထိုသူတို့သည် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုသမျှ ကာလပတ်လုံး အသင်တို့၌ ၎င်းတို့၏ အမွေဆက်ခံ ခြင်းသည် လုံးဝ မရှိချေ။ သို့သော်ငြားလည်း အကယ်၍ ၎င်းတို့သည် အသင်တို့ထံမှ ဒီနဲသာသနာရေးနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံကြပါလျှင် အသင်တို့၌ (၎င်းတို့အား) ကူညီရန် တာဝန်ရှိပေသည်။ သို့သော်လည်း အသင်တို့နှင့် ပဋိညာဉ် ခံဝန်ချက် ပြုလုပ်ထားပြီးဖြစ်သော လူမျိုးနှင့် ဆန့်ကျင်၍ (ကူညီခွင့် မရှိပေ။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَالَّذِينَ كَفَرُوا بَعْضُهُمْ أَوْلِيَاءُ بَعْضٍ ۚ إِلَّا تَفْعَلُوهُ تَكُن
فِتْنَةٌ فِي الْأَرْضِ وَفَسَادٌ كَبِيرٌ ﴿٧٣﴾

၈ : ၇၃ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် မိမိတို့အချင်းချင်း တစ်ဦးသည် တစ်ဦး၏ အမွေစားအမွေခံ များ ဖြစ်ကြသည်။ (အို့ မွတ်စ္စလင်မ်တို့) အကယ်၍သာ အသင်တို့သည် ဤ (ဝညတ်တော်) အတိုင်း မပြုလုပ်ကြပါလျှင် ကမ္ဘာမြေဝယ်၌ (ကြီးကျယ်သော) ရှုပ်ထွေး (ညဉ်းပန်းနှိပ်စက်) မှုနှင့် ကြီးကျယ်သော ဖျက်ဆီးမှုများ ဖြစ်ပေါ်လာပေလိမ့်မည်။

وَالَّذِينَ آمَنُوا وَهَاجَرُوا وَجَاهَدُوا فِي
سَبِيلِ اللَّهِ وَالَّذِينَ آوَوا وَّنَصَرُوا أُولَٰئِكَ هُمُ الْمُؤْمِنُونَ
حَقًّا ۚ لَّهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٧٤﴾

၈ : ၇၄ ။ ။ ထို့ပြင် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် (မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်ကာ အရပ်တစ်ပါးသို့) ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ထို့ပြင် ၎င်းသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြကုန်သည်။ ထိုနည်းတူစွာ အကြင် (ဟိဂျ်ရတ်ပြုခဲ့ကြသော) သူတို့အား ခိုကိုးရာနေရာပေးခြင်း၊ ကူညီရိုင်းပင်းခြင်းတို့ကို ပြုခဲ့ကြကုန်သည်။ ထိုသူတို့သည်ပင်လျှင် ပြည့်စုံမှန်ကန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြကုန်သည်။ ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်လှစွာသော စားနပ်ရိက္ခာများ ရှိပေသည်။

وَالَّذِيْنَ اٰمَنُوْا مِنْ بَعْدُ
وَهَاجَرُوْا وَجَاهَدُوْا مَعَكُمْ فَاُولٰٓئِكَ مِنْكُمْ ۚ وَاُولُوا الْاَرْحَامِ
بَعْضُهُمْ اَوْلٰى بِبَعْضٍ فِيْ كِتٰبِ اللّٰهِ ۗ اِنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ۝

[redacted] ။ ထိုနည်းတူစွာ အကြင်သူတို့သည် နောက်မိုင်းမှ (အီမာန်) သက်ဝင်ယုံကြည်ခဲ့ကြပြီး (အရပ်တစ်ပါးသို့) ရွှေ့ပြောင်းနေထိုင်ခြင်းကိုလည်း ပြုခဲ့ကြကုန်သည်။ ထို့ပြင် အသင်တို့နှင့်အတူ ပါဝင်၍ (ဂျီဟာဒ်) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်သည်။ ၎င်းတို့သည်လည်း အသင် ('မုဟာဂျိရီန်' နှင့် အန်ဆွာရီ) တို့တွင် အပါအဝင် ဖြစ်ကြကုန်သည်။ သို့ရာတွင် (၎င်းတို့အနက်မှ) ဆွေမျိုးရင်းချာတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်အရ အချင်းချင်း တစ်ဦး၏ အမွေကို တစ်ဦးက ပိုမို၍ပင် ဆက်ခံထိုက်ပေသည်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ထိုသူတို့သည် (မိမိတို့၏ အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ကာ) ဟိဂျ်ရသ် ရွှေ့ပြောင်းနေထိုင်ခဲ့ကြကုန်၏။ ထို့ပြင် ယင်းတို့သည် မိမိတို့ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်ဖြင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်၏။ (ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းသည် ဟိဂျ်ရသ်ကြောင့်သာလျှင် ဖြစ်ပေါ်ခဲ့ရပေသည်။ အမွေပိုင်းဆိုင်ရာ အမိန့်အပေါ် မူတည်၍ ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ပေ။ ထိုသူတို့သည် မုဟာဂျိရီန်ဟု ခေါ်ဆို၏။) ၎င်းပြင် အကြင်သူတို့သည် (ထိုမုဟာဂျိရီန်များကို) ခိုကိုးရန် နေရာများ ပေးခဲ့ကြ၏။ ထို့ပြင် ၎င်းတို့သည် ရိုင်းပင်းကူညီခဲ့ကြလေ၏။ (ထိုသူတို့ကို အန်ဆွာရ်ဟု ခေါ်ဆိုသည်။) ဤ (နှစ်မျိုးစလုံးသော) သူတို့ကား အချင်းချင်း တစ်ဦးသည် တစ်ဦးနှင့် အမွေစားအမွေခံများပင် ဖြစ်ကြကုန်သည်။ သို့ရာတွင် အကြင်သူတို့မူကား သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ သို့တစေလည်း ၎င်းတို့သည် 'ဟိဂျ်ရသ်' (မိမိတို့၏ အိုးအိမ်စည်းစိမ်ကို စွန့်ခွာ၍ ရွှေ့ပြောင်းနေထိုင်ခြင်း မပြုခဲ့ကြပေ။ (အလိုသဘောမှာ မုဟာဂျိရီန်များထံမှ အမွေရမည်မဟုတ်ပေ။ ၎င်းတို့သည်လည်း အမွေဆက်ခံမည်မဟုတ်ပေ။) ထိုသူတို့သည် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုသမျှ ကာလပတ်လုံး အသင်တို့၌ ၎င်းတို့ အမွေဆက်ခံခြင်းသည် လုံးဝမရှိပေ။ (ထို့ပြင် ဟိဂျ်ရသ်ပြုလိုက်သော် ထိုသူတို့သည် ယင်းအမိန့်၌ ပါဝင်သွားပေမည်။)

ထို့ပြင် (၎င်းတို့နှင့် အသင်တို့သည် အမွေဆက်ခံကြမည်မဟုတ်ပေ။ သို့သော်) အကယ်၍ ထိုသူတို့သည် ဒီန်သာသနာရေးနှင့်စပ်လျဉ်း၍ (အလိုမှာ ကာဖိရ်များနှင့် တိုက်ခိုက်ရာတွင်) အသင်တို့ထံမှ အကူအညီရလိုကြပါလျှင် (၎င်းတို့အား) အသင်တို့နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးဖြစ်သော လူမျိုးများမှအပ အခြားသောလူမျိုးနှင့် ဆန့်ကျင်၍ ကူညီရိုင်းပင်းရန် အသင်တို့၌ တာဝန်ရှိပေသည်။ စင်စစ်သော်ကား

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (သို့ရှိရာ ထိုအသျှင်မြတ် သတ်မှတ်တော်မူထားသည့် အမိန့်ပညတ်ချက်၌ ချို့ယွင်းမှုဖြစ်ပေါ်စေ၍ အလ္လာဟ်အသျှင်မြတ် မနှစ်သက်သောသူ မဖြစ်လေနှင့်။)

ထို့ပြင် (အသင်တို့အချင်းချင်း အမွေစားအမွေခံများ ဖြစ်ကြသကဲ့သို့) ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့သည် အချင်းချင်း တစ်ဦးသည် တစ်ဦး၏ အမွေစားအမွေခံများပင် ဖြစ်ကြကုန်၏။ (အသင်သည် ၎င်းတို့၏ အမွေမဆက်ခံနိုင်သကဲ့သို့၊ ထိုသူတို့သည်လည်း အသင့်ထံမှ အမွေမဆက်ခံနိုင်ပေ။) အကယ်၍ အသင်တို့သည် (ဖော်ပြပါ အမိန့်တော်အတိုင်း) မပြုကြပါသော် (သို့သော်မဟုတ် ဆွေမျိုးတော်စပ်မှုကို အကြောင်းခံ၍ သာသနာကွဲလွဲမှု ဖြစ်နေပါလျက် မုအ်မင်န်နှင့် ကာဖိရ်တို့သည် အချင်းချင်း အမွေဆက်ခံမှု ပြုခဲ့သော်) ကမ္ဘာမြေဝယ် အကြီးအကျယ် ဖျက်ဆီးမှုသည့်လည်း ဖြစ်ပေါ်လာမည်။ (အဘယ်ကြောင့်ဆိုသော် အမွေဆက်ခံမှုပြုခြင်းဖြင့် အားလုံးသူတို့သည် တစ်ဖွဲ့တည်းဟူ မှတ်ယူပေမည်။ ထို့ပြင် 'ဂျမာအသ်'ခွဲခြားမှုမရှိပါက အစ္စလာမ်သာသနာ၏ အင်အားထည်ဝါမှု ရရှိနိုင်မည်မဟုတ်ပေ။ ထို့ပြင် သာသနာ၏ အားနည်းချက်သည် လောကရှိ ပြဿနာဟူသမျှအားလုံး၏ အဓိကအကြောင်းခံ ဖြစ်သည်။ ပမာဆိုရသော် မြင်တွေ့နေကြအတိုင်းပင် ဖြစ်ပေသည်။ ဤအမိန့်သည် 'မုဟာဂျိရ်'၊ အန်စွာရီအချင်းချင်းများကြား အမွေဆက်ခံခွင့်တွင် အားလုံးသော မုဟာဂျိရ်များ၏ အမိန့်သည် အတူတူပင်ဖြစ်သည်။ တမန်တော်မြတ် ﷺ 'ဟိဂျ်ရသ်'ပြုသည့်အချိန်တွင် ၎င်းတို့လည်း 'ဟိဂျ်ရသ်'ပြုသည်ဖြစ်စေ၊ (သို့) ထို့နောက်ပိုင်းမှ 'ဟိဂျ်ရသ်' ပြုသည်ဖြစ်စေ၊ ထွတ်မြတ်မှုနှင့် အဆင့်အန်းမြင့်မားမှုတိုပသည့် အချင်းချင်း ကွဲပြားခြားနားမှု ရှိသည်။ သို့ရှိရာ) ထို့ပြင် အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (တမန်တော်မြတ် ﷺ ဟိဂျ်ရသ်ပြုသည့်အချိန်၌) ဟိဂျ်ရသ်ပြုခဲ့ကြသည်။ (ပထမကပင်) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြကုန်၏။ ထို့အတူ အကြင်သူတို့သည် (ထိုမုဟာဂျိရ်များကို) ခိုကိုးရန်နေရာများပေးခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ရိုင်းပင်းကူညီခဲ့ကြကုန်၏။ ထိုသူတို့သည်ပင်လျှင် ပြည့်စုံသော မုအ်မင်န်၊ ယုံကြည်ခြင်းတရား ထားရှိသူများ ဖြစ်ကြကုန်သည်။ (အဘယ်ကြောင့်ဆိုသော် ၎င်း၏ တာဝန်ဝတ္တရားမှာ လက်ခံမှုပြု၍ စွဲမြဲစွာ တည်ဆောက်ရန်ဖြစ်သည်။) ထိုသူတို့အဖို့မှာကား (အာခိရသ်) လွတ်ငြိမ်းခမ်းသာခွင့်သည်လည်းကောင်း၊ ထို့ပြင် (ဂျန္နသ်သုခဘုံ၌) မြင့်မြတ်လှစွာသော စားနပ်ရိက္ခာသည်လည်းကောင်း ရှိပေသည်။ ၎င်းပြင် အကြင်သူတို့သည် (တမန်တော်မြတ် ﷺ ဟိဂျ်ရသ်ပြုပြီး) နောက်သော်မှ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။

ထို့ပြင် ၎င်းတို့သည် ဟိဂျ်ရသ်ရွှေ့ပြောင်းနေထိုင်ခြင်းကိုလည်း ပြုခဲ့ကြကုန်၏။ ထိုမှတစ်ပါး ယင်းတို့သည် အသင်တို့နှင့်အတူ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကိုလည်း ပြုခဲ့ကြ၏။ (အလိုသဘောမှာ လုပ်ငန်းတိုင်းကို လုပ်ဆောင်ခဲ့လေသည်။ သို့သော် နောက်ပိုင်းမှ ဖြစ်သည်။) သို့ရှိရာ ၎င်းတို့သည် (ထွတ်မြတ်မှုတွင် အသင်တို့နှင့် မတူညီပေ။ သို့သော် အသင်တို့အချင်းချင်း (မုဟာဂျိရ်နှင့် အန်စွာရီတို့သည်) အပါအဝင်ဖြစ်ပေသည်။ (ထွတ်မြတ်မှုတို့၏ အကြောင်းခံမှာ ကျင့်ကြံမှု ကွာခြားမှုဖြင့် အဆင့်အတန်း၌ မြင့်မြတ်မှုဖြစ်ရှိသွားပေသည်။ သို့သော် ရှရီအသ်တရားတော်တွင်မူ အကျင့်အမူများကို အကြောင်းပြု၍ ခြားနားချက်မရှိပေ) ထို့ပြင် (ထို့နောက်မှ ပြောင်းရွှေ့နေထိုင်သော သူများမှ) ထိုသူတို့သည် အချင်းချင်း (သို့) ယခင်က

မုဟာဂျိရ် ပြောင်းရွှေ့နေထိုင်ခဲ့ကြသော သူတို့သည်) ဆွေမျိုးရင်းချာတို့သည် ထွတ်မြတ်မှုနှင့် အဆင့်အတန်းတွင် လျော့နည်းမှုရှိသည်။ သို့သော် အမွေနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်အရ (အလိုသဘောမှာ ရှရီအသ်၏ အမိန့် (သို့) အဆွေဆက်စံ့ခွင့် အာယသ်တော်၌ အချင်းချင်း တစ်ဦး၏ အမွေကို တစ်ဦးက (ဆွေမျိုးတော်စပ်မှုမရှိသော သူများနှင့် ယှဉ်လျှင်) ပိုမို၍ပင် ဆက်ခံထိုက်၏။ (ပမာဆိုရသော် ဆွေမျိုးမတော်စပ်သူသည် ထွတ်မြတ်မှုနှင့် အဆင့်အတန်း၌ သာပိုနေပေသည်။) မလွဲဧကန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (၎င်းတို့အတွက် အချိန်တိုင်း လိုလားချက်နှင့်အညီ အမိန့်သတ်မှတ်ထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ဤသည် စူရာဟ်အန်ဖွာလ်၏ နောက်ဆုံးလေးအာယသ်တော် ဖြစ်သည်။ ၎င်းတွင် အဓိကရည်ရွယ်ချက်မှာ ဟိဂျ်ရသ်၏ 'မုဟာဂျိရ်' မွတ်စ္စလင်မ်များ၏ အမွေဆက်ခံခြင်းနှင့် ပတ်သက်သော အမိန့်ပညတ်ချက် ဖြစ်သည်။ ၎င်းနှင့်ယှဉ်လျက် မွတ်စ္စလင်မ် 'မုဟာဂျိရ်'မဟုတ်သောသူနှင့် မွတ်စ္စလင်မ် မဟုတ်သူများ၏ အမွေဆက်ခံခြင်း၏ အကြောင်းအရာသည်လည်း လာရှိပေသည်။

ထိုအမိန့်ပညတ်ချက်၏ အတိုချုပ်မှာ အကြင်သူများအပေါ် ရှရီအသ်တ်၏ အမိန့်ပညတ်ချက် တာဝန်ရှိပေသည်။ ထိုသို့သော သူသည် ဦးစွာပထမ နှစ်မျိုးရှိပေသည်။ မွတ်စ္စလင်မ်နှင့် ကာဖိရ်။ တစ်ဖန် မွတ်စ္စလင်မ်သည် ထိုအချိန်အား ထောက်ထား၍ နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ၎င်းတို့သည် မက္ကာဟ်မှ ဟိဂျ်ရသ်ပြုရန် 'ဖွရ်ဇ်' တာဝန်ဖြစ်သည့်အပေါ် မဒီနာရွှေမြို့တော်သို့ လာရောက်နေထိုင်ရသည်။ ဒုတိယတစ်မျိုးမှာ 'မုဟာဂျိရ်' မဟုတ်သူများဖြစ်သည်။ ၎င်းတို့သည် အခြားနိုင်လုံသည့် အကြောင်းပြချက်ဖြင့် ဖြစ်စေ၊ အခြားအကြောင်းခံ တစ်ခုခုကြောင့်ဖြစ်စေ မက္ကာဟ်မြို့၌ပင် နေထိုင်မှု ပြုခဲ့ကြသည်။

ဆွေမျိုးသားချင်းနှင့် အမျိုးတော်စပ်သူအချင်းချင်း ထိုအားလုံးသော အမျိုးအစားများ ပါဝင်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်သာသနာ၏ အစပထမပိုင်း၌ အများအားဖြင့် သားသည် မွတ်စ္စလင်မ်ဖြစ်ပါက ဖခင်သည် ကာဖိရ်ဖြစ်စေ၊ (သို့) ဖခင်သည် မွတ်စ္စလင်မ်ဖြစ်ပါက သားသည် ကာဖိရ်ဖြစ်ကြသည်။ ဤကဲ့သို့ပင် အစ်ကို၊ တူများ၊ အဖိုး၊ ဦးလေး စသည်တို့သည်လည်း ဤကဲ့သို့ပင် ဖြစ်ကြကုန်၏။ ထို့ပြင် မွတ်စ္စလင်မ် 'မုဟာဂျိရ်'များနှင့် 'မုဟာဂျိရ်'မဟုတ်သူများတွင် ဆွေမျိုးတော်စပ်မှု ရှိခြင်းကား ပေါ်လွင်ပေသည်။

အလ္လာဟ်အသျှင်မြတ်က မိမိ၏ ပြီးပြည့်စုံသော 'ရဟ်မသ်' ကရုဏာတော်နှင့် လွှမ်းမိုးလျက်ရှိသော ဉာဏ်တော်ဖြင့် သေဆုံးသွားသောသူ၏ ချန်ခဲ့သော ပစ္စည်းများ၏ ရပိုင်ခွင့်ရှိသောသူများတွင် ၎င်း၏ ဆွေမျိုးရင်းချာများကိုသာ သတ်မှတ်ပေးထားသည်။ သို့ရှိရာ အမှန်စင်စစ် အကြင်မည်သူကိုမဆို ဒုန္နိယာလောက၌ ရရှိခဲ့သော ပစ္စည်းဥစ္စာများအားလုံးသည် စင်စစ်တွင် အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုတွင်သာ ရှိ၏။ အလ္လာဟ်အသျှင်မြတ်ဘက်မှ သက်တမ်းတစ်လျှောက်လုံး အသုံးပြုရန်နှင့် အကျိုးအမြတ်ရရှိရန် သူ့သားကို ခေတ္တပိုင်ဆိုင်သူအဖြစ် ပြုပေးသနားခဲ့၏။ သို့ပါ၍ သမာသမက်နှင့် အမြော်အမြင်၏ လိုလားချက်မှာ သေဆုံးသွားသောသူတိုင်း၏ ကျန်ရှိပစ္စည်းသည် အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုဘက်သို့ ရွှေ့ပြောင်း

သွားရမည်။ ၎င်း၏ ကျင့်ဆောင်သည့် ပုံစံမှာ 'ဗိုင်သွလ်မာလ်' ထဲသို့ သွတ်သွင်းလိုက်ခြင်းသာ ဖြစ်သည်။ ၎င်း၏ အကြောင်းခံဖြင့် ရှိရှိသမျှသော အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံအားလုံး၏ ထိန်းသိမ်းမှုနှင့် ပြုပြင်မှု ဖြစ်ရှိပေသည်။ သို့သော် ဤသို့ ပြုခြင်းဖြင့် လူသားတိုင်းသည် ဤသို့ မှတ်ယူစဉ်းစား၍ သဘာဝ စိတ်ဓါတ်ကို သောကဖြစ်စေမည်။ ကျွန်ုပ်၏ ပစ္စည်းများသည် ကျွန်ုပ် သေဆုံးပြီးသည့်နောက် ကျွန်ုပ်၏ သားသမီးများကိုလည်းကောင်း၊ ကျွန်ုပ်၏ မိဘနှစ်ပါးကိုလည်းကောင်း၊ ဇနီးမယားကိုလည်းကောင်း ရရှိမည်မဟုတ်ပေ။ ထို့ပြင် တစ်ဖန် ထိုသူ၏ ဤရလဒ်သည်လည်း သဘာဝအားဖြင့် ပေါ်ပေါက်လာသော အရာဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏ ပစ္စည်းတိုးပွားစေခြင်းနှင့် ထိုပစ္စည်းကို ထိန်းသိမ်းထားခြင်းအတွက် သောကထားမည်မဟုတ်ပေ။ မိမိသက်တမ်း၏ အလိုရှိသည့်အလျောက် စုဆောင်းခြင်းထက် သာပို၍ မည်သူမျှ ကြိုးစားအားထုတ်မည် မဟုတ်ပေ။ ထို့ပြင် သိရှိရသည်မှာ ယင်း၏ ရလဒ်သည် လူသားအားလုံးနှင့် မြို့တိုင်းအတွက် ပျက်စီးမှုနှင့် ဖျက်ဆီးမှုပုံစံကို ရွေးချယ်ခြင်းဖြစ်သည်။

ဤအတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်သည် အမွေဆက်ခံခြင်းကို လူသားတို့၏ ဆွေမျိုးသားချင်းများအတွက် သတ်မှတ်ပေးထားသည်။ အထူးသဖြင့် ဤသို့သော ဆွေမျိုးသားချင်းများ၏ ၎င်း၏ အကျိုးရှိမှုကိုသာလျှင် ထိုသူသည် မိမိသက်တမ်း၌ ပစ္စည်းဥစ္စာများကို စုဆောင်းလျက် ထို့ပြင် အမျိုးမျိုးသော ကြိုးပမ်းအားထုတ်မှုများ ပြုခဲ့ကြ၏။ ၎င်းနှင့်အတူ အစ္စလာမ်သာသနာက ထိုသို့ အဓိကအရေးကြီးသော အချက်ကို အမွေစားခွင့် ရှိသူများ၏ ဝေစုခွဲဝေရာတွင် လူသားအား ဖန်ဆင်းရခြင်း၏ ရည်ရွယ်ချက် အကြောင်းအရာအပေါ် မူတည်၍ ဦးစားပေးခဲ့၏။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုနှင့် 'အေဗာဒသ်' ပြုခြင်းဖြစ်သည်။ ထို့ပြင် ယင်းအကြောင်းအရာအား ထောက်ထား၍ လောကရှိ လူတို့ကို သီးခြားမျိုးနွယ်စုတစ်ခုစီ ပြုပေးထား၏။ မုအ်မင်နှင့် ကာဖိရ်တို့နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်ဖြစ်သော خَلَقَكُمْ فَمِنكُمْ كَافِرٌ وَّمِنكُمْ مُّؤْمِنٌ ၏ အလိုမှာ ဤအတိုင်းပင် ဖြစ်သည်။

ထိုမျိုးနွယ်စုနှစ်ခုအား ထောက်ထား၍ သွေးသားတော်စပ်မှုနှင့် ဆွေမျိုးတော်စပ်သူများကို အမွေဆက်ခံခြင်း၏ အတိုင်းအတာအထိ ဖြတ်တောက်ပစ်လိုက်သည်။ မည်သည့်မွတ်စ္စလင်မ်ကိုမဆို အမျိုးတော်စပ်သော ကာဖိရ်ထံမှ အမွေရရှိရန် မည်သည့်ဝေစုမျှ မရှိပေ။ မည်သည့်ကာဖိရ်ကိုမဆို မွတ်စ္စလင်မ်တစ်ဦးဦး၏ အမွေဆက်ခံခွင့် မရှိပေ။ ပထမအာယသ်တော်နှစ်ခုတွင် ဤအကြောင်းအရာကိုသာ တင်ပြထားခြင်း ဖြစ်သည်။ ထို့ပြင် ဤအမိန့်သည် အမြဲတစေနှင့် ပယ်ဖျက်ခြင်းမခံရသော အမိန့်တော် ဖြစ်ပေသည်။ အစ္စလာမ်၏ ကနဦးမှစ၍ 'ကေယာမသ်' တိုင် အစ္စလာမ်၏ အမွေပိုင်းဆိုင်ရာ ဥပဒေသည် ဤအတိုင်းသာ ဖြစ်သည်။

၎င်းနှင့်အတူ အခြားအမိန့်တစ်ခုမှာ မွတ်စ္စလင်မ်မုဟာဂျိရ်နှင့် မုဟာဂျိရ်မဟုတ်သူ နှစ်ဦး အချင်းချင်းတွင် အမွေဆက်ခံမှု ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ ပထမအာယသ်တော်တွင် ဖော်ပြထားသည်မှာ မွတ်စ္စလင်မ်သည် မက္ကာဟ်မြို့မှ ဟိဂျ်ရသ်မပြုသမျှ ကာလပတ်လုံး ထိုအချိန်အထိ ၎င်းနှင့် ပတ်သက်၍လည်း ဟိဂျ်ရသ်ပြုပြီးသော မွတ်စ္စလင်မ်များထံမှ အမွေဆက်ခံခွင့် မရှိပေ။ မုဟာဂျိရ်မွတ်စ္စလင်မ်သည် မုဟာဂျိရ်မဟုတ်သော အမျိုးတော်စပ်သူ မွတ်စ္စလင်မ်၏ အမွေခံထိုက်သူမဟုတ်ပေ။ မုဟာဂျိရ်မဟုတ်သူသည် မုဟာဂျိရ်မွတ်စ္စလင်မ်ထံမှလည်း အမွေမှ ဝေစုရရှိမည်မဟုတ်ပေ။ ဤအမိန့်သည် မက္ကာဟ်မြို့ မအောင်

မီအလျှင် အချိန်အထိသာ ဖြစ်သည်။ မက္ကာဟ်မြို့ကို အောင်နိုင်ပြီးသည့်နောက် တမန်တော်ကိုယ်တော်တိုင် ကြေညာအသိပေးခဲ့သည်မှာ-

لَا هِجْرَةَ بَعْدَ الْفَتْحِ

အလိုသဘောမှာ မက္ကာဟ်မြို့ကို အောင်နိုင်ပြီးသည့်နောက် ဟိဂျ်ရသ်ပြုခြင်း၏ အမိန့်သည်လည်း ကုန်ဆုံးသွား၏။ သို့ရှိရာ ဟိဂျ်ရသ်၏အမိန့် ကုန်ဆုံးသွားသည်ရှိသော် ဟိဂျ်ရသ်မပြုကြသူများနှင့် အဆက်အသွယ်ဖြတ်တောက်မှုသည်လည်း ကုန်ဆုံးသွားပေသည်။ ဤအတွက်ကြောင့် အများသဖ်စီးရ်ပညာရှင်များက အမိန့်ရှိသည်မှာ ဤအမိန့်သည် မက္ကာဟ်မြို့ကို အောင်နိုင်ပြီးသည့်နောက် ပယ်ဖျက်လိုက်ပြီး ဖြစ်သည်။ အချို့သော စူးစမ်းသူတို့ထံတွင် ဤအမိန့်သည် အမြဲတည်ရှိပြီး ပယ်ဖျက်ခြင်း မခံရသော အမိန့်ဖြစ်သည်ဟု ဆိုသည်။ သို့သော် အခြေအနေကို သုံးသပ်၍ ပြောင်းလဲသွားခြင်းဖြစ်သည်။ အကြောင်းအခြေအနေ၌ ကုရ်အာန်၏ ကျရောက်ချိန်တွင် ဤအမိန့်ကျရောက်ခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ခေတ်ကာလတစ်ခုခုတွင် (သို့) နိုင်ငံတစ်ခုခုတွင် တစ်ဖန် ထိုကဲ့သို့သော ပုံစံများဖြစ်ရှိပါမူ ဤအမိန့်ပြန်လည် ရှင်သန်လာပေမည်။

၎င်းဖြင့် သိရှိရသည်မှာ မက္ကာဟ်မြို့ကို အောင်မြင်မှု မရမီအလျှင် မွတ်စ္စလင်မ်အမျိုးသား၊ အမျိုးသမီးတိုင်း ဟိဂျ်ရသ်ပြုခြင်းကို 'ဖွရ်ဇ်အိုင်းန်' ဟု သတ်မှတ်ခဲ့လေသည်။ ဤအမိန့်အား လိုက်နာကျင့်သုံးရာ၌ အချို့မွတ်စ္စလင်မ်များမှအပ အားလုံးသော မွတ်စ္စလင်မ်တို့သည် ဟိဂျ်ရသ်ပြု၍ မဒီနာမြို့သို့ ရောက်ရှိလာကြပေသည်။ ထို့အပြင် ထိုအချိန်အခါ မက္ကာဟ်မြို့မှ ဟိဂျ်ရသ်မပြုခြင်းသည် ၎င်းတို့ မွတ်စ္စလင်မ်မဟုတ်သည့် သဖွယ် နိမိတ်လက္ခဏာများ ဖြစ်ရှိသွားသည်။ ဤအတွက်ကြောင့် ထိုအချိန်အခါ၌ ဟိဂျ်ရသ်မပြုသောသူများနှင့် ပတ်သက်၍ အစ္စလာမ်၌ သံသယဖြစ်ရှိခဲ့ပေသည်။ ဤအတွက်ကြောင့် မုဟာဂျိရ်များနှင့် မုဟာဂျိရ်မဟုတ်သူများအချင်းချင်းကို အမွေဆက်ခံမှု ဖြတ်တောက်ခဲ့ခြင်း ဖြစ်သည်။

ယခု အကယ်၍ နိုင်ငံတစ်ခု၌ နေထိုင်၍ အစ္စလာမ်၏ တာဝန်ဝတ္တရားများ တည်ဆောက်ရန် လုံးဝမဖြစ်နိုင်ပါက ထိုနိုင်ငံမှ ဟိဂျ်ရသ်ပြုခြင်းသည် 'ဖွရ်ဇ်' ဖြစ်ရှိသွားပေမည်။ ထို့ပြင် ဤသို့သော အခြေအနေ၌ ခိုင်လုံသော အကြောင်းပြချက်မရှိပါက ဟိဂျ်ရသ်မပြုလုပ်ခြင်းသည် သံသယမရှိ 'ကုဖွရ်' ဖြစ်ခြင်း၏ နိမိတ်လက္ခဏာဖြစ်သည်။ တစ်ဖန် ထိုအမိန့် ပြန်လည် ကျရောက်လာပေမည်။ ၎င်းမှာ မုဟာဂျိရ်နှင့် မုဟာဂျိရ်မဟုတ်သူအချင်းချင်း အမွေဆက်ခံခွင့်သည်လည်း ရှိမည်မဟုတ်ပေ။ ဤအဆိုအရ သိရှိသည်မှာ မုဟာဂျိရ်နှင့် မုဟာဂျိရ်မဟုတ်သူတို့၌ အမွေဆက်ခံခွင့် ဖြတ်တောက်မှု၏ အမိန့်သည် အမှန်စင်စစ် သီးခြားအမိန့် သတ်မှတ်ထားခြင်း မဟုတ်ပေ။ သို့သာမက အစကနဦး၏ အမိန့်ဖြစ်သည်။ ၎င်းသည် မွတ်စ္စလင်မ်နှင့် မွတ်စ္စလင်မ်မဟုတ်သူ၏ အမွေဆက်ခံမှု ဖြတ်တောက်ခြင်းကို တင်ပြထား၏။ ကွဲလွဲမှုမှာ ထိုကုဖွရ်ဖြစ်သည့် လက္ခဏာအတွက်ကြောင့် အမွေဆက်ခံခွင့်သည် လက်မှဲပြုရပေမည်။ သို့သော် ထိုနိမိတ်လက္ခဏာရှိသည့်အတွက် ၎င်းထံမှ ရှင်းလင်းပေါ်လွင်သော ကုဖွရ်ပြုမှု၏ ခိုင်လုံသည့် အထောက်အထားမရှိသမျှ ကာလပတ်လုံး ၎င်းအား ကာဖိရ်ဟု မသတ်မှတ်ပေ။

ဤနေရာတွင် ထိုအလိုသဘောဖြင့် မုဟာဂျိရ်မဟုတ်သည့် မွတ်စ္စလင်မ်များ၏ အမိန့်ကိုလည်း ဖော်ပြထားပေသည်။ အကယ်၍ ထို 'မုဟာဂျိရ်' တို့သည် မွတ်စ္စလင်မ်များထံမှ အကူအညီ လိုလားတောင်းခံ

သော မုဟာဂျိရ်မွတ်စ္စလင်မ်များသည် ၎င်းတို့၏ တောင်းခံမှုကို ဖြည့်ဆည်းပေးရန် အရေးကြီးပေသည်။ သို့မှသာလျှင် ဤသူတို့ သိရှိသွားပေမည်။ မုဟာဂျိရ်မဟုတ်သော မွတ်စ္စလင်မ်များကို လုံး၀ ကာဖိရ်များနှင့် တန်းတူ မထားရှိပေ။ သို့သာမက ထိုသူတို့၏ အစ္စလာမ်၏ တာဝန်ဝတ္တရားများ ကျန်ရှိပေသည်။ လိုအပ်သည့် အခါ ၎င်းတို့ကို ကူညီရန်ဖြစ်သည်။

ဤအာယသ်တော်၏ ကျရောက်ပုံသည် တစ်ခုအနေဖြင့် မက္ကာဟ်မြို့မှ မဒီနာဘက်သို့ သီးသန့် ဟိဂျ်ရသ်ပြုခြင်းနှင့် ပတ်သက်၍ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ဟိဂျ်ရသ်မပြုသော မွတ်စ္စလင်မ်များသည် မက္ကာဟ်မြို့၌ပင် ကျန်ရှိခဲ့ပေသည်။ ထို့ပြင် မက္ကာဟ်မြို့ရှိ ကာဖိရ်များ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ သို့ဖြစ်ပါ၍ ၎င်းတို့၏ အကူအညီ တောင်းခံခြင်းသည် ၎င်းမက္ကာဟ်မြို့ရှိ ကာဖိရ်များနှင့် တိုက်ခိုက်ရန်သာ ဖြစ်နိုင်ပေသည်။ သို့ရှိရာ ကျမ်းမြတ် ကုရ်အာန်၌ မုဟာဂျိရ်မွတ်စ္စလင်မ်များသည် ၎င်းတို့အား အကူအညီပေးရန် အမိန့်ရှိသော် ၎င်းဖြင့် ဤသို့ သိရှိရသည်မှာ အခြေအနေတိုင်းနှင့် မျိုးနွယ်စုတိုင်းနှင့် ရင်ဆိုင်ရာတွင် ၎င်းတို့အား အကူအညီပေးခြင်းကို မွတ်စ္စလင်မ်များအပေါ် တာဝန်ရှိပေသည်။ အကယ်၍ ထိုမျိုးနွယ်စုသည် ၎င်းတို့နှင့် ဆန့်ကျင်ရင်ဆိုင်၍ အကူအညီတောင်းခံခဲ့ကြ၏။ ၎င်းတို့ဖြင့် မွတ်စ္စလင်မ်တို့သည် စစ်ငြိမ်းချမ်းရေး ကတိစာချုပ်ချုပ်ဆိုပြီး ဖြစ်၏။ သို့ရှိရာ အစ္စလာမ့်ဥပဒေ၌ သမာသမတ်နှင့် ကတိတည်ကြည်မှုကို အဓိက 'ဖွရ်ဇ်' တာဝန်တစ်ခု ဖြစ်သည်။ ဤအတွက်ကြောင့် ထိုအာယသ်တော်၌ပင် အထူးပြုအမိန့်တစ်ခုကို မိန့်ခြွေ ထားသည်မှာ မုဟာဂျိရ် မဟုတ်သော မွတ်စ္စလင်မ်များသည် မုဟာဂျိရ်မွတ်စ္စလင်မ်များထံ ဤသို့သော မျိုးနွယ်စုနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် အကူအညီတောင်းခံ၏။ ၎င်းမျိုးနွယ်စုဖြင့် မွတ်စ္စလင်မ်တို့သည် တိုက်ခိုက်မှု ရပ်စဲရန် ကတိစာချုပ်ချုပ်ဆိုထားသည် ရှိသော် မိမိနောင်တော် မွတ်စ္စလင်မ်၏ အကူအညီပေးရာတွင် ကတိစာချုပ် ချုပ်ဆိုထားသော ကာဖိရ်များနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မပိုင်ပေ။

ဤသည် ပထမအာယသ်တော်နှစ်ခု၏ အကျဉ်းချုပ်အကြောင်းအရာ ဖြစ်သည်။ ယခု စာလုံးများ ဖြင့် ဆက်စပ်၍ ကြည့်ရှုပါလေ။ အမိန့်ရှိသည်မှာ-

اِنَّ الَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجَاهَدُوْا بِاَمْوَالِهِمْ

وَاَنْفُسِهِمْ فِيْ سَبِيْلِ اللّٰهِ وَالَّذِيْنَ اٰوَوْا وَّنَصَرُوْٓا اُولٰٓئِكَ بَعْضُهُمْ اَوْلِيَآءُ

بَعْضٍ ؕ وَالَّذِيْنَ اٰمَنُوْا وَلَمْ يُهَاجِرُوْا مَا لَكُمْ مِّنْ وَّلَايَتِهِمْ مِّنْ شَيْءٍ حَتّٰى يُهَاجِرُوْا

အလိုသဘောမှာ 'ကေန်စင်စစ် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ဟိဂျ်ရသ်ရွှေ့ပြောင်းနေထိုင်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ယင်းတို့သည် မိမိတို့၏ ဥစ္စာပစ္စည်း များဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်၏။ ထို့ပြင် ပစ္စည်းများကို သုံးစွဲ၍ စစ်လက်နက်နှင့် စစ်အသုံးအဆောင်

ဖွေ့ညီးများကို ဝယ်ယူခဲ့ကြသည်။' ထို့ပြင် စစ်ကွင်းပြင်၌ တိုက်ခိုက်ရန်အတွက် မိမိတို့၏ အသက်များကို ပေးအပ်လိုက်ကြသည်။ ၎င်း၏ အလိုသဘောမှာ ကနဦး မုဟာဂျိရ်များဖြစ်သည်။ ၎င်းပြင် အကြင်သူတို့သည် နေးခိုရန် နေရာပေးခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ရိုင်းပင်းကူညီခဲ့ကြကုန်၏။ ယင်း၏ အလိုသဘောမှာ မဒီနာရှိ အန်စွာရီများကို ခေါ်ဆိုပေသည်။ ထိုအဖွဲ့နှစ်စုနှင့် ပတ်သက်၍ ဤသို့ အမိန့်ရှိသည်မှာ ထိုသူတို့သည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဝလီဖြစ်သည်။ တစ်ဖန် အမိန့်ရှိသည်မှာ အကြင်သူတို့သည် အီမာန် သက်ဝင်ယုံကြည်မှု ပြုခဲ့ကြသည်။ သို့သော် ဟိဂျ်ရတ်မပြုခဲ့ကြပေ။ ၎င်းတို့ ဟိဂျ်ရတ်မပြုသရွေ့ ကာလပတ်လုံး အသင်တို့သည် မည်သို့မျှ မပတ်သက်ပေ။

ဤနေရာတွင် ကျမ်းမြတ်ကုရ်အာန်၌ ولى ဟူသော စာလုံးနှင့် ولايت ဟု သုံးစွဲပြီး အမိန့်ရှိထား၏။ ၎င်း၏ အဓိပ္ပာယ်မှာ စင်စစ် မိတ်ဆွေနှင့် မိတ်ရင်းဆွေရင်း ပတ်သက်မှုကို ခေါ်ဆိုပေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ ၊ ဟစန် (ရဟ)၊ ကသာဒါ (ရဟ)၊ မုဂျာဟိဒ် (ရဟ) စသည်ဖြင့် သဖ်စီးရ် ပညာရှင်များက အမိန့်ရှိသည်မှာ ဤနေရာတွင် وِلَايت ၏ အလိုမှာ وِرَاثت ဖြစ်ပြီး ولى ၏ အလိုမှာ وارث ဖြစ်သည်။ အချို့သော ပညာရှင်များက ولايت ၏ အဘိဓါန်အဓိပ္ပာယ်မှာ မိတ်ဆွေ၊ ကူညီပေးခြင်း'ဟူ၍ ဖြစ်သည်။ ပထမသဖ်စီးရ်အရ အာယသ်တော်၏ အလိုမှာ မွတ်စ္စလင်မ်မုဟာဂျိရ်၊ အန်စွာရ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အမွေစားအမွေခံ ဖြစ်ပေမည်။ ၎င်းနှင့် ပတ်သက်၍ အမွေဆက်ခံခြင်းသည် မွတ်စ္စလင်မ်မဟုတ်သူများနှင့် ဆက်စပ်မှု မရှိသကဲ့သို့ ဟိဂျ်ရတ်မပြုသော မွတ်စ္စလင်မ်များနှင့်လည်း မည်သို့မျှ မပတ်သက်ကြပေ။ ပထမအမိန့်၏ အလိုသဘောမှာ သာသနာကွဲလွဲမှုအပေါ် အခြေခံ၍ အမွေဖြတ်တောက်မှုသည် အမြဲတမ်းတည်ရှိနေပေမည်။ သို့သော် ဒုတိယအမိန့်သည် မက္ကာဟ်မြို့ကို အောင်မြင်ပြီးသည့်နောက် ဟိဂျ်ရတ်ပြုရန် အရေးမကြီးသော အချိန်အခါတွင် မုဟာဂျိရ်နှင့် မုဟာဂျိရ်မဟုတ်သူများ အချင်းချင်း အမွေဖြတ်တောက်မှု၏ အမိန့်သည်လည်း မကျန်ရှိတော့ပေ။ ၎င်းဖြင့် အချို့ပညာရှင်များက ၎င်းအား သက်သေပြုကြသည်မှာ သာသနာကွဲလွဲခြင်းသည် အမွေဖြတ်တောက်ခြင်း၏ အကြောင်းခံ ဖြစ်သကဲ့သို့ နိုင်ငံကွဲပြားဖြစ်ခြင်းသည်လည်း အမွေဖြတ်တောက်မှု၏ အကြောင်းခံဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ အကျယ်တဝင့်ကို ဖွေကာဟ်စာအုပ်များတွင် ကြည့်ရှုပါ။

ထို့နောက် အမိန့်ရှိသည်မှာ-

وَ اِنِ سْتَنْصَرُوْكُمْ فِى الدِّيْنِ فَعَلَيْكُمُ
النَّصْرُ اِلَّا عَلٰى قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ مِيْثَاقٌ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ

အလိုသဘောမှာ အကြင်သူတို့သည် ဟိဂျ်ရတ်မပြုခဲ့ပေ။ စင်စစ် ၎င်းတို့နှင့် ပတ်သက်၍ အမွေဆက်ခံခွင့် ဖြတ်တောက်စေခဲ့သော်လည်း စင်စစ်တွင် ထိုသူတို့သည် မွတ်စ္စလင်မ်များသာ ဖြစ်သည်။ အကယ်၍ ထိုသူတို့သည် မိမိ၏ သာသနာထိန်းသိမ်းရန်အတွက် မုဟာဂျိရ်မွတ်စ္စလင်မ်များအား အကူအညီတောင်းခံခဲ့

သော် ၎င်းတို့အား အကူအညီပေးရန် 'ဝါဂျိဗ်' တာဝန်ဖြစ်သည်။ သို့သော် တရားမျှတသည့် ဥပဒေနှင့် ကတိစာချုပ်ကို မချိုးဖောက်သင့်ပေ။ အကယ်၍ ထိုသူတို့သည် အခြားသော လူမျိုးစုနှင့် ယှဉ်ပြိုင်ရန် အသင်တို့ထံ အကူအညီတောင်းခံသော် အကြင်လူမျိုးစုတို့ဖြင့် အသင်တို့သည် တိုက်ခိုက်မှု လွတ်ရန် ကတိစာချုပ် ချုပ်ဆိုပြီးဖြစ်သော် ၎င်းတို့နှင့် ယှဉ်ပြိုင်ရာတွင် ထိုမွတ်စ္စလင်မ်တို့အား အကူအညီပေးခြင်း မပိုင်ပေ။

ဟုဒိုင်ဗီယာတွင် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုချိန်တွင် ဤသို့သော အကြောင်းအရာ ပေါ်ပေါက်ခဲ့ပြီး ဖြစ်၏။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ က မက္ကာဟ်မြို့ရှိ ကာဖိရ်များနှင့် ငြိမ်းချမ်းရေးရယူခဲ့ပြီး ၎င်းကတိစာချုပ်၏ စည်းကမ်းချက်များတွင် မက္ကာဟ်မြို့မှ အကြင်မည်သူမဆို မဒီနာသို့ ယခု ရောက်ရှိလာသော် တမန်တော်မြတ် ﷺ မှ ပြန်လည်ပို့ဆောင်ရမည်ဟူသော အချက်ပါရှိသည်။ ထိုစာချုပ်ချုပ်ဆိုစဉ် အခါ၌ပင် အဘူဂျန်ဒလ ؓ သခင်ကို မက္ကာဟ်မြို့ရှိ ကာဖိရ်များက ချုပ်နှောင်၍ ဒုက္ခအမျိုးမျိုးပေးခဲ့ရာ သခင်သည် နည်းလမ်းရှာ၍ ကိုယ်တော့်ထံ အရောက် ခစားဝင်၍ မိမိ၏ ညှဉ်းပန်းခံရမှုများကို တင်ပြပြီး ကိုယ်တော်ထံမှ အကူအညီတောင်းခံခဲ့သည်။ စင်စစ်မူ ကိုယ်တော်မြတ် ﷺ သည် တစ်လောကလုံးအတွက် အနှိုင်းမဲ့သနားသူအဖြစ် ပြုလုပ်၍ စေလွှတ်ခြင်းခံခဲ့ရသည့်အတွက်ကြောင့် အညှဉ်းပန်းခံရသူ မွတ်စ္စလင်မ် အပေါ် မည်မျှ ကြင်နာပွားမည်ကို စဉ်းစားသုံးသပ်ရန် သာမန်လူများဖြင့် မဖြစ်နိုင်၊ မလွယ်ကူလှချေ။ သို့သော် ထိုညာတာမှု စူးရှလင့်ကစား အထက်ပါအမိန့်တော်အရ ယင်းသာဝကကြီးအား အကူအညီပေး ခြင်း ပြုတော်မမူဘဲ ပြန်လည်ပို့ဆောင်လိုက်လေ၏။

၎င်းသခင်အား ဤကဲ့သို့ ပြန်လွှတ်လိုက်ခြင်းဖြင့် မွတ်စ္စလင်မ်များအတွက်မူ အတိုင်းမဲ့ စိတ်ဒုက္ခ ရောက်စေခဲ့သည်။ သို့သော် နှစ်ဘဝသခင် ကျေးဇူးတော်ရှင် တမန်တော်မြတ် ﷺ ၏ အလ္လာဟ်အသျှင်မြတ် အမိန့်တော်အား ပြည့်ဝစွာ လိုက်နာနေခြင်းသည် ယခု ထိုညှဉ်းပန်းသူတို့၏ သက်တမ်းကုန်ဆုံးနည်းပါး နေမည်ကို သက်သေပြနေဟန်ရှိသည်။ ထို့ပြင် နောက်ထပ်မံ၍ ရက်အချို့ 'ဆွဗရ်' လုပ်ခြင်း၏ 'စဝါးဗ်' ဟာရေသ်အဘူဂျန်ဒလ ؓ အား ထပ်မံရရှိမည်ဖြစ်သည်။ ထို့နောက်ပိုင်းတွင် အလျှင်အမြန်ပင် မက္ကာဟ်မြို့ ကို အောင်နိုင်၍ ဤအကြောင်းများ ချုပ်ငြိမ်းတော့မည်ဖြစ်သည်။ သို့ရှိရာ ထိုအခါ၀ယ် တမန်တော်မြတ် ﷺ သည် ကျမ်းမြတ်ကုရ်အာန်၏ အမိန့်အရ ကတိစာချုပ်ကို တည်တံ့စေမှုကို ၎င်း၏ ကိုယ်တိုင်ခံစားနေရသော ဒုက္ခအပေါ် ဦးစားပေးခဲ့လေသည်။ ဤသည်သာလျှင် ရှရီအသ်တရားတော်၏ အပိုင်းအခြားဖြစ်ပေသည်။ ယင်းပိုင်းခြားခွဲဝေ သိရှိရမှုကြောင့် ယင်းမွတ်စ္စလင်မများကို လောကတွင် အောင်မြင်မှုနှင့် ဂုဏ်သိက္ခာ၊ နောင်တမလွန်တွင် လွတ်မြောက်မှုနှင့် ပိုင်ဆိုင်မှု ချီးမြှင့်ခဲ့၏။ သို့တည်းမဟုတ်က များသောအားဖြင့် လောကရှိ အာဏာပိုင်အများစုသည် ကတိစာချုပ်ဖြင့် ဆော့ကစားနေကြ၏။ ထိုသို့ပြုခြင်းဖြင့် ချည့်နဲ့သူအား ဖိအားပေး နှိမ်နင်းပေးခြင်းနှင့် အင်အားတောင့်တင်းသူအား လှည့်ဖြားသစ္စာဖောက်ရန်သာ ရည်ရွယ်၏။ ထိုအခါ အနည်းငယ် မိမိနှင့် တိုက်ဆိုင်သည့် အကြောင်းအရာတစ်ခုခု ရှေ့ဝယ် ရောက်ရှိလာသော် ရာပေါင်းများစွာ အကြောင်းခံများပြကာ ကတိသစ္စာကို ချုပ်ငြိမ်းစေလိုက်ကြသည်။ ထို့ပြင် ဤပြစ်မှုကို အခြားသူအပေါ် ပုံချရန် တွေးခေါ်စဉ်းစားနေကြ၏။

ဒုတိယအာယသ်တော်တွင် အမိန့်ရှိထားသည်မှာ-

وَالَّذِيْنَ كَفَرُوْا بَعْضُهُمْ اَوْلِيَآءُ بَعْضٍ

အလိုသဘောမှာ ကာဖိရ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဝလီဖြစ်သည်။ ولى ဟူသော စာလုံး၏ အလိုသဘောမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းဖြစ်သည်။ ခြုံ၍ အလိုသဘောဖွင့်ဆိုရာတွင် وراثت လည်း ပါဝင်ပေသည်။ ထို့ပြင် အပေးအယူပြုရာများနှင့် အုပ်ချုပ်ခန့်ခွဲစီမံမှုလည်း ပါဝင်ပေသည်။ ထို့ကြောင့် ဤအာယသ် တော်ဖြင့် သိရှိရသည်မှာ ကာဖိရ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အမွေဆက်ခံထိုက်သည်ဟု မှတ်ယူရပေမည်။ ထို့ပြင် ၎င်းတို့၏ ဘာသာသာသနာအရ အမွေကဏ္ဍတွင်ရှိသော ဥပဒေအရ ၎င်းတို့၏ အမွေခွဲဝေမှုကို ပြုပေးရမည်ဖြစ်သည်။ သို့ရှိရာ ၎င်းတို့၏ 'ယသီးမ်'ဖတဆိုးကလေးများ၏ 'နေကာဟ်' ထိမ်းမြားခြင်း ဆိုင်ရာ၌ ဝလီသည်လည်း ၎င်းတို့ထဲမှသာ ဖြစ်မည်။ ၎င်းနှင့် စပ်လျဉ်း၍ အကျဉ်းချုပ်မှာ ဘာသာရေးနှင့် မဆက်နွယ်ပေ။ မွေသတ်များတွင် မွတ်စ္စလင်မ်မဟုတ်သူများ၏ ကိုယ်တိုင် ဥပဒေများကိုမူ အစ္စလာမ်အုပ်ချုပ်မှု၌ ထိုအတိုင်းပင် ထားရှိရပေမည်။

နောက်ဆုံးအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

اِلَّاتَفْعَلُوْهُ تَكُنْ فِتْنَةٌ فِى الْاَرْضِ وَفَسَادٌ كَبِيْرٌ

အလိုသဘောမှာ 'အကယ်၍ အသင်တို့ ဤသို့ မပြုပါသော် တစ်လောကလုံးတွင် ပြဿနာ ကြီးမားသည့် ခိုက်ရန် ပြန့်ပွားသွားပေလိမ့်မည်။'

ဤဝါကျ၏ ဆက်စပ်မှုသည် ထို့အလျင် တင်ပြခဲ့သော အမိန့်တော်အားလုံးနှင့်အတူ ဖြစ်သည်။ ပမာဆိုသော် မုဟာဂျိရ်များနှင့် အန်စွာရ်တို့အချင်းချင်းတွင် တစ်ဦးနှင့်တစ်ဦး ဝလီဖြစ်သင့်သည်။ ၎င်းကိစ္စတွင် အချင်းချင်း ကူညီစောင်မခြင်းလည်း ပါဝင်ပေသည်။ ထို့ပြင် وراثت လည်း ပါရှိ၏။ ဒုတိယအချက်မှာ ဤအချိန်အခါဝယ် မုဟာဂျိရ်နှင့် မုဟာဂျိရ်မဟုတ်သူ မွတ်စ္စလင်မ်အချင်းချင်း အမွေဆက်ခံခွင့်မရှိသင့်ပေ။ သို့သော် ကူညီပေးမှုသည်လည်း ကိုယ်ပိုင်စည်းကမ်းချက်များနှင့်အတူ ရှိနေသင့်သည်။ တတိယအချက်မှာ ကာဖိရ်များသည် တစ်ဦးနှင့်တစ်ဦး ဝလီများဖြစ်ကြရာ ၎င်းတို့၏ ဝလီဖြစ်ခြင်း၊ အမွေဆက်ခံခြင်းများဆိုင်ရာ ဥပဒေများတွင် မွတ်စ္စလင်မ်များ ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ပေ။

အကယ်၍ ထိုအမိန့်တော်အပေါ် ကျင့်ဆောက်တည်မှု မရှိပါက တစ်လောကလုံးတွင် ပြဿနာ ခိုက်ရန် ပြန့်ကျဲသွားပေမည်ဟူသော သတိပေးချက်သည်။ အများဆုံး ဤအတွက်ကြောင့် ဖြစ်နိုင်သည်မှာ ဤနေရာတွင် မိန့်ခြွေထားသည့် ပညတ်ချက်များသည် တရားမျှတ သမာသမတ်ရှိမှု၊ ပြည့်ဝသည့် ငြိမ်းချမ်းမှုအတွက် အဓိက အကျဆုံးနေရာတွင် ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်မှ ရှင်းလင်းတင်ပြလိုက်သည်မှာ အချင်းချင်း ကူညီခြင်းနှင့် အမွေဆက်ခံခြင်း၏ ဆက်စပ်မှုသည် ဆွေမျိုးတော်စပ်ခြင်းအပေါ် မူတည်နေ၏။ ထိုနည်းတူစွာ ၎င်းထဲတွင် ဘာသာ၊ သာသနာရေးရာ ဆွေမျိုးတော်စပ်မှုများကို

လည်း ထောက်ထားရပေသည်။ သို့သာမက သွေးသားတော်စပ်မှုနှင့် ယှဉ်လျှင် သာသနာရေးရာ တော်စပ်မှုသည် သာပိုနေ၏။ ဤအတွက်ကြောင့်သာလျှင် ကာဖိရ်သည် မွတ်စ္စလင်မ်၏၊ မွတ်စ္စလင်မ်သည် ကာဖိရ်၏ အမွေမဆက်ခံနိုင်ကြပေ။ စင်စစ် ကြည့်မည်ဆိုလျှင် ၎င်းတို့သည် သွေးသားတော်စပ်မှုတွင် အချင်းချင်း သားအဖ၊ ညီအစ်ကိုတို့ ဖြစ်သည်။ ထိုအကြောင်းအား တင်ပြခြင်းနှင့်အတူ သာသနာရေးရာ ပုဂ္ဂိုလ်စွဲထားခြင်းနှင့် အမှောင်ခေတ်ရှိ အစွဲအလမ်းများ ထားခြင်းမှ ရှောင်ရှားရန်အတွက် ဤသို့ လမ်းညွှန်မှု ပြုထား၏။ ၎င်းမှာ သာသနာရေးရာ ဆွေမျိုးတော်စပ်မှုသည် စင်စစ် ဤမျှ အားအင်ပြည့်ဖြိုး ခိုင်မာသော်လည်း ကတိသစ္စာ တည်ကြည်မှုသည် ၎င်းထက် သာပိုဦးစား ပေးရသော အရာဖြစ်သည်။ သာသနာရေးရာ ပုဂ္ဂိုလ်စွဲကြောင့် ကတိသစ္စာ ချိုးဖောက်မှုပြုခြင်း မပိုင်ပေ။ ထိုနည်းတူ ဤသည်ကိုလည်း လမ်းညွှန်ထားသည်မှာ ကာဖိရ်များသည် အချင်းချင်း ဝလီနှင့် အမွေဆက်ခံ ခွင့်ရှိ၏။ ၎င်းတို့၏ လူမှုဆိုင်ရာ ဝလီဖြစ်ခြင်းနှင့် အမွေဆက်ခံခြင်း၌ အနှောင့်အယှက်မပြုရပေ။ သတိထားရမည်မှာ ဤအချို့သော ကွဲထွက်လာသည့် ပညတ်ချက်များသာ ရှိပေသည်။ သို့သော်လည်း စင်စစ်မူကား လောကငြိမ်းအေးချမ်းသာရန်အတွက် တရားမျှတသမာသမတ်မှုသည် အကောင်းဆုံးနှင့် အပြည့်ဝဆုံးသော အဓိကကျသည့် ဥပဒေတစ်ရပ်သာ ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် ယင်းအမိန့်ပညတ်ချက်များကို ဖော်ပြပြီးဖြစ်သည်။ ထို့နောက် ဤသို့သော စာသားဖြင့် သတိပေးမိန့်ခြွေမှု ပြုခဲ့၏။ ၎င်းသည် များသော အားဖြင့် အခြားပညတ်ချက်များတွင် သုံးလေ့မရှိပေ။ ၎င်းမှာ အကယ်၍ အသင်တို့သည် ထိုအမိန့်ပညတ်ချက် များအား လိုက်နာကျင့်သုံးမှု မရှိသော် မြေပထဝီ၌ ကြီးမားသည့် ပြဿနာဘေး ပြန့်ကျဲသွားပေမည်။ ထိုစာလုံး၌လည်း ၎င်းဖက်သို့ ရည်ညွှန်းထားသည်မှာ ဤအမိန့်တော်သည် ပြဿနာဘေး၊ ခိုက်ရန်ဖြစ်ပွားမှု ကို တားဆီးရန်အတွက် အထူးတလည် စူးရှမှုဖြစ်ရာ၌ ပါဝင်ပေသည်။

တတိယအာယသ်တော်တွင် ဟိဂျ်ရသ်ပြုသွားသော ဆွဟာဗာများနှင့် ၎င်းတို့ကို အကူအညီပေးခဲ့သော မဒီနာရှိ အန်စွာရ်များအား ချီးမွမ်းခြင်းနှင့် ၎င်းတို့၏ စစ်မှန်သော မွတ်စ္စလင်မ်ဖြစ်မှုအပေါ် သက်သေပြုခြင်း၊ ထို့ပြင် ၎င်းတို့အား 'မဂ်ဖိရသ်'ပြုခြင်းနှင့် သိက္ခာနှင့် ရိဇ္ဇာပေးသနားတော်မူမည့် ကတိတော် အကြောင်း ပါရှိပေသည်။ မိန့်ခြွေချက်မှာ-

اُولٰٓئِكَ هُمُ الْمُؤْمِنُوْنَ حَقًّا

အလိုသဘောမှာ ဤသူများသာ စစ်မှန်တိကျခိုင်မာသော မွတ်စ္စလင်မ်များ ဖြစ်သည်။ ၎င်းတွင် ထပ်မံညွှန်ပြနေသည်မှာ ဟိဂျ်ရသ်မပြုသူသည် စင်စစ်၌ မွတ်စ္စလင်မ်များ ဖြစ်ကြသော်လည်း ပြည့်ဝသည့် မွတ်စ္စလင်မ်များ မဖြစ်ခဲ့ပေ။ ထို့ပြင် ယုံကြည်ထိုက်သူလည်း မဟုတ်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဤသံသယလည်း ရှိနေသည်မှာ စင်စစ် မုနာဖစ်က်ဖြစ်ပြီး အပေါ်ယံအစ္စလာမ့်ဟူ ကြွေးကြော်နိုင်သည်။ ထို့နောက် အမိန့်ရှိသည်မှာ لَهُمْ مَّغْفِرَةٌ အလိုမှာ ၎င်းတို့အတွက် 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့် သတ်မှတ်လိုက်လေပြီ။ ပမာဆိုသော် ဟဒီးစ်တော်၌ လာရှိသည်မှာ-

اَلْاِسْلَامُ يَهْدِمُ مَاكَانَ قَبْلَهٗ وَالْهِجْرَةُ تَهْدِمُ مَاكَانَ قَبْلَهَا

အလိုသဘောမှာ မွတ်စ္စလင်မ်ဖြစ်သွားခြင်းသည် ကျူးလွန်ပြီးခဲ့သော အကုသိုလ် 'ဂိုနာဟ်' ဟူသမျှ၏ အစုအပုံကို ဖြိုဖျက်သောအရာ ဖြစ်သည်။ ဤအတိုင်း ဟိဂျ်ရသ်ပြုခြင်းသည် ကျူးလွန်ပြီးဆုံးခဲ့သော 'ဂိုနာဟ်' ဟူသရွေ့ကို ကုန်ခန်းစေသော အရာဖြစ်သည်။

စတုတ္ထမြောက်အာယသ်တော်တွင် မုဟာဂျိရ်များ၏ အဆင့်အသီးသီး၏ အမိန့်များကို တင်ပြထားပေသည်။ ထိုမုဟာဂျိရ်များထဲတွင် အချို့လူများသည် ထိပ်ဆုံးမှ ဖြစ်သည်။ ထိုသူများသည် 'ဟိုဒိုင်ဗီယာ' ငြိမ်းချမ်းရေးစာချုပ်အလျင် ဟိဂျ်ရသ်ပြုကြသူများ ဖြစ်ကြသည်။ အချို့သူများသည် ဒုတိယအဆင့်၌ ရှိကြသော မုဟာဂျိရ်များ ဖြစ်ကြသည်။ ထိုသူများသည် 'ဟိုဒိုင်ဗီယာ' ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးမှ ဟိဂျ်ရသ်ပြုကြသောသူများ ဖြစ်ကြသည်။ ထို့အတွက်ကြောင့် ၎င်းတို့၏ တမလွန်အဆင့်၌ ခြားနားသွား၏။ သို့သော် လောကီရှိ အမိန့်ပြဋ္ဌာန်းချက်များမှာ ပထမအဆင့်၌ရှိသော မုဟာဂျိရ်များကဲ့သို့ပင် ဖြစ်သည်။ ၎င်းမှာ ထိုသူများသည် တစ်ဦးနှင့်တစ်ဦး အမွေခံများ ဖြစ်ကြသည်။ ဤအတွက်ကြောင့် မုဟာဂျိရ်များကို ဦးတည်၍ မိန့်တော်မူထားသည်မှာ–

فَاُولٰٓئِكَ مِنْكُمْ

ဆိုလိုသည်မှာ ဤဒုတိယအဆင့်၌ ရှိကြသော မုဟာဂျိရ်များလည်း အသင်တို့ (ပထမ) အုပ်စု၌ ပါဝင်ပေသည်။ ထို့ကြောင့် အမွေနှင့် ပတ်သက်သည့် အမိန့်များတွင်လည်း ၎င်းတို့သည် အများမုဟာဂျိရ်များနည်းတူ ဖြစ်ပေသည်။

ဤသည် စူရာဟ်အန်ဖွာလ်၏ နောက်ဆုံးအာယသ်တော် ဖြစ်သည်။ ယင်းအာယသ်တော်၏ နောက်ဆုံးတွင် အမွေနှင့်ပတ်သက်သည့် အမိန့်များကို ပြည့်စုံကျစ်လစ်စွာ တင်ပြမိန့်တော်မူထားပေသည်။ ယင်းအမိန့်၏ အကြောင်းခံဖြင့် အထက်ဖော်ပြပါ ယာယီပြဋ္ဌာန်းထားသော အမွေနှင့် ပတ်သက်သည့် အမိန့်မှာ ပျက်ပြယ်သွားခဲ့ရပေသည်။ ယင်းယာယီအမိန့်အား ဟိဂျ်ရသ်၏ အစပထမပိုင်းတွင် မုဟာဂျိရ်များနှင့် အန်စွာရ်များအကြား ညီနောင်သဖွယ် တစ်ဦးနှင့်တစ်ဦး အမွေခံထိုက်သည်နှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားခဲ့ပေသည်။ ၎င်းမှာ–

وَاُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ فِىْ كِتٰبِ اللّٰهِ

ဟူ၍ ဖြစ်သည်။ اولو ဟူသော စာလုံးသည် အရဗီဘာသာရပ်တွင် ပုဂ္ဂိုလ်ဟူသော အဓိပ္ပာယ် ဖြစ်သည်။ اولو العقل မှာ အသိဉာဏ်ရှိသောသူ ပုဂ္ဂိုလ်၊ اُولُوا الْاَمر မှာ အမိန့်ပေးသော ပုဂ္ဂိုလ်၊ ဤအတွက်ကြောင့်ပင် اُولُوا الْاَرْحَام သည် ဆွေမျိုးတော်သောသူဟု ဖြစ်သည်။ ارحام စာလုံးသည် رحم ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ကေန်စင်စစ်တွင် ထိုအစိတ်အပိုင်းကို ခေါ်ဆိုပေသည်။ ယင်းအစိတ်

အပိုင်းတွင် ကလေးအား မွေးမြူဖန်ဆင်းတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ဆွေမျိုးတော်စပ်ခြင်းသည် رحم (ဝါ) သားအိမ်နှင့် ပတ်သက်ဆက်စပ်မှုအပေါ် မူတည်၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် اولوالارحام အား ဆွေမျိုးသားချင်းဟူသော အဓိပ္ပာယ်၌ သုံးနှုန်းထားကြပေသည်။ သို့ရှိရာ အာယသ်တော်၏ အဓိပ္ပာယ်မှာ ကေန်အမုန် မွတ်စ္စလင်မ်များအားလုံးသည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း၌ အားလုံးနှင့် သက်ဆိုင်သော ပိုင်ဆိုင်မှုကို ရရှိထားကြသူများ ဖြစ်ကြသည်။ ယင်း၏အကြောင်းခံကြောင့် အရေးကြုံသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းရန် တာဝန်လည်းရှိပေသည်။ တစ်ဦးနှင့်တစ်ဦး အမွေခံများလည်း ဖြစ်ကြသည်။ သို့သော် မွတ်စ္စလင်မ်များသည် အချင်းချင်း၌ ဆွေမျိုးတော်စပ်မှုနှင့် ပတ်သက်နေကြသည်ဆိုလျှင် ထိုမွတ်စ္စလင်မ်များအား အခြားမွတ်စ္စလင်မ်များထက် ဦးစားပေးရမည်ဖြစ်သည်။ فى كتب الله ၏အဓိပ္ပာယ်အရ ဤနေရာ၌ فى حكم الله ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သီးသန့်အမိန့်တော်များဖြင့် ဤဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းပင် ဖြစ်သည်။

ဤအာယသ်တော်မှ နည်းစနစ်ပြသထားသည်မှာ အမွေခွဲရာ၌ ဆွေမျိုးသားချင်းများ၏ အခေါင့်အတာန်းအပေါ် မူတည်၍ ခွဲရမည်ဖြစ်သည်။ ၎င်းနောက် اولوالارحام ဟူသော စာလုံးသည် ဆွေမျိုးသားချင်းများအတွက်သာ ခေါ်ဝေါ်ကြပေသည်။ ထိုဆွေမျိုးသားချင်းများထဲမှ သီးသန့်ဆွေမျိုးသားချင်းများ၏ အပိုင်းကို ကျမ်းတော်မြတ်၏ စူရာဟ်နေဆာအ်တွင် သတ်မှတ်မိန့်တော်မူထားပေသည်။ ယင်းသားချင်းများအား အမွေ၏ ပညာရပ်တွင် اهل فرائض (သို့) ذوى الفروض ဟု ခေါ်ဆိုပေသည်။ ထိုသားချင်းများအား ခွဲဝေပေးပြီးနောက် ကျန်ရှိပစ္စည်းအား ဤအာယသ်တော်အရ အခြားဆွေမျိုးတော်စပ်သူများအား ခွဲဝေပေးရမည်ဖြစ်သည်။ ဆွေမျိုးသားချင်းများအားထဲမှ တစ်ဦး၏ ပစ္စည်းအား အခြားတစ်ဦးအနေနှင့် ခွဲဝေပေးနိုင်စွမ်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် တမ်လောကလုံးရှိ လူသားများအကြား ဆွေမျိုးဆက်စပ်မှုမှာ မုချရှိနေသည်။ အကြောင်းမူကား လူသားများအားလုံးသည် ဖခင်အာဒမ် ﷺ နှင့် မိခင်ဟော်ဝါ ﷺ မှ ဆင်းသက်ခဲ့ကြသူများသာ ဖြစ်ကြသည်။ ဤအတွက်ကြောင့် ဆွေမျိုးသားချင်းများအကြား ခွဲဝေပေးရာတွင် ဆွေမျိုးနီးစပ်သူများကို အဝေးယက် ဦးစားပေးပြီး နီးစပ်သော သားချင်းများရှေ့တွင် အဝေးကို ပယ်လိုက်ရမည်ဖြစ်သည်။ ယင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ကို တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များတွင် ဤသို့ လာရှိထားပေသည်။ ၎င်းမှာ ذوى الفروض ၏ ဝေစုကို ခွဲဝေပေးပြီးနောက် ကျန်ရှိပစ္စည်းများအား ကွယ်လွန်သူ၏ 'အခွ်ဗားသ်' များကို တစ်ဆင့်ပြီးတစ်ဆင့် ပေးသွားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ နီးစပ်သူကို ဝေးသူထက် ဦးစားပေးပြီး နီးစပ်သူရှေ့၌ ဝေးသူကို ပယ်လိုက်ရမည်ဖြစ်သည်။ အကယ်၍ 'အခွ်ဗားသ်' ထဲမှ မည်သူမှ မရှိပါက ကျန်ရှိဆွေမျိုးသားချင်းများအား ခွဲဝေပေးရမည်ဖြစ်သည်။ 'အခွ်ဗားသ်' မှအပ အခြားဆွေမျိုးတော်စပ်သူများအား အမွေပညာရပ်တွင် အထူးသဖြင့် ذوى الارحام

ဟူသော ဝါကျကို သုံးနှုန်းခေါ်ဆိုကြပေသည်။ သို့သော် ယင်းအခေါ်အဝေါ်အား နောက်ပိုင်းမှ သတ်မှတ်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ကျမ်းတော်မြတ်တွင် اولوالارحام စာလုံး၏ အဓိပ္ပာယ်အရ ဆွေမျိုးတော်စပ်သူ အားလုံးအတွက် အကျုံးဝင်ပေသည်။ ယင်းအဓိပ္ပာယ်တွင် ذوی الفرض ، عصبات နှင့် ذوی الارحام အားလုံး ပါဝင်ပေသည်။

တစ်ဖန် အဆိုပါချက်နှင့် ပတ်သက်၍ အကျယ်တဝင့်အချို့ကို 'စူရာဟ်နေဆာအ်'၏ အာယသ်တော်များတွင် တင်ပြထားပေသည်။ ထိုအာယသ်တော်များတွင် သီးသန့်ဆွေမျိုးသားချင်းများ၏ ဝေစုကို အလ္လာဟ်အသျှင်မြတ်မှ သတ်မှတ်ထားပေသည်။ ယင်းသားချင်းများကို အမွေကဏ္ဍတွင် ذوی الفروض ဟု ခေါ်ဆိုပေသည်။ ကျန်ဆွေမျိုးတော်စပ်သူများနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اَلْحُقُوْقُ الفَرَائِضُ بِاَهْلِهَا فَمَابَقِىَ فَهُوَلَاَوْلٰى رَجُلٍ ذَكَرٌ

အလိုသဘောမှာ ကျမ်းတော်မြတ်မှ သတ်မှတ်ထားသော ဝေစုများအားလုံး ခွဲဝေပြီးသည့်နောက် ကျန်ရှိပစ္စည်းများအား ကွယ်လွန်သူနှင့် ဆွေမျိုးနီးစပ်ဆုံးဖြစ်သူ အမျိုးသားများကို ခွဲဝေပေးရမည်ဖြစ်သည်။ ထိုဆွေမျိုးသားချင်းများကို အမွေကဏ္ဍတွင် 'အဆွဲဗားသ်'ဟူ၍ ခေါ်ဆိုပေသည်။ အကယ်၍ ကွယ်လွန်သူတစ်ဦး၏ 'အဆွဲဗားသ်'ထဲမှ တစ်ဦးမျှမရှိပါက တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်နှင့်အညီ တစ်ဖန် အခြား ဆွေမျိုးတော်စပ်သူများကို ခွဲဝေပေးရမည်ဖြစ်သည်။ ယင်းဆွေမျိုးတော်စပ်သူများကို ဝေါဟာရတွင် ذوی الارحام ဟု ခေါ်ဆိုပေသည်။ ဥပမာ- ဦးလေး၊ အဒေါ် စသည်တို့ ဖြစ်ပေသည်။

စူရာဟ်အန်ဖွာလ်၏ နောက်ဆုံးအာယသ်တော်၏ နောက်ဆုံးဝါကျတွင် အစ္စလာမ့်တရားတော်မှ အမွေကဏ္ဍနှင့် ပတ်သက်သည့် ထိုအမိန့်များကို ပယ်ဖျက်လိုက်ပေသည်။ အကြင်အမိန့်များနှင့် ပတ်သက်သည့် အထက်ပါအာယသ်တော်များ၌ တင်ပြခဲ့ပြီးဖြစ်သည်။ ထိုပြဋ္ဌာန်းချက်ကြောင့် မုဟာဂျီရ်များနှင့် အန်ဆွာရ်များအကြား အရှင်းချင်း၌ အမွေသက်ဆိုင်သူများ ဖြစ်ခဲ့ကြသည်။ ကေန်အမှန် ထိုမုဟာဂျီရ်နှင့် အန်ဆွာရ်အကြား မည်သည့်ဆွေမျိုးတော်စပ်မှုမှ မရှိချေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါ အမိန့်သည် ယာယီပြဋ္ဌာန်းချက် ဖြစ်သည်။ ယင်းအမိန့်အား ဟိဂျ်ရသ်၏ ပထမအချိန်များ၌ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်သောင်ဗာဟ်

နောင်တရခြင်းကဏ္ဍ

بَرَآءَةٌ مِّنَ اللّٰهِ وَرَسُوْلِهٖٓ اِلَى الَّذِيْنَ عَاهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ۝١

၉ : ၁ ॥ ॥ ဤသည် အလ္လာဟ်အသျှင်မြတ်ထံတော်မှလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်ထံတော်မှလည်းကောင်း အသင်တို့ (ကာလအပိုင်းအခြားမရှိ) ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြသော မုရှ်ရစ်က်တို့အား (၎င်းတို့၏ ပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်း၍) လုံးဝ တာဝန်ကင်းကြောင်း (ကြေညာခြင်းပင်) ဖြစ်ပေသည်။

فَسِيْحُوْا فِى الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّاعْلَمُوْٓا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ۙ
وَاَنَّ اللّٰهَ مُخْزِى الْكٰفِرِيْنَ ۝٢

၉ : ၂ ॥ ॥ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် (မုရှ်ရစ်က်တို့အား ဤသို့ ပြောကြားပါလေ။ အချင်းတို့) အသင်တို့သည် ဤ (တိုင်းပြည်) မြေပေါ်တွင် လေးလတိုင်အောင် (လွတ်လပ်စွာ) လှည့်လည် (ခရီးသွားလာ) မှုကို ပြုကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြသူများ မဟုတ်ကြောင်းကိုလည်းကောင်း၊ (တစ်နည်း အလ္လာဟ်အသျှင်မြတ်အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်သူများ မဟုတ်ကြောင်းကိုလည်းကောင်း) စကန်မုချ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အား အရှက်တကွဲ ဖြစ်စေတော်မူစေမည့် အသျှင်မြတ် ဖြစ်တော်မူကြောင်းကိုလည်းကောင်း (ကောင်းစွာ) မှတ်ယူကြလေကုန်။

وَاَذَانٌ مِّنَ اللّٰهِ وَرَسُوْلِهٖٓ اِلَى
النَّاسِ يَوْمَ الْحَجِّ الْاَكْبَرِ اَنَّ اللّٰهَ بَرِىْٓءٌ مِّنَ الْمُشْرِكِيْنَ ۙ وَ
رَسُوْلُهٗ ۗ فَاِنْ تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ ۚ وَاِنْ تَوَلَّيْتُمْ فَاعْلَمُوْٓا اَنَّكُمْ
غَيْرُ مُعْجِزِى اللّٰهِ ۗ وَبَشِّرِ الَّذِيْنَ كَفَرُوْا بِعَذَابٍ اَلِيْمٍ ۝٣

၉ : ၃ ॥ ॥ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ထံမှ 'ဟဂ်ျဂျေအက်ဗရ်' (ဟဂ်ျ အကြီးစား) ပြုလုပ်သောနေ့တွင် လူအပေါင်းတို့ရှေ့ဝယ် 'စကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည်လည်းကောင်း (ခံဝန်ချက်ကို မိမိတို့ကိုယ်တိုင် ချိုးဖောက်ခဲ့ကြသော) မုရှ်ရစ်က်တို့နှင့်

ဖတ်သက်၍ တာဝန်ကင်းတော်မူကြောင်း' ကြေညာခြင်းပင် ဖြစ်ချေသည်။ သို့ဖြစ်သော်ငြားလည်း (အို၊ မုရှ်ရစ်က်အပေါင်းတို့) အကယ်၍ အသင်တို့သည် (မိမိတို့၏ အယူဝါဒများကို စွန့်လွှတ်၍) ဝန်ချတောင်းပန်ကြပါမူ ယင်းသို့ ဝန်ချတောင်းပန်ခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ဝန်ချ) တောင်းပန်ခြင်းမပြုဘဲ မျက်နှာလွှဲခဲ့ကြပါလျှင် ဧကန်စင်စစ် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြမည် မဟုတ်ကြောင်း ကောင်းစွာ မှတ်ယူကြလေကုန်။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား (၎င်းတို့ ခံစားရန်လို့ဌာ) ပြင်းပြနာကျင်စေသော ပြစ်ဒဏ်သည် (အသင့်) ရှိကြောင်းကို သတင်းကောင်း ပြောကြားပါလေ။

إِلَّا الَّذِينَ عَاهَدتُّم مِّنَ الْمُشْرِكِينَ ثُمَّ لَمْ يَنقُصُوكُمْ شَيْئًا وَلَمْ
يُظَاهِرُوا عَلَيْكُمْ أَحَدًا فَأَتِمُّوا إِلَيْهِمْ عَهْدَهُمْ إِلَىٰ مُدَّتِهِمْ
إِنَّ اللَّهَ يُحِبُّ الْمُتَّقِينَ ④

၉ : ၄ ။ ။ အကြင် (ကတိဖျက်) သော မုရှ်ရစ်က်တို့မှအပ အသင်တို့သည် ထို (ကျန်ရှိသော ကတိတည်သည့် မုရှ်ရစ်က်) သူတို့နှင့် ပဋိညာဉ် ဖွဲ့ခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် အသင်တို့နှင့် ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ ဝတ္တရားပျက်ကွက်ခဲ့ကြသည်လည်း မရှိပေ။ ယုတ်လျော့စေခဲ့ကြသည်လည်း မရှိပေ။ ၎င်းပြင် ထိုသူတို့သည် အသင်တို့နှင့် ဆန့်ကျင်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကူညီခဲ့ကြသည်လည်း မရှိပေ။ သို့ဖြစ်လျှင် အသင်တို့သည် ထိုသူတို့နှင့် ထားရှိသော ကတိကို ၎င်းတို့နှင့် ထိုသူတို့ (သတ်မှတ်ခဲ့သော) အချိန်ကာလ အပိုင်းအခြားအထိ ပြီးမြောက်အောင် ဆောင်ရွက်ကြလေကုန်။ ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အား ချစ်ကြည်မြတ်နိုး တော်မူပေသည်။

فَإِذَا انسَلَخَ الْأَشْهُرُ الْحُرُمُ فَاقْتُلُوا
الْمُشْرِكِينَ حَيْثُ وَجَدتُّمُوهُمْ وَخُذُوهُمْ وَاحْصُرُوهُمْ
وَاقْعُدُوا لَهُمْ كُلَّ مَرْصَدٍ ۚ فَإِن تَابُوا وَأَقَامُوا الصَّلَاةَ وَ
آتَوُا الزَّكَاةَ فَخَلُّوا سَبِيلَهُمْ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ⑤

၉ : ၅ ။ ။ တစ်ဖန် ထူးမြတ်သောလများ ကုန်လွန်သွားသောအခါ အသင်တို့သည် ထို (ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြသော) မုရှ်ရစ်က်တို့အား တွေ့လေရာ နေရာများ၌ သတ်ဖြတ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် ၎င်းတို့အား ဖမ်းဆီးခြင်းကိုလည်းကောင်း၊ ချုပ်နှောင် (အကျဉ်းချထား) ခြင်းကိုလည်းကောင်း ပြုကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုသူတို့အား (ဖမ်းဆီးရန်) ပုန်းအောင်းရာ နေရာတိုင်းတွင် (ပုန်းအောင်းချောင်းမြောင်း၍) စောင့်ကြည့်ကြလေကုန်။ တစ်ဖန် အကယ်၍

ထိုသူတို့သည် (မိမိတို့၏ အယူဝါဒများကို စွန့်လွှတ်၍) ဝန်ချတောင်းပန်ခြင်းကိုလည်းကောင်း၊ တည်မြဲစွာ 'ဆွလာသ်'ဝတ်ပြုခြင်းကိုလည်းကောင်း၊ 'ဇကားသ်'တရားဝင် ဒါနကြေး ပေးဆောင်ခြင်းကိုလည်းကောင်း ပြုကြပါလျှင် အသင်တို့သည် ၎င်းတို့၏ လမ်းကို ဖွင့်လှစ်ပေးကြလေကုန်။ စင်စစ်အမှန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်ဘက်မှ ထိုမုရှ်ရစ်က်များ၏ ကတိနှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း အဖြေပေးထားပေသည်။ အကြင်ကတိများကို အသင်တို့သည် အကန့်အသတ်မရှိ ပြုခဲ့ကြသည်။ ဤအုပ်စုသည် တတိယအုပ်စုဖြစ်သည်။ (ယင်းနှင့်စပ်လျဉ်း၍ သိမှတ်စရာများနှင့် ဓမ္မသတ်များတွင် အကျယ်တဝင့် တင်ပြသွားပေမည်။) ၎င်းနောက် စတုတ္ထအုပ်စုသည် မည်သို့မှ ကတိပြုခဲ့ခြင်း မရှိပေ။ သို့ရှိရာ ကတိပြုထားသော သူများအပေါ်မှ ငြိမ်းချမ်းမှုကို ရုတ်သိမ်းလိုက်သည်ဆိုလျှင် ကတိမပြုထားသော သူများအတွက် အစကနဦးကပင် ငြိမ်းချမ်းမှုဟူသမျှ ဆိုသည်မှာ မရှိခဲ့ပေ။ အဆိုပါအုပ်စုနှစ်စလုံးအား အသိပေးကြကုန်။ ၎င်းမှာ အသင်တို့သည် ဤမြေပထဝီပေါ်ဝယ် လေးလမျှ သွားလာလှုပ်ရှားကြကုန်။ မိမိနေရာနှင့် ခိုလှုံမည့်နေရာများကို ရှာဖွေကြကုန်။ ယင်းအချက်နှင့်အတူ မှတ်သားထားရမည့်အချက်မှာ ထိုသို့ အခွင့်အရေးပေးထားသည့်အတွက် မွတ်စ္စလင်မ်များ၏ လက်တွင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ သို့သော် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို ကျိုးနိမ့်အောင် ပြုနိုင်ကြလိမ့်မည်ဟုတ်ပေ။ ထိုအသျှင်မြတ်၏ လက်ခုပ်တွင်းမှ လွတ်မြောက်နိုင်မည်မဟုတ်ဟူ၍ ဆိုလိုခြင်းဖြစ်ပေသည်။ ထပ်မံ မှတ်သားထားရမည့် အချက်တစ်ချက်မှာ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် တမလွန်တွင် ကာဖိရ်များကို သေးသိမ်စေတော်မူမည်။ ဆိုလိုသည်မှာ 'အဇားဗ်'ပေးတော်မူမည်။ အသင်တို့သည် ထိုအသျှင်မြတ်၏ လက်တော်မှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။ လောကီ၌ အသတ်ခံရမည်မှာ သီးခြားပြစ်ဒဏ်ဖြစ်သည်။ ယင်းအချက်၌ 'သောင်ဗဟ်'ပြုရန် နှိုးဆော်ထားခြင်းပင် ဖြစ်သည်။ ၎င်းနောက် ပထမနှင့် ဒုတိယအုပ်စုအတွက် ပညတ်ချက်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်ဘက်မှ 'ဟဂ္ဂျ်ဧအက်ဗရ်'များတွင် လူအများရှေ့မှောက်၌ ကြေညာချက် ထုတ်ပြန်ခဲ့သည်မှာ မုရှ်ရစ်က်များကိုယ်တိုင်က ကတိဖျက်လိုက်ကြသည့်အတွက် အလ္လာဟ် အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ သည် ငြိမ်းချမ်းမှုပေးခြင်းအား သတ်မှတ်ထားသည့် အစိုင်းအခံဘာမရှိ လက်လွှတ်တော်မူလိုက်သည်။ ဆိုလိုသည်မှာ ပထမအုပ်စုဖြစ်သည်။ သို့သော်ငြားလည်း ထိုမုရှ်ရစ်က်များအား မိန့်ကြားတော်မူသည်မှာ အကယ်၍ အသင်တို့သည် ဖီဆန်ခြင်းမှ 'သောင်ဗဟ်'ပြုလိုက်ကြမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အတွက် နှစ်ဌာနစလုံးတွင် အကောင်းဆုံး ချီးမြှင့်တော်မူမည်။ လောကတွင် အသင်တို့၏ ကတိဖျက်ခြင်းကို ခွင့်လွှတ်ပေးသနားတော်မူပြီး သတ်ဖြတ်ခံရခြင်းမှ လွတ်ကင်းသွားပေမည်။ ၎င်းနောက် တမလွန်တွင် လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည်မှာ သေချာပေသည်။

အကယ်၍ အသင်တို့သည် အစ္စလာမ်သာသနာတော်အား မျက်နှာလွှဲမည်ဆိုလျှင်လည်း အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို ချီးနှိမ်နိုင်မည်မဟုတ်ကြောင်းကို မှတ်သားထားကြလော။ အကြောင်းမူကား အသျှင်မြတ်၏ လက်စုပ်တွင်းမှ ထွက်ပြေးလွတ်မြောက်နိုင်မည်လည်း မဟုတ်ပေ။ ရှေ့ဆက်၍ အလ္လာဟ်အသျှင်မြတ်ကို ချီးနှိမ်ခြင်း မရှိမှုနှင့် စပ်လျဉ်း၍ အကျယ်တဝင့် တင်ပြထားသည်မှာ ထိုကာဖိရ်များကို အလွန်ပြင်းထန်လှသည့် ပြစ်ဒဏ်နှင့် ပတ်သက်ပြီး သတင်းပေးကြကုန်။ ယင်းပြစ်ဒဏ်သည် တမလွန်၌ ကျရောက်မည်ဖြစ်သည်မှာ မုချ သေချာပေသည်။ လောကီ၌ ခံစားရမည့် ပြစ်ဒဏ်မှာ သီးခြားဖြစ်သည်။ အလိုသဘောမှာ အကယ်၍ သာသနာတော်မှ မျက်နှာလွှဲမည်ဆိုလျှင် ဒဏ်ခတ်ခြင်းခံရမည်ဖြစ်သည်။ သို့သော် ထိုမုရှ်ရစ်ကိမ်များသည် ငြိမ်းချမ်းခြင်းအား ကင်းဝေးခြင်းနှင့် စွန့်လွှတ်ခြင်းခံရခြင်း၌ မပါဝင်ပေ။ အကြင်မုရှ်ရစ်ကိမ်များသည် အသင့်ထံ ကတိပြုကြပြီးသည့်နောက် ကတိအတိုင်း ဆောင်ရွက်ရာ၌ အနည်းငယ်မျှအားနည်းချက်မရှိပေ။ အသင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော မည်သည့်ရန်သူ တစ်ဦးတစ်ယောက်ကိုမှ ကူညီခဲ့ခြင်းလည်း မရှိပေ။ ယင်း၏အလိုသဘောမှာ ဒုတိယအုပ်စုဖြစ်သည်။ သို့ရှိရာ ကတိတော်ပြုသည့်အတိုင်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖြည့်ဆည်းကြကုန်။ ကတိမပျက်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ကတိပျက်ခြင်းမှ ရှောင်ကြဉ်သောသူကို နှစ်သက်တော်မူပေသည်။ အသင်တို့လည်း အကယ်၍ ကတိပျက်ခြင်းမှ ရှောင်ကြဉ်မည်ဆိုလျှင် အသျှင်မြတ်၏ နှစ်သက်မှုကို ရရှိမည်ဖြစ်ပေသည်။ ရှေ့ဆက်၍ ပထမအုပ်စု၏ နောက်ဆုံးပညတ်ချက်ကို တင်ပြထားသည်မှာ ထိုသူများကို အခွင့်အရေးမရရှိသောအခါ ၎င်းတို့နှင့် ယခု စစ်ခင်းရန် အခွင့်အလမ်းရှိသော်လည်း 'မုဟ်ရမ်'လကုန်သည်အထိ စစ်ထိုးခြင်းအား တားမြစ်ထားသော လများ ကျန်ရှိနေသေးသည်။

သို့ရှိရာ ထိုလများ ကုန်ဆုံးချိန်အထိ စောင့်ရမည်။ ၎င်းနောက် ထိုတားမြစ်လများ ကုန်ဆုံးသွားပါက ထိုအခါမှ ၎င်းမုရှ်ရစ်ကိမ်များကို (ပထမ အုပ်စု) တွေ့သည့် နေရာမှာ ဖမ်းဆီးသတ်ဖြတ်ကြကုန်။ လျှိုမြောင်များ၌ ၎င်းတို့အား ချောင်းမြောင်းလျက် နေကြကုန်။ ဆိုလိုသည်မှာ စစ်ပွဲ၌ ဆောင်ရွက်ရမည့် အချက်ဟူသမျှအားလုံး ပြုပိုင်ခွင့်ရှိသည်။ တစ်ဖန် အကယ်၍ ဖိဆန်ခြင်းမှ 'သောင်ဗာဟ်'ပြုလိုက်သည်ဆိုလျှင် ထို့နောက် အစ္စလာမ်၏ လုပ်ဆောင်ချက်များကို ပြုမူဆောင်ရွက်လာသောအခါ ဥပမာ- နမာဇ်ဝတ်ပြုမည်၊ 'ဇကားသ်' ပေးလာမည်ဆိုလျှင် ၎င်းတို့အား လက်လွှတ်လိုက်ကြကုန်။ ဆိုလိုသည်မှာ သတ်ဖြတ်ခြင်း၊ အကျဉ်းချထားခြင်းများကို မပြုလုပ်တော့လေနှင့်။ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်နှင့် အလွန်တရာ မဟာကရုဏာတော်ရှင် ဖြစ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော ကာဖိရ်တစ်ဦးကို ခွင့်လွှတ်တော်မူလိုက်၏။ ထိုသူ့အသက်ကို ကယ်တင်လိုက်၏။ ထို့နောက် သတ်မှတ်ထားသည့် အချိန်အတိုင်းအတာ ကုန်လွန်သွားပါက ကျန်အုပ်စုများပေါ်သို့လည်း ဤအမိန့်ပင် ကျရောက်မည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

"စူရာဟ်ဗရာအသ်"အစပြုလျက်ရှိသည်။ ယင်းစူရာဟ်ကို "သောင်ဗာဟ်"ဟူ၍လည်း ခေါ်ဆိုသည်။ "ဗရာအသ်"ဟု ခေါ်ဆိုရခြင်းအကြောင်းမှာ ဤစူရာဟ်တွင် ကာဖိရ်များမှ လွတ်မြောက်ခြင်းအကြောင်းကို တင်ပြထားပေသည်။ ထို့နောက် "သောင်ဗာဟ်"ဟု ခေါ်ဆိုရခြင်းမှာ ဤ "စူရာဟ်"တွင် မွတ်စ္စလင်မ်များ၏ "သောင်ဗာဟ်"ကို လက်ခံကြောင်း တင်ပြထားပေသည်။ ဤစူရာဟ်၏ ထူးခြားချက်တစ် ခုမှာ ကျမ်းတော်မြတ်၌ ဤစူရာဟ်အစတွင် "ဗိစ်မိလ္လာဟ်"ရေးသားထားခြင်း မရှိပေ။ ဤစူရာဟ်မှအပ ကျန်ရှိစူရာဟ်များ အားလုံး၏အစတွင် "ဗိစ်မိလ္လာဟ်"ရေးသားထားပေသည်။ ယင်း၏ အကြောင်းခံကို မသိရှိမီအလျှင် မှတ်သား ထားရမည့်အချက်မှာ ကျမ်းတော်မြတ်သည် နှစ်ဆယ့်သုံးနှစ်ကြာကာလအတွင်း အနည်းငယ်စီ ကျရောက် ခဲ့သည်။ စူရာဟ်တစ်ခုတည်းမှ အာယသ်တော်များသည် အချိန်အသီးသီး၌ ကျရောက်တော်မူခဲ့သည်။ ဟာဇရသ် ဂျိဗ္ဗရာအီးလ် သည် ဝဟီတော်ယူဆောင်လာသောအခါ ဤအာယသ်တော်ကို မည်သည့်စူရာဟ် မည်သည့် အာယသ်တော်၏ နောက်တွင် ထားလိုက်ပါသည်ဟူသော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုပါ တစ်ပါတည်း ယူဆောင်လာပေသည်။ ထိုမိန့်ကြားချက်နှင့်အညီ တမန်တော်မြတ် ﷺ သည် ဝဟီတော်ကို ရေးမှတ်ရန် လမ်းညွှန်တော်မူပြီး ရေးခိုင်းတော်မူ၏။

စူရာဟ်တစ်ပုဒ် ကုန်ဆုံးပြီးနောက် တစ်ပုဒ်စသောအခါ စူရာဟ်မစမီအလျှင် "ဗိစ်မိလ္လာဟ်"ကျရောက် တော်မူလာ၏။ ယင်းသို့ ကျရောက်ခြင်းကြောင့် ပထမစူရာဟ် ကုန်ဆုံးပြီးနောက် စူရာဟ်တစ်ပုဒ်စပြီဟူ၍ သိရှိရပေသည်။ ကျမ်းတော်မြတ်၏ စူရာဟ်များအားလုံးသည် အဆိုပါအတိုင်းပင် ကျရောက်ခဲ့ပေသည်။ "စူရာဟ်သောင်ဗာဟ်"သည် စူရာဟ်များအားလုံးထဲမှ နောက်ဆုံးကျရောက်ခဲ့သော စူရာဟ်ပင်ဖြစ်သည်. ဤစူရာဟ်၏အစတွင် ကျရောက်လေ့ရှိသည့်အတိုင်း "ဗိစ်မိလ္လာဟ်" ကျရောက်ခြင်းမရှိသကဲ့သို့ တမန်တော် မြတ် ﷺ လည်း ဝဟီရေးသားသူအား "ဗိစ်မိလ္လာဟ်"ရေးရန် လမ်းညွှန်တော်မူခြင်း မရှိခဲ့ပေ။ ယင်းအခြေ အနေတွင် တမန်တော်မြတ် ﷺ လည်း ကွယ်လွန်တော်မူသွားခဲ့၏။

ဟဇရသ်အွတ်စ်မာန် သခင်သည် မိမိခေတ်တွင် ကျမ်းတော်မြတ်ကို ကျမ်းစာအုပ်အသွင် ပြုလုပ် ရန် စီစဉ်သောအခါ စူရာဟ်များအားလုံးနှင့် ဆန့်ကျင်ကာ "စူရာဟ်သောင်ဗာဟ်"အစတွင် "ဗိစ်မိလ္လာဟ်" မရှိချေ။ ထို့ကြောင့် ဒွိဖြစ်ရသည်မှာ သီးသန့်စူရာဟ်တစ်ပုဒ်မဟုတ်သည့်အပြင် အခြားစူရာဟ်တစ်ပုဒ်၏ အပိုင်းတစ်ပိုင်းဖြစ်မည်ဆိုပါက ယခု သောကဖြစ်ရသည်မှာ အကယ်၍ ဤစူရာဟ်သည် အခြားစူရာဟ် တစ်ပုဒ်၏ အစိတ်အပိုင်းတစ်ပိုင်း ဖြစ်သည်ဆိုလျှင် ထိုစူရာဟ်မှာ မည်သည့်စူရာဟ်ဖြစ်မည်နည်း။ ပါရှိသော အကြောင်းအရာများအရ ကြည့်မည်ဆိုလျှင် "စူရာဟ်အန်ဖွာလ်"၏ အပိုင်းဖြစ်မည်ဟု သိရှိရပေသည်။ ၎င်းနောက် ဟဇရသ်အွတ်စ်မာန် သခင်မှ ဆင့်ပြန်ချက်တစ်ခုကို တင်ပြထားသည်မှာ တမန်တော် မြတ် ﷺ ၏ ခေတ်တွင် ထိုစူရာဟ်နှစ်ပုဒ်အား ရောနှောနေသည်ဟူ၍ မိန့်ကြားခဲ့ပေသည်။

ထို့ကြောင့် "စူရာဟ်အန်ဖွာလ်"၏နောက် ဤစူရာဟ်ကို ထားရှိခဲ့ခြင်းဖြစ်ပေသည်။ ဤသို့ ပြုလုပ် ခဲ့ရခြင်းသည် အကယ်၍ အခြားစူရာဟ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုလျှင် ထိုစူရာဟ်နှင့်အတူ ရှိနေ

မည်ဖြစ်သည်။ သို့သော် သီးသန့်စူရာဟ်တစ်ပုဒ်လည်း ဖြစ်နိုင်ချေ ရှိသည်။ ထို့ကြောင့် ရေးသားထားသည့် နေရာတွင် 'စူရာဟ်အန်ဖွာလ်'ဆုံးသည်နှင့် 'စူရာဟ်သောင်ဗာဟ်'မစမီအလျင် နေရာအနည်းငယ်လွတ်၍ အခြားစူရာဟ်များတွင် 'ဗိစ်မိလ္လာဟ်'ရေးရန်အတွက် နေရာရှိသည့်အတိုင်း ချန်လှပ်ထားခဲ့သည်။

'စူရာဟ်ဗရာအသ်' (သို့) 'စူရာဟ်သောင်ဗာဟ်'ဘဝတွင် 'ဗိစ်မိလ္လာဟ်'မရေးရခြင်း၏ အသေးစိတ် သုံးသပ်မှုကို ဟဇရသ်အွတ်စ်မာန် ﷺ ထံမှ အဗူဒါဝူဒ်၊ နစာအီ၊ မွတ်စ်နဒ်အဟ်မဒ်၊ သိရ်မိဇီကျမ်းများတွင် ကျမ်းတော်မြတ်အား အကျယ်ဖွင့်ဆိုသူ ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နေအဗ္ဗာဇ် ﷺ သခင်၏ မေးမြန်းချက်တစ်ခု ၏ အဖြေကို တင်ပြထားပေသည်။ ထိုမေးခွန်းတွင် ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နေအဗ္ဗာဇ် ﷺ သည် ဟဇရသ် အွတ်စ်မာန် ﷺ ထံ ဤသို့ မေးမြန်းတော်မူခဲ့ပေသည်။ ၎င်းမှာ ကျမ်းတော်မြတ်၏ စူရာဟ်များကို စီစဉ်ထား ရှိရန် ဆောင်ရွက်သောအခါ ဦးစွာပထမ စူရာဟ်ရှည်များကို ထားရှိတော်မူခဲ့ပေသည်။ ယင်းစူရာဟ်ရှည်များ တွင် အာယသ်တော်ပေါင်းတစ်ရာကျော် ပါရှိပေသည်။ ယင်းကဲ့သို့သော စူရာဟ်များကို ဝေါဟာရ၌ 'မိအီးန်' ဟုလည်း ခေါ်ဆိုကြပေသည်။ ထို့နောက်ပိုင်းတွင် အာယသ်တော်ပေါင်းတစ်ရာထက် နည်းသော စူရာဟ် များကို ထားရှိခဲ့ပေသည်။ ယင်းစူရာဟ်များကို မဗာနီဟူ၍ ခေါ်ဆိုပေသည်။ ထို့နောက်ပိုင်းတွင် 'မုဖဆ္ဆ ဆွလားသ်' ဟု ခေါ်ဆိုသော စူရာဟ်ငယ်များ ထားရှိပေသည်။ ထိုအစီအစဉ်အရဆိုလျှင် 'စူရာဟ် သောင်ဗာဟ်'ကို 'စူရာဟ်အန်ဖွာလ်'အလျင် ထားရှိရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'စူရာဟ် သောင်ဗာဟ်'၏ အာယသ်တော်များသည် တစ်ရာထက်ကျော်ပြီး 'စူရာဟ်အန်ဖွာလ်'၏ အာယသ်တော်များ သည် တစ်ရာထက် နည်းပါးသည်။ အစမှ စူရာဟ်ရှည်နှစ်ပုဒ်ကို سبع طوال ဟု ခေါ်ဆိုကြသည်။ ယင်းစူရာဟ်များတွင်လည်း 'စူရာဟ်အန်ဖွာလ်'နှင့်ယှဉ်လျှင် 'စူရာဟ်သောင်ဗဟ်'က ပို၍ သင့်လျော်ပေသည်။ အဆိုပါအချက်နှင့် ဆန့်ကျင်၍ ပြုလုပ်ရခြင်းကား မည်သို့နည်း။ ဟဇရသ်အွတ်စ်မာန် ﷺ သခင်က မိန့်ဆို ဖြေကြားသည်မှာ ဖော်ပြပါစကားရပ်များအားလုံး မှန်ပါသည်။ သို့သော် ကျမ်းတော်မြတ်နှင့် ပတ်သက်သည့် ကိစ္စများတွင် အကောင်းဆုံးနည်းလမ်းမှာ ယခု ရွေးချယ်ထားသည့် နည်းလမ်းပင် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍ 'စူရာဟ်သောင်ဗာဟ်'သည် သီးသန့်စူရာဟ်တစ်ပုဒ်မဟုတ်ဘဲ စူရာဟ်အန်ဖွာလ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုလျှင် စူရာဟ်အန်ဖွာလ်၏ အာယသ်တော်များ ဦးစွာ ကျရောက်လာပြီး စူရာဟ် သောင်ဗာဟ်၏ အာယသ်တော်များနောက်မှ ကျရောက်လာသည်မှာ ပေါ်လွင်ထင်ရှားပေသည်။ ထို့ကြောင့် ဝဟီ၏ အမိန့်မရှိဘဲ 'စူရာဟ်သောင်ဗာဟ်'၏ အာယသ်တော်ကို စူရာဟ်အန်ဖွာလ်အလျင် ထားရှိပိုင်ခွင့် မရှိပေ။ ကျွန်ုပ်တို့အား ထိုကဲ့သို့သော လမ်းညွှန်မှုတစ်စုံတစ်ရာကို 'ဝဟီ'တော်ဖြင့် မရရှိခဲ့ပေ။ ထို့ကြောင့် ကျရောက်ခဲ့သည့်အတိုင်း 'စူရာဟ်အန်ဖွာလ်'ကို ရှေ့ထားပြီး 'စူရာဟ်သောင်ဗာဟ်'ကို နောက်တွင် ထားလိုက် ရပေသည်။

ထိုသုံးသပ်စမ်းစစ်ချက်မှ သိရှိရသည်မှာ 'စူရာဟ်သောင်ဗာဟ်'အစ၌ 'ဗိစ်မိလ္လာဟ်'မရေးရခြင်းသည် 'စူရာဟ်သောင်ဗာဟ်'မှာ သီးသန့်စူရာဟ်တစ်ပုဒ်မဟုတ်ကြောင်း ယူဆရပေသည်။ သို့သာမက 'စူရာဟ်

အန်ဖွာလ်'၏ အစိတ်အပိုင်းတစ်ပိုင်း ဖြစ်ပေသည်။ သို့ရှိရာ ဤနေရာ၌ 'ဗိစ်မိလ္လာဟ်'ရေးထားခြင်းသည် တစ်ဦးတစ်ယောက်က စူရာဟ်တစ်ပုဒ်ကြား၌ 'ဗိစ်မိလ္လာဟ်'ရေးသားလိုက်ခြင်းကဲ့သို့ မမှန်ကန်သော လုပ်ရပ် ဖြစ်သည်။

ယင်းအချက်အပေါ် မူတည်၍ ဓမ္မသတ်ပညာရှင်များက မိန့်ဆိုထားကြသည်မှာ အကြင်သူသည် 'စူရာဟ်အန်ဖွာလ်'မှ စ၍ ဖတ်ရွတ်လာလျက် 'စူရာဟ်သောင်ဗာဟ်'ကိုပါ ဆက်ဖတ်မည်ဆိုလျှင် 'စူရာဟ် သောင်ဗာဟ်'အစ၌ 'ဗိစ်မိလ္လာဟ်'မဖတ်ရပေ။ သို့သော် အကြင်သူသည် 'စူရာဟ်သောင်ဗာဟ်'မှပင် အစပြု ဖတ်ရွတ်မည်ဆိုလျှင် (သို့) အလယ်ကြားမှ စဖတ်မည်ဆိုလျှင် ထိုသူ့အနေနှင့် 'ဗိစ်မိလ္လာဟ်' စဖတ်သင့် ပေသည်။ အချို့နားမလည် သဘောမပေါက်သောသူများက မှတ်ယူကြသည်မှာ မည်သည့်အနေအထား၌ ပင်မဆို 'ဗိစ်မိလ္လာဟ်'ဖတ်ရွတ်ခြင်း မပိုင်ဟု ဆိုကြသည်။ ဤသည် မှားယွင်းပေသည်။ ထို့ထက်မက နောက်ထပ် မှားယွင်းချက်တစ်ခုမှာ 'ဗိစ်မိလ္လာဟ်'အစား ထိုသူများသည် စူရာဟ်အစတွင်

اَعُوْذُ بِاللهِ مِنَ النَّارِ

ဟူ၍ ဖတ်ရွတ်ကြသည်။ ယင်းသို့ ဖတ်ရွတ်ခြင်းသည် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာများမှ အထောက်အထားမရှိချေ။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၏ ဆင့်ပြန်ချက်တွင် ဟဇရသ်အလီ ؓ ၏ ဆင့်ပြန်ချက်တွင် ဟဇရသ် အလီ ؓ ၏ အဆိုတစ်ခုကို တင်ပြထားသည်မှာ စူရာဟ်ဗရာအသ် (ဝါ) စူရာဟ်သောင်ဗာဟ်အစတွင် 'ဗိစ်မိလ္လာဟ်'မရေးရခြင်း၏ အကြောင်းမှာ 'ဗိစ်မိလ္လာဟ်ဟိရ်ရဟ်မာနိရ်ရဟီမ်' သည် ငြိမ်းချမ်းခြင်း ဖြစ်၏။ စူရာဟ်ဗရာအသ်တွင် ကာဖိရ်များ၏ ငြိမ်းချမ်းခြင်းနှင့် ကတိကဝတ်များကို အဆုံးသတ်ကြောင်း တင်ပြထား ပေသည်။ ဤသည် နက်နဲသော အချက်တစ်ချက်ဖြစ်သည်။ ယင်းအချက်သည် မူရင်းအကြောင်းအချက် များနှင့်လည်း ဆန့်ကျင်ခြင်းမရှိပေ။ ဆိုလိုသည်မှာ မူရင်းအကြောင်းအချက်သည် စူရာဟ်အန်ဖွာလ်နှင့် စူရာဟ်သောင်ဗာဟ်သည် တစ်ပုဒ်တည်းဟု ယူဆရသည့်အတွက် 'ဗိစ်မိလ္လာဟ်'ရေးသားထားခြင်း မရှိပေ။ တစ်ဖန် ထိုသို့ မရေးဖြစ်ရခြင်း၏ အကြောင်းခံတစ်ခုမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ ၄င်းမှာ ဤစူရာဟ် တွင် ကာဖိရ်များအား စွန့်လွှတ်၍ ငြိမ်းချမ်းရေးကို ရုပ်သိမ်းလိုက်ကြောင်း တင်ပြထားပေသည်။ ဤသည် 'ဗိစ်မိလ္လာဟ်'နှင့် သင့်လျော်ခြင်းမရှိပေ။ ထို့ကြောင့် ဤနေရာ၌ 'ဗိစ်မိလ္လာဟ်'မရေးဖြစ်နိုင်သော အကြောင်း တစ်စုံတစ်ရာကို ဖန်တီးတော်မူခဲ့ခြင်း ဖြစ်ပေသည်။

စူရာဟ်သောင်ဗာဟ်၏ ဖော်ပြပါအာယသ်တော်များကို အပြည့်အဝ နားလည်သဘောပေါက်ရန် အတွက် အချို့ဖြစ်ရပ်များကို သိထားရန် အရေးကြီးသည်။ အကြင်အကြောင်းခံများကြောင့် ဤအာယသ် တော်များ ကျရောက်ခဲ့ပေသည်။ ထို့ကြောင့် အဆိုပါဖြစ်ရပ်များ၏ အကျဉ်းချုပ်ကို ရေးသားတင်ပြလိုက် ရပေသည်။

(၁) စူရာဟ်သောင်ဗာဟ်တစ်ပုဒ်လုံးတွင် အချို့စစ်ပွဲများနှင့် ပတ်သက်သည့် ဖြစ်ရပ်များနှင့် တစ်ဆက်တည်းမှာပင် အမိန့်ပညတ်ချက်များစွာကို တင်ပြထားပေသည်။ ဥပမာ- အာရဗ်မျိုးနွယ်စုများ အားလုံးနှင့် ပြုထားသော ပဋိညာဉ်ခံဝန်ချက်များကို ဖျက်သိမ်းလိုက်ခြင်း၊ မက္ကာဟ်မြို့ကို အောင်နိုင်ခြင်း၊ 'ဟိုနိုင်း' စစ်ပွဲ၊ 'သဗူးက်' စစ်ပွဲ စသည့် ဖြစ်ရပ်များတွင် ဦးစွာပထမ ဟီဂျ်ရီ (၈) ခုနှစ်တွင် မက္ကာဟ်မြို့ကို အောင် နိုင်ခဲ့ပြီး တစ်ဖန် ထိုနှစ်မှာပင် 'ဟိုနိုင်း' စစ်ပွဲ ဖြစ်ခဲ့သည်။ တစ်ဖန် ဟိဂျ်ရီ (၉) ခုနှစ်၊ ရဂျဗ်လတွင် 'သဗူးက်' စစ်ပွဲဖြစ်ခဲ့ပြီး၊ ထို့နောက်တစ်ဖန် ဟိဂျ်ရီ (၉) ခုနှစ်၊ ဇွလ်ဟဂျ်လတွင် အာရဗ်မျိုးနွယ်စုအားလုံး တို့နှင့် ပြုထားခဲ့သော ကတိကဝတ်များကို ရုပ်သိမ်းကြောင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

(၂) ကတိကဝတ်များကို ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ အာယသ်တော်၌ တင်ပြထားသော အကြောင်းအရာများ၏ အနှစ်ချုပ်မှာ ဟိဂျ်ရီ (၆) ခုနှစ်တွင် တမန်တော်မြတ် ﷺ သည် 'အွမ်ရာဟ်' ပြုလုပ်ရန် ဆန္ဒဖြင့် ကြွမြန်းလာသောအခါ မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များသည် တမန်တော်မြတ် ﷺ ကို မက္ကာဟ်မြို့ တွင်းသို့ ဝင်ခွင့်မပြုကြပေ။ ၎င်းနောက် 'ဟိုဒိုင်ဗီယာ' နေရာတွင် ထိုသူများနှင့် ငြိမ်းချမ်းရေး ရယူခဲ့သည်။ ထိုငြိမ်းချမ်းရေး၏ သတ်မှတ်ချိန်ကာလသည် ရှုဟွလ်မအာနီ၌ တင်ပြထားချက်အရ (၁၀) နှစ်မျှဖြစ်သည်။ မက္ကာဟ်မြို့၌ ကိုရိုက်ရှ်များမှအပ အခြားမျိုးနွယ်စုများလည်း ရှိသည်။ ငြိမ်းချမ်းရေးစာချုပ်၌ ပြဋ္ဌာန်းချက် တစ်ခု ချမှတ်ထားသည်မှာ ကိုရိုက်ရှ်များမှအပ အခြားမျိုးနွယ်စုများသည် ကိုရိုက်ရှ်တို့နှင့်အတူ လက်တွဲ လိုက လက်တွဲနိုင်ပြီး တမန်တော်မြတ် ﷺ နှင့် လက်တွဲကို လက်တွဲနိုင်သည်။ သို့ရှိရာ 'ခုဇာအဟ်' မျိုးနွယ် စုသည် တမန်တော်မြတ် ﷺ နှင့် လက်တွဲရန် နှစ်သက်သဘောတူခဲ့သည်။ ၎င်းနောက် 'ဗနီဗကရ်' မျိုးနွယ် စုသည် ကိုရိုက်ရှ်များနှင့် လက်တွဲရန် ရွေးချယ်ခဲ့ကြသည်။ ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ (၁၀) နှစ်အတွင်း အချင်းချင်း စစ်မဖြစ်ရ။ အခြားတစ်ဖက်မှ စစ်ထိုးလာမည်ဆိုလျှင်လည်း ၎င်းတို့အား မည်သူမှ စစ်ကူမပေးရ။ လက်တွဲလိုက်ကြသော မျိုးနွယ်စုများလည်း အဆိုပါစည်းမျဉ်းအတိုင်း လိုက်နာကြရမည် ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် စစ်ထိုးခြင်း၊ (သို့) စစ်ထိုးသူများဘက်မှ အကူအညီပေးခြင်းအား သတ်မှတ် ထားသော စည်းမျဉ်းအား ဖောက်ဖျက်သည်ဟု မှတ်ယူကြသည်။

ဤစာချုပ်ကို ဟိဂျ်ရီ (၆) ခုနှစ်၌ ချုပ်ဆိုခဲ့သည်။ ဟီဂျ်ရီ (၇) နှစ်တွင် တမန်တော်မြတ် ﷺ သည် အဆွေတော်များနှင့်အတူ ပြီးခဲ့သည့်နှစ်တွင် ပျက်သွားခဲ့ရသော 'အွမ်ရာဟ်' ကို အစားပြန်လည်ပြုလုပ်ရန် အတွက် မက္ကာဟ်မြို့သို့ ကြွမြန်းတော်မူလာပြီး သုံးရက်တိုင်တိုင် နားခို၍ ကတိခံဝန်ချက်နှင့်အညီ ပြန်လည် ကြွမြန်းသွားတော်မူခဲ့၏။ ထိုအချိန်အထိ မည်သည့်အုပ်စုမှ ငြိမ်းချမ်းရေးစာချုပ်ပါ စည်းမျဉ်းအား ဖောက် ဖျက်ခြင်း မရှိခဲ့ကြချေ။ ယင်းနောက်ပိုင်းငါးလမျှ ကျော်လွန်ပြီးသောအခါ 'ဗနီဗကရ်' မျိုးနွယ်စုများသည် 'ခုဇာအဟ်' မျိုးနွယ်စုများအပေါ် ညအချိန် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ကိုရိုက်ရှ်များကလည်း တမန်တော် မြတ် ﷺ အဝေး၌ ရှိနေသည်က တစ်ကြောင်း၊ ညအချိန်ဖြစ်သည်ကတစ်ကြောင်း ဤဖြစ်ရပ်၏ အကျယ် တဝင့်ကို တမန်တော်မြတ် ﷺ အထိ သတင်းရောက်ရှိရန် ခက်ခဲမည်ဟု မှတ်ယူက ထိုတိုက်ခိုက်မှုတွင် 'ဗနီဗကရ်' မျိုး နွယ်စုများကို လက်နက်များ၊ လူငယ်များဖြင့် အားဖြည့်ကူညီခဲ့သည်။ ထိုသို့ ပြုမူဆောင်ရွက်

ခြင်းကြောင့် နောက်ဆုံးတွင် ကုရိုက်ရှ်များကိုယ်တိုင်က ငြိမ်းချမ်းရေးစာချုပ် ပျက်သွားကြောင်းကို လက်ခံလိုက်ကြသည်။ ယင်းစာချုပ်၌ (၁၀) နှစ်အတွင်း စစ်မဖြစ်ရဟူသော စည်းမျဉ်းအား ချိုးဖောက်ရာ ရောက်သွားပေသည်။

တမန်တော်မြတ် ﷺ နှင့် လက်တွဲခဲ့သော 'ခုဇာအဟ်' မျိုးနွယ်စုများသည် ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ကို အသိပေးခဲ့ကြသည်။ ထိုအခါ တမန်တော်မြတ် ﷺ သည် ကုရိုက်ရှ်တို့၏ ကတိပျက်ခြင်းသတင်းကို ရရှိပြီး ကုရိုက်ရှ်တို့နှင့် စစ်ထိုးရန် လျှို့ဝှက်စွာ စီစဉ်တော်မူခဲ့သည်။ ကုရိုက်ရှ်များသည် 'ဗဒရ်' စစ်ပွဲ၊ 'အုဟုဒ်' စစ်ပွဲနှင့် 'အဟ်ဇာဗ်' စစ်ပွဲများတွင် မွတ်စလင်မ်များအပေါ် အကွယ်မှ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုရှိကြောင်းကို သိရှိထားကြပြီး ဖြစ်သည့်အတွက် မိမိတို့၏ စွမ်းအားများအပေါ် ယစ်မူးနေခြင်း မရှိကြတော့ပေ။ အဆိုပါအတိုင်း ကတိပျက်ခဲ့ပြီးနောက် မွတ်စလင်မ်များဘက်မှ စစ်ခင်းလာမည်ကို စိုးရိမ်လျက်ရှိနေကြသည်။ တမန်တော်မြတ် ﷺ ထံ သတင်းရောက်ရှိပြီးသည့် နောက်ပိုင်းတွင်လည်း လုံးဝ တိတ်ဆိတ်မှုရှိနေခြင်းကြောင့် ၎င်းတို့မှာ ပို၍ စိုးရိမ်မကင်း ဖြစ်ခဲ့ကြရသည်။ နောက်ဆုံးတွင် အဗူစွဖ်ယာန်ကို မဒီနာမြို့သို့ စေလွှတ်ပြီး ကိုယ်တိုင် အခြေအနေအရပ်ရပ်ကို စူးစမ်းလေ့လာစေခဲ့ပေသည်။ အကယ်၍ တမန်တော်မြတ် ﷺ ဘက်မှ စစ်ထိုးရန် လှုပ်ရှားမှုများ ရှိနေပါလျှင် ပြီးခဲ့သော ဖြစ်ရပ်အပေါ် ဝန်ချတောင်းပန်ပြောဆို၍ အနာဂတ်အတွက် အသစ်တစ်ဖန် စာချုပ်ချုပ်ဆို စေခဲ့ပေသည်။

အဗူစွဖ်ယာန်သည် မဒီနာမြို့သို့ ရောက်ပြီး တမန်တော်မြတ် ﷺ ၏ စစ်ပြင်ဆင်မှုများကို သိရှိရသောအခါ စိတ်သောကဖြစ်ပြီး ဆွဟာဗာကြီးများ တစ်ဦးချင်းထံ ချဉ်းကပ်ကာ စာချုပ်အသစ် ချုပ်ဆိုရန်အတွက် ကြားဝင်အသနားခံပေးရန် တောင်းဆိုခဲ့၏။ သို့သော် ဆွဟာဗာများအားလုံးက ၎င်းတို့၏ ဆိုးရွားလှသော လုပ်ရပ်ကြောင့် ငြင်းဆိုခဲ့ကြသည်။ အဗူစွဖ်ယာန်သည် လက်ချည်းကာ ပြန်လှည့်လာခဲ့၏။ ယင်းသို့ ပြန်လာပြီးနောက် ကုရိုက်ရှ်များအားလုံးအပေါ် ကြောက်ရွံ့စိုးရိမ်မှုများ လွှမ်းမိုးသွားခဲ့ရ၏။

တစ်ဖက်တွင် တမန်တော်မြတ် ﷺ သည် အိဗ်နေကစီးရ်နှင့် ဟိဒါယဟ်တို့၏ ဆင့်ပြန်ချက်အရ တင်ပြရလျှင် ရမ်ဇာန်လ (၁၀) ရက်နေ့ ဟိဂျ်ရီ (၈) ခုနှစ်ကို မဒီနာမြို့တော်မှ ဆွဟာဗာများစွာနှင့်အတူ မက္ကာဟ်မြို့ပေါ် တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ထွက်ခွာခဲ့သည်။ နောက်ဆုံးတွင် မက္ကာဟ်မြို့ကို အောင်မြင်စွာ သိမ်းပိုက်ခဲ့သည်။

မက္ကာဟ်မြို့ကို အောင်မြင်ပြီးသည့်အခါ လွှမ်းမိုးခြင်းခံရသော ရန်သူများနှင့် ကရုဏာသက်စွာ အနိုင်းမဲ့ဆက်ဆံခြင်း

မက္ကာဟ်မြို့ကို အောင်မြင်ပြီးသည့်အခါ အစကနဦးကပင် အစ္စလာမ်သာသနာတော်၏ စစ်မှန်မှုများအပေါ် ယုံကြည်ခဲ့ကြသော ကုရိုက်ရှ်ခေါင်းဆောင် အများစုတို့သည် မျိုးနွယ်စုများဘက်မှ တုန့်ပြန်မှုလာမည်ကို စိုးရိမ်ကြောက်ရွံ့ပြီး ထုတ်ဖော်ခဲ့ကြခြင်း မရှိကြချေ။ ယခု ထိုသူများအတွက် အစ္စလာမ်သနာသတော်အား အတိအလင်း လက်ခံရန် အခွင့်အရေး ရရှိသွားကြပြီးဖြစ်သည်။ ၎င်းနောက် အကြင်သူများသည်

ထိုအခါ၌လည်း မိမိတို့၏ ရှေးရိုးသာသနာဖြစ်သည့် ဗီဆန်ခြင်းအပေါ် ရပ်တည်လျက်ရှိကြသည်။ ထိုသူများကိုလည်း အချို့လူများမှအပ တမန်တော်မြတ် ﷺ သည် အားလုံး၏ အသက်စည်းစိမ်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီး အခြားသူများအနေနှင့် လုံးဝ ပြုမူဆောင်ရွက်နိုင်ခြင်း မရှိသော နဗီတို့၏ မြင့်မြတ်သော စာရိတ္တကို 'မုအ်ဂျေဇာဟ်'အသွင် အထောက်အထားပြုကာ ဖော်ထုတ်ပြသခဲ့ပေသည်။ ထိုသူများ၏ အတိတ်မှ ရန်ငြိုးဟူသမျှနှင့် မတော်မတရားမှုဟူသမျှတို့ကို လုံးဝ မျက်လွှာချတော်မူပြီး မိန့်တော်မူသည်မှာ ကျွန်ုပ်သည် ယနေ့ အသင်တို့အား ပြောဆိုမည့်စကားများမှာ တမန်တော်ယူစွဖ် عليه السلام အနေနှင့် မိမိ၏ ညီနောင်များကို မိဘများနှင့်အတူ ယူစွဖ် عليه السلام ရှိသော 'မိဆ္ဂိရ်'မြို့သို့ ရောက်ရှိလာကြသောအခါ၌ ပြောဆိုခဲ့သော စကားများသာ ဖြစ်ပေသည်။ ၎င်းမှာ-

لَا تَثْرِيْبَ عَلَيْكُمُ الْيَوْمَ

ဆိုလိုသည်မှာ အသင်တို့၏ မတရားမှုများအပေါ် ကလဲ့စားချေရန် မဆိုထားနှင့်၊ ပြစ်ဒဏ်ပေးရန် မဆိုထားနှင့် ငါကိုယ်တော်သည် အသင်တို့ကို ပြစ်တင်ရှုတ်ချခြင်းမျိုးပင် ပြုလုပ်ရန် နှစ်သက်တော်မူမည်လည်း မဟုတ်ချေ။

မက္ကာဟ်မြို့ကို အောင်မြင်သည့်အခါ၌ မုရှ်ရိစ်က်များသည် လေးမျိုးရှိပြီး ၎င်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ

မည်သို့ပင်ဖြစ်စေ ထိုအခါက မွတ်စ္စလင်မ်များသည် မက္ကာဟ်မြို့ကို အပြီးအပိုင် သိမ်းပိုက်ခဲ့ပြီး ဖြစ်သည်။ မက္ကာဟ်မြို့နှင့် မက္ကာဟ်မြို့အနီး ဝန်းကျင်တွင် နေထိုင်ကြသော မွတ်စ္စလင်မ်များ၏ အသက်စည်းစိမ်များအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခဲ့သည်။ သို့သော် ထိုအခါက ၎င်းမွတ်စ္စလင်မ် မဟုတ်သူများ၏ အခြေအနေမှာ အသီးသီးဖြစ်သည်။ တစ်မျိုးမှာ ထိုသူများ ဖြစ်ကြသည်။ အကြင်သူများနှင့် 'ဟုဒိုင်ဗီယာ'ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ပေသည်။ ၎င်းတို့ကိုယ်တိုင်က ထိုငြိမ်းချမ်းရေးစာချုပ်ကို ဖျက်ဆီးလိုက်ကြသည်။ ယင်းအချက်သည်ပင်လျှင် မက္ကာဟ်မြို့ အောင်နိုင်ခြင်း၏ အကြောင်းခံပင် ဖြစ်ချေသည်။ ဒုတိယတစ်မျိုးမှာ ထိုသူများဖြစ်ကြသည်။ အကြင်သူများနှင့် ငြိမ်းချမ်းရေးစာချုပ်ကို အချိန်ကာလအတိုင်းအတာတစ်ခုအထိ ချုပ်ဆိုခဲ့ပေသည်။ ထိုသူများသည် စာချုပ်ပါစည်းမျဉ်းချက်အပေါ် ရပ်တည်လျက်ရှိကြသည်။ ဥပမာ- ဗနီကနာနဟ်နှင့် အခြားမျိုးနွယ်စုနှစ်ခုဖြစ်သော ဗနီဇွမ်ရဟ်နှင့် ဗနီမွဒ်စ်လဂ်ျတို့ ဖြစ်သည်။ ၎င်းတို့သည် အချိန်အတိုင်းအတာတစ်ခုအထိ စာချုပ်ချုပ်ဆိုခဲ့ပေသည်။ စူရာဟ်ဗရာအသ် ကျရောက်ချိန်တွင် ခါဇင်(န်)၏ အဆိုအရ ၎င်းတို့နှင့် ချုပ်ဆိုထားသော ငြိမ်းချမ်းရေးသက်တမ်းမှာ (၉) လသာ ကျန်ရှိတော့သည်။ တတိယတစ်မျိုးမှာ ထိုသူများဖြစ်ကြသည်။ အကြင်သူများသည် ငြိမ်းချမ်းရေးစာချုပ်အား အကန့်အသတ်မရှိ ချုပ်ဆိုခဲ့ကြသည်။ စတုတ္ထတစ်မျိုးမှာ ထိုသူများဖြစ်ကြသည်။ အကြင်သူများနှင့် မည်သည့် စာချုပ်မျိုးမှ ချုပ်ဆိုထားခြင်း မရှိပေ။

မက္ကာဟ်မြို့ကို မအောင်မြင်မီအလျင် မုရှ်ရစ်က်များနှင့် ကျမ်းရထားသောသူများသည် တမန်တော်မြတ် ﷺ နှင့် ပြုခဲ့သမျှသော ကတိခံဝန်ချက်များအားလုံးနှင့် ပတ်သက်ပြီး ဆိုးရွားသည့် တွေ့ကြုံမှုများ အကြိမ်ကြိမ် ဆုံခဲ့ရပြီး ဖြစ်သည်။ ၄င်းမှာ ထိုသူများသည် လျှို့ဝှက်စွာဖြင့် တစ်ဖုံ ထင်ပေါ်စွာဖြင့် တစ်နည်း၊ ကတိများ ဖျက်ခဲ့ကြသည်။ ၄င်းနောက် ရန်သူများသည် ပုန်ကန်ကြ၍ တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်များကို ဒုက္ခပေးရန် အစွမ်းကုန်ကြိုးပမ်းခဲ့ကြသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မိမိ အကြိမ်ကြိမ်ကြုံဆုံခဲ့ရသည့် အတွေ့အကြုံနှင့် အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားချက်အရ ဆုံးဖြတ်တော်မူသည်မှာ နောင်အနာဂတ်တွင် ထိုသူများထဲမှ တစ်ဦးတစ်ယောက်နှင့်မျှ ငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုရတော့ပေ။ ထို့နောက် အာရဗ်ကျွန်းဆွယ်တစ်ခုလုံးအား အစ္စလာမ်သာသနာတော်၏ နန်းတော်တစ်ခုအသွင်ဖြင့် မွတ်စ္စလင်မ်များအတွက် သီးသန့်ဖြစ်စေရမည်။ ယင်းသို့ ဖြစ်ရခြင်းသည် မက္ကာဟ်မြို့နှင့် အာရဗ်ကျွန်းဆွယ် တစ်ခုလုံးတွင် အုပ်ချုပ်မှုရရှိသည်နှင့် မွတ်စ္စလင်မ်မဟုတ်သူများအားလုံး ဤနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့သွားရန် ကြေညာချက် ထုတ်ပြန်လိုက်မည်။ သို့သော် အစ္စလာမ်၏ စည်းမျဉ်းနှင့် တရားမျှတမှုကြောင့်သော်လည်းကောင်း၊ ကရုဏာတရား ရှေ့ထား၍ ဆက်ဆံရခြင်းကြောင့်သော်လည်းကောင်း၊ စကြဝဠာကြီးတစ်ခုလုံးအတွက် မဟာကရုဏာတော်ရှင်အဖြစ် စေလွှတ်ခြင်းခံရသောကြောင့်လည်းကောင်း၊ အခွင့်အရေးမပေးဘဲ အဆိုပါအတိုင်း ပြုလုပ်လိုက်မည်ဆိုလျှင် သင့်တော်မည်မဟုတ်ပေ။ ထို့ကြောင့် စူရာဟ်ဗရာအသ်၏ အစတွင် ဖော်ပြပါမွတ်စ္စလင်မ်မဟုတ်သော လူမျိုးစုလေးမျိုးစလုံးနှင့် ပတ်သက်သည့် အမိန့်များ သီးခြားစီ ကျရောက်လာပေသည်။

ပထမအုပ်စုဖြစ်သော မက္ကာဟ်မြို့သား ကိုရိုက်ရှ်သားများသည် 'ဟုဒိုင်ဗီယာ'၏ စာချုပ်ကို ချိုးဖောက်လိုက်သည့်အတွက် ၄င်းတို့ကို နောက်ထပ် အခွင့်အရေး မပေးထိုက်တော့ပေ။ သို့သော် ယခုအချိန်ကာလမှာ اشهر حرام ၏ ကာလများဖြစ်သည်။ ယင်းကာလ၌ စစ်ထိုးရန် အလ္လာဟ်အသျှင်မြတ်ဘက်မှ တားမြစ်ထားသည်။ ထို့ကြောင့် ၄င်းတို့နှင့် ပတ်သက်၍ 'စူရာဟ်သောင်ဗာဟ်'ရှိ ပဥ္စမမြောက်အာယသ်တော်တွင် အမိန့်တော်များ ဤသို့ ကျရောက်ခဲ့ပေသည်။

فَاِذَا انْسَلَخَ الْاَشْهُرُ الْحُرُمُ فَاقْتُلُوا الْمُشْرِكِيْنَ حَيْثُ وَجَدْتُّمُوْهُمْ

ယင်း၏ အလိုသဘောမှာ ထိုသူများသည် ကတိဖျက်လိုက်ကြပြီး မိမိတို့အတွက် မည်သည့်အခွင့်အရေးမှ ချန်ရစ်ထားခဲ့ခြင်းမရှိတော့ချေ။ သို့သော် اشهر حرم အား သိက္ခာထား ဂုဏ်ပေးရန် အရေးကြီးသည့်အတွက် اشهر حرم လများ ကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် အာရဗ်ကျွန်းဆွယ်မှ ထွက်သွားကြကုန်။ (သို့) မွတ်စ္စလင်မ်ဖြစ်သွားကြကုန်။ သို့မဟုတ်ပါက ၄င်းတို့နှင့် စစ်ထိုးရမည်ဖြစ်သည်။

၄င်းနောက် ဒုတိယအုပ်စုဖြစ်သော အကြင်သူများနှင့် သီးသန့်သတ်မှတ် ကာလတစ်ခုအတွက် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ထိုသူများသည် အဆိုပါစာချုပ်အပေါ် ရပ်တည်ကြသည်။ ၄င်းတို့နှင့် ပတ်သက်သည့် အမိန့်များကို 'စူရာဟ်သောင်ဗာဟ်'၏ စတုတ္ထအာယသ်တော်၌ တင်ပြထားပေသည်။

اِلَّا الَّذِيْنَ عَاهَدْتُّمْ مِنَ الْمُشْرِكِيْنَ ثُمَّ لَمْ يَنْقُصُوْكُمْ شَيْئًا وَّلَمْ يُظَاهِرُوْا عَلَيْكُمْ اَحَدًا فَاَتِمُّوْا اِلَيْهِمْ عَهْدَهُمْ اِلٰى مُدَّتِهِمْ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ

ဆိုလိုသည်မှာ ထိုမုရှ်ရစ်က်များနှင့် အသင်တို့သည် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ကြပြီး ၄င်းတို့လည်း ယင်းစာချုပ်ပါစည်းမျဉ်းအတိုင်း ရပ်တည်ခဲ့ကြသည်။ မည်သို့မှ အတိမ်းအစောင်း မရှိသည့်အပြင် အသင်တို့နှင့်လည်း စစ်ထိုးခြင်းမပြုသကဲ့သို့ အသင်တို့အား စစ်ထိုးလာသော ရန်သူများကိုလည်း ကူညီစောင်မခြင်း မရှိကြချေ။ သို့ရှိရာ အသင်တို့သည် စာချုပ်ပါ ကာလအတိုင်းအတာအထိ အပြည့်အဝ လိုက်နာကြကုန်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ကြဉ်ရှောင်သောသူများကို နှစ်သက်တော်မူသည်။ ဤအမိန့်သည် ဗနူဇွမ်ရဟ်နှင့် ဗနူမွဒ်လဂျ်တို့အတွက် ဖြစ်သည်။ ယင်းဥပဒေအရ ၄င်းတို့ကို ကိုးလအထိ အခွင့်အရေးရခဲ့သည်။

၄င်းနောက် တတိယအုပ်စုနှင့် စတုတ္ထအုပ်စု နှစ်ခုစလုံးအတွက် အမိန့်တစ်ခုတည်း ကျရောက်ခဲ့ပေသည်။ ယင်းအမိန့်အား စူရာဟ်သောင်ဗာဟ်၏ ပထမနှင့် ဒုတိယအာယသ်တော်တွင် တင်ပြထားပေသည်။

بَرَاءَةٌ مِّنَ اللّٰهِ وَرَسُوْلِهٖۤ اِلَى الَّذِيْنَ عَاهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ۝ فَسِيْحُوْا فِى الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّاعْلَمُوْۤا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ وَاَنَّ اللّٰهَ مُخْزِى الْكٰفِرِيْنَ ۝

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်ဘက်မှ လက်လွှတ်လိုက်ပြီ (ကင်းရှင်းပြီ) ဟူသော ကြေညာချက်ဖြစ်သည်။ ဤသည် အသင်တို့နှင့် စာချုပ်ချုပ်ဆိုခဲ့သော မုရှ်ရစ်က်များအတွက် ဖြစ်သည်။ သို့ရှိရာ အသင်တို့သည် မြေပထဝီအပေါ် လေးလထိ သွားလာလှုပ်ရှားနေထိုင်ကြကုန်။ ၄င်းနောက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို ကျိုးငွဲအောင် ပြုနိုင်စွမ်း ရှိကြသည်မဟုတ်ပေ။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်များကို သေးသိမ်အောင် ပြုလုပ်တော်မူမည်။

အချုပ်ဆိုရသော် ဒုတိယအာယသ်တော်ပါ စည်းမျဉ်းအရ အကန့်အသတ်မရှိ စာချုပ်ချုပ်ဆိုခဲ့သောသူများကို လေးလအထိ ဆက်လက်နေထိုင်ရန် အချိန်ပေးခဲ့ပေသည်။ ထို့နောက် စတုတ္ထမြောက်အာယသ်တော်တွင် စာချုပ်သက်တမ်း ကုန်သည်အထိ အချိန်ပေးခဲ့သည်။ ထိုသူများနှင့် အချိန်ကာလ ကန့်သတ်ကာ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ပဉ္စမမြောက်အာယသ်တော်တွင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များကို اشهر حرام ကုန်ဆုံးသည်အထိ အချိန်ပေးခဲ့သည်။

စာချုပ်ပါစည်းမျဉ်းအရ အချိန်ကာလ ကုန်ဆုံးသွားသော်ငြားလည်း ကရုဏာတရား ရှေ့ထားပြီး ကာဖိရ်များကို အချိန်ပေးခဲ့သည့်အကြောင်း

ထိုအမိန့်များအပေါ် ကျင့်သုံးခြင်းနှင့် အချိန်မပေးခြင်းသည် အာရဗ်တစ်ခွင်၌ အဆိုပါအမိန့်ကို ကြေညာခဲ့ချိန်မှစပြီး ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ထိုကြေညာချက်အတွက် အစီအစဉ်ပြုလုပ်ခဲ့သည်မှာ ဟိဂျ်ရီ

(၉) ခုနှစ်၊ ဟဂျ် [illegible] 'အရ်ဖွာသ်' ၌ လူထုရှေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ 'စူရာဟ်သောင်ဗာဟ်' ၏ တတိယအာယသ်တော်တွင် ဤသို့ မိန့်တော်မူထားပေသည်။

وَاَذَانٌ مِّنَ اللهِ وَرَسُوْلِهٖٓ اِلَى النَّاسِ يَوْمَ الْحَجِّ الْاَكْبَرِ اَنَّ اللهَ بَرِيْٓءٌ مِّنَ الْمُشْرِكِيْنَ وَرَسُوْلُهٗ فَاِنْ تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ وَاِنْ تَوَلَّيْتُمْ فَاعْلَمُوْٓا اَنَّكُمْ غَيْرُ مُعْجِزِي اللهِ وَبَشِّرِ الَّذِيْنَ كَفَرُوْا بِعَذَابٍ اَلِيْمٍ

အလိုသဘောမှာ ဤကြေညာချက်သည် အားလုံးအတွက် ဖြစ်သည်။ အများလူထုရှေ့တွင် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်ကိုယ်တော်မြတ်တို့သည် ထိုမုရှ်ရစ်က်များနှင့် ကင်းရှင်းတော်မူသည်။ သို့သော် အကယ်၍ အသင်တို့သည် 'သောင်ဗာဟ်' ပြုလုပ်လိုက်မည်ဆိုလျှင် အသင်တို့အတွက် ပိုကောင်းပေမည်။ အကယ်၍ လွှဲရှောင်သွားမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်အား နိမ့်ကျအောင် ပြုလုပ်နိုင်မည်မဟုတ်ကြောင်းကို နားလည်မှတ်သားထားကြကုန်။ ၄င်းနောက် ထိုကာဖိရ်များကို အလွန်ပြင်းထန်သည့် 'အဇာဗ်' ခံရမည်ဖြစ်ကြောင်း ပြောကြားပါလေ။

ကာဖိရ်များနှင့် ချုပ်ဆိုထားသော စာချုပ်ကို ရုပ်သိမ်းမည်ဆိုလျှင် အများသိအောင် မကြေညာဘဲ၊ အားလုံးကို သတိမပေးဘဲ ၄င်းတို့နှင့် ဆန့်ကျင်သည့် မည်သည့်ကိစ္စရပ်မှ ပြုခြင်း မပိုင်ကြောင်း

အလ္လာဟ်အသျှင်မြတ်၏ ထိုအမိန့်တော်များအပေါ် လိုက်နာကျင့်သုံးရန်အတွက် တမန်တော်မြတ် ﷺ သည် ဟိဂျ်ရီ (၉) ခုနှစ်တွင် ဟဇရသ်အဗူဗကရ် ؓ နှင့် ဟဇရသ်အလီ ؓ ကို မက္ကာဟ်မြို့သို့ စေလွှတ်ပြီး 'အရ်ဖွာသ်' ကွင်းပြင်နှင့် 'မီနာ' တွင် အာရဗ်လူမျိုးစုများ စုရုံးရောက်ရှိနေကြချိန်တွင် အဆိုပါအမိန့်ကို ကြေညာခိုင်းခဲ့သည်။ ထိုခမ်းနားလှသော လူအုပ်ကြီး သိရှိသွားခြင်းဖြင့် အာရဗ်တစ်ခွင်တွင် အဆိုပါအမိန့် ကျော်ကြားသွားမည်မှာ သေချာပေသည်။ တစ်ဖန် ဟဇရသ်အလီ ؓ ကို ယီမင်နိုင်ငံတွင် သီးသန့် အဆိုပါအမိန့်အား ကြေညာခိုင်းခဲ့၏။

ထိုသို့ အများသိအောင် ကြေညာပြီးသည့်နောက် အခြေအနေမှာ ဤသို့ပြောင်းလဲသွားခဲ့၏။ ပထမအုပ်စုဖြစ်သော မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များအား **اشهر حرم** ၊ ကုန်ဆုံးချိန်ဖြစ်သော ဟိဂျ်ရီ (၁၀) ခုနှစ်၊ မိုဟ်ရမ်လအဆုံးတွင် နယ်နိမိတ်အတွင်းမှ ထွက်ခွာသွားရမည်။ ယင်းအမိန့်အား ဖီဆန်သူများ အသတ်ခံရမည်ဖြစ်သည်။ ဤသို့ဖြင့် ရှေ့နှစ် 'ဟဂျ်' ကာလအထိ ကာဖိရ်တစ်ဦးတစ်ယောက်မျှ နယ်နိမိတ်အတွင်း ဝင်ရောက်နေထိုင်ခွင့် မရှိချေ။ ယင်းအချက်နှင့် စပ်လျဉ်း၍ 'စူရာဟ်သောင်ဗာဟ်' ၏ အာယသ်တော် (၂၈) တွင် တင်ပြသွားမည်။ ထိုအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هَٰذَا

အလိုသဘောမှာ ဤလူများသည် ယခုနှစ်နောက်ပိုင်း အလ္လာဟ့်အိမ်တော်အနားပင် သွားခွင့်မရှိချေ။ ၎င်းနောက် ဟဒီးစ်တော်တစ်ပုဒ်၌ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

لَا يَحُجَّنَّ بَعْدَ الْعَامِ مُشْرِكٌ

၏ အလိုသဘောမှာလည်း အဆိုပါအတိုင်းပင် ဖြစ်သည်။ 'စူရာဟ်သောင်ဗာဟ်'၏ အစပထမ ငါးအာယသ်၏ အကျယ်တဝင့် ဖော်ပြချက်၌ ဖြစ်စဉ်ဖြစ်ရပ်များကို မီးမောင်းထိုးပြကာ တင်ပြခဲ့ပြီး ဖြစ်သည်။

အထက်တင်ပြပါ အာယသ်တော် ငါးပိုဒ်နှင့် ပတ်သက်သည့် အချို့ပညတ်ချက်များနှင့် အကျိုးထူးများ

❶ ဦးစွာပထမ မက္ကာဟ်မြို့အောင်မြင်ပြီးနောက် တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များနှင့် အခြားသူအုပ်စုများ၏ အပြစ်ဟူသမျှကို ခွင့်လွှတ်ပေးတော်မူပြီး ကရုဏာတရား ရှေ့ထား၍ ဆက်ဆံကာ မွတ်စ္စလင်မ်များကို စာရိတ္တပိုင်းဆိုင်ရာများအား လက်တွေ့ကျကျ သင်ခန်းစာပေးတော်မူခဲ့ပေသည်။ ၎င်းမှာ ရန်သူတစ်ဦးသည် အသင်တို့လက်ဝယ် ရောက်ရှိလာမည်ဆိုလျှင် အသင်တို့ရှေ့မှောက်၌ ရိုကျိုးမည်ဆိုလျှင် ထိုရန်သူ၏ အတိတ်မှ ရန်ငြိုးများနှင့် ဒုက္ခပေးမှုများကို ကလဲ့စားမချေလေနှင့်။ သို့သာမက ခွင့်လွှတ်၍ ကရုဏာတရားနှင့် ဆက်ဆံကာ အစ္စလာမ်သာသနာတော်၏ စာရိတ္တကို ထုတ်ဖော်ပြသရမည်။ ကေန်အမှန် ထိုသို့ ပြုမူဆောင်ရွက်ရန် မိမိတို့၏ စိတ်ဓါတ်များကို နင်းချေပစ်ရမည်ဖြစ်သော်လည်း ယင်းသို့ ဆောင်ရွက်ခြင်း၌ ကြီးမားသည့် အချို့အကျိုးထူးများ ရှိပေသည်။ ၎င်းမှာ မိမိအတွက်ပင် ဖြစ်သည်။ ကလဲ့စားချေပြီး မိမိဒေါသကို ဖြေသိမ့်လိုက်နိုင်သော်ငြားလည်း တစ်ခဏအတွက် မိမိစိတ်ကို သာယာမှု ရရှိမည်။ သို့သော် ယင်းသာယာမှုသည် ပျက်စီးသွားမည့်အရာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်မှုနှင့် 'ဂျန္နသ်'၏ အမြင့်မားဆုံးအဆင့်ကို ရရှိခြင်းသည် အဆိုပါအတိုင်း ကလဲ့စားချေခြင်းထက် အဆပေါင်းများစွာ သာပိုပေသည်။ အသိဉာဏ်အရလည်း တည်မြဲမည့်အရာကို ပျက်စီးစေမည့် အရာထက် ပို၍ ဦးစားပေးရမည်ဖြစ်သည်။

ဒုတိယအချက်မှာ ရန်သူများကို သိမ်းပိုက်နိုင်ပြီးသည့်နောက် မိမိ၏ ဒေါသကို မျိုသိပ်လိုက်ခြင်းသည် ထိုသူများနှင့် စစ်ထိုးခြင်းမှာ မိမိအတွက် မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်အတွက်သာဖြစ်ကြောင်းကို ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။ ဤသည်ပင်လျှင် မြင့်မားသော ရည်ရွယ်ချက်ပင် ဖြစ်သည်။ အကြင်ရည်ရွယ်ချက်သည် သာသနာ့စစ်ပွဲနှင့် ဘုရင်များ၏ စစ်ပွဲအကြား ခြားနားချက်နှင့် 'ဂျီဟားဒ်'နှင့် ပြဿနာများအကြား ခြားနားစေသော အချက်လည်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အမိန့်များကို လိုက်နာစေရန်အတွက် ပြုသော စစ်ပွဲမှာ 'ဂျီဟားဒ်'ဖြစ်ပြီး သို့မဟုတ်ပါက ပြဿနာပင် ဖြစ်သည်။

တတိယအကျိုးမှာ ရန်သူများ ရှုံးနိမ့်သွားပြီးသည့်နောက် အဆိုပါအတိုင်း မြင့်မြတ်သော စာရိတ္တကို ထုတ်ဖော်ပြသမည်ဆိုလျှင် ထိုသူ့အနေနှင့် အစ္စလာမ်နှင့် မွတ်စ္စလင်မ်များအပေါ် ချစ်စိတ်များ ပေါက်ဖွားလာမည်ဖြစ်သည်။ ယင်းသို့ ချစ်စိတ်များ ပေါ်ပေါက်ခြင်းသည် ထိုသူအတွက် အောင်မြင်မှုကြီးတစ်ရပ်ပင် ဖြစ်ပေသည်။ ဤသည်ပင်လျှင် 'ဂျိဟားဒ်'၏ အရင်းခံ ရည်ရွယ်ချက် ဖြစ်သည်။

ကာဖိရ်များအား ခွင့်လွှတ်ပေးရမည်ဟူသော အလိုသဘော၌ ၎င်းတို့ဘက်မှ ပေးလာမည့် ဒုက္ခဟူသမျှမှ ရှောင်ကြဉ်ရန် အစီအစဉ်များပင် ပြုလုပ်ခြင်း မပိုင်ဟူသော အလိုသဘောမဟုတ်ခြင်းအကြောင်း

❶ ဖော်ပြပါအာယသ်တော်မှ အခြားပညတ်ချက်တစ်ခုကို တင်ပြထားသည်မှာ သနားကရုဏာထားပြီး ခွင့်လွှတ်ပေးရမည်ဟူသော အချက်၏ အလိုသဘောမှာ ရန်သူများ၏ ဆိုးသွမ်းခြင်းများမှ မိမိကိုယ်မိမိ မကာကွယ်ရဟူသော အလိုသဘောမျိုး မဟုတ်ပေ။ ရန်သူများအနေနှင့် ဒုက္ခအမျိုးမျိုး ပေးနိုင်အောင် လွတ်လပ်စွာ လွှတ်ထားရမည်ဟု ဆိုလိုခြင်းမျိုးမဟုတ်ပေ။ သို့သာမက ကရုဏာထားပြီး ခွင့်လွှတ်ပေးခြင်းနှင့်အတူ အတိတ်မှ ဖြစ်ရပ်များအပေါ် သင်ခန်းစာရယူခြင်းသည် ဉာဏ်ရှိသော လုပ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ ယင်းသို့ သင်ခန်းစာရယူပြီး မိမိတို့ကိုယ်တိုင် ရန်သူများလက်အောက် ရောက်ရှိစေမည့် လမ်းဟူသမျှကို ပိတ်ပင်ရမည်ဖြစ်သည်။ ဤအတွက်ကြောင့် တမန်တော်မြတ် ﷺ ၏ အမြော်အမြင်ကြီးမားလှသော မိန့်ကြားချက်တစ်ခုမှာ-

لَا يُلْدَغُ الْمَرْءُ مِنْ جُحْرٍ وَّاحِدٍ مَّرَّتَيْنِ

ဆိုလိုသည်မှာ အသိဉာဏ်ရှိသောသူသည် အပေါက်တစ်ပေါက်၌ နှစ်ခါအကျခံရခြင်း မရှိပေ။ အဆိပ်ရှိသောသတ္တဝါ အကိုက်ခံရသောတွင်း၌ နောက်တစ်ကြိမ် ထပ်ပြီး လက်ထည့်ခြင်း မရှိပေ။

ဟီဂျ်ရီ (၉) ခုနှစ်ခု၌ ကျမ်းတော်မြတ်၏ ကင်းရှင်းသွားပြီးဟူသော ကြေညာချက်နှင့် မုရှ်ရစ်က်များကို အချိန်ပေးပြီး တည်ငြိမ်စွာဖြင့် 'ဟရာမ်'နယ်နိမိတ်အတွင်းမှ ထွက်ခွာသွားရန် လမ်းညွှန်ထားခြင်းသည် အဆိုပါဆင်ခြင်တုံတရားအား လက်တွေ့ပေါ်လွင်စေရန် ဖြစ်ပေသည်။

❷ တတိယအကျိုးမှာ 'စူရာဟ်သောင်ဗာဟ်'၏ အစပထမရှိ အာယသ်တော်များမှ သိရှိရသည်မှာ အင်အားချည့်နဲ့သော အုပ်စုကို အချိန်မပေးဘဲ တစ်နေရာမှ ထွက်ခွာသွားရန် အမိန့်ပေးခြင်းသည် ၎င်းအုပ်စုအပေါ် တစ်ပြိုင်နက်တည်း တိုက်ခိုက်ခြင်းနှင့် ရိုင်းပျသော လုပ်ရပ်ဖြစ်ပေသည်။ ထိုသို့ ပြုလုပ်လိုသည်ဆိုလျှင် အစကနဦးကပင် အများသိအောင် ကြေညာလိုက်ရမည်။ ၎င်းနောက် ထိုသူများကို အချိန်အပြည့်အဝ ပေးရမည်။ အကယ်၍ ထိုသူများသည် ကျွန်ုပ်တို့၏ ဥပဒေများကို လက်မခံကြပါက ၎င်းတို့သွားလိုရာကို လွတ်လပ်စွာ သွားခွင့်ပြုရမည်။ ပမာဆိုသော် ဖော်ပြပါအာယသ်တော်များတွင် ဟီဂျ်ရီ (၉) ခုနှစ်၏ ကြေညာချက်နှင့် ၎င်းနောက် အုပ်စုများအားလုံးကို အချိန်ပေးရမည်ဟူသော အမိန့်များမှ အတိအလင်း သိရှိရပေသည်။

❾ ဖော်ပြပါအာယသ်တော်များမှ စတုတ္ထမြောက် ပညတ်ချက်ကို သိရှိရသည်မှာ အုပ်စုတစ်စုနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးသည့်နောက် အကယ်၍ သတ်မှတ်ထားသည့်အချိန်နှင့် အလျင် စာချုပ်ကို ရုပ်သိမ်းရန် လိုအပ်လာပါက အချို့စည်းကမ်းချက်များနှင့်တကွ ရုပ်သိမ်းခွင့်ရှိပေသည်။ သို့သော် စာချုပ်သက်တမ်းပါ သတ်မှတ်ချိန်အထိ အပြည့်အဝ ရပ်တည်သွားလျှင် ပိုကောင်းပေသည်။ ပမာဆိုရသော် စူရာဟ်သောင်ဗာဟ်၏ စတုတ္ထအာယသ်တော်တွင် ဗနူဇွမ်ရဟ်နှင့် ဗနူမွဒ်လဂျ်တို့နှင့်အတူ စာချုပ်သက်တမ်းကို ကိုးလထိ ဖြည့်ဆည်းရန် မိန့်တော်မူထားပေသည်။

❿ ဖော်ပြပါအာယသ်တော်များမှ ပဉ္စမမြောက်ပညတ်ချက်အား သိရှိရသည်မှာ ရန်သူများအား အချိန်တိုင်း ကိစ္စတိုင်းတွင် သတိထားရမည့်အချက်မှာ မွတ်စ္စလင်မ်များနှင့် ရန်ငြိုးထားခြင်းသည် ၎င်းတို့ ပင်ကိုယ်နှင့် မပတ်သက်သည်သာမက ၎င်းတို့၏ ဖီဆန်သော ယုံကြည်ချက်များနှင့် အတွေးအခေါ်များကြောင့် ဖြစ်သည်။ ယင်းသို့ ပြုမူခြင်းသည် ၎င်းတို့အတွက် လောကီနှင့် လောကုတ္တရာ ပျက်စီးစေမည့် အကြောင်းခံများ ဖြစ်သည်။ မွတ်စ္စလင်မ်များဘက်မှ ၎င်းတို့နှင့် ဆန့်ကျင်ခြင်းသည် ဧကန်အမှန် ထိုကာဖိရ်များနှင့် စာနာစိတ် (သို့) အကောင်းလိုလားခြင်းအပေါ် မူတည်ပေသည်။ ထို့ကြောင့် စစ်မြေပြင်တိုင်းတွင်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးရယူသည့် နေရာတိုင်းတွင်သော်လည်းကောင်း ၎င်းတို့ကို ဆုံးမရန်နှင့် အကောင်းလိုလားသော အသိစိတ်ဓါတ်ကို မည်သည့်အချိန်မှ လက်မလွှတ်သင့်ပေ။ ပမာဆိုသော် ထိုအာယသ်တော်များတွင် နေရာအနှံ့အပြား တင်ပြထားပေသည်။ အကယ်၍ အသင်တို့သည် မိမိတို့၏ အတွေးအခေါ်များမှ 'သောင်ဗာဟ်' ပြုခဲ့မည်ဆိုလျှင် ဤသည် အသင်တို့အတွက် နှစ်ဌာနစလုံး၏ အောင်မြင်မှုပင် ဖြစ်ပေသည်။ ယင်းနှင့်အတူ တစ်ဆက်တည်း၌ တင်ပြထားသည်မှာ အကယ်၍ 'သောင်ဗာဟ်' မပြုလုပ်ပါက လောကတွင် သတ်ဖြတ်ခြင်းခံရမည်မှအပ သေဆုံးပြီးနောက်လည်း 'အဇာဗ်' မှ လွတ်မြောက်မည် မဟုတ်ကြောင်းကို အသင်တို့ မှတ်သားထားကြကုန်။ ဖော်ပြပါအာယသ်တော်များတွင် လွတ်လပ်ခွင့်၏ ကြေညာချက်နှင့်အတူ စာနာထောက်ထားရမည်ဟူသော အသိစိတ်ရှိရန်လည်း ပြဋ္ဌာန်းထားပေသည်။

⓫ ဆဋ္ဌမမြောက်ပညတ်ချက်မှာ စတုတ္ထအာယသ်တော်တွင် စာချုပ်ပါ ကန့်သတ်ရက် ကုန်ဆုံးချိန်အထိ ကတိအတိုင်း အပြည့်အဝ ရပ်တည်ရန် မွတ်စ္စလင်မ်များကို လမ်းညွှန်မိန့်ကြားထားပေသည်။ ယင်းအမိန့်နှင့်အတူ အာယသ်တော်ကို

اِنَّ اللهَ يُحِبُّ الْمُتَّقِيْنَ

ဟူသော ဝါကျဖြင့် အဆုံးသတ်ထားပေသည်။ ဆိုလိုသည်မှာ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ရှောင်ကြဉ်တရား လက်ကိုင်ထားသူကို နှစ်သက်တော်မူ၏။ ယင်းဝါကျမှ ညွှန်ပြနေသည်မှာ ကတိစာချုပ်အတိုင်း အပြည့်အဝ လိုက်နာရာတွင် အလွန်သတိဝီရိယထားရမည် ဖြစ်သည်။ အခြားအုပ်စုများကဲ့သို့ ထိုစာချုပ်ပါ စည်းမျဉ်းများအပေါ် အကြောင်းအမျိုးမျိုးပြကာ ထွက်ပေါက်ရှာပြီး ဆန့်ကျင်ချိုးဖောက်မည့် ပေါ်ကို မရှာဖွေကြလေနှင့်။

❼ သတ္တမမြောက်ပညတ်ချက်အား ပဉ္စမမြောက်အာယသ်တော်မှ သိရှိရသည်မှာ မှန်ကန်သော ရည်ရွယ်ချက်ဖြင့် အုပ်စုတစ်စုအား စစ်ခင်းမည်ဆိုလျှင် ထိုအုပ်စုနှင့် ယှဉ်ပြိုင်ရန်အတွက် ဘက်ပေါင်းစုံမှ အားအင်အပြည့် အသုံးချသင့်ပေသည်။ ထိုအချိန်အခါမျိုး၌ သနားကရုဏာထားခြင်းနှင့် နူးညံ့ခြင်းသည် ကေန်စင်စစ် သနားကရုဏာထားခြင်းမဟုတ်ဘဲ သူရဲဘောကြောင်ခြင်းပင် ဖြစ်ပေသည်။

❽ အဋ္ဌမမြောက်ပညတ်ချက်အား ပဉ္စမမြောက်အာယသ်မှ သိရှိရသည်မှာ မွတ်စ္စလင်မ်မဟုတ်သူတစ်ဦး မွတ်စ္စလင်မ်ဖြစ်လာပါက ၎င်းကို ယုံကြည်ရန် အချက်သုံးချက်အပေါ် မူတည်ပေသည်။

(၁) 'သောင်ဗာဟ်' ပြုခြင်း၊

(၂) 'နမာဇ်' ဆောက်တည်ခြင်း၊

(၃) 'ဇကားသ်' ပေးဆောင်ခြင်းတို့ ဖြစ်သည်။

'ကလေမာဟ်' သာလျှင် ရွတ်ဖတ်ပြီး အဆိုပါအချက်သုံးချက်အပေါ် လိုက်နာကျင့်သုံးခြင်း မရှိသည့် ကာလပတ်လုံး စစ်ပွဲကို ရပ်ဆိုင်းခြင်း မပြုရပေ။ တမန်တော်မြတ် ﷺ ကွယ်လွန်တော်မူပြီးသည့်နောက် 'ဇကားသ်' ပေးရန် ငြင်းဆိုသော သူများကို ဟဇရသ်အဗူဗကရ် ؓ သည် ထိုသူများအား 'ဂျီဟားဒ်' လုပ်ရန်အတွက် ဤအာယသ်တော်ဖြင့်သာ အထောက်အထားပြု တင်ပြပြီး ဆွဟာဗာများအားလုံးကို တည်ငြိမ်အောင် ပြုခဲ့သည်။

❾ နဝမမြောက်ပညတ်ချက်မှာ ထိုအာယသ်တော်များထဲမှ يَوْمَ الْحَجِّ الْأَكْبَرِ ၏ အလိုသဘောမှာ 'မည်သူနည်း' ဟူ၍ ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ သဖ်စီးရ်ပညာရှင်များအကြား အဆိုအသီးသီး ရှိသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နေအဗ္ဗားစ် ؓ ၊ ဟဇရသ်အုမရ် ؓ ၊ ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နေ အုမရ် ؓ ၊ ဟဇရသ်အဗ်ဒွလ္လာဟ် အိဗ်နေဇုဗိုင်းရ် ؓ စသည်တို့မှ မိန့်တော်မူထားသည်မှာ-

يَوْمُ الْحَجِّ الْأَكْبَرِ

၏ အလိုသဘောမှာ 'အရ်ဖွာသ်' နေ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ اَلْحَجُّ عَرَفَةَ ဖြစ်သည်။ *[အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်း။]*

အချို့ပညာရှင်များက မိန့်ဆိုထားသည်မှာ ယင်း၏ အလိုသဘောမှာ يوم النحر ဖြစ်သည်။ ဆိုလိုသည်မှာ 'ဇွလ်ဟဂျ်' လ၏ (၁၀) ရက်ဖြစ်သည်။ ဟဇရသ်စွဖ်ယာန်းဖောင်ရီ (ရဟ) နှင့် အချို့အေမာမ်များက ဖော်ပြပါအဆိုများကို စုစည်းရန်အတွက် မိန့်ဆိုထားသည်မှာ 'ဟဂျ်' ၏ ငါးရက်တာကာလကို يَوْمَ الْحَجِّ الْأَكْبَرِ ဟု ခေါ်ဆိုပေသည်။ ယင်းရက်များတွင် 'အရ်ဖွာသ်' နှင့် يوم النحر နှစ်ရက်စလုံး ပါဝင်သည်။ يوم စာလုံးကို ဧကဝုစ်ကိန်းကိုသာလျှင် ယူလာရခြင်းမှာ ဝေါဟာရဓလေ့အရ ဤသို့ ဧကဝုစ်ကိန်းကိုသာလျှင် သုံးလေ့ရှိသောကြောင့် ဖြစ်သည်။ ပမာဆိုရသော် 'ဗဒရ်' စစ်ပွဲဖြစ်ပွားသော ရက်များကို

ကုရ်အာန်ကျမ်းတော်မြတ်၌ **يوم الفرقان** ဟု (ဧကဝုစ်ကိန်းကိုသာ) သုံးစွဲထားလေသည်။ ထို့အပြင် အာရဗ်၏ စစ်ပွဲများစွာကိုလည်း **يوم** ဟူသော စာလုံးဖြင့်သာ သုံးစွဲထားလေသည်။ ပမာဆိုရသော် **يوم بعاث ، يوم احد** စသည်တို့ ဖြစ်သည်။ 'အွမ်ရာဟ်'ကို 'ဟဂ်ျ'အငယ်စားဟူ၍ ခေါ်ဆိုကြပေသည်။ ယင်း 'အွမ်ရာဟ်'နှင့် သီးခြားဖြစ်ရန်အတွက် 'ဟဂ်ျ'ကို 'ဟဂ်ျအက်ဗရ်'ဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ထိုအချက်မှ သိရှိရသည်မှာ ကျမ်းတော်မြတ်၏ အခေါ်အဝေါ်တွင် နှစ်စဉ် 'ဟဂ်ျ'ကို 'ဟဂ်ျအက်ဗရ်'ဟု ခေါ်ဆိုပေသည်။ လူထုကြား၌ ကျော်ကြားနေသည်မှာ 'အရ်ဖွာသ်'နေ့သည် သောကြာနေ့၌ ကျရောက်လျှင် 'ဟဂ်ျအက်ဗရ်' ဟု ခေါ်ဆိုကြပေသည်။ ယင်း၏ အရင်းခံမှာ ထိုမှတစ်ပါး အခြားမဟုတ်ပေ။ ၎င်းမှာ မဖျော်လင့်ဘဲ တမန်တော်မြတ် ﷺ နောက်ဆုံး 'ဟဂ်ျ'ပြုတော်မူသော နှစ်၌ 'အရ်ဖွာသ်'နေ့သည် သောကြာနေ့ဖြစ်သည်။ ဤသည် သီးခြားမှန်မြတ်မှုတစ်ခု ဖြစ်သည်။ သို့သော် ဖော်ပြပါအာယသ်၏ အလိုသဘောမှာ အဆိုပါအချက်နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိပေ။ အေမာမ်ဂျာဆ္စ်ာစ်သခင်သည် အဟ်ကာမွလ်ကုရ်အာန် ကျမ်း၌ မိန့်ဆိုထားသည်မှာ 'ဟဂ်ျ'၏ နေ့များကို 'ဟဂ်ျအက်ဗရ်'ဟု မိန့်ဆိုခြင်းဖြင့် ပညတ်ချက်တစ်ခု ကောက်နုတ်ရရှိသည်မှာ 'ဟဂ်ျ'၏ နေ့များတွင် 'အွမ်ရာ'ပြုလုပ်ပိုင်ခွင့် မရှိချေ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့များကို ကျမ်းတော်မြတ်သည် 'ဟဂ်ျအက်ဗရ်'အတွက် သီးသန့်မိန့်ဆိုထားခြင်း ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَإِنْ أَحَدٌ مِّنَ الْمُشْرِكِينَ اسْتَجَارَكَ فَأَجِرْهُ حَتَّىٰ يَسْمَعَ كَلَامَ
اللَّهِ ثُمَّ أَبْلِغْهُ مَأْمَنَهُ ۚ ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَّا يَعْلَمُونَ ٦

၉ : ၆ ။ ။ တစ်ဖန် အကယ်၍ ထို (ပဋိညာဉ်ချိုးဖောက်သော) မုရှ်ရစ်က်တို့အနက်မှ တစ်ဦးတစ်ယောက်သော သူသည် (အသျှင်မြတ်၏ အာယသ်တော်များကို ကြားနာရန်) အသင့်ထံတွင် အကာအကွယ်ရလို (၍ ခိုလှုံခွင့် တောင်းခံလာ) ခဲ့သည်ရှိသော် အသင်သည် ထိုသူ့အား အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ကြားနာနိုင်သည့်အထိ ကာကွယ်ပေးပါလေ။ ထို့နောက် အသင်သည် ထိုသူ့အား ၎င်း၏ ဘေးအန္တရာယ်ကင်းသော နေရာဌာနသို့ ပို့ဆောင်၍ ပေးပါလေ။ ဤ (သို့ အမိန့်တော် ထုတ်ပြန်တော်မူခြင်းမှာ) ကား ၎င်းတို့သည် လုံးဝ မသိနားမလည်သောသူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။

كَيْفَ يَكُونُ لِلْمُشْرِكِينَ عَهْدٌ عِندَ اللَّهِ وَعِندَ رَسُولِهِ
إِلَّا الَّذِينَ عَاهَدتُّمْ عِندَ الْمَسْجِدِ الْحَرَامِ ۖ فَمَا اسْتَقَامُوا
لَكُمْ فَاسْتَقِيمُوا لَهُمْ ۚ إِنَّ اللَّهَ يُحِبُّ الْمُتَّقِينَ ٧

၉ : ၇ ။ ။ (ယင်းကဲ့သို့ ကတိမတည် ဖောက်ပြန်သော) မုရှ်ရစ်ကင်တို့၏ ပဋိညာဉ်နှင့်ပတ်သက်၍ ထောက်ထားလိုက်နာရန် တာဝန်သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အပေါ်၌ အသို့လျှင် ရှိနိုင်ပါသနည်း။ သို့သော် အသင်တို့သည် "မတ်စ်ဂျစ်ဒ်ဒွေဟရာမ်" (ထူးမြတ်သော ဗလီကျောင်းတော်) ၏ အပါး၌ ခံဝန်ချုပ် ပြုခဲ့ကြသော သူတို့မှအပ ထိုသူတို့သည် အသင်တို့နှင့် ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံကြသမျှ ကာလပတ်လုံး အသင်တို့သည်လည်း ၎င်းတို့နှင့် ပတ်သက်၍ ဖြောင့်မတ်စွာ တည်ရှိကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုတို့မှ ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အား ချစ်ကြည်မြတ်နိုးတော်မူလေသည်။

كَيْفَ وَإِن يَظْهَرُوا عَلَيْكُمْ لَا يَرْقُبُوا فِيكُمْ إِلًّا وَلَا ذِمَّةً ۚ يُرْضُونَكُم
بِأَفْوَاهِهِمْ وَتَأْبَىٰ قُلُوبُهُمْ وَأَكْثَرُهُمْ فَاسِقُونَ ﴿٨﴾

၉ : ၈ ။ ။ (ယင်းကဲ့သို့ ကတိဖောက်ဖျက်သူတို့၏ ခံဝန်ချက်ကို) အသို့လျှင် ထောက်ထားရမည်နည်း။ စင်စစ်မှာ အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ်၌ (အရေးသာ၍) ကြီးစိုးကြပါလျှင် ၎င်းတို့သည် အသင်တို့နှင့် ပတ်သက်၍ မည်သည့် ဆွေမျိုးတော်စပ်မှုကိုမျှလည်းကောင်း၊ မည်သည့်ပဋိညာဉ် ခံဝန်ချက်ကိုမျှလည်းကောင်း ထောက်ထားကြမည်မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် အသင်တို့အား မိမိတို့၏ နှုတ်များဖြင့်သာ နှစ်သက်ကျေနပ်အောင် ပြုနေကြသော်လည်း ၎င်းတို့၏ စိတ်နှလုံးများသည် (၎င်းတို့၏ နှုတ်မှ ပြောဆိုချက်တို့ကို) ငြင်းဆိုလျက်ပင် ရှိကြကုန်သည်။ ထို့ပြင် ၎င်းတို့အနက် အများစုတို့မှာ စည်းကမ်းဖောက်ဖျက်သူများသာ ဖြစ်ကြကုန်သည်။

اشْتَرَوْا بِآيَاتِ اللَّهِ ثَمَنًا قَلِيلًا فَصَدُّوا عَن سَبِيلِهِ ۚ
إِنَّهُمْ سَاءَ مَا كَانُوا يَعْمَلُونَ ﴿٩﴾

၉ : ၉ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များဖြင့် အနည်းငယ်မျှသော အဖိုးအခကို လဲလှယ်ဝယ်ယူခဲ့ကြလေသည်။ ထို့နောက်တစ်ဖန် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ဖောက်ပြန်လွဲချော် တိမ်းစောင်းလျက် ရှိခဲ့ကြကုန်သည်။ ဧကန်စင်စစ် ၎င်းတို့ ပြုမူလျက်ရှိကြသည်တို့မှာ အလွန်ပင် ဆိုးရွားလှပေသည်။

لَا يَرْقُبُونَ فِي مُؤْمِنٍ إِلًّا وَلَا ذِمَّةً ۚ وَأُولَٰئِكَ هُمُ الْمُعْتَدُونَ ﴿١٠﴾

၉ : ၁၀ ။ ။ ၎င်း (ကတိဖောက်ဖျက်သူ) တို့သည် မည်သည့်မုအ်မင်န်သက်ဝင် ယုံကြည်သူ တစ်ဦးတစ်ယောက်နှင့်မျှ ပတ်သက်၍ ဆွေမျိုးတော်စပ်မှုကိုလည်း ထောက်ထားကြသည်မဟုတ်။ မည်သည့်ပဋိညာဉ်ခံဝန်ချက်ကိုလည်း ထောက်ထားကြသည်မဟုတ်ပေ။ အမှန်စင်စစ် ၎င်းတို့သည်ပင်လျှင် (စည်းကမ်းဖောက်ဖျက်) ကျူးလွန်သူများ ဖြစ်ကြပေသည်။

فَاِنْ تَابُوْا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَاِخْوَانُكُمْ فِى الدِّيْنِ ۗ وَنُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ ⑪

၉ : ၁၁ ။ ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် (မိမိတို့ အယူဝါဒများကို စွန့်လွှတ်၍ အီမာန်ယုံကြည်ခြင်းတရားထားရှိခြင်းအားဖြင့်) ဝန်ချတောင်းပန်ပြီး 'ဆွလာသ်'ဝတ်ပြုမှုကို ဆောက်တည်ခြင်းနှင့် 'ဇကားသ်'တရားဝင်ဒါနကြေး ပေးဆောင်ခြင်းတို့ကို ပြုခဲ့ကြပါလျှင် ထိုသူတို့သည် သာသနာရေးတွင် အသင်တို့၏ ညီနောင်များပင် ဖြစ်ကြကုန်သည်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (မိမိ၏) အာယသ်တော်များကို သိနားလည်သူတို့အဖို့ အသေးစိတ် ထုတ်ဖော်မိန့်ကြားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကယ်၍ မုရှ်ရစ်က်များထဲမှ တစ်ဦးတစ်ယောက်သည် ငြိမ်းချမ်းရေးစာချုပ် သတ်တမ်းကုန်ဆုံးပြီး သတ်ဖြတ်ပိုင်ခွင့်ရှိသော အချိန်၌ 'သောင်ဗာဟ်'ပြုခြင်း၊ ၎င်းနောက် အစ္စလာမ်၏ အကျိုးရှိပုံများကို ကြားသိရပြီးသည့်နောက် ဤဘက်သို့ အာရုံစူးစိုက်လာကြမည်။ ၎င်းနောက် အစ္စလာမ်သာသနာတော်၏ စစ်မှန်မှုကို ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်ရှိလာကြပြီး တမန်တော်မြတ် ﷺ ထံ ခိုလှုံခွင့် တောင်းခံလာကြမည်။ သို့မှသာ တည်ငြိမ်စွာဖြင့် နားထောင်နိုင်ပြီး သဘောပေါက်နိုင်မည် ဖြစ်သည်။ သို့ရှိရာ ဤအခြေအနေတွင် အသင်ကိုယ်တော်၊ ထိုသူများကို ခိုလှုံခွင့် ပေးသနားတော်မူလိုက်ပါ။ သို့မှသာ ထိုသူများသည် အလ္လာဟ်အသျှင်မြတ်၏ နူတ်ကပါဋ်တော်များ (ဆိုလိုသည်မှာ စစ်မှန်သော သာသနာတော်၏ အထောက်အထားများ) ကို နားထောင်နိုင်မည်။ တစ်ဖန် ထို့နောက်ပိုင်းတွင် ထိုသူများကို ငြိမ်းချမ်းသည့်နေရာသို့ ပို့ပေးသနားတော်မူပါ။ ဆိုလိုသည်မှာ ထိုသူများအနေနှင့် နားလည်သဘောပေါက်ပြီး မိမိတို့၏ အကြံဉာဏ်အပေါ် ရပ်တည်နိုင်ကြရန် သွားရောက်နေထိုင်ခွင့် ပြုတော်မူလိုက်ပါ။ ဤသို့ ခိုလှုံခွင့် ပေးရန်ဟူသော အမိန့်သည် ထိုသူများအနေနှင့် အပြည့်အဝ မသိရှိခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုက်သင့်သည့် အချိန်ပေးရန် အရေးကြီးပေသည်။

ကတိဖျက်ခဲ့ကြသော ပထမအုပ်စုသည် ထိုသူများ ကတိမဖျက်မီအလျှင် အနာဂတ်ဟောကိန်းအဖြစ် မိန့်တော်မူထားသည်မှာ ထိုကိုရိုက်ရှ်လူမျိုး မုရှ်ရစ်က်များ၏ ကတိသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌သော်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ထံပါး၌သော်လည်းကောင်း မည်သို့ ထောက်ထားထိုက်ပါသနည်း။ အဘယ်ကြောင့်ဆိုသော် ထောက်ထားထိုက်သော ကတိဆိုသည်မှာ ယင်းကတိတော်ကို အခြားသူတစ်ဦးကိုယ်တိုင်က မချိုးဖောက်သော ကတိမျိုး ဖြစ်ရမည်။ သို့မဟုတ်ပါက ထောက်ထားထိုက်ခြင်းမရှိပေ။ အလိုသဘောမှာ ထိုသူများသည် ကတိဖျက်ကြလိမ့်မည်။ ထိုသို့ ကတိဖျက်သောအခါမျိုးတွင် ၎င်းတို့ဘက်မှ ထောက်ထားမည်မဟုတ်ပေ။ သို့သော် အကြင်သူများနှင့် အသင်သည် အလ္လာဟ့်အိမ်တော်အနီး၌ ကတိကဝတ်ပြုခဲ့၏။ ဆိုလိုသည်မှာ ဒုတိယအုပ်စုဖြစ်သည်။ ၎င်းတို့နှင့် စပ်လျဉ်း၍

اِلَّا الَّذِيْنَ عَاهَدْتُّم مِّنَ الْمُشْرِكِيْنَ ثُمَّ لَمْ يَنْقُصُوكُمْ ـــ الخ

သီးခြားပြဌာန်းခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူများသည် ကတိစာချုပ်ပေါ် ရပ်တည်လျက်ရှိမည်ဟု မျှော်လင့်ရပေသည်။ သို့ရှိရာ ထိုသူများသည် အသင်နှင့် မှန်မှန်ကန်ကန် နေထိုင်ဆက်ဆံပြီး ကတိမဖျက်ခဲ့ပါလျှင် အသင်လည်း ထိုသူများနှင့် မှန်မှန်ကန်ကန် နေထိုင်ပါ။ သတ်မှတ်ကတိအတိုင်း ထိုသူများနှင့် အပြည့်အဝ လိုက်နာရမည်။ သို့ရှိရာ 'စူရာဟ်ဗရာအသ်' ကျရောက်လာသောအချိန်တွင် ထိုသက်တမ်းမှာ ကိုးလ ကျန်ရှိနေသေးပေသည်။ ထိုသူများအနေနှင့် ကတိမဖျက်သည့်အတွက် သတ်မှတ်ကာလကို ဖြည့်ဆည်းခဲ့ပေသည်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ကတိဖျက်ခြင်းမှ ရှောင်ကြဉ်သူများကို နှစ်သက်တော်မူပေသည်။ အသင်တို့လည်း ရှောင်ကြမည်ဆိုလျှင် နှစ်သက်တော်မူခြင်း ခံရပေမည်။

ဤသို့ သီးခြားမိန့်ဆိုပြီးနောက် တစ်ဖန် ပထမအုပ်စုဘက်သို့ ပြန်လှည့်၍ မိန့်တော်မူသည်မှာ ထိုသူများ၏ ကတိသည် မည်သို့ ထောက်ထားထိုက်ပါသနည်း။ ဆိုလိုသည်မှာ ထိုသူများသည် မည်သည့်အခါက ကတိအတိုင်း ရပ်တည်ခဲ့ကြပါသနည်း။ ဧကန်အမှန် ထိုသူများ၏ အခြေအနေမှာ အကယ်၍ ထိုသူများသည် အသင်တို့အပေါ်၌ လွှမ်းမိုးသွားပါလျှင် အသင်တို့နှင့်ပတ်သက်ပြီး ဆွေမျိုးတော်စပ်မှုကိုလည်း ထောက်ထားမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့အနေနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်းသည် 'ဂျီဟားဒ်'ကို ကြောက်၍ ချုပ်ဆိုခြင်းဖြစ်ပြီး စိတ်ပါလက်ပါ ချုပ်ဆိုခြင်းမျိုး မဟုတ်ပေ။ ၄င်းတို့သည် အသင်တို့အား မိမိတို့၏ အပေါ်ယံ အပြောအဆိုများနှင့် သဘောတူအောင် ဆောင်ရွက်နေခြင်းပင် ဖြစ်သည်။ ၄င်းတို့စိတ်ထဲမှ ထိုစကားများကို အလျဉ်း လက်ခံသည်မဟုတ်ပေ။ သို့ရှိရာ စိတ်ထဲမှ ထိုကတိအတိုင်း ရပ်တည်ရန် ဆန္ဒမရှိဟု ဆိုပါက မည်သို့ ရပ်တည်ကြမည်နည်း။ ထိုသူများထဲတွင် အများစုမှာ ဆိုးသွမ်းသောသူများ ဖြစ်ကြသည်။ အကြောင်းမူကား ထိုသူများသည် ကတိအတိုင်း ရပ်တည်လိုစိတ်ရှိမည်ဆိုလျှင် အများစုရှေ့၌ တစ်ဦးနှစ်ဦးသည် မည်သို့ ရပ်တည်နိုင်မည်နည်း။ ၄င်းတို့ ဆိုးသွမ်းရခြင်း၏ အကြောင်းမှာ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာရမည့်အစား လောက၏ မတည်မြဲသော ဥစ္စာပစ္စည်းများကို ရွေးချယ်ခဲ့ကြသည်။ ပမာဆိုရသော် ကာဖိရ်များ၏ အခြေအနေမှာ သာသနာကို စွန့်လွှတ်၍ လောကီကို ဦးစားပေးခဲ့ကြသည်။ လောကီကို ပို၍ ခင်တွယ်သွားသောအခါ ကတိဖျက်ရာတွင် လောက၏ ရမ္မက်များ ရှိလာသည်ကို မြင်တွေ့ရပေမည်။ ယင်းအုပ်စုနှင့် ဆန့်ကျင်သော အုပ်စုမှာ လောကီထက် သာသနာကို ဦးစားပေးကြသော အုပ်စုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များနှင့် ကတိတည်ကြည်မှုအပေါ် လိုက်နာကျင့်သုံးကြမည် ဖြစ်သည်။ (ထိုသို့ သာသနာထက် လောကီကို ဦးစားပေးခြင်းကြောင့် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော လမ်းမှ (ယင်းလမ်းတွင် ကတိတည်ခြင်းလည်း ပါဝင်ပေသည်။) လွဲချော်နေသော သူများ ဖြစ်ကြသည်။ မုချဧကန် ၄င်းတို့၏ အဆိုပါလုပ်ရပ်သည် အလွန်ဆိုးရွားသော လုပ်ရပ်ဖြစ်ပေသည်။ ၄င်းနောက် ငါအသျှင်မြတ်သည်

لَا يَرْقُبُوْا فِيْكُمْ ـــ الخ

ဟု မိန့်ဆိုထား၍ အသင်တို့အတွက် မည်သို့မှ သီးခြားထားခြင်း မရှိပေ။ ထိုသူများ၏ အခြေအနေမှာ ဤသူများသည် မွတ်စ္စလင်မ်များနှင့် ပတ်သက်လာလျှင် ဆွေမျိုးသားချင်းများကိုလည်း မထောက်ထားသကဲ့သို့

မည်သည့်ခံဝန် ကတိစာချုပ်များကိုမှလည်း ထောက်ထားခြင်းမရှိ။ ဤသူများသည် အထူးသဖြင့် အဆိုပါ အချက်များ၌ အလွန်စည်းဘောင်ကျော်ကြသောသူများ ဖြစ်ကြသည်။ ထိုသူများနှင့် ကတိခံဝန်ချက် ပြုထားရာတွင် ယုံကြည်စိတ်ချမှု မရှိရသည့်အပြင် ကတိပျက်သွားနိုင်ချေလည်း ရှိပေသည်။ ပမာဆိုရသော် ထိုသူများဘက်မှ ဆန့်ကျင်ရန်လည်း ဖြစ်နိုင်ချေရှိသည်။ ထို့ကြောင့် ထိုအသျှင် မြတ်သည် ထိုသူများနှင့် ပတ်သက်၍ အကျယ်တဝင့် မိန့်တော်မူထားသည်မှာ အကယ်၍ ဤသူများသည် ဗီဆန်ခြင်းမှ "သောင်ဗာဟ်"ပြုလိုက်ကြမည်ဆိုလျှင် ဆိုလိုသည်မှာ မှတ်စ္စလင်မ်ဖြစ်သွားကြမည်ဆိုလျှင် ၎င်းနောက် မွတ်စ္စလင်မ်ဖြစ်ကြောင်းကို ဖော်ထုတ်ပြရမည်။ ဥပမာ- နမာဇ်ဝတ်ပြုမည်၊ "ဇကားသ်"ပေးဆောင်မည်ဆိုလျှင် ထိုသူများ ကတိဖျက်သည်သာမက မည်သို့ပင် ဆိုးသွမ်းခဲ့ကြပါစေ။ မည်သို့မှ အရေးမဆိုရပေ။ အစ္စလာမ်သာသနာကို လက်ခံလိုက်သည့်အတွက် ထိုသူများသည် အသင်တို့နှင့် သာသနာ့ညီနောင်များ ဖြစ်သွားကြသည်။ အတိတ်မှ ပြစ်မှုအားလုံးလည်း ပလပ်သွားမည်ဖြစ်သည်။ ၎င်းနောက် ငါအသျှင်မြတ်သည် အသိဉာဏ်ရှိသူများကို တင်ပြရန်အတွက် အမိန့်ပညတ်ချက်များကို ကောင်းစွာ အကျယ်တဝင့် တင်ပြတော်မူ၏။ သို့ရှိရာ ဤနေရာ၌လည်း အဆိုပါအတိုင်းပင် တင်ပြထားခြင်း ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်သောင်ဗာဟ်၏ အစပထမ ငါးအာယသ်တော်တွင် တင်ပြထားသည်မှာ မက္ကာဟ်မြို့အား အောင်နိုင်ပြီးနောက် မက္ကာဟ်မြို့နှင့် ယင်းမြို့အနီးတစ်ဝိုက်ရှိ မုရှ်ရစ်က်များနှင့် ကာဖိရ်များ၏ အသက်စည်းစိမ်များကို လုံခြုံမှုပေးထားခဲ့ပေသည်။ သို့သော် အတိတ်၌ ပြုခဲ့ကြသော ၎င်းတို့၏ သစ္စာဖောက်မှုနှင့် ကတိဖျက်သည့် အပြုအမူများအပေါ် မူတည်၍ အနာဂတ်တွင် ၎င်းတို့နှင့် မည်သည့်ကတိကဝတ်မှ မပြုရန် ဆုံးဖြတ်ခဲ့၏။ ထိုသို့ ဆုံးဖြတ်ချက်ခဲ့သော်ငြားလည်း အစကနဦးကပင် ကတိစာချုပ်များ ချုပ်ဆိုခဲ့ကြပြီးသောသူများ ရှိပြီး ယင်းလူများသည် ကတိဖျက်ခြင်း မရှိပါက စာချုပ်ကန့်သတ်ရက် ကုန်ဆုံးချိန်အထိ ရပ်တည်သွားကြရန် အမိန့်ကို ဤအာယသ်တော်များ၌ ပြဋ္ဌာန်းတော်မူထားပေသည်။ ၎င်းနောက် အကြွင်းသူများနှင့် စာချုပ်ချုပ်ဆိုထားသည် မရှိသော် (သို့) စာချုပ်၌ ကန့်သတ်ကာလ သတ်မှတ်ထားသည် မရှိသော် ထိုကဲ့သို့သောသူများနှင့်လည်း ထောက်ထားရမည်မှာ ၎င်းတို့ကို ချက်ချင်း မက္ကာဟ်မြို့မှ ထွက်ခွာသွားရန် အမိန့်မပေးဘဲ ထပ်မံ၍ လေးလ နေထိုင်ခွင့် ပေးလိုက်ရမည်။ ထိုအတောအတွင်း ၎င်းတို့အနေနှင့် မက္ကာဟ်မြို့မှ စွန့်ခွာကာ သင့်လျော်သည့် နေရာကို တည်ငြိမ်အေးချမ်းစွာဖြင့် သွားလိုက်ရမည်ဖြစ်သည်။ (သို့) အစ္စလာမ်သာသနာတော်၏ ရောင်ခြည်များသည် ၎င်းတို့အပေါ် ကျရောက်လာပြီး မွတ်စ္စလင်မ်ဖြစ်သွားကြမည်ဖြစ်သည်။ ထိုအမိန့်များ၏ ရလဒ်မှာ လာမည့်နှစ်အထိ မက္ကာဟ်မြို့သည် လွယ်ကူစွာဖြင့် ထိုသစ္စာဖောက် မုရှ်ရစ်က်များမှ ကင်းစင်သွားမည် ဖြစ်သည်။ ယင်းသို့ ကင်းစင်သွားခြင်းသည် ကလဲ့စားချေလိုစိတ်နှင့် မဟုတ်သည့်အပြင် စဉ်ဆက်မပြတ် ရရှိလာသည့် အတွေ့အကြုံကြောင့် မိမိတို့၏ လုံခြုံရေးကို ထောက်ရှု

ပြီး ဆောင်ရွက်ရခြင်းပင် ဖြစ်ပါသည်။ ဤအတွက်ကြောင့် ၎င်းတို့၏ ပြုပြင်ပြောင်းလဲခြင်းနှင့် အကောင်း ဖြစ်လိုသည့် တံခါးများ ယခုလည်း ဖွင့်ထားပေးပေသည်။ ယင်းနှင့် စပ်လျဉ်း၍ ဆဋ္ဌမမြောက်အာယသ်တော် ၌ တင်ပြထားပေသည်။ ၎င်း၏ အလိုသဘောမှာ အကယ်၍ မုရှ်ရစ်ကမ်များထဲမှ တစ်ဦးတစ်ယောက်သည် အသင်ကိုယ်တော်ထံ ခိုလှုံခွင့်တောင်းခံမည်ဆိုလျှင် အသင့်အနေနှင့် ခိုလှုံခွင့်ပေးသင့်ပေသည်။ သို့မှသာ ထိုသူသည် အသင်နှင့် နီးကပ်မှုရှိကာ အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဋ္ဌ်တော်များကို နားထောင်နိုင်မည် ဖြစ်သည်။ ဤသို့ဖြင့် အစ္စလာမ်၏ စစ်မှန်မှုများကိုလည်း နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။ ဤမျှမကသေး ထိုသူအား တစ်ခဏသာ ပုံစံမျိုးနှင့် ခိုလှုံခွင့်ပေးခြင်း မဟုတ်ဘဲ ထိုသူသည် မိမိလုပ်ငန်း ဆောင်တာများ ပြီးဆုံး၍ မိမိအတွက် လုံခြုံမှုရှိပြီး တည်ငြိမ်အေးချမ်းသော နေရာသို့ သွားရောက်လိုသည် ဆိုလျှင် မွတ်စ္စလင်မ်များအနေနှင့် ထိုသူအား အဆိုပါနေရာအထိ လုံခြုံစွာ အရောက်ပို့ပေးရန် တာဝန်ရှိ ပေသည်။ အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူသည်မှာ ဤသို့ အမိန့်ပေးရခြင်း၏ အကြောင်းသည် ဤသူများအနေနှင့် အပြည့်အဝ သိရှိကြသောသူများ မဟုတ်ကြပေ။ အနီးရောက်မှသာ သတိရှိနိုင်ကြ သော သူများသာ ဖြစ်ကြပေသည်။ ဤအာယသ်တော်မှလည်း အချို့ပညတ်ချက်များနှင့် အကျိုးများစွာ ရရှိပေသည်။ ယင်းပညတ်ချက်နှင့် အကျိုးများကို အေမာမ်အဗူဗကရ် ဂျဆ္ဆာဆ်မှ အကျယ်တဝင့် တင်ပြထားသည်။

အစ္စလာမ်သာသနာ၏ စစ်မှန်ကြောင်းကို အထောက်အထားနှင့်တကွ နားလည်သဘောပေါက်စွာ တင်ပြ ပေးရန် သာသနာ့ပညာရှင်များအပေါ် 'ဖွရ်ဇ်' တာဝန် ဖြစ်ခြင်း

ဦးစွာပထမ ဤအာယသ်တော်မှ သိရှိရသည်မှာ အကယ်၍ ကာဖိရ်တစ်ဦးသည် အစ္စလာမ်သာသနာ တော်၏ စစ်မှန်ခြင်းများကို အထောက်အထားနှင့် နားလည်အောင် တင်ပြပါဟူ၍ မွတ်စ္စလင်မ်များထံ တောင်းဆိုလာပါက ထိုသူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် မွတ်စ္စလင်မ်များအပေါ် အရေး ကြီးသော တာဝန်တစ်ရပ် ဖြစ်ပေသည်။

ဒုတိယအချက်မှာ အကြင်သူသည် အစ္စလာမ်သာသနာတော်၏ အတိမ်အနက်နှင့် အတွေ့အကြုံများ ရရှိရန်အတွက် ကျွန်ုပ်တို့ထံ ရောက်ရှိလာမည်ဆိုလျှင် ၎င်းတို့အား ခွင့်ပြုရန်နှင့် ထိန်းသိမ်းရန် ကျွန်ုပ်တို့အပေါ် အရေးကြီးပေသည်။ ထိုသူများကို မည်သည့်နည်းနှင့်မဆို အခက်အခဲ ဒုက္ခများ ရောက်စေခြင်း မပိုင်ပေ။ သဖ်စီးရ်ကုရ်သိုဗီကျမ်း၌ တင်ပြထားသည်မှာ ဤအမိန့်သည် ထိုပုံစံထဲမှ ဖြစ်သည်။ ၎င်းမှာ ထိုသူများ လာရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဋ္ဌ်တော်များကို နားထောင်ရန်နှင့် အစ္စလာမ်၏ အတိမ်အနက်ကို စူးစမ်းရန် ဖြစ်သည်။ အကယ်၍ အခြားရည်ရွယ်ချက်ဖြစ်သော စီးပွားရေး စသည့် ကိစ္စများအတွက် ဖြစ်မည်ဆိုလျှင် ယင်းပုံစံ၌ မွတ်စ္စလင်မ်များ၏ ကောင်းနိုးရာရာနှင့် မွတ်စ္စလင်မ် များ၏ အုပ်ချုပ်သူများအပေါ် မူတည်ပေသည်။ သင့်လျော်မည်ဆိုလျှင် ခွင့်ပြုပြီး သို့မဟုတ်ပါက ကြိုက် နှစ်သက်သကဲ့သို့ ဆောင်ရွက်နိုင်ပေသည်။

အစ္စလာမ်နိုင်ငံတွင်း နေထိုင်သူမဟုတ်သူ မွတ်စ္စလင်မ်မဟုတ်သူတစ်ဦးအား လိုသည်ထက်ပို၍ အစ္စလာမ့်နိုင်ငံ အတွင်း နေထိုင်ခွင့် မပြုရခြင်း

တတိယအချက်အရ မွတ်စ္စလင်မ်မဟုတ်သူနှင့် ကျွန်ုပ်တို့ ကတိစာချုပ်ချုပ်ဆိုထားခြင်းလည်း မရှိပါက ၎င်းအား လိုသည်ထက်ပို၍ နေထိုင်ခွင့်မပေးရပေ။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါအာယသ်တော်များတွင် ခိုလှုံခွင့် ပေးခြင်း၊ နေထိုင်ခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ ဤအတိုင်းအတာတစ်ခုကို သတ်မှတ်ထားပေသည်။

حَتّٰى يَسْمَعَ كَلَامَ اللّٰهِ

ဆိုလိုသည်မှာ ထိုသူများသည် မိမိတို့၏နေရာ၌ အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဠ်တော်များကို ကြားနာနိုင်သည့် အချိန်ကာလအတွက်သာ နေထိုင်ခွင့်ပေးရမည်ဖြစ်သည်။

စတုတ္ထအချက်မှာ မွတ်စ္စလင်မ်အုပ်ချုပ်သူနှင့် ခေါင်းဆောင်များ၏ တာဝန်များထဲမှ ဖြစ်သည်။ ၎င်းမှာ မွတ်စ္စလင်မ်မဟုတ်သူတစ်ဦးသည် လိုအပ်ချက်တစ်ခုအပေါ် မူတည်ပြီး ကျွန်ုပ်တို့ထံမှ ခွင့်ပြုချက် ရယူပြီး ကျွန်ုပ်တို့၏ နိုင်ငံတွင် ဝင်ရောက်လာပြီးဆိုလျှင် ထိုသူများ၏ အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး ထိုသူများသည် မိမိတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပြီးသွားပြီဆိုပါက ၎င်းတို့ကို လုံခြုံစွာ ဌာနသို့ ပြန်ပို့ပေးရမည်ဖြစ်သည်။

အာယသ်တော်ခုနစ်မှ တစ်ဆယ်အထိ လေးအာယသ်တော်တွင် ကင်းရှင်းကြောင်း ကြေညာရခြင်း၏ ဆင်ခြင်တုံတရားကို တင်ပြထားပေသည်။ ယင်းနှင့် စပ်လျဉ်း၍ 'စူရာဟ်သောင်ဗာဟ်' ၏ အစ အာယသ်တော်များတွင် တင်ပြထားပေသည်။ ထိုအာယသ်တော်တွင် ကတိဖျက်ကြသော မုရှ်ရစ်က်များ၏ စိတ်နေသဘောထားများနှင့် မွတ်စ္စလင်မ်များအပေါ် ထားရှိသည့် ပြင်းထန်သော ရန်ငြိုးထားခြင်းနှင့် စပ်လျဉ်း၍ တင်ပြပြီး ပြဋ္ဌာန်းထားသည်မှာ ထိုသူများဘက်မှ ကတိသစ္စာရှိမည်ဟု မျှော်လင့်ထားခြင်းသည်ပင်လျှင် မှား၏။ မိန့်တော်မူထားသည်မှာ အလ္လာဟ့်အိမ်တော်အနီးတွင် အသင်တို့နှင့် ကတိစာချုပ် ချုပ်ဆိုခဲ့ကြသော သူများထဲမှ အချို့မုရှ်ရစ်က်များ၏ မည်သည့်ကတိစာချုပ်မှ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်ထံပါးတွင် မည်သို့မှ ထောက်ထားစရာမရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အခြေအနေမှာ အကယ်၍ ၎င်းတို့ အနေနှင့် မည်သည့်အချိန်၌ပင်မဆို အနည်းငယ်မျှ အခွင့်အရေးရသည်နှင့် ထိုသူများသည် အသင်တို့နှင့် ပတ်သက်သော ဆွေမျိုးသားချင်းဟူ၍လည်း ညှာတာမည်မဟုတ်ပေ။ ကတိစာချုပ်ကိုလည်း ထောက်ထားမည် မဟုတ်ပေ။ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ ၎င်းတို့သည် ကတိစာချုပ် ချုပ်ဆိုသည့်အချိန်မှာပင် စိတ်တွင်းမှ ယင်းကတိအတိုင်း ဖြည့်ဆည်းရန် လုံးဝ ဆန္ဒမရှိကြချေ။ သို့သာမက စကားလုံးများဖြစ်သော အသင်တို့ကို ပျော်ရွှင်အောင် ပြုလုပ်နေခြင်းဖြစ်သည်။ ၎င်းတို့ထဲ၌ များသောအားဖြင့် 'ဖွာစီက်' ဆိုလိုသည်မှာ ကတိဖျက်သူ၊ သစ္စာဖောက်သူများသာ ဖြစ်ကြသည်။

ကာဖိရ်များနှင့် ရင်ဆိုင်ရာ၌လည်း အမှန်တရားအပေါ် ရပ်တည်ရန်နှင့် ၎င်းတို့နှင့်ပတ်သက်ပြီး နိုင်ထက်စီးနင်းပြုခြင်းမှ ရှောင်ကြဉ်ရန် သင်ကြားပို့ချထားခြင်း

ကျမ်းတော်မြတ်၏ တင်ပြချက်တွင် မှတ်စွလင်မ်များကို လမ်းညွှန်ထားသည်မှာ မိမိတို့၏ ဆန့်ကျင်ဘက် ရန်သူများနှင့် ဆက်ဆံရာတွင် ပြောဆိုသည့်အခါ၌ အမှန်တရားနှင့် တရားမျှတမှုကို လက်မလွှတ်စေနှင့်။ လိုသည်ထက် ပို၍ ဆောင်ရွက်ခြင်းမျိုးလည်း မဖြစ်စေနှင့်။ ပမာဆိုရသော် ထိုအာယသ်တော်များတွင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကျ်များနှင့် ပတ်သက်၍ အဆိုပါအချက်ကို အပြည့်အဝ ထောက်ထားခြင်း ထားရှိပေသည်။ အချို့လူများမှအပ ကျန်ရှိလူများအားလုံးမှာ သစ္စာဖောက်များဖြစ်ကြပြီး ကတိဖျက်ကြသူများ ဖြစ်ကြသည်။ ဤကဲ့သို့သော အခြေအနေများတွင် အားလုံးက မကောင်းဟူ၍ ပြောဆိုကြသည်။ သို့သော် ကျမ်းတော်မြတ်တွင်

إِلَّا الَّذِينَ عَاهَدْتُمْ عِنْدَ الْمَسْجِدِ الْحَرَامِ

ဟူ၍ မိန့်တော်မူထားပြီး ကတိဖျက်သောသူများကို ဖယ်ထုတ်ထားတော်မူလိုက်သည်။ ၎င်းနောက် ဤသို့ အမိန့်ပေးထားသည်မှာ 'ထိုသူများသည် ကတိသစ္စာအပေါ် ခိုင်မြဲစွာ ရပ်တည်လျက်ရှိသည့် ကာလပတ်လုံး အသင်တို့သည် ထိုနည်းတူစွာ ရပ်တည်ကြကုန်။ အခြားသူများ အလွဲသုံးစား ပြုလုပ်ခြင်းဖြင့် ထိုသူများနှင့် ကတိပြုထားခြင်းအား မဖျက်လိုက်ကြလေနှင့်။'

ထို့နောက် ကတိဖျက်သောသူများ၏ အခြေအနေကို တင်ပြထားသည်မှာ ထိုသူများ၏ စိတ်ထဲတွင် အစကနဦးကပင် အလွဲသုံးစားလုပ်ရန် စိတ်ကူးရှိခဲ့သည်။ ကတိသစ္စာတည်ကြည်ရန် ဆန္ဒ အလျဉ်းမရှိခဲ့ကြချေ။ ဤနေရာ၌လည်း

أَكْثَرُهُمْ فٰسِقُوْنَ

ဟူ၍ မိန့်တော်မူထားပြီး ညွှန်ပြထားသည်မှာ ထိုသူများတွင် အားလုံး၏ အခြေအနေမှာ တစ်ပြေးညီ မဟုတ်ပေ။ အချို့မှာ ဤသို့ မွန်မြတ်သော သူများလည်း ရှိကြပေသည်။ ၎င်းတို့သည် ကတိအတိုင်း ရပ်တည်လိုကြသည်သော်လည်း အခြားသူများရှေ့၌ ၎င်းတို့အနေနှင့် မည်သို့မှ ပြောဆိုပိုင်ခွင့် မရှိကြချေ။

ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် ဤသို့ ရှင်းရှင်းလင်းလင်း လမ်းညွှန်ထားပေသည်။

لَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓى اَلَّا تَعْدِلُوْا

ဆိုလိုသည်မှာ တစ်ဖက်အုပ်စု၏ ရန်ငြိုးထားခြင်းကြောင့် အသင်တို့သည် တရားမျှတမှုကို လက်မလွှတ်ကြလေနှင့်။

ထို့နောက် နဝမမြောက်အာယသ်တော်တွင် ထိုသစ္စာဖောက် မုရှ်ရစ်ကျ်များ၏ သစ္စာဖောက်ရခြင်း၏ အကြောင်းခံနှင့် ၎င်းတို့ ဆိုးသွမ်းရခြင်း၏ အကြောင်းခံများကို တင်ပြ၍ ယင်းအချက်များကိုလည်း ညွှန်ကြား

ချက်သဖွယ် တင်ပြထားပေသည်။ အကယ်၍ ထိုအကြောင်းအချက်များအပေါ် စဉ်းစားတွေးတော ကြည့်မည်ဆိုလျှင် မိမိကိုယ်မိမိ ပြုပြင်သွားနိုင်ကြမည်ဖြစ်သည်။ ၎င်းနောက် မွတ်စ္စလင်မ်ထု တစ်ရပ်လုံးကိုလည်း သတိပေး မိန့်မှုလိုက်သည်မှာ သစ္စာမဲ့ပြီး အလွဲသုံးစားပြုခြင်း၌ နစ်မွန်းသွားရခြင်း၏ အကြောင်းခံများမှ အပြည့်အဝ ရှောင်ကြဉ်ခြင်းကို မိမိတို့၏ မဏ္ဍိုင်အဖြစ် ဆုပ်ကိုင်ထားလိုက်ရမည်။ ယင်းအကြောင်းခံမှာ လောကီကို ခင်တွယ်ခြင်းပင်ဖြစ်သည်။ အကြောင်းမူကား လောကီ၏ စည်းစိမ်ဉစ္စာ ပစ္စည်းအပေါ် ချစ်ခင်ခုံမင်သွားခြင်းကြောင့် ထိုသူများမှာ မျက်ကန်းများ ဖြစ်သွားကြသည်။ ငွေကြေးအနည်းငယ်မျှနှင့် မိမိတို့၏ အီမာန်နှင့် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ရောင်းပစ်လိုက်ကြသည်။ ၎င်းတို့၏ အဆိုပါ လုပ်ရပ်များသည် အလွန်ဆိုးရွားသော လုပ်ရပ်ဖြစ်ပေသည်။

ဒဿမမြောက် အာယသ်တော်တွင် ထိုသူများ၏ ဆိုးရွားသော လုပ်ရပ်များအကြောင်းကို တင်ပြထားပေသည်။

لَا يَرْقُبُوْنَ فِىْ مُؤْمِنٍ اِلًّا وَّ لَا ذِمَّةً

အလိုသဘောမှာ ထိုသူများသည် ကတိပြုထားသော မွတ်စ္စလင်မ်များနှင့် သစ္စာဖောက်ရုံမျှပင်မက ထိုသူများ၏ ဆွေမျိုးနီးစပ်ခြင်းနှင့် ကတိကဝတ်များကိုပင် လျစ်လျူရှုခဲ့ကြသည်။ သို့သာမက ၎င်းတို့သည် မွတ်စ္စလင်မ်တစ်ဦးနှင့် ပတ်သက်ပြီး ဆွေမျိုးနီးစပ်ခြင်းကို မထောက်ထားရုံသာမက မည်သည့်ကတိကဝတ်ကိုမှလည်း ထောက်ထားခြင်း မရှိပေ။

မုရှ်ရစ်က်များ၏ တင်ပြထားသော အခြေအနေများ၏ စိတ်နေသဘောထားအရ ဖြစ်နိုင်သည်မှာ မွတ်စ္စလင်မ်များသည် ၎င်းတို့အား အမြဲတမ်းအတွက် စိတ်ကုန်သွားရန် ဖြစ်သည်။ မည်သည့်အခြေအနေ၌ပင်မဆို ၎င်းတို့နှင့် ညီနောင်ကဲ့သို့ ဆက်ဆံရန်ပင် အဆင့်မရှိရန် ဖြစ်သည်။ ထို့ကြောင့် ကျမ်းတော်မြတ်၏ တရားမျှတမှုအရ ဧကဒဿမမြောက် အာယသ်တော်တွင် ဤသို့ လမ်းညွှန်ချက် ပြုထားပေသည်။

فَاِنْ تَابُوْا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَاِخْوَانُكُمْ فِى الدِّيْنِ

အလိုသဘောမှာ အကယ်၍ ဤလူများသည် 'သောင်ဗာဟ်'ပြုလုပ်လိုက်မည်၊ နမာဇ်ဆောက်တည်လိုက်မည်၊ 'ဇကား'သ်'ပေးဆောင်မည်ဆိုပါက ယခု ဤသူများလည်း သာသနာ့ညီနောင်များ ဖြစ်သွားကြပြီးဖြစ်သည်။ ယင်းအချက်၌ တင်ပြထားသည်မှာ မည်သို့ပင် ရန်သူဖြစ်နေပါစေ မည်မျှပင် ဒုက္ခပေးခဲ့သည်ဖြစ်စေ ထိုသူများသည် မွတ်စ္စလင်မ်များသွားခဲ့သည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အတိတ်မှ ပြုကျင့်ခဲ့သော အပြစ်များကို ခွင့်လွှတ်ပေးသနားတော်မူသကဲ့သို့ ၎င်းတို့၏ အတိတ်မှ ကိစ္စဟူသမျှကို စိတ်တွင်းမှ မေ့ပစ်လိုက်ရန် မွတ်စ္စလင်မ်များအပေါ် အရေးကြီးပေသည်။ ယနေ့မှစ၍ ၎င်းတို့ကို မိမိတို့၏ သာသနာ့ညီနောင်အဖြစ် မှတ်ယူပြီး ညီနောင်ကဲ့သို့ ဆက်ဆံကာ ဝတ္တရားများကို ကျေပွန်ရမည်ဖြစ်သည်။

သာသနာ့ညီနောင်အတွင်း ဝင်ရောက်ရန် စည်းကမ်းချက်သုံးချက်

ဤအာယသ်တော်မှ အတိအလင်း သိရှိရသည်မှာ သာသနာ့ညီနောင်အဖြစ် မှတ်ယူရန်အတွက် စည်းကမ်းချက်သုံးချက်ရှိသည်။ ဦးစွာပထမ ကုဖွ်ရ်နှင့် ရှရစ်က်မှ 'သောင်ဗာဟ်'ပြုရမည်။ ဒုတိယအချက်မှာ

နမာဇ်ဆောက်တည်ရမည်။ တတိယအချက်မှာ 'ဇကားသ်'ပေးဆောင်ရမည် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အီမာန်နှင့် 'သောင်ဗာဟ်'သည် ဖုံးကွယ်လျက်ရှိသော လုပ်ရပ်ဖြစ်သည်။ ယင်း၏ အစစ်အမှန်ကို အများမွတ်စ္စလင်မ်ထုအနေနှင့် မသိရှိနိုင်ချေ။ ထို့ကြောင့် ယင်းအချက်၏ ပေါ်လွင်သော အချက်နှစ်ချက်ဖြစ်သည့် နမာဇ်နှင့် 'ဇကားသ်'ကို လက္ခဏာများအဖြစ် တင်ပြထားခြင်း ဖြစ်ပေသည်။

ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ဆင့်ပြန်သည်မှာ ဤအာယသ်တော်သည် မွတ်စ္စလင်မ်များ၏ သွေးကို 'ဟရာမ်'ပြုထားသော အာယသ်တော်ဖြစ်ပေသည်။ ဆိုလိုသည်မှာ အကြင်သူသည် နမာဇ်နှင့် 'ဇကားသ်'အပေါ် လိုက်နာကျင့်သုံးသူဖြစ်ပြီး အစ္စလာမ်နှင့် ဆန့်ကျင်သည့် အပြုအမူ အပြောအဆို တစ်စုံတစ်ရာ မဖြစ်ရှိပါက ထိုသူအား အမိန့်ပညတ်တွင် မွတ်စ္စလင်မ်ဟူ၍ပင် မှတ်ယူရမည် ဖြစ်ပေသည်။ ထိုသူ၏ စိတ်တွင် စစ်မှန်သည့် အီမာန်မရှိလင့်ကစား (သို့) 'နေဖွားက်'(အယောင်ဆောင်မှု) ရှိနေလင့်ကစား အဆိုပါအတိုင်း ထိုသူအား မွတ်စ္စလင်မ်ဟူ၍ပင် မှတ်ယူရမည်ဖြစ်သည်။

ဟဇရတ်အဗူဗကရ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ နောက်ပိုင်း 'ဇကားသ်'ငြင်းပယ်သူအပေါ် 'ဂျီဟားဒ်'ပြုလုပ်ရန်အတွက် ဤအာယသ်တော်ကို အထောက်အထားပြု၍ မိန့်တော်မူရာ ဆွဟာဗာများအားလုံး တည်ငြိမ်သွားကြရ၏။

အာယသ်တော်၏ နောက်ဆုံးတွင် ကတိကဝတ်ပြုသောသူများနှင့် နောက်လိုက်များမှ ဖော်ပြပါအမိန့်များနှင့် ပတ်သက်၍ လေးနက်စေရန်အတွက် မိန့်တော်မူထားသည်မှာ-

وَنُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ

အလိုသဘောမှာ 'ငါအသျှင်မြတ်သည် အသိဉာဏ်ရှိသော သူများအတွက် အမိန့်တော်များကို ကောင်းစွာ အကျယ်တဝင့် တင်ပြထားတော်မူ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاِنْ نَّكَثُوْٓا اَيْمَانَهُمْ
مِّنْۢ بَعْدِ عَهْدِهِمْ وَطَعَنُوْا فِيْ دِيْنِكُمْ فَقَاتِلُوْٓا
اَئِمَّةَ الْكُفْرِ ۙ اِنَّهُمْ لَآ اَيْمَانَ لَهُمْ لَعَلَّهُمْ
يَنْتَهُوْنَ ﴿١٢﴾

၉ : ၁၂ ။ ။ တစ်ဖန် အကယ်၍ ထိုသူတို့သည် ကတိသစ္စာ ထားရှိပြီးနောက် မိမိတို့၏ ထားရှိကြကုန်သော ကတိသစ္စာများကို ချိုးဖောက်၍ အသင်တို့၏ သာသနာတော်နှင့် စပ်လျဉ်း၍ ကဲ့ရဲ့ရှုတ်ချ ပြောဆိုခြင်းကို ပြုလုပ်လာခဲ့ကြပါလျှင် အသင်တို့သည် ကုဖွ်ရ်သွေဖည်ငြင်းပယ်မှုကို ခေါင်းဆောင်သော သူတို့အား တိုက်ခိုက်ကြလေကုန်။ အကြောင်းမှာ ၎င်းသူတို့၌ ကတိသစ္စာမရှိသောကြောင့်ပင် ဖြစ်သည်။ သို့မှသာလျှင် ၎င်းတို့သည် (မိမိတို့၏ အယူဝါဒ) များကို စွန့်လွှတ်ရပ်စဲကြပေလိမ့်မည်။

أَلَا تُقَاتِلُونَ قَوْمًا نَّكَثُوٓا أَيْمَانَهُمْ
وَهَمُّوا بِإِخْرَاجِ الرَّسُولِ وَهُم بَدَءُوكُمْ أَوَّلَ مَرَّةٍ ۚ
أَتَخْشَوْنَهُمْ ۚ فَاللَّهُ أَحَقُّ أَن تَخْشَوْهُ إِن كُنتُم مُّؤْمِنِينَ ﴿١٣﴾

၉ : ၁၃ ။ ။ အကြင်အမျိုးသားတို့သည် မိမိတို့၏ ကတိသစ္စာကို ချိုးဖောက်ခဲ့ကြပြီး ရစူလ်တမန်တော် (မိုဟမ္မဒ်) အား (မက္ကာဟ်မြို့မှ) နှင်ထုတ်ရန်၊ စိတ်ပိုင်းဖြတ်ရန် သန္နိဋ္ဌာန်ချခဲ့ကြသည့်အပြင် ၎င်းတို့သည်ပင် အသင်တို့အား ဦးစွာပထမ စတင် တိုက်ခိုက်ခဲ့ကြကုန်သည်။ အသင်တို့သည် အဘယ်ကြောင့် ထိုအမျိုးသားတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်း မပြုကြသနည်း။ အသင်တို့သည် ၎င်းတို့အား ကြောက်ရွံ့ကြလေသလော။ အကယ်၍ အသင်တို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြပါလျှင် စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် (အသင်တို့အဖို့) ပိုမို၍ ကြောက်ရွံ့ထိုက်သော အသျှင်မြတ် ဖြစ်တော်မူသည်။

قَاتِلُوهُمْ يُعَذِّبْهُمُ اللَّهُ بِأَيْدِيكُمْ وَيُخْزِهِمْ وَيَنصُرْكُمْ عَلَيْهِمْ
وَيَشْفِ صُدُورَ قَوْمٍ مُّؤْمِنِينَ ﴿١٤﴾

၉ : ၁၄ ။ ။ အသင်တို့သည် ၎င်းသူတို့အား ယှဉ်ပြိုင်တိုက်ခိုက်ကြလေကုန်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အသင်တို့၏ လက်ဖြင့် ပြစ်ဒဏ်ပေးတော်မူမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အား အရှက်တကွဲ အကျိုးနည်း ဖြစ်စေတော်မူမည်။ ထို့ပြင် အသင်တို့အား ၎င်းတို့အပေါ်၌ လွှမ်းမိုးအောင်မြင်စေတော်မူ၍ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ စိတ်နှလုံးများကို အေးချမ်းစေတော်မူပေမည်။

وَيُذْهِبْ غَيْظَ قُلُوبِهِمْ ۗ وَ
يَتُوبُ اللَّهُ عَلَىٰ مَن يَشَاءُ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿١٥﴾

၉ : ၁၅ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်း (မုအ်မင်န်သက်ဝင်ယုံကြည်) သူတို့၏ စိတ်နှလုံးအတွင်းရှိ ဒေါသအမျက်ကိုလည်း ပြေပျောက်စေတော်မူမည်။ ထို့အပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူ၏ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

أَمْ حَسِبْتُمْ أَن
تُتْرَكُوا وَلَمَّا يَعْلَمِ اللَّهُ الَّذِينَ جَاهَدُوا مِنكُمْ وَلَمْ يَتَّخِذُوا

مِنْ دُوْنِ اللّٰهِ وَلَا رَسُوْلِهٖ وَلَا الْمُؤْمِنِيْنَ وَلِيْجَةً ؕ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ⑯

၉ : ၁၆ ။ ။ မည်သို့ပါနည်း။ အသင်တို့သည် မိမိတို့အား (စမ်းသပ်ခြင်းမခံရဘဲ အေးချမ်းစွာ) စွန့်လွှတ်ထားခြင်း ခံကြရလိမ့်မည်ဟူ၍ ထင်မြင်ယူဆကြပါသလော။ အလ္လာဟ်အသျှင်မြတ်သည် (ယခုတိုင်) အသင်တို့အနက်မှ (ထိုအသျှင်မြတ်၏ လမ်းတော်၌) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သူတို့ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်နှင့် မုအ်မင်နိသက်ဝင်ယုံကြည်သူတို့အားလည်းကောင်း (စိတ်ရောကိုယ်ပါ ချစ်ခင်ကြင်နာစွာ အတွင်းလူအဖြစ်) ချစ်ကျွမ်းတဝင် မပြုသော သူတို့အား (သေချာရှင်းလင်း ထင်ရှားစွာ ခွဲခြား၍) သိ (မြင်) တော်မမူသေးချေ (ဟု ထင်မြင်ယူဆကြပါသလော) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုသူများသည် ကတိသစ္စာဆိုပြီးနောက် မိမိတို့၏ ကတိများကို ဖျက်လိုက်သည်ဆိုလျှင် (ပမာဆိုရသော် ၎င်းတို့အပေါ် လွှမ်းမိုးလျက်ရှိသော အခြေအနေအတိုင်းပင် ဖြစ်သည်။ ၎င်းနောက် ကတိဖျက်ပြီး အီမာန်ယူလာခြင်းလည်း မရှိသည့်အပြင် မိမိတို့၏ ဖီဆန်ခြင်းအပေါ် ရပ်တည်မြဲ ရပ်တည်လျက် ရှိကြသည်။ ထို့အတွက် ယင်း၏ အကျိုးဆက်တစ်ခုမှာ အသင်တို့၏ အစ္စလာမ်သာသနာတော်ကို စော်ကားလာကြသော အခါ အသင်တို့သည် ကောင်းသော စိတ်စေတနာဖြင့် ၎င်းတို့အနေနှင့် ဖီဆန်ခြင်းမှ နောက်ပြန်လှည့်လာစေရန်အတွက် ထိုသူများ၏ ခေါင်းဆောင်များနှင့် ကောင်းစွာ စစ်ထိုးကြကုန်။ အဘယ်ကြောင့်ဆိုသော် ထိုပုံစံတွင် ၎င်းတို့၏ ကတိများ ကျန်ရှိတော့မည် မဟုတ်ပေ။ ကတိမဖျက်မီအလျှင် အနာဂတ်ဟောကိန်းများ တင်ပြပြီးသော်ငြားလည်း ကတိအပေါ် ရပ်တည်ကြခြင်း မရှိပေ။ ရှေ့ဆက်၍ ကတိဖျက်ပြီးသည့်နောက် စစ်ထိုးရန် နှိုးဆော်ထားပေသည်။ အသင်တို့သည် ထိုကဲ့သို့သော လူများနှင့် အဘယ်ကြောင့် စစ်မထိုးကြပါသနည်း။ ထိုသူများသည် မိမိတို့ထားရှိသော ကတိများကို ချိုးဖောက်လိုက်ကြပြီး ဖြစ်သည်။ ဗနီဗကရ်နှင့် ခုဇာအဟ်တို့ ရင်ဆိုင်ရာ၌ ခုဇာအာဟ်ဘက်မှ အကူအညီပေးခဲ့ကြသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ ကို နယ်နှင်ဒဏ်ပေးရန် စီစဉ်ခဲ့ကြသည်။ ထိုသူများဘက်မှသာ အသင်တို့အား စ၍ ရန်စပျိုးကြသည်။ အသင်တို့ဘက်မှ ထားရှိသည့် ကတိအတိုင်း သစ္စာစောင့်ထိန်းရာတွင် အားနည်းချက်မရှိသည့်အတွက် ထိုကဲ့သို့ ရန်စကြခြင်း ဖြစ်သည်။ ထိုသူများသည် နေရင်းထိုင်ရင်း အတွန့်တက်ခဲ့ကြသည်။

သို့ရှိရာ အသင်တို့သည် ထိုကဲ့သို့သောသူများနှင့် အဘယ်ကြောင့် စစ်မထိုးကြပါသနည်း။ ထိုသူများ၏ အုပ်စုများသည့်အတွက် အသင်တို့အနေနှင့် စစ်ထိုးရန် ကြောက်ရွံ့နေကြပါသလော။ သို့ဆိုလျှင် အသင်တို့ ထိုသူများအား လုံးဝ မကြောက်ရွံ့ကြပါနှင့်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ကို သာလျှင် အားလုံးထက် ပို၍ ကြောက်ရွံ့ရမည်ဖြစ်သည်။ အကယ်၍ အသင်တို့ အီမာန်ရှိသည်ဆိုလျှင်

အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ရမည်။ ထိုအသျှင်မြတ် ပေးတော်မူသော အမိန့်တော်နှင့် ဆန့်ကျင်ဘက် မပြုလုပ်ရပေ။ ထိုအသျှင် မြတ်သည် အဆိုပါသူများနှင့် စစ်ထိုးရန် အမိန့်ပေးသည့်အတွက် ထိုသူများနှင့် စစ်ထိုးရမည်သာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ဘက်မှ ထိုသူများကို အပြစ်ပေးမည်ဆိုကြောင်းကို ကတိတော်ပြုထားခဲ့ပြီး ဖြစ်သည်။ ထိုသူများကို သေးသိမ်စေမည်ဖြစ်သည်။ ထိုသူများအပေါ် အသင်တို့အား လွှမ်းမိုးစေမည်ဖြစ်သည်။ အသင်တို့အား မုန်းတီးစိတ်ထားရှိခြင်းကြောင့် ထိုသူများအပေါ် 'အဇာဗ်' အပြစ်ဒဏ်များ ကျရောက်စေမည်။ ထိုသို့ ကျရောက်ခြင်းကြောင့် များစွာသော မွတ်စ္စလင်မ်များ၏ နှလုံးသားများ စိတ်သက်သာမှု ရရှိစေပြီး စိတ်တွင်းမှ အမျက်ဒေါသများ ပပျောက်သွားမည်ဖြစ်သည်။ (အကြင်မွတ်စ္စလင်မ်များသည် ကိုယ်တိုင် ရင်ဆိုင်နိုင်စွမ်းမရှိသည့်အတွက် ထိုသူများ၏ လုပ်ရပ်ကိုကြည့်ပြီး စိတ်တွင် ယူကျုံးမရဖြစ်နေရရှာသည်။) ၄င်းနောက် ထိုကာဖိရ်များထဲမှပင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာသက်သူကို သဘောတူ လက်ခံတော်မူမည်။ ဆိုလိုသည်မှာ မွတ်စ္စလင်မ်ဖြစ်လာနိုင်သည့် စွမ်းအားပေးသနားတော်မူမည်။ သို့ရှိရာ မက္ကာဟ်မြို့ကို အောင်မြင်သော စစ်ပွဲတွင် အချို့မှာ သေးသိမ်စွာ သတ်ဖြတ်ခြင်းခံရပြီး အချို့မှာ မွတ်စ္စလင်မ်များ ဖြစ်သွားကြသည်။ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ သိရှိတော်မူသော အသျှင်နှင့် အလွန်တရာ ဆင်ခြင်တုံတရားရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ လူတိုင်း၏ ရလဒ်မှာ အစ္စလာမ်ဖြစ်မည်။ (သို့) ကုဖွရ်ဖြစ်မည်ကို အသိတော်ဖြင့် သိရှိတော်မူ၏။ ထို့ကြောင့် မိမိ၏ ဆင်ခြင်တုံတရားနှင့် ကိုက်ညီသော အမိန့်များကိုသာ သတ်မှတ်တော်မူသည်။ ၄င်းနောက် အသင်တို့ထဲမှ အချို့လူများသည် စစ်ထိုးရန် စိတ်ငြိုငြင်လျက်ရှိကြသည်။ အသင်တို့ကို ဤအတိုင်းပင် စွန့်လွှတ်ထားလိုက်လိမ့်မည်ဟု အသင်တို့ တွေးထင်နေကြပါသလော။ ကေန်အမှန် (အလ္လာဟ်အသျှင်မြတ်သည် ယခု အပေါ်ယံအားဖြင့် ထိုသူများကို ကြည့်ခဲ့ခြင်းမဟုတ်ပေ။)

အကြင်သူများသည် အသင်တို့နှင့် ဤကဲ့သို့ အခြေအနေ၌ 'ဂျီဟားဒ်' ပြုမည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်နှင့် အီမာန်ရှင်များမှအပ တစ်ဦး တစ်ယောက်ကိုမှ သီးသန့်မိတ်ဆွေ မဖွဲ့ခဲ့ပေ။ ယင်းအချက်များကို ဖော်ထုတ်ရန်အတွက် ဤအခြေအနေ၌ 'ဂျီဟားဒ်' ပြုရမည်ဖြစ်သည်။ ယင်း 'ဂျီဟားဒ်' ၌ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဤ 'ဂျီဟားဒ်' သည် အလ္လာဟ်အသျှင်မြတ် လိုလားသူနှင့် မလိုလားသူတို့အား (တစ်နည်းအားဖြင့်ဆိုရသော် မည်သူက အလ္လာဟ်အသျှင်မြတ်ကို လိုလားပါသနည်း၊ မည်သူက ဆွေမျိုးမိတ်သင်္ဂဟများကို လိုလားပါသနည်း။) အပြည့်အဝ စမ်းစစ်ခြင်းပင် ဖြစ်သည်။ အသင်တို့၏ လုပ်ရပ်ဟူသမျှကို အလ္လာဟ်အသျှင်မြတ် ကောင်းစွာ သိရှိတော်မူသည်။ သို့ရှိရာ 'ဂျီဟားဒ်' ၌ စိတ်ဝင်စားခြင်း၊ မဝင်စားခြင်းနှင့်အညီ အသင်တို့ကို အစားပေးသနားတော်မူမည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ဟီဂျ်ရီ (၆) ခုနှစ်တွင် မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များနှင့် 'ဟုဒိုင်ဗီယာ' နေရာတွင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ပေသည်။ ယင်းနှင့် စပ်လျဉ်း၍ 'ခူရာဟ်သောင်ဗာဟ်' ၏ အစအာယသ်တော်များတွင်

အနာဂတ်ဟောကိန်းအသွင်နှင့် အသိပေးတော်မူထားသည်မှာ ဤသူများသည် စာချုပ်အတိုင်း လိုက်နာကြမည့်သူများ မဟုတ်ကြပေ။ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ 'စူရာဟ်သောင်ဗာဟ်'၏ အဌမမြောက်အာယသ်တော်တွင်

كَيْفَ يَكُوْنُ لِلْمُشْرِكِيْنَ عَهْدٌ

ဟူသော ဝါကျ၌ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ၎င်းနောက် (၈) (၉) (၁၀) အာယသ်တော်များတွင် ၎င်းတို့ ကတိဖျက်ရခြင်း၏ အကြောင်းခံများကို တင်ပြထားပေသည်။ (၁၁) အာယသ်တော်တွင် တင်ပြထားသည်မှာ ကတိဖျက်ခြင်း၏ ကြီးမားသော ပြစ်မှုကို ကျူးလွန်ပြီးသည့်နောက် အကယ်၍ ၎င်းတို့သည် မွတ်စ္စလင်မ်ဖြစ်သွားကြပြီး မိမိတို့ မွတ်စ္စလင်မ်ဖြစ်ကြောင်းကို နမာဇ်၊ 'ဇကာဟ်'၏ အကြောင်းခံဖြင့် ထုတ်ဖော်ပြသကြမည်ဆိုလျှင် မွတ်စ္စလင်မ်တို့အနေနှင့်လည်း ၎င်းတို့၏ အတိတ်မှ ပြစ်မှုများကို ဗွေမယူဘဲ မိမိတို့၏ ကိစ္စရပ်များတွင် မချန်လှပ်ထားရန် အရေးကြီးပေသည်။ အကြောင်းမှုကား ထိုသူများနှင့် ညီနောင်များကဲ့သို့ ဆက်ဆံရမည့် မိမိတို့၏ သာသနာ့ညီနောင်များအဖြစ် မှတ်ယူရမည်။ ဖော်ပြပါ (၁၂) အာယသ်တော်မြောက်တွင် တင်ပြထားသည်မှာ အနာဂတ်ဟောကိန်းများနှင့် ပတ်သက်၍ ဤသူများသည် ကတိဖျက်ခဲ့ကြမည်ဆိုလျှင် ၎င်းတို့နှင့်အတူ မွတ်စ္စလင်မ်များ မည်သို့ ပြုလုပ်သင့်ပါသနည်း။ ယင်းအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

وَاِنْ نَّكَثُوْا اَيْمَانَهُمْ مِنْ بَعْدِ عَهْدِهِمْ وَطَعَنُوْا فِيْ دِيْنِكُمْ فَقَاتِلُوْا اَئِمَّةَ الْكُفْرِ

အလိုသဘောမှာ အကယ်၍ ထိုသူများသည် မိမိတို့၏ ကတိများနှင့် 'ကစမ်'များကို ချိုးဖောက်ကြမည်။ မွတ်စ္စလင်မ်လည်း မဖြစ်လာသည့်အပြင် အသင်တို့၏ အစ္စလာမ်သာသနာတော်ကို မဟုတ်မမှန် စွပ်စွဲ ပြောဆိုလှေ့ ရှိခဲ့ကြသည်။ သို့ရှိရာ ဖီဆန်သူများ၏ ခေါင်းဆောင်များနှင့် စစ်ထိုးကြကုန်။

ဤနေရာ၌ စဉ်းစားဖွယ်ရာအချက်တစ်ချက် ရှိသည်မှာ ဤနေရာ၌ **فَقَاتِلُوْهُمْ** ဆိုလိုသည်မှာ 'ထိုသူများကို သတ်ပစ်ကြကုန်'ဟူ၍ မိန့်တော်မူထားခြင်း မပြုဘဲ ကျမ်းတော်မြတ်သည် ဤနေရာ၌ အကျဉ်းချုပ်၍ **فَقَاتِلُوْا اَئِمَّةَ الْكُفْرِ** ဟူ၍ မိန့်တော်မူထားပေသည်။ **ائمه** စာလုံးသည် **امام** စာလုံး၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ဤသူများသည် ကတိဖျက်ခြင်း၊ ကတိမတည်ခြင်းကြောင့် 'ကုဖွရ်'၏ ရှေ့ဆောင်များ ဖြစ်သွားကြပြီး ၎င်းတို့နှင့် စစ်ခင်းထိုက်သွားပေသည်။ ယင်းအချက်တွင် စစ်ခင်းရမည့် လက္ခဏာများနှင့် အကြောင်းခံများကို တင်ပြထားပေသည်။ အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုထားသည်မှာ ဤနေရာ၌ **ائمة الكفر** ၏ အလိုသဘောမှာ မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များ၏ ထိုခေါင်းဆောင်များကို ဆိုလိုပေသည်။ အကြင်ခေါင်းဆောင်များသည် မွတ်စ္စလင်မ်များနှင့် ဆန့်ကျင်ရန် နှိုးဆော်ပေးခြင်းနှင့် စစ်ပြင်ဆင်မှုများ၌ လုံးပန်းလျက်ရှိခဲ့ကြသည်။ ထိုသူများနှင့် စစ်ထိုးရန် အထူးသဖြင့် မိန့်တော်မူထားရခြင်း၏ အကြောင်းမှာ မက္ကာဟ်မြို့နေများ၏ အခြေခံစွမ်းအား အရင်းအမြစ်မှာ ဤသူများသာ ဖြစ်ကြသည်။

ထိုမှတစ်ပါး မွတ်စ္စလင်မ်များ၏ ဆွေမျိုးနီးစပ်များမှာလည်း ထိုသူများထဲမှပင် ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ ကိစ္စရပ်များတွင် ညာတာထောက်ထားမှုပြုမည်ကို စိုးရိမ်ရပါသည်။ */ မဇှ်ဟရီကျမ်း /*

အစ္စလာမ်နိုင်ငံတွင်း မှီတင်းနေထိုင်သူ မွတ်စ္စလင်မ်မဟုတ်သူများသည် အစ္စလာမ်သာသနာ အပေါ် ပညာရေးအရ ရှုတ်ချပြောဆိုခွင့်ရှိသော်လည်း မဟုတ်မမှန် စွပ်စွဲပြောဆိုပိုင်ခွင့် မရှိခြင်း

طَعَنُوا فِى دِينِكُمْ

ဟူသော စာလုံးမှ အချို့ပုဂ္ဂိုလ်များက အထောက်အထားပြု တင်ပြခြင်းမှာ မွတ်စ္စလင်မ်များ၏ သာသနာအပေါ် မတရားစွပ်စွဲပြောဆိုခြင်းသည် ကတိဖျက်ခြင်း၌ ပါဝင်ပေသည်။ အကြင်သူသည် အစ္စလာမ်နှင့် ရှရီအသ်တရားတော်အပေါ် မတရားစွပ်စွဲပြောဆိုမည်ဆိုလျှင် ထိုသူသည် မွတ်စ္စလင်မ်များနှင့် ချုပ်ဆိုထားသည့် စာချုပ်စည်းဘောင်အတွင်း၌ ရှိမည်မဟုတ်တော့ပေ။ သို့သော် ဓမ္မသတ်ပညာရှင်များ၏ တစ်ညီတစ်ညွတ်တည်း အဆိုအရ အဆိုပါဝါကျ၏ အလိုသဘောမှာ မတရားစွပ်စွဲပြောဆိုခြင်းပင် ဖြစ်သည်။ ယင်းစွပ်စွဲပြောဆိုခြင်းသည် အစ္စလာမ်နှင့် မွတ်စ္စလင်မ်များ သေးသိမ်စေရန်အတွက် အတိအလင်း စွပ်စွဲချက်များ ဖြစ်သည်။ အမိန့်ပညတ်ချက်များတွင် လေ့လာစူးစမ်းရာ၌ ပညာရေးအရ ရှုတ်ချပြောဆိုခြင်းများ မပါဝင်ပေ။ အဘိဓါန်အရ ထိုသို့ ပြုခြင်းကို မတရားစွပ်စွဲခြင်းဟူ၍ မခေါ်ဆိုပေ။

ထို့ကြောင့် အစ္စလာမ့်နိုင်ငံအတွင်း နေထိုင်ကြသော မွတ်စ္စလင်မ်မဟုတ်သူများနှင့် ပညာရေးအရ ရှုတ်ချပိုင်ခွင့် ရှိသည်။ သို့သော် အစ္စလာမ်သာသနာအပေါ် မတရားစွပ်စွဲပြောဆိုခြင်းနှင့် သေးသိမ်အောင် နှိမ့်ချပြောဆိုပိုင်ခွင့် မရှိပေ။

ထိုအာယသ်တော်တွင် **اِنَّهُمْ لَا اَيْمَانَ لَهُمْ** ဟူ၍ မိန့်ထားလေသည်။ ဆိုလိုသည်မှာ 'ဤလူများ၏ ကျိန်ဆိုခြင်းသည် လက်ခံနိုင်လောက်သည့် ယုံကြည်စိတ်ချရသည့် ကျိန်ဆိုခြင်းမျိုး မဟုတ်ပေ။' အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ကျိန်ဆိုခြင်းအား ချိုးဖောက်ခြင်း၊ ကတိဖျက်ခြင်းအား အကျင့်ဖြစ်နေကြပြီး ဖြစ်သည်။ ဤနေရာ၌ ဗဟုဝုစ်ကိန်း သုံးထားရခြင်း၏ ဖြစ်နိုင်ချေရှိသော အဓိပ္ပာယ်မှာ ၎င်းတို့အနေနှင့် မိမိတို့၏ ကျိန်ဆိုခြင်းများကို ချိုးဖောက်လိုက်ပြီဆိုပါက ယခု မွတ်စ္စလင်မ်များအပေါ်၌လည်း ထိုသူများ၏ ကျိန်ဆိုခြင်းနှင့် ကတိများအပေါ် ဆောက်တည်ရန် တာဝန်မရှိတော့ပေ။

အာယသ်တော်၏ နောက်ဆုံးတွင် **لَعَلَّهُمْ يَنْتَهُوْنَ** ဟူ၍ မိန့်တော်မူထားပေသည်။ သို့မှသာ ထိုသူများသည် နောက်ပြန်လှည့်လာကြမည် ဖြစ်သည်။ ထို့နောက်ဆုံးဝါကျမှ တင်ပြထားသည်မှာ မွတ်စ္စလင်မ်များ၏ 'ဂျီဟားဒ်' စစ်ထိုးခြင်း၏ ရည်ရွယ်ချက်မှာ လောကရှိ အခြားသူများကဲ့သို့ ရန်သူကို ဒုက္ခပေးခြင်း၊ ကလဲ့စားချေလိုသည့် စိတ်ကို ဖြည့်ဆည်းစေခြင်း (သို့) ဘုရင်ခံများကဲ့သို့ နိုင်ငံအား သိမ်းပိုက်လိုခြင်းစသည့် ဆန္ဒများ မပါသည့်အပြင် မွတ်စ္စလင်မ်များ 'ဂျီဟားဒ်' ပြုရခြင်း၏ ရည်ရွယ်ချက်မှာ ရန်သူများ၏

ကောင်းနိုး ရာရာများကို လိုလားခြင်းနှင့် ကိုယ်ချင်း စာနာစိတ်ဖြင့် ၎င်းရန်သူများအနေနှင့် မိမိတို့၏ မှားယွင်းသော လုပ်ရပ်များကို စွန့်လွှတ်ရန် အမှန်တရားဘက်သို့ ပြန်လှည့်လာစေရန်သာ ဖြစ်သည်။

ထို့နောက် (၁၃) အာယသ်တော်တွင် မွတ်စ္စလင်မ်များကို 'ဂျိဟားဒ်' လုပ်ရန်အတွက် နှိုးဆော်ထားပေသည်။ ၎င်းမှာ အသင်တို့သည် တမန်တော်မြတ် ﷺ ကို မဒီနာမြို့မှ နှင်ထုတ်ရန် စီစဉ်ခဲ့ကြသည်။ ၎င်းနောက် ပြောဆိုကြသည်မှာ-

لَيُخْرِجَنَّ الْاَعَزُّ مِنْهَا الْاَذَلَّ

ဆိုလိုသည်မှာ ဤကဲ့သို့သော သိက္ခာပိုင်းဆိုင်ရာနှင့် စွမ်းအားပိုင်းဆိုင်ရာ အားနည်းသောသူကို မဒီနာမြို့မှ နှင်ထုတ်ကြရမည်။ ၎င်းတို့ထံ၌ သိက္ခာရှိသော သူမှာ ၎င်းတို့သာလျှင်ဖြစ်ပြီး မွတ်စ္စလင်မ်များကို အားနည်းသောသူများ၊ သေးသိမ်သောသူများဟူ၍ မှတ်ယူထားကြသည်။ ယင်းသို့ နားလည်မှတ်ယူထားခြင်းကို အဖြေပေးရာ၌ အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့ လက်တွေ့ကျကျ ပြုလုပ်ပြတော်မူလိုက်သည်။ ၎င်းမှာ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာများသည် ၎င်းတို့ကို မဒီနာမြို့မှ နှင်ထုတ်ပြသလိုက်သည်မှာ သိက္ခာရှိသော သူများသည် မွတ်စ္စလင်မ်များသာဖြစ်သည်။ အားနည်းပြီး၊ သေးသိမ်များမှာ ယဟူဒီများသာ ဖြစ်ကြသည်။

၎င်းတို့နှင့် စစ်ထိုးရန်အတွက် အခြားအကြောင်းခံတစ်ခုကို တင်ပြမိန့်တော်မူထားသည်မှာ-

وَهُمْ بَدَءُوْكُمْ اَوَّلَ مَرَّةٍ

အလိုသဘောမှာ ၎င်းတို့ဘက်မှသာလျှင် စပြီး စစ်ထိုးခဲ့ခြင်း ဖြစ်ပေသည်။ ယခု တွန်းလှန်ရန်အတွက်သာ စစ်ထိုးရမည်ဖြစ်သည်။ ယင်းသို့ တွန်းလှန်ခြင်းသည် မှန်ကန်ဖြောင့်မတ်သော ခလေ့တစ်ခုသာ ဖြစ်သည်။

တစ်ဖန် မွတ်စ္စလင်မ်များ၏ စိတ်တွင်းမှ ထိုသူများ၏ ကြောက်စိတ်ကို ဖယ်ထုတ်ပစ်ရန်အတွက် မိန့်တော်မူထားသည်မှာ-

اَتَخْشَوْنَهُمْ فَاللّٰهُ اَحَقُّ اَنْ تَخْشَوْهُ

ဆိုလိုသည်မှာ အသင်တို့ ထိုသူများအား ကြောက်ရွံ့နေကြပါသလော။ စေန်အမှန် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့သင့်ပေသည်။ ထိုအသျှင်မြတ်၏ ပြစ်ဒဏ်ကို မည်သူမှ ဖယ်ရှားနိုင်ခြင်း မရှိပေ။ နောက်ဆုံးတွင် اِنْ كُنْتُمْ مُؤْمِنِيْنَ ဟု မိန့်တော်မူပြီး တင်ပြထားသည်မှာ တရားတော်၏ အမိန့်များအပေါ် လိုက်နာကျင့်သုံးရာတွင် အတားအဆီး ဖြစ်လောက်အောင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများအား ကြောက်ရွံ့ခြင်းသည် အီမာန်ရှင်တို့၏ လုပ်ရပ်မဟုတ်ပေ။

အာယသ်တော် (၁၄) နှင့် (၁၅) တွင် မွတ်စ္စလင်မ်များကို အခြားပုံစံ တစ်မျိုးဖြင့် 'ဂျိဟားဒ်' လုပ်ရန် နှိုးဆော်ထားပေသည်။ ယင်းအာယသ်တော်၌ အချို့စည်းမျဉ်းများကို တင်ပြထားပေသည်။

(၁) အကယ်၍ အသင်တို့သည် ထိုသူများနှင့် စစ်ထိုးရန် အဆင့်သင့်ဖြစ်သွားပြီးဆိုလျှင် အလ္လာဟ်အသျှင်မြတ်ဘက်မှ ကူညီစောင်မခြင်းသည် အသင်တို့နှင့်အတူ ရှိမည်ဖြစ်သည်။ ဤအုပ်စုများသည် မိမိတို့၏ မကောင်းသော လုပ်ရပ်များကြောင့် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်များကို ခံစားထိုက်သူများ ဖြစ်သွား

ကြပြီး ဖြစ်သည်။ သို့သော် ထိုသူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'သည် အတိတ်မှ အုပ်စုများ ကဲ့သို့ မိုးကောင်းကင်မှ (သို့) မြေပထဝီမှ ကျရောက်လာခြင်း ရှိမည်မဟုတ်ပေ။ သို့သာမက

يُعَذِّبْهُمُ اللهُ بِأَيْدِيكُمْ

ဆိုလိုသည်မှာ ထိုသူများကို အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ လက်နှင့် အပြစ်ပေးတော်မူ မည်ဖြစ်သည်။

(၂) ထိုစစ်ပွဲ၏ ရလဒ်တွင် အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များ၏ နှလုံးသားထဲမှ ထိုပူပင်သောကများအား ပပျောက်စေတော်မူမည်။ အကြင်ပူပင်သောကများသည် ကာဖိရ်များဘက်မှ မွတ်စ္စလင်မ်များအနေနှင့် အစဉ်ဆက်မပြတ် ခံစားခဲ့ရပြီး ဖြစ်သည်။

(၃) ထိုသူများ၏ သစ္စာဖောက်ခြင်းနှင့် ကတိဖျက်ခြင်းတို့ကြောင့် မွတ်စ္စလင်မ်များ၏ စိတ်တွင် ဒေါသပုန်များ ထခဲ့ရသည်။ ယင်းမွတ်စ္စလင်မ်များ၏ လက်ဖြင့် ထိုကာဖိရ်များကို ပြစ်ဒဏ်ခတ်စေပြီး မွတ်စ္စလင်မ်များအား ဒေါသဖြစ်ရခြင်းမှ ကင်းဝေးစေတော်မူမည်။

ဖော်ပြပါအာယသ်တော်တွင် لَعَلَّهُمْ يَنْتَهُونَ ဟု မိန့်တော်မူ၍ မွတ်စ္စလင်မ်များကို လမ်းညွှန်ထားသည်မှာ အသင်တို့အနေနှင့် ဒေါသပြေပျောက်စေရန်အတွက် မည်သည့်အုပ်စုနှင့်မှ စစ်မထိုးကြလေနှင့်။ သို့သာမက ထိုအုပ်စုများအား ပြုပြင်လိုသော ဆန္ဒနှင့် လမ်းမှန်တရား ရစေလိုသော ဆန္ဒသာ ထားရှိရမည်။ အဆိုပါအာယသ်တော်၌ တင်ပြထားသည်မှာ မွတ်စ္စလင်မ်တို့သည် 'နီယသ်'ကို အလ္လာဟ်အသျှင်မြတ် အတွက်သာပြုပြီး အလ္လာဟ်အသျှင်မြတ်အတွက် သာလျှင် စစ်ထိုးမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် မွတ်စ္စလင်မ်တို့၏ သောကနှင့် ဒေါသအတွက် သူ့အလိုအလျောက် ကလဲ့စား ချေပြီးသား ပုံစံမျိုး ဖြစ်အောင် ဖန်တီးပေးသနားတော်မူမည်ဖြစ်သည်။

(၄) وَيَتُوبُ اللهُ عَلَى مَنْ يَّشَآءُ ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ ထိုသူများ ထဲမှ အကြင်သူနှင့်ပတ်သက်၍ အလ္လာဟ်အသျှင်မြတ် နှစ်သက်မှုရှိပါက ထိုသူ၏ 'သောင်ဗာဟ်'ကို သဘော တူလက်ခံတော်မူမည်။ ယင်းအချက်မှ 'ဂျိဟား3'၏ အကျိုးအမြတ်တစ်ခုကို သိရှိရသည်မှာ ရန်သူအုပ်စု များထဲမှ များစွာသော လူများသည် အစ္စလာမ်ကို လက်ခံလိုက်ပြီး မွတ်စ္စလင်မ်များ ဖြစ်သွားကြသည်။ ဤသို့ဖြင့် မက္ကာဟ်မြို့ကို အောင်မြင်သောအခါ ဆိုးသွမ်းသူများစွာမှာ သေးသိမ်ခြင်းနှင့် ရင်ဆိုင်ခဲ့ကြရ၏။ အများစုမှာ မွတ်စ္စလင်မ်ဖြစ်သွားကြပေသည်။

ဤအာယသ်တော်များတွင် အခြေအနေများနှင့် ဖြစ်ရပ်များကို အနာဂတ်ဟောကိန်းများ အသွင် ဖြင့် အသိပေးတင်ပြထားပေသည်။ ထိုအခြေအနေများနှင့် ဖြစ်ရပ်များသည် ကျမ်းတော်မြတ်မှ သတင်း ပေးထားသည့်အတိုင်း တစ်ခုချင်း ပေါ်ထွက်လာလျက် ရှိသည်။ ဤအတွက်ကြောင့် ဤအာယသ်တော် များ၌ များစွာသော 'မုအ်ဂျေဇာဟ်'များ ပါဝင်လျက်ရှိပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

مَا كَانَ لِلْمُشْرِكِينَ أَنْ يَعْمُرُوا مَسَاجِدَ اللَّهِ
شَاهِدِينَ عَلَىٰ أَنْفُسِهِمْ بِالْكُفْرِ ۚ أُولَٰئِكَ حَبِطَتْ أَعْمَالُهُمْ وَ
فِي النَّارِ هُمْ خَالِدُونَ ﴿١٧﴾

၉ : ၁၇ ။ ။ မုရှ်ရစ်က်တို့၌ ၎င်းတို့သည် မိမိတို့ကိုယ်တိုင် (မိမိတို့နှင့် ဆန့်ကျင်၍) ကာဖိရ်ဖြစ်ကြောင်း သက်သေခံနေကြစဉ် အလ္လာဟ်အသျှင်မြတ်၏ ဗလီကျောင်းတော်များကို စည်ကားသာယာအောင် ပြုလုပ်ရန် အရည်အချင်းမရှိချေ။ ၎င်းတို့သည် အကြင်သူများပင် ဖြစ်သည်။ ထိုသူတို့၏ ပြုမူဆောင်ရွက်ချက်တို့မှာ အချည်းနှီးပင် ဖြစ်ခဲ့ကြရသည့်အပြင် ၎င်းတို့သည် ငရဲဘုံ၌ အစဉ်ထာဝရ နေထိုင်ကြရမည့်သူများ ဖြစ်ကြကုန်သည်။

إِنَّمَا يَعْمُرُ مَسَاجِدَ اللَّهِ مَنْ آمَنَ بِاللَّهِ
وَالْيَوْمِ الْآخِرِ وَأَقَامَ الصَّلَاةَ وَآتَى الزَّكَاةَ وَلَمْ يَخْشَ إِلَّا اللَّهَ ۖ
فَعَسَىٰ أُولَٰئِكَ أَنْ يَكُونُوا مِنَ الْمُهْتَدِينَ ﴿١٨﴾

၉ : ၁၈ ။ ။ စင်စစ် အကြင်သူတို့သာလျှင် အလ္လာဟ်အသျှင်မြတ်၏ ဗလီကျောင်းတော်များကို စည်ကားသာယာအောင် ပြုလုပ်နိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြသည့်အပြင် 'ဆွလားသ်' ဝတ်ပြုမှုကိုလည်း စွဲမြဲစွာ ဆောက်တည်ကြကုန်သည်။ 'ဇကားသ်' တရားဝင်ဒါနကြေးကိုလည်း ပေးဆောင်ကြကုန်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်ရွံ့ကြသည်လည်း မရှိပေ။ သို့ဖြစ်ပေရာ ထိုသူတို့သည်သာလျှင် တရားလမ်းမှန်ကို ရရှိသူများ ဖြစ်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုရှ်ရစ်က်များအနေနှင့် အလ္လာဟ့်အိမ်တော်များကို သာယာအောင်ပြုနိုင်သည့် အရည်အချင်းမရှိကြပေ။ ယင်းအိမ်တော်များတွင် 'ကအ်ဗာဟ်' ကျောင်းတော်လည်း ပါဝင်ပေသည်။ ထိုမုရှ်ရစ်က်များကိုယ်တိုင်က ကုဖွရ်၏ စကားရပ်များကို လက်ခံလျက် ရှိကြသည်။ အကြင်စကားရပ်များသည် ဧကန်စင်စစ်တွင် ဖီဆန်သော စကားရပ်များဖြစ်သော်ငြားလည်း ၎င်းမုရှ်ရစ်က်များကိုယ်တိုင်က ယုံကြည်လက်ခံကြောင်းကို ထုတ်ဖော်လျက်ရှိသည်။ အလိုသဘောမှာ ဗလီတည်ဆောက်ခြင်းသည် ကောင်းသော 'အမလ်' ဖြစ်ပေသည်။ သို့သော် ရှရစ်က်၏ လုပ်ရပ်များ ရှိနေခြင်းကြောင့် ထိုကောင်းမှုပြုခြင်းအား ဆန့်ကျင်လျက်ရှိသည်။ ထိုကောင်းမှုကို ပြုလုပ်နိုင်သည့် အရည်အချင်းပင် ပပျောက်လျက်ရှိရာ အဆိုပါကောင်းမှုပြုခြင်းသည် တရားမဝင်ဖြစ်သည့်အတွက် မာန်မာန ထောင်လွှားစရာပင် အကြောင်းမရှိပေ။ ထိုမုရှ်ရစ်က်များ၏ ကောင်း

သော လုပ်ရပ်ဟူသမျှသည် (ဗလီတည်ဆောက်ခြင်း စသည့် လုပ်ရပ်များ ပါဝင်သည်။) အချည်းအနှီးပင် ဖြစ်ပေသည်။ ထိုသို့ အချည်းအနှီးဖြစ်ရခြင်းသည် လက်ခံနိုင်လောက်သည့် စည်းကမ်းချက်များ မပါရှိသည့် အတွက် ဖြစ်သည်။ ယင်းအချည်းအနှီး လုပ်ဆောင်ချက်များအပေါ် မာနထောင်လွှားစရာ အကြောင်း မရှိပေ။ ထိုသူများသည် 'ဂျဟန္နမ်'တွင်း ထာဝရနေရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လွတ်ငြိမ်း ချမ်းသာခွင့်ရမည့် အကြောင်းခံဟူသမျှမှာ ပျက်စီးဆုံးရှုံးသွားပြီး ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်များကို တည်ထောင်ပြီး သာယာအောင် ပြုခြင်းသည် ထိုသူများ၏ လုပ်ရပ်ဖြစ်ပေသည်။ (ဆိုလိုသည်မှာ ထိုသူများသည် အပြည့်အဝ သဘောတူလက်ခံခြင်း ခံရမည်ဖြစ်သည်။)

အကြင်သူများသည် အလ္လာဟ်အသျှင်မြတ်နှင့် 'ကေယာမသ်'နေ့အပေါ် စိတ်နှလုံးသားထဲတွင် အီမာန် သက်ဝင်ယုံကြည်ကြပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများမှလည်း ထိုယုံကြည်ချက်ကို ထုတ်ဖော်ပြသကြသည်။ ဥပမာ- နမာဇ်ကို ခိုင်မြဲစွာ ဆောက်တည်ကြသည်။ 'ဇကားသ်'ပေးဆောင်ကြသည်။ (အလ္လာဟ်အသျှင်မြတ် အပေါ် ဤသို့ ယုံကြည်အားထားကြသည်။) အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ ကြောက်ရွံ့ ခြင်းမရှိကြချေ။ သို့ရှိရာ ထိုသူများနှင့် ပတ်သက်၍ ကတိတော်ရှိသည်မှာ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင် (ဆိုလိုသည်မှာ 'ဂျန္နသ်' နှင့် လွတ်ငြိမ်းချမ်းသာခွင့်) အထိ ရောက်ရှိသွားကြမည် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများ၏ ကျင့်စဉ်သည် အီမာန်ရှိခြင်းကြောင့် လက်ခံသဘောတူခြင်းကို ရရှိပြီး တမလွန်၌ အကျိုးခံစားရမည်ဖြစ်သည်။ မုရှ်ရစ်က်များသည် အဆိုပါစည်းမျဉ်းနှင့် ကင်းမဲ့သည့်အတွက် လုပ်ဆောင်ချက် များမှာ အကျိုးမရှိ ဖြစ်ရ၏။ ယင်းအပေါ် မာန်မာနထောင်လွှားခြင်းသည် အချည်းအနှီးပင် ဖြစ်စေသတည်း။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များ၏ ဆိုးသွမ်းခြင်း၊ ကတိဖျက်ခြင်း နှင့် မိမိတို့၏ မှားယွင်းသော သာသနာအတွက် အမျိုးမျိုး ကြိုးစားခြင်း၊ ၎င်းနောက် ယင်းနှင့်ယှဉ်လျက် မွတ်စ္လင်မ်များကို 'ဂျီဟားဒ်'ပြုရန် နှိုးဆော်ထားခြင်းများကို တင်ပြထားပေသည်။ ယခု တင်ပြပါ အာယသ်တော်များတွင် မွတ်စ္လင်မ်များကို 'ဂျီဟားဒ်'၏ လေးနက်ခြင်းကို တင်ပြထားခြင်းနှင့်အတူ တစ်ဆက်တည်းမှာပင် ဖော်ပြထားသည်မှာ 'ဂျီဟားဒ်'စစ်ပွဲသာလျှင် မွတ်စ္လင်မ်များကို စမ်းစစ်သော အရာတစ်ခု ဖြစ်သည်။ ပြည့်ဝသည့် မွတ်စ္လင်မ်၊ မုနာဖစ်က်နှင့် အီမာန်အားနည်းသူများအကြား ပိုင်းခြား ပေးသောအရာဖြစ်သည်။ ဤစမ်းစစ်ခြင်းသည် အရေးကြီး၏။

အာယသ်တော် (၁၆) တွင် မိန့်တော်မူထားသည်မှာ 'အသင်တို့အနေနှင့် အစ္စလာမ်သာသနာတော်၏ 'ကလေမာဟ်'တော်ကို နှုတ်လျှာမှ ရွတ်ဆိုပြီး အစ္စလာမ်ပါဟု ကြွေးကြော်ရုံမျှနှင့် လွတ်မြောက်သွားကြ မည်ဟု ထင်မှတ်နေကြပါသလော။' အသင်တို့ထဲမှ 'ဂျီဟားဒ်'စစ်ထိုးမည့် မွတ်စ္လင်မ်ပီသသောသူ တစ်ဦးကို အပေါ်ယံအားဖြင့် အလ္လာဟ်အသျှင်မြတ်အနေနှင့် မတွေ့ရသည့် ကာလပတ်လုံး လွတ်မြောက်ကြမည် မဟုတ်ပေ။ အကြင်မွတ်စ္လင်မ်ပီသသူသည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မှအပ အခြား မည်သည့်အရာများကိုမှ မိတ်ဆွေအဖြစ် သတ်မှတ်သူ မဖြစ်ရပေ။

ဤအာယသ်တော်တွင် မွတ်စ္စလင်မ်ဟု မှတ်ယူရသောသူများအားလုံးကို ဦးတည်၍ မိန့်တော်မူထားပေသည်။ ကေန်အမှန် ထိုသူများထဲတွင် အချို့မုနာဖစ်က်များလည်း ရှိသည်။ အချို့အီမာန်အားနည်းသောသူများလည်း ပါဝင်ပေသည်။ ထိုသူများသည် မိမိတို့၏ မွတ်စ္စလင်မ်မဟုတ်သော မိတ်ဆွေများအား မွတ်စ္စလင်မ်များ၏ လျှို့ဝှက်ချက်များကို အသိပေးခဲ့ကြသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် မွတ်စ္စလင်မ်မှီသသောသူများ၏ လက္ခဏာနှစ်ရပ်ကို တင်ပြထားပေသည်။

မွတ်စ္စလင်မ်မှီသသော သူများ၏ လက္ခဏာ နှစ်ရပ်

(၁) အလ္လာဟ်အသျှင်မြတ်အတွက် ကာဖိရ်များနှင့် စစ်ထိုးရမည်။

(၂) မွတ်စ္စလင်မ်မဟုတ်သူများကို မိမိတို့၏ မိတ်ဆွေရင်းအဖြစ် မဆက်ဆံကြလေနှင့်။

အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ-

وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ

ဆိုလိုသည်မှာ အသင်တို့၏ လုပ်ဆောင်ချက်ဟူသမျှကို အလ္လာဟ်အသျှင်မြတ် သိတော်မူ၏။ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မည်သည့်အကြောင်းပြချက်မှ အသုံးဝင်မည်မဟုတ်ပေ။

ဤအကြောင်းအရာကိုပင် ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တွင် ဤသို့လည်း တင်ပြထားပေသည်။ ၎င်းမှာ-

اَحَسِبَ النَّاسُ اَنْ يُّتْرَكُوْٓا اَنْ يَّقُوْلُوْٓا اٰمَنَّا وَهُمْ لَا يُفْتَنُوْنَ

ဆိုလိုသည်မှာ 'ထိုသူများသည် နှုတ်လျှာမှ မိမိကိုယ်မိမိ အီမာန်ရှင်ဟူ၍ ပြောဆိုရုံမျှနှင့် လွတ်လပ်စွာ လွှတ်ပေးလိုက်မည်ဟူ၍ မှတ်ယူနေကြပါသလော။ ထိုသူများအား မည်သို့မျှ မစမ်းစစ်တော့ဟူ၍ ထင်မှတ်နေကြပါသလော။'

မွတ်စ္စလင်မ်မဟုတ်သူတစ်ဦးကို မိတ်ဆွေဖွဲ့ပိုင်ခွင့် မရှိခြင်း

ဖော်ပြပါအာယသ်တော်တွင် وَلِيْجَة ဟူသော စာလုံးကို သုံးနှုန်းထားပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'လျှို့ဝှက်ချက်'ဖြစ်သည်။ အခြားအာယသ်တော်များတွင် အဆိုပါအဓိပ္ပာယ်အတွက် بِطَانَة စာလုံးကို သုံးနှုန်းထားပြီး ၎င်း بطانة ၏ မူရင်းအဓိပ္ပာယ်မှာ 'ကိုယ်ခန္ဓာနှင့် ထိကပ်လျက်ရှိသော အောက်ခံအဝတ်' ကို ခေါ်ဆိုသည်။ ဆိုလိုသည်မှာ 'အတွင်းလျှို့ဝှက်ချက်များကို သိသောသူ' ဖြစ်သည်။ ထိုအာယသ်တော်၏ ဝါကျမှာ-

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا بِطَانَةً مِّنْ دُوْنِكُمْ لَا يَاْلُوْنَكُمْ خَبَالًا

'အို၊ အီမာန်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ မွတ်စ္စလင်မ်များမှအပ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မှ မိမိ၏ လျှို့ဝှက်ချက်များ သိခွင့်ရှိသူအဖြစ် မိတ်ဆွေမဖွဲ့ကြလေနှင့်။ ထိုကဲ့သို့သော

သူများနှင့် မိတ်ဆွေဖွဲ့မည်ဆိုလျှင် အသင့်အား လှည့်ဖြားသည့်နေရာတွင် အနည်းငယ်မျှပင် ညာတာတော်မူမည်မဟုတ်ပေ။'

ထို့နောက် အာယသ်တော် (၁၇) နှင့် (၁၈) တွင် 'ကအ်ဗာဟ်'ကျောင်းတော်နှင့် အခြားဗလီဝတ်ကျောင်းတော်များကို မှားယွင်းသည့် ခဝပ်မှုများမှ ကင်းစင်ရန်နှင့် မှန်ကန်သည့် နည်းလမ်းနှင့် ခဝပ်မှုပြုရန် လမ်းညွှန်ထားပေသည်။ ယင်း၏ အကျယ်တဝင့်မှာ မက္ကာဟ်မြို့ကို အောင်မြင်ပြီးနောက် တမန်တော်မြတ် ﷺ သည် 'ကအ်ဗာဟ်'ကျောင်းတော်မှ မုရှ်ရစ်က်များ ကိုးကွယ်ကြသည့် ရုပ်တုများကို ဖယ်ရှားပစ်တော်မူခဲ့သည်။ ဤသို့ဖြင့် 'ကအ်ဗာဟ်'ကျောင်းတော်မှ ရုပ်တုများနှင့် ကင်းစင်သွားခဲ့ရပေသည်။ သို့သော် တမန်တော်မြတ် ﷺ သည် မိမိ၏ ရန်သူဟောင်းများအပေါ် လွှမ်းမိုးခဲ့ပြီးနောက် အားလုံးကို ခွင့်လွှတ်ပြီး ငြိမ်းချမ်းမှု ပေးတော်မူခဲ့ပေသည်။ ထိုမုရှ်ရစ်က်များသည် ယခုလည်း 'ကအ်ဗာဟ်'ကျောင်းတော်တွင်း၌ 'အေဗာဒသ်'နှင့် 'သွဝါးဖ်'စသည်တို့ကို မှားယွင်းသည့်နည်းအတိုင်း ပြုလုပ်လျက်ရှိကြသည်။

ယခု အရေးကြီးသည်မှာ 'ကအ်ဗာဟ်'ကျောင်းတော်မှ ရုပ်တုများ ကင်းစင်သွားသကဲ့သို့ ရုပ်တုကိုးကွယ်ခြင်းနှင့် ၄င်းတို့၏ မှားယွင်းသော နည်းစနစ်ဟူသမျှကို ဤသန့်ပြန့်သည့် မြေပထဝီပေါ်မှ သန့်စင်ရန် ဖြစ်ပေသည်။ ထိုသို့ သန့်စင်အောင် ပြုလုပ်ရန်အတွက် ပေါ်လွင်သည့် ပုံစံမှာ မုရှ်ရစ်က်များကို 'ကအ်ဗာဟ်'ကျောင်းတော်အတွင်း ဝင်ရောက်ခြင်းမှ တားမြစ်ရမည်ဖြစ်သည်။ သို့သော် ထိုသို့ ပြုလုပ်ခြင်းသည် ၄င်းတို့အား ပေးထားသည့် ငြိမ်းချမ်းရေးနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ကတိစာချုပ် အပေါ် လိုက်နာရန် အစ္စလာမ်သာသနာတော်တွင် အဆိုပါအရာများအားလုံးထက် ဦးစားပေးရမည့် အချက်ဖြစ်ပြီး အရေးကြီးဆုံး ဖြစ်ပေသည်။ ထို့ကြောင့် ချက်ချင်းဆိုသလို အမိန့်ကို ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ သို့သာမက မက္ကာဟ်မြို့ကို အောင်မြင်ပြီးနောက် ရှေ့နှစ်မှာပင် တမန်တော်မြတ် ﷺ သည် ဟဇရသ်အဗူဘကရ် ؓ နှင့် ဟဇရသ်အလီ ؓ တို့၏ အမှီသဟဲဖြင့် 'မီနာ'နှင့် 'အရ်ဖွာသ်'၏ လူအများ စုဝေးရာနေရာတွင် ဤသို့ ကြေညာခဲ့လေသည်။ ၄င်းမှာ အနာဂတ်တွင် မုရှ်ရစ်က်များ၏ ပုံစံဖြင့် 'အေဗာဒသ်'နှင့် 'ဟဂျ်'၊ 'သွဝါးဖ်' စသည့်အရာများ 'ကအ်ဗာဟ်'ကျောင်းတော်တွင် ပြုပိုင်ခွင့် မရှိတော့ပေ။ အမှောင်ခေတ်တွင် ဝတ်လစ်စလစ်ဖြင့် 'သွဝါးဖ်'ပြုလုပ်သည့် မကောင်းသော ဓလေ့ရှိခဲ့သည်။ အနာဂတ်တွင် ထိုကဲ့သို့ ပြုခွင့်ရှိမည်မဟုတ်ပေ။ သို့ရှိရာ ဟဇရသ်အလီ ﷺ သည် မီနာရှိ လူအများ စုဝေးရာနေရာတွင် အဆိုပါ အတိုင်း ကြေညာချက်ထုတ်ပြန်ခဲ့ပေသည်။၄င်းမှာ-

لَا يَحُجَّنَّ بَعْدَ الْعَامِ مُشْرِكٌ وَلَا يَطُوفَنَّ بِالْبَيْتِ عُرْيَانٌ

အလိုသဘောမှာ ယခုနှစ်နောက်ပိုင်းမှ စပြီး မည်သည့်မုရှ်ရစ်က်မှ ဟဂျ်ပြုခွင့်မရှိပေ။ ၄င်းနောက် မည်သူမှ ဝတ်လစ်စလစ်ဖြင့် 'ကအ်ဗာဟ်'ကျောင်းတော်အတွင်း 'သွဝါးဖ်'ပြုခွင့် မရှိပေ။ ယခုနှစ် တစ်နှစ်လုံး အချိန်ပေးရခြင်း၏ အကြောင်းမှာ ထိုသူများတွင် မွတ်စ္စလင်မ်များနှင့် ကတိစာချုပ် ချုပ်ဆိုထားသူများစွာ ရှိသည်။ ထိုသူများသည် ယခုအချိန်အထိ ကတိစာချုပ်အပေါ် ရပ်တည်လျက်ရှိနေကြပေသည်။

စာချုပ်ပါ ကန့်သတ်ရက် မပြည့်မီအလျင် ထိုသူများကို ထပ်မံ ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းခြင်းသည် အစ္စလာမ်သာသနာတော်၏ စည်းမျဉ်းနှင့် ဆန့်ကျင်နေပေသည်။ ထို့ကြောင့် တစ်နှစ်အလျင်မှပင် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပေသည်။ ၎င်းမှာ 'ကအ်ဗာဟ်'ကျောင်းတော်အား မုရှရစ်က်များကဲ့သို့ ခဝပ်ကိုးကွယ်ခြင်းနှင့် ဓလေ့ထုံးစံများမှ ကင်းစင်ရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော 'အေဗာဒသ်'သည် ဧကန်စင်စစ် 'အေဗာဒသ်'နှင့် ဗလီဝတ်ကျောင်းတော်အား သာယာအောင် ပြုခြင်းမဟုတ်သည့်အပြင် ဗလာဟင်းလင်းဖြစ်အောင် ပြုခြင်းပင် ဖြစ်သည်။

ဤမက္ကာဟ်မြို့ရှိ မုရှရစ်က်များသည် မိမိတို့၏ ရှရစ်က်လုပ်ရပ်များနှင့် ဓလေ့ထုံးစံများကို 'အေဗာဒသ်'နှင့် 'ကအ်ဗာဟ်'ကျောင်းတော်ကို သာယာအောင် ပြုခြင်းဖြစ်သည်ဟူ၍ ကင်ပွန်းတပ်ကြသည်။ ယင်းအချက်အပေါ် ၎င်းတို့က မာနထောင်လွှားခဲ့ကြသည်။ ၎င်းမှာ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်နှင့် 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်'၏ 'မုသဝလ္လီ'များ ဖြစ်ကြသည်။ ယင်းအဆောက်အဦး၏ တာဝန်ခံများ ဖြစ်ကြသည်။ ဟဇရသ်အဗ်ဗွလ္လာဟ် အိဗ်နေအဗ္ဗားစ် ﷺ သည် အစ္စလာမ်သာသနာတော်အား လက်မခံမီအလျင် 'ဗဒရ်'စစ်ပွဲတွင် အဖမ်းခံလိုက်ရ၏။ မွတ်စ္စလင်မ်များသည် ဟဇရသ်အဗ္ဗားစ် ﷺ ကို ကုဖွရ်နှင့် ရှရစ်ကအပေါ် ရပ်တည်နေခြင်းကြောင့် အရှက်ရအောင် ပြောဆိုခဲ့လေသည်။ ထိုအခါ ဟဇရသ်အဗ္ဗားစ် ﷺ သခင်မှ အဖြေပေး ပြောကြားသည်မှာ 'အသင် တို့သည် ကျွန်တော်မျိုး၏ မကောင်းမှုများကိုသာ မှတ်သားထားကြသည်။ ကောင်းမှုများကို မည်သူမှ တင်ပြကြခြင်း မရှိပေ။ ကျွန်ုပ်တို့သည် အလ္လာဟ့်အိမ်တော်ကို သာယာအောင် ပြုလုပ်ခြင်း၊ အိမ်တော်အတွက် အစီအစဉ်များ ပြုလုပ်ခြင်း၊ ဟာဂျီများကို ရေတိုက်ခြင်း စသည့် အကျိုးဆောင်ခြင်းများ၏ 'မုသဝလ္လီ'ဖြစ်သည်ကို မည်သူမှ မသိရှိကြပါသလော။'

ထိုအချက်အပေါ် ကျမ်းတော်မြတ်၏ ဤအာယသ်တော်များ ကျရောက်လာပေသည်။

مَاكَانَ لِلْمُشْرِكِيْنَ اَنْ يَّعْمُرُوْا مَسٰجِدَ اللّٰهِ

ဆိုလိုသည်မှာ မုရှရစ်ကများကို အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်များ တည်ဆောက်ရန် မည်သို့မှ တာဝန်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဗလီဝတ်ကျောင်းတော်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း၏ ခဝပ်ကိုးကွယ်မှုပြုရန်အတွက်သာ တည်ဆောက်ရခြင်း ဖြစ်သည်။ ရှရစ်ကနှင့် ကုဖွရ်နှင့် ထိုအရာနှင့် ဆန့်ကျင်ဘက် ဖြစ်သည့်အတွက် ထိုအဆောက်အဦးများနှင့်အတူ ရော၍ တည်ဆောက်နိုင်ခွင့် မရှိပေ။ ဤအာယသ်တော်၌ ဗလီတည်ဆောက်ရမည်ဟူသော စာလုံးအား အဓိပ္ပာယ်များစွာ၌ သုံးနှုန်းထားပေသည်။ တစ်ခုမှာ အပြင်ပိုင်း အုပ်ရိုးတည်ဆောက်ခြင်း၊ ဒုတိယအချက်မှာ ဗလီအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သန့်ရှင်းရေး စသည့် လိုအပ်ချက်များအား စီမံဆောင်ရွက်ခြင်း၊ တတိယအချက်မှာ 'အေဗာဒသ်'အတွက် ဗလီ၌ ရောက်ရှိလာခြင်းတို့ ဖြစ်သည်။ 'အွမ်ရာဟ်'ကို 'အွမ်ရာ'ဟု ခေါ်ဆိုရခြင်းမှာ 'အွမ်ရာဟ်'ပြုရာတွင် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်အား ဖူးမျှော်ခြင်းနှင့် 'အေဗာဒသ်'အတွက် ရောက်ရှိခြင်းတို့ ဖြစ်သည်။

မက္ကာဟ်မြို့ရှိ မုရှရစ်ကများသည် အဆိုပါ အဓိပ္ပာယ်သုံးမျိုးစလုံးအရ မိမိကိုယ်မိမိ အလ္လာဟ့်အိမ်တော်အား တည်ဆောက်သူနှင့် အိမ်တော် အဆောက်အဦး၏ တာဝန်ခံဖြစ်သည်ဟု မှတ်ယူထားကြသည်။ ယင်းအချက်အပေါ် ၎င်းတို့ မာန်မာန ထောင်လွှားလျက်ရှိကြသည်။ ဤအာယသ်တော်များတွင် အလ္လာဟ်

အသျှင်မြတ်မှ အတိအလင်း မိန့်တော်မူထားသည်မှာ မုရှ်ရစ်က်များသည် အလ္လာဟ်အသျှင်မြတ်၏ ဗလီဝတ်ကျောင်းတော်များနှင့် ပတ်သက်၍ မည်သို့မှ တာဝန်မရှိပေ။ ၎င်းတို့ကိုယ်တိုင်က မိမိတို့၏ ကုဖွ်ရ်ရှရစ်က်၏ သက်သေများပင် ဖြစ်ကြသည်။ ၎င်းတို့၏ ကျင့်ကြံမှုများမှာ ပျက်စီးသွားပြီး အချည်းအနှီးဖြစ်သွားပေမည်။ ထိုသူများသည် 'ဂျဟန္နမ်'အတွင်း ထာဝရ နေမည့်သူများ ဖြစ်ကြပေသည်။

'မိမိတို့ကိုယ်တိုင် ကုဖွ်ရ်၊ ရှရစ်က်၏ သက်သေဖြစ်ရခြင်း'၏ အလိုသဘောမှာ မိမိတို့၏ မုရှ်ရစ်က်ပုံစံနှင့် ပြုလုပ်ဆောင်ရွက်ထားကြသော လုပ်ဆောင်ချက်များကြောင့် မိမိတို့၏ ရှရစ်က်အပေါ် ကိုယ်တိုင်သက်သေပြနေသည်နှင့် အလားသဏ္ဌာန်တူပေသည်။ သို့မဟုတ် ခရေ့ထုံးစံအရ နဆွ်ရာနီနှင့် ယဟူဒီများအား 'အသင်တို့ မည်သူပါနည်း'ဟု မေးမြန်းရာ ၎င်းတို့က မိမိကိုယ်မိမိ 'နဆွ်ရာနီ (သို့) ယဟူဒီဖြစ်သည်' ဟု ပြောဆိုမည်ဖြစ်သည်။ ထိုနည်းတူစွာ မီးကိုးကွယ်သောသူများနှင့် ရုပ်တုကိုးကွယ်ကြသောသူများသည် အဆိုပါအတိုင်းပင် မိမိကိုယ်မိမိ မိတ်ဆက်ကြပေသည်။ ဤသည်ပင်လျှင် ကုဖွ်ရ်နှင့် ရှရစ်က်ကို လက်ခံရန် သက်သေထွက်ဆိုကြခြင်းပင် ဖြစ်သည်။ *[အိဗ်နေကသီးရ်]*

ဤအာယသ်တော်၌ မုရှ်ရစ်က်များအနေနှင့် ဗလီတည်ဆောက်နိုင်ခွင့် မရှိကြောင်းကို တင်ပြထားပေသည်။ အခြားအာယသ်တော်တွင် ဗလီတည်ဆောက်ရာ၌ ခိုင်မာသည့်ပုံစံတစ်ရပ်ကို ဤသို့ မိန့်တော်မူထားပေသည်။

إِنَّمَا يَعْمُرُ مَسَٰجِدَ ٱللَّهِ مَنْ ءَامَنَ بِٱللَّهِ وَٱلْيَوْمِ ٱلْءَاخِرِ وَأَقَامَ ٱلصَّلَوٰةَ وَءَاتَى ٱلزَّكَوٰةَ وَلَمْ يَخْشَ إِلَّا ٱللَّهَ فَعَسَىٰٓ أُو۟لَٰٓئِكَ أَن يَكُونُوا۟ مِنَ ٱلْمُهْتَدِينَ

အလိုသဘောမှာ ဗလီများကို တည်ဆောက်ခြင်းမှာ ထိုသူများ၏ အလုပ်ဖြစ်သည်။ အကြင်သူများသည် အလ္လာဟ်အသျှင်မြတ်၏ အပေါ်၌သော်လည်းကောင်း၊ 'ကေယာမသ်'နေ့အပေါ်၌သော်လည်းကောင်း အီမာန်ယူလာရမည်။ နမာဇ်ဆောက်တည်ရမည်။ 'ဇကားသ်'ပေးဆောင်ရမည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သည့်အရာကိုမှ မကြောက်ရွံ့ရပေ။ သို့ရှိရာ အဆိုပါလူများနှင့် ပတ်သက်၍ မျှော်လင့်ချက်ရှိသည်မှာ ထိုသူများသည် မိမိတို့၏ ရည်ရွယ်ချက်အတိုင်း အောင်မြင်မည့်သူများ ဖြစ်ကြပေသည်။

အလိုသဘောမှာ ဗလီဝတ်ကျောင်းတော်အား အစိကတည်ဆောက်နိုင်သော သူများမှာ ယုံကြည်ချက်ပိုင်းဆိုင်ရာ၌လည်းကောင်း၊ ကျင့်သုံးမှုပိုင်းဆိုင်ရာ၌လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း လိုက်နာကျင့်သုံးကြသောသူများ ဖြစ်ရမည်။ အလ္လာဟ်အသျှင်မြတ်နှင့် 'ကေယာမသ်'နေ့အပေါ် အီမာန်ယူလာသူ ဖြစ်ရမည်။ ၎င်းနောက် နမာဇ်နှင့် 'ဇကားသ်'အပေါ် လိုက်နာကျင့်သုံးရမည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ မကြောက်ရွံ့ရပေ။ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်နှင့် 'ကေယာမသ်' နေ့အပေါ် အီမာန်ယူလာရမည်ဟူ၍သာ တင်ပြထားပေသည်။ ရစူလ်အပေါ် အီမာန်ယူလာရန် မတင်ပြထားရသည့် အကြောင်းရင်းမှာ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူလာရန်အတွက် ရစူလ်အပေါ် အီမာန်ယူလာရန် အရေးကြီးပေသည်။ ရစူလ်အပေါ် အီမာန်မယူလာဘဲနှင့် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူလာမည်ဆိုလျှင် မည်သို့မှ မဖြစ်နိုင်ပေ။ ထိုရစူလ်၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်

တော်များ ကျရောက်လာသည်ကို စိတ်တွင်းမှ ယုံကြည်လက်ခံရမည်ဖြစ်သည်။ ဤအတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူလာခြင်း၌ ရစူလ်အပေါ် အီမာန်ယူလာခြင်းသည် ဗီဇအရ သူ့အလို ပါဝင်လျက် ရှိပြီးဖြစ်သည်။ ဤအတွက်ကြောင့်ပင် တမန်တော်မြတ် ﷺ သည် တစ်ခါက ဆွဟာဗာများအား မေးမြန်းသည်မှာ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူထားခြင်းဆိုသည်မှာ အဘယ်နည်း။ အသင်တို့ သိရှိကြပါသလော။ ထိုအခါ ဆွဟာဗာများက အလ္လာဟ်နှင့် ရစူလ်သာ အသိဆုံး ဖြစ်ပါ၏။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားဝပ်ကိုးကွယ်ခံထိုက်သူမရှိကြောင်းကို သက်သေထွက်ဆိုရမည်။ ၎င်းနောက် မိုဟမ္မဒ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ကြောင်းကိုလည်း သက်သေထွက်ဆိုရမည်။ ယင်းဟဒီးစ်တော်မှ တင်ပြလိုက်သည်မှာ ရစူလ်အပေါ် အီမာန်ယူလာခြင်းသည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူလာခြင်း၌ ပါဝင်ပေသည်။ *[မဇှဟရီ]*

အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ မကြောက်ရွံ့ရဟူ၍ မိန့်ဆိုထားရာတွင် သာသနာ့ရေးရာ ကိစ္စများသည် တစ်ဦးတစ်ယောက်ကို ကြောက်ရွံ့ပြီး အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို မစွန့်လွှတ်ရဟု ဆိုထားခြင်းဖြစ်ပေသည်။ သို့မဟုတ်ပါက ကြောက်ရွံ့ရမည့်အရာများအား ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းသည် လူတို့၏ ဗီဇပင်ဖြစ်သည်။ တောရိုင်းသတ္တဝါများ၊ အဆိပ်ရှိသော သတ္တဝါများ၊ သူခိုး၊ ဓါးပြများအား ကြောက်ရွံ့လေ့ရှိခြင်းသည် အဆိုပါအချက်အား မဆန့်ကျင်ပေ။ ဤအတွက်ကြောင့်ပင် တမန်တော်မူစာ (عليه السلام) ၏ ရှေ့၌ မှော်ဆရာများသည် ကြိုးများကို မြွေများအသွင် ပြုလုပ်ပြသလိုက်သောအခါ တမန်တော်မူစာ (عليه السلام) မှာ ကြောက်ရွံ့သွားခဲ့သည်။

فَاَوجَسَ فِي نَفْسِهِ خِيفَةً مُّوسٰى

ထို့ကြောင့် ဒုက္ခပေးမည့် အရာများအား ကြောက်ရွံ့ခြင်းသည် အလေ့အထအရ ဖြစ်သည့်အတွက် ကျမ်းတော်မြတ်၏ အမိန့်နှင့် ဆန့်ကျင်ခြင်း မရှိပေ။ ထိုသို့သော ကြောက်ရွံ့မှုများ လွှမ်းမိုးပြီး အလ္လာဟ်အသျှင်မြတ်၏ အမိန့်များကို စွန့်လွှတ်ခြင်းသည် အီမာန်ရှင်၏ ဂုဏ်ဒြပ်မဟုတ်ပေ။ ဤနေရာ၌ ယင်းအလိုသဘောကိုသာ ဆိုလိုခြင်းဖြစ်ပေသည်။

ဤအာယသ်တော်နှင့် ပတ်သက်သည့် အချို့ပညတ်ချက်များ

ဗလီဝတ်ကျောင်းတော် တည်ဆောက်ခြင်းနှင့် ပတ်သက်ပြီး ဤအာယသ်တော်၌ တင်ပြထားသည်မှာ ကာဖိရ်မုရှ်ရိစ်က်များ တည်ဆောက်ခွင့်မရှိ။ သို့သာမက ဗလီတည်ဆောက်ခြင်းသည် မွန်မြတ်သော မွတ်စ္စလင်မ်များ၏ အလုပ်သာ ဖြစ်ပေသည်။ ယင်း၏ အလိုသဘောမှာ ဗလီ၏တာဝန်ခံအုပ်ချုပ်ရေးကို ဆိုထားခြင်းဖြစ်ပေသည်။

ယင်းအချက်မှ သိရှိရသည်မှာ အစ္စလာမ်သာသနာတော်အရ 'ဝကဖ်' လုပ်ထားသော အရာများအတွက် ကာဖိရ်တစ်ဦးကို 'မုသဝလ္လီ' အဖြစ် ခန့်အပ်ခြင်း၊ စီမံအုပ်ချုပ်သူအဖြစ် ခန့်အပ်ခြင်း မပိုင်ပေ။ အပြင်ပိုင်းဆိုင်ရာ အုပ်ရိုး အစရှိသည့် အရာများအား တည်ဆောက်ရာတွင် မွတ်စ္စလင်မ်မဟုတ်သူတစ်ဦးဖြင့် အလုပ်ယူမည်ဆိုလျှင် မည်သို့မှ ကိစ္စမရှိပေ။ ထိုနည်းတူစွာ အကယ်၍ မွတ်စ္စလင်မ်မဟုတ်သူတစ်ဦး

သည် ကုသိုလ်ရမည်ဟု မှတ်ယူကာ ဗလီတည်ဆောက်မည်၊ (သို့) ဗလီတည်ဆောက်ရာတွင် မွတ်စ္စလင်မ်များကို အလှူပေးမည်ဆိုလျှင် အချို့စည်းကမ်းချက်များအရ လက်ခံပိုင်ခွင့်ရှိသည်။ ယင်းစည်းကမ်းချက်များမှာ ထိုသို့ ပါဝင်ခြင်းဖြင့် သာသနာနှင့် ပတ်သက်၍သော်လည်းကောင်း၊ လောကီနှင့် ပတ်သက်၍သော်လည်းကောင်း မည်သည့်နစ်နာဆုံးရှုံးမှုမျိုးမှ မဖြစ်စေရ။ (သို့) စွပ်စွဲပြောဆိုခြင်းမျိုး မရှိစေရ။ (သို့) အနာဂတ်တွင် အဆောက်အဦးအား သိမ်းပိုက်လိုက်မည်။ (သို့) 'ဂုဏ်ဖော်ပြောဆိုမည်ဟူ၍ စိုးရိမ်ရခြင်းမျိုး မရှိစေရ' တို့ ဖြစ်သည်။

၎င်းနောက် ဤအာယသ်တော်၌ ဗလီတည်ဆောက်ခြင်းနှင့် သာယာအောင် ပြုခြင်းသည် မွန်မြတ်သော မွတ်စ္စလင်မ်များ၏ အလုပ်သာ ဖြစ်သည်ဟူ၍ မိန့်တော်မူထားပေသည်။ ယင်းအချက်မှ သိရှိရသည်မှာ အကြင်သူသည် ဗလီများအား ထိန်းသိမ်းမည်၊ သန့်ရှင်းမည်၊ အခြားလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်မည်။ အကြင်သူသည် 'အဇာဒသ်' ပြုရန် 'ဇိကရ်' လုပ်ရန် သာသနာ့ပညာ သင်ပေးသင်ယူရန်နှင့် ကျမ်းတော်မြတ်အား သင်ပေးသင်ယူရန်အတွက် ဗလီ၌ လာမည်ဆိုလျှင် ထိုသူ၏ အဆိုပါလုပ်ဆောင်ချက်များသည် ပီသသည့် မွတ်စ္စလင်မ်ဖြစ်ခြင်း၏ သက်သေအထောက်အထားပင် ဖြစ်သည်။

အေမာမ်သီရ်မေဇီနှင့် အိဗ်နေမာဂျာဟ်သခင်တို့သည် အဗူစအီးဒ်ခွဒ်ရီ ﵁ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ အသင်သည် တစ်ဦးတစ်ယောက်အား ဗလီသို့ ပုံမှန်သွားရောက်လေ့ ရှိသည်ကို မြင်တွေ့ရမည်ဆိုလျှင် ထိုသူ၏ အီမာန်နှင့် ပတ်သက်၍ သက်သေထွက်ဆိုကြကုန်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်မှ မိန့်တော်မူထားသည်မှာ-

اِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ بِاللّٰهِ وَ الْيَوْمِ الْاٰخِرِ

ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဒီးစ်တော်တစ်ပုဒ်၌ တင်ပြထားလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အကြင်သူသည် နံနက်၊ ည ဗလီသို့ သွားရောက်လေ့ရှိမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အတွက် 'ဂျန္နသ်' ၏ အဆင့်တစ်ဆင့်သို့ အသင့် ပြုလုပ်ပေးတော်မူမည်။ ၎င်းနောက် ဟဇရသ်ဆိုလိုင်မာန် ဖွာရစီ ﵁ မှ ဆင့်ပြန်ထားလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင်သူသည် ဗလီသို့ ရောက်လာပြီးလျှင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်သူ ဧည့်သည်တစ်ဦး ဖြစ်ပေသည်။ ၎င်းနောက် အိမ်ရှင်အနေနှင့် ဝတ္တရားရှိသည်မှာ ဧည့်သည်ကို ဂုဏ်ပေးရမည် ဖြစ်သည်။

ဟဇရသ်ကာဇွီစနာအွလ္လာဟ် (ရဟ) မိန့်ဆိုထားသည်မှာ ဗလီတည်ဆောက်ခြင်းဆိုရာ၌ ဤအချက်လည်း ပါဝင်ပေသည်။ ဗလီဝတ်ကျောင်းတော်ကို ဤကဲ့သို့သော အရာများနှင့် ကင်းစင်အောင် ထားရမည်။ အကြင်အရာများအတွက် တည်ဆောက်ထားခြင်းမဟုတ်ပေ။ ဥပမာ- အရောင်းအဝယ်ပြုလုပ်ခြင်း၊ လောကီစကားများ ပြောဆိုခြင်း၊ ပျောက်ဆုံးသွားသော အရာအား ရှာဖွေခြင်း၊ (သို့) လောကီအရာများအား လူများမှ တောင်းခံခြင်း၊ မဖွယ်ရာသော ကဗျာလင်္ကာများ ရွတ်ဆိုခြင်း၊ ရန်ဖြစ်ခြင်း၊ ဆူညံခြင်း စသည့် ကိစ္စရပ်များ မပြုလုပ်ရပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اَجَعَلْتُمْ سِقَايَةَ الْحَاجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَجَاهَدَ فِيْ سَبِيْلِ اللّٰهِ ۭ لَا يَسْتَوٗنَ عِنْدَ اللّٰهِ ۭ وَاللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ۝١٩

၉ : ၁၉ ။ ။ အသင်တို့သည် ဟာဂျီများအား ရေတိုက်ခြင်းနှင့် 'မတ်စ်ဂျိဒ်ဒွေဟရာမ်' (ထူးမြတ်သော ဗလီဝတ်ကျောင်းတော်) ကို စည်ကားသာယာအောင် ဆောင်ရွက်ခြင်းတို့မှာ အလ္လာဟ်အသျှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ပြီး အလ္လာဟ်အသျှင်မြတ်၏လမ်းတော်၌ သက်စွန့်ကြိုးပမ်း စစ်မက်ပြိုင်ဆိုင် တိုက်ပွဲဝင်ခဲ့သူ (၏ ကောင်းမှုကုသိုလ်) နှင့် ထပ်တူထပ်မျှဖြစ်သည်ဟူ၍ သတ်မှတ်ယူဆထားကြလေသလော။ အလ္လာဟ်အသျှင်မြတ်၏ထံတော်၌ (အဆင့်အတန်းချင်း) မတူကြချေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မတရားကျူးလွန်သော သူတို့အား တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူသည်မဟုတ်ပေ။

اَلَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۙ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ ۭ وَاُولٰۗىِٕكَ هُمُ الْفَاۗىِٕزُوْنَ ۝٢٠

၉ : ၂၀ ။ ။ အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြသည့်အပြင် (မိမိတို့၏ အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်၍ အရပ်တစ်ပါးသို့) ရွှေ့ပြောင်းနေထိုင်ခဲ့ကြကုန်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် မိမိတို့၏ အသက်ဇီဝိန်များဖြင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်သည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ အကြင်သူတို့သာလျှင် အဆင့်အတန်းအားဖြင့် လွန်စွာ မြင့်မြတ်လှသည့်အပြင် ထိုသူတို့သည်သာလျှင် အောင်မြင်မှုကို ရရှိသူများ ဖြစ်ကြပေသည်။

يُبَشِّرُهُمْ رَبُّهُمْ بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ وَّجَنّٰتٍ لَّهُمْ فِيْهَا نَعِيْمٌ مُّقِيْمٌ ۝٢١

၉ : ၂၁ ။ ။ ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းသူတို့အား မိမိ၏ ကရုဏာတော်ကိုလည်းကောင်း၊ နှစ်သက်ကျေနပ်မှုကိုလည်းကောင်း၊ အကြင် 'ဂျန္နသ်' ဥယျာဉ်များကိုလည်းကောင်း ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းကောင်း ပေးတော်မူလေသည်။ ထိုသူတို့အဖို့ ယင်း 'ဂျန္နသ်' ဥယျာဉ်များ၌ အမြဲထာဝစဉ် ခံစားကြရမည်ဖြစ်သော စည်းစိမ်ချမ်းသာများ ရှိပေသည်။

خَٰلِدِينَ فِيهَآ أَبَدًا ۚ إِنَّ ٱللَّهَ عِندَهُۥٓ أَجْرٌ عَظِيمٌ ﴿٢٢﴾

၉ : ၂၂ ။ ။ ၎င်းတို့သည် ယင်းဥယျာဉ်များ၌ အစဉ်ထာဝရ စံမြန်းနေထိုင်ကြရပေမည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးဆုလဒ်သည် ဧကန်မလွဲ ရှိပေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّخِذُوٓا۟ ءَابَآءَكُمْ وَ
إِخْوَٰنَكُمْ أَوْلِيَآءَ إِنِ ٱسْتَحَبُّوا۟ ٱلْكُفْرَ عَلَى ٱلْإِيمَٰنِ ۚ وَمَن
يَتَوَلَّهُم مِّنكُمْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿٢٣﴾

၉ : ၂၃ ။ ။ အို, မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း၊ အသင်တို့၏ ညီအစ်ကိုများသည်လည်းကောင်း အကယ်၍ (ကုဖွ်ရ်) သွေဖည်ငြင်းပယ်မှုကို အီမာန်သက်ဝင်ယုံကြည်မှုထက် နှစ်သက် (ဦးစားပေး) မြတ်နိုးကြပါလျှင် အသင်တို့သည် ၎င်းတို့အား အဆွေခင်ပွန်းများ မပြုလုပ်ကြလေနှင့်။ စင်စစ် မည်သူမဆို အသင်တို့အနက် ၎င်းတို့အား အဆွေခင်ပွန်း ပြုလုပ်ပါလျှင် ထိုကဲ့သို့သော သူတို့သည်သာလျှင် မတရားကျူးလွန်သူများ ဖြစ်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တို့သည် ဟာဂျီများအား ရေတိုက်ခြင်း၊ အလ္လာဟ့်အိမ်တော်အား သာယာအောင် ပြုလုပ်ခြင်းကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် 'ကေယာမသ်'နေ့အပေါ် အီမာန်ယူလာသောသူများ၏ လုပ်ရပ်နှင့် တန်းတူ သတ်မှတ်ကြပါသလော။ ထိုသူသည် အလ္လာဟ့်လမ်း၌ 'ဂျိဟားဒ်'ထွက်သောသူလည်း ဖြစ်သည်။ (ထိုကျင့်စဉ်မှာ အီမာန်နှင့် 'ဂျိဟားဒ်'ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းကျင့်စဉ်၌ တန်းတူမဟုတ်သည့်အတွက် အခြား လုပ်ဆောင်ချက်များမှာလည်း တန်းတူမဖြစ်နိုင်ပေ။ အဆိုပါကျင့်စဉ်ပေါ်၌ ရှိနေကြသောသူများလည်း အလ္လာဟ် အသျှင်မြတ်၏ထံတော်ပါး၌ တန်းတူဟူ၍ မရှိပေ။ (အချုပ်ဆိုရသော် ကျင့်စဉ်အချင်းချင်းနှင့် ကျင့်ကြံသူ အချင်းချင်း၌ တန်းတူဟူ၍ မရှိပေ။ ပြောဆိုလိုသည့် ရည်ရွယ်ချက်မှာ အီမာန်နှင့် 'ဂျိဟားဒ်'ပေါ်၌ ရှိသော လူတိုင်းသည် ရေတိုက်ကျွေးသူ၊ တည်ဆောက်သူတိုင်းထက် အီမာန်ရေးရာ၌ သာပို၍ မွန်မြတ်ပေသည်။ ယင်းအချက်မှ မုရှ်ရစ်က်များ၌ အီမာန်မရှိဟူသော အဖြေထွက်လာပေသည်။ 'ဂျိဟားဒ်'သည် အဆိုပါအချက် နှစ်ချက်စလုံးထက် သာပို၍ မွန်မြတ်ပေသည်။ ယင်းအချက်မှ အဖြေသိရှိရသည်မှာ အချို့အီမာန်ရှင်များသည် အီမာန်လက်ခံပြီးသည့်နောက် ရေတိုက်ကျွေးခြင်းနှင့် တည်ဆောက်ခြင်းကို 'ဂျိဟားဒ်'ထက် ပို၍ မြတ်သည်ဟု ဆိုကြသည်။ ဧကန်အမှန် အဆိုပါအချက်နှစ်ချက်ထက် 'ဂျိဟားဒ်'မှာ ပို၍ မွန်မြတ်ပေသည်။ ၎င်းနောက် အကြင်သူများသည် မတရားသောသူများ ဖြစ်ကြသည်။ ဆိုလိုသည်မှာ မုရှ်ရစ်က်များဖြစ်ကြသည်။ အလ္လာဟ် အသျှင်မြတ်သည် ထိုသူများကို အသိဉာဏ်ပေးတော်မူမည်မဟုတ်ပေ။ ထို့ကြောင့် ၎င်းသူများမှာ လက်မခံကြပေ။ သို့သော် အီမာန်ရှင်များမှာ ထိုအရင်းအမြစ်များကို ချက်ချင်း လက်ခံလိုက်ကြသည်။

ရှေ့ဆက်ပြီး ထိုအကြောင်းအရာများကို ရှင်းပြထားပေသည်။ ယင်းအကြောင်းအရာများသည် အထက်မှ لَا يَسْتَوِىٓ ၏ မဏ္ဍိုင်ဖြစ်ပေသည်။ အကြင်သူများသည် အီမာန်ယူလာကြပြီး အလ္လာဟ်အသျှင်မြတ်အတွက် ဓာတ်မြေကို စွန့်လွှတ်လိုက်ကြသည်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတွင် မိမိတို့၏ အသက်နှင့် စည်းစိမ်များဖြင့် 'ဂျိဟားဒ်'ပြုကြသည်။ ထိုသူများ၏ အဆင့်အတန်းသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ရေတိုက်ကျွေးသူ၊ အဆောက်အဦး တည်ဆောက်သူများထက်အလျင် ပို၍ မြင့်မားပေသည်။ အဘယ်ကြောင့်ဆိုသော် ရေတိုက်ကျွေးသူ၊ အဆောက်အဦး တည်ဆောက်သူများတွင် အီမာန်မရှိပေ။ အဆိုပါ အဆင့်အတန်းမြင့်မားခြင်းသည် ထိုအီမာန်ရှင်များ၏ 'မိုဟာဂျီးရီန်'များ၊ 'ဂျိဟားဒ်'ပြုသူများအပေါ် မူတည်ပေသည်။ အကယ်၍ ထိုသူများထံတွင်လည်း အီမာန်ရှိမည်ဆိုလျှင် ၄င်းတို့လည်း မြင့်မြတ်ကြပေသည်။ သို့သော် 'ဂျိဟားဒ်'နှင့် အီမာန်၏ အဆင့်မှာ ပို၍ မြင့်မားပေသည်။ ဤသူများသည်ပင်လျှင် အပြည့်အဝ အောင်မြင်ကြသောသူများ ဖြစ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့နှင့် နှိုင်းယှဉ်ခြင်းခံရသောသူများသည် အီမာန်မရှိသည့်အတွက် အောင်မြင်မှုသည် အီမာန်ရှင်များအတွက်သာ ဖြစ်ပေသည်။

အကယ်၍ အီမာန်ရှိမည်ဆိုလျှင် အောင်မြင်မှု၌ ပါဝင်မည်ဖြစ်သည်။ သို့သော် 'ဂျိဟားဒ်'ပြုသူများ၏ အောင်မြင်မှုသည် ထိုသူများထက် သာပိုပေသည်။ ရှေ့ဆက်ပြီး ထိုအဆင့်အတန်းနှင့် အောင်မြင်မှုများအကြောင်းကို တင်ပြထားပေသည်။ ထိုသူများ၏ အသျှင်မြတ်သည် ၄င်းတို့အား သတင်းကောင်းပါးသည်မှာ 'ဂျန္နသ်'၏ ဤကဲ့သို့သော ဥယျာဉ်များသည် ထိုသူများအတွက်ဖြစ်ပြီး ထိုဥယျာဉ်များတွင် ထာဝရ စည်းစိမ်များရှိမည်။ အဆိုပါဥယျာဉ်တွင် ထာဝရနေရမည်ဖြစ်သည်။ မုချဧကန် အလ္လာဟ်အသျှင်မြတ် ထံတော်ပါး၌ ထိုသူများအတွက် ကြီးမားသော အကျိုးစဝါးဇ်များ ရှိပေသည်။ အို၊ အီမာန်ရှင်အပေါင်းတို့၊ မိမိတို့၏ ဖခင်များ၊ ညီအစ်ကိုများသည် အကယ်၍ အီမာန်နှင့်ယှဉ်လျှင် ကုဖွရ်ကို ပို၍ မြတ်နိုးကြသည်ဆိုလျှင် ထိုသူများနှင့်လည်း မိတ်ဆွေမဖွဲ့လေနှင့်။ အကြောင်းမူကား ထိုသူများအနေနှင့် အီမာန်ယူလာရန် မျှော်လင့်ချက်မရှိတော့ပေ။ အသင်တို့ထဲမှ အကြင်သူသည် ထိုသူများနှင့် မိတ်ဆွေဖွဲ့မည်ဆိုလျှင် ယင်းလူများသည် အလွန်တရာ ဇီဆန်သောသူများ ဖြစ်ကြသည်။ အလိုသဘောမှာ ဟိဂျ်ရသ်ပြုခြင်းအား အကြီးမားဆုံး အတားအဆီးသည် ထိုသူများနှင့် အဆက်အသွယ်ထားခြင်းပင် ဖြစ်သည်။ ထိုသို့ အဆက်အသွယ်ထားခြင်းသည် မပိုင်ဟုဆိုပါက ဟိဂျ်ရသ်ပြုရာ၌ မည်သို့ အခက်အခဲရှိမည်နည်း။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အာယသ်တော် (၁၉) မှ (၂၂) အထိ ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့် ပတ်သက်နေပေသည်။ ၄င်းမှာ များစွာသော မက္ကာဟ်ရှိ မုရှ်ရစ်က်များသည် မွတ်စ္စလင်မ်များနှင့် ယှဉ်လျက် မာန်မာန ထောင်လွှားကြသည်မှာ ကျွန်ုပ်တို့သည် အလ္လာဟ့်အိမ်တော်ကို သာယာအောင် ပြုလုပ်ခြင်းနှင့် ဟာဂျီများကို ရေတိုက်ကျွေးသည့် အစီအစဉ်များကို ပြုလုပ်ကြပေသည်။ ယင်းထက်ပို၍ ကြီးမားသော 'အမလ်'ဟူ၍ မရှိတော့ပေ။

အစ္စလာမ်လက်မခံမီအလျင် ဟဇရသ်အဗ္ဗားစ် ﷺ သည် 'ဗဒရ်'စစ်ပွဲ၌ အဖမ်းခံရပြီး မွတ်စ္စလင်မ်များ၏ အကျဉ်းသားဖြင့် ရောက်ရှိလာခဲ့၏။ ၎င်း၏ မွတ်စ္စလင်မ်မိတ်ဆွေများက ဟဇရသ်အဗ္ဗားစ် ﷺ အား အီမာန်နှင့် ကင်းဝေးနေရခြင်းအပေါ် ရှုတ်ချပြောဆိုသောအခါ ဟဇရသ်အဗ္ဗားစ် ﷺ သခင်ကလည်း အဆိုပါ အတိုင်း ဖြေကြားခဲ့သည်။ ၎င်းမှာ အသင်တို့သည် အီမာန်နှင့် ဟိဂျ်ရသ်ကို အလွန်မွန်မြတ်သည့်အရာဟူ၍ ထင်မြင်ယူဆကြသည်။ သို့သော် ကျွန်ုပ်တို့သည် အလ္လာဟ့်အိမ်တော်ကို ထိန်းသိမ်းခြင်းနှင့် ဟာဂျီများကို ရေတိုက်ကျွေးခြင်း စသည့် ကြီးမားသော အကျိုးဆောင်မှုများ၏ 'မုသ်ဝလ္လီ'ဖြစ်သည်။ ယင်းနှင့် တန်းတူမည်သည့် 'အမလ်'မှ မရှိတော့ပေ။ အဆိုပါအချက်များအပေါ် ဤအာယသ်တော် ကျရောက်လာပေသည်။

၎င်းနောက် မွတ်စ်နဒ်အဗ်ဒွလ်ရဇ္ဇာက်၏ အချို့ဆင့်ပြန်ချက်များ၌ တင်ပြထားသည်မှာ ဟဇရသ်အဗ္ဗားစ် ﷺ မွတ်စ္စလင်မ်ဖြစ်ပြီးသည့်နောက် သွလ်ဟာဟ်အိဗ်နေရှိဗာဟ် ﷺ နှင့် ဟဇရသ်အဗ္ဗားစ် ﷺ ၊ ဟဇရသ်အလီ ﷺ တို့အချင်းချင်း စကားပြောဆိုလျက်ရှိကြသောအခါ သွလ်ဟာဟ်မှ ပြောဆိုသည်မှာ အသင်တို့ မည်သူမှ မရရှိထားသည့် ထူးမြတ်မှုမျိုးကို ကျွန်ုပ် ရရှိထားပေသည်။ ယင်းမွန်မြတ်မှုမှာ အလ္လာဟ့်အိမ်တော်၏ သော့တွဲသည် ကျွန်ုပ်၏ လက်တွင်း ရှိသည်။ အလ္လာဟ့်အိမ်တော်တွင် ညအခါ သွားရောက်အိပ်စက်လိုက သွားရောက်နိုင်သည်။ ဟဇရသ်အဗ္ဗားစ် ﷺ က မိန့်တော်မူသည်မှာ ကျွန်ုပ်သည် ဟာဂျီများကို ရေတိုက်ကျွေးရာ၌ စီမံအုပ်ချုပ်သူအဖြစ် တာဝန်ယူထားပေသည်။ အလ္လာဟ့်အိမ်တော်အတွင်း ကျွန်ုပ်၏ လုပ်ပိုင်ခွင့်များစွာ ရှိပေသည်။ ဟဇရသ်အလီ ﷺ က မိန့်တော်မူသည်မှာ အသင်တို့ မည်သည့်အချက်အပေါ် မာနထောင်လွှားနေကြသည်ကို ကျွန်ုပ်အနေနှင့် နားမလည်နိုင်တော့ပေ။ ကျွန်ုပ်၏ အခြေအနေမှာ ကျွန်ုပ်သည် အားလုံးထက် ခြောက်လအလျင် အလ္လာဟ့်အိမ်တော်ဘက်သို့လှည့်၍ နမာဇ်များ ဝတ်ပြုခဲ့ပေသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ နှင့်အတူ 'ဂျီဟာဒ်'၌ အတူပါဝင်ခဲ့ပေသည်။ အဆိုပါအချက်များအပေါ် မူတည်၍ ဤအာယသ်တော်များ ကျရောက်ခဲ့ပေသည်။ ယင်းအာယသ်တော်မှ အတိအလင်း တင်ပြထားသည်မှာ 'အမလ်'တစ်ခုသည် မည်မျှပင် မြင့်မားပြီး မွန်မြတ်သော်ငြားလည်း အီမာန်မရှိသည့်အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ လုံးဝ တန်းဖိုးမရှိပေ။ ထိုနည်းတူစွာ ရှရစ်က်၏ အနေအထား၌ ကျင့်ကြံသောသူသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လက်ခံသဘောတူညီမှု ရရှိမည်မဟုတ်ပေ။

၎င်းနောက် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်နုအ်မာန်အိဗ်နေဗရှီးရ် ﷺ ၏ ဆင့်ပြန်ချက်မှ ဤဖြစ်ရပ်ကို တင်ပြထားပေသည်။ ၎င်းမှာ 'ဂျုမုအာဟ်'နေ့တစ်နေ့တွင် တမန်တော်မြတ်၏ ဗလီ၌ အချို့ဆွဟာဗာများနှင့်အတူ တမန်တော်မြတ် ﷺ ၏ 'မင်န်ဗရ်'၌ စုရုံးခဲ့ကြသည်။ အသင့်ရောက်ရှိနေသူများထဲမှ တစ်ဦးက ပြောဆိုသည်မှာ အစ္စလာမ်နှင့် အီမာန်ကို လက်ခံပြီးနောက် ဟာဂျီများအား ရေတိုက်ကျွေးခြင်းသည် ကျွန်ုပ်ထံ၌ အမြင့်မားဆုံး 'အမလ်'ဖြစ်ပေသည်။ ယင်းထက်မြင့်သော 'အမလ်'ဟူ၍ မရှိပေ။ ထို့နောက် ပုဂ္ဂိုလ်တစ်ဦးမှ ဖြေကြားပြောဆိုသည်မှာ 'မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် 'ဂျီဟာဒ်'ထွက်ခြင်းက အားလုံးထက် အကြီးမားဆုံး 'အမလ်'ဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်နှစ်ဦးမှာ အငြင်းပွားလျက် ရှိကြသောအခါ ဟဇရသ်အုမရ် ﷺ သည် ၎င်းတို့အား အော်ငေါက်၍ ပြောဆိုသည်မှာ တမန်တော်မြတ် ﷺ ၏

'မင်န်ဗရ်' အနီး၌ ဆုညံခြင်း မပြုကြလေနှင့်။ အသင့်လျော်ဆုံးမှာ 'ဂျုမုအာဟ်'နမာဇ် ဖတ်ပြီးနောက် ဤစကားကို တမန်တော်မြတ် ﷺ ထံတော်ပါးသို့ တင်ပြလိုက်ကြကုန်။ ထိုအစီအစဉ်အရ တမန်တော်မြတ် ﷺ ထံပါးသို့ လျှောက်ထားတင်ပြခဲ့ပေသည်။ ယင်းအချက်အပေါ် မူတည်၍ ဤအာယသ်တော် ကျရောက်လာပေသည်။ ၄င်းအာယသ်တော်၌ အလ္လာဟ့်အိမ်တော်အား ထိန်းသိမ်းခြင်းနှင့် ဟာဂျီများအား ရေတိုက်ကျွေးခြင်းထက် 'ဂျီဟားဒ်'သည် အားလုံးထက် အမွန်မြတ်ဆုံး 'အမလ်'ဖြစ်သည်ဟူ၍ တင်ပြထားပေသည်။ အဓိကအာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းအရင်းမှာ မုရှိရစ်က်များ၏ မာနထောင်လွှားခြင်းအား အဖြေပေးရန်အတွက် ဆိုသည်မှာ မည်သို့မှ ဒွိဟဖြစ်စရာမရှိပေ။ တစ်ဖန် မွတ်စ္စလင်မ်များ အချင်းချင်း၌ ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များ၌လည်း အဆိုပါအာယသ်တော်ကိုပင် အထောက်အထားအဖြစ် တင်ပြထားပေသည်။ ယင်းအချက်ကို ကြားသိရသောသူမှာ ဤအာယသ်တော်သည် ထိုအချက်အပေါ် မူတည်၍ ကျရောက်လာသည်ဟူ၍ ထင်မှတ်ကြပေသည်။

မည်သို့ပင်ဖြစ်စေ ဖော်ပြပါအာယသ်တော်များတွင် ဖြစ်ရပ်နှစ်ခုစလုံးနှင့် စပ်လျဉ်း၍ ဖြေကြားထားပေသည်။ ၄င်းမှာ ရှုရစ်က်နှင့်အတူ ပြုလုပ်ခဲ့သော 'အမလ်'သည် မည်မျှပင် ကြီးမားပါစေ လက်ခံသဘောတူခြင်း ခံရမည်မဟုတ်ပေ။ ထို့ကြောင့် မုရှိရစ်က်တစ်ဦးအနေနှင့် ဗလီဝတ်ကျောင်းတော်အား ထိန်းသိမ်းခြင်း (သို့) ဟာဂျီများအား ရေတိုက်ကျွေးခြင်းကြောင့် မွတ်စ္စလင်မ်များနှင့်ယှဉ်လျှင် မည်သည့်ထူးမြတ်မှုမျိုးကိုမှ ရရှိမည်မဟုတ်ပေ။ ၄င်းနောက် အီမာန်ရယူပြီးသည့်နောက်လည်း အီမာန်နှင့် 'ဂျီဟားဒ်'ပြုခြင်း၏ အဆင့်သည် အလ္လာဟ့်အိမ်တော်အား ထိန်းသိမ်းခြင်းနှင့် ဟာဂျီများအား ရေတိုက်ကျွေးခြင်းနှင့် ယှဉ်လျှင် သာပိုပေသည်။ အကြင်မွတ်စ္စလင်မ်သည် အီမာန်နှင့် 'ဂျီဟားဒ်'ပြုခြင်းကို ဦးထိတ်ပန်မည်ဆိုပါက ထိုသူသည် 'ဂျီဟားဒ်'၌ မပါဝင်သော အကြင်မွတ်စ္စလင်မ်များထက် သာပို၍ မွန်မြတ်ပေသည်။ ထိုသူများသည် 'ဂျီဟားဒ်'၌ မပါဝင်ဘဲ အလ္လာဟ့်အိမ်တော်အား ထိန်းသိမ်းခြင်းနှင့် ဟာဂျီများအား ရေတိုက်ကျွေးခြင်းများ ဆောင်ရွက်ရာ၌ လုံးပန်းလျက်ရှိကြသည်။

ထိုစကားနောက်ပိုင်း ဖော်ပြပါအာယသ်တော်၏ ဝါကျများနှင့် အဓိပ္ပာယ်အပေါ် တစ်ဖန် လေ့လာသုံးသပ်ကြည့်ကြပါစို့။ မိန့်တော်မူထားသည်မှာ 'အသင်တို့သည် ဟာဂျီများအား ရေတိုက်ကျွေးခြင်းနှင့် အလ္လာဟ့်အိမ်တော်အား သာယာအောင်ပြုသော ပုဂ္ဂိုလ်အား အလ္လာဟ်အသျှင်မြတ်အပေါ်နှင့် 'ကေယာမသ်' နေ့အပေါ် အီမာန်ယူလာကြသော အကြင်သူများနှင့် တန်းတူဖြစ်ပေသည်'ဟူ၍ သတ်မှတ်ကြပါသလော။ ယင်းလူများသည် အလ္လာဟ့်လမ်း၌ 'ဂျီဟားဒ်'လည်း ပြုကြသည်။ အဆိုပါလူများသည် အလ္လာဟ်အသျှင်မြတ် ထံတော်တွင် တန်းတူမဟုတ်ပေ။

တင်ပြလိုသည့် ရည်ရွယ်ချက်မှာ အီမာန်နှင့် 'ဂျီဟားဒ်'သည် ဟာဂျီများအား ရေတိုက်ခြင်းနှင့် ဗလီကျောင်းတော်အား ထိန်းသိမ်းခြင်းထက် တစ်ခုချင်း၌ မွန်မြတ်မှုရှိပါသည်။ ဆိုလိုသည်မှာ အီမာန်သည် အဆိုပါအချက်နှစ်ချက်စလုံးထက် ပို၍ မွန်မြတ်ပေသည်။ 'ဂျီဟားဒ်'လည်း အဆိုပါလုပ်ဆောင်ချက် နှစ်ချက်ထက် သာပို၍ မွန်မြတ်ပေသည်။ အီမာန်၏ မွန်မြတ်မှုကို တင်ပြလိုက်ခြင်းကြောင့် မုရှိရစ်က်များအတွက်

အဖြေဖြစ်သွားပေသည်။ 'ဂျိဟားဒ်'၏ ထူးမြတ်မှုကို တင်ပြလိုက်ခြင်းဖြင့် မွတ်စလင်မ်များ၏ အဆိုအတွက် အဖြေဖြစ်သွားပေသည်။ အကြင်မွတ်စလင်မ်များသည် ဗလီအား ထိန်းသိမ်းခြင်းနှင့် ဟာဂျီများအား ရေတိုက်ခြင်းကို 'ဂျိဟားဒ်'ထက် မွန်မြတ်သည်ဟု ပြောဆိုခဲ့ကြသည်။

အလ္လာဟ်အသျှင်မြတ်အား သတိရ တသခြင်းသည် 'ဂျိဟားဒ်'ထက်ပို၍ မွန်မြတ်ခြင်း

သဖ်စီးရ်မဇ္ဇ်ဟရီတွင် ဟဇရသ်ကာဇ္ဇီစနာအွလ္လာဟ် (ရဟ) က မိန့်တော်မူထားသည်မှာ ဤအာယသ်တော်တွင် ဗလီအား ထိန်းသိမ်းခြင်းထက် 'ဂျိဟားဒ်'ကို ထူးမြတ်မှု၌ ဦးစားပေးထားသည်မှာ ဤထိန်းသိမ်းခြင်းသည် အပေါ်ယံအဓိပ္ပာယ်အရ ဖြစ်သည်။ ဆိုလိုသည်မှာ ဗလီကျောင်းတော်အား တည်ဆောက်ခြင်းနှင့် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ခြင်းနှင့် ယှဉ်လျှင် 'ဂျိဟားဒ်'သည် အမွန်မြတ်ဆုံး ဖြစ်သည်ဟု တင်ပြထားခြင်း ဖြစ်ပေသည်။

သို့သော် ဗလီအား ဆောက်တည်ခြင်း၏ အခြားအဓိပ္ပာယ်တစ်ခုမှာ 'အေဗာဒသ်'နှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းအတွက် ဗလီ၌ လာရောက်ခြင်းကို ဆိုလိုခြင်းလည်း ဖြစ်ပေသည်။ ဧကန်စင်စစ် ဗလီအား ဆောက်တည်ခြင်းနှင့် သာယာအောင် ပြုခြင်း၏ အဓိကအချက်မှာ အဆိုပါအချက်ပင် ဖြစ်ပေသည်။ ယင်းအဓိပ္ပာယ်အရ တမန်တော်မြတ် ﷺ မှ အတိအလင်း မိန့်ကြားထားသော မိန့်ဆိုချက်များအရ ဗလီအား ဆောက်တည်ခြင်းသည် 'ဂျိဟားဒ်'ထက် သာပို၍ မွန်မြတ်ပေသည်။ ပမာဆိုရသော် မွစ်နဒေအဟ်မဒ်နှင့် သိရ်မီဇီ၊ အိဗ်နေမာဂျာဟ်တို့တွင် ဟဇရသ်အဗူဒရ်ဒါ ؓ ၏ ဆင့်ပြန်ချက်မှ ကောက်နုတ်တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ ငါကိုယ်တော်အနေနှင့် ဤကဲ့သို့သော 'အမလ်'တစ်ခုကို တင်ပြရမည်လော။ အကြင် 'အမလ်'သည် အသင်တို့ ပြုကျင့်သော 'အမလ်'များအားလုံးထက် ပို၍ ကောင်းသည်။ အသင်တို့၏ အသျှင်မြတ်ထံတော်ပါး၌ အားလုံးထက် အမွန်မြတ်ဆုံးလည်း ဖြစ်၏။ ၎င်းနောက် အသင်တို့၏ အဆင့်အတန်းကို အားလုံးထက် အမြင့်ဆုံး မြှင့်တင်ပေးမည့် 'အမလ်'လည်း ဖြစ်သည်။ ရွှေ၊ ငွေများကို အလ္လာဟ့်လမ်း၌ သုံးစွဲခြင်းထက် သာပို၍ မွန်မြတ်ပေသည်။ ၎င်းနောက် အသင်တို့သည် 'ဂျိဟာဒ်'တွင် ရန်သူများနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး အသင်တို့လည်း ရန်သူများကို သတ်ဖြတ်ပြီး ရန်သူများကလည်း အသင်တို့အား သတ်ဖြတ်ကြမည်ထက် ပို၍ မွန်မြတ်သော 'အမလ်'လည်း ဖြစ်ပေသည်။ ဆွဟာဗာများက လျှောက်ထားသည်မှာ 'အို၊ ကိုယ်တော်၊ ထို 'အမလ်'အား မုချ ပြသတော်မူပါ။' ထိုအခါ တမန်တော်မြတ် ﷺ က မိန့်တော်မူထားသည်မှာ 'ထို'အမလ်'သည် 'ဇိက်ရွလ်လာဟ်' (ဝါ) အလ္လာဟ် အသျှင်မြတ်အား သတိရတသခြင်း ဖြစ်၏။ ယင်းမိန့်ကြားချက်မှ သိရှိရသည်မှာ 'ဇိက်ရွလ္လာဟ်'သည် 'ဂျိဟားဒ်'ထက် ပို၍ မွန်မြတ်ပေသည်။ ဗလီအား ဆောက်တည်ခြင်း၏ အဓိပ္ပာယ်အား 'ဇိက်ရွလ္လာဟ်'ဟူ၍ မှတ်ယူမည်ဆိုလျှင် ထို 'အမလ်'သည် 'ဂျိဟားဒ်'ထက် ပို၍ မွန်မြတ်သွားမည်ဖြစ်သည်။ သို့သော် ဤနေရာ၌ မုရှ်ရစ်က်များ၏ မာနထောင်လွှားခြင်းသည် 'ဇိက်ရွလ္လာဟ်'နှင့် 'အေဗာဒသ်'အပေါ် မူတည်၍ မဟုတ်ပေ။

သို့သာမက အပေါ်ယံ တည်ဆောက်ခြင်းနှင့် စီမံအုပ်ချုပ်မှုအပေါ် မူတည်၍ ဖြစ်သည်။ ထို့ကြောင့် 'ဂျိဟားဒ်' ကို ထိုလုပ်ရပ်ထက် သာပို၍ မွန်မြတ်သည်ဟု သတ်မှတ်ထားပေသည်။

ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအပေါ် လေ့လာသုံးသပ်ခြင်းဖြင့် သိရှိရမည်မှာ 'အမလ်' တစ်ခုသည် အခြား 'အမလ်' တစ်ခုထက် မြင့်မားပြီး မွန်မြတ်သည်။ ဆိုလိုသည်မှာ အခြေအနေအရပ်ရပ်အပေါ်၌ မူတည်နေပေသည်။ အချို့အခြေအနေများတွင် 'အမလ်' တစ်ခုသည် အခြား 'အမလ်' တစ်ခုထက် ပို၍ မွန်မြတ်ပေသည်။ အခြေအနေပြောင်းလဲသွားပြီးနောက် အနေအထားမှာလည်း ပြောင်းလဲသွားတတ်ပေသည်။ မွတ်စ္စလင်မ်များနှင့် အစ္စလာမ်အတွက် တွန်းလှန်ရန် အလွန်အရေးကြီးလာသည့်အခါ ထိုအချိန်မျိုးတွင် 'ဂျိဟားဒ်' လုပ်ရန်မှာ 'အေဗာဒသ်' ဟူသမျှထက် မုချ မွန်မြတ်ပေသည်။ ပမာဆိုရသော် 'ခန်ဒက်' စစ်ပွဲတွင် တမန်တော်မြတ် ﷺ ၏ နမာဇ်လေးကြိမ် 'ကဇ္ဇာ' ဖြစ်သွားခြင်းမှာ ထင်ပေါ်နေပေသည်။ ဤကဲ့သို့သော အလွန် အရေးကြီးသည့်အချိန် မဟုတ်ပါက 'ဇိကဲရ်အလ္လာဟ်' နှင့် 'အေဗာဒသ်' သည် 'ဂျိဟားဒ်' နှင့် ယှဉ်လျှင် ပို၍ မွန်မြတ်ပေသည်။

အာယသ်တော်၏ နောက်ဆုံးတွင်

وَاللّٰهُ لَا يَهْدِ الْقَوْمَ الظّٰلِمِيْنَ

ဟူ၍ မိန့်တော်မူထားသည်။ ယင်းဝါကျမှ တင်ပြနေသည်မှာ ဤသည် အသေးအဖွဲ့စကားမဟုတ်။ လုံးဝ အတိအလင်းပင် ဖြစ်ပေသည်။ ၎င်းမှာ အီမာန်သည် ကျင့်စဉ်ဟူသမျှ၏ အုပ်စုဖြစ်ပြီး အားလုံးထက် အမွန်မြတ်ဆုံးဖြစ်သည်။ ၎င်းနောက် 'ဂျိဟားဒ်' သည် ဗလီအား ဆောက်တည်ခြင်းနှင့် ဟာဂျီများအား ရေတိုက်ခြင်းထက် သာပို၍ မွန်မြတ်ပေသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် တရားမျှတမှု မရှိသော သူများကို အသိဉာဏ်ပေးတော်မူခြင်း မရှိပေ။ ထို့ကြောင့် ၎င်းတို့သည် ဤကဲ့သို့ ပွင့်လင်းထင်ရှားသော စကားရပ်များ၌လည်း ဆိုးသွမ်းသည့်ပုံစံဖြင့် ငြင်းခုံကြလျက် ရှိကြသည်။

အာယသ်တော် (၂၀) တွင် ထိုအကြောင်းအရာအား အကျယ်တဝင့် တင်ပြထားပေသည်။ ၎င်းအား ပထမအာယသ်တော်တွင် لَا يَسْتَوٗنَ ၏ဝါကျ၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ဆိုလိုသည်မှာ အီမာန်ယူလာကြသောသူ မုဂျာဟီဒ် (သာသနာ့စစ်သည်) နှင့် ဗလီအား တည်ဆောက်ခြင်း၊ ဟာဂျီများအား ရေတိုက်သော သူများသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် တန်းတူမဟုတ်ကြပေ။ ထိုအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

اَلَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجَاهَدُوْا

فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ وَ اُولٰٓئِكَ هُمُ الْفَآئِزُوْنَ

အလိုသဘောမှာ အကြင်သူများသည် အီမာန်ယူလာကြပြီး ဟိဂျ်ရသ်လည်း ပြု၏။ ၎င်းနောက် မိမိတို့၏ အသက်စည်းစိမ်များဖြင့် အလ္လာဟ့်လမ်း၌ 'ဂျိဟားဒ်' ပြုကြ၏။ ထိုသူများသည် အလ္လာဟ်အသျှင်

မြတ်၏ ထံတော်ပါး၌ မြင့်မားသော အဆင့်ကို ရရှိကြသောသူများ ဖြစ်ကြသည်။ အောင်မြင်မှုကို အပြည့်အဝ ရရှိကြသော သူများလည်း ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများနှင့် ယှဉ်လျှင် မုရ်ရှစ်ကိမ်များသည် အောင်မြင်မှု၏ အဆင့်အတန်းကို ရရှိကြသောသူများ မဟုတ်ကြပေ။ မွတ်စ္စလင်မ်များသည် ကေန်အမုန် အောင်မြင်မှု၌ ပါဝင်ကြသည့်အတွက် ၄င်းမွတ်စ္စလင်မ်များ၏ အောင်မြင်မှုသည် ထိုမုရ်ရှစ်ကိမ်များထက် သာပိုပေသည်။ ထို့ကြောင့် အောင်မြင်မှုသည် ၄င်းမွတ်စ္စလင်များအတွက်သာ ဖြစ်ပေသည်။

အာယသ်တော် (၂၁) နှင့် (၂၂) တွင် ထိုအောင်မြင်မှုရရှိသောသူများအတွက် ကြီးမားသော အကျိုးစဝါးဗ်များနှင့် တမလွန်၌ ရရှိမည့်အဆင့်အတန်းများနှင့် စပ်လျဉ်း၍ တင်ပြမိန့်တော်မူထားသည်။ ၄င်းမှာ-

يُبَشِّرُهُمْ رَبُّهُم بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ
وَّجَنّٰتٍ لَّهُمْ فِيْهَا نَعِيْمٌ مُّقِيْمٌ خٰلِدِيْنَ فِيْهَآ اَبَدًا اِنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ

အလိုသဘောမှာ ထိုသူများအား ၄င်းတို့၏ အသျှင်မြတ်ဘက်မှ သတင်းကောင်းပါးနေသည်မှာ မိမိ၏ မဟာကရုဏာတော်နှင့် နှစ်သက်သဘောတူမှု၊ ၄င်းနောက် ထာဝရတည်မြဲမှု ရှိသည့် စည်းစိမ်များ နှင့် ပြည့်နှက်နေသည့် 'ဂျန္နသ်'များ ရှိပေသည်။ ထိုသူများသည် အဆိုပါစည်းစိမ်များကို ထာဝရပိုင်ဆိုင် ကြရမည်ဖြစ်သည်။ ၄င်း 'ဂျန္နသ်'ထဲမှ ထိုသူများအား မည်သည့်အခါမှ နှင်ထုတ်ခြင်းပြုမည်မဟုတ်ပေ။ မုချကေန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ကြီးမားသော အကျိုးစဝါးဗ်များ ရှိပေသည်။

ဖော်ပြပါအာယသ်တော်များတွင် ဟိဂ်ျရသ်နှင့် 'ဂျိဟားဒ်'၏ ထူးမြတ်မှုများကို တင်ပြထားပေသည်။ ယင်းတင်ပြချက်တွင် မွေးရပ်ဌာနေ၊ ဆွေမျိုးနီးစပ်များနှင့် မိတ်ဆွေများ၊ အဆွေတော်များနှင့် မိမိပိုင်ဆိုင် သော ဥစ္စာပစ္စည်းများအားလုံးကို စွန့်လွှတ်ရမည်ဖြစ်သည်။ လူသား၏ စိတ်နေသဘောထားအရ အဆိုပါ အရာများအားလုံးကို စွန့်လွှတ်ရန် အလွန်ခက်ခဲလှပေသည်။ ဤအတွက်ကြောင့် ရှေ့အာယသ်တော်တွင် ထိုအရာများနှင့် အတိုင်းထက်လွန်ကဲစွာ အဆက်အသွယ်ထားခြင်းနှင့် ချစ်ခင်တွယ်တာခြင်းအား ရှုတ်ချ ထားတော်မူပြီး မွတ်စ္စလင်မ်များ၏ အတွေးအခေါ်အား ဟိဂ်ျရသ်နှင့် 'ဂျိဟားဒ်'အတွက် တိုက်တွန်းထား ပေသည်။ မိန့်တော်မူထားသည်မှာ-

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْٓا اٰبَآئَكُمْ وَاِخْوَانَكُمْ
اَوْلِيَآءَ اِنِ اسْتَحَبُّوا الْكُفْرَ عَلَى الْاِيْمَانِ وَمَنْ يَّتَوَلَّهُمْ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ

အလိုသဘောမှာ 'အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မိမိတို့၏ အဘ၊ ဘိုး၊ ဘေးများနှင့် ညီအစ်ကိုများကို အကယ်၍ ထိုသူများသည် ကုဖွရ်ကို အီမာန်ထက် ချစ်မြတ်နိုးကြမည်ဆိုလျှင် မိတ်ဆွေ မဖွဲ့ကြလေနှင့်။ ထိုသူများသည် ကုဖွရ်၌ ရှိနေပါလျက် အသင်တို့သည် ၄င်းတို့နှင့် အဆက်အသွယ်ထား မည်ဆိုလျှင် အသင်တို့သည် အမိန့်ဖီဆန်သူများ ဖြစ်သွားကြပေမည်။

မိဘ၊ ညီအစ်ကို၊ မောင်နှမများ၊ ဆွေမျိုးအရင်းအချာများနှင့် ခိုင်မြဲသော ဆက်ဆံမှုမျိုး ထားရန်နှင့် ကောင်းစွာ ဆက်ဆံရန် ကျမ်းတော်မြတ်တစ်အုပ်လုံးတွင် လမ်းညွှန်ထားချက်များ ပြည့်နှက်လျက်ရှိပေသည်။ သို့သော် ဤအာယသ်တော်၌ တင်ပြထားသည်မှာ အဆက်အသွယ်ထားရာ၌လည်း အတိုင်းအတာ ရှိသည်။ ထိုသူများထဲမှ အဆက်အသွယ်တိုင်းသည် မိဘနှင့်ဖြစ်စေ၊ သားသမီးနှင့်ဖြစ်စေ၊ ညီအစ်ကိုမောင်နှမအရင်း ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်၏ အဆက်အသွယ်နှင့် ယှဉ်လျှင် အဆိုပါလူအားလုံးကို မျက်ကွယ် ပြုထိုက်ပေသည်။ အဆိုပါ အဆက်အသွယ်နှစ်ခုသည် တစ်နေရာ၌ တိုက်ဆိုင်လာမည်ဆိုလျှင် အလ္လာဟ် အသျှင်မြတ်နှင့် ရစူလ်၏ အဆက်အသွယ်ထားခြင်းကို ဦးစားပေးရမည်ဖြစ်သည်။ သို့ရှိရာ အဆက်အသွယ် ဟူသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်နှင့်သာ ထားရှိရမည်ဖြစ်သည်။ ယင်းနှင့် ယှဉ်လာသော အဆက် အသွယ်ဟူသမျှကို ဖြတ်တောက်ရမည် ဖြစ်သည်။

အထက်ပါအာယသ်တော်များနှင့် ပတ်သက်သော အချို့အကျိုးထူးများနှင့် ပညတ်ချက်များ

ဖော်ပြပါအာယသ်တော်များမှ အချို့အကျိုးများနှင့် ပညတ်ချက်များ ကောက်နုတ်ရရှိပေသည်။

(၁) အီမာန်သည် 'အမလ်'၏ ဝိညာဉ်ဖြစ်သည်။ အီမာန်မပါဘဲ 'အမလ်'သည် မည်မျှပင် ကောင်းမွန်နေစေကာမူ ထို 'အမလ်'သည် အသက်မဲ့ပြီး လက်ခံထိုက်ခြင်း မရှိပေ။ တမလွန်တွင် ထို 'အမလ်'သည် မည်သို့မှ တန်ဖိုးရှိမည်မဟုတ်ပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ မတရားမှု ဟူသည်မှာ အလျဉ်းမရှိပေ။ ထို့ကြောင့် ကာဖိရ်များ၏ အသက်မဲ့သော ကောင်းမှုများကိုလည်း လုံးဝ ပျက်စီးစေမည် မဟုတ်ပေ။ ယင်းအစား ၎င်းတို့အား လောကမှာပင် စည်းစိမ်ဥစ္စာများ ပေး၍ ရှင်းပစ်လိုက် မည်ဖြစ်သည်။ အဆိုပါအချက်နှင့် ပတ်သက်၍ ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာတွင် တင်ပြ ထားပေသည်။

(၂) ဒုတိယအချက်ဖြစ်သည့် ဤအာယသ်တော်များမှ ရရှိသော အကျိုးထူးများမှာ အမိန့်ဖီဆန် ခြင်းနှင့် အပြစ်များ ကျူးလွန်ခြင်းကြောင့် လူသား၏ အသိဉာဏ်မှာ ပျက်စီးသွားရ၏။ ထို့ကြောင့် အကောင်း ကို အဆိုး၊ အဆိုးကို အကောင်းဟု ထင်မြင်ယူဆလျက်ရှိသည်။ အာယသ်တော် (၁၉) ၏ နောက်ဆုံးတွင်

إِنَّ اللهَ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ

ဟု မိန့်တော်မူပြီး ညွှန်ပြလိုက်သည်မှာ ပမာဆိုရသော် ယင်းအာယသ်တော်နှင့် ယှဉ်လျက် အခြား အာယသ်တော်တွင်

اِنْ تَتَّقُوااللهَ يَجْعَلْ لَكُمْ فُرْقَانًا

ဟူ၍ မိန့်တော်မူ၍ ညွှန်ပြလိုက်သည်မှာ အမိန့်နာခံခြင်းနှင့် 'သတ္တဝါ'တရားကြောင့် လူသား၏ အသိဉာဏ်သည် ရှင်သန်လာ၏။ သောကမှ ငြိမ်းအေးခြင်းကို ရရှိ၏။ ထိုသူသည် အဆိုး၊ အကောင်းကို ပိုင်းခြားရာ၌ မှားယွင်းမှုမရှိပေ။

(၃) တတိယပညတ်ချက်အနေဖြင့် သိရှိရသည်မှာ ကောင်းသော ကျင့်စဉ်များအချင်းချင်း၌ တစ်ခုနှင့်တစ်ခု ထူးခြားမှုရှိသည်။ ယင်းသို့ ခြားနားမှုရှိသည်နှင့်အညီ ကျင့်ကြံသူများ၏ အဆင့်အတန်းများ တွင်လည်း ခြားနားမှုရှိမည်ဖြစ်သည်။ ကျင့်ကြံသူအားကို အဆင့်အတန်းတစ်ခုထဲ၌ ထားရှိမည်မဟုတ်ပေ။ ယင်းသို့ အဆင့်အတန်းခြားနားခြင်းသည် 'အမလ်'များပြားမှုအပေါ် မူတည်ခြင်းမရှိဘဲ 'အမလ်'ကောင်းခြင်း အပေါ် မူတည်ပေသည်။ 'စူရာဟ်မွလ်က်'၌ တင်ပြထားသည်မှာ-

لِيَبْلُوَكُمْ اَيُّكُمْ اَحْسَنُ عَمَلًا

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထဲ၌ မည်သူက အကောင်းဆုံး 'အမလ်'ပြုသူ ဖြစ်သနည်းဟူ၍ အသင်တို့အား စမ်းစစ်တော်မူမည်။

(၄) စတုတ္ထမြောက် အကျိုးထူးမှာ ထာဝရစည်းစိမ်နှင့် ငြိမ်းချမ်းစွာ နေနိုင်ရန်အတွက် အချက် နှစ်ချက် အရေးကြီးပေသည်။ တစ်ချက်မှာ ထိုစည်းစိမ်များသည် မည်သည့်အခါမှ ကုန်ဆုံးသွားစေမည် မဟုတ်ပေ။ ဒုတိယအချက်မှာ မည်သည့်အခါမှ ထိုသူများနှင့် အဆိုပါစည်းစိမ်များအား ကွဲကွာစေမည် မဟုတ်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့ခြင်းခံထားရသော 'ဗန္ဒာဟ်'များအတွက် အဆိုပါအချက်နှစ်ချက်ကို အာမခံချက်ပေးထားပြီး ဖြစ်သည်။ نَعِيْمٌ مُّقِيْمٌ ဟူ၍ မိန့်တော်မူထား၍ ထာဝရစည်းစိမ်များ ဖြစ်မည်ဆိုကြောင်းကို တင်ပြထားပေသည်။ ၎င်းနောက် خٰلِدِيْنَ فِيْهَا ဟူ၍ မိန့် တော်မူပြီး ထိုသူများအား မည်သည့်အခါမှ ထိုစည်းစိမ်များနှင့် သီးခြားပြုမည်မဟုတ်ကြောင်းကို ဖြေသိမ့် တော်မူထားပေသည်။

အဓိက တော်စပ်မှုမှာ အစ္စလာမ်နှင့် အီမာန်၏ တော်စပ်မှုပင်ဖြစ်၍ ဆွေမျိုးအဆက်အသွယ်များနှင့် ဇာတိ မြေ အဆက်အသွယ်များအားလုံးကို ထိုအဆက်အသွယ်အပေါ် စွန့်ကြဲရခြင်း

(၁) ပဌမမြောက်ပညတ်ချက်မှာ အခြေခံကျသည့် ပညတ်ချက်တစ်ခုဖြစ်သည်။ ၎င်းမှာ ဆွေမျိုး သားချင်းများနှင့် မိတ်ဆွေ အစရှိသည့် အဆက်အသွယ်ဟူသမျှထက် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန် တော်အပေါ် ထားရှိသည့် အဆက်အသွယ်ကို ဦးစားပေးရမည် ဖြစ်သည်။ ယင်းဆက်သွယ်မှုနှင့် ယှဉ်လာလျှင် အခြားအဆက်အသွယ်ဟူသမျှကို ဖြတ်ပစ်ရမည်ဖြစ်သည်။ ဆွဟာဗာများ၏ 'အမလ်'သည် အွမ္မသ်ထုတစ်ရပ် လုံး၏ 'အမလ်'ထက် မြင့်မားပြီး အမွန်မြတ်ဆုံးဖြစ်သည်ဟု သတ်မှတ်ခံရခြင်းအကြောင်းမှာ ထိုဆွဟာဗာ များသည် တမန်တော်မြတ် ﷺ အပေါ် မိမိတို့၏ အသက်၊ စည်းစိမ်ဟူသမျှနှင့် တော်စပ်ပတ်သက်မှုဟူသမျှ ကို စတေးခဲ့ကြသော ပုဂ္ဂိုလ်များပင် ဖြစ်ကြပေသည်။ ဘိလားလ်ဟဗ်ရှီ ؓ ၊ ဆိုဟိုင်းဗ်ရူမီ ؓ ၊ စလ်မာန် ဖွာရေစီ ؓ နှင့် မက္ကာဟ်မြို့နေ ကိုရိုက်ရှ်များနှင့် မဒီနာမြို့နေ အန်ဆွာရီများမှာ ညီနောင်များ ဖြစ်ရှိသွား ကြသည်။ ၎င်းနောက် 'ဗဒရ်'နှင့် 'အုဟုဒ်'စစ်ပွဲများတွင် အဖေနှင့်သား ညီအစ်ကိုအချင်းချင်း၏ ဓါးရှည်များ အချင်းချင်း ရင်ဆိုင်၍ မိမိတို့၏ လမ်းစဉ်မှာ ဤအတိုင်းပင် ဖြစ်ကြောင်းကို သက်သေထူခဲ့ကြပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ إِنْ كَانَ
آبَاؤُكُمْ وَأَبْنَاؤُكُمْ وَإِخْوَانُكُمْ وَأَزْوَاجُكُمْ وَعَشِيرَتُكُمْ وَ
أَمْوَالٌ اقْتَرَفْتُمُوهَا وَتِجَارَةٌ تَخْشَوْنَ كَسَادَهَا وَ
مَسَاكِنُ تَرْضَوْنَهَا أَحَبَّ إِلَيْكُمْ مِنَ اللَّهِ وَرَسُولِهِ وَ
جِهَادٍ فِي سَبِيلِهِ فَتَرَبَّصُوا حَتَّىٰ يَأْتِيَ اللَّهُ بِأَمْرِهِ ۗ وَاللَّهُ
لَا يَهْدِي الْقَوْمَ الْفَاسِقِينَ ﴿٢٤﴾

၉ : ၂၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ဤသို့) ပြောကြားပါလေ။ အကယ်၍ အသင်တို့၏ ဖခင်များ၊ အသင်တို့၏ သားများ၊ အသင်တို့၏ ဇနီးကြင်ရာများ၊ အသင်တို့၏ ဆွေမျိုးသားချင်းများ၊ အသင်တို့ ရှာဖွေဆည်းပူးခဲ့ကြသော ဥစ္စာပစ္စည်းများ၊ အသင်တို့ ထိုင်းမှိုင်းသွားမည်ကို စိုးရိမ်လျက် ရှိနေကြသော ရောင်းဝယ်ဖောက်ကားမှုနှင့် အသင်တို့ နှစ်သက်ကြကုန်သော တိုက်တာအိမ်ဂေဟာများသည် အသင်တို့အဖို့ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပြင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ခြင်းထက် ပိုမို၍ နှစ်သက်မြတ်နိုးဖွယ်ရာများ ဖြစ်ခဲ့ကြပါလျှင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က (ဟိဂျ်ရသ် ရွှေ့ပြောင်းမှု မပြုလုပ်ခြင်း၏ ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍) မိမိ၏ အမိန့်တော်ကို ထုတ်ပြန်တော်မူသည့်အထိ စောင့်ဆိုင်း၍ နေကြကုန်လော့။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို ဖီဆန်သူတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ရှေ့တွင် ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ အကျယ်တဝင့် တင်ပြထားသည်မှာ အို၊ မိုဟမ္မဒ် ﷺ) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ အို၊ (အချင်းတို့) အကယ်၍ အသင်တို့၏ အဘများသည်လည်းကောင်း၊ အသင်တို့၏ သားများသည်လည်းကောင်း၊ အသင်တို့၏ ညီအစ်ကိုတို့သည်လည်းကောင်း၊ အသင်တို့၏ ဇနီးကြင်ယာများသည်လည်းကောင်း၊ အသင်တို့၏ ဆွေမျိုးသားချင်းများသည်လည်းကောင်း၊ အသင်တို့ ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အကျိုးအမြတ် မဖြစ်ဘဲ ထိုင်းမှိုင်းသွားမည်ကို အသင်တို့ စိုးရိမ်လျက်ရှိသော အသင်တို့၏ ရောင်းဝယ်ဖောက်ကားမှုသည်လည်းကောင်း၊ အသင်တို့ နှစ်သက်စုံမက်ကြသော အသင်တို့၏ နေထိုင်ရာ နေအိမ်များသည်လည်းကောင်း၊ (ဖော်ပြပါ အရာအားလုံးတို့သည်) အလ္လာဟ်အသျှင်မြတ်ထက်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ထက်လည်းကောင်း၊ ထိုအသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းထက်လည်းကောင်း ပို၍ ချစ်ခင်စုံမက်ဖွယ်ရာများ ဖြစ်ခဲ့ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် (ဟိဂျ်ရသ်မပြုလုပ်ခြင်း၏ အပြစ်ဒဏ်

နှင့် စပ်လျဉ်း၍) မိမိအမိန့်တော်များ ထုတ်ပြန်တော်မူသည်အထိ အသင်တို့ စောင်ဆိုင်းကြလေကုန်။ (အခြား အာယသ်တော်တစ်ပုဒ်တွင်

اِنَّ الَّذِيْنَ تَوَفّٰهُمُ الْمَلٰٓئِكَةُ اِلٰى قَوْلِهٖ فَاُولٰٓئِكَ مَأْوٰىهُمْ جَهَنَّمُ

ဟူ၍ လာရှိသည့်အတိုင်း) အလ္လာဟ်အသျှင်မြတ်သည် အမိန့်ဖီဆန်သွေဖည်သူတို့အား ၎င်းတို့၏ ရည်ရွယ်ချက်အထိ ပို့ဆောင်တော်မူမည်မဟုတ်ပေ။ (၎င်းတို့၏ ရည်ရွယ်ချက်မှာ ထိုအရာများအပေါ် အကျိုး ခံစားခွင့်ရယူရန် ဖြစ်သည်။ ၎င်းသည် အလွန်လျှင်မြန်စွာ အမိန့်ဖီဆန်မှု ဖြစ်စေသည်။ ၎င်းတို့၏ ထိုအရာများ အပေါ် မျှော်လင့်ခြင်းများသည် သေခြင်းတရားကို သတိရခြင်းမှ ပြတ်တောက်စေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

စူရာဟ်သောင်ဗာဟ်၏ ဤအာယသ်တော်သည် မက္ကာဟ်မှ ဟိဂျ်ရသ်ပြုရန် ဖွရဇ်ဖြစ်သည့်အချိန် တွင် ဟိဂျ်ရသ်မပြုသူတို့နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည့် အာယသ်တော်ဖြစ်သည်။ မိခင်၊ ဖခင်၊ ညီအစ်ကို မောင်နှမ၊ သားသမီး၊ ဇနီးမယားနှင့် ဥစ္စာပစ္စည်းများ၏ ချစ်ခင်စုံမက်မှုများသည် ဟိဂျ်ရသ် 'ဖွရဇ်'ဖြစ်ခြင်း အား အတားအဆီး ဖြစ်စေခဲ့သည်။ ၎င်းတို့နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား 'အသင်သည် ၎င်းတို့အား ပြောကြားပါလေ'ဟူ၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ 'အို၊ အချင်းတို့၊ အသင်တို့၏ အဘများသည်လည်းကောင်း၊ အသင်တို့၏ သားများသည်လည်းကောင်း၊ အသင်တို့၏ ညီအစ်ကို များသည်လည်းကောင်း၊ အသင်တို့၏ ဇနီးကြင်ယာများသည်လည်းကောင်း၊ အသင်တို့၏ ဆွေမျိုးသားချင်း များသည်လည်းကောင်း၊ အသင်တို့ ရှာဖွေစုဆောင်ထားသည့် ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ အကျိုး အမြတ်မဖြစ် ထိုင်းမှိုင်းသွားမည်ကို အသင်တို့ စိုးရိမ်လျက်ရှိသော အသင်တို့၏ ရောင်းဝယ်ဖောက်ကား မှုသည်လည်းကောင်း၊ အသင်တို့ နှစ်သက်စုံမက်ကြသော အသင်တို့၏ နေထိုင်ရန် နေအိမ်များသည်လည်း ကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ထက်လည်းကောင်း၊ ထိုအသျှင်မြတ်၏ လမ်းတော်၌ စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ခြင်းထက်လည်းကောင်း ပို၍ ချစ်ခင်စုံမက်ဖွယ်များ ဖြစ်ခဲ့ကြပါလျှင် အလ္လာဟ်အသျှင် မြတ်သည် မိမိ၏ အမိန့်တော်များအား ထုတ်ပြန်ချမှတ်တော်မူသည်အထိ အသင်တို့ စောင့်ဆိုင်းကြလေကုန်' အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်အား သွေဖည်ဆန့်ကျင်သူများကို ၎င်းတို့ လိုလားရာ ရည်ရွယ်ချက် အထိ ပို့ဆောင်ပေးတော်မမူပေ။

ဤအာယသ်တော်၌ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမိန့်တော်များအား ထုတ်ပြန်ချမှတ်တော် မူသည်အထိ အသင်တို့ စောင့်ဆိုင်းကြလေကုန်။' ဟူသည်နှင့် စပ်လျဉ်း၍ အဖွင့်ပညာရှင် အေမာမ်မုဂျာဟိဒ် (ရဟ) က حكم အမိန့်၏ အလိုသဘောမှာ 'ဂျိဟားဒ်'ပြုခြင်းနှင့် မက္ကာဟ်ကို အောင်နိုင်ခြင်း၏ အမိန့် ဖြစ်သည်'ဟု ဆိုသည်။ ဆိုလိုသည်မှာ ထိုအချိန်က လောကီရေးရာ ချစ်ခင်စွဲလမ်းမှုများအပေါ် အလ္လာဟ်နှင့်

ရရှူလ်၏ ချစ်ခင်စွဲလမ်းမှုများကို စွန့်လွှတ်ခဲ့သူများ၏ ဆိုးကျိုးရလဒ်သည် မကြာမြင့်မီ ရှေ့မှောက်ရောက်ရှိလာတော့မည်။ ဥပမာ- မက္ကာဟ်ကို အောင်နိုင်တော့မည်။ အမိန့်ဖီဆန်သူတို့သည် သေးသိမ်မှုဖြစ်ကြရတော့မည်။ ထို့နောက် ၄င်းတို့၏ လောကီရေးချစ်ခင်မှုများက ၄င်းတို့အဖို့ ထိုအချိန်တွင် အသုံးမဝင်တော့မည်ကို ဆိုလိုခြင်းဖြစ်ပေသည်။

ဟာစန်ဗဆွရီ (ရဟ) က အမိန့်ရှိသည်မှာ 'ဤနေရာတွင် حكم အမိန့်၏ အလိုသဘောမှာ 'အဇားဗ်' အပြစ်ဒဏ်၏ အမိန့်' ကို ဆိုလိုခြင်းဖြစ်သည်။ လောကီရေးရာစုံမက်မှုများအပေါ် တမလွန်၏ စုံမက်မှုများအား စွန့်လွှတ်၍ ဟိဂျ်ရသ်မပြုလုပ်သူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်၏ အမိန့်သည် မကြာမြင့်မီ ကျရောက်တော့မည်'ဟု ဆိုလိုခြင်းဖြစ်သည်။ (သို့တည်းမဟုတ်) လောကၥ်ပင် ၄င်းတို့အပေါ် 'အဇားဗ်'အပြစ်ဒဏ် ကျရောက်လာပေမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အာယသ်တော်၌ ဤနေရာတွင် ဟိဂျ်ရသ် မပြုခြင်းအပေါ် ခြိမ်းခြောက်သတိပေးခြင်းအကြောင်း တင်ပြထားသည်။ သို့ရာတွင် ဟိဂျ်ရသ်အကြောင်း တင်ပြရမည့်အစား ဟိဂျ်ရသ်ပြုပြီးနောက် ပထမခြေလှမ်းဖြစ်သည့် 'ဂျိဟားဒ်'အကြောင်း တင်ပြထားသည်။ ဤနေရာတွင် ယခုမူ မွေးရပ်မြေဌာနေကို စွန့်လွှတ်သည့် ဟိဂျ်ရသ်ကိုသာ ပြုရမည်ဟူသော အမိန့်ဖြစ်ကြောင်း ညွှန်းဆိုထားသည်။ ဤအမိန့်တွင် အချို့တို့သည် ဟိဂျ်ရသ်ပြုရန် သတ္တိနည်းခဲ့ကြသည်။

ရှေ့၌ 'ဂျိဟားဒ်'၏ အမိန့်ကျရောက်လာပေမည်။ ဤအမိန့်တွင် အလ္လာဟ်နှင့် ရရှူလ်၏ ချစ်ခင်မှုအပေါ် လောကီရေးချစ်ခင်မှုအားလုံးနှင့် မိမိ၏ အသက်ဇီဝိန်ကိုပင် စတေးရန် ပါရှိသည်။ ဤနေရာတွင် ဟိဂျ်ရသ်ကိုပင်လျှင် 'ဂျိဟားဒ်'နှင့် ခိုင်းနှိုင်းယှဉ်ပြခြင်းလည်း ဖြစ်နိုင်သည်။ အကြောင်းမှာ ဟိဂျ်ရသ်သည်လည်း အမှန်စင်စစ် 'ဂျိဟားဒ်'၏ တစ်စိတ်တစ်ဒေသ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

နောက်ဆုံးအာယသ်တော်တွင်

وَاللّٰهُ لَا يَهْدِى الْقَوْمَ الْفٰسِقِيْنَ

ဟု မိန့်ကြားလျက် 'ဟိဂျ်ရသ်အမိန့်တော် ကျရောက်လာပါလျက် လောကီရေးချစ်ခင်စုံမက်မှုများကို ဦးစားပေး၍ မိမိတို့၏ သားချင်းညီနောင်၊ မိတ်သင်္ဂဟများ၊ ဥစ္စာပစ္စည်းများနှင့် နေအိမ်အဆောက်အအုံများအပေါ် ချစ်ခင်စုံမက်မှုများ ပြုသူတို့၏ ဤလုပ်ရပ်သည် လောကၥ်လည်း ၄င်းတို့အတွက် အကျိုးဖြစ်မည်မဟုတ်ဘဲ ၄င်းတို့သည် မိမိတို့၏ အိမ်သူ၊ အိမ်သား၊ မိသားစုများ၊ ဥစ္စာပစ္စည်းများနှင့် နေအိမ်အဆောက်အအုံတို့နှင့် အမြဲထာဝရ ငြိမ်းချမ်းစွာ နေထိုင်ကြရမည် မဟုတ်သည်သာမက 'ဂျိဟားဒ်'၏ အမိန့်ကျရောက်သည်နှင့် ထိုအရာအားလုံးတို့သည် ၄င်းတို့အတွက် အသက်ဇီဝိန်၏ ဒုက္ခများ ဖြစ်သွားကြပေလိမ့်မည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အမိန့်ဖီဆန်သူတို့အား ၄င်းတို့၏ ရည်ရွယ်ရာသို့ ပို့ဆောင်တော်မူမည်မဟုတ်ပေ' ဆိုသည့်အကြောင်းကို ပြသလိုက်ခြင်း ဖြစ်သည်။

ဟိဂျ်ရသ်နှင့် စပ်လျဉ်းသည့် ဓမ္မသတ်များ

ပထမဦးစွာ မက္ကာဟ်မြို့မှ မဒီနာသို့ ဟိဂျ်ရသ်ပြုရန် 'ဖွရဇ်'အဖြစ် သတ်မှတ်ခြင်းသည် 'ဖွရဇ်'အမိန့် တစ်ခုတည်းအတွက်သာမဟုတ်ဘဲ မွတ်စ္စလင်မ်ဖြစ်ခြင်း၏ သင်္ကေတလည်းဖြစ်ပေသည်။ တတ်နိုင်ပါလျက်

ဟိဂ်ျရသ်မပြုသူသည် မွတ်စ္စလင်မ်ဟု ယူဆခြင်းမခံရပေ။ ဤအမိန့်သည် မက္ကာဟ်မြို့ကို အောင်နိုင်ပြီး နောက်တွင် ရုပ်သိမ်းခြင်းခံရပြီးဖြစ်သည်။ သို့ရာတွင် နေရာဒေသတစ်ခုတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့် ပညတ်ချက်များဖြစ်သော နမာဇ်၊ ရိုဇာဟ် စသည်တို့ကို ပြုကျင့်ရန် မဖြစ်နိုင်သည့် နေရာများ ရှိပါလျှင် ထိုနေရာဒေသမှ ဟိဂ်ျရသ်ပြုရန် အမြဲတမ်းအတွက် 'ဖွရဇ်'ဖြစ်ကြောင်း အမိန့်ကျန်ရှိနေပေသည်။ ဤသည် မှာလည်း တတ်စွမ်းနိုင်ခြင်း ရှိရန်မှာ အရေးကြီးသော စည်းကမ်းချက်ဖြစ်မည်။

ဒုတိယအဆင့်မှာ မကောင်းမှုဒုစရိုက်များ လွှမ်းမိုးလျက်ရှိသည့် နေရာကို စွန့်လွှတ်ရန် အမြဲတမ်း အတွက် မွတ်စ်သဟာဗ်ဖြစ်သည်။

ဖော်ပြပါအာယသ်တော်မှ ဟိဂ်ျရသ်သည် 'ဖွရဇ်'ဖြစ်ပါလျက် လောကီရေး ချစ်ခင်စုံမက်မှုများ ကြောင့် ဟိဂ်ျရသ်မပြုသူများအား ရည်ညွှန်းမိန့်ဆိုထားခြင်း ဖြစ်သည်။ သို့သော်လည်း အာယသ်တော်၏ စာလုံးများက မွတ်စ္စလင်မ်အားလုံးတို့အပေါ် 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော် ﷺ တို့၏ အချစ်သည် အခြားသူ၊ အခြားအရာတို့၏ ချစ်ခင်စုံမက်မှုများအပေါ် လွှမ်းမိုးခြင်းဖြစ်ရန် 'ဝါဂျိဗ်' ဖြစ်သည်။ ထိုအဆင့်၌ရှိသည့် အချစ်ကို ပေါ်ပေါက်အောက် မပြုသူသည် 'အဇားဗ်'နှင့် ထိုက်သက်သူ ဖြစ်သည်။ ထိုသူ့အဖို့ အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်ကို စောင့်ဆိုင်းနေရန် ထိုက်သည်ဟူ၍ အမိန့် ပေးထားခြင်း ဖြစ်သည်။

အလ္လာဟ်နှင့် ရစူလ် ﷺ အပေါ် ချစ်ခင်မှုသည် တစ်လောကလုံးနှင့် မိမိအသက်ထက် သာပိုခြင်း မဖြစ်သမျှ ကာလပတ်လုံး စစ်မှန်သော အီမာန်မဖြစ်နိုင်ခြင်း

'ဆွဟီဟိုင်းန်' (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းများ) တွင် ဟဇရသ်အနတ်စ် ؓ သခင်၏ ဆင့်ပြန် ချက်တွင် ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ မည်သူမဆို မိမိ၏ဖခင်၊ သားသမီးများနှင့် တစ်လောက လုံးရှိ လူတို့ထက် ပို၍ ငါကိုယ်တော်အား ချစ်ခင်မှုမပြုသမျှ ထိုသူသည် မုအ်မင်န်မဖြစ်နိုင်။

အဗူဒါဝူးဒ်ကျမ်းနှင့် သိရ်မီဇီကျမ်းတို့တွင် အဗူအုမာမဟ် ؓ ၏ ဆင့်ပြန်ချက်လာရှိသည်မှာ တမန် တော်မြတ် ﷺ က 'မည်သူမဆို အလ္လာဟ်အသျှင်မြတ်အတွက် လူတစ်ဦးအား ချစ်ခင်ပါလျှင်၊ အလ္လာဟ်အသျှင် မြတ်အတွက် မုန်းတီးပါလျှင်၊ ၎င်းနောက် ပစ္စည်းဥစ္စာ သုံးစွဲခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်အတွက် သော်လည်းကောင်း၊ တစ်နေရာ၌ သုံးစွဲမှုမပြုခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်အတွက်သော်လည်း ကောင်း ဖြစ်ခဲ့ပါလျှင် ထိုသူသည် မိမိအီမာန်ကို ပြည့်စုံအောင် ပြုလုပ်သူသာ ဖြစ်သည်' ဟု မိန့်တော်မူသည်။

ဖော်ပြပါဟဒီးစ်တော်များဖြင့် အီမာန်ပြည့်ဝသူဖြစ်ရန်မှာ တမန်တော်မြတ် ﷺ အပေါ် ချစ်ခင် မှုသည် အရာအားလုံးအပေါ် ချစ်ခင်မှုအပေါ်၌ လွှမ်းမိုးခြင်းနှင့် လူသား၏ ချစ်ခင်မှု၊ မုန်းတီးမှု၊ ပေးကမ်းမှု၊ မပေးကမ်းမှုတို့သည် အလ္လာဟ်နှင့် ရစူလ်တို့၏ အမိန့်တော်အပေါ်၌သာ မူတည်ကြောင်း သိရှိရပေသည်။ သဖ်စီးရ်အဖွင့်ပညာရပ်၌ အိမာမ်တစ်ပါးဖြစ်သည့် ကာဇ္ဇီဗိုင်သွာဝီ စသော ပညာရှင်များက 'အလွန်နည်းပါး လှသည့် လူတို့သည် ဤအာယသ်တော်၏ 'ဝအီးဒ်' ခြိမ်းခြောက်သတိပေးခြင်း၌ မပါဝင်ချေ။ အကြောင်းမှာ များသောအားဖြင့် အလွန် 'အိဗာဒသ်'ပြုသည်ဆိုသော အာဗိဒ်များ၊ အာလင်မ်နှင့် မွတ်သက္ကီများပင်လျှင်

သားမယား၊ မိသားစုနှင့်လည်းကောင်း၊ ဥစ္စာပစ္စည်းများအပေါ်၌လည်းကောင်း စွဲလန်းချစ်ခင်မှုတို့က လွှမ်းမိုးနေကြသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်သည်။ 'သို့သော် အလ္လာဟ်အသျှင်မြတ် အလိုတူသော သူများမှာမူ ထိုအုပ်စု၌ မပါဝင်ပေ'ဟု ဆိုကြသည်။ တစ်ဆက်တည်းမှာပင် ကာဇီဗိုင်ဿဝီက ဤနေရာတွင် ချစ်ခင်မှုဆိုသည်မှာ ရည်ရွယ်လျက်ပြုလုပ်သော အချစ်ကို ဆိုလိုသည်။ မရည်ရွယ်သော ချစ်ခင်မှုနှင့် ပင်ကိုယ်ဗီဇ၏ ချစ်ခင်မှုများကို မဆိုလိုပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် လူသားအား ၎င်း၏ အင်အားနှင့် ပို၍ ဒုက္ခပေးတော်မမူခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် အကယ်၍ လူတစ်ဦး၏ စိတ်နှလုံးသားသည် ထိုလောကီရေးရာများ၌ ပင်ကိုယ်ဗီဇ၏ ချစ်ခင်မှုဖြစ်နေပါသော်လည်း အလ္လာဟ်နှင့် ရစူလ်၏ အမိန့်ပညတ်ချက်များအား ဆန့်ကျင်မှုပြုရန် အလေးမမူခြင်း မဖြစ်ပါလျှင် ထိုသူသည်လည်း ထို 'ဝအီးဒ်' ခြိမ်းခြောက်သတိပေးခြင်း၌ မပါဝင်ချေ။ ထိုသူသည် အလ္လာဟ်နှင့် ရစူလ် ﷺ ၏ အချစ်ကို ရှေ့တန်းတင်သူပင် ဖြစ်သည်။ ဥပမာအားဖြင့် ရောဂါသည်တစ်ဦးသည် ခါးသက်သော ဆေး၊ (သို့) ခွဲစိတ်ကုသခြင်း၏ ဒုက္ခတို့ကို သဘာဝပင်ကိုယ်ဗီဇအရ ကြောက်ရွံ့စိုးရိမ်ခြင်းကား ဖြစ်လေ့ရှိသည်။ သို့ရာတွင် ဦးနှောက်၏ အသိတရားဖြင့် ထိုဒုက္ခကို မိမိ၏ ရောဂါပျောက်ကင်းသက်သာရေးအတွက် အကြောင်းခံဟု မှတ်ယူ၍ ကုသမှုခံယူရသည်သာ ဖြစ်သည်။

ထိုကဲ့သို့ ဆေးခါး (သို့) ခွဲစိတ်ကုသခြင်းကဲ့သို့ မနှစ်မြို့ဖွယ်ရာနှင့် ကြောက်မက်ဖွယ်ရာတို့ကို စိတ်အတွင်းမှ ထုတ်ပစ်၍ ကုသမှုခံယူခြင်းသည် မည်သူ့ထံတွင်မှ ရှုတ်ချဖွယ်လုပ်ရပ် မဖြစ်ပေ။ အလားတူ လူတစ်ဦးသည် ဥစ္စာပစ္စည်းနှင့် သားသမီးများ၏ ချစ်ခင်မှုကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်အချို့ကို မရည်ရွယ်ဘဲလျက် ဒုက္ခဟု ခံစားမိသော်လည်း ထိုယူဆချက်ဒုက္ခကို ခါးစည်းခံလျက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို လိုက်နာကျင့်သုံးပါလျှင် ထိုအချက်သည်လည်း ရှုတ်ချဖွယ်လုပ်ရပ် မဟုတ်ပေ။ ထိုမျှသာမက ချီးမွမ်းခြင်းခံထိုက်သော လုပ်ရပ်ဖြစ်ပေသည်။ အလ္လာဟ်နှင့် ရစူလ်၏ ချစ်ခင်မှုကို ဤအာယသ်တော်နှင့် လျော်ညီစွာ ဦးစားပေး ရှေ့တန်းတင်သူဟု ခေါ်ဆိုရပေမည်။

သို့ရာတွင် ဤသို့ ပြုခြင်းသည် အချစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သည်။ သဘာဝ ပင်ကိုယ်ဗီဇအပေါ်၌လည်း လွှမ်းမိုးခြင်းဖြစ်နိုင်သည်ကို သံသယဖြစ်ရန် မလိုပါချေ။ ချစ်ခင်ရသူ၏ အမိန့်ကို လိုက်နာကျင့်သုံးရခြင်း၏ အရသာသည် ခါးသက်မှုနှင့် ဒုက္ခဟူသရွေ့တို့ကိုလည်း ချိုမြိန်သော အရသာအဖြစ် ပြုပေးနိုင်သည်။ ဥပမာ- လောက၏ မတည်မြဲသည့် အရသာများအတွက် ဒုက္ခကို ပျော်ရွှင်ရယ်မောစွာဖြင့် နေ့၊ ညရှာဖွေနေသူများကို တွေ့မြင်ရပေသည်။ ရုံးဝန်ထမ်းသည် လကုန်သည့်အခါ ရရှိမည့် လစာငွေ၏ အချစ်အတွက် အိပ်စက်ခြင်း၊ အနားယူခြင်း စသည်တို့အပေါ်တွင် များစွာသော ဒုက္ခခံမှုများ၊ ကြိုးပမ်းမှုများ၊ အသနားခံခြင်းများနှင့် လာဘ်ပေးခြင်းများ ပြုလုပ်ခြင်းတွင် လွှမ်းမိုးလျက်ရှိနေကြပေသည်။

သူတော်စင်များအဖို့ ဤအဆင့်အတန်းကို အလ္လာဟ်၊ ရစူလ်နှင့် 'အာခေရသ်'၏ ဆုလာဘ်တော်များ၏ အချစ်အတွက် ရရှိခဲ့ကြသည်မှာ ဤအချစ်နှင့် ယှဉ်ပြိုင်လာလျှင် ၎င်းတို့သည် မည်သည့်ဒုက္ခကိုမျှ မမြင် ကြတော့ပေ။ ထို့ကြောင့် ဤအဆင့်အတန်းကို ရရှိခြင်းဖြစ်သည်။ 'ဆွဟီဟိုင်းန်' (ဘုခါရီကျမ်းနှင့်

မွတ်စ္စလင်မ် ကျမ်းများ) တွင် ဟဒီးစ်တော်တစ်ပုဒ် လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်။ 'သုံးမျိုးသော အကျင့်ဗီဇကို ရရှိသူသည် အီမာန်၏ ချိုမြိန်မှုအရသာကို ရရှိသူဖြစ်သည်။ ထိုအကျင့်ဗီဇ သုံးမျိုးမှာ-

(၁) အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်သည် ၎င်းထံတွင် အရာအားလုံးထက် ချစ်ခင်မှုဖြစ်ခြင်း၊

(၂) အလ္လာဟ်အသျှင်မြတ်၏ ကျွန် (လူသား) တစ်ဦးဦးအား အလ္လာဟ်အသျှင်မြတ်အတွက်သာ ချစ်ခင်ခြင်းနှင့်

(၃) 'ကုဖွ်ရ်'နှင့် 'ရှရစ်ကဲ'ပြုရမည်ကို မီးပုံ၌ ထည့်ခံရမည့်အတိုင်း ခံစားရခြင်းတို့ ဖြစ်သည်။

ဟဒီးစ်တော်၌ အီမာန်၏ ချိုမြိန်မှု၏ အလိုသဘောသည် လူသားအတွက် ဒုက္ခဟူသရွေ့တို့အား အရသာချိုမြိန်မှုပြုပေးခြင်း ဖြစ်သည်။

اِذَاحَلَّتِ الْحَلَاوَةُ قَلْبًا ـ نَشَطَتْ فِى الْعِبَا دَةِ الْاَعْضَاءُ

နှလုံးသားတွင်း အီမာန်၏ ချိုမြိန်မှု ပေါ်ပေါက်လာလျှင် 'အေဗာဒသ်'ပြုခြင်းနှင့် အမိန့်နာခံခြင်းတို့တွင် ၎င်း၏ခန္ဓာကိုယ် အစိတ်အပိုင်းများ၌ ချိုမြိန်မှုအရသာ ရရှိသွားပေသည်။

ဤသည်ကိုပင် အချို့ဆင့်ပြန်ချက်များ၌ အီမာန်၏ ပျော်ရွှင်မှုနှင့် ခိုင်းနှိုင်းထားသည်။ ဟဒီးစ်တော် တစ်ရပ်တွင် တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်၏ မျက်လုံးများ၏ အေးမြမှုသည် နမာဇ်အတွင်း၌သာ ရှိသည်'ဟု မိန့်ကြားတော်မူခဲ့သည်။ ကာဇီစနာအွလ္လာဟ်ဒွပါနီ ပသ်သီး (ရဟ) က သဖ်စီရေမဇ္ဇဟရီကျမ်း၌ မိန့်ဆိုထားသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့၏ အချစ်ကြောင့် ရရှိသည့် ဤအဆင့်သည် ကြီးမားလှစွာသော ကျေးဇူးတော်တစ်ရပ်ပင် ဖြစ်သည်။ သို့ရာတွင် ထိုအဆင့်သည် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် သူတော်စင်များ၏ ထိုင်ဝိုင်း၌ နေခြင်းဖြင့်သာ ရရှိနိုင်သည်။ ထို့ကြောင့် သူတော်စင်တို့က ဤအဆင့်ကို အလ္လာဟ်၏ အချစ်တော်သူတော်စင်အကြီးအကဲများ၏ အပါး၌ အကျိုးဆောင်မှုပြုလျက် ရယူရန် အရေးကြီးကြောင်း သတ်မှတ်ထားကြခြင်းဖြစ်သည်။

ရှုဟွလ်ဗယာန်ကျမ်းရှင်က မိန့်ဆိုသည်မှာ ဤအဆင့်သည် အိဗ်ရာဟီးမ်ခလီလွလ္လာဟ် عليه السلام ကဲ့သို့ မိမိ၏ ဥစ္စာပစ္စည်း သားသမီးများနှင့် အသက်ဇီဝိန်ကို အလ္လာဟ်အသျှင်မြတ်၏ အချစ်တွင် စွန့်လွှတ်စွန့်စားရန် အသင့်ဖြစ်နေမှသာ ရရှိနိုင်မည်။

ကာဇီဗိုင်သွဝီ (ရဟ) သခင်က မိန့်ဆိုသည်မှာ ရစူတမန်တော်မြတ် ﷺ ၏ စွန္နသ်နှင့် ရှရီအသ် လမ်းစဉ်ကို ထိန်းသိမ်းခြင်းနှင့် ၎င်းစွန္နသ်နှင့် ရှရီအသ်အား အပြစ်ရှာသူများအား ဆန့်ကျင်တွန်းလှန်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ် ﷺ တို့အား ချစ်မြတ်နိုးခြင်းအတွက် ထင်ရှားသော လက္ခဏာတစ်ရပ်ပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لَقَدْ نَصَرَكُمُ اللّٰهُ فِيْ
مَوَاطِنَ كَثِيْرَةٍ ۙ وَّيَوْمَ حُنَيْنٍ ۙ اِذْ اَعْجَبَتْكُمْ كَثْرَتُكُمْ
فَلَمْ تُغْنِ عَنْكُمْ شَيْـًٔا وَّضَاقَتْ عَلَيْكُمُ الْاَرْضُ بِمَا
رَحُبَتْ ثُمَّ وَلَّيْتُمْ مُّدْبِرِيْنَ ﴿٢٥﴾

၉ : ၂၅ ။ ။ အလ္လာဟ်အသျှင်မြတ်သည် (ယခင်ကလည်း) အသင်တို့အား များစွာသော စစ်မြေပြင် နေရာများတွင် ကူညီစောင်မတော်မူခဲ့လေသည်။ (ယခု များမကြာသေးမီကပင်) 'ဟုနိုင်းန်'(တောင်ကြားတွင် စစ်ဖြစ်ခဲ့သော) နေ့တွင်လည်း ကူညီစောင်မတော်မူခဲ့လေသည်။ ထို (ဟုနိုင်းန်တောင်ကြားတွင် စစ်ဖြစ်သော) အခါ အသင်တို့၏ (စစ်သည် အရေအတွက် များပြားမှုသည် အသင်တို့အား အထင်ကြီး (မော်ကြွား၍) ဝင့်ကြွားစေခဲ့သည်။ သို့ရာတွင် ယင်း(အရေအတွက်) များပြားမှုသည် အသင်တို့အဖို့ အသုံးမဝင်ခဲ့သည့်အပြင် ကမ္ဘာမြေပြင်သည်လည်း (ဤမျှ) ကျယ်ဝန်းပါလျက်နှင့်ပင် အသင်တို့ အပေါ်ဝယ် ကျဉ်းမြောင်း၍ သွားခဲ့လေသည်။ ထို့နောက် အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ့ကြလေသည်။

ثُمَّ اَنْزَلَ اللّٰهُ سَكِيْنَتَهٗ
عَلٰى رَسُوْلِهٖ وَعَلَى الْمُؤْمِنِيْنَ وَاَنْزَلَ جُنُوْدًا لَّمْ تَرَوْهَا ۚ
وَعَذَّبَ الَّذِيْنَ كَفَرُوْا ۗ وَذٰلِكَ جَزَآءُ الْكٰفِرِيْنَ ﴿٢٦﴾

၉ : ၂၆ ။ ။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ထံတော်မှ စိတ်တည်ငြိမ်မှုကို မိမိ၏ ရစူလ်တမန်တော်မြတ်နှင့် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အပေါ်သို့ ချပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် အသင်တို့ မမြင်နိုင်သော စစ်သည်ရဲမက်တို့ကိုလည်း စေလွှတ်ပေးတော်မူခဲ့သည်။ ထို့ပြင် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သူတို့အား ပြစ်ဒဏ်ပေးတော်မူခဲ့လေသည်။ ဤသည်ပင်လျှင် အမှန်တရားကို ငြင်းပယ်ကြသော ကာဖိရ်တို့၏ အကျိုးပင် ဖြစ်ပေသည်။

ثُمَّ يَتُوْبُ اللّٰهُ مِنْۢ بَعْدِ ذٰلِكَ عَلٰى مَنْ يَّشَآءُ ۗ وَاللّٰهُ
غَفُوْرٌ رَّحِيْمٌ ﴿٢٧﴾

၉ : ၂၇ ။ ။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်သူသော သူဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား များစွာသော (စစ်မြေပြင်) နေရာများ၌ (ကာဖိရ်များအပေါ်) အောင်မြင်စေတော်မူခဲ့သည်။ ('ဗဒရ်'ကဲ့သို့ စစ်မြေပြင် စသည်တို့နှင့်) 'ဟုနိုင်းန်' စစ်ပွဲ၌လည်း ကူညီစောင်မတော်မူခဲ့သည်။ (ထိုဖြစ်ရပ်များတွင် အသင်တို့အား အံ့ဖွယ်အောင်မြင်မှုများကို ချီးမြှင့်တော်မူခဲ့သည်။) ထို 'ဟုနိုင်းန်'တောင်ကြား၌ စစ်ဖြစ်သောအခါ အသင်တို့သည် မိမိတို့၏ စစ်သည် အရေအတွက် များပြားခြင်းအပေါ် မာနထောင်လွှားမှု ဖြစ်စေခဲ့သည်။ ထိုများပြားမှုသည် အသင်တို့အား မည်သို့မျှ အကျိုးသက်ရောက်မှု မရှိခဲ့ပေ။ (ကာဖိရ်တို့၏ မိုးရွာချမှုသည် အသင်တို့အား ဒုက္ခဖြစ်စေသည် မှာ) ကမ္ဘာမြေကြီးသည်လည်း (ဤမျှ) ကျယ်ဝန်းပါလျက် အသင်တို့အတွက် ကျဉ်းမြောင်းသွားခဲ့ရသည်။ ထိုအခါ (နောက်ဆုံးတွင်) အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ်ကြသည်။ ထို့နောက် အလ္လာဟ်အသျှင် မြတ်သည် မိမိ၏ ရစူလ်တမန်တော် (၏ နှလုံးသား) အပေါ်၌လည်းကောင်း၊ အခြားသော မုအ်မင်န် (တို့၏ နှလုံးသားများ) အပေါ်၌လည်းကောင်း။ မိမိထံမှ စိတ်တည်ငြိမ်မှုကို ချပေးတော်မူခဲ့လေသည်။ ထို့နောက် (ကူညီစောင်မရန်) စစ်သည်ရဲမက်များကို (မိုးကောင်းကင်မှ) ချပေးတော်မူခဲ့လေသည်။ ထိုစစ်သည် ရဲမက်တို့အား အသင်တို့ မတွေ့မြင်နိုင်ကြပေ။ (ဖရစ်ရှ်တာဟ်များကို စေလွှတ်ပေးတော်မူခြင်းကို ဆိုလိုသည်။ ထို့နောက် အသင်တို့သည် ပြန်လည်တိုက်ခိုက်ကြရာ အသင်တို့ အောင်မြင်မှု ရရှိခဲ့ကြလေသည်။)

ထို့နောက် (အလ္လာဟ်အသျှင်မြတ်သည်) ကာဖိရ်တို့အား ပြစ်ဒဏ်ပေးတော်မူခဲ့သည်။ (ကာဖိရ်တို့ သည် အသတ်ခံခဲ့ကြရသည်။ ရှုံးနိမ့်ခဲ့ကြရသည်။ အဖမ်းခံခဲ့ကြရသည်။) အမှန်စင်စစ် ဤသည် (လောက တွင်) ကာဖိရ်တို့၏ အကျိုး (အပြစ်ဒဏ်) ပင် ဖြစ်ပေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် (ထိုကာဖိရ်များအနက်) အလိုရှိသူတို့အား 'တောင်ဗာဟ်'၏ အခွင့်အရေး နဖူးစာပေးတော်မူခဲ့သည်။ (သို့ရှိရာ များစွာသော သူများမှာ မွတ်စ္စလင်မ်များ ဖြစ်လာခဲ့ကြသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန် တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။ (မွတ်စ္စလင်မ်ဖြစ်လာကြသူများသည် ၎င်းတို့၏ ယခင်က ကျူးလွန်ခဲ့သမျှ အပြစ် ဒုစရိုက်အားလုံး ပလပ်ခြင်းခံရပြီး 'ဂျန္နသ်'နှင့် ထိုက်တန်သူများ ဖြစ်သွားခဲ့ကြသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် 'ဟုနိုင်းန်'စစ်ပွဲ၌ ရှုံးနိမ့်ခြင်းနှင့် အောင်နိုင်ခြင်းဖြစ်ရပ်များနှင့်အတူ ထိုအကြောင်းအရာများနှင့် စပ်လျဉ်း၍ များစွာသော အခြေခံဥပဒေများနှင့် အကျိုးကျေးဇူးများကို တင်ပြ ထားသည်။ ဥပမာအားဖြင့် ပထမစူရာဟ်တော်တွင် မက္ကာဟ်ကို အောင်နိုင်ခြင်းနှင့် စပ်လျဉ်းသော အကြောင်း များကို တင်ပြထားသည်။ ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များအပေါ် နေရာတိုင်း၊ အခြေအနေတိုင်း၌ ချီးမြှင့်တော်မူလေ့ရှိသော မိမိ၏ ဆုလာဘ် ကျေးဇူးတော်များအကြောင်း တင်ပြထားသည်။

لَقَدْ نَصَرَكُمُ اللّٰهُ فِىْ مَوَاطِنَ كَثِيْرَةٍ

'အလ္လာဟ်အသျှင်မြတ်သည် နေရာများစွာတို့၌ အသင်တို့အား ကူညီစောင်မတော်မူခဲ့သည်။'

ဤကူညီစောင်မခြင်း အကြောင်းအရာ တင်ပြပြီးသည့်နောက် အထူးသဖြင့် وَيَوْمَ حُنَيْنٍ 'ဟုနိုင်းန်' စစ်ပွဲ၌လည်း အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှု ရောက်ရှိခဲ့သည်ဟုလည်း တင်ပြထားသည်။

'ဟုနိုင်းန်' စစ်ပွဲ၏ ထူးခြားချက်များကို တင်ပြရခြင်းမှာ ယင်းစစ်ပွဲတွင် ဖြစ်ရပ်နှင့် အခြေအနေများတို့မှာ မျှော်လင့်ချက်များနှင့် ဆန့်ကျင်လျက် အံ့သြဖွယ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုအကြောင်းအရာများကို သေချာကျနစွာ စဉ်းစားသုံးသပ်ကြည့်ခြင်းဖြင့် လူသား၏ အီမာန်တွင် အင်အားဖြစ်လာမည်။ 'အမလ်' ကျင့်စဉ်များတွင် သတ္တိရှိရှိ ပြုကျင့်လာနိုင်ပေမည်။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်များ၏ စာလုံးတစ်လုံးချင်း ဖွင့်ဆိုခြင်းမပြုမီ ဟဒီးစ်နှင့် ခိုင်မာသည့် သမိုင်းကျမ်းများ၌ လာရှိသော အရေးကြီးသည့် ဖြစ်ရပ်များကို အကျယ်တဝင့် တင်ပြရန် သင့်တော်ပေမည်။

'ဟုနိုင်းန်' သည် မက္ကာဟ်နှင့် သွာအိဖ်၏ ကြားအလယ်၌ မက္ကာဟ်နှင့် ၁၀ မိုင်ကျော်ဝေးသော နေရာတစ်ခု၏ အမည်ဖြစ်သည်။ ဟိဂျ်ရီ (၈) ခုနှစ်တွင် မက္ကာဟ်မြို့ကို အောင်နိုင်သည့်အခါ မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်အမျိုးသားတို့သည် တမန်တော်မြတ် ﷺ ထံတော်၌ လက်နက်ချခဲ့ကြသည်။ ထိုအခါ အာရဗ်တွင် အလွန်ကျော်ကြားပြီး စစ်ရေးစစ်ရာ ကျွမ်းကျင်၍ ပစ္စည်းဥစ္စာ ကြွယ်ဝသည့် မျိုးနွယ်စုတစ်စုရှိသည်။ ထိုမျိုးနွယ်စုသည် သွာအိဖ်တွင် နေထိုင်သော ဗနူစကီးဖ်မျိုးနွယ်တို့မှ ပေါက်ဖွားလာသည့် မျိုးနွယ်စုတစ်ခု ဖြစ်သည်။ ယင်းမျိုးနွယ်စု၏ အမည်မှာ ဟာဝါဇင်န်ဖြစ်သည်။ ၎င်းတို့သည် စိုးရိမ်စိတ်များဖြင့် 'မက္ကာဟ်ကို အောင်နိုင်ပြီးသည့်နောက် မွတ်စ္စလင်မ်များတွင် များပြားစွာသော အင်အား ရရှိသွားပြီးဖြစ်သည်။ ယခုမူ ၎င်းတို့သည် ကျွန်ုပ်တို့ဘက်သို့ ဦးတည်လာကြပေတော့မည်။ ထို့ကြောင့် ကျွန်ုပ်တို့အဖို့ အသိဉာဏ်နှင့် ယှဉ်လျက် ပြုလုပ်ကြရမည်မှာ ၎င်းတို့ဘက်မှ ချီတက်တိုက်ခိုက်ခြင်း မပြုမီအလျင် ကျွန်ုပ်တို့က ဦးစွာ ၎င်းတို့အပေါ် ချီတက်တိုက်ခိုက်ကြရပေမည်' ဟု ပြောဆို၍ စည်းရုံးလေတော့သည်။

ထို့နောက် မက္ကာဟ်မြို့မှ 'သွာအိဖ်' အထိ ပြန့်နှံ့လျက်ရှိနေသော ၎င်းတို့၏ မျိုးနွယ်များဖြစ်သည့် ဟာဝါဇင်န်မျိုးနွယ်အားလုံးကို စုစည်းလိုက်ကြသည်။ ထိုမျိုးနွယ်စုတို့မှ မပြောပလောက်သည့် လူဦးရေ (၁၀၀) မပြည့်သည့် လူအချို့တို့မှအပ အုပ်စုကြီး၊ အုပ်စုငယ်အားလုံးတို့ စုရုံးရောက်ရှိလာကြသည်။ ထိုလှုပ်ရှားမှုတွင် မာလိက်ဗင်န်အောင်ဖ်သည် ခေါင်းဆောင်ဖြစ်သည်။ ထိုသူမှာ နောင်တွင် မွတ်စ္စလင်မ်ဖြစ်လာခဲ့သည်။ အစ္စလာမ့်စစ်တပ်၌ အလံကိုင်သူ ဗိုလ်ချုပ်တစ်ဦးဖြစ်လာမည့်သူ ဖြစ်သည်။ ထိုစဉ်ကမူ မွတ်စ္စလင်မ်များနှင့် တိုက်ခိုက်ရန် စိတ်ဓါတ်အပြင်းထန်ဆုံးသူမှာ ၎င်းပင် ဖြစ်သည်။ မျိုးနွယ်စုအားလုံး နီးပါးတို့မှာ ၎င်း၏ စီစဉ်ညွှန်ကြားမှုအပေါ် ကျေနပ်သဘောတူလျက် စစ်ပွဲအတွက် ပြင်ဆင်မှုများ ပြုကြလေသည်။ ထိုမျိုးနွယ်စု၏ သေးငယ်သော မျိုးနွယ်စုများဖြစ်သည့် ဗနူကာအဗ်နှင့် ဗနူကိလားဗ်မျိုးနွယ်စု အုပ်စုတို့မှာမူ ၎င်း၏ အကြံအစည်ကို သဘောမတူခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် ထိုမျိုးနွယ်စုနှစ်စုအပေါ် အသိတရားများ

ထည့်ပေးတော်မူလိုက်သည်။ ၎င်းတို့က 'အကယ်၍ အရှေ့မှ အနောက်အထိရှိသော လောကတစ်ခုလုံးမှ လူများသည် မိုဟမ္မဒ် ﷺ အား ဆန့်ကျင်ရန် စုရုံးပါလျှင်လည်း မိုဟမ္မဒ် ﷺ သည် ထိုအင်အားစုကြီးအပေါ်၌ အောင်မြင်လွှမ်းမိုးမည်သာ ဖြစ်သည်။ ကျွန်ုပ်တို့သည် အသျှင်မြတ်၏ အင်အား (မိုဟမ္မဒ် ﷺ ၏ အင်အားစု) နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုနိုင်ကြပါ'ဟု ပြောကြလေသည်။ ကျန်ရှိသော မျိုးနွယ်စုအားလုံးတို့သည် ကတိသစ္စာပြုကြလေသည်။ မာလိက်ဗင်န်အောင်ဖ်သည် ထိုမျိုးနွယ်စုအားလုံးကို စစ်တပ်အပေါ်၌ အပြည့်အဝ ရပ်တည်နေနိုင်ခြင်း ရှိစေရန် စစ်ပွဲ၌ ပါဝင်သူတိုင်းသည် မိမိတို့၏ မိသားစု အားလုံးကို ခေါ်ဆောင်လာရမည်။ မိမိတို့၏ ဥစ္စာပစ္စည်းအားလုံးကို တစ်ပါးတည်း ယူဆောင်လာရမည်ဟု သတ်မှတ်လိုက်သည်။ ထိုသို့ သတ်မှတ်ရသည့် ရည်ရွယ်ချက်မှာ ၎င်းတို့သည် စစ်ပွဲမှ ထွက်ပြေးမည်ဆိုပါက ၎င်းတို့၏ ဇနီး၊ သားသမီးများနှင့် ဥစ္စာပစ္စည်းတို့၏ ချစ်ခင်မှုသည် ၎င်းတို့၏ ခြေထောက်များ၌ သံကြိုးနှင့် တုပ်နှောင်ထားသကဲ့သို့ ဖြစ်ပြီး စစ်ပွဲမှ ထွက်ပြေးတိမ်းရှောင်ခြင်းပြုရန် မည်သည့်အခွင့်အရေးမှ မရရှိစေရန်ဖြစ်သည်။ ထိုမျိုးနွယ်စုတို့၏ အရေအတွက်နှင့်စပ်လျဉ်း၍ သမိုင်းပညာရှင်များ၏ အဆိုအမျိုးမျိုး ကွဲလွဲမှုရှိသည်။ ဟဒီးစ်အာဂုံဆောင် အလ္လာဟ်အိဗ်နုဟာဂျ်ရ် စသော ပညာရှင်ကြီးများက ၎င်းတို့၏ အရေအတွက်မှာ (၂၄၀၀၀) (သို့) (၂၈၀၀၀) ဟူသော အဆိုကို ဦးစားပေးအဆိုဖြစ်သည်ဟု သတ်မှတ်ကြသည်။ အချို့ပညာရှင်ကြီးများကမူ (၄၀၀၀) ဟု ဖော်ပြခဲ့ကြသည်။ ဤအဆိုကွဲလွဲမှုကို ညှိနှိုင်းလိုက်သည့်အခါ အမျိုးသမီးများ၊ ဇနီးသားမယားများ အပါအဝင် အားလုံးတို့၏ အရေအတွက်မှာ (၂၄၀၀၀) (သို့) (၂၈၀၀၀) ဖြစ်သည်။ စစ်ပွဲ၌ တိုက်ခိုက်သည့် လုလင်ပျိုစစ်သည်တော်တို့၏ အရေအတွက်မှာ (၄၀၀၀) ဖြစ်သည်။

မည်သို့ပင်ဆိုစေ တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့မှ နေ၍ ၎င်းတို့၏ ဤကြောက်မက်ဖွယ် ဆုံးဖြတ်ချက်အကြောင်း ကြားသိတော်မူခဲ့သည်။ သို့ရှိရာ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်တော်မူလိုက်သည်။ မက္ကာဟ်မြို့တော်၌ ဟဇရသ်အိသားဗ် ဗင်န် အဆီးဒ် ؓ အား ခေါင်းဆောင် အဖြစ် ခန့်အပ်တော်မူခဲ့သည်။ ဟဇရသ်မုအားဇ် ဗင်န် ဂျဗလ် ؓ အား ၎င်းနှင့်အတူ အစ္စလာမ်ရေးရာများကို လူတို့အား သင်ကြားပေးရန် ထည့်ပေးတော်မူခဲ့သည်။ ထို့နောက် မက္ကာဟ်မြို့မှ ကုရိုက်ရှ်တို့ထံမှ လက်နက်တန်ဆာများနှင့် စစ်အသုံးအဆောင်များကို ငှားရမ်းခြင်းပြုတော်မူသည်။ ထိုအခါ ကုရိုက်ရှ်တို့၏ ခေါင်းဆောင်ဖြစ်သူ ဆွဖ်ဝါးန် ဗင်န် အုမိုင်ယဟ်က 'ကျွန်ုပ်တို့မှ စစ်အသုံးအဆောင်ပစ္စည်းများ လုယူနေခြင်းဖြစ်ပါသလော'ဟု မေးမြန်းလေသည်။ တမန်တော်မြတ် ﷺ က 'မဟုတ်ပါ။ ငှားရမ်းခြင်းသာ ဖြစ်ပါသည်။ ၎င်းပစ္စည်းများ ပြန်လည်ပေးအပ်ရန် ကျွန်ုပ်ကိုယ်တိုင် တာဝန်ယူပါသည်'ဟု ပြန်လည်ဖြေကြားတော်မူလိုက်သည်။ ဤစကားကို ကြားပြီး ၎င်းသည် သံချပ်ကာအင်္ကျီ (၁၀၀) ကို ငှားရမ်းလိုက်သည်။ နောင်ဖလ်ဗင်န် ဟာရိဆ်ကလည်း လှံအချောင်း (၃၀၀၀) ကို ဤအတိုင်းပင် ငှားရမ်းလိုက်သည်။

အိမာမ်ဇုဟ်ရီ (ရဟ) ၏ ဆင့်ပြန်ချက်အရ ကိုယ်တော်မြတ် ﷺ သည် (၁၄၀၀၀) ရှိသော ဆွဟာဗာများ၏ စစ်တပ်ကို ဦးစီးလျက် 'ဂျိဟားဒ်'ပြုရန် ထွက်ခွာလာတော်မူသည်။ ၎င်းတို့အနက် (၁၂၀၀၀) မှာ မဒီနာသား အန်ဆွာရ်များဖြစ်ကြသည်။ ၎င်းတို့မှာ မက္ကာဟ်ကို အောင်နိုင်ရေးအတွက် ကိုယ်တော်မြတ် ﷺ

နှင့်အတူ လိုက်ပါလာသူများ ဖြစ်သည်။ ကျန် (၂၀၀၀) သော သူတို့မှာ မက္ကာဟ်နှင့် အနီးအနားပတ်ဝန်းကျင်မှ မက္ကာဟ်ကို အောင်နိုင်စဉ်က အီမာန်ယူလာခဲ့ကြသည်။ **فقط** 'သွုလကာ'ဟု ခေါ်သည့် မွတ်စ္စလင်မ် အသစ်စက်စက်များဖြစ်သည်။ ရှောင်ဝါလ်လ (၆) ရက်၊ စနေနေ့တွင် ကိုယ်တော်မြတ် ﷺ သည် ထိုစစ်ပွဲအတွက် ထွက်တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ က 'အင်နှ်ရှာအလ္လာဟ် မနက်ဖြန်တွင် ကျွန်ုပ်တို့ စခန်းချမည့်နေရာသည် မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့က မွတ်စ္စလင်မ်များအား ဆန့်ကျင်လျက် အဆက်အသွယ်ဖြတ်တောက်ပြီး စာချုပ်ချုပ်ဆိုခဲ့သည့် 'ခိုင်ဖ်ဗနီကိနာနဟ်'တွင် ဖြစ်သည်'ဟု မိန့်ကြားတော်မူခဲ့သည်။

သို့ဖြင့် (၁၄၀၀၀) သော စစ်သည်တော်များသည် 'ဂျီဟားဒ်'အတွက် ထွက်ခွာလာခဲ့သည်။ ၎င်းတို့နှင့်အတူ အမျိုးသားအမျိုးသမီးများ အပါအဝင် များစွာသော သူတို့သည် အခြေအနေကို ကြည့်ရှုရန် နောက်မှ လိုက်ပါလာကြသည်။ ထိုလိုက်ပါလာသူတို့၏ စိတ်တွင် 'အကယ်၍ ဤစစ်ပွဲတွင် မွတ်စ္စလင်မ်များ ရှုံးနိမ့်ပါလျှင် ကျွန်ုပ်တို့သည်လည်း မိမိတို့အတွက် လက်စားချေရန် အခွင့်သင့်ပေမည်။ အကယ်၍ မွတ်စ္စလင်မ်တို့ အောင်နိုင်သွားပါလျှင်လည်း ကျွန်ုပ်တို့အဖို့ မည်သို့မျှ နစ်နာဆုံးရှုံးမည်မဟုတ်ပေ'ဟူသော ဆန္ဒများက အများအားဖြင့် သိရှိနေကြသည်။

ဤသို့သော သူများတွင် ရှိုင်ဗဟ်ဗင်န် အွတ်စ်မာန်းသည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ နောင်တွင် ၎င်းသည် မွတ်စ္စလင်မ်ဖြစ်လာခဲ့သောအခါ ၎င်းကိုယ်တိုင် မိမိ၏ အဖြစ်အပျက်ကို ပြန်လည်ပြောဆိုခဲ့သည်မှာ 'ဗဒရ်စစ်ပွဲတွင် ကျွန်ုပ်၏ ဖခင်သည် ဟဇရေသ်ဟမ်ဇာဟ် ؓ ၏ လက်ချက်ဖြင့်လည်းကောင်း၊ ကျွန်ုပ်၏ ဦးရီးတော်သည် ဟဇရေသ်အလီ ؓ ၏ လက်ချက်ဖြင့်လည်းကောင်း အသတ်ခံခဲ့ကြရသည်။ ထို့အတွက် လက်စားချေလိုစိတ် ပြင်းပြမှုသည် ကျွန်ုပ်၏ စိတ်တွင် အတိုင်းမရှိ ဖြစ်ခဲ့ရသည်။ ကျွန်ုပ်သည် ဤစစ်ပွဲဖြစ်သည့်အခါ အခါအခွင့်သင့်ပြီဟု မှတ်ယူလျက် မွတ်စ္စလင်မ်တို့နှင့်အတူ လိုက်ပါလာခဲ့သည်။ စစ်ပွဲ၌ အခွင့်အရေးရသည်နှင့် တမန်တော်မြတ် ﷺ အား တိုက်ခိုက်ရန်ဖြစ်သည်။ ကျွန်ုပ်သည် မွတ်စ္စလင်မ်များနှင့်အတူ ပါဝင်လျက် အခါမလပ် ထိုအခွင့်အရေးကို ရှာဖွေနေခဲ့သည်။ စစ်ပွဲစသည့် ပထမပိုင်းတွင် မွတ်စ္စလင်မ်အချို့မှာ အခြေမလှဖြစ်၍ ထွက်ပြေးကြသည့်အခါ ကျွန်ုပ်သည် အခွင့်အရေးရသည်နှင့် ကိုယ်တော်မြတ် ﷺ အနီးသို့ ရောက်ရှိသွားခဲ့သည်။ သို့ရာတွင် ကိုယ်တော်၏ လက်ျာဘက်၌ ဟဇရေသ်အဗ္ဗားစ် ؓ နှင့် လက်ဝဲဘက်၌ အဗူစွဖ်ယာန်းဗင်န် ဟာရိဆ် ؓ တို့ ခြံရံလျက် စောင့်ကြပ်နေကြသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကျွန်ုပ်သည် နောက်ကျောဘက်မှ သွားရောက်၍ ကိုယ်တော်မြတ် ﷺ အပေါ် ဓါးဖြင့် တစ်ရှိန်ထိုး တိုက်ခိုက်မည်'ဟု ရည်ရွယ်နေစဉ်မှာပင် ကိုယ်တော်မြတ် ﷺ ၏ အကြည့်သည် ကျွန်ုပ်အပေါ်သို့ ကျရောက်လာသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ကျွန်ုပ်အား အသံပြုလျက် 'အို၊ ရှိုင်ဗဟ်၊ ဤနေရာသို့ လာပါလေ'ဟူ၍ မိမိအပါးတော်သို့ ခေါ်ယူလိုက်ပြီး မိမိ၏ မင်္ဂလာလက်တော်ကို ကျွန်ုပ်၏ ရင်ဘတ်ပေါ်၌ထားလျက် 'အို၊ အလ္လာဟ်၊ ၎င်းထံ၌ ရှိနေသော ရှိုက်သွာန်ကို ဝေးကွာအောင် ပြုပေးတော်

မူပါ'ဟု ဒိုအာပြုတော်သည်။ ကျွန်ုပ်သည် မျက်စိဖွင့်၍ မော့ကြည့်လိုက်သည့်အခါ ကိုယ်တော်မြတ် ﷺ သည် ကျွန်ုပ်၏ နှလုံးသားတွင် မိမိ၏ မျက်လုံး၊ နားနှင့် အသက်ဇီဝိန်တို့ထက်ပင် ပို၍ ချစ်မြတ်နိုးဖွယ် ဖြစ်သွားတော့သည်။ ကိုယ်တော်မြတ် ﷺ က ကျွန်ုပ်အား 'ယခု အသင် သွား၍ ကာဖိရ်တို့နှင့် ရင်ဆိုင်ပါတော့'ဟု အမိန့်ပေးတော်မူသည်။ ယခုမူ ကျွန်ုပ်သည် မိမိ၏ အသက်ကို ကိုယ်တော်မြတ် ﷺ အတွက် စွန့်လှူစတေးလျက် ရှိနေခဲ့သည်။ ခွဲမာန်သတ္တာအပြည့်ဖြင့် ကျွန်ုပ်သည် ရန်သူများကို ရင်ဆိုင်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ထိုစစ်ပွဲမှ ပြန်လာသည့်အခါ ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် အခစားဝင်ရောက်ခဲ့သည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ က ကျွန်ုပ်၏ စိတ်အတွင်းမှ အကြံအစည်အားလုံးကို ထုတ်ဖော်တော်မူသည်မှာ 'အသင်သည် မက္ကာဟ်မှ ဤမည်သော ရည်ရွယ်ချက်ဖြင့် လာခဲ့သူဖြစ်သည်။ ကျွန်ုပ်၏ အနီးအနားတွင် ကျွန်ုပ်အား လုပ်ကြံသတ်ဖြတ်ရန် လှည့်ပတ်နေခဲ့သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ရည်ရွယ်ချက်ဆန္ဒတော်မှာ အသင့်အား ကောင်းသောအလုပ်၌ အသုံးချရန်ဖြစ်သည်။ ယခု ဤအတိုင်းပင်ဖြစ်ခဲ့ပါသည်'ဟု ဖြစ်သည်။

ဤဖြစ်ရပ်နှင့်အလားတူ ဖြစ်ရပ်တစ်ခုသည် နဇ္ဇ်ရ်ဗင်န်ဟာရိဆ် ؓ လည်း ဖြစ်ခဲ့သည်။ ၎င်းသည်လည်း အဆိုပါရည်ရွယ်ချက်ဖြင့်ပင် 'ဟုနိုင်းန်'စစ်ပွဲ၌ လိုက်ပါလာသူဖြစ်သည်။ စစ်ပွဲ၌ ရောက်ရှိပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ စိတ်တွင် ကိုယ်တော်မြတ် ﷺ ၏ အပြစ်ကင်းစင်မှုနှင့် အချစ်စိတ်များကို ထည့်သွင်းပေးတော်မူလိုက်သည်။ ထို့ကြောင့် ၎င်းသည် အစ္စလာမ့်စစ်သည်တော် အမျိုးသားတစ်ဦးအဖြစ်နှင့် ရန်သူများကို တိုက်ခိုက်ခဲ့လေသည်။

ထိုခရီးမှာပင် ဟဇရတ်အဗူဇရ်ဒဟ်ဗင်န်နိယားရ် ؓ ကြုံတွေ့ခဲ့ရသည်မှာ مقام اوطاس 'အောင်သွားစ်'အရပ်သို့ ရောက်ရှိသောအခါ တမန်တော်မြတ် ﷺ သည် သစ်ပင်တစ်ပင်အောက်၌ အိပ်စက်အနားယူနေတော်မူသည်။ အခြားတစ်ဦးမှာ ကိုယ်တော်မြတ် ﷺ ၏ အနီးအနားတွင် ထိုင်နေသည်ကို တွေ့ခဲ့ရသည်။ ကိုယ်တော်မြတ် ﷺ က တင်ပြမိန့်ကြားသည်မှာ 'ကျွန်ုပ်သည် အိပ်ပျော်သွားခဲ့သည်။ ထိုစဉ် ဤသူသည် ရောက်ရှိလာပြီး ကျွန်ုပ်၏ ဓါးကို ယူလျက် ကျွန်ုပ်၏ ဦးခေါင်းပေါ်၌ မိုးထားလိုက်သည်။ ထို့နောက် ၎င်းက 'အို၊ မိုဟမ္မဒ် ﷺ၊ ယခု အသင့်အား မည်သူ ကယ်တင်နိုင်ပါမည်နည်း'ဟု မေးမြန်းလေသည်။ ကျွန်ုပ်က 'အလ္လာဟ်အသျှင်မြတ် ကယ်တင်တော်မူနိုင်ပါသည်'ဟု ဖြေကြားလိုက်သည်။ ဤဖြေကြားချက်ကို ကြားပြီး ဓါးသည် ၎င်း၏လက်မှ လွတ်ကျသွားလေသည်။ ဤစကားကို ကြားပြီး အဗူဇရ်ဒဟ် ؓ က 'ယာရစူလွလ္လာဟ်၊ အို၊ အလ္လာဟ်အသျှင်မြတ်၏ ရန်သူ၏ ဦးခေါင်းကို ကျွန်ုပ် ဖြတ်လိုက်ပါမည်။ ကျွန်ုပ်အား ခွင့်ပြုတော်မူပါ။ ဤသူသည် ရန်သူအမျိုးသားများ၏ ထောက်လှမ်းရေးဖြစ်နိုင်ပါသည်'ဟု လျှောက်ထားလေရာ ကိုယ်တော်မြတ် ﷺ က 'အို၊ အဗူဇရ်ဒဟ်၊ အသင် တိတ်ဆိတ်စွာ နေပါလေ။ ကျွန်ုပ်၏ သာသနာသည် အခြားသာသနာအားလုံးတို့အပေါ် လွှမ်းမိုးခြင်း မဖြစ်သမျှ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား စောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပါ'ဟု မိန့်ကြားတော်မူသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ထိုသူ့အား မည်သို့မှ ပြစ်တင်ရှုတ်ချခြင်းမပြုဘဲ လွှတ်ပေးတော်မူလိုက်သည်။

'ဟုနိုင်းန်' (တောင်ကြားဒေသ) သို့ ရောက်ရှိပြီး မွတ်စ္စလင်မ်တို့သည် စခန်းချ၍ တဲများ ထိုးနေကြသည်။ ထိုစဉ် ဟဇရသ်စုဟိုင်းလ် ဗင်န်ဟန်ဇွလာဟ် ﷺ သည် တမန်တော်မြတ် ﷺ ထံသို့ အခစားဝင်လျက် သတင်းပေးပို့လေသည်။ 'မြင်းစီးတပ်သားသည် ယခုပင် ရန်သူများဘက်မှ ပြန်လည်ရောက်ရှိလာပါသည်။' ၎င်းက ပြောဆိုသည်မှာ 'ဟာဝါဇင်န်'အမျိုးသားတို့သည် တစ်မျိုးသားလုံးပင် မိမိတို့၏ ဥစ္စာပစ္စည်းအားလုံးကို ယူဆောင်လျက် စစ်ပွဲတိုက်ခိုက်ရန် ရောက်ရှိလာနေပါသည်။ ထိုအခါ တမန်တော်မြတ် ﷺ က ပြုံးရယ်တော်မူလျက် 'စိုးရိမ်ကြောင့်ကြခြင်း မဖြစ်လေနှင့်။ ဤပစ္စည်းအားလုံးတို့သည် မွတ်စ္စလင်မ်တို့အတွက် 'မာလိဂနီမသ်' သုံ့ပန်းပစ္စည်းများအဖြစ် လက်ဝယ် ရရှိလာပါလိမ့်မည်'ဟု မိန့်ကြားတော်မူလေသည်။

ထိုနေရာ၌ စခန်းချရပ်နားလျက် ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် ဟဒ်ဒါဒ်အား ထောက်လှမ်းရေးအဖြစ်နှင့် ရန်သူတို့၏ အခြေအနေများကို လေ့လာစုံစမ်းရန် စေလွှတ်တော်မူလေသည်။ ၎င်းသည် ဟဝါဇင်န်အမျိုးသားများထံ၌ သွားရောက်လျက် နှစ်ရက်တိုင် ရန်သူတို့၏ အခြေအနေများကို ကြည့်ရှု နားစွင့်နေခဲ့သည်။ ၎င်းတို့၏ ခေါင်းဆောင် စစ်ဦးစီးချုပ် မာလိက်ဗင်န် အောင်ဖ်သည် မိမိ၏လူများကို စိတ်ဓါတ်မြှင့်တင်ရေးစကားများ ပြောကြားနေသည်ကို တွေ့ရှိခဲ့ရသည်။ ၎င်းက 'မိုဟမ္မဒ် ﷺ သည် ယခုတိုင်အောင် အတွေ့အကြုံ ရင့်ကျက်၍ သတ္တိပြောင်မြောက်သည့် အမျိုးသားအုပ်စုများနှင့် ရင်ဆိုင်တိုက်ခိုက်ရခြင်း မရှိသေးပါ။ မက္ကာဟ်မြို့မှ ရိုးအသည့် ကုရိုက်ရှ်များကို တိုက်ခိုက်အနိုင်ယူပြီး မိမိ၏ အင်အားကို အထင်ကြီးနေပါသည်။ ယခုမှ ၎င်းအဖို့ သိရှိရပါတော့မည်။ အသင်တို့အားလုံးသည် နံနက်မိုးလင်းသည်နှင့် မိမိတို့၏နောက်တွင် မိမိတို့၏ ဇနီး၊ သားသမီးများနှင့် ဥစ္စာပစ္စည်းများထားလျက် 'ဆွဖ်'တန်းစီကြရမည်။ မိမိတို့ဓါးများမှ ဓါးအိမ်များကို ချိုးဖွဲ့ပစ်လိုက်ရမည်။ ထို့နောက် အားလုံး စုပေါင်း၍ တစ်သံတည်းဖြင့် 'ချီတက်ကြ'ဟု ဆိုရမည်'ဟု မှာကြားနေသည်။ ဟာဝါဇင်န်အမျိုးသားတို့သည် တိုက်ခိုက်ရေးတွင် အတွေ့အကြုံရင့်ကျက်သူများ ဖြစ်သည်။ မိမိတို့၏ စစ်တပ်မှ တပ်စိတ်အချို့ကို လျှိုမြောင်များကြားတွင် ပုန်းအောင်နေစေသည်။

ဤဘက်တွင် ကာဖိရ်စစ်တပ်သည် ဤသို့ ပြင်ဆင်မှုများ ပြုနေသည်။ အခြားတစ်ဘက်တွင် မွတ်စ္စလင်မ် တို့သည် စစ်သည်အင်အား (၁၄၀၀၀) ဖြင့် တိုက်ခိုက်ရန် ထွက်ခြင်းသည် ပထမအကြိမ်ဖြစ်သည်။ စစ်လက်နက်ပစ္စည်းများသည်လည်း အမြဲတမ်းထက် ပိုမိုခဲ့သည်။ ၎င်းတို့သည် 'ဗဒရ်'နှင့် 'အုဟုဒ်' စစ်မြေပြင်များတွင် လူဦးရေ (၃၁၃) ဦးသည် စစ်လက်နက်မဲ့စွာဖြင့် (၁၀၀၀) ဦးရေအင်အားရှိသည့် အင်အားကြီး စစ်တပ်အပေါ် အောင်နိုင်ရရှိခဲ့သည်ကို တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ သို့ရှိရာ ယနေ့၌မူ မိမိတို့၏ အင်အားများပြားမှု၊ လက်နက်ပစ္စည်းများ ပြည့်စုံမှုနှင့် ပြင်ဆင်ထားမှုတို့ကို တွေ့မြင်လျက် (ဟာကင်မ်နှင့် ဗဇားရ်တို့၏ ဆင့်ပြန်ချက်အရ) ၎င်းတို့အနက် အချို့သူတို့၏ ပါးစပ်မှာ 'ယနေ့မှာမူ ကျွန်ုပ်တို့သည် မည်သို့မျှ ရှုံးနိမ့်ရန် မဖြစ်နိုင်တော့ပေ။ ရန်သူများသည် တိုက်ခိုက်ရန် ကြောက်ရွံ့၍ ချက်ချင်း ထွက်ပြေးကုန်ကြပါလိမ့်မည်'ဟူသော စကားများ ပြောဆိုခဲ့ကြသည်။

အလ္လာဟ်အသျှင်မြတ်သည် မိမိတို့၏ အင်အားအပေါ် အားကိုးအားထားပြုခြင်းကို နှစ်သက်တော်မမူပေ။ ထို့ကြောင့် မွတ်စ္စလင်မ်များအား ထိုသို့ ပြောဆိုခြင်းအပေါ် သင်ခန်းစာပေးတော်မူခဲ့သည်။ ဟာဝါဇင်န် အမျိုးသားတို့သည် သတ်မှတ်ထားသည့်အတိုင်း 'ချီတက်ကြ'ဟု တစ်ပြိုင်တည်း ဟစ်အော်လျက် လျှိုမြောင်း၊ တောင်ကြားများ၌ ပုန်းအောင်းနေသော တပ်စိတ်များသည် လေးဘက်လေးရံမှ ဝိုင်းရံလိုက်ကြသည်။ ဖုံမှုန်များသည် နေ့ကို ညဥ့်ဖြစ်စေလိုက်သည်။ သို့ရှိရာ ဆွဟာဗာများအဖို့ အခြေမလှ ဖြစ်ခဲ့ကြရသည်။ ထို့နောက် ထွက်ပြေးခဲ့ကြသည်။ တမန်တော်မြတ် ﷺ သည်သာ မိမိ၏ အစီးအနင်းပေါ်၌ စီးနင်းလျက် နောက်သို့ ဆုတ်ရမည့်အစား ရှေ့သို့သာ တိုးသွားနေတော်မူခဲ့သည်။ အလွန်နည်းပါးသော အရေအတွက်ဖြစ်သည့် ဆွဟာဗာ (၃၀၀) ခန့်မျှသာ (အချို့အဆိုအရ (၁၀၀) (သို့) ထို့ထက်ပင် နည်းသော အရေအတွက်ဟု ဆိုကြသည်။) ကိုယ်တော်မြတ် ﷺ နှင့်အတူ အခြေခိုင်စွာ ရပ်တည်နေခဲ့ကြသည်။ ၎င်းတို့သည်လည်း ကိုယ်တော်မြတ် ﷺ ရှေ့သို့ ဆက်၍ မတိုးရန်ကိုသာ မျှော်လင့်နေကြသည်။

ဤအခြေအနေများကို တွေ့မြင်လျက် ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်အဗ္ဗားစ် ؓ အား အမိန့်ပေးတော်မူသည်မှာ 'သစ်ပင် (ထနောင်းပင်) အောက်၌ 'ဗိုင်အသ်'ပြုခဲ့ကြသူများ အဘယ်မှာနည်း။ 'စူရာဟ်ဗကရာဟ်သမားများ' အဘယ်မှာနည်း။ အသက်ဇီဝိန်ကို စွန့်လှူစတေးပါမည်'ဟု ကတိ သစ္စာပြုခဲ့သည့် အန်ဆွာရ်များ အဘယ်မှာနည်း။ အားလုံး ပြန်လာကြပါ။ တမန်တော်မြတ် ﷺ သည် ဤနေရာတွင် ရှိနေပါသည်'ဟု ဟစ်အော်ခေါ်စေတော်မူခြင်း ဖြစ်သည်။ ဟဇရသ်အဗ္ဗားစ် ؓ ၏ အသံသည် လျှပ်စီးကဲ့သို့ တစ်ဟုန်ထိုး ပြန့်နှံ့သွားခဲ့သည်။ ရုတ်တရက် ထွက်ပြေးခဲ့ရသူ အားလုံးတို့မှာ မိမိတို့၏ လုပ်ရပ်အပေါ် အရှက်ရခဲ့ကြသည်။ ထို့နောက် အလွန်ရဲရင့်စွာဖြင့် ပြန်လှည့်လာပြီး ရန်သူများအပေါ် ရှုပ်ရှပ်ချုံချုံ တိုက်ခိုက်ကြလေတော့သည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှ်သာဟ်များဖြင့် ကူညီစောင်မတော်မူလေသည်။ ရန်သူတို့၏ စစ်ခေါင်းဆောင် မာလိက်ဗင်န် အောင်ဖ်သည် မိမိ၏ အိမ်သူ၊ အိမ်သား၊ မိသားစုများနှင့် ဥစ္စာပစ္စည်းအားလုံးတို့ကို စွန့်လွှတ်၍ ထွက်ပြေးသွားခဲ့သည်။ ထို့နောက် သွာအိဖ်ရှိ ခံတပ်၌ ပုန်းအောင်းနေခဲ့သည်။ ကျန်ရှိ ဟဝါဇင်န် စစ်သည်တော်များသည်လည်း ထွက်ပြေးကြတော့သည်။ ၎င်းတို့ဘက်မှ ခေါင်းဆောင် (၇၀) ဦး ကျဆုံးခဲ့ကြသည်။ အချို့မွတ်စ္စလင်မ်များ၏ လက်ဖြင့် ကလေးအချို့ အသတ်ခံခဲ့ရသည်။ တမန်တော်မြတ် ﷺ သည် ထိုလုပ်ရပ်အား ပြင်းပြင်းထန်ထန် တားမြစ်တော်မူသည်။ ရန်သူတို့၏ ပစ္စည်းအားလုံး မွတ်စ္စလင်မ်တို့၏ လက်ဝယ် ရောက်ရှိလာခဲ့သည်။ ဦးရေ (၆၀၀၀) မျှသော စစ်အကျဉ်းသား သုံ့ပန်းများ (၂၄၀၀၀) မျှသော ကုလားအုတ်များ (၄၀၀၀၀) မျှသော ဆိတ်များနှင့် အောင်ကီယဟ် (၄၀၀၀) ရှိသော ငွေများ လက်ဝယ် ရရှိခဲ့ပေသည်။

ပထမအာယသ်တော်နှင့် ဒုတိယအာယသ်တော်တို့တွင် ထိုအကြောင်းများကိုပင် တင်ပြထားသည်။ မိန့်ကြားတော်မူသည်မှာ အသင်တို့သည် မိမိတို့၏ အရေအတွက် အင်အားများပြားခြင်းအပေါ် မာနတက်ခဲ့ကြသည်။ ထိုအင်အားများပြားမှုသည် အသင်တို့အတွက် မည်သို့မျှ အကျိုးမဖြစ်ခဲ့ပါချေ။ ကမ္ဘာမြေကြီးသည် ကျယ်ဝန်းပါလျက်နှင့် အသင်တို့အတွက် ကျဉ်းမြောင်းသွားခဲ့ရသည်။ အသင်တို့သည် ကျောပေး၍

ပြေးခဲ့ကြရသည်။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်နှင့် မွတ်စ္စလင်မ်များအပေါ် မိမိ၏ထံတော်မှ စိတ်တည်ငြိမ်မှုကို ချပေးတော်မူခဲ့သည်။ ထို့နောက် အသင်တို့၏ မျက်လုံးများဖြင့် မမြင်တွေ့နိုင်သော ဖရစ်ရှ်သာဟ်များကို ချပေးတော်မူခဲ့သည်။ တစ်ဖန် ကာဖိရ်များအား အသင်တို့၏ လက်ဖြင့် အပြစ်ဒဏ်ပေးတော်မူခဲ့သည်။

ဒုတိယအာယသ်တော်၌ မိန့်ကြားတော်မူသည်မှာ-

ثُمَّ اَنْزَلَ اللهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَعَلَى الْمُؤْمِنِيْنَ

'ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်အပေါ်၌လည်းကောင်း၊ မွတ်စ္စလင်မ်အားလုံးအပေါ်၌လည်းကောင်း မိမိဘက်တော်မှ စိတ်တည်ငြိမ်မှုကို ချပေးတော်မူခဲ့သည်။'

၎င်း၏ အဓိပ္ပာယ်မှာ 'ဟုနိုင်းန်'စစ်ပွဲတွင် ရန်သူများ၏ ညာသံပေး ချီတက်တိုက်ခိုက်မှု စတင်ချိန်၌ အခြေမခိုင် ဖြစ်သွားခဲ့ရသည့် ဆွဟာဗာများ၏ နှလုံးသားများတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိဘက်တော်မှ စိတ်တည်ငြိမ်မှုကို ချပေးတော်မူခဲ့သည်။ သို့ဖြင့် အခြေအခိုင်ဖြစ်ခဲ့ရသော ၎င်းတို့၏ ခြေများ မြဲမြံလာခဲ့သည်။ ထွက်ပြေးသူများ ပြန်လည်၍ လှည့်လာခဲ့ကြသည်။ ထို့အပြင် တမန်တော်မြတ် ﷺ အပေါ်၌လည်းကောင်း၊ စစ်မြေပြင်၌ တမန်တော်မြတ် ﷺ နှင့်အတူ အခြေခိုင်စွာ ရပ်တည်ခဲ့ကြကုန်သော ဆွဟာဗာများအပေါ်၌လည်းကောင်း စိတ်တည်ငြိမ်မှု ချပေးတော်မူသည်ဟူသော သဘောမှာ ၎င်းတို့အဖို့ မိမိတို့၏ အောင်မြင်မှုသည် နီးကပ်လာနေပြီဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ရရန် ဖြစ်သည်။ အကြောင်းမှာ စိတ်တည်ငြိမ်မှုသည် ဤနေရာတွင် နှစ်မျိုးနှစ်စားဖြစ်သောကြောင့်ပင် ဖြစ်သည်။ တစ်မျိုးမှာ ထွက်ပြေးသွားသူများအတွက် ဖြစ်ပြီး အခြားတစ်မျိုးမှာ တမန်တော်မြတ် ﷺ နှင့်အတူ အခြေခံ မြဲမြံစွာ ရှိနေခဲ့သည့် ဆွဟာဗာအတွက် ဖြစ်သည်။ ထိုအကြောင်းအရာအတွက် ညွှန်းဆိုရန်အတွက်

عَلٰى رَسُوْلِهٖ وَعَلَى الْمُؤْمِنِيْنَ

တွင် عَلٰى ဟူသော အက္ခရာကို သီးခြားစီအတွက် ဖော်ပြရန် ထပ်မံ၍ သုံးနှုန်းမိန့်ကြားခြင်း ဖြစ်သည်။

ထို့နောက် မိန့်ကြားတော်မူသည်မှာ-

وَاَنْزَلَ جُنُوْدًا لَّمْ تَرَوْهَا

ဆိုလိုသည်မှာ အသင်တို့ မတွေ့မြင်နိုင်သော စစ်တပ်ကို ချပေးတော်မူခဲ့သည်။ ဤမိန့်ကြားချက်၏ အလိုသဘောမှာ အများသူငှာ လူသားတို့ မမြင်နိုင်ခြင်းကို ဆိုလိုသည်။ အချို့ဆင့်ပြန်ချက်များ၌ ထိုစစ်တပ်ကို တစ်ဦး၊ နှစ်ဦးစ တွေ့မြင်ရကြောင်း လာရှိထားသည်မှာ ဤအာယသ်တော်နှင့် ဆန့်ကျင်ခြင်း မဖြစ်ပေ။

ထို့နောက် ဆက်၍ မိန့်ကြားတော်မူသည်မှာ-

وَعَذَّبَ الَّذِينَ كَفَرُوا وَذٰلِكَ جَزَآءُ الْكٰفِرِيْنَ

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်တို့အား အပြစ်ဒဏ် ခတ်တော်မူခဲ့သည်။ ထို့နောက် ကာဖိရ်များအတွက် ဤသည်ပင် အပြစ်အစား ခံရခြင်းသည်' ဟူ၏။ ထိုအပြစ်အစားခံရခြင်းဆိုသည်မှာ ထိုကာဖိရ်တို့သည် မွတ်စ္စလင်မ်များ၏ လက်ဖြင့် အရေးနိမ့်ကျဆုံးခဲ့ရခြင်းကို ဆိုလိုသည်။ လက်တွေ့၌ ဤအတိုင်း ဖြစ်ခဲ့ရပြီးဖြစ်သည်။ ဆိုလိုသည်မှာ ဤလောကီ၌ ချက်ချင်းခံစားရသည့် အပြစ်ဒဏ်ဖြစ်သည်။ လောကုတ္တရာနှင့် စပ်လျဉ်းသည့် အကြောင်းကို ရှေ့လာမည့် အာယသ်တော်၌ ဖော်ပြမိန့်ကြားတော်မူသည်မှာ-

ثُمَّ يَتُوبُ اللّٰهُ مِنْ بَعْدِ ذٰلِكَ عَلٰى مَنْ يَّشَآءُ وَاللّٰهُ غَفُورٌ رَّحِيْمٌ

ဆိုလိုသည်မှာ 'ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုတော်ရှိသူကို 'သောင်ဗာဟ်' ပြုလုပ်နိုင်သည့် အခွင့်အရေး နဖူးစာကို ပေးသနားတော်မူသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပြုတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။

ထိုအာယသ်တော်တွင် ညွှန်းဆိုမိန့်ကြားထားသည်မှာ ဤစစ်ပွဲ၌ မွတ်စ္စလင်မ်တို့၏ လက်ဖြင့် ကျဆုံး အရေးနိမ့်ခဲ့သည့် အပြစ်ဒဏ်ကို ခံစားရသူများသည် ယခုတိုင် မိမိတို့၏ ကုဖွ်ရ်အခြေအနေ၌ပင် ရပ်တည်နေခဲ့ကြသည်။ ၎င်းတို့အနက် အချို့မှာမူ အီမာန်ရယူနိုင်သည့် နဖူးစာကို ရရှိခဲ့ကြပေမည်ဟု ဖြစ်သည်။ သို့ရှိရာ ဤအတိုင်းပင် ဖြစ်ရှိခဲ့လေသည်။ ထိုအကြောင်းအရာကို အကျယ်တဝင့် ဖော်ပြလိုက်ပါသည်။

'ဟုနိုင်းန်' စစ်ပွဲအောင်နိုင်ခြင်းနှင့် ဟဝါဇင်န်နှင့် စကီးဖ်မျိုးနွယ်တို့မှ ခေါင်းဆောင်များ မွတ်စ္စလင်မ်ဖြစ်၍ ရောက်ရှိလာခြင်းနှင့် အကျဉ်းသားများကို ပြန်လွှတ်ပေးခြင်း

'ဟုနိုင်းန်' စစ်ပွဲတွင် ဟဝါဇင်န်နှင့် စကီးဖ်မျိုးနွယ်တို့မှ ခေါင်းဆောင်အချို့ ကျဆုံးခဲ့ကြသည်။ အချို့မှာ ထွက်ပြေးသွားကြသည်။ ၎င်းတို့နှင့်အတူ လိုက်ပါလာခဲ့ကြသည့် ၎င်းတို့၏ အိမ်သူအိမ်သား၊ မိသားစုများနှင့် ဥစ္စာပစ္စည်းများသည် မွတ်စ္စလင်မ်တို့၏ အကျဉ်းသားနှင့် သုံ့ပန်းပစ္စည်းများအဖြစ်နှင့် မွတ်စ္စလင်မ်တို့၏ လက်ဝယ် ရောက်ရှိသွားခဲ့ကြသည်။ ၎င်းတို့အနက် အကျဉ်းသား (၆၀၀၀)၊ ကုလားအုတ် အကောင်ရေ (၂၄၀၀၀)၊ ဆိတ်အကောင်ရေ (၄၀၀၀၀) ကျော်နှင့် အနည်းဆုံး (၄) မန်ရှိသည့် ငွေသား အောင်ကီယဟ် (၄၀၀၀) တို့ ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဟဇေ်အဘူစွဖ်ယားန် ဗင်န် ဟရ်ဗ်အား သုံ့ပန်းပစ္စည်းများကို ထိန်းသိမ်းသူအဖြစ် သတ်မှတ်တော်မူလိုက်သည်။

စစ်ရှုံးနိမ့်ခဲ့ရသည့် ဟဝါဇင်န်နှင် စကီးဖ်တို့သည် နေရာများစွာတို့၌ မွတ်စ္စလင်မ်များနှင့် ဆန့်ကျင်ရန် စုရုံးခဲ့ကြသည်။ သို့ရာတွင် နေရာတိုင်း၌ ၎င်းတို့သာလျှင် ရှုံးနိမ့်ခဲ့ကြရသည်။ ၎င်းတို့သည် အလွန်ကြောက်ရွံ့ စိုးရိမ်ကြပြီး သွာအိဖ်ရှိ အလွန်ခိုင်ခံ့သည့် ခံတပ်အတွင်းမှနေ၍ ခံတပ်ကို ပိတ်လိုက်ကြသည်။ တမန်တော်မြတ် ﷺ သည် (၁၅) ရက်၊ ရက် (၂၀) ခန့် ဤခံတပ်ကို ဝိုင်းရံ ပိတ်ဆို့ထားတော်မူသည်။ ခံတပ်အတွင်းမှ ရန်သူတို့သည် ခံတပ်အတွင်းမှာပင် မြားမိုးများ ရွာကြလေသည်။ ရှေ့သို့ ထွက်ရန်မူ မည်သူမျှ သတ္တိမရှိကြပေ။ ဆွဟာဗာများက 'အို၊ တမန်တော်မြတ်၊ ၎င်းတို့အပေါ် 'ဗဒ်ဒိုအာ' (ကျိန်စာ) ပို့တော်မူပါ' ဟု

လျှောက်ထားကြသည်။ သို့သော် ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အတွက် လမ်းမှန်ရရှိရန် ဒွိအာပြုတော်မူခဲ့သည်။ နောက်ဆုံးတွင် တမန်တော်မြတ် ﷺ သည် ဆွဟာဗာများနှင့် 'မင်္ဂုဝရဟ်' (ခွေးနွေးတိုင်ပင်ခြင်း) ပြုတော်မူ၍ လှည့်ပြန်ရန် ရည်ရွယ်တော်မူလေသည်။ 'ဂျိအိရ်ရာနဟ်'မည်သော အရပ်သို့ ရောက်လေသော် ပထမဦးစွာ မက္ကာဟ်သို့ သွားပြီး 'အွမ်ရာဟ်'ပြုလုပ်မည်။ ထို့နောက် မဒီနာသို့ ပြန်မည်'ဟု ရည်ရွယ်တော်မူခဲ့သည်။

မွတ်စ္စလင်မ်တို့၏ အနိုင်အရှုံးကို ဆန်းစစ်ရန် ပွဲကြည့်ပရိသတ်အဖြစ် လိုက်ပါလာခဲ့သည်။ အရေအတွက်များလှစွာသော မက္ကာဟ်မြို့သားတို့အနက် များစွာသောသူတို့သည် ထိုနေရာသို့ ရောက်ရှိလေသောအခါ မွတ်စ္စလင်မ်ဖြစ်ကြောင်း ကြေညာကြလေတော့သည်။ ထိုနေရာ၌ပင် သုံ့ပန်းပစ္စည်းများ ခွဲဝေရန် အစီအစဉ်များ ပြုလုပ်လေသည်။ သုံ့ပန်းပစ္စည်းများ ခွဲဝေရန် စတင်ချိန်မှာပင် ရုတ်တရက် ဟာဝါဇင်နမျိုးနွယ်မှ ခေါင်းဆောင် (၁၄) ဦးပါသော အုပ်စုတစ်စုသည် ဇုဟိုင်းရ်ဗင်န်ဆွရ်ဒ်၏ အဖမ်းဆီးခံ အကျဉ်းသားအဖြစ်နှင့် ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်၌ ရောက်ရှိလာခဲ့သည်။ ၎င်းတို့တွင် ကိုယ်တော်မြတ် ﷺ ၏ နို့စို့ဘက် ဦးရီးတော်သူ အဗူယရ်ကာန်လည်း ပါဝင်ခဲ့သည်။ ၎င်းသည် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာပြီး 'ကျွန်ုပ်တို့သည် မွတ်စ္စလင်မ်ဖြစ်ခဲ့ကြပါပြီ'ဟူ၍ ပန်ကြားလျှောက်ထားသည်မှာ 'ကျွန်ုပ်တို့၏ အိမ်သူအိမ်သား၊ မိသားစုများနှင့် ပစ္စည်းဥစ္စာများကို ပြန်လည်ပေးတော်မူပါ'ဟု ဖြစ်သည်။ ထိုပန်ကြားချက်တွင် 'တမန်တော်မြတ် ﷺ ၊ ကျွန်ုပ်သည် နို့စို့ဘက်အစဉ်အဆက်အားဖြင့် ကိုယ်တော်၏ သွေးအရင်းအချာ ဖြစ်ပါသည်။ ကျွန်ုပ်တို့အပေါ်၌ ကျရောက်နေသည့် ဒုက္ခများအတွက် ကိုယ်တော့်အား စိတ်ငြိုငြင်မှု မရှိပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် ကျေးဇူးပြုတော်မူပါ'ဟူသော စကားများလည်း ပါဝင်ပေသည်။ ကဗျာဆရာတစ်ဦးလည်း ဖြစ်သည့် အုပ်စု၏ ခေါင်းဆောင်တစ်ဦးက 'အို၊ တမန်တော်၊ အကယ်၍ ကျွန်ုပ်တို့သည် ရောမဘုရင် (သို့) အီရတ်ဘုရင်ထံတွင် မိမိတို့၏ ဤဒုက္ခနှင့်စပ်လျဉ်း၍ အသနားခံ ပန်ကြားလျှောက်ထားပါလျှင် ၎င်းတို့သည် ကျွန်ုပ်တို့၏ လျှောက်ထားချက်ကို ပယ်ချလိမ့်မည်မဟုတ်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသည်။ ကိုယ်တော်မြတ်မှာမူ ထူးမြတ်သည့် စာရိတ္တတွင် အထူးအမြတ်ဆုံးဖြစ်သူဟု အလ္လာဟ်အသျှင်မြတ်က မိန့်ကြားထားတော်မူခြင်း ခံရသူဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ်အပေါ် ကြီးမားသော မျှော်လင့်ချက်တို့ဖြင့် ရောက်ရှိလာခဲ့ကြပေသည်'ဟု လျှောက်တင်လေသည်။

رَحْمَةً لِّلْعٰلَمِيْنَ

'စကြဝဠာအပေါင်းအတွက် ကရုဏာတော်အသျှင် ဖြစ်တော်မူသော ကိုယ်တော်မြတ် ﷺ အဖို့ ဤအခြေအနေ၌ အကြပ်တွေ့ရတော့လေသည်။ တစ်ဘက်တွင် လျှောက်ထားအသနားခံလာသူများအပေါ် သနားကြင်နာ ကျေးဇူးပြုရန်ဖြစ်သော ၎င်းတို့၏ အကျဉ်းသားများနှင့် ဥစ္စာပစ္စည်းများကို ပြန်လည်ပေးရန်ဖြစ်သည်။ အခြားတစ်ဖက်တွင် သုံ့ပန်းပစ္စည်းများသည် 'မုဂျာဟိဒ်'အားလုံးတို့၏ ပိုင်ဆိုင်မှု အခွင့်အရေးဖြစ်သည်။ ထိုအရာအားလုံးကို ၎င်းတို့၏ ရပိုင်ခွင့်အခွင့်အရေး အဖြစ်မှ နှုတ်ပစ်ခြင်းမှာ တရားမျှတမှုရှုထောင့်မှ ကြည့်လျှင် မဖြစ်နိုင်သည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် (ဆွဟီးဟ်ဘုခါရီကျမ်း၏ ဆင့်ပြန်ချက်အရ) ကိုယ်တော်မြတ် ﷺ က ၎င်းတို့အား ပြန်လည်ဖြေကြား မိန့်ကြားတော်မူသည်မှာ 'ကျွန်ုပ်နှင့်အတူ

မွတ်စ္စလင်မ်စစ်တပ်၌ ရှိသမျှသူတို့သည် ထိုပစ္စည်းများကို ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ ကျွန်ုပ်သည် မှန်ကန်၍ ပွင့်လင်းသော စကားကို နှစ်သက်ပါသည်။ ထို့ကြောင့် အသင်တို့သည် မိမိတို့၏ အကျဉ်းသား များကိုလည်းကောင်း၊ (သို့တည်းမဟုတ်) သုံ့ပန်းပစ္စည်းများကိုလည်းကောင်း ရွေးချယ်နိုင်ပါသည်။ ၎င်း နှစ်မျိုးအနက် အသင်တို့ ရွေးချယ်ရာကို အသင်တို့အား ကျွန်ုပ်တို့ ပေးလိုက်ပါမည်'ဟု ဖြစ်သည်။ ထိုအခါ အားလုံးတို့က အကျဉ်းသားများကို ပြန်လွှတ်ပေးရန် ရွေးချယ်ခဲ့ကြသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအားလုံးတို့ကို စုရုံးစေ၍ 'ခွသ်ဗာဟ်'မိန့်ကြားတော်မူသည်။ ထို 'ခွသ်ဗာဟ်'တွင် အလ္လာဟ် အသျှင်မြတ်အား ချီးမွမ်းထောပနာပြုပြီးနောက် မိန့်ကြားတော်မူသည်မှာ 'အသင်တို့၏ နောင်တော်များသည် အမှားဝန်ခံလျက် အသင်တို့၏ ရှေ့မှောက်သို့ ရောက်ရှိနေကြပါသည်။ ၎င်းတို့၏ အကျဉ်းသားများကို ၎င်းတို့ထံ ပြန်လည်ပေးအပ်ရန် ကျွန်ုပ် လိုလားပါသည်။ အသင်တို့အနက် မိမိတို့၏ ရပိုင်ခွင့်ဝေစုကို လိုလား ပျော်ရွှင်စွာ ပြန်လည်ပေးအပ်သူသည် အကောင်းပြုသူပင် ဖြစ်သည်။ ပြန်လွှတ်ပေးရန် အသင့်မရှိသူ အဖို့ ကျွန်ုပ်သည် နောင်ရရှိလာမည့် သုံ့ပန်းပစ္စည်းများမှ ၎င်း၏အစားကို ပြန်၍ ပေးပါမည်'ဟု ဖြစ်သည်။

ရပိုင်ခွင့်၊ အခွင့်အရေးကိစ္စနှင့် စပ်လျဉ်း၍ အများလူထု၏ ဆန္ဒကို ဆန်းစစ်ရာတွင် အများလူထု၏ ညာသံပေး ဟစ်အော်သည့် အသံဖြင့် မလုံလောက်ပေ၊ တစ်ဦးချင်း၏ ဆန္ဒကို သီးခြား စစ်တမ်းကောက် ဆန်းစစ်ရပေမည်၊

ကိုယ်တော်မြတ် ﷺ ၏ ဤ 'ခွသ်ဗဟ်'မိန့်ကြားပြီးနောက် လေးဘက်လေးရံမှ 'ကျွန်ုပ်တို့သည် ပျော်ရွှင်စွာဖြင့် အကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရန် သဘောတူပါသည်'ဟူ၍ အသံများ ထွက်ပေါ် လာသည်။ သို့ရာတွင် တရားမျှတမှုနှင့် ရပိုင်ခွင့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ကိစ္စမျိုးတွင် ဆင်ခြင် သည့်အနေဖြင့် ကိုယ်တော်မြတ် ﷺ သည် ဤပုံစံအသံမျိုးစုံဖြင့် ဟစ်အော်ဆန္ဒပြုခြင်းကို လုံလောက်သည်ဟု ယူဆတော်မမူပေ။ ထို့ကြောင့် 'မည်သူက မိမိ၏ ရပိုင်ခွင့်ကို ပျော်ရွှင်စွာ စွန့်လွှတ်သည်ကိုလည်းကောင်း၊ မည်သူက ရှက်၍ နှုတ်ဆိတ်နေသည်ကိုလည်းကောင်း ကျွန်ုပ်မသိပါချေ။ ဤကိစ္စသည် လူတို့၏ ရပိုင်ခွင့် ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် အုပ်စုတိုင်း၊ မျိုးနွယ်တိုင်းမှ ခေါင်းဆောင်တို့သည် မိမိတို့မျိုးနွယ်အုပ်စုများ အား သီးခြားစီ စစ်တမ်းကောက်၍ ကျွန်ုပ်ထံ တင်ပြကြကုန်လော'ဟု မိန့်ကြားတော်မူလေသည်။ တစ်ဦးချင်း ထံမှ သီးခြားစီ ပြန်ပေးခွင့်ကို ရယူပြီးနောက် 'အားလုံးက ပျော်ရွှင်စွာဖြင့် မိမိတို့၏ ရပိုင်ခွင့်ကို စွန့်လွှတ် ကြပါသည်'ဟူ၍ တမန်တော်မြတ် ﷺ ထံတွင် တင်ပြလျှောက်ထားကြသည်။ ထိုအခါ တမန်တော်မြတ် ﷺ သည် အကျဉ်းသားအားလုံးကို ၎င်းတို့ထံ ပြန်လည်ပေးအပ်တော်မူလေသည်။

ဤသူများမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ တတိယအာယသ်တော်တွင် ၎င်းတို့နှင့် စပ်လျဉ်း၍ 'သောင်ဗာဟ်'ပြုနိုင်စွမ်း ရရှိသူများဟု ညွှန်းဆို မိန့်ကြားခံရသူများပင် ဖြစ်သည်။

ثُمَّ يَتُوبُ اللّٰهُ مِنْ بَعْدِ ذَالِكَ

'ဟုနိုင်း'စစ်ပွဲ၏ ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ အချို့မှာ ကုရ်အာန်ကျမ်းတော်မြတ်၌ တင်ပြထားသည့် အကြောင်းအရာများဖြစ်ပြီး ကျန်ရှိအကြောင်းအရာများမှာ ခိုင်မာသည့် ဟဒီးစ်ဆင့်ပြန်ချက်များမှ ကောက်နှုတ် တင်ပြခြင်း ဖြစ်သည်။ *[မဇ္ဈဟရီကျမ်း၊ အိဗ်နုကဆီးရ်ကျမ်း။]*

ပညတ်ချက်များနှင့် ဓမ္မသတ်များ

ဤဖြစ်စဉ်များတွင် များစွာသော အမိန့်ပညတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် အကျိုးကျေးဇူးများ ပါရှိလေသည်။ ဤအချက်များသည်ပင် ဤဖြစ်ရပ်များကို တင်ပြရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပေသည်။

ဖော်ပြပါအာယသ်တော်များတွင် ပထမလမ်းညွှန်ချက်မှာ မွတ်စ္စလင်မ်များသည် မည်သည့်အချိန်၌ပင်ဖြစ်စေ၊ မိမိတို့၏ များပြားမှုနှင့် အင်အားကြီးမားခြင်းအပေါ် မာနထောင်လွှားခြင်း မပြုရ။ အင်အားနည်းပါးစဉ် စစ်လက်နက်ကို ရိက္ခာများ မရှိစဉ်က အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်အားကိုးလျက် အသျှင်မြတ်၏ ကူညီမိုင်းမမှုအပေါ်၌ ရှိခဲ့ကြသကဲ့သို့ အင်အားရှိလာသည့်အချိန်၌လည်း အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ယုံကြည်အားကိုးလျက် ထိုအသျှင်မြတ်၏ ကူညီမိုင်းမမှုအပေါ်၌သာ ရှိနေရမည်' ဟုဖြစ်သည်။ 'ဟုနိုင်းန်' စစ်ပွဲတွင် မွတ်စ္စလင်မ်တို့၏ အရေအတွက်များပြားမှုနှင့် စစ်လက်နက်၊ ရိက္ခာများပြည့်စုံမှုတို့ကြောင့် 'ယခုအခါ ကျွန်ုပ်တို့အား အနိုင်ယူမည့် အုပ်စုမရှိနိုင်တော့' ဟူသော အသုံးအနှုန်းစကားလုံးများသည် အချို့ဆွဟာဗာများ၏ နှုတ်မှ ထွက်မိခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိနှစ်သက်သည့် အုပ်စုဝင်တို့၏ နှုတ်မှ ဤမည်သော အသုံးအနှုန်းများ ပြောဆိုခြင်းကို နှစ်သက်တော်မမူပေ။ ထိုနှစ်သက်တော်မမူခြင်းကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက် ရလဒ်မှာ စစ်ပွဲစတင်သောအချိန်တွင် ကာဖိရ်တို့၏ ပထမဦးဆုံး 'ချီတက်တိုက်ခိုက်ကြ' ဟူသော ညာသံပေးလိုက်သည့်အခါ မွတ်စ္စလင်မ်များအဖို့ အခြေမခိုင်၊ ဆောက်တည်ရာမရဖြစ်ပြီး ထွက်ပြေးခဲ့ကြရသည်။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ အကွယ်မှ ကူညီမိုင်းမတော်မူခြင်းဖြင့် ဤစစ်ပွဲတွင် အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်သည်။

ရှုံးနိမ့်သူ ကာဖိရ်တို့၏ ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားမျှတမှုနှင့် ဆင်ခြင်မှုတရား ထားရှိခြင်း

ဤဖြစ်ရပ်မှ ဒုတိယလမ်းညွှန်ချက်ကို ရရှိသည်မှာ 'တမန်တော်မြတ် ﷺ သည် 'ဟုနိုင်းန်' စစ်ပွဲအတွက် မက္ကာဟ်ရှိ ရှုံးနိမ့်ခဲ့သော မွတ်စ္စလင်မ်မဟုတ်သူများထံမှ စစ်လက်နက်အဖြစ် သံချပ်ကာအင်္ကျီများနှင့် လှံများကို မတရားအဓမ္မနည်းဖြင့် ယူလိုက ယူနိုင်သည့် အခွင့်အရေးရှိသည်။ သို့သော်လည်း ကိုယ်တော်မြတ် ﷺ သည် ငှားရမ်းယူပါသည်' ဟု ပြော၍ ယူခဲ့သည်။ ထို့နောက် ၎င်းတို့ထံမှ ငှားရမ်းခဲ့သည်များကို ပြန်လည်ပေးအပ်တော်မူခဲ့သည်။ ထိုဖြစ်ရပ်သည် ရန်သူများဖြင့်လည်း တရားမျှတမှု၊ သနားကြင်နာမှု၊ အပြည့်အဝထားရှိ၍ ဆက်ဆံရမည့်အကြောင်း မွတ်စ္စလင်မ်များအား သင်ခန်းစာပေးထားတော်မူခြင်းဖြစ်သည်။

တတိယလမ်းညွှန်ချက်မှာ 'ဟုနိုင်းန်' သို့ သွားစဉ် 'ခိုင်ဖ်ဗင်န်ကိနာနဟ်' အရပ်သို့ ရောက်သော် ကိုယ်တော်မြတ် ﷺ က 'မနက်ဖြန် ကျွန်ုပ်တို့သည် မက္ကာဟ်ရှိ ကုရိုက်ရှ်များက မွတ်စ္စလင်မ်များအား အဆက်ဖြတ်ရန် ကတိစာချုပ်ရေးသားချုပ်ဆိုခဲ့သည့် နေရာ၌ စခန်းချရပ်နားကြမည်' ဟူသော မိန့်ကြားချက်

မှ ရရှိသည့် လမ်းညွှန်ချက်ဖြစ်သည်။ ထိုလမ်းညွှန်ချက်တွင် မွတ်စ္စလင်မ်များအား အလ္လာဟ်အသျှင်မြတ်က အောင်မြင်မှုများ ချီးမြှင့်တော်မူသည်ဖြစ်ရာ မွတ်စ္စလင်မ်တို့သည် မိမိတို့၏ ယခင်က ဒုက္ခများ ခံစားခဲ့ရသည့် အချိန်ကာလကို မမေ့ကြရန်ဖြစ်သည်။ သို့မှသာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို သိရှိနိုင်ပေမည်။ ဟဝါဇင်န်မျိုးနွယ်မှ ရှုံးနိမ့်သူများက အကြိမ်ကြိမ် ရန်မူတိုက်ခိုက်ခြင်းနှင့် မြားမိုးရွာချခြင်းများ ပြုလာခြင်းအပေါ် လောကအပေါင်း၏ ကရုဏာတော်ရှင် ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်မှ 'ဗဒ်ဒိုအာ' ကျိမ်စာပို့ရမည့်အစား ၄င်းတို့အတွက် လမ်းမှန် ရရှိရန်ကိုပင် ဒိုအာပြုပေးတော်မူခဲ့သည်။ 'မွတ်စ္စလင်မ်တို့သည် 'ဂျီဟားဒ်'ပြု စစ်တိုက်ခိုက်ရခြင်းမှာ ရန်သူများအား ဖိနှိပ်ရန်အတွက်သာ မဟုတ်ဘဲ ၄င်းတို့အား 'ဟိဒါယသ်'လမ်းမှန်တရားဘက်သို့ ခေါ်ဆောင်ရန်သာ ဖြစ်သည်။ ထို့ကြောင့် ထိုလမ်းမှန်တရားအတွက် ကြိုးပမ်းမှုကို မည်သည့်အခါမျှ မေ့လျော့ခြင်းမပြုရ'ဟူ၍ မွတ်စ္စလင်မ်တို့အား သင်ခန်းစာပေးခြင်း ဖြစ်သည်။

တတိယအာယသ်တော်မှ လမ်းညွှန်ချက်ပြုသည်မှာ ရှုံးနိမ့်ခဲ့ရသည့် ကာဖိရ်များသည်လည်း မျှော်လင့်ချက်မဲ့ရန် မရှိပေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား အစ္စလာမ်နှင့် အီမာန်၏ တရားလမ်းမှန်ကို ချီးမြှင့်ပေးသနားနိုင်တော်မူသောကြောင့် ဖြစ်သည်။ ဟဝါဇင်န်မျိုးနွယ်အုပ်စု အစ္စလာမ်လက်ခံခဲ့သည့်ဖြစ်ရပ်ကပင် သက်သေဖြစ်သည်။

ဟဝါဇင်န်အုပ်စု၏ တောင်းဆိုချက်ကပင် သက်သေဖြစ်သည်။ စစ်အကျဉ်းသားများ ပြန်လွှတ်ပေးသည့်အချိန်တွင် ဆွဟာဗာတို့၏ ဆန္ဒကို ကိုယ်တော်မြတ် ﷺ က မေးမြန်းတော်မူခဲ့လေသည်။ ဆွဟာဗာများက 'ကျွန်တော်မျိုးတို့သည် ၄င်းတို့အား ပြန်လွှတ်ပေးရန် ကျေနပ်စွာဖြင့် သဘောတူကြပါသည်'ဟု တစ်စုတစ်ဝေးတည်း ဖြေကြားလျှောက်တင်ခဲ့ကြသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ သည် ဤသို့ လူအုပ်ကြီးဖြင့် တစ်စုတစ်ဝေးတည်း ဖြေကြားခြင်းကို လုံလောက်သည့် ဖြေကြားချက်ဟု မှတ်ယူတော်မမူခဲ့ပေ။ ထို့ကြောင့် တစ်ဦးချင်း သီးခြားစီ မေးမြန်း၍ စစ်တမ်းကောက်ယူရန် အလေးအနက်ထားတော်မူခဲ့သည်။

ထို့ကြောင့် ရပိုင်ခွင့်၊ အခွင့်အရေးနှင့် စပ်လျဉ်းသော ကိစ္စရပ်များတွင် စိတ်ရောကိုယ်ပါ ကျေနပ်သဘောတူကြောင်း စိတ်မချရသေးသမျှ မည်သူ၏ အခွင့်အရေးကိုမျှ ရယူခြင်းမပိုင်ကြောင်း သိရှိရပေသည်။ လူထုပရိသတ်၏ အရှိန်အဝါကြောင့်ဖြစ်စေ၊ လူတို့အား ရှက်ရွံ့စိတ်ဖြင့် နှုတ်ဆိတ်နေခြင်းမျိုးသည် သဘောတူကြောင်း သတ်မှတ်ရန် မလုံလောက်ပေ။ ထိုအကြောင်းကို ဖိကာဟ်ပညာရှင်များက 'လူတစ်ဦးတစ်ယောက်အပေါ် မိမိ၏ အရှိန်အဝါပြသ၍ သာသနာ့ရည်ရွယ်ချက်တစ်ခုအတွက် 'ကျန်ဒဟ်'အလှူငွေကောက်ခံယူခြင်းသည်လည်း မပိုင်ပေ။ အကြောင်းမှာ ဤသို့သော အခြေအနေမျိုးတွင် များစွာသော သိက္ခာရှင် လူရည်မွန်များအနေဖြင့် အရှက်သိက္ခာကြောင့် တစ်စုံတစ်ရာပေးလေ့ ရှိကြသည်။ အပြည့်အဝ ကျေနပ်သဘောတူ၍ကား မဟုတ်ပေ။ ဤကဲ့သို့သော 'ကျန်ဒဟ်'အလှူခံပစ္စည်းများတွင် 'ဗရ်ကသ်' မရှိ'ဟု မိန့်ဆိုခဲ့ကြသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِنَّمَا ٱلْمُشْرِكُونَ
نَجَسٌ فَلَا يَقْرَبُواْ ٱلْمَسْجِدَ ٱلْحَرَامَ بَعْدَ عَامِهِمْ هَٰذَا ۚ وَ
إِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيكُمُ ٱللَّهُ مِن فَضْلِهِۦٓ إِن شَآءَ ۚ
إِنَّ ٱللَّهَ عَلِيمٌ حَكِيمٌ ﴿٢٨﴾

၉ : ၂၈ ॥ ॥ အို့ မုအ်မင်နီသက်ဝင် ယုံကြည်သူအပေါင်းတို့၊ မုရှိရစ်က်တို့သည်ကား ညစ်ညမ်းသူများ ဖြစ်ကြကုန်သည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤနှစ်ကုန်လွန်ပြီးနောက် ('မတ်စ်ဂျိဒ်ဒေ့ဟရာမ်') ထူးမြတ်သော ဗလီဝတ်ကျောင်းတော်၏ အနီးသို့ပင် ချဉ်းကပ်ခြင်း မပြုကြရချေ။ သို့ရာတွင် အကယ်၍ အသင်တို့သည် ဆင်းရဲနွမ်းပါးမှုကို စိုးရိမ်ကြသည်ရှိသော် အသင်တို့အား အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူလျှင် မကြာမီအတွင်း မိမိ၏ ကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝ ပြည့်စုံစေတော်မူမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ မုရှိရစ်က်များသည်ကား (အယူဝါဒအားဖြင့်) ညစ်ညမ်းမှုကြောင့် အမိန့်ပညတ်ချက်များ ထုတ်ပြန်ချမှတ်သည်များအနက် တစ်ခုမှာ) ဤသူတို့သည် ဤနှစ်ကုန်ဆုံးပြီးနောက် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'အပါးသို့ပင် မချဉ်းကပ်ရတော့ချေ။ (ဆိုလိုသည်မှာ 'ဟရာမ်'၏အတွင်း ဝင်ရတော့မည်မဟုတ်ပေ။) ထို့နောက် အကယ်၍ အသင်တို့သည် ဤအမိန့်ကို ထုတ်ပြန်ချမှတ်ရာ၌) ဆင်းရဲနွမ်းပါးမည်ကို စိုးရိမ်ကြပါလျှင် (အပေးအယူ အရောင်းအဝယ်ကိစ္စတို့သည် ၎င်းတို့နှင့်သာ ပိုမိုများပြားစွာ ပြုလုပ်ကြရသည်ဖြစ်ရာ ၎င်းတို့ မရှိကြတော့သည့်အခါ အလုပ်အကိုင် ရောင်းဝယ်ဖောက်ကားမှုများ မည်သို့ ပြုလုပ်ကြရတော့မည်နည်း။) သို့ရှိရာ (အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ အားကိုးအားထားပြုကြလေကုန်။) အလ္လာဟ်အသျှင်မြတ်သည် အလိုတော်ရှိခဲ့ပါလျှင် မကြာမီအတွင်း အသင်တို့အား မိမိ၏ ကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝစေတော်မူပေမည်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် (အမိန့်ပညတ်ချက်များ၏ လျှို့ဝှက်ချက်များကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ပြင် ထိုလျှို့ဝှက်ချက်များအား ပြီးမြောက်အောင် ပြုလုပ်သည်။ အခန်းကဏ္ဍတွင်) အလွန်တရာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်။ (ထို့ကြောင့် ဤအမိန့်တော်များကို ထုတ်ပြန်ချမှတ်တော်မူခြင်း ဖြစ်သည်။ ထို့ပြင် အသင်တို့၏ ဆင်းရဲနွမ်းပါးမှုကို ဝေးကွာစေမည့် အစီအမံများလည်း ပြုလုပ်ပေးတော်မူမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘာသတ်များ

'စူရာဟ်သောင်ဗာဟ်'၏ အစတွင် ကာဖိရ်မုရှ်ရစ်ကိမျိုးအား အဆက်ဖြတ်ရန် ကြေညာချက် ထုတ်ပြန်လာရှိထားသည်။ ဖော်ပြပြီးခဲ့သော အာယသ်တော်တွင် ဤအဆက်ဖြတ်ခြင်းနှင့် စပ်လျဉ်း၍ အမိန့်ထုတ်ပြန်ချက် တင်ပြထားသည်။ အဆက်ဖြတ်ရန် ကြေညာချက် တစ်နှစ်ပတ်လုံး ကာလအတွင်း ကာဖိရ်တို့နှင့် ပြုလုပ်ထားခဲ့သည့် ကတိကဝတ်များကို အဆုံးသတ်ဖျက်သိမ်းခြင်းဖြစ်စေ၊ အပြည့်အဝ လုပ်ဆောင်ပေးခြင်းဖြစ်စေ ပြုလုပ်ပေးလုက်ရမည်။ ဤကြေညာချက် တစ်နှစ်ပြည့်ပြီးနောက်တွင် မည်သည့် မုရှ်ရစ်ကိမျှ 'ဟရာမ်'၏ ပရဝုဏ်၌ နေခွင့်သွားလာခွင့် မရှိတော့ပေဟု ဖြစ်သည်။

ဤအာယသ်တော်တွင် ကာဖိရ်များနှင့် အဆက်ဖြတ်ရန် ကြေညာချက် အမိန့်ထုတ်ပြန်ထားတော်မူသည်။ ထိုအမိန့်ထုတ်ပြန်ချက်တွင် လျှို့ဝှက်ချက်အမြော်အမြင်များ ပါဝင်သည်ကိုလည်း တင်ပြထားသည်။ ထိုအမိန့်ကို လိုက်နာကျင့်ဆောင်ရာ၌ အချို့မွတ်စ္စလင်မ်များအဖို့ အခက်ကြုံရနိုင်သည့်အကြောင်းနှင့် စပ်လျဉ်း၍လည်း ဖြေကြားမိန့်ဆိုထားတော်မူသည်။ ထိုအာယသ်တော်တွင် نَجَسٌ ဟူသည့် စကားလုံးမှာ 'မသန့်သော၊ ညစ်ညမ်းမှု'ဟု ရသည်။ လူသားများ ရွံရှာသည့် အညစ်အကြေးဟူသမျှကို ဆိုလိုသည်။ အေမာမ် ရာဂိဗ်အစ္စဖဟာနီ (ရဟ) က မိန့်ဆိုသည်မှာ မျက်စိ၊ နှာခေါင်း (သို့) လက် စသည်တို့ဖြင့် ခံစားသိရှိနိုင်သည့် အညစ်အကြေးများလည်း ပါဝင်သည်။ ထို့အပြင် အသိပညာနှင့် ဦးနှောက်ဉာဏ်တို့ဖြင့် သိရှိနိုင်သည့် အညစ်အကြေးလည်း ပါဝင်သည်။ အကြောင်းမှာ نَجَسٌ ဟူသော စကားလုံးတွင် အပေါ်ယံအားဖြင့် အားလုံး ခံစားသိရှိနိုင်သည့် အညစ်အကြေးများလည်း ပါဝင်သောကြောင့် ဖြစ်သည်။ ထို့ပြင် ရှရီအသ်တရားတော်အရ 'ဂုဇ္ဇ' (သို့) ရေချိုးရန် 'ဝါဂျိဗ်'ထိုက်သက်စေသည်။ ဥပမာ- 'ဂျနာဗသ်' (သို့) 'ဟိုက်ဇ်' (ရာသီသွေး) နှင့် 'နိဖားစ်' (မီးတွင်းသားဖွားသွေး) တို့ ကုန်ဆုံးသည့်အခါ ရေချိုးရန် 'ဝါဂျိဗ်'ဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် ညစ်ညမ်းမှုများလည်း ပါဝင်ပေသည်။ ထို့အပြင် လူသား၏ နှလုံးသား၌ရှိသော အတွင်းပိုင်း ညစ်ညမ်းမှုများဖြစ်သည်။ လွဲမှားပျက်ပြားသော အယူဝါဒ ယုံကြည်ချက်များနှင့် အကျင့်စရိုက်ဆိုး စသည်တို့ကိုလည်း ဆိုလိုသည်။

ဖော်ပြပါအာယသ်တော်တွင် اِنَّمَا ဟူသော စကားစုကို သုံးနှုန်းထားသည်။ ခြုံငုံသော အဓိပ္ပာယ် အတွက် သုံးနှုန်းခြင်းဖြစ်သည်။ ထို့ကြောင့်

اِنَّمَا الۡمُشۡرِكُوۡنَ نَجَسٌ

ဟု ဖြစ်ပြီး အဓိပ္ပာယ်မှာ 'မုရှ်ရစ်ကိမျိုးသည် လုံးဝ ညစ်ညမ်းသူများသာ ဖြစ်သည်'ဟု ဖြစ်သည်။ အမှန်ကန်ဆုံးအချက်မှာ များသောအားဖြင့် မုရှ်ရစ်ကိတို့တွင် ညစ်ညမ်းမှု (၃) မျိုးရှိသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် များစွာသော ညစ်ညမ်းသည့် အရာများကို ညစ်ညမ်းမှုဟု မှတ်ယူခြင်းမရှိကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ထိုညစ်ညမ်းမှုများမှလည်း ရှောင်ကြဉ်ခြင်း မပြုကြပေ။ ဥပမာ- အရက်သေစာနှင့် ထိုအရက်သေစာဖြင့် ပြုလုပ်ထားသည့်အရာများဖြစ်သည်။ ထို့အပြင် အဓိပ္ပာယ် အားဖြင့် ညစ်ညမ်းသည့် 'ဂျနာဗသ်'(ကိုယ်လက်နှီးနှောမှု စသည်တို့ကြောင့် မသန့်ဖြစ်သည်။) ရေချိုးခြင်း

စသည်တို့ကို ၄င်းတို့အနေဖြင့် လက်ခံခြင်းပင် မပြုကြပေ။ ထို့နည်းတူစွာ 'မျက်ပြားသည့် ယုံကြည်ချက် အယူဝါဒများနှင့် ဆိုးယုတ်သော အကျင့်စရိုက်များကိုလည်း ၄င်းတို့သည် သိရှိကြခြင်း မရှိပေ။'

ထို့ကြောင့် ဖော်ပြပါအာယသ်တော်တွင် 'မုရှ်ရစ်ကာများသည် လုံးဝ ညစ်ညမ်းသူများပင် ဖြစ်သည်'ဟု သတ်မှတ်လျက်

فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هَٰذَا

'ဤနှစ်ကုန်ဆုံးပြီးနောက် ထိုမုရှ်ရစ်ကာတို့သည် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'အနီးသို့ပင် မသွားရတော့'ဟူသည့် အမိန့်ကို ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။

مَسْجِدُ الْحَرَامِ 'မတ်စ်ဂျိဒ်ဒွေဟရာမ်'ဟူသော စကားလုံးသည် များသောအားဖြင့် 'ဗိုင်သွလ္လာဟ်' ၏ ဝန်းကျင်တံတိုင်း (၄) ခုဖြင့် ကာရံထားသည့် နေရာကိုပင် ခေါ်ဆိုကြသည်။ သို့သော် ကုရ်အာန်နှင့် ဟဒီးစ်တော်၌ အချို့အခါများတွင် ဤစာလုံးသည် မက္ကာဟ်၏ မြင့်မြတ်နယ်မြေအားလုံးအပေါ်၌လည်း သုံးနှုန်းထားသည်။ ထိုနေရာမှာ စတုရန်းမိုင်များစွာရှိသော မြေနေရာများဖြစ်ပြီး လေးဘက်စလုံးတွင် ဟဇရသ်အိဗ်ရာဟီမ် ﷺ တည်ထောင်ခဲ့သည့် နယ်မြေအစမှ ဝန်းရံထားသည့်နယ်မြေဖြစ်သည်။ ဥပမာ- 'မိအ်ရားဂျ်'ဖြစ်စဉ်၌

مِنَ الْمَسْجِدِ الْحَرَامِ

ဟု မိန့်ကြားထားရာ ပညာရှင်အားလုံးတို့က တစ်ညီတစ်ညွတ်တည်း ဖော်ပြပါအဓိပ္ပာယ်ကိုပင် ယူခဲ့ကြသည်။ အကြောင်းမှာ 'မိအ်ရားဂျ်'ဖြစ်ရပ်သည် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'အတွင်းမှ ထွက်ခွာသည် မဟုတ်ဘဲ ဟဇရသ်အွန်းမေ့ဟာနီ ﷺ သခင်မ၏ နေအိမ်မှ စတင်ခဲ့သောကြောင့်ဖြစ်သည်။ အလားတူ

إِلَّا الَّذِينَ عَاهَدْتُمْ عِنْدَ الْمَسْجِدِ الْحَرَامِ

တွင် မတ်စ်ဂျိဒ်ဒွေရာမ်'၏ သဘောမှာ 'ဟရာမ်'နယ်မြေ အပြည့်အဝကို ဆိုလိုခြင်းဖြစ်သည်။ အကြောင်းမှာ 'ဟုဒိုင်ဗီယဟ်'ငြိမ်းချမ်းရေးစာချုပ်တွင် 'ဟုဒိုင်ဗီယဟ်'သည် 'ဟရာမ်'နယ်မြေ၏ အပြင်ဘက် 'ဟရာမ်'နယ်မြေနှင့် ဆက်လျက်ရှိသည့်နေရာ ဖြစ်သည်။

ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤနှစ်ကုန်ဆုံးပြီးနောက် 'ဟရာမ်'နယ်မြေအတွင်း မုရှ်ရစ်ကာများ ဝင်ရောက်ခြင်းကို တားမြစ်လိုက်သည်' ဟု ဖြစ်သည်။ ဤနေရာတွင် ဤနှစ်ဟူသည်မှာ မည်သည့်နှစ်ကို ခေါ်ဆိုကြောင်း ကွဲလွဲမှု ရှိသည်။ အချို့ ပညာရှင်တို့က ဟီဂျ်ရီ (၁၀) ခုနှစ်ဟု ဆိုကြသည်။ သို့ရာတွင် အဖွင့်ပညာရှင်အများစုတို့ထံတွင် ဟိဂျ်ရီ (၉) ခုနှစ်သည် ဦးစားပေးအဆိုဖြစ်သည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သည် ကာဖိရ်တို့နှင့် အဆက်ဖြတ်ရန် ကြေညာချက်ကို ဟဇရသ်စွိဒ္ဒီးက်အက်ဗရ် ﷺ နှင့် ဟဇရသ်အလီ ﷺ တို့ဖြင့် ဟဂ်ျရာသီ၌ ထိုဟိဂျ်ရီ (၉) ခုနှစ်၌ပင် ကြေညာစေတော်မူခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဟိဂျ်ရီ (၉) ခုနှစ်မှ (၁၀) ခုနှစ်အထိမှာ အချိန်ပေးဆိုင်းငံ့သည့်နှစ် ဖြစ်သည်။ ဟီဂျ်ရီ (၁၀) ခုနှစ်နောက်ပိုင်းတွင် ဤအမိန့်ကို စတင်ကျင့်သုံးခဲ့သည်။

မှုရှ်ရစ်က်များ 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'တွင် ဝင်ရောက်ခြင်းကို တားမြစ်ရသည့် ရည်ရွယ်ချက်နှင့် ဤတားမြစ်ချက်သည် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'အတွက်သာ အထူးအမိန့်ဖြစ်ပါသလော၊ (သို့) ဗလီအားလုံးအတွက် ဖြစ်ပါသလော၊

ဖော်ပြပါအာယသ်တော်တွင် ဟီဂျ်ရီ (၁၀) ခုနှစ်နောက်ပိုင်းမှစ၍ မည်သည့်မုရှ်ရစ်က်မျှ 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'တွင် ဝင်ရောက်ခြင်းမရှိစေရဟူသည့် အမိန့်တော်ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်နှင့် စပ်လျဉ်း၍ စဉ်းစားဖွယ်အချက် (၃) ချက်ဖြစ်ပေါ်လာသည်။ ထိုအချက်များအနက် တစ်ခုမှာ ဤအမိန့်သည် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'နှင့်သာ အထူးပြုမိန့်ဆိုချက်ဖြစ်ပါသလော။ (သို့) ကမ္ဘာပေါ်ရှိ အခြားသော ဗလီဝတ်ကျောင်းတော်များလည်း ဤအမိန့်၌ ပါဝင်ပါသလော။ အကယ်၍ 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'အတွက်သာ သီးသန့်အမိန့်ဖြစ်သည်ဟု ဆိုပါလျှင် ကာဖိရ်တစ်ဦးဦး၏ 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'၌ ဝင်ရောက်ခြင်းသည် လုံး၀ တားမြစ်ချက်ဖြစ်ပါသလော။ (သို့) ဟဂ်ျနှင့် 'အွမ်ရာဟ်'တို့အတွက်သာ တားမြစ်ချက်ရှိပြီး ကျန်ကိစ္စများတွင် ဤအတိုင်း သွားနိုင်ခြင်း ရှိပါသလော။ တတိယအချက်မှာ အာယသ်တော်၌ မုရှ်ရစ်က်များဟု ဖော်ပြထားပေသည်။ ကျမ်းရပုဂ္ဂိုလ် ကာဖိရ်များသည်လည်း ဤအမိန့်၌ ပါဝင်ပါသလော။

ထိုအကြောင်း ရှင်းလင်းချက်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများက နှုတ်ဆိတ်လျက်ရှိသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းမြတ်၏ ညွှန်းဆိုချက်များနှင့် ဟဒီးစ်ဆင့်ပြန်ချက်များကို ရှေ့၌ ထားလျက် 'မုဂျ်သဟိဒ်' (မဇ္ဈသတ်ထုတ်နှုတ်သူ) အေမာမ်ကြီးများသည် မိမိတို့၏ 'အိဂျ်သိဟာဒ်' များနှင့်အညီ ပညတ်ချက်များကို မိန့်ဆိုကြသည်။ ဤအခန်းကဏ္ဍ၌ ပထမမေးခွန်းဖြစ်သည့် 'ကုရ်အာန်ကျမ်းမြတ်သည် မုရှ်ရစ်က်များကို ညစ်ညမ်းသူများဟု အဘယ်အကြောင်းကို ထောက်ရှု၍ သတ်မှတ်ပါသနည်း' ဟူသော မေးခွန်းဖြစ်သည်။ အကယ်၍ ထင်ရှားပေါ်လွင်သည့် (အညစ်အကြေး (သို့) အဓိပ္ပာယ်အားဖြင့် ညစ်ညမ်းသည့် 'ဂျနာဗသ်'စသည်တို့ကို ဆိုလိုခြင်းဖြစ်ပါလျှင် မည်သည့်ဗလီဝတ်ကျောင်းတော်၌မဆို အညစ်အကြေးများ ရောက်ရှိစေခြင်း မပိုင်ဆိုသည်မှာ ထင်ရှားပေသည်။ အလားတူပင် 'ဂျနာဗသ်'ဖြစ်နေသူတစ်ဦး (သို့) 'ဟိုက်ဇ်'(ရာသီသွေး) နှင့် 'နိဖားစ်' (မီးတွင်းသားဖွားသွေး) ဖြစ်ပေါ်နေသူ အမျိုးသမီးတို့သည် ဗလီ၌ ဝင်ရောက်ခြင်းမပိုင်ပေ။ အကယ်၍ ဤအာယသ်တော်တွင် ဖော်ပြပါအညစ်အကြေး၏ အလိုသဘောမှာ ကုဖ္ဖရ်၊ ရှရစ်က်၏ အတွင်းပိုင်းအညစ်အကြေးကို ဆိုလိုခြင်းဖြစ်ပါက ထိုအမိန့်သည် ထင်ရှားသည့် အပြင်ပိုင်းအညစ်အကြေးနှင့် ကွဲလွဲမှု ရှိနိုင်ပေသည်။

ကုရ်သုဗီး၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် အေမာမ်မာလိက် (ရဟ) စသော မဒီနာရှိ ဖိကာပညာရှင်များက မိန့်ဆိုထားသည်မှာ 'မုရှ်ရစ်က်များသည် အဓိပ္ပာယ်ဟူသမျှတို့နှင့် ထောက်ရှု၍ ညစ်ညမ်းသူများဖြစ်သည်။' ပေါ်လွင်ထင်ရှားသည့် အညစ်အကြေးများကိုလည်း များသောအားဖြင့် ရှောင်ကြဉ်မှုမပြုကြချေ။ 'ဂျနာဗသ်' စသည်တို့ဖြစ်ပေါ်ပြီးသည့် အခါ၌ ရေချိုးခြင်းကိုလည်း အလေးအနက်မထားကြပေ။ ကုဖ္ဖရ်နှင့် ရှရစ်က်၏ အတွင်းပိုင်းအညစ်အကြေးမှာမူ ၎င်းတို့၌ ရှိနေပြီးသားဖြစ်သည်။ ထို့ကြောင့် ဤအမိန့်သည် မုရှ်ရစ်က်ဟူသမျှနှင့် ဗလီဝတ်ကျောင်းတော်ဟူသမျှတို့အတွက် ဖြစ်သည်။ ထိုအမိန့်အတွက် အထောက်အထားကိုမူ ဟဇရသ်အုမရ်ဗင်န် အဗ်ဒုလ်အဇီးဇ် (ရဟ) က တိုင်းပြည်အတွင်းရှိ မြို့အုပ်များကို မိန့်ခွန်းချွေရာ၌

ပြောကြားခဲ့သည့် မိန့်မှာချက်များကို တင်ပြခဲ့သည်။ ထိုမိန့်ကြားချက်တွင် 'ကာဖိရ်များအား ဗလီဝတ်ကျောင်းတော်များ၌ ဝင်ရောက်ခွင့် မပြုကြလေနှင့်'ဟူ၍ ဖြစ်သည်။ ထိုမိန့်ကြားချက်တွင် ဖော်ပြပါအာယသ်တော်ကိုပင် ရေးသားခဲ့သည်။

အလားတူ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်လာရှိသည်မှာ-

لَا اُحِلُّ الْمَسْجِدَ لِحَائِضٍ وَلَاجُنُبٍ

(ဟိုက်ဇ်' (ရာသီသွေး) ဖြစ်ပေါ်နေသူ အမျိုးသမီး (သို့) 'ဂျုနုဗ်' (ရေချိုးရန် တာဝန်ထိုက်သူ) တို့ ဗလီ၌ ဝင်ရောက်ခြင်းကို 'ဟလာလ်'ဖြစ်သည်ဟု ငါကိုယ်တော် မမှတ်ယူပေ။)

မုရှ်ရစ်က်နှင့် ကာဖိရ်တို့သည် များသောအားဖြင့် 'ဂျနာဗသ်' (ရေချိုးရန် တာဝန်ထိုက်သည့်) အခြေအနေမျိုးတွင် ရေချိုးခြင်းကို အလေးအနက် မထားကြပေ။ ထို့ကြောင့် ၎င်းတို့ ဗလီ၌ ဝင်ရောက်ခြင်းကို တားမြစ်ခြင်းဖြစ်သည်။

အေမာမ်ရာဇီအီ (ရဟ) က မိန့်ဆိုသည်မှာ ဤအမိန့်သည် မုရှ်ရစ်က်များနှင့် ကျမ်းရပုဂ္ဂိုလ်များအတွက် အမိန့်ဖြစ်သည်။ သို့သော် 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်'အတွက်မူ သီးသန့်ဖြစ်သည် အခြားဗလီဝတ်ကျောင်းတော်များ၌မူ ၎င်းတို့ ဝင်ရောက်ခြင်းသည် တားမြစ်ချက်မဟုတ်ပေ။ *[ကုရ်သုဗီးကျမ်း]*

အထောက်အထားအဖြစ် 'စုမာမဟ်ဗင်န်အုစားလ်'၏ ဖြစ်ရပ်ကို တင်ပြထားသည်။ ၎င်းသည် မွတ်စ္စလင်မ်မဖြစ်မီက ဖမ်းဆီးခံခဲ့ရသည်။ တမန်တော်မြတ် ﷺ သည် ၎င်းအား 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်'၏ တိုင်တစ်တိုင်၌ ချည်နှောင်တော်မူခဲ့သည်။

အေမာမ်အဘူဟနီဖဟ် (ရဟ) ထံတွင် 'အာယသ်တော်၌ မုရှ်ရစ်က်များအား 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' အနီးသို့ပင် သွားရန် တားမြစ်ခြင်း၏ ပုံစံဖြင့် 'ဟဂ်ျ'နှင့် 'အွမ်ရာဟ်'ပြုခွင့်ရှိမည်မဟုတ်'ဟု ဖြစ်သည်။ အထောက်အထားမှာ 'ဟဂ်ျ'ရာသီ၌ ဟဇရသ်အလီ ؓ ၏ အကြောင်းခံဖြင့် အဆက်ဖြတ်ကြောင်း ကြေညာသည့်အချိန်တွင် မုရှ်ရစ်က်များ 'ဟဂ်ျ'မပြုရန်ကိုပင် ကြေညာခဲ့ခြင်းဖြစ်သည်။

لَا يَحُجَّنَّ بَعْدَ الْعَامِ مُشْرِكٌ

'ဤနှစ်ပြီးမြောက်လျှင် မည်သည့်မုရှ်ရစ်က်မျှ 'ဟဂ်ျ'ပြုနိုင်တော့မည်မဟုတ်'ဟု ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်တွင်

فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ

၏ အဓိပ္ပာယ်သည်လည်း ထိုကြေညာချက်နှင့်အညီ '၎င်းတို့အား 'ဟဂ်ျ'နှင့် 'အွမ်ရာဟ်'ပြုလုပ်ခြင်းကို တားမြစ်လိုက်ပြီးဖြစ်သည်။ လိုအပ်ချက်တစ်စုံတစ်ရာအတွက် မုအ်မင်န်တို့၏ ခေါင်းဆောင်၏ အမိန့်ဖြင့် ဝင်ရောက်ခြင်းကား ပြုနိုင်သည်'ဟု ဖြစ်သည်။ စကီးဖ်လူမျိုးစုတို့၏ ဖြစ်ရပ်မှာ သက်သေဖြစ်သည်။ မက္ကာဟ်ကို အောင်နိုင်ပြီးနောက် စကီးဖ်လူမျိုးစုတို့၏ ကိုယ်စားလှယ်အုပ်စုတစ်စုသည် ကိုယ်တော်မြတ် ﷺ ထံတော်၌ အခစားဝင်ရောက်လာကြသည့်အခါ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အား ဗလီ၌နားနေစေ

တော်မူခဲ့သည်။ စင်စစ် ထိုစဉ်က ၎င်းတို့သည် ကာဖိရ်ပင်ဖြစ်ခဲ့သည်။ ဆွဟာဗာများက 'အို၊ ရစူလ်တမန်တော်၊ ဤသည် ညစ်ညမ်းသည့် အုပ်စုဖြစ်ပါသည်'ဟု လျှောက်ထားကြရာ ကိုယ်တော်မြတ် ﷺ က 'ဗလီမြေကြီးအပေါ်၌ ၎င်းတို့၏ မည်သည့်အညစ်အကြေးမျှ စွန်းထင်းခြင်းမရှိပါ'ဟု မိန့်ကြားတော်မူလေသည်။

[ဂျဆ္ဆွာအ်ကျမ်း]

ထိုဆင့်ပြန်ချက်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မုရှ်ရစ်က်များအား ညစ်ညမ်းသူများဟု ပြောခြင်းဖြင့် ၎င်းတို့၏ ကုဖွ်ရ်နှင့် ရှရစ်က်တို့၏ ညစ်ညမ်းမှုဖြစ်ကြောင်းကိုလည်း ပြဆိုလိုက်သည်။ အေမာမ်အအ်ဇွမ်အဘူဟနီဖဟ် (ရဟ) ၏ လမ်းစဉ်သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ အလားတူ ဟဇရတ်ဂျာဗိရ်ဗင်န်အဗ်ဒွလ္လာဟ် ၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မည်သည့်မုရှ်ရစ်က်မျှ ဗလီဝတ်ကျောင်းတော်အနီးသို့ မလာရပေ။ သို့ရာတွင် ထိုမုရှ်ရစ်က်သည် မွတ်စ္စလင်မ်တစ်ဦး၏ ကျွန် (သို့) ကျွန်မဖြစ်ပါက လိုအပ်ချက်အရ ထိုသူတို့၏ ဝင်ရောက်နိုင်သည်'ဟု လာရှိသည်။

[ကုရ်သုဗီကျမ်း]

ဤဟဒီးစ်တော်သည် 'ပေါ်လွင်ထင်ရှားသည့် အညစ်အကြေးကို အကြောင်းခံသတ်မှတ်ပေးပြီး မုရှ်ရစ်က်များအား 'မတ်စ်ဂျိဒ်ဒွေဟရာမ်'မှ တားမြစ်ခြင်းမဟုတ်ကြောင်း' သက်သေပြလျက်ရှိသည်။ ထိုသို့မဟုတ်ပါက ကျွန်နှင့် ကျွန်မတို့အတွက် သီးသန့်အမိန့်သတ်မှတ်ချက် ရှိမည်မဟုတ်။ အခြေခံအကြောင်းတရားမှာ ကုဖွ်ရ်၊ ရှရစ်က်နှင့် ၎င်းတို့၏ လုပ်ရပ်များ လွှမ်းမိုးမှုကို စိုးရိမ်ရ၍ဖြစ်သည်။ ကျွန်နှင့် ကျွန်မတို့တွင် ထိုစိုးရိမ်ဖွယ်ရာများ မရှိပေ။ ထို့ကြောင့် ၎င်းတို့အား ခွင့်ပြုခြင်းဖြစ်သည်။ ထို့ပြင် ပေါ်လွင်ထင်ရှားသည့် အညစ်အကြေးရှုထောင့်မှ ကြည့်လျှင် မွတ်စ္စလင်မ်သည်လည်း ဤအမိန့်၌ ပါဝင်ပေသည်။ အညစ်အကြေး (သို့) 'ဟဒဆေ့အက္ကဗရ်' (ရေချိုးရန် ဝါဂျိဗ်ထိုက်သည့်ကိစ္စ) အခြေအနေ၌မူ မွတ်စ္စလင်မ်များသည်လည်း 'မတ်စ်ဂျိဒ်ဒွေဟရာမ်'သို့ ဝင်ရောက်ခြင်း တားမြစ်ချက်ရှိသည်။

ထို့အတူ အများစုပညာရှင်တို့၏ ဖွင့်ဆိုချက်အရ 'မတ်စ်ဂျိဒ်ဒွေဟရာမ်'သည် ဤနေရာတွင် 'ဟရာမ်' နယ်မြေတစ်ခုလုံးကို ဆိုလိုခြင်းဖြစ်သည်ဟု ဆိုပါလျှင် ဤတားမြစ်ချက်သည် ထင်ရှားပေါ်လွင်သည့် အညစ်အကြေးကို အခြေခံ၍ တားမြစ်ခြင်းမဟုတ်ဘဲ ကုဖွ်ရ်နှင့် ရှရစ်က်တို့၏ ညစ်ညမ်းမှုအပေါ် အခြေခံခြင်းဖြစ်ကြောင်း ဆိုလိုသည်။ ထို့ကြောင့် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'၌သာ ၎င်းတို့အား ဝင်ရောက်ခွင့် ပိတ်ပင်လိုက်ခြင်းမဟုတ်ဘဲ 'ဟရာမ်'နယ်မြေတစ်ခုလုံးအတွင်း ဝင်ရောက်ခွင့်ပိတ်ပင်ကြောင်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ထိုနယ်မြေဒေသသည် အစ္စလာမ်၏ ခံတပ်တစ်ခုဖြစ်သောကြောင့် ထိုနယ်မြေအတွင်း မည်သည့်မွတ်စ္စလင်မ်မဟုတ်သူကိုမျှ ထားရှိရန် နှစ်မြို့ခြင်းမရှိပေ။ အေမာမ်အဘူဟနီဖာဟ် (ရဟ) ဤဆန်းစစ်ချက်မှ ရရှိမှုအကျိုးမှာ 'စင်စစ် အညစ်အကြေးများမှ ဗလီဝတ်ကျောင်းတော်အား သန့်ရှင်းမှုပြုရခြင်းမှာ ကုရ်အာန်နှင့် ဟဒီးစ်တို့၏ အမိန့်များအရ ပင်မဓမ္မသတ်တစ်ခုပင် ဖြစ်သည်။ သို့သော် ဤအာယသ်တော်၏ ဆက်နွယ်မှုသည် ထိုဓမ္မသတ်နှင့် သက်ဆိုင်ခြင်းမရှိဘဲ စူရာဟ်ဗရာအသ်၏ အစ၌ ပါရှိသော ကြေညာချက်ဖြစ်သည့် အစ္စလာမ့်အုပ်ချုပ်ရေး အမိန့်အရဖြစ်သည်။ ထိုအမိန့်မှာ မက္ကာဟ်၌ ရှိရှိသမျှသော မုရှ်ရစ်က်များအားလုံးကို မြင့်မြတ်သော 'ဟရာမ်'နယ်မြေမှ ရှင်းလင်းရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော်လည်း

တရားမျှတမှု၊ ကြင်နာသနားမှုတို့၏ ရှုထောင့်မှကြည့်လျှင် မက္ကာဟ်ကို အောင်နိုင်ချိန်မှစ၍ ၎င်းတို့အားလုံးကို မောင်းနှင်ထုတ်ရန် အမိန့်မပေးခဲ့ပေ။ ၎င်းတို့နှင့် ကတိကဝတ်ပြုထားခြင်းများ၊ အပေးအယူကိစ္စများနှင့် အရောင်းအဝယ်ကိစ္စများ ပြုလုပ်ထားသူများအဖို့ ၎င်းတို့နှင့် ကိစ္စများပြီးပြတ်အောင် တစ်နှစ်အတွင်း ရှင်းလင်းနိုင်ရန် တစ်နှစ်တာအချိန်ပေး၍ စောင့်ဆိုင်းခဲ့သည်။ ထိုအကြောင်းတင်ပြချက်ကို ဖော်ပြပါအာယသ်တော်၌ လာရှိသည်မှာ 'ဤနှစ်ကုန်ဆုံးပြီးသည့်နောက် မုရှ်ရစ်က်များ 'ဟရာမ်'နယ်နိမိတ်အတွင်း ဝင်ရောက်ခြင်းကို တားမြစ်ခြင်းဖြစ်လိမ့်မည်။ ၎င်းတို့သည် မုရှ်ရစ်က်များ၏ ပုံစံဖြင့် 'ဟဂျ်'နှင့် 'အွမ်ရာဟ်'ပြုခွင့်ရမည် မဟုတ်တော့ပေ။

'စူရာဗ်သောင်ဗာဟ်'၏ အာယသ်တော်များတွင် ဟိဂျ်ရီ (၉) ခုနှစ်နောက်ပိုင်းမှစ၍ မည်သည့် မုရှ်ရစ်က်မျှ 'ဟရာမ်'နယ်နိမိတ်အတွင်း ဝင်ရောက်နိုင်လိမ့်မည်မဟုတ်ကြောင်း ရှင်းလင်းစွာ ဖော်ပြမိန့်ကြားထားသကဲ့သို့ ဟဒီးစ်ဆင့်ပြန်ချက်များတွင် ကိုယ်တော်မြတ် ﷺ က ထိုနယ်နိမိတ်ဒေသကို ကျယ်ကျယ်ဝန်းဝန်း ထပ်ဆင့်တိုးချဲ့၍ အာရဗ်ကျွန်းဆွယ်တစ်ခုလုံးအတွက်ဟု အမိန့်ပေးတော်မူခဲ့သည်။ သို့ရာတွင် တမန်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ထိုအမိန့်အတိုင်း ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ခြင်းမရှိပေ။ တစ်ဖန် ဟဇရသ် အဘူဗကရ်စ္စိဒ်ဒီးက် ؓ ၏ ခေတ်သမယ၌လည်း ဆူပူသောင်းကျန်းမှု ပြဿနာများကြောင့် ထိုကိစ္စအပေါ် အာရုံမစိုက်နိုင်ခဲ့ပေ။ ဟဇရသ်ဖာရူးကေအအ်ဇွမ် ؓ က မိမိ၏ ခေတ်သမယတွင် ထိုအမိန့်ကို ထုတ်ပြန်ကျင့်သုံးနိုင်ခဲ့သည်။

ကာဖိရ်တို့၏ ညစ်ညမ်းမှုနှင့် ဗလီဝတ်ကျောင်းတော်များကို အညစ်အကြေးများမှ သန့်ရှင်းမှုပြုရန်ဟူသော ဓမ္မသတ်မှာ သူ့နေရာနှင့်သူ ဖြစ်သည်။ ဤဓမ္မသတ်သည် ဖိကာဟ်ကျမ်းများ၌ အကျယ်တဝင့်တင်ပြထားသည့် ဓမ္မသတ်ဖြစ်သည်။ မွတ်စ္စလင်မ်တစ်ဦးသည်လည်း ပေါ်လွင်ထင်ရှားသည့် အညစ်အကြေး (သို့) 'ဂျနာဗသ်'၏ အခြေအနေတွင် ဗလီဝတ်ကျောင်းတော်အတွင်း၌ ဝင်ရောက်ခြင်းမပြုနိုင်ပေ။ မုရှ်ရစ်က်များနှင့် ကာဖိရ်တို့သည်လည်းကောင်း၊ 'အဲဟ်လိကိသာဗ်'များသည်လည်းကောင်း၊ အများအားဖြင့် ထိုညစ်ညမ်းမှုများမှ ရှောင်ကြဉ်ခြင်းမရှိကြချေ။ ထို့ကြောင့် အပြင်းအထန် လိုအပ်ချက်မရှိဘဲ ဗလီ၌ ၎င်းတို့၏ ဝင်ရောက်ခြင်းသည်လည်း မပိုင်ပါချေ။

အာယသ်တော်၏ အမိန့်အရ ကာဖိရ်နှင့် မုရှ်စ်က်များ 'ဟရာမ်'နယ်မြေ၌ ဝင်ရောက်ခြင်း တားမြစ်ခံရသည်ဆိုလျှင် မွတ်စ္စလင်မ်များအဖို့ စီးပွားရေးအခက်အခဲပြဿနာတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရပေမည်။ ယင်းအခက်အခဲပြဿနာမှာ မက္ကာဟ်တွင် စားကုန်များ ထွက်ပေါ်ခြင်းမရှိ။ ပြင်ပမှ လာသူတို့ကသာ မိမိတို့နှင့်အတူ လိုအပ်ချက်များ ယူဆောင်လာကြရသည်။ 'ဟဂျ်'ရာသီတွင် မက္ကာဟ်သားတို့အတွက် လိုအပ်ချက်များအားလုံး စုဆောင်းကြရသည်။ ယခုမူ ၎င်းတို့၏ 'ဟရာမ်'နယ်နိမိတ်အတွင်း ဝင်ရောက်ခြင်းကို ပိတ်ပင်လိုက်ပြီးနောက်တွင် ထိုအလုပ်များ မည်သို့ ဖြစ်နိုင်ပါတော့မည်နည်း။

وَاِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيْكُمُ اللهُ مِنْ فَضْلِه اِنْ شَآءَ

'အကယ်၍ အသင်တို့သည် စီးပွားရေးအရ ဆင်းရဲနွမ်းပါးမှုဖြစ်မည်ကို စိုးရိမ်ကြရပါလျှင် ဖန်ဆင်းခံအားလုံးတို့၏ စားဝတ်နေရေး ကိစ္စများသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်၌သာ ဖြစ်သည်ကို မှတ်ထား

ကြပါကုန်။' အကယ်၍ 'အသျှင်မြတ် အလိုတော်ရှိပါလျှင်' ထိုအရာအားလုံးကို ကာဖိရ်များထံမှ လိုလားတောင့်တမှု မရှိရအောင် ပြုပေးတော်မူမည်။' ဤနေရာ၌ 'အကယ်၍ အသျှင်မြတ် အလိုတော်ရှိပါလျှင်' ဟု သတ်မှတ်ရခြင်းမှာ 'သံသယတစ်စုံတစ်ရာဖြစ်ဖွယ် ရှိသည်'ဟု ဆိုလိုခြင်း မဟုတ်ပေ။ သို့သာမက မူလ အခြေခံဇစ်မြစ်၏ အကြောင်းခံများအပေါ်၌သာ ကြည့်တတ်သူများအတွက် စင်စစ် ဤအချက်သည် အလွန်ဝေးကွာ၍ ရှုမြင်ရန် ခက်ခဲလှသည်။ အကြောင်းမှာ စီးပွားရေး၊ စားဝတ်နေရေးအတွက် ထင်ရှားသည့် အကြောင်းခံမှာ ထိုမွတ်စ္စလင်မ်မဟုတ်သူများပင် ဖြစ်သည်။ ၎င်းတို့ ဝင်ရောက်ခြင်းကို ပိတ်ပင်ခြင်းမှာ မိမိတို့၏ စားဝတ်နေရေး၊ အကျိုးစီးပွားကို ဖြတ်တောက်လိုက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုအခြေခံဇစ်မြစ်အကြောင်းခံများကို လိုလားတောင့်တခြင်းမရှိဆိုသည်ကို ၎င်းတို့ သဘောပေါက်သင့်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အလိုဆန္ဒတော်သည် အလုပ်တစ်ခုအတွက် ဆက်သွယ်မှု ဖြစ်ရှိသွားပါလျှင် အကြောင်းတရားအားလုံး ဆန္ဒတော်နှင့်အညီ ဖြစ်ရှိသွားပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်ရှိခြင်းသည်သာ အဓိကဖြစ်သည့်အတွက် إِنْ شَآءَ ဟု မိန့်ကြားလျက် ထိုအကြောင်းဘက်သို့ ညွှန်းဆိုခြင်းဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قَاتِلُوا الَّذِينَ لَا يُؤْمِنُونَ بِاللَّهِ
وَلَا بِالْيَوْمِ الْآخِرِ وَلَا يُحَرِّمُونَ مَا حَرَّمَ اللَّهُ وَ
رَسُولُهُ وَلَا يَدِينُونَ دِينَ الْحَقِّ مِنَ الَّذِينَ
أُوتُوا الْكِتَابَ حَتَّىٰ يُعْطُوا الْجِزْيَةَ عَن يَدٍ وَهُمْ
صَاغِرُونَ ﴿٢٩﴾

၉ : ၂၉ ။ ။ (အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့) ရှေး (အတိတ်) ကျမ်းဂန် ရရှိသော သူတို့အနက်မှ အကြင်သူတို့သည် (မိမိတို့၏) လက်ဖြင့် ကျိုးနွံ၍ အခွန်တော်ကို ကြည်ဖြူစွာ ဆက်သခြင်း မပြုသမျှ ကာလပတ်လုံး (၎င်းတို့အား) တိုက်ခိုက်ကြလေကုန်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်က 'ဟရာမ်'ဟူ၍ တားမြစ်ထားသည့် အရာများကို 'ဟရာမ်'ဟူ၍ မှတ်ယူကြသည်လည်း မရှိချေ။ ထိုနည်းတူစွာ ၎င်းတို့သည် မှန်ကန်သော (အစ္စလာမ်) သာသနာ တော်ကိုလည်း လက်ခံယုံကြည်ခြင်း မရှိကြချေ။

وَقَالَتِ الْيَهُودُ عُزَيْرٌ ابْنُ اللَّهِ وَقَالَتِ النَّصَارَى الْمَسِيحُ ابْنُ اللَّهِ ذَٰلِكَ قَوْلُهُم بِأَفْوَاهِهِمْ يُضَاهِئُونَ قَوْلَ الَّذِينَ كَفَرُوا مِن قَبْلُ قَاتَلَهُمُ اللَّهُ أَنَّىٰ يُؤْفَكُونَ ۝٣٠

၉ : ၃၀ ။ ။ စင်စစ် ယဟူဒီများက (တမန်တော်) အုဇိုင်းရ်သည် အလ္လာဟ်အသျှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။ ထိုနည်းတူစွာ ခရစ်ယာန်တို့ကလည်း မစီးဟ် (အီစာ) သည် အလ္လာဟ်အသျှင်မြတ်၏ သားတော်ဖြစ်ကြသည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။ ဤသည် ၎င်းတို့က မိမိတို့၏ နှုတ်များဖြင့် (အခြေအမြစ် ကင်းမဲ့စွာသော) စကားကို ပြောဆိုခြင်းမျှသာ ဖြစ်သည်။ ဤသူတို့သည်လည်း မိမိတို့အလျင် ရှေးအတိတ်ကာလ၌ ရှိခဲ့ကြသော ကာဖိရ်ယုံကြည်မှုကင်းမဲ့သူတို့၏ ပြောဆိုမှုကို လိုက်၍ အတုယူကာ ၎င်းတို့နည်းတူ ပြောဆိုကြခြင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးစေတော်မူပါစေ။ ၎င်းတို့သည် (အမှန်ကို ပယ်၍ အမှားဘက်သို့) မည်သို့လျှင် ပြန်လှည့်သွားကြသနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'အဲဟ်လိကာသားဗ်' ရှေးကျမ်းရ ပုဂ္ဂိုလ်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ (ပြည့်ပြည့်ဝဝ) အီမာန်သက်ဝင်ခြင်း မရှိ။ ထို့ပြင် 'ကေယာမသ်' နေ့အပေါ်၌လည်း (ပြည့်ပြည့်ဝဝ) အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြချေ။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော် (မိုဟမ္မဒ် ﷺ) က 'ဟရာမ်'အဖြစ် သတ်မှတ်ခဲ့ကြသည်တို့ကိုလည်း 'ဟရာမ်'အဖြစ် မှတ်ယူခြင်း မပြုကြပေ။ ထို့နောက် မှန်ကန်သည့် သာသနာ (အစ္စလာမ်) ကိုလည်း လက်ခံခြင်း မပြုကြပေ။ ၎င်းတို့အား မိမိတို့၏ လက်အောက်ခံဖြစ်၍ တိုင်းသူပြည်သားအဖြစ် ခံယူလျက် အခွန်ပေးရန် သဘောတူခြင်းမရှိသရွေ့ တိုက်ခိုက်ကြလေကုန်။

ယဟူဒီ (တို့အနက် အချို့) တို့က အုဇိုင်းရ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ သားတော်ဖြစ်သည်ဟု ဆိုကြသည်။ နဆွာရာ (များအနက် အများစု) တို့က မစီးဟ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ သားတော်ဖြစ်သည်ဟု ဆိုကြသည်။ ဤသည်ကား ၎င်းတို့သည် မိမိတို့၏ နှုတ်ဖြင့် ပြောဆိုကြသော (အခြေအမြစ်မဲ့သည့်) စကားများသာ ဖြစ်ပေသည်။ ဤသည်မှာလည်း ၎င်းတို့အလျင် ရှေးကာလက ရှိခဲ့သော ကာဖိရ်သွေဖည်သူတို့၏ စကားများအတိုင်း ပြောဆိုကြခြင်းဖြစ်သည်။ (ဆိုလိုသည်မှာ အာရစ်ရှိ မုရှ်ရစ်ကတ်တို့သည် 'မလာအေကာဟ်'များကို အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဟု ပြောဆိုခဲ့ကြသည်။ ၎င်းတို့အားလည်း ထိုယဟူဒီ၊ နဆွာရာတို့က ကာဖိရ်ဟု မှတ်ယူခြင်းဖြစ်သည်။ သို့တိုင်အောင်လည်း ၎င်းတို့၏ ကုဖွ်ရ်ဖြစ်စေသော စကားများကိုပင် ပြောဆိုခဲ့ကြသည်။ မုရှ်ရစ်ကတ်တို့၏ လမ်းမှားခြင်းသည် ရှေးကျသည့်အတွက် အလျင်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေသတည်း။ ၎င်းတို့သည် အဘယ်ဆန့်ကျင်ရာသို့ ပြောင်းပြန်သွားနေပါသနည်း။ (ဆိုလိုသည်မှာ ၎င်းတို့၏ ကုဖွ်ရ်စကားလုံးများဖြင့် အလ္လာဟ်အသျှင်မြတ်အပေါ် စွပ်စွဲခြင်း၊ သမုတ်ခြင်းများ ပြုကြသည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များမှ ပထမအာယသ်တော်တွင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များကို 'ဂျိဟားဒ်' ပြု တိုက်ခိုက်ရန် ဖော်ပြထားသည်။ ထိုအာယသ်တော်များတွင် 'အဲဟ်လိကိသားဗ်'တို့အား စစ်တိုက်ရန် တင်ပြထားသည်။ ဤတင်ပြချက်သည် 'သဗူးက်'စစ်ပွဲအကြောင်း ဖြစ်နိုင်သည်။ 'အဟ်လိကိသားဗ်'တို့နှင့် ရင်ဆိုင်ရန် ဖြစ်ပေါ်ခဲ့သည့် စစ်ပွဲဖြစ်သည်။ ဒွရ်ရေမန်ဆူးရ်ကျမ်း၏ ဖွင့်ဆိုချက်တွင် ကုရ်အာန်၏ အဖွင့်ပညာရှင် ဟဇရသ်မုဂျာဟိဒ် (ရဟ) မှ 'ဤအာယသ်တော်များသည် 'သဗူးက်'စစ်ပွဲနှင့်စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်းဖြစ်သည်'ဟု ရေးသားထားသည်။ اهل كتاب 'အဲဟ်လိကိသားဗ်'ဟူသော စာလုံးသည် 'ကောင်းကင်ကျမ်းတစ်စောင်အပေါ်၌ အီမာန်ယူထားသည့် ကာဖိရ်အုပ်စုဟူသရွေ့တို့အပေါ် အသုံးများသော စာလုံးဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းမြတ်၏ အသုံးအနှုန်းတွင် ဤစာလုံးသည် 'ယဟူးဒ်'နှင့် နဆွာရာတို့အပေါ်၌သာ အသုံးပြုထားသည်။ အဘယ်ကြောင့်ဆိုသော် အာရဗ်နိုင်ငံ၏ အနီးဝန်းကျင်တွင် ဤအုပ်စုနှစ်စုသည် 'အဟ်လိကိသားဗ်'၏ အမည်ဖြင့် ကျော်ကြားလျက် ရှိခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်သည် အာရဗ်ရှိ မုရှ်ရစ်က်များကို အဓိကထား ဦးတည်လျက် မိန့်ဆိုထားခြင်းဖြစ်သည်။

اَنْ تَقُوْلُوْٓا اِنَّمَآ اُنْزِلَ الْكِتٰبُ عَلٰى طَآئِفَتَيْنِ مِنْ قَبْلِنَا وَاِنْ كُنَّا عَنْ دِرَاسَتِهِمْ لَغٰفِلِيْنَ

'ဂျိဟားဒ်'ပြုရန် အာယသ်တော်မှ မိန့်ဆိုခြင်းသည် 'အဟ်လိကိသားဗ်'တို့အား စစ်တိုက်ရန် အမိန့်ပေးခြင်း ဖြစ်သည်။ ထိုအမိန့်သည် အမှန်စင်စစ် 'အဟ်လိကိသားဗ်'ကိုသာ သီးသန့်မိန့်ထားခြင်း မဟုတ်ပါချေ။ ထိုမျှမက ရှိသမျှ ကာဖိရ်အုပ်စုအားလုံးအတွက် ဤအမိန့်အတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၌ စစ်တိုက်ရန် မိန့်ကြားသည့် အကြောင်းခံအားလုံးသည် ကာဖိရ်အားလုံး၌ ပါဝင်သောကြောင့် ဖြစ်သည်။ သို့ရှိရာ ဤအမိန့်သည်လည်း ရောနှောပါဝင်ရန် ထိုက်သည်။ သို့ရာတွင် ဖော်ပြချက်၌ 'အဟ်လိကိသားဗ်'ကိုသာ သီးသန့်ဖော်ပြရခြင်းမှာ မွတ်စ္စလင်မ်တို့သည် ၎င်းတို့အား ရင်ဆိုင်ရာတွင် 'ဂျိဟားဒ်'တိုက်ခိုက်ခြင်းများ ပြုလုပ်ရလျှင် 'ဤသူတို့သည် အဆင့်တစ်ခုခုအထိ အီမာန်ယူထားကြသည်ဖြစ်စေ၊ 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းကိုလည်းကောင်း၊ ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီစာ عليه السلام ကိုလည်းကောင်း၊ အီမာန်ယူထားခြင်း ဖြစ်နိုင်သည့်အခါ ၎င်းတို့သည် ရှေးနဗီများသည်လည်းကောင်း၊ ၎င်းတို့၏ ကျမ်းဂန်များသည်လည်းကောင်း၊ ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်မှု ရှိနေပါလျှင် မွတ်စ္စလင်မ်များအဖို့ 'ဂျိဟားဒ်'ပြုလုပ်ရန် အတားအဆီးများ ဖြစ်ပေလိမ့်မည်။ ထို့နောက် မွတ်စ္စလင်မ်တို့အဖို့ အရှက်ရစရာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သီးသန့်အားဖြင့် ၎င်းတို့ကို 'ဂျိဟားဒ်'ပြုရန် ဖော်ပြခြင်းပင် ဖြစ်သည်။

ဒုတိယအချက်မှာ ဤနေရာ၌ ဖော်ပြချက်တွင် 'အဟ်လိကိသားဗ်'ကို အထူးသီးသန့်ဖော်ပြခြင်းဖြင့် ဤသူများသည် အပြစ်ဒဏ်၌ ပိုမိုခံစားထိုက်သူများဖြစ်ကြောင်း ညွှန်းဆိုပြသလိုက်ခြင်း ဖြစ်သည်။

အဘာယ်ကြောင့်ဆိုသော် ၎င်းတို့သည် အသိပညာရှိသူများ ရှိကြသည်။ ထိုအသိပညာများတွင် နောက်ဆုံး နဗီတမန်တော်မြတ် ﷺ ၏ အကြောင်းများနှင့် ထူးမြတ်မှုဂုဏ်များအကြောင်းအထိ တင်ပြပါရှိသည်။ ထိုအသိပညာများရှိလျက်နှင့် ၎င်းတို့၏ ကုဖွရ်သွေဖည်မှုနှင့် ငြင်းပယ်မှုတို့သည်လည်းကောင်း၊ အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့၏ ဆန့်ကျင်မှုအတွက် လုပ်ကြံလီဆယ်မှုများ ပြုခြင်းသည်လည်းကောင်း၊ ၎င်းတို့၏ ပြစ်မှုသည် အဆင့်တစ်ခုအထိ ပိုမိုပြင်းထန်မှု ဖြစ်သွားရသည်။ ထို့ကြောင့် အထူးအားဖြင့် ၎င်းတို့အား စစ်တိုက်ရန် သီးသန့်ဖော်ပြရခြင်းပင် ဖြစ်သည်။

စစ်တိုက်ရန် အမိန့်ပေးရခြင်း၏ အကြောင်းတရား (၄) ချက်ကို ဤအာယသ်တော်က ပြသထားသည်။

(၁) لَا يُؤْمِنُوْنَ بِاللّٰهِ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုကြချေ။

(၂) وَلَا بِالْيَوْمِ الْاٰخِرِ 'အာခိရသ်' နောင်တမလွန်ကို လက်ခံယုံကြည်ခြင်း မပြုကြချေ။

(၃) لَا يُحَرِّمُوْنَ مَا حَرَّمَ اللّٰهُ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' အဖြစ် သတ်မှတ်သည်များကို ၎င်းတို့သည် 'ဟရာမ်' ဟု မယူဆကြချေ။

(၄) لَا يَدِيْنُوْنَ دِيْنَ الْحَقِّ မှန်ကန်သည့် သာသနာ (အစ္စလာမ်) ကို လက်ခံခြင်း မပြုကြချေ။

ဤနေရာတွင် စောဒကတစ်ခု ပေါ်ပေါက်လာသည်။ ယင်းမေးခွန်းမှာ 'အဲဟ်လိကိသာဗ်၊ ယဟူဒ်နှင့် နဆွာရာတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌လည်း အီမာန်ထားကြသည်။ 'အာခိရသ်' နှင့် 'ကေယာမသ်' တို့ ရှိကြောင်းလည်း မွက်ဟဖွင့်ဆိုကြသည်။ သို့တိုင်အောင်လည်း ထိုအရာများအပေါ် ၎င်းတို့၏ အီမာန်မရှိဟု အဘာယ်ကြောင့် ဆိုရပါသနည်း။ အကြောင်းမှာ 'အီမာန်သက်ဝင်ပါသည်' ဟူသော စကားလုံးများဖြင့် ပြည့်စုံမှုမရှိပေ။ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသည့် အီမာန်သက်ဝင်ခြင်း မဖြစ်သရွေ့ ထိုအီမာန်ဟူသည့် စကားလုံးသည် အီမာန်မဖြစ်ခြင်း၏ အမိန့်၌သာ ဖြစ်သည်။ ယဟူဒ်နှင့် နဆွာရာတို့သည် အမှန်စင်စစ် ပေါ်ပေါ်လွင်လွင် 'သောင်ဟီးဒ်' ကို ငြင်းပယ်ခြင်းကား မပြုပေ။ သို့သော်လည်း ရှေ့အာယသ်တော်၌ လာပြီးသော အာယသ်တော်၏ တင်ပြချက်အတိုင်း ယဟူဒ်တို့သည် ဟဇရသ်အုဇိုင်းရ် عليه السلام ကိုလည်းကောင်း၊ နဆွာရာတို့သည် ဟဇရသ်အီစာ عليه السلام ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ သားတော်ဖြစ်သည်ဟု အသီးသီး ပြောဆိုလျက် ထိုနဗီတမန်တော်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်ယှဉ်တွဲမှုပြုကြသည်။ ထို့ကြောင့် ၎င်းတို့၏ 'သောင်ဟီးဒ်' ဟူသော မွက်ဟထွက်ဆိုခြင်းသည် အချည်းအနှီး၊ ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်ခြင်းဟူသော ကြွေးကြော်ခြင်းသည် အမှားကြွေးကြော်ခြင်းသာ ဖြစ်ပေသည်။ အလားတူ 'အာခိရသ်' အပေါ် အီမာန်သက်ဝင်ခြင်း၌လည်း အလ္လာဟ်အသျှင်မြတ်၏ လိုလားတော်မူသည့် ပုံစံ 'အဲဟ်လိကိသာဗ်' တို့၌ မရှိကြပေ။ ၎င်းတို့အနက် များစွာသော သူတို့သည် 'ကေယာမသ်' နေ့၌ 'ဟရှ်ရ်' ကွင်းပြင်တွင် မူလခန္ဓာကိုယ်ဖြင့် ရှင်ပြန်ထရမည်မဟုတ်ဘဲ ဝိညာဉ်၏ ရှင်သန်ခြင်းသက်တမ်း

ဖြင့် ရှင်ပြန်ထရမည်။ 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'ဆိုသည်မှာလည်း အထူးနေရာများမဟုတ်၊ ဝိညာဉ်၏ ပျော်ရွှင်မှုရှိခြင်း၏ အမည်သည် 'ဂျန္နသ်'ဖြစ်ပြီး ဝိညာဉ်၏ ပူဆွေးသောကဖြစ်ရခြင်း၏ အမည်သည် 'ဂျဟန္နမ်' ဖြစ်သည်'ဟု ဆိုကြသည်။ ၄င်းတို့၏ ဤယုံကြည်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များနှင့် လုံးဝ ဆန့်ကျင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်'နေ့ပေါ်၌လည်း ၄င်းတို့၏ အီမာန်သက်ဝင်မှုသည် အမှန်စင်စစ် အီမာန်မဟုတ်သောကြောင့်ပင် ဖြစ်သည်။ တတိယအချက်ကို မိန့်ကြားသည်မှာ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'အဖြစ် သတ်မှတ်ထားသည်များကို ၄င်းတို့သည် 'ဟရာမ်'ဟု မမှတ်ယူကြခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ မြောက်မြားစွာသော အရာများကို 'သောင်ရားသ်' (သို့) 'အင်န်ဂျီးလ်' ကျမ်းက 'ဟရာမ်' သတ်မှတ်ပေးခဲ့သည်။ ၄င်းတို့သည် ထို 'ဟရာမ်'ဖြစ်သည့် အရာများကို 'ဟရာမ်' ဟု လက်ခံခြင်းမရှိကြပေ။ ဥပမာ– အတိုးပေးခြင်း၊ ယူခြင်းနှင့် အခြားမြောက်မြားစွာသော စားသောက်ဖွယ်ရာများကို 'သောင်ရားသ်'နှင့် 'အင်န်ဂျီလ်'များတွင် 'ဟရာမ်'သတ်မှတ်ခဲ့သည်။ ၄င်းတို့က ထိုအရာများကို ဟရာမ်'အဖြစ် မှတ်ယူခြင်းမပြုဘဲ ထိုအရာများ၌ နစ်မွန်းလျက် ရှိခဲ့ကြသည်။

အထက်ပါပြုမူချက်များကြောင့် အောက်ပါဓမ္မသတ်ကို သိရှိရသည်။ ထိုဓမ္မသတ်မှာ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'သတ်မှတ်ထားသည်ကို 'ဟလာလ်'ဟု မှတ်ယူခြင်းသည် အပြစ်တစ်ခု ကျူးလွန်ခြင်းမျှသာမဟုတ်ဘဲ 'ကုဖ္ဖရ်'သွေဖည်ငြင်းဆန်ခြင်း ဖြစ်သွားသည်။ အလားတူ 'ဟလာလ်'သတ်မှတ်ထိုက်သည့် အရာတစ်ခုကို 'ဟရာမ်'ဟု သတ်မှတ်ခြင်းသည်လည်း 'ကုဖ္ဖရ်'ပင်ဖြစ်သည်။ သို့ရာတွင် အကယ်၍ 'ဟရာမ်' ကို 'ဟရာမ်'ဟုသာ မှတ်ယူလျက် ကျင့်စဉ်အားနည်း၍ မှားယွင်းစွာ ပြုလုပ်မိလျှင် ထိုသူမှာ ကုဖ္ဖရ်မဖြစ်ပေ။ အပြစ် 'ဂိုနာဟ်'ထိုက်သက်ပေမည်။

ဖော်ပြပါအာယသ်တော်တွင် ၄င်းတို့အား 'ဂျီဟားဒ်'တိုက်ခိုက်လျက်ရှိရန် အတိုင်းအတာတစ်ခုနှင့် နောက်ဆုံးအချိန်ကိုလည်း ပြသထားသည်။

حَتّٰى يُعْطُوا الْجِزْيَةَ عَنْ يَّدٍ وَّهُمْ صَاغِرُوْنَ

ဤ 'ဂျီဟားဒ်'တိုက်ခိုက်ခြင်းပြုရန် အမိန့်သည် ၄င်းတို့သည် လက်အောက်ခံဖြစ်လျက် တိုင်းသူပြည်သားအဖြစ် လူခွန်တော်ပေးရန် သဘောတူခြင်း မရှိသမျှ ၄င်းတို့အား တိုက်ခိုက်ကြလေကုန်။

جِزْيَه 'ဂျိဇ်ယဟ်'၏ အဓိပ္ပာယ်မှာ 'အစားပေးခြင်း'ဟု ရသည်။ ရှရီအသ်တရားတော်၏ ဝေါဟာရတွင် ကာဖိရ်တို့ထံမှ သတ်ဖြတ်ခြင်းအတွက် အစားယူသည့်ငွေကို ခေါ်ဆိုသည်။

အကြောင်းမှာ ကုဖ္ဖရ်နှင့် ရှရစ်ကသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ တမန်တော်မြတ် ﷺ အား ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။ ထိုပြစ်မှု၏ အဓိကပြစ်ဒဏ်မှာ သတ်ဖြတ်ခြင်းဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံကုံလုံသည့် ကရုဏာတော်ဖြင့် အကယ်၍ ၄င်းတို့သည် အစ္စလာမ့်အုပ်ချုပ်မှု၏ ပြည်သူဖြစ်လျက် အစ္စလာမ့်ဥပဒေများ၏အောက်၌ နေထိုင်ရန် သဘောတူပါလျှင် ၄င်းတို့ထံမှ မပြောပလောက်သည့် အခွန်ငွေယူလျက် သတ်ဖြတ်ခြင်းကို စွန့်လွှတ်ရမည်ဟူ၍ ၄င်းတို့၏ အပြစ်ဒဏ်၌ လျှော့ပေါ့လိုက်ခြင်းဖြစ်သည်။ ထို့နောက် အစ္စလာမ့်နိုင်ငံ၌ နေထိုင်သူ၏ အဆင့်အရ ၄င်း၏

အသက်၊ အိုး၊ အိမ်၊ စည်းစိမ်နှင့် အရုက်သိက္ခာများကို စောင့်ရှောက်ရန်မှာ အစ္စလာမ့်အုပ်ချုပ်ရေး အစိုးရ၏ တာဝန်ဖြစ်ပေမည်။ ၎င်းတို့၏ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများအပေါ် မည်သူညှို့မလျှော်ကန်သည့် ပြောဆိုပြုမူချက်များ မပြုရပေ။ ဤနည်းဖြင့် ပေးဆောင်ရသည့် အခွန်ငွေကို 'ဂျိဇ်ယဟ်' ဟု ခေါ်ဆိုသည်။

'ဂျိဇ်ယဟ်'၏ သတ်မှတ်ချက်မှာ အကယ်၍ နှစ်ဦးနှစ်ဘက် ငြိမ်းချမ်းရေးပြုလုပ်ခြင်းနှင့် သဘောတူကျေနပ်ချက်များ ပြုသည်ဆိုပါက ရှရီအသ်တရားတော်အရ 'ဂျိဇ်ယဟ်' တွင် မည်သည့်သတ်မှတ်ချက်မျှ မရှိပါ။ နှစ်ဦးနှစ်ဘက် သဘောတူညီချက်အရ မည်ရွေမည်မျှ၊ မည်သည့်ပစ္စည်းဟူ၍ ကတိပြုထားသည့်အတိုင်း ၎င်းတို့ထံမှ ရယူရမည်ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် 'အဟ်လိနဂ်ျရာန်' တို့ထံမှ ဤအတိုင်းပင် ရယူတော်မူခဲ့သည်။ ၎င်းတို့၏ အုပ်စုတစ်စုလုံးထံမှ နှစ်ပတ်လည်အတွက် 'ဟွလ်လဟ်' နှစ်ထောင် ပေးရမည့်အကြောင်း သတ်မှတ်တော်မူခဲ့သည်။ 'ဟွလ်လဟ်' သည် အဝတ်နှစ်ထည် (တစ်စုံ) ကို ခေါ်သည်။ တစ်ခုမှာ ခါးဝတ်လုံချည်ဖြစ်၍ ကျန်တစ်ခုမှာ (ကျာဒရ်) ခြုံထည်ဖြစ်သည်။ 'ဟွလ်လဟ်' တိုင်း၏ ခန့်မှန်းခြေ တန်ဖိုးမှာ ငွေသားအောင်ကီယဟ်တစ်ခု၏ တန်ဖိုးမျှ ရှိရမည်ဖြစ်သည်။ အောင်ကီယဟ်တစ်ခုသည် ဒီရ်ဟမ် (၄၀) ရှိသည်။ ကျွန်ုပ်တို့၏ အလေးချိန်ဖြင့်ဆိုလျှင် အနည်းဆုံး ငွေသား (၁၁) တိုလာခွဲရှိသည်။ အလားတူ နဆ္ဆာရာအုပ်စုဖြစ်သော ဗနီသဂ်လဗ်တို့၏ 'ဂျိဇ်ယဟ်' ကို အစ္စလာမ့် 'ဇကားသ်' ၏ အချိုးအစားမျိုးဖြင့် ကောက်ခံယူမည်ဟု ဟဇရသ်အုမရ် ؓ က သတ်မှတ်ခဲ့သည်။ သို့ရာတွင် 'ဇကားသ်' အချိုးအစား၏ နှစ်ဆဖြစ်သည်။

ထို့နောက် အကယ်၍ မွတ်စ္စလင်မ်တို့သည် တိုင်းပြည်တစ်ခုကို စစ်တိုက်၍ အောင်နိုင်ခဲ့ပြီး ထိုတိုင်းပြည်မှ ပြည်သူတို့၏ ပိုင်ဆိုင်မှုတို့ကို ၎င်းတို့၏ ပိုင်ဆိုင်မှုအတိုင်းသာ ထားရှိပြီး ထိုပြည်သူများကလည်း လက်အောက်ခံအဖြစ် ခံယူလျက် နေထိုင်ရန် သဘောတူကျေနပ်ပါလျှင် ၎င်းတို့၏ 'ဂျိဇ်ယဟ်' မှာ ဟဇရသ်အုမရ်ဖာရူးက် ؓ က မိမိ၏ 'ခိလာဖသ်' သက်တမ်းတွင် ချမှတ်ကျင့်သုံးခဲ့သည့် ပုံစံအတိုင်း ဖြစ်မည်။ ယင်းပုံစံမှာ ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝသူထံမှ ဒီရ်ဟမ် (၄) ခု၊ အလယ်အလတ်ရှိသူထံမှ ဒီရ်ဟမ် (၂) ခု၊ ကျန်းမာသန်စွမ်းသည့် သူဆင်းရဲနှင့် အလုပ်သမားလူတန်းစား (သို့) လက်မှုပညာနှင့် အရောင်းအဝယ် စသည်တို့ဖြင့် စီးပွားရှာသူတို့မှာ ဒီရ်ဟမ်တစ်ခု၊ ဆိုလိုသည်မှာ ငွေသား (၃) မာရှာဟ်ခွဲ၊ (သို့) ၎င်း၏တန်ဖိုး ကောက်ခံယူရမည်။ လုံးဝ ဆင်းရဲနွမ်းပါးသူ (သို့) ခြေလက်အင်္ဂါ မသန်စွမ်းသူများထံမှ မည်သည့်အရာမျှ ကောက်ခံခြင်းမပြုရ။ အလားတူ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် လောကီရေး စွန့်လွှတ်သူ ဘာသာရေး ခေါင်းဆောင်များထံမှလည်း မည်သည့်အရာမျှ ကောက်ခံခြင်း မပြုပေ။

ဤမျှ ပမာဏနည်းပါးစွာ ကောက်ခံရန်အတွက်ကိုလည်း တမန်တော်မြတ် ﷺ က မိန့်မှာချက်များ ပြုလုပ်တော်မူခဲ့သည်မှာ 'လူတစ်ဦးတစ်ယောက်အပေါ် ၎င်း၏ အင်အားထက်ပို၍ ဝန်မပိစေရ။ အကြင်သူသည် တိုင်းပြည်အတွင်း၌ နေထိုင်သည့် မွတ်စ္စလင်မ်မဟုတ်သူအပေါ် မတရားပြုမည်ဆိုလျှင် ငါကိုယ်တော်သည် 'ကေယာမသ်' နေ့တွင် ထိုမတရားပြုသူနှင့် ရင်ဆိုင်ရန် ထိုမွတ်စ္စလင်မ်မဟုတ်သူဘက်မှ ကူညီတော်မူမည်။'

[မဇ္ဇဟရီကျမ်း]

အလားတူ ဆင့်ပြန်ချက်များအရ အချို့ဖိကာဟ်ပညာရှင် အေမာမ်ကြီးများ၏ လမ်းစဉ်မှာ အမှန်စင်စစ် 'ဂျိဇ်ယဟ်'သည် ရှရီအသ်တရားတော်အရ သီးသန့်သတ်မှတ်ချက်ဟူ၍ မရှိပါ။ လူတို့၏ အခြေအနေအပေါ် လိုက်၍ သင့်တော်မည့် ပုံသဏ္ဌာန်ကို အုပ်ချုပ်သူခေါင်းဆောင်၏ တိကျမှန်ကန်စေမည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ်၌သာ မူတည်သည်ဟု ဖြစ်သည်။

ထိုတင်ပြချက်များအရ 'ဂျိဇ်ယဟ်'သည် ကာဖိရ်တို့အတွက် သေဒဏ်အပြစ်မှ လွတ်မြောက်စေသော အစားပေးမှုတစ်ခုဖြစ်သည်။ အစ္စလာမ်၏ အစားမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားသွားပေသည်။ ထို့ကြောင့် အနည်းငယ်မျှသော တန်ဖိုးယူ၍ အစ္စလာမ်အား ကျော်ခိုင်းခြင်းနှင့် ကုဖ်ရ်အပေါ်၌ ရပ်တည်ခွင့်ကို မည်သို့ ပေးပါသနည်းဟု သံသယဖြစ်ဖွယ်ရာ မရှိနိုင်ပါချေ။ ၎င်း၏ အထောက်အထားမှာ မိမိတို့၏ ဘာသာ သာသနာအပေါ်၌ ရပ်တည်လျက်နှင့်ပင် အစ္စလာမ်အုပ်ချုပ်ရေး၏ အောက်၌ 'ဂျိဇ်ယဟ်'မပေးရဘဲ နေထိုင် ခွင့်ကို များစွာသောသူများ ရရှိခဲ့ပါသည်။ ဥပမာ- အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ ဘာသာရေးခေါင်းဆောင်များနှင့် မသန်စွမ်းသူများ ဖြစ်ကြသည်။ အကယ်၍သာ 'ဂျိဇ်ယဟ်'သည် အစ္စလာမ်၏ အစားကောက်ခံခြင်းဖြစ်လျှင် ၎င်းတို့ထံမှလည်း ကောက်ခံရယူမည်သာ ဖြစ်ပေသည်။

ဖော်ပြပါအာယသ်တော်တွင် 'ဂျိဇ်ယဟ်'ကောက်ယူခြင်းနှင့်အတူ عَنْ يَّدٍ ဟူသော စကားလုံး ကို လည်း မိန့်ဆိုထားတော်မူသည်။ عَنْ ဟူသည့် စာလုံးသည် 'အကြောင်းခံ'၏ အဓိပ္ပာယ်ရပြီး يَدٌ ဟူသည့် စာလုံးသည် အင်အား၊ လွှမ်းမိုးနိုင်မှုဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ 'ဂျိဇ်ယဟ်' ပေးဆောင်ခြင်းသည် 'ခိုင်ရားသ်'အလှူငွေပေးဆောင်သကဲ့သို့ စိတ်တိုင်းကျ ပေးဆောင်ရခြင်းမျိုးမဟုတ်ဘဲ အစ္စလာမ်၏ လွှမ်းမိုးအောင်နိုင်ခြင်းကို သဘောတူခြင်းနှင့် ၎င်း၏ လက်အောက်၌ နေထိုင်သည့် အခြေ အနေဖြစ်သည်။

وَهُمْ صَاغِرُوْنَ

၏ အဓိပ္ပာယ်မှာ အေမာမ်ရှာဖေအီ (ရဟ) ၏ သဖ်စီးရ်ဖွင့်ဆိုချက်အရ 'ထိုသူတို့သည် အစ္စလာမ်၏ အများလူထုနှင့် စပ်လျဉ်းသည့် ဥပဒေများအား လိုက်နာခြင်းကို မိမိတို့၏ တာဝန်ဖြစ်သည်'ဟု သတ်မှတ် ခြင်းဖြစ်သည်။ *[ရှုဟွလ်မအာနီကျမ်း၊ မဇ္ဇဟရီကျမ်း]*

ထို့နောက် ဤအာယသ်တော်တွင် 'ဤသူတို့သည် 'ဂျိဇ်ယဟ်'ပေးဆောင်ရန် သဘောတူလိုက်ပါလျှင် စစ်တိုက်ခြင်းကို ရပ်စဲလိုက်ရမည်'ဟူ၍ လမ်းညွှန်ချက်ပေးထားသည်။ ဤနေရာတွင် ဖိကာဟ်ပညာရှင် အများစုထံတွင် 'အဟ်လိကိသားဗ်'ဖြစ်စေ၊ 'အဟ်လိကိသားဗ်'မဟုတ်သူဖြစ်စေ၊ ကာဖိရ်အားလုံး ပါဝင် သည်'ဟု ဆိုကြသည်။ သို့ရာတွင် အာရဗ်နိုင်ငံရှိ မုရှ်ရစ်ကဲများမှာမူ ထိုအုပ်စု၌ မပါဝင်ပေ။ ၎င်းတို့ထံမှ 'ဂျိဇ်ယဟ်'လက်ခံရယူခြင်း မပြုရပေ။

ပထမအာယသ်တော်၌ အကျဉ်းချုံးတင်ပြထားသည့် ဤအကြောင်းကို ဒုတိယအာယသ်တော်၌ အကျယ်တဝင့် ရှင်းလင်းတင်ပြထားသည်။ 'ဤအဟ်လိကိသားဗ်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ခြင်း မရှိကြပေ'ဟု အကျဉ်းချုံးတင်ပြထားသည်ကို ဒုတိယအာယသ်တော်တွင် ယဟူးဒ်

တို့က အုဇိုင်ရ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ သားတော်ဟုလည်းကောင်း၊ နဆွာရာတို့က ဟာဇရသ် အီစာ ﷺ အား အလ္လာဟ်အသျှင်မြတ်၏ သားတော်ဟုလည်းကောင်း ပြောဆိုခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့၏ 'သောင်ဟီးဒ်' နှင့် အီမာန်၏ ကြွေးကြော်မှုသည် အမှားသက်သက်သာ ဖြစ်ချေသည်။

ذٰلِكَ قَوۡلُهُمۡ بِاَفۡوَاهِهِمۡ

'ဤသည်မှာ ၎င်းတို့၏ နှုတ်မှထွက်သည့် ၎င်းတို့၏ ပြောဆိုသော စကားများသာ ဖြစ်ပေသည်'

ဤအာယသ်တော်၏ အဓိပ္ပာယ်တစ်မျိုးမှာ 'ဤသူတို့သည် ပွင့်လင်းစွာ မိမိတို့၏ နှုတ်ဖြင့် ထိုအကြောင်းကို မြွက်ဟပြောဆိုကြသည်။ မည်သည့်လျှို့ဝှက်ခြင်းမျှ မရှိပါ' ဟုလည်း ဖြစ်နိုင်သည်။

ထို့အပြင် 'ဤကုဖ္ဖရ်၏ စကားများသည် ၎င်းတို့၏ နှုတ်တွင်သာရှိပြီး ထိုစကား၏ အကြောင်း တရားနှင့် အထောက်အထားတို့ကို ပြသနိုင်သည်လည်း မရှိကြပေ' ဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။

ထို့နောက်တစ်ဖန် မိန့်ကြားတော်မူသည်မှာ-

يُضَاهِـُٔوۡنَ قَوۡلَ الَّذِيۡنَ كَفَرُوۡا مِنۡ قَبۡلُ ؕ قَاتَلَهُمُ اللّٰهُ ۚ اَنّٰى يُؤۡفَكُوۡنَ

ဆိုလိုသည်မှာ 'ဤသူတို့သည် ၎င်းတို့၏အလျင်က ရှိခဲ့ကြသော ကုဖိရ်တို့ ပြောဆိုခဲ့ကြသည့် စကားမျိုးကိုပင် ပြောဆိုလျက် ရှိခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေ။ ၎င်းတို့သည် အဘယ်ဆန့်ကျင်ရာသို့ ပြောင်းပြန်သွားနေပါသနည်း။

ဆိုလိုသည်မှာ ယဟူဒ်နှင့် နဆွာရာတို့သည် နဗီတမန်တော်များကို အလ္လာဟ်အသျှင်မြတ်၏ သားတော် များဟု ပြောဆိုရာတွင် အာရဗ်၌ ရှေးအထက်ကပင် ရှိနေခဲ့ကြသော ကာဖိရ်နှင့် မုရှ်ရစ်က်တို့က 'ဖရစ်ရှ်သာဟ် များသည်လည်းကောင်း၊ 'လားသ်' နှင့် 'မနားသ်' တို့သည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ သမီးတော် များ ဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြသည့်အတိုင်းပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِتَّخَذُوۡۤا اَحۡبَارَهُمۡ
وَرُهۡبَانَهُمۡ اَرۡبَابًا مِّنۡ دُوۡنِ اللّٰهِ وَالۡمَسِيۡحَ
ابۡنَ مَرۡيَمَ ۚ وَمَاۤ اُمِرُوۡۤا اِلَّا لِيَعۡبُدُوۡۤا اِلٰهًا وَّاحِدًا ۚ
لَاۤ اِلٰهَ اِلَّا هُوَ ؕ سُبۡحٰنَهٗ عَمَّا يُشۡرِكُوۡنَ ﴿۳۱﴾

၉ : ၃၁ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ မိမိတို့၏ တရားဟောဆရာကိုလည်းကောင်း၊ ဘုန်းကြီး ရဟန်းတို့ကိုလည်းကောင်း မရ်ယာမ်၏သား မစီးဟ် (အီစာ) ကိုလည်းကောင်း၊ (မိမိတို့၏) ကိုးကွယ်ရာ အသျှင်သခင်များအဖြစ်

ပြုလုပ်ထားခဲ့ကြလေသည်။ အမှန်စင်စစ် ၎င်းတို့သည် တစ်ဆူတည်းသော ကိုးကွယ်ရာ အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရလေသည်။ ထိုအသျှင်မြတ်မှတစ်ပါး အခြားမည်သည့် (အရာ) ကိုမျှ ခဝပ်ကိုးကွယ်ဆည်းကပ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပေ။ စင်စစ် ထိုအသျှင်မြတ်သည် ၎င်းတို့ ယှဉ်တွဲနိုင်းယှဉ် (ကိုးကွယ်) ကြသည်တို့မှ (လုံး၀) သန့်ရှင်းစင်ကြယ်တော်မူပေသည်။

يُرِيْدُوْنَ اَنْ يُّطْفِــُٔوْا نُوْرَ اللّٰهِ بِاَفْوَاهِهِمْ وَيَاْبَى
اللّٰهُ اِلَّآ اَنْ يُّتِمَّ نُوْرَهٗ وَلَوْ كَرِهَ الْكٰفِرُوْنَ ﴿٣٢﴾

၉ : ၃၂ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ (နူးရ်) ရောင်ခြည်တော် (အစ္စလာမ်သာသနာ) ကို မိမိတို့၏ ပါးစပ်များဖြင့် (မှုတ်၍) ငြိမ်းစေလိုကြကုန်သည်။ သို့သော် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် (မည်မျှပင်) မနှစ်မြို့ကြသော်လည်း အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရောင်ခြည်တော် (အစ္စလာမ်သာသနာ) ကို ပြည့်ဝစုံလင်စေတော် မူခြင်းမှအပ (အခြား) မည်သည့်တစ်စုံတစ်ရာကိုမျှ သဘောတူတော်မူသည် မဟုတ်ပေ။

هُوَ الَّذِيْٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ لِيُظْهِرَهٗ
عَلَى الدِّيْنِ كُلِّهٖ ۙ وَلَوْ كَرِهَ الْمُشْرِكُوْنَ ﴿٣٣﴾

၉ : ၃၃ ။ ။ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် မုရှ်ရစ်က်တို့က (မည်မျှပင်) မနှစ်သက်ကြသော်လည်း မိမိ၏ ရစူလ်တမန်တော်မြတ်အား တရားလမ်းညွှန်ချက်နှင့်အတူ မှန်ကန်သော ဒီးန်သာသနာတော်ကို ချီးမြှင့်တော်မူပြီး ယင်းဒီးန်သာသနာတော်ကို ကျန်သာသနာအားလုံးတို့ထက်ဝယ် လွှမ်းမိုးစေရန် အလို့ငှာ စေလွှတ်တော်မူခဲ့လေသည်။

يٰٓاَيُّهَا الَّذِيْنَ
اٰمَنُوْٓا اِنَّ كَثِيْرًا مِّنَ الْاَحْبَارِ وَالرُّهْبَانِ لَيَاْكُلُوْنَ
اَمْوَالَ النَّاسِ بِالْبَاطِلِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ؕ
وَالَّذِيْنَ يَكْنِزُوْنَ الذَّهَبَ وَالْفِضَّةَ وَلَا يُنْفِقُوْنَهَا فِيْ
سَبِيْلِ اللّٰهِ ۙ فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ ﴿٣٤﴾

၉ : ၃၄ ။ ။ အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ ဧကန်စင်စစ် များစွာသော (ယဟူဒီနှင့် ခရစ်ယာန်) တရားဟောဆရာများသည်လည်းကောင်း၊ ဘုန်းကြီးရဟန်းများသည်လည်းကောင်း လူတို့၏ ဥစ္စာပစ္စည်းများကို မတရားသော

နည်းဖြင့် စားသုံးကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် (လူတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်သည်။ ထို့အပြင် အကြင်သူတို့သည် ရွှေ၊ ငွေ၊ (ရတနာပစ္စည်း) များကို စုဆောင်းသိမ်းဆည်း၍ ထားရှိကြကုန်သည်။ သို့ရာတွင် ထိုသူတို့သည် ၎င်း (ရွှေ၊ ငွေ၊ ရတနာများ) ကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲကြသည်မဟုတ်ပေ။ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်ကို ခံကြရမည့်အကြောင်း သတင်းကောင်း ပြောကြားပါလေ။

يَوْمَ يُحْمَىٰ عَلَيْهَا
فِي نَارِ جَهَنَّمَ فَتُكْوَىٰ بِهَا جِبَاهُهُمْ وَجُنُوبُهُمْ وَظُهُورُهُمْ
هَٰذَا مَا كَنَزْتُمْ لِأَنفُسِكُمْ فَذُوقُوا مَا كُنتُمْ تَكْنِزُونَ ٣٥

၉ : ၃၅ ။ ။ (၎င်းတို့သည် ယင်းပြစ်ဒဏ်ကို အကြင်နေ့တွင် ခံရမည်ဖြစ်သည်။) ထိုနေ့တွင် ယင်းတို့၏ ရွှေ၊ ငွေ (ရတနာများ) သည် 'ဂျဟန္နမ်'ငရဲမီး၌ ဖုတ်ခြင်း ခံရမည်။ ထို့နောက် ၎င်းသူတို့၏ နဖူး၊ နံဘေးများနှင့် ကျောကုန်းတို့အား ယင်း (ဖုတ်ထားပြီးသော) ရွှေ၊ ငွေ ရတနာများဖြင့် တံဆိပ်ခတ်နှိပ်ခြင်းကို ခံကြရပေမည်။ 'ဤသည်ပင် အသင်တို့ မိမိတို့အဖို့ သိမ်းဆည်းထားရှိခဲ့ကြသော ပစ္စည်း (ရတနာ) များပင် ဖြစ်ကြသည်။ သို့ဖြစ်ပေရာ (ယခု) အသင်တို့သည် မိမိတို့ အကြင် (ပစ္စည်း ရတနာ) များကို သိမ်းဆည်းသိုမှီးခဲ့ခြင်း (၏ ပြစ်ဒဏ်) ကို မြည်းစမ်းကြကုန်' (ဟူ၍ ပြောဆိုခြင်း ခံကြရပေမည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ရှေ့ဆက်၍ ကုဖွရ်လုပ်ရပ်များနှင့် ပတ်သက်၍ တင်ပြထားပေသည်။ ယဟူဒီများနှင့် နဆွာရာများသည် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းတည်ရှိခြင်းကို နာခံခြင်းအား စွန့်လွှတ်၍ မိမိတို့၏ ပညာရှင်များ၏ အမိန့်ကို နာခံရာ၌ ကိုးကွယ်ရာအဖြစ် ခံယူထားကြသည်။ ထိုပညာရှင်များ ပြောဆိုသည့် 'ဟလာလ်' 'ဟရာမ်'အပေါ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကဲ့သို့ နာခံကြသည်။ ကျမ်းတော်မြတ်နှင့်ယှဉ်လျှင် ထိုပညာရှင်များ၏ အဆိုကို ဦးစားပေးကြသည်။ ထိုကဲ့သို့ နာခံခြင်းအားလုံးကို 'အေဗာဒသ်'ဟူ၍ မှတ်ယူကြကာ အဆိုပါအတိုင်း 'အေဗာဒသ်'ပြုကြသည်။ ၎င်းနောက် တမန်တော်အီစာ عَلَيْهِ السَّلَام ကိုလည်း တစ်နည်းအားဖြင့် အလ္လာဟ်အသျှင်မြတ်ဟူ၍ လက်ခံထားကြသည်။ ၎င်းနဗီအား အလ္လာဟ်အသျှင်မြတ်၏ သားတော်ဟူ၍ ခေါ်ဆိုကြသည်။ အဆိုပါအတိုင်း ကိုးကွယ်ရန်လည်း အရေးကြီးသည်ဟူ၍ မှတ်ယူကြသည်။ ဧကန်အမှန် ကောင်းကင်ကျမ်းတွင် ၎င်းတို့အား ဤမျှသာ အမိန့်ပေးတော်မူထားပေသည်။ ၎င်းမှာ တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရမည်။ ထိုအသျှင်မြတ်မှအပ အခြားမည်သူမှ ခဝပ်ကိုးကွယ်ခံထိုက်သူဟူ၍ မရှိ၊ ထိုအသျှင်မြတ်သည် ၎င်းတို့၏ တုပနှိုင်းယှဉ်ခြင်းမှ စင်ကြယ်တော်မူ၏။ ဤသည်မှာ မှားယွင်းသည့် နောက်လိုက်များနှင့် ပတ်သက်၍ တင်ပြထားခြင်း ဖြစ်ပေသည်။

ရှေ့ဆက်၍ ထိုသူများအနေနှင့် မှန်ကန်သည့် သာသနာတော်ကို ငြင်းဆန်ခြင်းနှင့်ပတ်သက်၍ တင်ပြထားသည်မှာ ထိုသို့ ငြင်းဆန်ခြင်းသည်လည်း ကုဖွရ်ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူများသည် အလ္လာဟ်အသျှင်မြတ်၏ 'နူးရ်'ရောင်ခြည်တော်ဖြစ်သည့် အစ္စလာမ်သာသနာတော်ကို မိမိတို့၏ ပါးစပ်ဖြင့် မှုတ်ကာ ငြိမ်းသတ်လိုကြသည်။ ဆိုလိုသည်မှာ နှုတ်မှ ငြင်းပယ်သော စောဒကအမျိုးမျိုးတက်ကြမည်။ ဤသို့ဖြင့် သာသနာမှန်၏ အောင်မြင်မှု၌ အဟန့်အတားပြုလိုကြသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုသူများမပါဘဲနှင့်လည်း မိမိ၏ ဖော်ပြပါ 'နူးရ်'ရောင်ခြည်တော်ကို ဆုံးခန်းတိုင်အောင် ပြုနိုင်စွမ်းရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့သော်ငြားလည်း ထိုသူများမှာ လက်ခံကြမည်မဟုတ်ချေ။ အဆိုပါကာဖိရ်များသည် မည်မျှပင် မနှစ်သက်စေကာမူ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'နူးရ်'ရောင်ခြည်ကို အဆုံးတိုင်အောင် ပြုတော်မူမည်ဖြစ်သည်။ သို့ရှိရာ ထိုအသျှင်မြတ်သည် ထို 'နူးရ်'ရောင်ခြည်အတွက် မိမိ၏ ရစူလ်တမန်တော်ကို 'ဟေဒါယသ်' (ကျမ်းတော်မြတ်) နှင့် စစ်မှန်သည့်သာသနာ (အစ္စလာမ်) ကို ချီးမြှင့်၍ လောကတွင် စေလွှတ်တော်မူခဲ့၏။ သို့မှသာ ဖော်ပြပါ 'နူးရ်'ရောင်ခြည်ဖြစ်သည့် ထိုသာသနာတော်သည် ကျန်သာသနာများအားလုံးအပေါ် လွှမ်းမိုးနိုင်မည်ဖြစ်သည်။ ဤသည်ပင်လျှင် ပြည့်စုံခြင်းဖြစ်၏။ မုရှ်ရစ်က်များသည် မည်မျှပင် မနှစ်သက်စေကာမူ အဆိုပါအတိုင်း စွမ်းဆောင်မည်သာ ဖြစ်သည်။ အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ ယဟူဒီ၊ နဆွာရာများ၏ ပညာရှင်အများစုနှင့် လူထုများသည် လူအများ၏ ဥစ္စာပစ္စည်းများကို တရားမဲ့စွာ စားသုံးကြသည်။ ဆိုလိုသည်မှာ အမှန်တရားကို ဖုံးကွယ်ပြီး မိမိစိတ်ဆန္ဒအတိုင်း ဓမ္မသတ်များ ထုတ်ပြန်ကာ လူများထံမှ ပစ္စည်းများ ရယူကြသည်။ ထို့အတွက်ကြောင့် ၎င်းတို့ သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းဖြစ်သော အစ္စလာမ်သာသနာမှ လူများကို တားဆီးကြသည်။ အဘယ် ကြောင့်ဆိုသော် ထိုသူများ၏ လှည့်ဖြားသော ဓမ္မသတ်များ၌ ပိတ်ပင်ကာ လမ်းမှားပေါ် ရောက်ရှိသွားကြသည်။ အမှန်တရားကို လက်ခံရန် မဆိုထားနှင့်။ တောင့်တခြင်းပင် မရှိတော့ပေ။ ၎င်းနောက် လောဘရမ္မက်ဖြင့် ပစ္စည်းဥစ္စာများကို စုဆောင်းကြသည်။ ယင်းနှင့်စပ်လျဉ်း၍ ဤသို့ ခြိမ်းခြောက်ထားပေသည်။ ရွှေ ငွေများကို စုဆောင်းထားပြီး အလ္လာဟ့်လမ်းတွင် မသုံးစွဲပါက (ဆိုလိုသည်မှာ 'ဇကားသ်' မပေးဆောင်ပါက) အသင်ကိုယ်တော့်အနေနှင့် ထိုသူများကို အလွန်ပြင်းထန်သည့် ပြစ်ဒဏ်သတင်းကို တင်ပြပါလေ။ ယင်းပြစ်ဒဏ်များကို ထိုနေ့၌ ခံစားရမည်ဖြစ်သည်။ ထိုအရာများကို 'ဂျဟန္နမ်'မီးတွင် ဦးစွာပထမ လောင်ကျွမ်းစေမည်။ တစ်ဖန် ထိုအရာများဖြင့် လူများ၏ နဖူးများ၊ ဘေးနံရံများ၊ ကျောကုန်းများအပေါ် ဒဏ်ရာဖြစ်အောင် ပြုလုပ်တော်မူမည်။ ၎င်းနောက် ထိုသူများအား အသိပေးမည်မှာ ဤသည် အသင်တို့အနေနှင့် မိမိတို့အတွက် စုဆောင်းခဲ့သော အရာများသာ ဖြစ်သည်။ ယခု မိမိတို့ စုဆောင်းခဲ့သည့် အရသာကို ခံစားကြကုန်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်လေးပိုင်းတွင် ယဟူဒီနှင့် နဆွာရာများ၏ ပညာရှင်များ၊ အာဗိဒ်များ၊ ဇာဟိဒ်များ၏ လမ်းမှားခြင်းများနှင့် ထိုသူများ၏ ဖီဆန်သော ပြောဆိုခြင်းများ၊ လုပ်ရပ်များနှင့်စပ်လျဉ်း၍ တင်ပြ

ထားပေသည်။ احبار စာလုံးသည် حبر ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ رهبان စာလုံးသည် راهب ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ حبر ဆိုသည်မှာ ယဟူဒီနှင့် နဆွဲရာများ၏ ပညာရှင်များကို ခေါ်ဆိုပြီး راهب ဆိုသည်မှာ 'အဗိဒ်'၊ 'ဇာဟိဒ်'(တရားအားထုတ်သူ) ကို ခေါ်ဆိုပေသည်။

ပထမအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ ထိုသူများသည် မိမိတို့၏ ပညာရှင်များနှင့် 'အေဗာဒသ်'၌ မွေ့လျော်နေသူများကို အလ္လာဟ်အသျှင်မြတ်မှအပ မိမိတို့၏ ကိုးကွယ်ခံထိုက်သူ၊ အသျှင်သခင်အဖြစ် လက်ခံထားကြသည်။ ထိုနည်းတူစွာ တမန်တော်အီစာ ﷺ ကို မိမိ၏ ဖန်ဆင်းရှင်အဖြစ် လက်ခံထားကြသည်။ တမန်တော်အီစာ ﷺ ကို ဖန်ဆင်းရှင်အဖြစ် လက်ခံခြင်းမှ ပေါ်လွင်နေသည်မှာ ထိုသူများသည် တမန်တော်အီစာ ﷺ ကို အလ္လာဟ်အသျှင်မြတ်၏ သားတော်အဖြစ် လက်ခံထားပြီး ပြောဆိုကြလေသည်။ ၎င်းနောက် ပညာရှင်များနှင့် အာဗိဒ်များကို ကိုးကွယ်ထိုက်သူဟူ၍ လက်ခံပြောဆိုရာ၌ ဧကန်အမှန် ထိုသူများသည် အဆိုပါပုဂ္ဂိုလ်များကို မိမိတို့၏ ဖန်ဆင်းရှင်အဖြစ် အတိအလင်းပြောဆိုကြခြင်း မရှိချေ။

ယင်းသို့ မပြောဆိုရခြင်း၏ အကြောင်းခံမှာ ထိုသူများသည် အလ္လာဟ်အသျှင်မြတ်အတွက် သီးသန့်နာခံရမည့်ဝတ္တရားများကို အဆိုပါပုဂ္ဂိုလ်များထံ အပ်နှံလိုက်ခြင်းပင်ဖြစ်သည်။ အကြောင်းမူကား မည်သည့်အခြေအနေပင်မဆို အဆိုပါပုဂ္ဂိုလ်များ ပြောဆိုချက်အတိုင်း လိုက်နာကျင့်သုံးကြသည်။ ထိုပြောဆိုချက်သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ တို့၏ ပြောဆိုချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေလင့်ကစား လက်ခံကြ၏။ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော် ﷺ တို့၏ မိန့်ကြားချက်နှင့် ဆန့်ကျင်ဘက်ပြောဆိုနေသော်ငြားလည်း ထိုသူ၏ အမိန့်ကို နာခံခြင်းသည် ၎င်းသူအား မိမိ၏ ဖန်ဆင်းရှင်အဖြစ်သော်လည်းကောင်း၊ ကိုးကွယ်ထိုက်သူဟူ၍သော်လည်းကောင်း ပြောဆိုသကဲ့သို့ ဖြစ်သည်။ ဤသည် လုံးဝကုဖွ်ရ်ဖြစ်သည်။

ယင်းအချက်မှ သိရှိရသည်မှာ သာသနာတော်၏ ပညတ်ချက်များအား မသိရှိသူ လူထုများအတွက် ပညာရှင်များ၏ ဓမ္မသတ်နောက်လိုက်ခြင်း (သို့) 'အိဂျ်သေဟာဒ်'ဖြင့် ကောက်နုတ်ထားသော ပညတ်ချက်များတွင် 'အိဂျ်သေဟာဒ်'ပြုလုပ်သူ ရှေ့ဆောင်များ၏ နောက်လိုက်ခြင်းသည် ဤအာယသ်တော်၏ အလိုသဘောနှင့် မည်သို့မှ မပတ်သက်ချေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ နောက်လိုက်ခြင်းသည် ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံခြင်းပင်ဖြစ်သည်။ ပညာရှင်များသည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ်၏ နှုတ်ကပါဌ်တော်များကို တိုက်ရိုက်ကြည့်ရှုပြီး ယင်းအပေါ် ကျင့်သုံးကြသည်။ မသိရှိကြသော လူများသည် အဆိုပါပညာရှင်များထံ မေးမြန်းတင်ပြ ပြဌာန်းထားသော အမိန့်အတိုင်း လိုက်နာကျင့်သုံးကြသည်။ 'အိဂျ်သေဟာဒ်' လုပ်နိုင်စွမ်းမရှိသော ပညာရှင်များသည် 'အိဂျ်သေဟာဒ်'ပြုနိုင်စွမ်းရှိသော ရှေ့ဆောင်များ နောက်လိုက်ကြရသည်။ ဤသို့ နောက်လိုက်ခြင်းသည် ကျမ်းတော်မြတ်လာ ပြဌာန်းချက်နှင့်အညီလည်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံခြင်းပင်ဖြစ်သည်။ ပမာဆိုရသော် မိန့်တော်မူထားသည်မှာ–

فَاسْئَلُوٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ

ဆိုလိုသည်မှာ အကယ်၍ အသင်တို့သည် အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်ပညတ်ချက်များကို မသိရှိပါက တတ်သိနားလည်သော သူများထံတွင် မေးမြန်း၍ 'အမလ်'ပြုလုပ် ကျင့်ကြံကြလေကုန်။

ယဟူးဒ်နှင့် နစ္စရာများ၏ လူထုများသည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းဂန်များ၊ အလ္လာဟ်အသျှင် မြတ်၏ အမိန့်များနှင့် ရစူလ်တမန်တော်မြတ်၏ အမိန့်များကို လုံးဝမျက်ကွယ်ပြုကာ တစ်ကိုယ်ကောင်းဆန်ပြီး လုပ်စားနေကြသော ပညာရှင်များ (သို့) အသိဉာဏ်မဲ့ပြီး 'အေဟာဒသ်'၌ မွေ့လျော်နေကြသော သူများ၏ ပြောဆိုကျင့်ကြံမှုများကို မိမိတို့၏ သာသနာအဖြစ် လက်ခံထားကြသည်။ ထိုကဲ့သို့သော သူများကို ဤအာယသ်တော်မှ ရှုတ်ချထားပေသည်။

ထို့နောက် မိန့်တော်မူထားသည်မှာ ထိုသူများသည် ဤလမ်းမှားကို ရွေးချယ်လိုက်ကြပြီးဖြစ်သည်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ထိုသူများကို အလ္လာဟ်အသျှင်မြတ်ဘက်မှ တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်ကို ကိုးကွယ်ရန် မိန့်တော်မူထားပေသည်။ အကြင်အသျှင်မြတ်သည် ၎င်းတို့ အသျှင် မြတ်အား တုပနိုင်းယှဉ် 'ရှရစ်က်'ပြုကြသည့် အရာဟူသမျှမှ ကင်းစင်တော်မူ၏။

ဤအာယသ်တော်တွင် ထိုသူများ၏ မှားယွင်းစွာ နောက်လိုက်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများ၏ အမိန့်နာခံခြင်းအကြောင်းကို တင်ပြထားပေသည်။ ယင်းအာယသ်တော်၏ နောက်ပိုင်း တွင် ထိုသူများ၏ နောက်ထပ် လမ်းမှားခြင်းတစ်မျိုးကို တင်ပြထားပေသည်။ ၎င်းမှာ ထိုသူများသည် လမ်းမှားခြင်း၌ နစ်မွန်းနေရုံမျှမက 'ဟေဒါယသ်'နှင့် သာသနာမှန်ကို ဖျက်ဆီးရန်နှင့် ငြင်းပယ်ရန် ကြိုးစား လျက်ရှိခဲ့ကြသည်။ အဆိုပါအကြောင်းအရာအား ပမာပေး တင်ပြမိန့်တော်မူထားသည်မှာ မိမိတို့၏ ပါးစပ်ဖြင့် မှုတ်ကာ အလ္လာဟ်အသျှင်မြတ်၏ 'နူးရ်'ရောင်ခြည်တော်အား ငြိမ်းစေလိုကြသည်။ ဧကန်အမှန် ၎င်းတို့သည် ထိုသို့ ပြုနိုင်စွမ်းရှိကြသူများ မဟုတ်ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'နူရ်'ရောင်ခြည် ဖြစ်သည့် အစ္စလာမ်သာသနာတော်အား ပြည့်ဝအောင် ဖြည့်ဆည်းမည်ဟု ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။ သို့ရှိရာ ကာဖိရ်များအနေနှင့် မည်သို့ပင် မနှစ်သက်စေကာမူ အရာထင်မည်မဟုတ်ပေ။

ထို့နောက် တတိယအာယသ်တော်ရှိ အကြောင်းအရာ၏ အနှစ်ချုပ်မှာလည်း ဤအတိုင်းပင် ဖြစ်သည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်ကို 'ဟေဒါယသ်'ရစေမည့်အရာဖြစ်သော ကျမ်းတော် မြတ်နှင့် စစ်မှန်သော အစ္စလာမ်သာသနာကို ချီးမြှင့်၍ စေလွှတ်ခဲ့ရသည့် အကြောင်းမှာ ထိုအရာများကို လောကရှိ သာသနာများအားလုံးအပေါ် လွှမ်းမိုးသွားရန် ဖြစ်သည်။ ထိုဝါကျများအတိုင်းပင် ကျမ်းတော် မြတ်၏ နေရာအနှံ့အပြားတွင် တင်ပြထားပေသည်။ ယင်းအာယသ်တော်များ၌ ကတိတော်ပြုထားသည်မှာ အစ္စလာမ်သာသနာတော်ကို လောကရှိ သာသနာဟူသမျှအပေါ် လွှမ်းမိုးသွားစေရမည်ဖြစ်သည်။

သဖ်စီးရ်မဇွဟရီကျမ်း၌ တင်ပြထားသည်မှာ အစ္စလာမ်သာသနာတော်သည် အခြားသာသနာများ အပေါ် လွှမ်းမိုးသွားစေရမည်ဟူသော သတင်းကောင်းပါးခြင်းသည် ခေတ်များနှင့် အခြေအနေများအပေါ်

မှုတည်၍ ဖြစ်သည်။ ပမာဆိုရသော် ဟဇရသ်မစ်က်ဒါဒ် ﷺ ၏ ဟဒီးစ်တော်၌ တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားပေသည်။ ၎င်းမှာ မြေပထဝီပေါ် 'ကလေမာဟ်' တော် ဝင်ရောက်ခြင်းမရှိသော အိမ်ဟူ၍ အလျဉ်းမရှိမည် မဟုတ်ပေ။ သိက္ခာရှိသောသူများအား သိက္ခာနှင့်အတူ သေးသိမ်သောသူများအား သေးသိမ်ခြင်းနှင့်အတူ ဝင်ရောက်မည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သိက္ခာချီးမြှင့်ခြင်းခံရသော သူသည် မွတ်စ္စလင်မ်ဖြစ်သွားပြီး သေးသိမ်စေသူများအား အစ္စလာမ်လက်ခံစေမည် မဟုတ်ပေ။ သို့သော် ထိုသူများသည် အစ္စလာမ့်အုပ်ချုပ်မှုအောက်၌ နေထိုင်၍ လိုက်နာသွားကြရမည်ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ ထိုကတိတော်မှာ ပြည့်ဝသွားခဲ့ရပြီးဖြစ်သည်။ နှစ်ပေါင်းတစ်ထောင်မျှ အစ္စလာမ်သာသနာတော်သည် လောက၌ ထည်ဝါစွာဖြင့် လွှမ်းမိုးခဲ့၏။

တမန်တော်မြတ် ﷺ နှင့် သူ့မွန်သူမြတ်များ၏ ခေတ်တွင် သာသနာတော်၏ ပြည့်ဝမှုကို တစ်လောကလုံးက မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြီး ဖြစ်သည်။ နောင်အနာဂတ်တွင်လည်း ခိုင်လုံသော အထောက်အထားများအရ ခေတ်တိုင်းတွင် အစ္စလာမ်သာသနာတော်၏ ပြည့်ဝမှုအပေါ် မည်သည့်အသိဉာဏ်ရှိသူမှ လက်ညှိုးထိုးစရာ အကွက်တစ်ကွက်မှ ရရှိခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ကာဖိရ်များ ဗီဆန်နေသော်ငြားလည်း စစ်မှန်သော သာသနာသည် မိမိ၏ ခိုင်လုံသော အထောက်အထားများအရ အမြဲတမ်းလွှမ်းမိုးလျက် ရှိခဲ့ပေသည်။ မွတ်စ္စလင်မ်များအနေနှင့် အစ္စလာမ်သာသနာအပေါ် အပြည့်အဝလိုက်နာခဲ့မည်ဆိုလျှင် လွှမ်းမိုးခြင်းနှင့် အုပ်ချုပ်မှုသည် ထိုသူများအတွက်သာ ဖြစ်မည်။ ပမာဆိုရသော် အစ္စလာမ့်သမိုင်းတစ်ခုလုံးသည် ထိုအချက်အပေါ် သက်သေထူနေပေသည်။ မွတ်စ္စလင်မ်များသည် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်အပေါ် အပြည့်အဝ လိုက်နာကျင့်သုံးသည့်အခါတိုင်း မည်သည့်အရာမှ မွတ်စ္စလင်မ်များ၏ လမ်း၌ အတားအဆီး ပြုနိုင်ခဲ့ခြင်းမရှိပေ။ မွတ်စ္စလင်မ်များသည် တစ်လောကလုံး၌ လွှမ်းမိုးလျက်ရှိခဲ့ပေသည်။ တစ်ခါတစ်ရံ မွတ်စ္စလင်မ်များ လွှမ်းမိုးခြင်းခံရသည်ဆိုလျှင် ဤသည် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအား မေ့လျော့ထားပြီး ဆန့်ကျင်ဘက်ပြုခြင်း၏ ရလဒ်ပင်ဖြစ်သည်။ ယင်းရလဒ်အား အဆိုပါမွတ်စ္စလင်မ်များအနေနှင့် ရင်ဆိုင်ရခြင်းသာဖြစ်သည်။ စစ်မှန်သော သာသနာမှာ မိမိနေရာ၌ပင် အောင်လံတလူလူ လွင့်ထူလျက် ရှိပေသည်။

စတုတ္ထမြောက် အာယသ်တော်တွင် မွတ်စ္စလင်မ်များကို ဦးတည်၍ ယဟူဒီနှင့် နဆွ်ရာများ၏ ပညာရှင်များ၏ အခြေအနေများကို တင်ပြထားပေသည်။ ယင်းတို့ကြောင့် လူထုများကြား လမ်းမှားခြင်းများ ပြန့်နှံ့ခဲ့၏။ မွတ်စ္စလင်မ်များကို ဦးတည်မိန့်၍ ညွှန်ပြနေသည်မှာ ကောန်အမုန် ဤနေရာ၌ ယဟူဒီနှင့် နဆွ်ရာပညာရှင်များ၏ အခြေအနေများကို တင်ပြလျက်ရှိသည်။ သို့သော် မွတ်စ္စလင်မ်များအနေနှင့်လည်း ထိုအခြေအနေမျိုး မဆိုက်ရောက်သွားရလေအောင် အမြဲတမ်း သတိမူနေသင့်ပေသည်။

ဤအာယသ်တော်၌ မိန့်တော်မူထားသည်မှာ ယဟူဒီနှင့် နဆွ်ရာများ၏ ပညာရှင်အများးစုမှာ လူများ၏ ဥစ္စာပစ္စည်းများကို မပိုင်သော နည်းလမ်းဖြင့် ရယူစားသောက်ကြသည်။ အလ္လာဟ်အသျှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော လမ်းမှ လူများကို တားဆီးကြသည်။

ယဟူဒ်နဆွ်ရာများ၏ ပညာရှင်အများးစု၏ အခြေအနေမှာ များသောအားဖြင့် ထိုအကြောင်းအရာများနှင့် ပတ်သက်၍ ပြောဆိုတင်ပြသူဟူသမျှကို မကောင်းပြောဆိုလေ့ရှိကြသည်။ ကျမ်းတော်မြတ်သည်

ဤနေရာ၌ كثيرا ဟူသော စာလုံးကို သုံးနှုန်းပြီး မွတ်စ္စလင်မ်များကို ရန်သူများနှင့် ဆက်ဆံရာ၌ သတိဝိရိယရှိရန် နိုးဆော်ထားခြင်းဖြစ်သည်။ အကြောင်းမူကား အဆိုပါအခြေအနေအား လူတိုင်းဘက်သို့ ညွှန်ပြထားခြင်းမရှိသည့်အပြင် မိန့်တော်မူထားသည်မှာ ထိုသူများထဲတွင် များသောအားဖြင့် အဆိုပါအတိုင်း ပြုလုပ်ကြသည်ဟူ၏။ ၎င်းတို့၏ လမ်းမှားခြင်းကို တင်ပြထားသည်မှာ ထိုသူများသည် လူများ၏ ပစ္စည်းဥစ္စာများကို မမှန်သောနည်းဖြင့် ရယူစားသုံးကြသည်။ ဤနေရာတွင် မမှန်သော နည်းလမ်းဟု ဆိုရာ၌ ထိုသူများသည် တစ်ခါတစ်ရံ လူများထံမှ ငွေကြေးရယူ၍ 'သောင်ရားသ်'ရှိ အမိန့်များနှင့် ဆန့်ကျင်၍ ဓမ္မသတ်များ ထုတ်ပြန်ကြသည်။ တစ်ခါတစ်ရံ အလ္လာဟ်အသျှင်မြတ်၏ အမိန့်များကို ဖုံးကွယ်ထားကြသည်။ ၎င်းတို့၏ ထပ်မံလမ်းမှားခြင်းများကို တင်ပြထားရာတွင် ထိုသူများသည် ကိုယ်တိုင် လမ်းမှားသို့ ရောက်နေခြင်းသာမက လမ်းမှန်ပေါ်ရှိသော လူများကိုလည်း အလ္လာဟ်အသျှင်မြတ်၏ လမ်းအား တားဆီးကြသည့် အကြောင်းခံများလည်း ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူများသည် မိမိတို့ရှေ့ဆောင်များ၏ လုပ်ရပ်များကို မြင်တွေ့ရပြီး အမှန်ကို လိုက်စားလိုသည့် စိတ်ဓါတ်များ ကုန်ဆုံးသွားကြရသည်။ ထို့မှတစ်ပါး ၎င်းတို့၏ မှားယွင်းသော ဓမ္မသတ်များ ထုတ်ပြန်ခြင်းကြောင့် လူများသည် လမ်းမှားကို လမ်းမှန်ဟူ၍ ထင်မြင်ယူဆလာကြသည်။

ယဟူဒီနဆွ်ရာများ၏ ပညာရှင်များ၏ ဤရောဂါဆိုးဖြစ်သည့် မှားယွင်းသော ဓမ္မသတ်များ ထုတ်ပြန်ခြင်းသည် လောက၏ ရမ္မက်နှင့် ဥစ္စာပစ္စည်းအပေါ် ခင်တွယ်ခြင်းကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်တွင် ဥစ္စာပစ္စည်းအပေါ် အတိုင်းထက် လွန်ကဲစွာ ချစ်ခင် မြတ်နိုးခြင်း၏ ရလဒ်နှင့် အဆုံးမရှိသော ပြစ်ဒဏ်အကြောင်းကို တင်ပြထားပြီး ထိုရောဂါဆိုးမှ လွတ်မြောက်မှုရရှိရန်အတွက် နည်းလမ်းများကို တင်ပြထားပေသည်။ မိန့်တော်မူထားသည်မှာ-

وَالَّذِيْنَ يَكْنِزُوْنَ الذَّهَبَ وَالْفِضَّةَ وَلَا يُنْفِقُوْنَهَا فِىْ سَبِيْلِ اللّٰهِ فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ

အလိုသဘောမှာ ရွှေ ငွေများကို စုဆောင်းထားကြသော သူများသည် အလ္လာဟ်အသျှင်မြတ်အတွက် မသုံးစွဲပါက ထိုသူများကို ပြင်းထန်သည့် ပြစ်ဒဏ်များ ခံစားရမည့် အကြောင်း သတင်းကောင်းပါးလိုက်ပါလေ။ وَلَا يُنْفِقُوْنَهَا ၏ စာလုံးမှ ညွှန်ပြနေသည်မှာ အကြင်သူများသည် အလ္လာဟ်အသျှင်မြတ်၏ လမ်း၌ တတ်နိုင်သရွေ့ကို လှူဒါန်းပြီး ကျန်ရှိပစ္စည်းများကို စုဆောင်းထားမည်ဆိုပါက အဆိုပါပစ္စည်းသည် ထိုသူများအတွက် မည်သို့မှ နစ်နာဆုံးရှုံးစေမည် မဟုတ်ပေ။

တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ဟဒီးစ်တော်တစ်ပုဒ်၌ မိန့်တော်မူထားသည်မှာ အကြင်ပစ္စည်းအတွက် 'ဇကားသ်'ပေးဆောင်ခဲ့သည်ရှိသော် ထိုပစ္စည်းသည် كَنَزْتُمْ ၌ မပါဝင်ပေ။ ယင်းအချက်မှ သိရှိရသည်မှာ 'ဇကားသ်'ထုတ်ပြီး ကျန်ရှိပစ္စည်းအား စုဆောင်းထားခြင်းသည် မည်သို့မျှ အပြစ်မရှိပေ။

ဓမ္မသတ်ပညာရှင်အများစုက وَلَا يُنْفِقُوْنَهَا ၏ هَا သည် فِضَّةٌ ဘက်သို့ ဦးလှည့်ပြီး ၎င်း၏ အဓိပ္ပာယ်မှာ ငွေထည်ဖြစ်သည်။ အထက်၌ ရွှေထည်၊ ငွေထည်နှစ်မျိုးစလုံးကို တင်ပြထားပေသည်။ သို့သော် ငွေထည်ဘက်သို့သာ ဦးလှည့်ထားခြင်း ဖြစ်သည်။ သဖ်စီးရ်မဇ္ဈဟရီတွင် ထိုအချက်ဘက်သို့ ညွှန်ပြပြီး ချမှတ်ထားသည်မှာ တစ်ဦးတစ်ယောက်ထံတွင် ရွှေနှင့် ငွေ အနည်းငယ်စီ ရှိမည်ဆိုလျှင် ငွေထည်၏ စံနှုန်းဖြင့်သာ တွက်ချက်ရမည်ဖြစ်သည်။ ရွှေထည်၏ တန်ဖိုးကိုလည်း ငွေထည်အတိုင်းပင် တွက်ချက်၍ ဇကားသ် ပေးဆောင်ရမည်ဖြစ်သည်။

ပဉ္စမမြောက်အာယသ်တော်တွင် عَذَابٌ اَلِيْمٌ (ပြင်းပြနာကျင်ဖွယ်ကောင်းသော အပြစ်ဒဏ်) ၏ အကျယ်တဝင့်ကို တင်ပြထားသည်မှာ-

يَوْمَ يُحْمٰى عَلَيْهَا فِىْ نَارِ جَهَنَّمَ —— الاية

အလိုသဘောမှာ 'ဇကားသ်' မပေးဆောင်သောသူများအပေါ်သို့ ဤ 'အဇာဗ်အလီမ်' သည် ထိုနေ့၌ ကျရောက်မည်ဖြစ်သည်။ ၎င်းတို့ စုဆောင်းထားသော ရွှေထည်၊ ငွေထည်များကို 'ဂျဟန္နမ်' မီးတွင် လောင်ကျွမ်းစေတော်မူမည်။ တစ်ဖန် လောင်ကျွမ်းသွားသော ထိုရွှေထည်၊ ငွေထည်များအား ၎င်းတို့၏ နဖူးများ၊ နံဘေးများနှင့် ကျောကုန်းများပေါ်တွင် ဒဏ်ရာဖြစ်အောင် ရိုက်နှက်တော်မူမည်။ ၎င်းတို့အား နှုတ်အရ ပြစ်ဒဏ်ပေး ပြောဆိုမည်မှာ ဤအရာသည် အသင်တို့အနေနှင့် မိမိတို့အတွက် စုဆောင်းထားခဲ့ကြသော အရာပင်ဖြစ်သည်။ သို့ရှိရာ ယခု မိမိတို့ စုဆောင်းထားခဲ့သော အရာများ၏ အရသာကို မြည်းစမ်းကြကုန်။ ယင်းအချက်မှ သိရှိရသည်မှာ ပြုကျင့်သည့်အတိုင်း အစားပြန်လည် ခံစားရမည်သာ ဖြစ်ပါသည်။ မပိုင်သော ပုံစံဖြင့် စုဆောင်းထားခဲ့သော ပစ္စည်းများသော်လည်းကောင်း၊ (သို့) ပိုင်သောပုံစံဖြင့် စုဆောင်းထားပြီး 'ဇကားသ်' ပေးဆောင်ခြင်း မရှိပါက ထိုပစ္စည်းများသည် အသင့်အား 'အဇာဗ်' ဖြစ်သွားပေမည်။

ဤအာယသ်တော်၌ ဒဏ်ရာဖြစ်အောင် လုပ်ရန်အတွက် နဖူးများ၊ နံဘေးများ၊ ကျောကုန်းများ ဖြစ်သည်ဟူ၍ တင်ပြထားပေသည်။ ယင်း၏ အလိုသဘောမှာ ကိုယ်ခန္ဓာတစ်ခုလုံးကို ဆိုလိုခြင်းလည်း ဖြစ်သည်။ (သို့) အဆိုပါသုံးနေရာကိုပင် သီးသန့်တင်ပြရခြင်း၏ အကြောင်းရင်းမှာ အလ္လာဟ့်လမ်း၌ မသုံးစွဲလိုသော ကပ်စေးနဲသူသည် ၎င်း၏ရှေ့၌ တောင်းခံသူတစ်ဦး ရောက်လာခဲ့သည်ရှိသော် ထိုတောင်းခံသူကို ကြည့်ပြီး ၎င်း၏ နဖူးအရေခွံမှာ တွန့်သွား၏။ တစ်ဖန် မျက်နှာလွှဲရန်အတွက် ဘယ်ညာလှည့်လိုသကဲ့သို့ ဖြစ်လာသည်။ ဤသို့ဖြင့်လည်း တောင်းခံသူက မထွက်ခွာသွားပါက ၎င်းကိုယ်တိုင်ပင် တောင်းခံသူအား ကျောခိုင်းထွက်သွား၏။ ဤအတွက်ကြောင့် နဖူး၊ နံဘေး၊ ကျောကုန်းအား ထို 'အဇာဗ်' အတွက် သီးသန့် တင်ပြရခြင်း ဖြစ်ပါသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ عِدَّةَ الشُّهُورِ عِندَ اللَّهِ اثْنَا عَشَرَ شَهْرًا فِي
كِتَابِ اللَّهِ يَوْمَ خَلَقَ السَّمَاوَاتِ وَالْأَرْضَ مِنْهَا
أَرْبَعَةٌ حُرُمٌ ۚ ذَٰلِكَ الدِّينُ الْقَيِّمُ ۚ فَلَا تَظْلِمُوا
فِيهِنَّ أَنفُسَكُمْ ۚ وَقَاتِلُوا الْمُشْرِكِينَ كَافَّةً كَمَا
يُقَاتِلُونَكُمْ كَافَّةً ۚ وَاعْلَمُوا أَنَّ اللَّهَ مَعَ الْمُتَّقِينَ ﴿٣٦﴾

၉ : ၃၆ ။ ။ ကေန်စင်စစ် လများ၏ အရေအတွက်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်၌ လာရှိသည့်အတိုင်း မိုးကောင်ကင်များနှင့် ပထဝီမြေကို ထိုအသျှင်မြတ် ဖန်ဆင်းတော်မူသည့်နေ့မှစ၍ ဆယ့်နှစ်လ မျှသာ ဖြစ်ချေသည်။ ၎င်း (ဆယ့်နှစ်လ) အနက်မှ လေးလသည် ထူးမြတ်သော လများပင်ဖြစ်ကြပေသည်။ ဤသည် ဖြောင့်မတ်မှန်ကန်သော ဒီးန်သာသနာတော် (၏ ညွှန်ကြားပြသသော လမ်းစဉ်) ပင် ဖြစ်လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်း (လများ) နှင့် စပ်လျဉ်း၍ မိမိတို့ကိုယ်ကို နှိပ်စက်ကလူ မပြုကြလေနှင့်။ ၎င်းပြင် အသင်တို့သည် မုရှ်ရိစ်က်အားလုံးတို့ကို ယင်းတို့သည် အသင်တို့အားကို တိုက်ခိုက်ကြသကဲ့သို့ပင် တိုက်ခိုက်ကြလေကုန်။ ထို့ပြင် ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သူတော်ကောင်းအပေါင်းတို့နှင့်အတူ ရှိတော်မူကြောင်း အသင်တို့သည် ကောင်းစွာ မှတ်ယူကြလေကုန်။

إِنَّمَا النَّسِيءُ زِيَادَةٌ فِي الْكُفْرِ ۖ يُضَلُّ بِهِ الَّذِينَ كَفَرُوا
يُحِلُّونَهُ عَامًا وَيُحَرِّمُونَهُ عَامًا لِّيُوَاطِئُوا عِدَّةَ مَا حَرَّمَ
اللَّهُ فَيُحِلُّوا مَا حَرَّمَ اللَّهُ ۚ زُيِّنَ لَهُمْ سُوءُ أَعْمَالِهِمْ ۗ وَاللَّهُ
لَا يَهْدِي الْقَوْمَ الْكَافِرِينَ ﴿٣٧﴾

၉ : ၃၇ ။ ။ အမှန်စင်စစ် လများကို ရွှေ့ဆိုင်းခြင်းသည် ကုဖ်ရ်သွေဖည်ငြင်းပယ်မှု၌ (အချက်တစ်ချက်ကို ထပ်တိုး၍) တိုးတက်ခြင်းသာ ဖြစ်ပေသည်။ ယင်း (ကဲ့သို့) ရွှေ့ဆိုင်းထားခြင်းအားဖြင့် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် လမ်းမှားသို့ (ပို၍) ရောက်စေခြင်းကို ခံကြရလေသည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့ သော လများ၏ အရေအတွက်နှင့် ကိုက်ညီစေရန်အလို့ငှာ ယင်း (ရွှေ့ဆိုင်းထားသော) လ (တစ်လ) ကို တစ်နှစ်တွင် 'ဟလာလ်' ပြုလုပ်၍ နောက်တစ်နှစ်တွင်မူ (ယင်းလကိုပင်) 'ဟရာမ်'ဟူ၍ ပြုလုပ်ကြလေသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့သည့် (လ) ကို 'ဟလာလ်'ဟူ၍ ပြုကြကုန်သည်။ ၎င်းတို့၏ မကောင်းမှုများသည် ၎င်းတို့ (၏ အမြင်) ၌ လှပတင့်တယ်စွာ ရှိနေကြပေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား တရားလမ်းမှန်သို့ ညွှန်ပြတော်မူသည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချုကေန် လများ၏ အရေအတွက်သည် ကျမ်းတော်မြတ်အရ တရားတော်၏ အမိန့်များတွင် အလ္လာဟ် အသျှင်မြတ်ထံတော်ပါး၌ တရားဝင်မှာ တစ်ဆယ့်နှစ်လ ဖြစ်ပါသည်။ ဤသည် ယနေ့မှ စသည်မဟုတ်။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းသည့်နေ့မှပင် စခဲ့ခြင်း ဖြစ်သည်။ ထိုလများတွင် ဂုဏ်ပေးရမည့်လ လေးလရှိသည်။ ၎င်းမှာ 'ဇွလ်ကအ်ဒါ'၊ 'ဇွလ်ဟဂ်ျ'၊ 'မိုဟ်ရမ်'၊ 'ရဂျဗ်'တို့ ဖြစ်သည်။ ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော သာသနာပင်ဖြစ်သည်။ ဆိုလိုသည်မှာ လများ (၁၂) လဖြစ်ခြင်း၊ ထိုလများထဲမှ လေးလသည် ဂုဏ်ပေးရမည့် လဖြစ်ခြင်း၊ ၎င်းနောက် အမှောင်ခေတ်များကဲ့သို့ တစ်ခါတစ်ရံ နှစ်၏ လများကို တိုးလိုက်ခြင်းမျိုး မရှိခြင်း၊ တစ်ခါတစ်ရံ ဂုဏ်ပေးရမည့် လများကို လက်လွှတ်လိုက်ခြင်းမျိုး မရှိခြင်း (သို့) သာသနာမဲ့ခြင်းမျိုး ဖြစ်သွားပေမည်။ သို့ရှိရာ အသင်သည် ထိုလများနှင့် ပတ်သက်၍ သာသနာနှင့် ဆန့်ကျင်ဘက်ပြုလုပ်ပြီး အပြစ်ထိုက်သူဖြစ်ကာ မိမိကိုယ်ကို နစ်နာအောင် မပြုလေနှင့်။ ဆိုလိုသည်မှာ အမှောင်ခေတ်ပုံစံမျိုး မပြုလုပ်ရန်ဖြစ်သည်။ အသင်မွတ်စ္စလင်မ်များအားလုံးနှင့် စစ်ထိုးရန် အချိန်တိုင်း အဆင့်သင့်ဖြစ်နေကြသော မုရှ်ရစ်က်များနှင့် အသင်တို့လည်း စစ်ထိုးကြကုန်။ အကယ်၍ မုရှ်ရစ်က်များ အုပ်စုတောင့်ခြင်းနှင့် လက်နက်ကိရိယာ များပြားခြင်းကြောင့် စိုးရိမ်ရသည်ဆိုလျှင် အသင်တို့အနေနှင့် သိရှိထားရမည်မှာ အလ္လာဟ်အသျှင်မြတ်သည် မွတ်သက္ကီများနှင့်အတူ ရှိနေသည်ဆိုသော အချက်ပင်ဖြစ်သည်။ သို့ရှိရာ အီမာန်နှင့် သက္ကဝါကို မိမိတို့၏ မဏ္ဍိုင်အဖြစ် ဆွဲကိုင်ထားကြကုန်။ မည်သူ့ကိုမှ မကြောက်ရွံ့လေနှင့်။

ရှေ့ဆက်ပြီး အမှောင်ခေတ်၏ ဓလေ့များကို တင်ပြထားသည်မှာ ဤလများ (သို့) ဤလများအား ဂုဏ်ပေးခြင်းကို ဖယ်ထားခြင်းသည် ဖီဆန်ခြင်း၌ တစ်ဆင့်တိုးသွားခြင်းပင် ဖြစ်သည်။ ထိုသို့ တိုးသွားခြင်းကြောင့် ကာဖိရ်များမှာ လမ်းမှားကို လျှောက်လှမ်းနေကြရခြင်း ဖြစ်သည်။ ထိုသူများသည် အဆိုပါ ဂုဏ်ပေးရမည့်လများကို အချို့နှစ်များတွင် မိမိတို့၏ စိတ်အလိုအရ 'ဟလာလ်'ပြုလိုက်ကြပြီး အချို့နှစ်တွင် စိတ်အလိုမရှိပါက 'ဟရာမ်'ဟု မှတ်ယူကြသည်။ အလ္လာဟ်အသျှင်မြတ်ဘက်မှ 'ဟရာမ်'ပြုထားသော လများအား ထိမ်ချန်ခြင်းမရှိဘဲ အပြည့်အဝ ရေတွက်ကြကုန်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်ဘက်မှ 'ဟရာမ်' ပြုထားသော လများကို 'ဟလာလ်'ပြုလိုက်ကြသည်။ ဆိုးသောလုပ်ရပ်များကို ၎င်းတို့အနေနှင့် အကောင်းဟု ထင်မြင်ယူဆကြသည်။ ၎င်းတို့အနေနှင့် ကုဖွ်ရ်အပေါ် ဇွတ်တရွတ် ရပ်တည်နေခြင်းကြောင့် ယင်းတို့အတွက် သောကထားခြင်းသည် အကျိုးမဲ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော ကာဖိရ်များကို လမ်းမှန်တရားရရှိရန်အတွက် စွမ်းအားပေးတော်မူခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကိုယ်တိုင်ကပင် လမ်းမှန်ဘက်သို့ လာလိုစိတ် မရှိကြချေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် ကာဖိရ်မုရှ်ရစ်က်များ၏ ကုဖွ်ရ်၊ ရှရစ်က် လမ်းမှားခြင်းများနှင့် မကောင်းသော လုပ်ရပ်များကို တင်ပြထားပေသည်။ ဤအာယသ်တော်နှစ်ပိုဒ်တွင်လည်း ထိုသူများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများနှင့် အမှောင်ခေတ်၏ အသိဉာဏ်မဲ့သော မကောင်းသည့် ဓလေ့များကို

ဘင်ပြထားပြီး မွတ်စ္စလင်မ်များကို ထိုအချင်းအရာများမှ ရှောင်ကြဉ်ရန် လမ်းညွှန်ထားသည်။ ထိုမကောင်းသော ဓလေ့များသည် ဖြစ်စဉ်တစ်ခုနှင့် ပတ်သက်နေသည်။ ယင်း၏ အကျယ်တဝင့်မှာ ရှေးခေတ်ဟောင်းမှ နဗီတမန်တော်များအားလုံး၏ တရားတော်တွင် တစ်နှစ်သည် (၁၂) လရှိသည်ဟု လက်ခံခဲ့ကြသည်။ ထိုလများထဲမှ လေးလသည် အလွန် 'ဗရ်ကသ်' ရှိပြီး ဂုဏ်ပေးလေးစားရမည်ဟူ၍ မှတ်ယူကြသည်။ သုံးလမှာ ဆက်တိုက်ဖြစ်ပြီး ၎င်းမှာ ဇွလ်ကအ်ဒါ၊ ဇွလ်ဟဂ်ျ၊ မုဟ်ရာမ်တို့ဖြစ်ပြီး ကျန်တစ်လမှာ ရဂျဗ်ဖြစ်သည်။

နဗီတမန်တော်များအားလုံး၏ တရားတော်၌ ထိုလေးလတွင် လုပ်သမျှ 'အေဗာဒသ်' တိုင်း၏ အကျိုး 'စဝါးဗ်' မှာ သာပိုပါသည်ဟူ၍ တစ်ညီတစ်ညွှတ်တည်း ဆိုထားပေသည်။ ထိုလများတွင် ပြစ်မှုကျူးလွန်ပါက 'အဇားဗ်' မှာလည်း သာပိုပေသည်။ ရှေးတရားတော်များတွင် ထိုလများ၌ သတ်ဖြတ်ခြင်း၊ စစ်ထိုးခြင်းကိုလည်း တားမြစ်ထားပေသည်။

မက္ကာဟ်မြို့ရှိ အာရဗ်များသည် တမန်တော်အီစ်မာအီးလ် عليه السلام အကြောင်းခံဖြင့် တမန်တော်အီဗ္ဗရာဟီမ် عليه السلام ၏ 'နဗူဝသ်' နှင့် 'ရေစာလသ်' ကို လက်ခံကြပြီး ၎င်းနဗီ၏ လမ်းစဉ်ကို လက်ခံသည်ဟု ကြွေးကြော်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်အီဗ္ဗရာဟီမ် عليه السلام သာသနာတော်တွင်လည်း ထိုလေးလ၌ သတ်ဖြတ်ခြင်း၊ စစ်ထိုးခြင်း၊ အမဲလိုက်ခြင်းများကို တားမြစ်ထားပေသည်။ အမှောင်ခေတ်တွင် အာရဗ်တို့သည် အဆိုပါအမိန့်အပေါ် လိုက်နာရန် အလွန်ခက်ခဲလျက်ရှိကြသည်။ အကြောင်းမူကား အမှောင်ခေတ်တွင် သတ်ဖြတ်ခြင်းသည် ၎င်းတို့၏ လုပ်ငန်းတစ်ခု ဖြစ်ခဲ့သည်။ ဤအတွက်ကြောင့် ထိုလများတွင် လွယ်ကူမှုရှိစေရန်နှင့် ထိုသူများသည် မိမိတို့၏ စိတ်အလိုကျဖြစ်စေရန်အတွက် အကြောင်းအမျိုးမျိုး ဖန်ကာ တစ်ခါတစ်ရံ ထိုလများ၏ လတစ်လတွင် စစ်ထိုးရန် ကြုံဆုံလာသည်။ (သို့) စစ်ထိုးလျက်နှင့်ပင် ထိုလများ ရောက်ရှိလာသည်ဆိုလျှင် 'ယခုနှစ်တွင် ဤလသည် 'ဟရာမ်' ဖြစ်သောလများ၌ မပါဘဲ ရှေ့လသည် 'ဟရာမ်' ဖြစ်သော လများ၌ ပါဝင်သည်' ဟု ထိုသူများက ပြောဆိုကြသည်။ ဥပမာဆိုရသော် 'မုဟ်ရာမ်' လကို ရောက်ရှိလာပါက ၎င်းတို့က ပြောဆိုကြသည်မှာ 'ဤနှစ်တွင် 'မုဟရမ်' လသည် 'ဟရာမ်' လများ၌ မပါဝင်ပေ။ သို့သာမက ဆွဖရ်လသည် 'ဟရာမ်' လများ၌ ပါဝင်ပေသည်။ ဤသည်ထက်မက လိုအပ်လာပါက ရဗီအွလ်အောင်ဝလ်လသည် 'ဟရာမ်' လများ၌ ပါဝင်သည်' ဟု ပြောဆိုလာကြသည်။ (သို့) ယခုနှစ်တွင် ဆွဖရ်လအလျင် လာသည်ဟူ၍ ပြောဆိုကြသည်။ 'မုဟ်ရာမ်' လနောက်မှ လာမည်။ ဤနည်းဖြင့် မုဟာရမ်လကို ဆွဖရ်လဟူ၍ ပြောင်းလဲခေါ်ဝေါ်ကြသည်။ အချုပ်ဆိုရသော် တစ်နှစ်ပတ်လုံးတွင် ထိုလေးလကို တစ်နည်းတစ်ဖုံဖြင့် ဖြည့်ဆည်းလိုက်ကြသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်မှ သတ်မှတ်ထားသော လများ၏ အစီအစဉ်များကို ထောက်ထားခဲ့ခြင်းမရှိကြချေ။ မိမိစိတ်ထင်ရာ လကို 'ဇွလ်ဟဂ်ျ' ဟု ခေါ်ဆိုလိုက်သည်။ ရမ်ဇာန်လဟု ခေါ်ဆိုလိုက်ကြသည်။ စိတ်ထင်သလို လများအား အရှေ့အနောက်ပြုလုပ်ကြသည်။ တစ်ခါတစ်ရံ နှစ်၏ လအရေအတွက်ကိုလည်း တိုးလိုက်ကြသည်။ စစ်ထိုးနေလျက် (၁၀) လမျှ ကုန်ဆုံးသွားပြီး နှစ်လမျှသာ ကျန်ရှိသည့်အတွက် နောက်ထပ်နှစ်လ ထပ်တိုးကာ ယခုနှစ်သည် (၁၂) လ တစ်နှစ်မဟုတ်။ (၁၄) လ တစ်နှစ်ဖြစ်သည်ဟူ၍ ပြောဆိုကြသည်။ ဤနည်းဖြင့် ကျန်ရှိသော လေးလကို 'ဟရာမ်' ဖြစ်သော လများဟူ၍ သတ်မှတ်လိုက်ကြသည်။

ထိုသို့ဖြစ်ရခြင်း၏ ရလဒ်မှာ အဆိုပါခေတ်တွင် မည်သည့်လသည် ရမ်ဇာန်ဖြစ်သည်၊ ရှောင်ဝါလ်ဖြစ်သည်၊ ဇွလ်ကအ်ဒ်ဖြစ်သည်၊ ရဂျဗ်လဖြစ်သည်ကို ခွဲခြားရန်အတွက် အလွန်ခက်ခဲသွားသည်။ အချုပ်ဆိုရသော် တမန်တော်အီဗ္ဗရာဟီမ် ﷺ ၏ သာသနာတော်တွင် တစ်နှစ်၌ လေးလကို ဂုဏ်ပေးကြလေသည်။ ထိုလများတွင် စစ်ထိုးခြင်း၊ သတ်ဖြတ်ခြင်းများ မပြုလုပ်ကြချေ။ သို့သော် အလ္လာဟ်အသျှင်မြတ်မှ အစီအစဉ်နှင့် သတ်မှတ်ထားသော လများအား အမျိုးမျိုး အပြောင်းအလဲများ ပြုလုပ်ကာ မိမိတို့၏ စိတ်အလိုအတိုင်း ဖြည့်ဆည်းကြသည်။ ဟိဂျ်ရီ (၈) ခုနှစ်တွင် မက္ကာဟ်မြို့အား အောင်မြင်ပြီး (၉) ခုနှစ်တွင် တမန်တော်မြတ် ﷺ သည် ဟဇရသ်အဗူဗကရ် ﷺ ကို ဟဂျ်ရာသီတွင် ကာဖိရ်မုရှ်ရစ်က်များအား လွတ်လပ်ခွင့် ပေးလိုက်ပြီဟု ကြေညာရန် စေလွှတ်သောအခါ ဤလသည် ဓကန်စင်စစ်တွင် ဇွလ်ဟဂျ်လဖြစ်သည်။ သို့သော် အမှောင်ခေတ်၏ ရှေးဟောင်းဓလေ့နှင့်အညီ ဤလကို ဇွလ်ကအ်ဒါလဟူ၍ သတ်မှတ်ခဲ့ကြသည်။ ထိုနှစ်တွင် ၎င်းတို့ထံ၌ ဟဂျ်လသည် ဇွလ်ဟဂျ်လနှင့် ဇွလ်ကအ်ဒါဟူ၍ သတ်မှတ်ခဲ့ကြသည်။ တစ်ဖန် ဟိဂျ်ရီ (၁၂) ခုနှစ်တွင် တမန်တော်မြတ် ﷺ သည် နောက်ဆုံးဟဂျ်အတွက် ကြွမြန်းသွားသောအခါ တန်ခိုးတော်အရ မူရင်းဇွလ်ဟဂျ်လအဖြစ် အစီအစဉ်ပြောင်းလဲသွား၏။ အသိဉာဏ်ကင်းမဲ့သော သူများထံတွင်လည်း ဇွလ်ဟဂျ်လအဖြစ် သတ်မှတ်ခဲ့ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မီနာတွင် မိမိ၏ 'ခွသ်ဗာဟ်' ၌ မိန့်ကြားတော်မူသည်မှာ-

اَلَا اِنَّ الزَّمَانَ قَدِ اسْتَدَارَكَهَيْئَةِ يَوْمِ خَلَقَ السَّموٰتِ وَالْاَرْضَ

ဆိုလိုသည်မှာ ခေတ်ကာလ၌ လှည့်ပတ်ရင်း မိမိ၏ မူရင်းပုံစံအတိုင်း ပြန်ဖြစ်သွား၏။ အဆိုပါမူရင်းခေတ်ကာလအတိုင်း အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီနှင့် မိုးကောင်းကင်ကို ဖန်ဆင်းတော်မူခဲ့သည်။ ဆိုလိုသည်မှာ မူရင်းဇွလ်ဟဂျ်လအတိုင်း အသိဉာဏ်မဲ့သော သူများထံတွင်လည်း ထိုနှစ်တွင် ဇွလ်ဟဂျ်လဟူ၍ပင် သတ်မှတ်ခဲ့ပေသည်။ အမှောင်ခေတ်၏ ဓလေ့ထုံးစံအရ လများ၏ အရေအတွက်များ၊ အစီအစဉ်များနှင့် သတ်မှတ်ချက်များတွင် လိုတိုးပိုလျှော့နှင့် အပြောင်းအလဲများ ပြုလုပ်ခြင်းကြောင့် တရားတော်၏ ပညတ်ချက်များ၌ အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ထူးခြားသည့်လများနှင့် ထူးခြားသည့် ရက်များ၌ အနှောင့်အယှက်ဖြစ်စေခဲ့သည်။ (သို့) ထိုသို့ အနှောင့်အယှက်ဖြစ်ခြင်းသည် နှစ်စ၊ နှစ်ဆုံးနှင့် ပတ်သက်နေပေသည်။ ဥပမာ- ဇွလ်ဟဂျ်လ (၁၀) ရက်တွင် ဟဂျ် အမိန့်များနှင့် မုဟ်ရာမ် (၁၀) ရက်တွင် 'ရိုဇာဟ်' ထားခြင်း၊ နှစ်ကုန်ပိုင်း၌ 'ဇကားသ်' စသည့်အမိန့်များတွင် အနှောင့်အယှက်ဖြစ်စေခဲ့ပေသည်။

အကျဉ်းချုပ်ဆိုရသော် လများ၏ အမည်များအပြောင်းအလဲပြုလုပ်ပြီး ရှေ့၊ နောက် ပြုလုပ်ခဲ့ကြသည်။ ၎င်းမှာ ဆွဖရ်ကို မုဟ်ရာမ်၊ မုဟ်ရာမ်ကို ဆွဖရ်အဖြစ် ပြောင်းလဲခဲ့ပေသည်။ သို့သော် ထိုသို့ ပြုလုပ်ခြင်းကြောင့် များစွာသော တရားတော်၏ အမိန့်များ ပြောင်းလဲ၍ 'အမလ်'များ ပျက်စီးခဲ့ရသည်။ ကျမ်းတော်မြတ်၏ ထိုအာယသ်တော်နှစ်ပိုဒ်တွင် အမှောင်ခေတ်ရှိ ဓလေ့များ၏ ဆိုးရွားမှုများနှင့် မွတ်စ္စလင်များအား ထိုအချက်များမှ ရှောင်ကြဉ်ရန် လမ်းညွှန်ထားခဲ့သည်။ ပထမအာယသ်တော်တွင် မိန့်လေသည်မှာ-

اِنَّ عِدَّةَ الشُّهُوْرِ عِنْدَ اللّٰهِ اثْنَاعَشَرَشَهْرًا

ယင်းအာယသ်တော်တွင် **عدة** ဟူသော စာလုံးသည် အရေအတွက်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ၎င်းနောက် **شهور** ဟူသော စာလုံးသည် **شهر** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ **شهر** ၏ အဓိပ္ပာယ်မှာ လဖြစ်သည်။ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် လများ၏ အရေအတွက်မှာ (၁၂) လဟု သတ်မှတ်ထားပေသည်။ ထိုသတ်မှတ်ချက်တွင် တစ်ဦးတစ်ယောက်ကိုမျှ လိုတိုးပိုလျော့ ပြုလုပ်ပိုင်ခွင့်မရှိပေ။ ထို့နောက် **فِىْ كِتٰبِ اللّٰهِ** ဟူသော ဝါကျကို ထပ်လောင်း၍ တင်ပြထားသည်မှာ ဤအချက်များအားလုံးသည် အစကနဦးကပင် 'လောင်ဟေမဟ်ဖူးဇ်'၌ ရေးသားထားပြီးဖြစ်သည်။ တစ်ဖန်

يَوْمَ خَلَقَ السَّمٰوٰتِ وَالْاَرْضَ

ဟု မိန့်တော်မူပြီး ညွှန်ပြလိုက်သည်မှာ အလ္လာဟ်အသျှင်မြတ်၏ အလိုတော်သည် ထိုကိစ္စများနှင့်ပတ်သက်၍ ကေန်ဆိုလျှင် အစကနဦးကပင် ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်၏။ သို့သော် ဤလများ၏ အစီအစဉ်နှင့် သတ်မှတ်ထားခြင်းသည် မြေပထဝီနှင့် မိုးကောင်းကင်ကို ဖန်ဆင်းသည့်အခါကတည်းကသာလျှင် အသုံးပြုခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် မိန့်တော်မူထားသည်မှာ **مِنْهَآ اَرْبَعَةٌ حُرُمٌ** ဆိုလိုသည်မှာ ထိုလပေါင်း (၁၂) လထဲမှ လေးလသည် 'ဟရာမ်'လများဖြစ်သည်။ ထိုကဲ့သို့ 'ဟရာမ်'လများဟု ခေါ်ဆိုရာတွင် အလိုသဘောနှစ်ချက်ရှိသည်။ တစ်ချက်မှာ ထိုလများတွင် သတ်ဖြတ်ခြင်း၊ စစ်ထိုးခြင်းများ 'ဟရာမ်'ဖြစ်သည်။ ကျန်တစ်ချက်မှာ ဤလများသည် မင်္ဂလာရှိသောလများ ဖြစ်သည့်အတွက် ဂုဏ်ပေးလေးစားရန်မှာ အရေးကြီးပေသည်။ ထိုလများတွင် 'အေဗာဒသ်'ပြုပါက 'စဝါးဗ်'ပို၍ ရရှိပေသည်။ အဆိုနှစ်ချက်ထဲမှ ပထမအချက်သည် အစ္စလာမ့်တရားတော်အရ ပျက်ပြယ်သွားပြီးဖြစ်သည်။ သို့သော် ဒုတိယအချက်သည် ယခုတိုင် သာသနာတော်၌ ကျန်ရှိနေသေးသည်။

နောက်ဆုံး'ဟဂ်ျ'၏ 'ခွသ်ဗာဟ်'အား 'ကုရ်ဗာနီ'နေ့တွင် တမန်တော်မြတ် ﷺ သည် ထိုလများနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူသည်မှာ သုံးလမှာ ဆက်တိုက်ဖြစ်သည်။ ၎င်းမှာ ဇွလ်ကအ်ဒါ၊ ဇွလ်ဟဂ်ျ၊ မုဟ်ရာမ်ဖြစ်ပြီး ကျန်တစ်လမှာ ရဂျဗ်ဖြစ်သည်။ သို့သော် ရဂျဗ်လနှင့် ပတ်သက်ပြီး အာရဗ်များထံတွင် အဆိုနှစ်ခုကျော်ကြားသည်။ အချို့အုပ်စုများသည် ထိုလကို 'ရဂျဗ်'ဟု ခေါ်ဆိုသည်။ ယင်းလကို ကျွန်ုပ်တို့အနေနှင့် ရမ်ဇာန်ဟု ခေါ်ဆိုပေသည်။ မိုသွေရ်အုပ်စုများသည် ဂျမာဒွလ်စာနီနှင့် ရှအ်ဗာန်လ၏ ကြားလများကို ရဂျဗ်ဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ထိုလများကို 'ရဂျဗ်မိုသွေရ်'ဟု မိန့်တော်မူပြီး ရှင်းလင်းမိန့်တော်မူသည်မှာ 'ဂျမာဒွလ်စာနီ'နှင့် ရှအ်ဗာန်၏ ကြားလများအား 'ရဂျဗ်'ဟု ဆိုပေသည်။

ذٰلِكَ الدِّيْنُ الْقَيِّمُ

ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော သာသနာဖြစ်သည်။ ဆိုလိုသည်မှာ လများ၏ သတ်မှတ်ချက်နှင့် အစီအစဉ်များတွင် လတိုင်း၏ အထူးသဖြင့် 'ဟရာမ်'လများနှင့် ပတ်သက်သည့် အမိန့်များအား အလ္လာဟ်အသျှင်မြတ်၏ အမိန့်နှင့်အညီ ဆောင်ကျဉ်းခြင်းကိုပင် ဖြောင့်မတ်မှန်ကန်သော သာသနာဟု ခေါ်ဆို

သည်။ ထိုလများတွင် မိမိဘက်မှ လိုတိုးပိုလျှော့လုပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းသည် ယုတ်ညံ့သော စာရိတ္တ၏ လက္ခဏာဖြစ်သည်။

فَلَا تَظْلِمُوْا فِيْهِنَّ اَنْفُسَكُمْ

ဆိုလိုသည်မှာ ထိုမွန်မြတ်လှသော လများတွင် အသင်တို့သည် မိမိအတွက် နစ်နာအောင် မပြုလုပ်ကြလေနှင့်။ ထိုသတ်မှတ်ထားသောလများတွင် အမိန့်ပညတ်ချက်များနှင့် ဂုဏ်ပေးလေးစားခြင်းတို့ကို ဆန့်ကျင်ဘက် မပြုကြလေနှင့်။ 'အဗော်ဒသ်' ပြုရာ၌လည်း မခိုကပ်ကြလေနှင့်။ အေမာမ်ဂျဆ္ဆာ့ဆ္ဆသခင်က အဟ်ကာမွလ်ကုရ်အာန်တွင် မိန့်ဆိုထားသည်မှာ ထိုအချက်မှ ဤသို့ ညွှန်ပြထားပေသည်။ ၄င်းမှာ ထိုမင်္ဂလာရှိသော လများ၏ ထူးခြားချက်မှာ ယင်းလများတွင် 'အဗော်ဒသ်'ပြုမည်ဆိုပါက ထိုသူအား ကျန်လများတွင်လည်း 'အဗော်ဒသ်' ပြုနိုင်သည့်စွမ်းအား ရရှိမည်ဖြစ်သည်။ ထိုနည်းတူစွာပင် ထိုလများတွင် အကြင်သူသည် ကြိုးစားပြီး မိမိကိုယ်မိမိ အပြစ်များမှသော်လည်းကောင်း၊ မကောင်းသော လုပ်ရပ်များမှသော်လည်းကောင်း ရှောင်ကြဉ်မည်ဆိုလျှင် ကျန်လများတွင်လည်း ထိုသူသည် မကောင်းမှုများမှ ရှောင်ကြဉ်ရန် လွယ်ကူမှု ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ယင်းလများတွင် အကျိုးအမြတ် မရယူခြင်းသည် ကြီးမားသော ဆုံးရှုံးမှု တစ်ရပ်ပင် ဖြစ်သည်။

ဤနေရာအထိ မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကမ်များ၏ ထူးခြားသော အမှောင်ခေတ်၏ ဓလေ့များကို တင်ပြထားပေသည်။ ၄င်းနောက် ထိုဓလေ့များကို ချေပဖွန်းထားပေသည်။ အာယသ်တော်၏ နောက်ဆုံးတွင် တစ်ဖန် ထိုအမိန့်ကို ပြန်လည်တင်ပြထားပေသည်။ အကြင်အမိန့်ကို ဤစူရာဟ်အစ၌ တင်ပြခဲ့ပြီးဖြစ်သည်။ ကတိစာချုပ်အချိန် ကုန်ဆုံးပြီးနောက် မုရှ်ရစ်ကမ်များ၊ ကာဖိရ်များနှင့် 'ဂျီဟားဒ်'ပြုရန် ဝါဂျိဗ်ဖြစ်သည်။

ဒုတိယအာယသ်တော်တွင် ထိုအမှောင်ခေတ်၏ ဓလေ့များကို ဤသို့ တင်ပြမိန့်တော်မူထားပေသည်။

اِنَّمَا النَّسِيْٓءُ زِيَادَةٌ فِى الْكُفْرِ

نَسِى ဟူသော စာလုံးသည် မူရင်းစာလုံးဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ နောက်သို့ ဖယ်လိုက်ခြင်း၊ နောက်ချန်ထားခြင်းတို့ ဖြစ်သည်။

အာရဗ်ရှိ မုရှ်ရစ်ကမ်များသည် ထိုလများကို ရှေ့နောက်ပြုလုပ်ခြင်းကြောင့် မိမိတို့၏ စိတ်အလိုဆန္ဒများ မပျက်သုန်းဘဲ အလ္လာဟ်အသျှင်မြတ်၏ အမိန့်များကိုလည်း နာခံရာရောက်သည်ဟူ၍ မှတ်ယူကြသည်။ အလ္လာဟ်အသျှင်မြတ်မှ မိန့်တော်မူသည်မှာ အသင်တို့အနေနှင့် လများကို ဤသို့ နောက်ဆုတ်လိုက်ခြင်း၊ မိမိနေရာမှ ဖယ်လိုက်ခြင်းသည် ဖီဆန်ရာတွင် တိုးပွားသွားခြင်းပင် ဖြစ်သည်။ ထိုသို့ ပြုခြင်းကြောင့် ထိုကာဖိရ်များ၏ လမ်းမှားခြင်း၌ ထပ်ဆင့် တိုးပွားသွားခြင်းပင် ဖြစ်သည်။ အကြောင်းမူကား ထိုသူများသည် 'ဟရာမ်'လများကို တစ်နှစ်တွင် 'ဟရာမ်'ဟု မှတ်ယူပြီး အခြားနှစ်တွင် 'ဟလာလ်'ဟူ၍ မှတ်ယူကြသည်။

لِّيُوَاطِئُوْا عِدَّةَ مَا حَرَّمَ اللّٰهُ

ဆိုလိုသည်မှာ သို့မှသာ ထိုသူများသည် အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားသော ထိုလများကို အပြည့်အဝ ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ အလိုသဘောမှာ အရေအတွက်ဖြည့်ဆည်းရုံမျှဖြင့် အမိန့်နာခံရာ

ရောက်မည်မဟုတ်ပေ။ သို့သာမက လများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော အမိန့်များကို ထိုလများတွင် ဖြည့်ဆည်းရန် အရေးကြီးပေသည်။

အမိန့်တော်များနှင့် ပညတ်ချက်များ

ဖော်ပြပါအာယသ်တော်များမှ သိရှိရသည်မှာ လများ၏ အမှတ်စဉ်နှင့် ထိုလများအား မှည့်ခေါ်ထားသော အစ္စလာမ့်အမည်များသည် လူများတီထွင်ထားသော အရာမဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းသည့်နေ့မှစ၍ ဤအမှတ်စဉ်နှင့် အမည်များနှင့်အတူ ထူးခြားသည့်လများ၏ ထူးခြားသော အမိန့်များကိုပါ သတ်မှတ်မိန့်တော်မူထားခဲ့ခြင်း ဖြစ်သည်။ ထိုအချက်မှ ထပ်လောင်းသိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် တရားတော်၏ အမိန့်ပြဋ္ဌာန်းချက်များ၌ လအဝင်အထွက်နှင့် သတ်မှတ်သောလသာ အကျုံးဝင်ပေသည်။ ထိုလအပေါ် မူတည်၍ တရားတော်၏ အမိန့်များဖြစ်သော 'ရိဇာဟ်'၊ 'ဟဂ်ျ'၊ 'ဇကားသ်' စသည်များ ရပ်တည်လျက်ရှိပေသည်။ သို့သော် ကျမ်းတော်မြတ်သည် ရက်များနှင့် နှစ်များ သိရှိရန်အတွက် လမင်းကို လက္ခဏာအဖြစ် သတ်မှတ်ထားသကဲ့သို့ နေမင်းကိုလည်း လက္ခဏာအဖြစ် သတ်မှတ်ထားပေသည်။

لِتَعْلَمُوْا عَدَدَ السِّنِيْنَ وَالْحِسَابَ

ထို့ကြောင့် ရက်များနှင့် နှစ်များအား ရေတွက်ခြင်းသည် နေ၊ လ နှစ်ခုလုံးနှင့် တွက်ပိုင်ခွင့်ရှိသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမိန့်များအတွက် လနှင့် တွက်ချက်ခြင်းကို နှစ်သက်တော်မူ၏။ ၎င်းနောက် တရားတော်၏ အမိန့်များအတွက် လနှင့် တွက်ချက်ခြင်းကို နှစ်သက်တော်မူ၏။ ၎င်းနောက် တရားတော်၏ အမိန့်များကို ထိုအပေါ်၌သာ ဆောက်တည်ထား၏။ ဤအတွက်ကြောင့် လနှင့် တွက်ချက်ခြင်းအား ထိန်းသိမ်းထားရန်မှာ 'ဖွရ်ဇ်ကိဖွာရာ'ဖြစ်သည်။ အကယ်၍ အုမ္မသ်ထုတစ်ရပ်လုံးက ထိုလနှင့် တွက်ချက်ခြင်းကို စွန့်လွှတ်၍ မေ့ပစ်လိုက်ကြမည်ဆိုလျှင် အားလုံး အပြစ်ထိုက်မည် ဖြစ်သည်။ အကယ်၍ ယင်းသို့ အခြားနည်းအား အသုံးပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ နည်းလမ်းနှင့် ရှေးသူမွန်သူမြတ်များ၏ နည်းလမ်းနှင့် ဆန့်ကျင်ဘက် မုချဖြစ်မည်။ ထို့ကြောင့် မလိုအပ်ဘဲ အဆိုပါနည်းလမ်းများ မသုံးသင့်ပေ။ တွက်ချက်ရာ၌ ဖြည့်ဆည်းရန်အတွက် ဝါထပ်လကို တိုးလိုက်ကြသည်။ အချို့သူများသည် ထိုသို့ တိုးလိုက်ခြင်းကိုလည်း ဤအာယသ်တော်အရ မပိုင်ဟု ဆိုထားကြပေသည်။ သို့သော် ထိုသို့ ပြောဆိုခြင်းမှာ မှား၏။ အဘယ်ကြောင့်ဆိုသော် တွက်ချက်ရာတွင် ဝါထပ်လ တိုးလိုက်ခြင်းသည် တရားတော်၏ အမိန့်များနှင့် မပတ်သက်ပေ။ အမှောင်ခေတ်တွင် အသိဉာဏ်မဲ့သောသူများသည် လနှင့် တွက်ချက်ရသော လများနှင့် တရားတော်၏ လများတွင် ပို၍ တရားတော်၏ အမိန့်များကို ပြောင်းလဲပစ်လိုက်ကြသည်။ ဤအတွက်ကြောင့် တားမြစ်ထားရခြင်းဖြစ်သည်။ ဝါထပ်လသည် တရားတော်၏ အမိန့်များနှင့် မည်သို့မှ မပတ်သက်ချေ။ ထို့ကြောင့် အဆိုပါတားမြစ်ချက်၌ ဝါထပ်လ ပါဝင်ခြင်း မရှိပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ مَا لَكُمْ
إِذَا قِيلَ لَكُمُ ٱنفِرُوا۟ فِى سَبِيلِ ٱللَّهِ ٱثَّاقَلْتُمْ إِلَى ٱلْأَرْضِ ۚ
أَرَضِيتُم بِٱلْحَيَوٰةِ ٱلدُّنْيَا مِنَ ٱلْءَاخِرَةِ ۚ فَمَا مَتَٰعُ ٱلْحَيَوٰةِ ٱلدُّنْيَا
فِى ٱلْءَاخِرَةِ إِلَّا قَلِيلٌ ﴿٣٨﴾

၉ : ၃၈ ။ ။ 'အို့, မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ကြလေကုန်'ဟူ၍ ပြောဆိုသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မြေကြီးဘက်သို့ လေးလံစွာ ထိုင်နေကြသနည်း) (လေးလံသွားကြသနည်း) အသင်တို့သည် (ဤ) ပစ္စုပ္ပန်မျက်မှောက်ဘဝ၏ (စည်းစိမ်ချမ်းသာများ) ကို နောင်တမလွန် 'အာခိရတ်'၏ (စည်းစိမ်ချမ်းသာများ) ထက် နှစ်သက်ကျေနပ်ကြလေပြီလော။ သို့ဖြစ်ပါမူ (ဤ) ပစ္စုပ္ပန်မျက်မှောက်ဘဝ၏ စည်းစိမ်ချမ်းသာသည် နောင်တမလွန်ဘဝ၏ (စည်းစိမ်ချမ်းသာ) နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှသာဖြစ်ကြောင်း (အသင်တို့ ကောင်းစွာ မှတ်ယူကြလေကုန်။)

إِلَّا تَنفِرُوا۟ يُعَذِّبْكُمْ عَذَابًا أَلِيمًا
وَيَسْتَبْدِلْ قَوْمًا غَيْرَكُمْ وَلَا تَضُرُّوهُ شَيْـًٔا ۗ وَٱللَّهُ عَلَىٰ
كُلِّ شَىْءٍ قَدِيرٌ ﴿٣٩﴾

၉ : ၃၉ ။ ။ အကယ်၍ အသင်တို့သည် (အသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) မထွက်ကြပါလျှင် ထိုအသျှင်မြတ်သည် အသင်တို့အား အပြင်းအထန် နာကျင်စေသော ပြစ်ဒဏ်ကို ပေးတော်မူမည်ဖြစ်သည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ (နေရာ) အစားတွင် အခြားလူမျိုးတစ်မျိုးကို ပြောင်းလဲ (ဖန်ဆင်း) ထွန်းကားစေတော်မူမည်ဖြစ်သည်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား အနည်းငယ်စိုးစဉ်းမျှပင် အကျိုးယုတ် နစ်နာစေနိုင်ကြမည် မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

إِلَّا تَنصُرُوهُ فَقَدْ نَصَرَهُ ٱللَّهُ إِذْ أَخْرَجَهُ
ٱلَّذِينَ كَفَرُوا۟ ثَانِىَ ٱثْنَيْنِ إِذْ هُمَا فِى ٱلْغَارِ إِذْ يَقُولُ
لِصَٰحِبِهِۦ لَا تَحْزَنْ إِنَّ ٱللَّهَ مَعَنَا ۖ فَأَنزَلَ ٱللَّهُ سَكِينَتَهُۥ
عَلَيْهِ وَأَيَّدَهُۥ بِجُنُودٍ لَّمْ تَرَوْهَا وَجَعَلَ كَلِمَةَ ٱلَّذِينَ كَفَرُوا۟
ٱلسُّفْلَىٰ ۗ وَكَلِمَةُ ٱللَّهِ هِىَ ٱلْعُلْيَا ۗ وَٱللَّهُ عَزِيزٌ حَكِيمٌ ﴿٤٠﴾

၉ : ၄၀ ။ ။ အကယ်၍ အသင်တို့သည် ထို (နဗီတမန်တော်) အား မကူညီ မရိုင်းပင်းကြပါလျှင် (အရေးမကြီးပေ) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ထိုနဗီတမန်တော်ကို ကာဖိရ်သွေဖည်ငြင်းပယ်သော သူများက ၎င်း (နဗီတမန်တော်) အား (မက္ကာဟ်မြို့မှ) နှင်ထုတ်ကြစဉ် အခါ၌လည်းကောင်း၊ ၎င်း (နဗီတမန်တော်) သည် (အဖော်တစ်ဦးဖြင့်) နှစ်ဦးစလုံး ဂူထဲ၌ ရှိနေစဉ် နှစ်ယောက်အနက် ဒုတိယဖြစ်သော မိမိ၏ အဖော်အား ထိုတမန်တော်က 'အသင် မပူပါလေနှင့်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ငါတို့နှင့်အတူ ရှိတော်မူသည်' ဟူ၍ ပြောဆို၍ ရှိနေစဉ်အခါ၌လည်းကောင်း ကူညီစောင်မတော်မူခဲ့လေသည်။ ထိုအချိန်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ထံတော်မှ (စိတ်) တည်ငြိမ်မှုကို၊ ၎င်း (နဗီတမန်တော်) ၏အပေါ်သို့ ချပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ၎င်း (နဗီတမန်တော်) အား အသင်တို့ မမြင်ကြရသော စစ်သည်တော်များဖြင့် အားပေးကူညီ စောင်မတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ စကား (စီမံကိန်း) ကို နိမ့်ကျစေတော်မူခဲ့လေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (စီမံမှု) မှာမူ အမြင့်ဆုံး အထက်ဆုံး ဖြစ်ခဲ့လေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ တန်ခိုးကြီးမားတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့တော်မူသော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

انْفِرُوا خِفَافًا وَثِقَالًا وَجَاهِدُوا بِأَمْوَالِكُمْ وَأَنْفُسِكُمْ
فِي سَبِيلِ اللَّهِ ۚ ذَٰلِكُمْ خَيْرٌ لَكُمْ إِنْ كُنْتُمْ تَعْلَمُونَ ﴿٤١﴾

၉ : ၄၁ ။ ။ အသင်တို့သည် ပေါ့ပါးကြသည်ဖြစ်စေ၊ လေးလံကြသည်ဖြစ်စေ (သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ၊ ဝဖြိုးသည်ဖြစ်စေ၊ ပိန်ချုံးသည်ဖြစ်စေ၊ နုပျိုသည်ဖြစ်စေ၊ အိုမင်းသည်ဖြစ်စေ၊ ရှင်လန်းသည်ဖြစ်စေ၊ ပျင်းရိသည်ဖြစ်စေ၊ ကြွယ်ဝသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ အစီးအနင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အားလပ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မည်သို့ပင် ဖြစ်စေကာမူ) မိမိတို့၏ အိမ်များမှ (စစ်ချီရန်) ထွက်ကြ၍ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် အသက်ဇီဝိန်တို့ဖြင့် သက်စွန့်ကြိုးပမ်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန်။ ဤသည် အကယ်၍ အသင်တို့ သိဘတ်ကြပါလျှင် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။

لَوْ كَانَ عَرَضًا قَرِيبًا وَسَفَرًا قَاصِدًا لَاتَّبَعُوكَ
وَلَٰكِنْ بَعُدَتْ عَلَيْهِمُ الشُّقَّةُ ۚ وَسَيَحْلِفُونَ بِاللَّهِ
لَوِ اسْتَطَعْنَا لَخَرَجْنَا مَعَكُمْ يُهْلِكُونَ أَنْفُسَهُمْ
وَاللَّهُ يَعْلَمُ إِنَّهُمْ لَكَاذِبُونَ ﴿٤٢﴾

၉ : ၄၂ ။ ။ အကယ်၍သာ ပစ္စည်းဥစ္စာတစ်စုံတစ်ရာကို လွယ်လင့်တကူ ရရှိမည့်အပြင် ခရီးသည်လည်း သာမန် (မနီးမဝေး) ခရီးပင်ဖြစ်ခဲ့ပါမူ ၎င်းတို့သည် အသင့်နောက်သို့ မုချ လိုက်ခဲ့ကြမည်သာ ဖြစ်သည်။ သို့သော်လည်း (ယခု) ခရီး

သည် ၎င်းတို့ (၏ အမြင်) ၌ ကမ်းလှမ်းဝေးကွာ၍ ရှိနေပေရာ ၎င်းတို့သည် အသင်၏နောက်သို့ မလိုက်ဘဲ နေရစ်ခဲ့ကြလေသည်။ ထို့ပြင် မကြာမြင့်မီ (အသင်တို့ စစ်ပွဲမှ ပြန်လာကြသောအခါ) ၎င်း (မုနာဖစ်က်) တို့သည် (အသင်တို့ရှေ့ဝယ်) 'အကယ်၍သာ ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ခဲ့ကြပါလျှင် အသင်တို့နှင့်အတူ (စစ်ချီ) ထွက်ခဲ့ကြမည်မှာ အမှန်ပင်' ဟု အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောဆိုကြဦးမည်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်သာလျှင် ဖျက်ဆီးလျက် ရှိပေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လိမ်လည်မုသား ပြောဆိုသူများဖြစ်ကြောင်းကို ကောင်းစွာ သိရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'အိုး အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ကြလေကုန်' ဟု ပြောဆိုသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မြေကြီးဘက်သို့ လေးလံစွာ ထိုင်နေကြကုန်သနည်း။ (ဆိုလိုသည်မှာ ထသွားခြင်း မရှိကြသနည်း။) အသင်တို့သည် ဤမျက်မှောက်လောကီဘဝ၏ စည်းစိမ်ချမ်းသာများကို နောင်တမလွန် ဘဝ၏ စည်းစိမ်များထက် နှစ်သက်ကြလေပြီလော။ သို့ဖြစ်ပါမူ ဤပစ္စုပ္ပန်မျက်မှောက်ဘဝ၏ စည်းစိမ် ချမ်းသာသည် နောင်တမလွန်ဘဝ၏ စည်းစိမ်ချမ်းသာနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှသာဖြစ်ကြောင်း ကောင်းစွာ မှတ်ယူကြလေကုန်။ အကယ်၍ အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ရန် မထွက်ကြပါလျှင်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို ပေးတော်မူအံ့။ (အသင်တို့အား ဖျက်ဆီးပစ်လိုက်လေမည်။) ထိုမှတစ်ပါး အလ္လာဟ်အသျှင်မြတ် သည် အသင်တို့အစား အခြားလူတစ်မျိုးကို လဲလှယ်ဖန်ဆင်းတော်မူအံ့။ (ထိုမျိုးနွယ်စုမှ မိမိ၏ အလုပ်အား ရယူလိမ့်မည်။)

ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်၏ (သာသနာ) အား အနည်းငယ် စိုးစဉ်းမျှလည်း အကျိုး ယုတ်စေနိုင်ကြမည်မဟုတ်ချေ။ စင်စစ်သော်ကား အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်း နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ အကယ်၍ အသင်တို့သည် ကိုယ်တော်မြတ် ﷺ အား ကူညီရိုင်းပင်ခြင်းမရှိပါလျှင် မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ထိုနဗီတမန်တော်ကို (ထို့ထက်ဆိုးရွား သော ဒုက္ခပူပင်သောက ဆိုက်ရောက်သည့်အချိန်တွင် အကူအညီပေးခဲ့သည်ဖြစ်သကဲ့သို့) ကိုယ်တော့် အား ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သောသူများက ၎င်းအား (မက္ကာဟ်မြို့မှ) နှင်ထုတ်ကြစဉ် ၎င်းနဗီတမန်တော်သည် နှစ်ဦးအနက် တစ်ဦးသည် ကိုယ်တော်ဖြစ်ပြီး (အခြားတစ်ဦးသည် ဟဇရသ်အဗူဗကရ် ဆိဒ္ဒီးက် ﷺ ကိုယ်တော်နှင့် အတူတကွ ရှိခဲ့လေသည်။) ထိုအချိန်တွင် ၎င်းတို့နှစ်ဦးသည် 'ဆော်ရ်'ဟု အမည်ရသော လိုဏ်ဂူအတွင်းရှိနေစဉ် ထိုတမန်တော်က မိမိအပေါ်အား 'အသင် စိုးရိမ်ပူပန်ခြင်း မပြုပါ လေနှင့်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ငါတမန်တော်တို့နှင့်တကွ အတူရှိတော်မူသည်'ဟုပြောဆို၍ ရှိနေစဉ် ဤသို့ ကူညီစောင်မတော်မူခဲ့လေသည်။

ထိုအချိန်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည် မိမိထံတော်မှ စိတ်တည်ငြိမ်မှုကို ၎င်းနဗီတမန်တော်၏ အပေါ်သို့ (နှလုံးသားသို့) ချပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါးလည်း ၎င်းနဗီတမန်တော်အား (ကောင်းကင်တမန်တော်များ) အသင်တို့ မမြင်ခဲ့ကြရသော စစ်သည်ဗိုလ်ပါများဖြင့် ကူညီအားပေး ထောက်မတော်မူခဲ့၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်မယုံ မကြည် သွေဖည်ငြင်းပယ်သောသူတို့၏ စကားများကို (အကြံအစည်များကို) နိမ့်ကျစေတော်မူခဲ့လေ၏။ (အကြောင်းမှာ ၎င်းတို့သည် အရှုံးအနိုင်ဖြစ်ခဲ့ရလေသည်) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ စကားတော်မှာမူကား အမြင့်ဆုံး အထွတ်အထိပ်ဆုံး ဖြစ်ခဲ့ချေသည်။ (အကြောင်းမှာ ထိုအသျှင်မြတ်၏ အကြံအစည်နှင့် စောင့်ရှောက်မှုသည် လွှမ်းမိုးခဲ့လေသည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တန်ခိုးကြီးမားတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (သို့ပါ၍ ထိုအသျှင်မြတ်၏ စကားနှင့် အသိဉာဏ်အမြော်အမြင်သည် စစ်မှုပြိုင်ဆိုင် တိုက်ခိုက်ရန်အတွက် လွှမ်းမိုးလျက်ပင် ရှိလေသည်။)

အသင်တို့သည် ပေါ့ပါးစွာဖြင့်လည်းကောင်း၊ လေးလံစွာဖြင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ အသက်၊ အိုး၊ အိမ်၊ စည်းစိမ်များဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန်။ ဤသည် အကယ်၍ အသင်တို့ သိတတ်ကြပါလျှင် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသတည်း။ (သို့ပါ၍ ကြန့်ကြာမှုမဖြစ်ကြလေနှင့်။) အကယ်၍သာ ဥစ္စာပစ္စည်း တစ်စုံတစ်ရာကို ရုတ်တရက် လွယ်ကူစွာ ရရှိ မည်ဖြစ်သည့်အပြင် ခရီးသည်လည်း မနီးမဝေး အလယ်အလတ်ပင်ဖြစ်ခဲ့ပါမူ ၎င်းမုနာဖစ်က် အရေခြုံများသည် အသင်ကိုယ်တော်၏ နောက်သို့ အမှန်ပင် လိုက်ခဲ့ကြမည်သာ တည်း။ ယခုသော်ကား ၎င်းတို့အမြင်၌ ခရီးသည် ကမ်းလှမ်းဝေးကွာ၍ ရှိနေခဲ့လေရာ ၎င်းတို့သည် အသင်၏နောက်သို့ မလိုက်ဘဲ နေရစ်ခဲ့ကြလေသည်။ ထိုမှတစ်ပါး များမကြာမြင့်မီ ၎င်းတို့သည် (အသင်တို့ ပြန်လည်ရောက်ရှိလာသောအခါ) အသင်တို့ရှေ့ဝယ် အကယ်၍သာ ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ခဲ့ကြပါလျှင် အသင်တို့နှင့်အတူ ထွက်ခဲ့ကြမည် အမှန်ပင်ဟု အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောဆိုကြဦးမည်ဖြစ်သည်။ ဤသူတို့သည် (မုသားသုံး၍) မိမိကိုယ်ကိုသာ ဖျက်ဆီးလျက်ရှိကြပေသည်။ (အပြစ်ဒဏ် ထိုက်သောသူများအဖြစ် ပြုနေကြသောသူများကို ဆိုလိုသည်။) စင်စစ်သော်ကား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ မုသာဝါဒီများ ဖြစ်ကြောင်းကို ကောင်းစွာ သိရှိတော်မူပေသတည်း။ (မုချဧကန် ၎င်းတို့သည် တတ်နိုင်စွမ်းရှိသော်ငြားလည်း ထွက်ခဲ့ကြခြင်း မရှိချေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဘသတ်များ

အထက်ဖော်ပြပါအာယသ်တော်များ၌ ကိုယ်တော်မြတ် ﷺ ၏ စစ်ပွဲများအနက် အလွန်အရေးပါသော စစ်ပွဲတစ်ခု၏ အကြောင်းနှင့် ၎င်းစစ်ပွဲတွင် မြောက်မြားစွာသော ပညတ်ချက်တော်များနှင့် လမ်းညွှန်ချက်များ လာရှိထား၏။ ၎င်းစစ်ပွဲသည် 'သဗူးက်' စစ်ပွဲအမည်ဖြင့် ကျော်ကြားလေသည်။ ထို့ပြင် ဤစစ်ပွဲသည် ခန့်မှန်းခြေအားဖြင့် ကိုယ်တော်မြတ် ﷺ ၏ နောက်ဆုံးစစ်ပွဲဖြစ်ခဲ့လေသည်။

'သဗူးက်'သည် မဒီနာဟ်ရွှေမြို့တော်၏ မြောက်အရပ် ဆီးရီးယားနိုင်ငံ နယ်စပ်ရှိ နေရာတစ်နေရာ၏ အမည်ဖြစ်လေသည်။ ဆီးရီးယားနိုင်ငံသည် ထိုအချိန်တွင် ရောမအင်ပါယာ၏ လက်အောက်ရှိ ပြည်နယ်တစ်ခုဖြစ်ခဲ့၏။ ကိုယ်တော်မြတ် ﷺ သည် ဟိဂျ်ရီ (၈) ခုနှစ်၌ မက္ကာဟ်မြို့နှင့် 'ဟုနိုင်း်'စစ်ပွဲအောင်နိုင်ပြီး မဒီနာဟ်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ထိုအချိန်တွင် အာရဗ်ကျွန်းဆွယ်သည် အစ္စလာမ့်အုပ်ချုပ်မှုအောက်၌ ရှိနေသော အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့လေသည်။ ထို့ပြင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်တို့၏ (၇) နှစ်ဆက်တိုက် စစ်ပွဲများပြီးသည့်နောက် ယခု မွတ်စ္စလင်မ်များအတွက် အနည်းငယ် တည်ငြိမ်အေးချမ်းသော အချိန်ကာလ ရရှိခဲ့ပြီးဖြစ်လေသည်။

သို့သော် အကြင်တမန်တော်မြတ် ﷺ နှင့် ပတ်သက်သော အလ္လာဟ်အသျှင်မြတ်သည် ပထမကတည်းကပင်

لِيُظْهِرَهُ عَلَى الدِّيْنِ كُلِّهِ

ဟု အမိန့်ရှိ၍ တစ်လောကလုံး၏ အောင်မြင်မှုနှင့် ၎င်းအောင်မြင်မှု၌ မိမိ၏ စစ်မှန်သော သာသနာအား လွှမ်းမိုးခြင်း၏ သတင်းကောင်းပေးထားခဲ့ပြီး ဖြစ်၏။ ကိုယ်တော်နှင့် ကိုယ်တော်၏ မိတ်ဆွေအပေါင်းအပါများအား အဘယ်မှာ အားလပ်ခွင့် ရရှိမည်နည်း။ မဒီနာရွှေမြို့တော်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် ဆီးရီးယားနိုင်ငံမှ ရောက်ရှိလာသော ကုန်သည်များသည် ဆီးရီးယားနိုင်ငံမှ (ဇိုင်သွန်း) သံလွင်ဆီများအား သယ်ဆောင်လာ၍ မဒီနာအစရှိသော မြို့များ၌ ရောင်းချကြလေသည်။ ၎င်းတို့သည် 'ရောမဘုရင် 'ဟိရက်လ်'သည် မိမိ၏ စစ်တပ်အား ဆီးရီးယားနိုင်ငံနယ်စပ်ရှိ 'သဗူးက်'ဟု အမည်ရသော နေရာ၌ စုရုံးနေကြောင်း သတင်းရရှိသွားလေသည်။ ထို့ပြင် စစ်သားများအား တစ်နှစ်စာလစာ ကြိုတင်ပေး၍ ပျော်ရွှင်အေးချမ်းအောင် ပြုထားလေသည်။ ထို့ပြင် အာရဗ်နိုင်ငံ၏ အချို့သော မျိုးနွယ်များကိုလည်း စည်းရုံးထားလေသည်။ ၎င်းတို့၏ ဆန္ဒသည် မဒီနာမြို့အား တစ်ပြိုင်နက် ထိုးနက်တိုက်ခိုက်ရန် ဖြစ်သည်။

ကိုယ်တော်မြတ် ﷺ သည် ၎င်းသတင်း ရရှိသွားသောအခါ ၎င်းတို့ ချီတက်တိုက်ခိုက်ခြင်း မပြုမီအလျင် ၎င်းတို့ စစ်တပ်ချထားသောနေရာတွင် သွားရောက်တိုက်ခိုက်ရန် ရည်ရွယ်လေသည်။

ဤအချိန်သည် အလွန်ပူပြင်းသော ရာသီဥတု ဖြစ်လေသည်။ မဒီနာရှိသူတို့သည် များသောအားဖြင့် လယ်ယာကိုင်းကျွန်းကိုသာ ပြုလုပ်သောသူများ ဖြစ်ကြ၏။ ၎င်းတို့၏ ဥယျာဉ်များနှင့် လယ်ယာကိုင်းကျွန်းများတွင် သစ်သီးဝလံများ မှည့်နေသော အချိန်ဖြစ်သည်။ ၎င်းလယ်ကိုင်းကျွန်းအပေါ် မှီခို၍ တစ်နှစ်တာကာလပတ်လုံး အသက်မွေးဝမ်းကျောင်းပြုသော အရာဖြစ်ခဲ့လေသည်။ ထို့ပြင် လုပ်သားများ၏ အိမ်များသည်လည်း လကုန်သည့်ရက်ဖြစ်သည့်အပေါ် လစ်လပ်၍နေလေသည်။ ထိုနည်းတူစွာ လယ်ယာကိုင်းကျွန်းလုပ်ကိုင်သော သူတို့သည် ရာသီကုန်ဆုံးချိန်တွင် လက်ဝယ်တွင် လိုအပ်သော အချိန်ကာလဖြစ်လေသည်။ တစ်ဖက်တွင် ကျပ်တည်းမှုနှင့် အခြားတစ်ဖက်၌ ဝင်ငွေရရှိမည့် မျှော်လင့်ချက်ရှိနေသော ကာလဖြစ်၏။ ၎င်းပူပြင်းသော ရာသီဥတုသည် ထိုမျိုးနွယ်အဖို့ ယခုပင် မိမိ၏ လုပ်ဖော်ကိုင်ဖက်များနှင့်တကွ ရှစ်နှစ်တိုင်တိုင် စစ်ပွဲပြီးသည့်နောက် အနည်းငယ် အသက်ရှူချောင်သော အချိန်ကာလ ရရှိခဲ့ခြင်းဖြစ်လေသည်။ ၎င်းအချိန်တွင် အပြင်းထန်ဆုံး သည်းခံစိတ်အား ဆန်းစစ်သော ကာလဖြစ်ခဲ့လေသည်။

သို့သော် အချိန်ကာလ၏ တောင်းဆိုမှုဖြစ်၏။ ဤစစ်ပွဲသည် မိမိ၏ အမျိုးအစားများဖြစ်သော ရှေးယခင် စစ်ပွဲများထက် ခြားနားမှုရှိလေသည်။ ယခင်စစ်ပွဲများသည် မိမိကဲ့သို့သော သူများနှင့် စစ်ခင်းခဲ့ရခြင်းဖြစ်ခဲ့၏။ ယခုသော် ရောမဘုရင် 'ဟေရာက်လ်'၏ စစ်ရေးလေ့ကျင့်ပေးထားသော စစ်တပ်နှင့် တိုက်ခိုက်ရမည်ဖြစ်သည်။ သို့ပါ၍ ကိုယ်တော်မြတ် ﷺ မှ မဒီနာတစ်မြို့လုံးရှိ မွတ်စလင်မ်များအား 'ဂျီဟားဒ်' စစ်ပွဲဆင်နွှဲရန်အတွက် အမိန့်ပေးတော်မူခဲ့လေသည်။ ထို့ပြင် အနီးအနားရှိ အခြားမျိုးနွယ်များကိုလည်း စစ်ပွဲတွင် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ခဲ့လေသည်။ ဤကြေငြာချက်သည် အစ္စလာမ်နှင့် ပတ်သက်၍ စတေးသောသူများအဖို့ ပြင်းထန်သော စစ်ဆေးမှုတစ်ရပ် ဖြစ်ခဲ့လေသည်။ ထို့ပြင် (မွတ်စလင်မ်) မုနာဖစ်က်ဟု ကြွေးကြော်လျက်ရှိသော သူများကိုလည်း ခွဲခြားသိရှိရသည်။ ထို့ပြင် အစ္စလာမ့် 'ကလေမာဟ်'တော်အား ဖတ်ရွတ်ထားသောသူများ၏ အခြေအနေအရပ်ရပ်၏ ရလဒ်ကိုလည်း မုချသိရှိရလေသည်။ ကျမ်းတော်မြတ်ကုရ်အာန်မှ ၎င်းတို့အနက် အခြေအနေအရပ်ရပ်နှင့် ပတ်သက်ပြီး သီးခြား အမိန့်ရှိထားပေသည်။

အခြေအနေတစ်ရပ်မှာ 'ဂျီဟားဒ်'ပြုရန် ဆိုင်းငံ့ခြင်းမရှိဘဲ အဆင်သင့်ဖြစ်ရှိသွားသော ပြည့်ဝသည့် ပုဂ္ဂိုလ်များ၏ အခြေအနေဖြစ်သည်။ ဒုတိယပုဂ္ဂိုလ်များမှာ အစကနဦးတွင် အနည်းငယ်စဉ်းစားတွေဝေသွားပြီးသည့်နောက် 'ဂျီဟားဒ်'ပြုရန် အဆင်သင့်ပြုသောသူများ ဖြစ်သည်။ ထိုအုပ်စုနှင့်ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်မှ

اَلَّذِيْنَ اتَّبَعُوْهُ فِيْ سَاعَةِ الْعُسْرَةِ مِنْۢ بَعْدِ مَاكَادَيَزِيْغُ قُلُوْبُ فَرِيْقٍ مِّنْهُمْ

ဟု အမိန့်ရှိထားလေသည်။ 'အကြင်သူများသည် ကျပ်တည်းသော အချိန်၌လည်း ကိုယ်တော်မြတ် ﷺ ၏ နောက်လိုက်ပြုကြလေသည်။ ၎င်းတို့သည် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်များပင်တည်း။ ထို့နောက် ၎င်းတို့အနက် အုပ်စုတစ်စု၏ နှလုံးသားများသည် အမှားကျူးလွန်သောသူများ ဖြစ်ခဲ့ကြလေသည်။'

တတိယအခြေအနေမှာ စစ်မှန်သော အကြောင်းပြချက်အပေါ် ၎င်းစစ်ပွဲ၌ ပါဝင်ဆင်နွှဲနိုင်ခြင်း မရှိသော သူများ၏ အခြေအနေဖြစ်၏။ ၎င်းအုပ်စုနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၏

لَيْسَ عَلَى الضُّعَفَاۤءِ وَلَاعَلَى الْمَرْضٰى

အာယသ်တော်မှ ၎င်းတို့၏ အကြောင်းပြချက်အား လက်ခံကြောင်း အမိန့်ရှိထားလေသည်။ စတုတ္ထအုပ်စုသည် မည်သည့်အကြောင်းပြချက်မှ မရှိဘဲ ပျင်းရိမှုကြောင့် စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်း မရှိကြချေ။ ၎င်းတို့နှင့် ပတ်သက်ပြီး မြောက်မြားစွာသော အာယသ်တော်များ လာရှိထားသည်။ اٰخَرُوْنَ اعْتَرَفُوْا – وَعَلَى الثَّلٰثَةِ الَّذِيْنَ خُلِّفُوْا اٰخَرُوْنَ مُرْجَوْنَ لِاَمْرِ اللّٰهِ နှင့် بِذُنُوْبِهِمْ ထို့ပြင် ဤအာယသ်တော်သုံးပုဒ်စလုံးသည် ၎င်းတို့နှင့် ပတ်သက်၍ ကျရောက်လာသော အာယသ်တော်များ ဖြစ်၏။ ၎င်းအာယသ်တော်များသည် ထိုသူတို့၏ ပျင်းရိမှုအပေါ် သတိချမှတ်မှုလည်း ပြုထား၍ နောက်ဆုံးတွင် ၎င်းတို့၏ 'သောင်ဗာဟ်'အမှားဝန်ခံမှုအား လက်ခံခြင်း၏ သတင်းကောင်းလည်း ပါရှိပေသည်။

ပဉ္စမအုပ်စုသည် မုနာဖစ်က်များ၏ အုပ်စုပင်တည်း။ ၎င်းတို့သည် မိမိတို့၏ အရေးခြံမှုကြောင့် ထိုပြင်းထန်သော စစ်ဆေးမေးမြန်းမှုတွင် မိမိတို့၏ အရေးခြံမှုအား ဖုံးကွယ်နိုင်စွမ်းမရှိချေ။ ထို့အပြင် စစ်ပွဲ၌ ပါဝင်ဆင်နွှဲခြင်းမှ တစ်သီးတစ်ခြားနေလိုက်ကြ၏။ ၎င်းအုပ်စုနှင့် ပတ်သက်ပြီး မြောက်မြားစွာသော အာယသ်တော်များ လာရှိထားပေသည်။

ဆဋ္ဌမအုပ်စုသည် ၎င်းမုနာဖစ်က်အရေးခြံများ၏ အုပ်စုများပင်တည်း။ ၎င်းတို့သည် စူးစမ်းထောက်လှမ်းခြင်းနှင့် ဆိုးသွမ်းရန်အတွက် မွတ်စ္စလင်မ်များနှင့်အတူတကွ လိုက်ပါသွားခဲ့လေသည်။ ၎င်းတို့၏ အကြောင်းအရာအား ကျမ်းတော်မြတ်ကုရ်အာန်၏

وَهَمُّوا بِمَا لَمْ يَنَالُوا ، وَلَئِنْ سَأَلْتَهُمْ لَيَقُولُنَّ ، وَفِيكُمْ سَمَّٰعُونَ لَهُمْ ،

၎င်းအာယသ်တော်များဖြင့် တင်ပြထားလေသည်။

သို့သော် ထိုအခက်အခဲဟူသရွေ့ ရှိနေလင့်ကစား စစ်ပွဲ၌ ပါဝင်ဆင်နွှဲခြင်းမရှိသာ သူများသည် အနည်းငယ်မျှ မပြောပလောက်ရုံမျှသာ ရှိခဲ့လေသည်။ မြောက်မြားစွာသော မွတ်စ္စလင်မ်များသည် မိမိတို့၏ အကျိုးကျေးဇူးများနှင့် စည်းစိမ်များအား စတေး၍ အလ္လာဟ်အသျှင်မြတ်၏လမ်း၌ အမျိုးမျိုးအဖုံဖုံသော ဒုက္ခများအား ကြံ့ကြံ့ခံရန် အသင့်ဖြစ်ခဲ့လေသည်။ သို့ပါ၍ ထိုစစ်ပွဲ၌ အစွလာမ့်စစ်တပ်ဦးရေသည် (၃၀၀၀) ခန့် ရှိခဲ့၏။ ၎င်းအရေအတွက်အား အလျင်စစ်ပွဲများ၌ မတွေ့ခဲ့ရချေ။

၎င်းစစ်ပွဲ၏ ရလဒ်မှာ 'ရောမဘုရင် ဟီရကလ်'သည် မွတ်စ္စလင်မ်များ၏ ဤမျှ ကြီးမားသော အုပ်စုနှင့် ရင်ဆိုင်တိုက်ခိုက်ရန်လာသည့် သတင်းအား ရရှိသော ၎င်း၏ အရှိန်အဝါသက်ရောက်၍ ၎င်းမွတ်စ္စလင်မ်အုပ်စုများနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ရောက်ရှိလာခဲ့ခြင်း မရှိပေ။ ကိုယ်တော်မြတ်သည် ဆွဟာဗာများ၏ စစ်တပ်နှင့်တကွ စစ်စခန်းတွင် နေ၍ ဆန့်ကျင်ဘက်အုပ်စုများနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ရောက်ရှိလာခြင်း မရှိသောအခါ ပြန်လည်ကြွမြန်းလာခဲ့လေသည်။ အထက်တွင် ရေးသားထားသော အာယသ်တော်များသည် စင်စစ် စတုတ္ထအုပ်စုနှင့် ပတ်သက်လေသည်။ ၎င်းတို့သည် စစ်မှန်သော အကြောင်းပြချက်မရှိဘဲ မိမိ၏ ပျင်းရိမှုကြောင့် စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ခြင်းမရှိချေ။ ပထမအာယသ်တော်၌ ၎င်းတို့၏ ပျင်းရိမှုနှင့် မေ့မှားမှုအပေါ် ချမှတ်ခဲ့လေသည်။ ထို့အတူ ၎င်းတို့၏ မေ့မှားမှုနှင့် ပျင်းရိသော ရောဂါ၏ အကြောင်းခံ၊ တစ်ဖန် ၎င်း၏ ကုစားနည်းကိုလည်း အမိန့်ရှိထားတော်မူ၏။ ၎င်းနှင့် ပတ်သက်၍ ဤသည်လည်း ထင်ရှားသွားလေသည်။ အဘယ်ကြောင့်ဆိုသော် လောကီအား ချစ်ခင်စုံမက်ခြင်းနှင့် နောင်တမလွန် 'အာခေရသ်'အား မေ့လျော့ခြင်းသည် ပြစ်မှုဟူသရွေ့၏ အခြေအမြစ်ဖြစ်သည့် အကြောင်းမှာ ၎င်းရောဂါ၏ အကြောင်းခံနှင့် ကုသမှုအား ဤနေရာတွင် အမိန့်ရှိထားလေသည်။ စင်စစ် ထိုနေရာ၌ ၎င်းသည် သီးသန့် အဖြစ်အပျက်တစ်ခုနှင့် ပတ်သက်၏။ သို့သော် စဉ်းစားသုံးသပ်ကြည့်မည်ဆိုပါက သာသနာ့ရေးရာကိစ္စများတွင် ပျင်းရိမှုဟူသရွေ့နှင့် မေ့မှားမှု၊ ထို့အပြင် ပြစ်မှုဟူသရွေ့၏ အဓိကအကြောင်းအရင်းသည် လောကီအား ချစ်ခင်စုံမက်ခြင်းနှင့် နောင်တမလွန်အာခေရသ်အား မေ့လျော့ထားခြင်းပင် ဖြစ်၏။ သို့ပါ၍ ဟဒီးစ်တော်၌

حُبُّ الدُّنْيَا رَأْسُ كُلِّ خَطِيْئَةٍ

ဟု ကိုယ်တော်မြတ်မှ အမိန့်ရှိတော်မူထား၏။ ဆိုလိုသည်မှာ လောကီအား ချစ်ခင်စုံမက်ခြင်းသည် ပြစ်မှုဟူသရွေ့၏ အခြေအမြစ်ဖြစ်သည်။ သို့ပါ၍ အထက်ဖော်ပြပါ အာယသ်တော်၌ အမိန့်ရှိသည်မှာ အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား အလ္လာဟ့်လမ်း၌ ထွက်ရန်အတွက် ပြောဆိုသော် အသင်တို့သည် မြေပထဝီ၌ ကပ်တွယ်နေခြင်းသည် မည်သို့ ဖြစ်ရှိသွားသနည်း။ အသင်တို့သည် နောင်တမလွန် အာခေရသ်၏ အစား လောကီသက်တမ်းပေါ်၌သာ နှစ်မြုပ်ထားကြသလော။

ဖြစ်ရှိနေသော ဝေဒနာအား တင်ပြပြီးသည့်နောက် ၎င်းတို့၏ကုထုံးအား ရှေ့ဝါကျ၌ ဤသို့ အမိန့်ရှိထား၏။ လောကီသက်တမ်းမှ အကျိုးခံစားသော အလွန်နည်းပါးခြင်းမှအပ မည်သည့်အရာမျှ မရရှိနိုင်ပေ။

၎င်း၏ ရရှိသည့် အကျိုးကျေးဇူးမှာ ကြီးမားသော သောကထားခြင်းသည် 'အာခေရသ်' နောင်တမလွန်၏ ထာဝရသက်တမ်းအပေါ် ထားရန် လိုအပ်ပေသည်။ ထို့ပြင် ဤသောကသည် 'အာခေရသ်' နောင်တမလွန်အတွက်သာလျှင် စင်စစ် ရောဂါဟူသရွေ့၏ တစ်ခုတည်းသော ကုထုံးတစ်ခုဖြစ်၏။ ထို့အပြင် ပြစ်မှုဟူသရွေ့၏ ရိုးဖယ်ဖွဲ့၍ မရသော ဆေးညွှန်းတစ်လက်ဖြစ်၏။

အစ္စလာမ်ယုံကြည်ချက်ဆိုင်ရာ အခြေအမြစ်သည် အရာသုံးခုအပေါ်ခန့် မူတည်၏။ ၎င်းတို့မှာ-

(၁) 'သောင်ဟီးဒ်'၊

(၂) ရေစာလသ်၊

(၃) 'အာခေရသ်'နောင်တမလွန်တို့ ဖြစ်သည်။

၎င်းတို့အနက် 'အာခေရသ်'နောင်တမလွန်နှင့် ပတ်သက်သော ယုံကြည်ချက်ပိုင်းဆိုင်ရာသည် စင်စစ် သီလများအား ပြုပြင်ပြောင်းလဲခြင်း၏ ဝိညာဉ်နှင့် ပြစ်မှုဟူသရွေ့၏ အရှေ့တွင် တံတိုင်းကြီးပမာ ဖြစ်လေသည်။ အကယ်၍ စဉ်းစားဆင်ခြင်ကြည့်သော် လောကီ၏ အေးချမ်းသာယာမှုအပေါင်းသည် ထိုယုံကြည်ချက်များမှအပ တည်မြဲမှု မရရှိနိုင်ချေ။ တားဆီးရန်အတွက်လည်း မည်သည့်နိုင်ငံနှင့် မည်သည့်အမျိုးအနွယ်၌ မဆို စီမံထားသော စီမံချက်များသည်လည်း အနည်းငယ်မျှ လျော့နည်းခြင်း မရှိချေ။ ခိုင်မြဲသော ဥပဒေနှင့် ၎င်းအတွက် စီမံထားသော စက်ယန္တရားသည်လည်း နေ့စဉ်နှင့်အမျှ တိုးတက်လျက် ရှိ၏။ သို့သော်ငြားလည်း ထိုသို့ စီမံထားလင့်ကစား ဒုစရိုက်များသည် နေရာတိုင်းနှင့် မျိုးနွယ်တိုင်း၌ နေ့စဉ်နှင့်အမျှ တိုးတက်နေကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ရမည်။ ကျွန်ုပ်တို့၏ အမြင်၌ ရောဂါဝေဒနာ၏ သတ်မှတ်မှုနှင့် ၎င်း၏ ကုထုံးသည် ဦးတည်ချက် စစ်မှန်မှုမရှိကြောင်း တွေ့မြင်ရ၏။ ၎င်းဝေဒနာ၏ ထွက်ပေါက်နှင့် ဥစ္စာပစ္စည်းများအပေါ် ချစ်ခင်စုံမက်ခြင်း၊ ထို့ပြင် 'အာခေရသ်'နောင်တမလွန်အား မေ့လျော့၍ မျက်နှာလွှဲခြင်းပင် ဖြစ်သည်။ ထို့ပြင် ၎င်း၏ တစ်ခုတည်းသော ကုထုံးသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းနှင့် 'အာခေရသ်' နောင်တမလွန်အပေါ် သောကထားခြင်းဖြစ်သည်။ မည်သည့်အချိန်အခါမဆို လောကီ၌ ၎င်းဆေးညွှန်းအား အသုံးပြုမည်ဆိုသော် တစ်မျိုးသားလုံးနှင့် ၎င်း၏ ဆက်နွယ်မှုများသည် စစ်မှန်ပြီး လူ့သဏ္ဌာန်ဖြစ်ရှိ၍

ကောင်းကင်တမန်များအတွက် ဝင်ကြွားထိုက်သောအရာ ဖြစ်ရှိသွားပေမည်။ ရစူလ်စေလွှတ်ခြင်း၏ သမယ နှင့် ဆွဟာဗာများ၏ သမယ၏ အတွေ့အကြုံသည် ၎င်းတို့အဖို့ လုံလောက်သော အထောက်အထားပင် ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်၌ အပြစ်ဒုစရိုက်အား တားဆီးရန် လိုလားသော်ငြားလည်း အလ္လာဟ်နှင့် 'အာခေရသ်' နောင်တမလွန်အား မေ့လျော့၍ လိုလားခြင်းပင်ဖြစ်သည်။ ထို့ပြင် ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်းတွင် အလ္လာဟ်နှင့် 'အာခေရသ်' တို့ အတွေးမပေါ်ပေါက်စေသည့် ပစ္စည်းဥစ္စာများကိုသာ စုစည်း၍ နေကြသည်။ ၎င်း၏ ရလဒ်သည် မျက်ဝါးထင်ထင် ဆိုက်ရောက်လာပြီဖြစ်ကြောင်း အကြောင်းမှာ အကောင်းဆုံး ချမှတ်ထားသော ဥပဒေများနှင့် ဥပဒေအကြံပေးအရာရှိ အားလုံးသောသူများ ရှုံးနိမ့်သွားသည်ကိုသာ တွေ့မြင်ရလေသည်။ ပြစ်မှုဒုစရိုက်သည် မိမိ၏နေရာ၌ တစ်သမတ်တည်းမရှိဘဲ နေ့စဉ်နှင့်အမျှ လေပြင်းမုန်တိုင်းသဖွယ် တိုးတက်ရွေ့လာ၏။ တစ်ချိန်တစ်ခါ လောကီအသိဉာဏ် အမြော်အမြင်ရှိသော သူများသည် ကျမ်းမြတ်ကုရ်အာန်၏ ညွှန်းထားသော ဆေးညွှန်းအား အသုံးပြုကြမည်ဆိုသော အလွန် လွယ်ကူစွာဖြင့် ဒုစရိုက်များအပေါ် စွမ်းဆောင်လာနိုင်မည်ဖြစ်သည်။

ဒုတိယအာယသ်တော်၌ ပျင်းရိသော သူတို့၏ ရောဂါနှင့် ကုထုံးအပေါ် သတိချမှတ်ပြီးသည့်နောက် နောက်ဆုံး ဆုံးဖြတ်ချက်ကိုလည်း ဤသို့ ကြားနာစေ၏။ အကယ်၍ အသင်တို့သည် 'ဂျီဟားဒ်' အတွက် ထွက်ခြင်းမရှိသော အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ပြင်းပြနာကျင်ဖွယ်ရာကောင်းသော ပြစ်ဒဏ်၌ နှိမ့်မွန်းစေမည်။ ထို့ပြင် အသင်တို့၏နေရာတွင် အခြားမျိုးနွယ်စုတစ်စုအား ရပ်တည်စေလိမ့်မည်။ ထို့ပြင် အသင်တို့သည် သာသနာအပေါ် ကျင့်ကြံအားထုတ်မှု မပြုခြင်းအားဖြင့် အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်အား တစ်စုံတစ်ရာ ဆုံးရှုံးမှု မသက်ရောက်နိုင်ပေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အရာရာအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

တတိယအာယသ်တော်၌ ကိုယ်တော်မြတ် ﷺ ဟိဂျ်ရသ်ပြုခဲ့သော အဖြစ်အပျက်အား တင်ပြ၍ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်သည် လူသားတစ်ဦးတစ်ယောက်၏ ရိုင်းပင်းကူညီမှု မလိုအပ်ကြောင်း ပြသတော်မူ၏။ အသျှင်မြတ်ကိုယ်တော်တိုင် တမန်တော်မြတ်အား အကွယ်မှ တိုက်ရိုက် အကူအညီပေးနိုင်၏။ ဟိဂျ်ရသ်ပြုသောအချိန်တွင် ပေါ်ပေါက်လာသကဲ့သို့ ကိုယ်တော့်အား ကိုယ်တော်၏ မိတ်ဆွေသင်္ဂဟာအပေါင်းနှင့် ချက်မြုပ်မြို့သူ၊ မြို့သားအပေါင်းမှ မြို့မှ ထွက်ခွာရန် အခမ္မပြုခဲ့၏။ ခရီးစဉ်တွင် ကိုယ်တော်၏ မိတ်ဆွေ ဟဇရသ်အဗူဗာကရ်စွဒ္ဒီးက် ؓ မှအပ အခြားသူမရှိခဲ့ပေ။ ရန်သူများသည် ခြေလျင်ဖြင့်သော်လည်းကောင်း၊ အစီးအနင်းဖြင့်သော်လည်းကောင်း ထပ်ချက်မခွာ လိုက်လာကြ၏။ ကိုယ်တော်ပုန်းခိုရာ နေရာသည်လည်း လုံခြုံစိတ်ချရသည့် နေရာမဟုတ်သည့်အပြင် လိုဏ်ဂူတစ်ခုသာ ဖြစ်ခဲ့၏။ ၎င်းလိုဏ်ဂူ၏ အနီးတဝိုက်အထိ ရှာဖွေနေသော ရန်သူများ ဆိုက်ရောက်ခဲ့ပြီးဖြစ်၏။ ဟဇရသ်အဗူဗကရ်ဆွဒ္ဒီးက် ؓ သည် မိမိ၏ အသက်အန္တရာယ်အား စိုးရိမ်ခြင်းမရှိဘဲ ရန်သူများသည် နှစ်ဘဝစလုံး၏ ခေါင်းဆောင်ကိုယ်တော်

မြတ် ﷺ အပေါ် ဝင်ရောက်တိုက်ခိုက်ကြမည်ကို စိုးရိမ်ပူပန်လျက် ရှိ၏။ သို့သော် ကိုယ်တော်မြတ် ﷺ သည် လှိုဏ်ဂူအတွင်း၌ တည်ငြိမ်အေးချမ်းစွာဖြင့် ရှိသည့်အပြင် မိမိ၏ မိတ်ဆွေ ဟဇရတ်အဗူဗကရ် ؓ အား ဤသို့ အမိန့်ရှိတော်မူခဲ့၏။

لَا تَحْزَنْ اِنَّ اللّٰهَ مَعَنَا

'အသင် ပူပင်သောက မဖြစ်ပါလင့်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့နှင့် အတူတကွ ရှိတော်မူလေသည်။'

ဤအချက်အား တင်ပြရန်အတွက် စကားလုံးနှစ်လုံးအား အသုံးပြုထား၏။ ၎င်းအား ပြောဆိုရန် စိုးစဉ်းမျှ ခက်ခဲမှုမရှိချေ။ သို့သော် ကြားနာသောသူသည် အခြေအနေအရပ်ရပ်အား ရှေ့တွင်ထား၍ နှလုံးသားအပေါ် လက်တင်စဉ်းစားကြည့်မည်ဆိုသော် လောကီဥစ္စာပစ္စည်းများအပေါ် အရှုထားခြင်းဖြင့် ဤအေးချမ်းသာယာမှုသည် မဖြစ်နိုင်ပေ။ ၎င်း၏ အကြောင်းခံအား ကျမ်းမြတ်ကုရ်အာန်၏ ရှေ့တွင် တင်ပြခဲ့သော ဝါကျ၌ အမိန့်ရှိထားခြင်းမှအပ အခြားမဖြစ်နိုင်ချေ။ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော နှလုံးသားအပေါ် နှစ်သိမ့်မှုအား ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ဤသို့သော စစ်တပ်ဖြင့် ကိုယ်တော့်အား ကူညီစောင့်ရောက်တော်မူခဲ့၏။ ၎င်းအား အသင်တို့ မတွေ့မြင်ကြချေ။

ဤစစ်တပ်သည် ကောင်းကင်တမန်တော်များ၏ စစ်တပ်လည်း ဖြစ်နိုင်သကဲ့သို့ တစ်လောကလုံး၏ အင်အားများသည် အသျှင်မြတ်၏ စစ်တပ်များပင်ဖြစ်၏။ ထိုသည်လည်း ဖြစ်နိုင်ချေ၏။ ၎င်း၏ ရလဒ်သည် နောက်ဆုံး၌ ကုဖွရ်၏ 'ကလေမာဟ်'သည် တိမ်ကောသွား၍ အသျှင်မြတ်၏ 'ကလေမာဟ်'တော်သာလျှင် ပေါ်လွင်ထင်ရှားလာလေသည်။

စတုတ္ထအာယသ်တော်၌ တစ်ဖန် လေးနက်မှုရှိရန် အလို့ငှာ ၎င်းအမိန့်တော်အား ပြန်လည် အမိန့်ရှိထား၏။ ကိုယ်တော်မြတ် ﷺ သည် အသင်တို့အား 'ဂျီဟားဒ်'၌ ပါဝင်ဆင်နွှဲရန်အတွက် အမိန့်ရှိလာသော အခြေအနေအရပ်ရပ်၌ စစ်ပွဲသို့ထွက်ရန် အသင်တို့အပေါ် 'ဖွရ်ဇ်'ဖြစ်ရှိသွားလေသည်။ ထို့ပြင် ကိုယ်တော်မြတ်၏ အမိန့်အပေါ် လိုက်နာကျင့်သုံးခြင်းသည်သာလျှင် အသင်တို့အဖို့ အောင်မြင်မှုပင်တည်း။

ပဉ္စမမြောက်အာယသ်တော်၌ ပျင်းရိမှုလျော့မှုကြောင့် စစ်ပွဲတွင် ပါဝင်ခြင်းမရှိသော သူများ၏ အကြောင်းပြချက်တစ်ခုအား တင်ပြ၍ ဤအကြောင်းပြချက်သည် လက်ခံသင့် လက်ခံထိုက်သော အကြောင်းပြချက်မဟုတ်ကြောင်း အမိန့်ရှိထား၏။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အာဏာနှင့် စွမ်းအင်အား ချီးမြှင့်ပေးထားတော်မူခဲ့ပေသည်။ ၎င်းတို့သည် ထိုစွမ်းအင်အား ပြည့်ပြည့်ဝဝ အသုံးချခြင်း မရှိသည့်အတွက်ကြောင့် အင်အားမရှိဟု ပြသော အကြောင်းခံသည် စစ်မှန်မှုမရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

عَفَا اللَّهُ عَنكَ لِمَ أَذِنتَ
لَهُمْ حَتَّىٰ يَتَبَيَّنَ لَكَ الَّذِينَ صَدَقُوا وَتَعْلَمَ الْكَاذِبِينَ ﴿٤٣﴾

၉ : ၄၃ ။ ။ (အို၊ နဗီတမန်တော်) အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ချေပြီ။ (သို့ရာတွင်) အသင့်အဖို့ (ထိုသူတို့အနက်) မှန်ကန်စွာ ပြောဆိုသူ (သစ္စာဝါဒီ) တို့သည် ထင်ရှားခြင်း မရှိသေးမီလည်းကောင်း၊ (၎င်းပြင် ထိုသူတို့အနက်မှ) လိမ်လည်လှည့်ဖြား မုသားပြောဆိုသူများကို မသိရှိသေးမီ ထိုသူတို့အား အသင်သည် မည်သည့်အတွက်ကြောင့် (စစ်ချီရာသို့ မလိုက်ဘဲ နေရစ်ခဲ့ကြရန်) ခွင့်ပြုခဲ့ပါသနည်း။

لَا يَسْتَأْذِنُكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ
وَالْيَوْمِ الْآخِرِ أَن يُجَاهِدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ ۗ
وَاللَّهُ عَلِيمٌ بِالْمُتَّقِينَ ﴿٤٤﴾

၉ : ၄၄ ။ ။ အလ္လာဟ်အသျှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ကြသော သူတို့မှာမူ မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် အသက်ဇီဝိန်တို့ဖြင့် သက်စွန့်ကြိုးပမ်းတိုက်ခိုက်ခြင်းမှ ထိုင်နေကြရန် (မည်သည့်အခါမျှ) အသင့်ထံတွင် ခွင့်ပန်ကြမည် မဟုတ်ပေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အား ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

إِنَّمَا يَسْتَأْذِنُكَ الَّذِينَ
لَا يُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَارْتَابَتْ قُلُوبُهُمْ
فَهُمْ فِي رَيْبِهِمْ يَتَرَدَّدُونَ ﴿٤٥﴾

၉ : ၄၅ ။ ။ အကြင်သူတို့သည်သာလျှင် အသင့်ထံတွင် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှ) ခွင့်ပန်ကြကုန်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ခြင်း မရှိကြသည့်အပြင် ၎င်းတို့၏ စိတ်နှလုံးသားများသည်လည်း (အစ္စလာမ်သာသနာတော်နှင့် စပ်လျဉ်း၍) သံသယဖြစ်လျက် ရှိကြကုန်သည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ သံသယ၌ပင် တဝဲလည်လည် (မိန်းမော) တွေဝေလျက်ရှိနေကြပေသည်။

وَلَوْ أَرَادُوا الْخُرُوجَ
لَأَعَدُّوا لَهُ عُدَّةً وَلَٰكِن كَرِهَ اللَّهُ انبِعَاثَهُمْ
فَثَبَّطَهُمْ وَقِيلَ اقْعُدُوا مَعَ الْقَاعِدِينَ ﴿٤٦﴾

၉ : ၄၆ ။ ။ ၎င်းတို့သည် အကယ်စင်စစ် (အသင်တို့နှင့်အတူ စစ်မြေပြင်သို့) ထွက်ခွာကြရန် ရည်စူးခဲ့ကြပါလျှင် မုချဧကန် ၎င်းတို့သည် ထိုသို့ထွက်ရန် ပြင်ဆင်မှု အသင့်ပြုလုပ်ထားရှိကြပေမည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ (စစ်မြေပြင်သို့ လိုက်ပါ) သွားခြင်းကို နှစ်သက်တော်မမူခဲ့ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား (မိမိတို့နေရာ၌ပင် စွဲမြဲစွာ) နေမြဲနေစေတော်မူခဲ့လေသည်။ ၎င်းပြင် (အလ္လာဟ်အသျှင်မြတ်ထံတော်မှ ထိုသူတို့အား) 'အသင်တို့သည် ကျန်ရစ်ခဲ့သော သူတို့နှင့်အတူ ထိုင်၍ပင် ကျန်ရစ်ခဲ့ကြလေကုန်' ဟု မိန့်တော်မူခဲ့လေသည်။

لَوْ خَرَجُوا فِيكُم مَّا زَادُوكُمْ إِلَّا خَبَالًا
وَلَأَوْضَعُوا خِلَالَكُمْ يَبْغُونَكُمُ الْفِتْنَةَ
وَفِيكُمْ سَمَّاعُونَ لَهُمْ ۗ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ ﴿٤٧﴾

၉ : ၄၇ ။ ။ အကယ်၍သာ ၎င်းတို့သည် အသင်တို့နှင့်အတူ ပါဝင်၍ (ချီတက်ရန်) ထွက်ခဲ့ကြပါလျှင်လည်း အသင်တို့၌ ပျက်စီးရာပျက်စီးကြောင်းမှအပ မည်သည့်တစ်စုံတစ်ရာကိုမျှ တိုးပွားစေကြမည်မဟုတ်ပေ။ ထို့ပြင် ဧကန်မုချ အသင်တို့၌ အနှောင့်အယှက်ဖြစ်ပေါ်စေရန် ၎င်းတို့သည် အသင်တို့ကြားဝယ် (အပြေးအလွှား) သွားချေလာချေ (လှုပ်ရှားမှုကို) ပြုလုပ်ကြပေမည်။ ထို့ပြင် (ယခုလည်း) အသင်တို့အထဲ၌ ၎င်းတို့အဖို့ သတင်းထောက်လှမ်းသူ (သူလျှို) များ ရှိနေကြကုန်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားကျူးလွန်သော သူတို့အား ကောင်းစွာ သိရှိတော်မူပေသည်။

لَقَدِ ابْتَغَوُا الْفِتْنَةَ مِن قَبْلُ وَقَلَّبُوا لَكَ الْأُمُورَ
حَتَّىٰ جَاءَ الْحَقُّ وَظَهَرَ أَمْرُ اللَّهِ وَهُمْ كَارِهُونَ ﴿٤٨﴾

၉ : ၄၈ ။ ။ စင်စစ်မှာ ၎င်းတို့သည် ယခင်ကလည်း (အသင်တို့အား 'အုဟုဒ်' အစရှိသော စစ်ပွဲများတွင်) အနှောင့်အယှက်ပြုရန် အားထုတ်ခဲ့ကြလေသည်။ ၎င်းပြင် ထိုသူတို့သည် အသင်၏ အရေးကိစ္စများကို ခက်ခဲရှုပ်ထွေးစေ၍ ကပြောင်းကပြန်ဖြစ်အောင် အကြံအစည် (မျိုးစုံ) တို့ကို ပြုလုပ်ခဲ့ကြလေသည်။ နောက်ဆုံးတွင် အမှန်တရားသည် ၎င်းတို့ မနှစ်မြို့ကြသော်လည်း ရောက်ရှိလာခဲ့သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည်လည်း ထင်ရှားပေါ်လွင်၍ လာခဲ့လေသည်။

وَمِنْهُم مَّن يَقُولُ ائْذَن لِّي وَلَا تَفْتِنِّي ۚ أَلَا فِي
الْفِتْنَةِ سَقَطُوا ۗ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ ﴿٤٩﴾

၉ : ၄၉ ။ ။ စင်စစ် ၎င်း (ကျန်ရစ်ခဲ့) သူ (မုနာဖစ်က်) တို့တွင် 'ကျွန်တော်မျိုးတို့အား (စစ်မြေပြင်သို့ မလိုက်ဘဲ အိမ်တွင် နေရစ်ခဲ့ရန်) ခွင့်ပြုတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား ဖျက်ဆီးတော်မမူပါနှင့်' ဟူ၍ ပြောဆိုသူများလည်း ရှိကြသေးသည်။ ၎င်းတို့သည် ပျက်စီးမှု၌ပင် ကျရောက်ခဲ့ပြီးဖြစ်သည်ကို (အသင်တို့သည်) ကောင်းစွာ မှတ်ယူကြလေကုန်။ ထို့ပြင် (နောင်တမလွန်ဘဝတွင်လည်း) 'ဂျဟန္နမ်' ငရဲဘုံသည် ၎င်းသူတို့အား ဝန်းရံလျက်ရှိချေမည်။

إِن تُصِبْكَ حَسَنَةٌ تَسُؤْهُمْ ۖ وَإِن تُصِبْكَ مُصِيبَةٌ يَقُولُوا قَدْ أَخَذْنَا أَمْرَنَا مِن قَبْلُ وَيَتَوَلَّوا وَّهُمْ فَرِحُونَ ۝٥٠

၉ : ၅၀ ။ ။ (အို၊ နဗီတမန်တော်) အကယ်၍ အသင့်၌ ကောင်းမွန်သော အခြေအနေ တစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့ပါမူ ယင်းကောင်းမွန်သော အခြေအနေသည် ၎င်းတို့အား ပူပင်သောကကို ဖြစ်စေသည်။ သို့ရာတွင် အကယ်၍ အသင့်၌ ဘေးဒုက္ခအန္တရာယ် တစ်စုံတစ်ရာ သက်ရောက်ခဲ့ပါမူ ၎င်းတို့က ကေန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အရေးကိစ္စကို မူလကပင် ကြိုတင်စီမံခန့်ခွဲပြီး ဖြစ်သည်ဟူ၍ ပြောဆိုကာ ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လှည့်သွားကြလေ့ ရှိကြကုန်သည်။

قُل لَّن يُصِيبَنَا إِلَّا مَا كَتَبَ اللَّهُ لَنَا هُوَ مَوْلَانَا ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ۝٥١

၉ : ၅၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့နှင့် ပတ်သက်၍ စီရင်ရေးသားတော်မူခဲ့သည်မှအပ အခြားမည်သည့်တစ်စုံတစ်ရာမျှပင် ကျွန်ုပ်တို့၌ အလျှင်း ဆိုက်ရောက်နိုင်မည်မဟုတ်ပေ။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့၏ အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင်ယုံကြည်သော သူတို့သည် ထိုအသျှင်မြတ်အပေါ်၌သာလျှင် ယုံကြည်လွှဲအပ် စိတ်ချအားထားကြရာကုန်သည်။

قُلْ هَلْ تَرَبَّصُونَ بِنَا إِلَّا إِحْدَى الْحُسْنَيَيْنِ ۖ وَنَحْنُ نَتَرَبَّصُ بِكُمْ أَن يُصِيبَكُمُ اللَّهُ بِعَذَابٍ مِّنْ عِندِهِ أَوْ بِأَيْدِينَا ۖ فَتَرَبَّصُوا إِنَّا مَعَكُم مُّتَرَبِّصُونَ ۝٥٢

၉ : ၅၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ကျွန်ုပ်တို့နှင့် ပတ်သက်၍ ကောင်းမြတ်သော အကြောင်းအရာနှစ်ခုအနက် တစ်ခုမှအပ အခြားတစ်ခုကို စောင့်မျှော်နေကြပါသလော။ စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ထံတော်မှဖြစ်စေ၊ ကျွန်ုပ်တို့၏ လက်များဖြင့်ဖြစ်စေ အသင်တို့၌ ပြစ်ဒဏ်တစ်စုံတစ်ရာကို သက်ရောက်စေတော်မူရန် စောင့်မျှော်လျက် ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် စောင့်မျှော်၍ နေကြလေကုန်။ ကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်လျက်ပင် ရှိကြပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ နဗီတမန်တော် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ချေပြီ။ သို့ရာတွင် အသင့်အဖို့ မှန်ကန်စွာ ပြောဆိုသူတို့သည် ထင်ရှားခြင်းမရှိသေးမီလည်းကောင်း၊ မုသာဝါဒီများကို အသင်

မသိသေးမီလည်းကောင်း (သို့မှသာ ထိုသူများ ကျွန်ုပ်တို့သည် ကိုယ်တော့်အား လှည့်စားလိုက်မည်ဟု ပျော်ရွှင်မှု မရရှိစေရန်အလို့ငှာ ဖြစ်၏။) အသင်သည် မည်သည့်အတွက် ထိုသူတို့အား စစ်ချီတပ်ရာသို့ မလိုက်ဘဲ နေရစ်ခဲ့ရန် ခွင့်ပြုခဲ့ပါသနည်း။ အလ္လာဟ်အသျှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်သော သူတို့ကား မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှ (၎င်းတွင် ပါဝင်ဆင်နွှဲခြင်းမပြုရန် မည်သည့်အခါမျှ) အသင့်ထံ ခွင့်ပန်ကြမည်မဟုတ်ပေ။ (သို့သာမက ထိုသူများသည် အမိန့်တော်နှင့်တကွ ပြေးလာကြလိမ့်မည်။) စင်စစ်သော်ကား အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်စင်တို့အား ကောင်းစွာ သိရှိတော်မူသော အသျှင်ဖြစ်တော်မူပေသည်။ (၎င်းတို့အား အကျိုးကျေးဇူးများ ချီးမြှင့်မည်ဖြစ်သည်။) သို့သော် အကြင်သူတို့သာလျှင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း၌ မပါဝင်ရန်) အသင်ကိုယ်တော်ထံ ခွင့်ပန်ကြကုန်၏။

ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း မယုံကြည်ကြသည့်အပြင် ၎င်းတို့၏ စိတ်နှလုံးသားများသည်လည်း (အစ္စလာမ်နှင့်စပ်လျဉ်း၍ ဒွိဟသံသယဖြစ်လျက် ရှိကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ ဒွိဟသံသယ၌ပင် တဝဲလည်လည်ဖြစ်လျက် ရှိကြကုန်၏။ (ရံဖန်ရံခါ စည်းလုံးညီညွတ်ခြင်း၏ အတွေးပေါ်ပေါက်ပြီး ရံဖန်ရံခါ ဆန့်ကျင်သော အတွေးများ ပေါ်ပေါက်ကြ၏။)

အကယ်၍ ထိုသူတို့သည် (အသင်တို့နှင့်အတူ စစ်ကွင်းပြင်သို့) ထွက်ကြရန် ရည်ရွယ်ခဲ့ကြပါလျှင် (ပမာဆိုရသော် ထိုသူတို့သည် မိမိတို့၏ အကြောင်းပြချက်၌ တင်ပြသကဲ့သို့ အချိန်ရောက်ရှိလာသော အခါ စစ်တလင်းသို့သွားရန် ရည်ရွယ်ချက် ရှိခဲ့ပေသည်။ သို့သော် မည်သည့်အရေးကိစ္စ ပေါ်ပေါက်လာသည့် အတွက်ကြောင့် သွားနိုင်ခဲ့ခြင်းမရှိချေ။ သို့ဖြစ်ပါက ထိုသို့ဆိုလျှင်) ၎င်းတို့သည် ထွက်ရန်အလို့ငှာ တစ်စုံတစ်ရာ ပြင်ဆင်မှု အသင့်ပြုလုပ်ထားရှိကြပေမည်။ (ပမာဆိုရသော် ခရီးစဉ်၏ အရေးတကြီး ဆောင်ရွက်ရမည့်အရာများ) သို့ရာတွင် (၎င်းတို့သည် အစကနဦး၌ပင် ရည်ရွယ်ချက်မရှိကြသည့်အတွက် ထိုအချက်၌ ကြန့်ကြာအောင် ပြုလုပ်ကြသည်။ အရှေ့တွင် တင်ပြထားသကဲ့သို့ لَوْخَرَجُوْافِيْكُمْ ၎င်းတို့၏ ကြန့်ကြာအောင် ပြုသည့်အတွက်ကြောင့်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ စစ်တလင်းသို့ လိုက်ပါသွားခြင်းကို နှစ်မြို့ခြင်းမရှိခဲ့ချေ။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား နေမြဲနေစေတော်မူခဲ့လေသည်။ ၎င်းအပြင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ထိုသူတို့အား အသင်တို့သည် ဒုက္ခိတများနှင့်တကွ ကျန်ရစ်ခဲ့ကြလေကုန်ဟု အမိန့်ရှိတော်မူခဲ့လေသည်။

(ထို့ပြင် ၎င်းတို့သည် စစ်တလင်းသို့ သွားရာ၌ ကောင်းခြင်းမရှိချေ။ အကြောင်းမှာ) အကယ်၍ ထိုသူတို့သည် အသင်တို့တွင် ပါဝင်၍ ထွက်ခဲ့ကြသည်ရှိသော် ၎င်းတို့သည် ပျက်စီးရာပျက်စီးကြောင်းမှအပ အသင်တို့၌ မည်သည့်တစ်စုံတစ်ရာကိုမျှ တိုးပွားစေခဲ့ကြမည်မဟုတ်ပေ။ ၎င်းပြင် (ပျက်စီးရာပျက်စီးကြောင်း

ပြုလုပ်သည်ဆိုသည်မှာ) ထိုသူတို့သည် အသင်တို့ကြားတွင် အနှောင့်အယှက်ဖြစ်စေရန် လူးလားပြန်ခတ်သွားချေ၊ လာချေ ပြုလုပ်ကြမည်သာတည်း။ (ဆိုလိုသည်မှာ အချင်းချင်းတွင် တို့မီးရှို့မီးလုပ်၍ သွေးဝမ်းခွဲကြမည်။ မမှန်သော သတင်းလွှင့်ပြီး စိုးရိမ်အောင် ပြုလုပ်မည်။ ရန်သူ၏ အရှိန်အဝါအား အသင်တို့၏နှလုံးသားတွင်း၌ ထည့်သွင်းရန် ကြိုးပမ်းလိမ့်မည်။ သို့ပါ၍ ယင်းမုနာဖစ်က်များ စစ်ပွဲသို့ လိုက်ပါခြင်းမရှိခြင်းသည်ပင်လျှင် ကောင်းချီးဖြစ်၏။)

ထို့ပြင် (ယခုလည်း) အသင်တို့တွင် ၎င်းတို့၏ သတင်းထောက်လှမ်းသူများ၊ သူလျှိုများ ရှိကြကုန်၏။ (၎င်းတို့သည် ထိုသူများထက် ပျက်စီးရာပျက်စီးကြောင်းအား ကြံစရာ၌ ကျွမ်းကျင်မှုမရှိကြချေ။) စင်စစ်အလ္လာဟ်အသျှင်မြတ်သည် မတရားမှုပြုသောသူတို့အား ကောင်းစွာ သိရှိတော်မူ၏။ (ထို့ပြင် ၎င်းတို့၏ပျက်စီးရာပျက်စီးကြောင်းပြုခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းသည် ယနေ့အဖို့ အသစ်အဆန်း မဟုတ်ချေ။) ၎င်းတို့သည် ယခင်ကလည်း (အသင်တို့အား 'အုဟုဒ်'အစရှိသော စစ်ပွဲများတွင်) အနှောင့်အယှက်ဖြစ်စေခဲ့ကြလေသည်။ (အဘယ်ကြောင့်ဆိုသော် မွတ်စ္စလင်မ်များ စိတ်ဓါတ်ကျရန်အလို့ငှာ အတူတကွပါဝင်ပြီး နောက်ဆုတ်သွားခဲ့ကြလေသည်။ ထို့ပြင် ကိုယ်တော် (နစ်နာဆုံးရှုံးမှုဖြစ်စေရန်အတွက် အရေးကိစ္စများကို ကပြောင်းကပြန် ပြုလုပ်ခဲ့ကြလေသည်။ နောက်ဆုံးတွင်မူ ၎င်းတို့ မနှစ်မြို့ကြသော်လည်း အမှန်တရားသည် ရောက်ရှိလာခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည်လည်း ထင်ရှားလာခဲ့သည်။ (ထိုနည်းတူစွာ ဆက်လက်၍လည်း တစ်စုံတစ်ရာ သောကထားခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ရှိလေကုန်။)

ထို့ပြင် ထိုကျန်ရစ်ခဲ့သူ (မုနာဖစ်က် အရေခြုံဆန့်ကျင်သူတို့တွင်) ကျွန်ုပ်အား (စစ်တလင်းသို့မလိုက်ဘဲ အိမ်တွင် နေရစ်ခဲ့ကြရန်) ခွင့်ပေးတော်မူပါ။ ထို့ပြင် အသင်သည် ကျွန်ုပ်တို့အား မဖျက်စီးပါနှင့်ဟူ၍ ပြောဆိုသူလည်း ရှိပေသေး၏။ ၎င်းတို့သည် ပျက်စီးမှု၌ ကျဆင်းခဲ့ပြီးဖြစ်ကြသည်ကို အသင်တို့သည်ကောင်းစွာ မှတ်ယူကြလေကုန်။ (အကြောင်းမှာ ကိုယ်တော်မြတ် ﷺ အား ဗီလာဆန့်ကျင်ပြုခြင်း၊ ငြင်းဆန်ခြင်းထက်ပို၍ ပျက်စီးရာပျက်စီးကြောင်း အဘယ်မှာ ရှိမည်နည်း။) ထိုမှတစ်ပါး (အာခေရသ် နောင်တမလွန်၌လည်း) 'ဂျဟန္နမ်'အပယ်ငရဲဘုံသည် ၎င်းတို့အား ဝိုင်းရံလျက်ရှိချေမည်။ အကယ်၍ အသင့်၌ ကောင်းမွန်သော အခြေအနေတစ်စုံတစ်ရာ ဆိုက်ရောက်လာသည်ရှိသော် ထိုကောင်းမွန်သော အခြေအနေသည် ၎င်းတို့အား ပူပင်သောက ဖြစ်၏။ အကယ်၍ အသင့်၌ ဘေးအန္တရာယ်တစ်စုံတစ်ရာ ဆိုက်ရောက်သည်ရှိမူ ၎င်းတို့က ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အရေးကိစ္စကို ယခင်ကပင် ကြိုတင်၍ စီမံခဲ့ပြီးဖြစ်သည်ဟုပြောဆိုကာ ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လှည့်သွားလေ့ ရှိကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှင့်တကွ စစ်ကွင်းပြင်အစရှိသော နေရာများကို သွားရောက်ခဲ့ခြင်း မရှိခဲ့ပေ။)

အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့၏ အဖြေအား ဤသို့ ပြောကြားပါလေ။ (တစ်ခုမှာ) အလ္လာဟ်အသျှင်မြတ်က ကျွန်ုပ်တို့နှင့်ပတ်သက်၍ စီရင်ရေးသားတော်မူခဲ့သည်မှအပ အခြားမည်သည့် တစ်စုံတစ်ရာမျှ ကျွန်ုပ်တို့၌ လုံးဝ ဆိုက်ရောက်နိုင်မည်မဟုတ်ပေ။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့၏ အသျှင်သခင်ဖြစ်တော်မူသည်။ (သို့ပါ၍ အသျှင်မြတ် ရွေးချယ်သည့်အရာအား ဖန်ဆင်းခံများအဖို့ ထိုအပေါ် ကျေနပ်နှစ်သက်

နေရန် 'ဝါဂျိဗ်'တာဝန်ဖြစ်သည်။) သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် ထိုအသျှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချလွှဲအပ်ကြရကုန်သတည်း။ (ဒုတိယအချက်မှာ) အို့၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ဤသို့ ပြောကြားပါလေ။ (ငါတမန်တော်အဖို့ ကောင်းမြတ်သော အခြေအနေသည် မွန်မြတ်လှပေသည်။ ထိုနည်းတူစွာ ဘေးအန္တရာယ်တစ်စုံတစ်ရာသည်လည်း ၎င်း၌ အဆင့်အတန်း မြင့်တင်ရန်အလို့ငှာ မကောင်းမှုများ ချုပ်ငြိမ်းရန်အလို့ငှာ ဒုက္ခသည်ပင် အကောင်းဖြစ်၏။) အသင်တို့သည် ကျွန်ုပ်တို့နှင့် ပတ်သက်၍ ကောင်းမြတ်သော အကြောင်းအရာနှစ်ခုအနက် တစ်ခုမှတစ်ပါး အခြားတစ်စုံတစ်ရာကို စောင့်မျှော်၍ နေကြသလော။ (ဆိုလိုသည်မှာ အသင်တို့သည် ကျွန်ုပ်တို့၏ အခြေအနေအား စောင့်မျှော်လျက်ရှိကြကုန်၏။ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ ကျွန်ုပ်တို့အတွက် နှစ်ခုစလုံး ကောင်းမွန်ပေသည်။) စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်သည် မိမိထံ တော်မှဖြစ်စေ၊ (ဒွန္နယာ၊ အာခေရသ်) ကျွန်ုပ်တို့၏ လက်များဖြင့်ဖြစ်စေ အသင်တို့၌ ပြစ်ဒဏ်တစ်စုံတစ်ရာကို သက်ရောက်စေတော်မူရန် စောင့်မျှော်လျက် ရှိကြပေသည်။ (အသင်တို့သည် မိမိတို့၏ ညည်းပန်းနိပ်စက်မှုအား ထုတ်ဖော်မည်ဆိုသော အခြားသွေဖည်ငြင်းပယ်သောသူတို့ကဲ့သို့ သတ်ဖြတ်လိုက်မည်။) သို့ဖြစ်ပေရာ အသင်တို့သည် (မိမိတို့အနေနှင့်) စောင့်မျှော်လျက် နေကြလေကုန်။ ကျွန်ုပ်တို့သည်လည်း (မိမိတို့အနေနှင့်) အသင်တို့နှင့်အတူ စောင့်မျှော်လျက်ပင် ရှိကြပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ထိုရှုကူအ်တစ်ခုလုံး၏ အာယသ်တော် (၁၇) ပိုဒ်လုံး၌ မုနာဖစ်က်အရေးခြုံများနှင့် ပတ်သက်၍ မြောက်မြားစွာ တင်ပြထား၏။ ၎င်းတို့သည် မုသာဝါဒီအကြောင်းပြချက်များ တင်ပြပြီး 'သဗူးက်'စစ်ပွဲ၌ သွားရောက်ခြင်းမပြုရန် ကိုယ်တော့်ထံမှ ခွင့်ရယူခဲ့ကြလေသည်။ ၎င်းတို့နှင့် ပတ်သက်၍ မြောက်မြားစွာသော အမိန့်ပညတ်ချက်နှင့် လမ်းညွှန်ချက်များ လာရှိထားပေသည်။

ပထအာယသ်တော်၌ နူးညံ့သိမ်မွေ့သော သဏ္ဍာန်ဖြင့် ကိုယ်တော်မြတ် ﷺ ထံမှ မုနာဖစ်က်တို့သည် မုသားသုံးပြီး မိမိတို့ကိုယ်ကို မိမိတို့ အကြောင်းပြချက်များ ထုတ်ဖော်ပြသခဲ့ကြ၏။ ထို့ပြင် ကိုယ်တော်မြတ် ﷺ မှ ၎င်းတို့၏ အမှားအမှန် ဆန်းစစ်ခြင်းမပြုမီအလျင် ၎င်းတို့အား ခွင့်ပြုခဲ့လေသည်။ ထိုသို့ခွင့်ပြုခဲ့ခြင်းကြောင့် ဤမုနာဖစ်က်များသည် ပျော်ရွှင်မှုများ ကျင်းပ၍ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ အား ကောင်းစွာ လှည့်စားခဲ့ကြသည်ဟု လှည့်လည်ပြောဆိုကြကုန်၏။ စင်စစ် ပထမအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ဤမုနာဖစ်က်များ လှည့်စားရန်အလို့ငှာသာ အကြောင်းပြချက်များ တင်ပြခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။

သို့သော် ၎င်းမုနာဖစ်က်များသည် စစ်တလင်းသို့ သွားရောက်မည့်သူများ မဟုတ်သည့်အတွက်ကြောင့် အကယ်၍ ၎င်းတို့အား အခွင့်မပေးသော်ငြားလည်း သွားရောက်မည့်သူများ မဟုတ်ခဲ့ချေ။ အခြားအာယသ်တော်တစ်ပိုဒ်မှ ၎င်းမုနာဖစ်က်များ၏ အရေးခြုံမှုသည် ပို၍ ထင်ရှားသွားပေသည်။ ထို့ပြင် ၎င်း

တို့သည် မွတ်စ္စလင်မ်များအား ကောင်းစွာ စော်းသဖွယ် ပြုလုပ်လိုက်ပြီဟု ခနဲ့သော စကားပြောဆိုနိုင်မည့် အခွင့်အရေးရရှိမည်မဟုတ်ချေ။ စင်စစ်မှာမူ အပြစ်ဖို့ရန် မရည်ရွယ်သည့်အပြင် ဆက်လက်၍ ၄င်းတို့၏ လှည့်စားမှုများအား သတိရှိစေရန် ဖြစ်၏။ ထို့ပြင် ပုံသဏ္ဍာန်အရ အပြစ်တစ်ခု ပုံသဏ္ဍာန်ဖြစ်သော်ငြား လည်း အလွန်နူးညံ့သိမ်မွေ့သော အပြစ်ဒဏ်နှင့်တကွ لِمَ اَذِنْتَ لَهُمْ ဟု အစပြုထား၏။ ဆိုလိုသည် မှာ အသင်တမန်တော်သည် ၄င်းတို့အား အဘယ်ကြောင့် ခွင့်ပြုခဲ့သနည်း။ ၄င်းအကြောင်းအရာအား မတင်ပြမီ အလျင်ကပင် عَفَا اللّٰهُ عَنْكَ ဟု အမိန့်ရှိထား၏။ ၄င်း၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်အား ခွင့်လွှတ်ထားပြီးဖြစ်သည်။

ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ ရာထူးနှင့် အဆင့်အတန်း၊ ၄င်းပြင် ကိုယ်တော်မြတ် ﷺ ၏ အလ္လာဟ် အသျှင်မြတ်အပေါ် ထားရှိသော ဆက်သွယ်မှုအပေါ် ထောက်ရှုသောသူများမှ အမိန့်ရှိသည်မှာ ကိုယ်တော် မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်နှင့် စွမ်းစုံတမံ ဆက်သွယ်မှုထားရှိသည့်အတွက်ကြောင့် ၄င်းအား ထောက်ရှု၍ အသျှင်မြတ်ဘက်တော်မှ အမှုကိစ္စတစ်ခုခုတွင် ကိုယ်တော်ထံ အဖြေတောင်းခံရန် ကိုယ်တော် ၏ မင်္ဂလာရှိသော နှလုံးသားသည် ခံနိုင်စွမ်းမရှိချေ။ သို့သော် အစ၌ لِمَ اَذِنْتَ لَهُمْ ဆိုသော စကားလုံးဖြင့် အမိန့်ရှိထားပြီး ၄င်းအာယသ်တော်၌ သဏ္ဍာန်အားဖြင့် အဖြေတောင်းခံသော အကြောင်းအရာဖြစ်သော် ငြားလည်း ကိုယ်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော နှလုံးသားသည် ၄င်းအား ခံနိုင်ရည်ရှိမည်မဟုတ်ချေ။ သို့ပါ၍ ထို့ထက်အလျင် عَفَا اللّٰهُ عَنْكَ ဟု အမိန့်ရှိပြီး အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် မနှစ်မြို့သော အရာတစ်ခုခု ဖြစ်ရှိသွားခဲ့လေသည်ဟု အသိပေးထားပြီး အခြားတစ်ဖက်တွင် ၄င်းအား ခွင့်လွှတ်ကြောင်းဟု အစကနဦးကတည်းက အသိပေးထားခဲ့၏။ သို့မှသာ ဆက်လက်၍ အမိန့်ရှိသော မိန့်မြွက်ချက်သည် မင်္ဂလာ ရှိသော နှလုံးသားအပေါ် သာပို၍ ခံစားမှုမဖြစ်စေရန်အလို့ငှာ ဖြစ်၏။

ထို့အပြင် ခွင့်လွှတ်သည်ဟူသော စကားလုံးမှ ဤသို့ သံသယမဖြစ်သင့်ပေ။ အကြောင်းမှာ ခွင့်လွှတ် ခြင်းသည် အပြစ်ဒုစရိုက်များနှင့် ပတ်သက်သည်။ ကိုယ်တော်မြတ် ﷺ သည် အပြစ်ဒုစရိုက်ဟူသရွေ့မှ ကင်းစင်သောသူတစ်ဦးဖြစ်သော် ခွင့်လွှတ်ခြင်းသည် ဤနေရာတွင် မည်သည့်အဓိပ္ပာယ်ကို ဆိုလိုနိုင်သနည်း။ အကြောင်းမှာ ခွင့်လွှတ်ခြင်းသည် အပြစ်ဂိုနာဟ် အစရှိသော အရာများအပေါ် မူတည်သကဲ့သို့ ဤသို့ပင် မလျော်ကန် မနှစ်မြို့သော အရာများအတွက်လည်း ခွင့်လွှတ်ခြင်းဆိုသော စကားလုံးအား သုံးနိုင်၏။ ထို့ပြင် ခွင့်လွှတ်သည်ဆိုသော စကားလုံးသည် အပြစ်ကင်းစင်ခြင်းတွင် ပတ်သက်ခြင်း မရှိချေ။

ဒုတိယနှင့် တတိယအာယသ်တော်တွင် မုအ်မင်န်များနှင့် မုနာဖစ်က်များ၏ ခြားနားမှုအား ဤသို့ ဖော်ပြထား၏။ အလ္လာဟ်အသျှင်မြတ်အပေါ် စစ်မှန်စွာ အီမာန်သက်ဝင်ယုံကြည်သောသူများသည် ဤသို့ သော အခြေအနေတွင် မိမိတို့၏ အသက်အိုးအိမ်၊ စည်းစိမ်အား ချစ်ခင်စုံမက်ရာ၌ 'ဂျီဟားဒ်'စစ်ပွဲမှ အသက်အန္တရာယ် လွတ်မြောက်ရန်အလို့ငှာ ကိုယ်တော်မြတ် ﷺ ထံ ခွင့်တောင်းခံလိမ့်မည် မဟုတ်ချေ။ သို့သာမက ဤလုပ်ရပ်သည် အလ္လာဟ်နှင့် 'အာခိရသ်'နောင်တမလွန်အပေါ် အီမာန်သက်ဝင်ယုံကြည်မှု

မရှိသော သူများ၏ လုပ်ရပ်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အပြစ်ရှောင်ကြဉ်သော သူများအား အကြွင်းမဲ့သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

စတုတ္ထအာယသ်တော်၌ ၎င်းတို့၏ မှားယွင်းသော အကြောင်းပြချက်အား သင်္ကေတနက်တစ်မျိုးဖြင့် ဤသို့ ဖော်ပြထား၏။

وَلَوۡ أَرَادُواْ ٱلۡخُرُوجَ لَأَعَدُّواْ لَهُۥ عُدَّةً

ဆိုလိုသည်မှာ အကယ်၍ စင်စစ် ဤသူများသည် 'ဂျိဟားဒ်'ဆင်နွှဲရန်အတွက် ထွက်ရန် ရည်ရွယ်ချက်ထားရှိပါမူ ၎င်းတို့သည် မုချ စီမံမှုများ ပြုလုပ်ထားမည်ဖြစ်၏။ သို့သော် ၎င်းတို့သည် မည်သည့်အရာမှ အဆင်သင့်မရှိသော် ၎င်းတို့၏ အကြောင်းပြချက်သည် မှားယွင်းသောအကြောင်းပြချက် ဖြစ်၏။ စင်စစ် ၎င်းတို့၏ ရည်ရွယ်ချက်သည်ပင်လျှင် စစ်တလင်းသို့ ထွက်ခွာရန် မရှိခဲ့ချေ။

လက်ခံနိုင်သော အကြောင်းပြချက်နှင့် လက်မခံနိုင်သော အကြောင်းပြချက်၏ ခြားနားမှု

ဤအာယသ်တော်မှ အကျိုးရရှိသော အလွန်လေးနက်သည့် ဥပဒေတစ်ခုအား တင်ပြထား၏။ ၎င်းဥပဒေဖြင့် လက်ခံသင့်၊ မသင့်သော အကြောင်းပြချက်အား ခွဲခြားသိရှိနိုင်၏။ ၎င်းမှာ ထိုသူများ၏ အကြောင်းပြချက်သည်သာလျှင် လက်ခံသင့် လက်ခံထိုက်သော အကြောင်းပြချက်ဖြစ်၏။ ၎င်းတို့သည် အမိန့်တော်အား လိုက်နာကျင့်သုံးရန်အတွက် အသင့်ရှိ၏။ တစ်ဖန် ရုတ်တရက် ချွတ်ချော်မှု အကြောင်းတစ်ခုခုကြောင့် အကြောင်းပြချက်ရှိသောသူ ဖြစ်ရှိသွားခဲ့လေသည်။ အကြောင်းပြချက်ရှိသောသူများ၏ ကိစ္စအဝဝသည် ဤအမိန့်အတိုင်းပင် ဖြစ်၏။ အကြင်သူသည် အမိန့်တော်အား လိုက်နာကျင့်သုံးရာ၌ မည်သည့်စီမံမှုများနှင့် ရည်ရွယ်ချက်မရှိသော တစ်ဖန် အကြောင်းပြချက်တစ်ခုခု ပေါ်ပေါက်လာသောအခါ ဤအကြောင်းပြချက်သည် အလွန်ဆိုးရွားသော အပြစ်တစ်ခုသဖွယ် ဖြစ်ရှိသွားခဲ့၏။ ၎င်းအား စစ်မှန်သော အကြောင်းပြချက်ဟု သတ်မှတ်လိမ့်မည်မဟုတ်ချေ။ ထိုနည်းတူစွာ အကြင်သူတစ်ဦးတစ်ယောက်သည် 'ဂျုမုအာဟ်' နမာဇ်၌ အသင့်ရောက်ရှိရန်အတွက် ပြည့်ပြည့်ဝဝ စီမံပြီးဖြစ်၏။ ထို့ပြင် သွားရောက်ရန် ရည်ရွယ်ချက်ရှိ၏။ ရုတ်တရက် မသွားနိုင်သော အကြောင်းပြချက်တစ်ခုခု ပေါ်ပေါက်လာပါမူ ၎င်းအကြောင်းပြချက်သည် လက်ခံသင့်၊ လက်ခံထိုက်သော အကြောင်းပြချက်ဖြစ်သည်။ ၎င်းအပြင် အလ္လာဟ်အသျှင်မြတ်သည် ဤသို့သောသူအား ထိုသူ၏ 'အေဗာဒသ်'ဝတ်ပ်ကိုးကွယ်မှုအား ပြည့်ပြည့်ဝဝ အကျိုးကို ချီးမြှင့်မည်ဖြစ်သည်။ ထိုအပြင် အကြင်သူသည် မည်သည့်စီမံမှုမှ မရှိဘဲ ရုတ်တရက် အကြောင်းပြချက်တစ်ခုခု ရောက်ရှိလာသော် ထိုအကြောင်းပြချက်သည် အချည်းအနှီး အကြောင်းပြချက်သာ ဖြစ်ပေသည်။

နံနက်ဖွဂ်ျရ်အချိန်၌ နမာဇ်ဝတ်ပြုရန်အတွက် ထရန် ပြည့်ပြည့်ဝဝ စီမံထား၏။ နာရီတွင် သံပတ်ပေးထား၏။ အချိန်ကျရောက်လာသည့်အပေါ် တစ်ဦးဦးအား နိုးကြားရန် သတ်မှတ်ထား၏။ တစ်ဖန် ရုတ်တရက် စီမံမှုများ မှားယွင်းသွားခဲ့ပြီး ၎င်းကြောင့် 'နမာဇ်ကဇ္ဇာ'ဖြစ်ခဲ့ရ၏။ ဥပမာ- ကိုယ်တော်မြတ် ﷺ သည် (လိုက်လာသူလ်သအ်ရီး၏) ၌ အချိန်ကျရောက်လာသည့်အခါဝယ် နိုးကြားရန်အတွက် ဟဇရသ် ဗီလားလ်

ﷺ အား ထိုင်စောင့်စေပြီး နံနက်မိုးသောက်လင်းသည်နှင့် တစ်ပြိုင်နက် အားလုံးအား နှိုးကြားရန် စီမံထားခဲ့၏။ သို့သော် ရတ်တရက် ဟဇရသ်ဗီလားလ် ﷺ အပေါ်၌လည်း အိပ်စက်ခြင်း လွှမ်းမိုးသွားခဲ့၏။ ထို့ပြင် နေထွက်လာပြီးသည့်နောက် အားလုံး၏ မျက်လုံးများ ပွင့်လာကြသော် ဤအကြောင်းပြချက်အား စစ်မှန်သော အကြောင်းပြချက်ဟု ဆို၏။ ထိုအချင်းအရာအပေါ် ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာများ အား ဖြေသိမ့်ရန်အလို့ငှာ အမိန့်ရှိထားသည်မှာ-

لَاتَفْرِيْطَ فِى النَّوْمِ اِنَّمَا التَّفْرِيْطُ فِى الْيَقْظَةِ

ဆိုလိုသည်မှာ အိပ်စက်ခြင်း၌ လူသားသည် 'မအိဇူးရ်' ခြင်းချက်ရှိ၏။ ပျင်းရိခြင်းဆိုသည်မှာ နိုးကြားလျက် ပျင်းရိခြင်းကို ခေါ်ဆို၏။ အကြောင်းမှာ မိမိဘက်မှ အချိန်ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် နိုးကြားရန် ပြည့်ပြည့်ဝဝ စီမံထားခဲ့၏။

အနှစ်ချုပ်တင်ပြရသော် အမိန့်တော်အား လိုက်နာကျင့်သုံးရန်အတွက် စီမံမှုပြုခြင်း၊ (သို့) မပြုခြင်း သည်သာလျှင် အကြောင်းပြချက်တစ်ခု၏ လက်ခံသင့် လက်မခံသင့်ဟု ဆုံးဖြတ်ချက်ချနိုင်မည်။ တစ်ပြိုင် နက်တည်း နှုတ်လျှာအား အသုံးချခြင်းဖြင့် မလုံလောက်ပေ။

ပဉ္စမအာယသ်တော်၌ လှည့်စားမှုဖြင့် ခွင့်တောင်းခဲ့သော မုနာဖစ်က်အရေခြုံများ၏ အခြေအနေကို လည်း တင်ပြထား၏။ ၎င်းတို့သည် စစ်တလင်းသို့ မသွားခြင်းသည်ပင်လျှင် ပို၍ ကောင်းသည်။ အကယ်၍ စစ်တလင်းသို့ သွားမည်ဆိုသော စူးစမ်းထောက်လှမ်းခြင်းနှင့် လိမ်လည်သော သတင်းများကြောင့် ပျက်စီး မှုသာလျှင် ပြန့်နှံ့စေမည်။

وَفِيْكُمْ سَمّٰعُوْنَ لَهُمْ

ဆိုလိုသည်မှာ အသင်တို့အနက် အချို့ရိုးသားသော မွတ်စ္စလင်မ်များသည် ၎င်းတို့၏ လိမ်လည်သော ကောလဟာလများအပေါ် စူးရှမှု သက်ရောက်နိုင်၏။

لَقَدِ ابْتَغَوُا الْفِتْنَةَ مِنْ قَبْلُ

ဆိုလိုသည်မှာ ဤသူများသည် ထို့ထက်အလျင်လည်း 'အုဟုဒ်' စစ်ပွဲ၌ ပေါ်ပေါက်သကဲ့သို့ ပြဿနာ များ ပြန့်နှံ့စေခဲ့သည်။

وَظَهَرَ اَمْرُ اللّٰهِ وَهُمْ كٰرِهُوْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်တော်သည် လွှမ်းမိုးသွားခဲ့လေသည်။ စင်စစ် မုနာဖစ်က်အရေခြုံများသည် ထို့ကြောင့် အလွန်အမျက်ဒေါသ ဖြစ်ခဲ့လေသည်။ ထိုအာယသ်တော်မှ လွှမ်းမိုး ခြင်းနှင့် အောင်နိုင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ် ရှိကြောင်း ရည်ညွှန်းတော်မူ၏။ ရှေးယခင်အဖြစ်အပျက်များ၌ ကိုယ်တော့်အား အောင်မြင်မှု ချီးမြှင့်တော်မူသကဲ့သို့ တိုက်ပွဲ၌လည်း ဤသို့ ပင် ဖြစ်ရှိလိမ့်မည်။ ထို့ပြင် မုနာဖစ်က် အရေခြုံတို့၏ လှည့်စားမှုဟူသရွေ့လည်း အလဟဿဖြစ်သွား ပေလိမ့်မည်။

ဆဌမအာယသ်တော်၌ ဂျဒ္ဒ်အစ်ဗ်နေကိုက်စ်အမည်ရှိသော မုနာဖစ်က်တစ်ဦး၏ သီးသန့်အကြောင်းပြချက်တစ်ခုအား တင်ပြ၍ ၎င်းအား လမ်းများမှုအား ဖော်ပြထားသည်မှာ ထိုပုဂ္ဂိုလ်က "ကျွန်ုပ်သည် လူရွယ်တစ်ဦးဖြစ်သည်၊ ရောမနိုင်ငံသို့ တိုက်ခိုက်ရန် ခေါ်ဆောင်သွားမည်ဆိုသော် ထိုရောမတိုင်းပြည်ရှိ အမျိုးသမီးများသည် ရုပ်ရည်အလွန် ချောမောကြသည့်အတွက် ထိုအမျိုးသမီးများအား တွေ့မြင်လျှင် ကျွန်ုပ်သည် မိမိစိတ်ကို ချုပ်တည်းထားနိုင်မည်မဟုတ်ပါဟု အကြောင်းပြခဲ့၏။ ကျမ်းမြတ်ကုရ်အာန်မှ ၎င်း၏ အဖြေအား ဤသို့ အမိန့်ရှိထားတော်မူ၏။

اَلَا فِى الْفِتْنَةِ سَقَطُوْا

အဘယ်သို့ဆိုသော် ဤအသိဉာဏ်မဲ့သော သူသည် မဖြစ်နိုင်သေးသော ပြစ်မှုတစ်ခုအား အကြောင်းပြ၍ အမှန်တကယ် ဖြစ်ရှိသွားသော ပြစ်မှုကို ကျူးလွန်ခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတမန်တော်မြတ် ﷺ ၏ အမိန့်တော်အား ဗီလာဆန့်ကျင်ပြု၍ စစ်ပွဲအား စွန့်လွှတ်ခြင်း၏ အပြစ်၌ လတ်တလော နစ်မွန်းသွားခဲ့သည်။

وَاِنَّ جَهَنَّمَ لَمُحِيْطَةٌ ۢ بِالْكٰفِرِيْنَ

ဆိုလိုသည်မှာ ငရဲဘုံသည် ထိုကာဖိရ်သွေဖည်သူအားလုံးအား ဝိုင်းရံလျက်ရှိချေသည်။ ၎င်းငရဲအတွင်းမှ ရုန်းထွက်နိုင်မည်မဟုတ်ချေ။ ၎င်း၏ အလိုသဘောမှာ နောင်တမလွန်၌ "ဂျဟန္နမ်"ငရဲဘုံသည် ၎င်းတို့အား ဝိုင်းရံပစ်လိုက်မည်။ သို့တည်းမဟုတ် "ဂျဟန္နမ်"အပယ်ငရဲသို့ ရောက်စေမည့် အကြောင်းတရားများသည် ထိုအချိန်တွင် ၎င်းတို့အား ဝိုင်းရံပစ်လိုက်မည်ဖြစ်သည်။ ထိုအချက်အား ထောက်ရှု၍ အပယ်ငရဲဟူသော နာမ်စားဖြင့် တင်စားထားခြင်းဖြစ်သည်။ ထိုအဓိပ္ပာယ်အား ထောက်ရှုခြင်းအားဖြင့် လတ်တလော အခြေအနေ၌လည်း ဤပုဂ္ဂိုလ်များသည် အပယ်ငရဲ၏ ပရဝုဏ်အတွင်း၌သာလျှင် ရှိကြသည်။

သတ္တမအာယသ်တော်၌ ဤပုဂ္ဂိုလ်များသည် ဓာနိ့ခင်စစ် အပြင်ပိုင်း၌ မွတ်စ္စလင်မ်များနှင့် အတူတကွ ရှိနေသော်လည်း ၎င်းတို့၏ အခြေအနေသည်

اِنْ تُصِبْكَ حَسَنَةٌ تَسُؤْهُمْ

ဆိုလိုသည်မှာ အကယ်၍ အသင့်၌ အောင်မြင်မှုတစ်ခုခု ရရှိသည်ဆိုသော် ၎င်းတို့သည် အလွန်အမျက်ဒေါသထွက်ကြသည်။

وَاِنْ تُصِبْكَ مُصِيْبَةٌ يَّقُوْلُوْا قَدْ اَخَذْنَا اَمْرَنَا مِنْ قَبْلُ وَيَتَوَلَّوْا وَّهُمْ فَرِحُوْنَ

ဆိုလိုသည်မှာ အကယ်၍ အသင့်၌ ဘေးအန္တရာယ်တစ်စုံတစ်ရာ ဆိုက်ရောက်သည်ရှိမူ ကျွန်ုပ်တို့သည် အစကနဦးကတည်းက သိရှိခဲ့ကြသည်ဟု ပြောဆိုလျက်ရှိကြကုန်၏။ အကြောင်းမှာ ဤသူတို့သည် မိမိကိုယ်ကို မိမိ ဘေးအန္တရာယ်အတွင်းသို့ သွတ်သွင်းနေခြင်းပင် ဖြစ်သည်။ သို့ပါ၍ ကျွန်ုပ်တို့သည် အမြော်အမြင်ရှိသည့်အတွက် ယခင်ကပင် ကြိုတင်၍ မိမိကိုယ်ကို မိမိ စီစဉ်ခဲ့ကြသည်။ ထို့အတွက်ကြောင့်လည်း မွတ်စ္စလင်မ်များနှင့်အတူ စစ်ပွဲသို့ မသွားခဲ့ခြင်း ဖြစ်သည်ဟု ပြောဆို၍ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ပြန်သွားကြလေသည်။

အဋ္ဌမအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်အပေါင်းအား မုနာဖစ်က် အရေခြုံများ၏ ဖော်ပြပါစကားရပ်များအား စူးရှသက်ရောက်မှု မဖြစ်ရန်အလို့ငှာ (နားမရောင်ရန်အလို့ငှာ) ထို့ပြင် အဓိကအစစ်အမှန်အား အစဉ်အမြဲ ရှေ့ဝယ်ထားရန် လမ်းညွှန်မှုအား ဤစကားလုံးများဖြင့် အမိန့်ရှိထား၏။

قُلْ لَّنْ يُّصِيْبَنَا اِلَّا مَا كَتَبَ اللهُ لَنَا هُوَ مَوْلٰنَا وَعَلَى اللهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ

ဆိုလိုသည်မှာ အို့ နဗီတမန်တော်၊ အသင်သည် အဓိကအကြောင်းတရားများအပေါ် ကိုးကွယ်သော သူများအား အသင် ဤသို့ ပြောကြားပြသပါလေ။ အဘယ်သို့ဆိုသော် အသင်တို့သည် ဒုက္ခအတွင်းထဲ၌သာ ရှိ၏။ ဤအကြောင်းခံများသည် တံတိုင်းတစ်ခုသာလျှင် ဖြစ်၏။ ၎င်းအတွင်း၌ အလုပ်ပြုလုပ်သော စွမ်းအင်သည် အလ္လာဟ်အသျှင်မြတ်၏ စွမ်းအင်သာလျှင် ဖြစ်၏။ ကျွန်ုပ်တို့၌ ပေါ်ပေါက်လာသော အခြေအနေ အရပ်ရပ်သည် အလ္လာဟ်အသျှင်မြတ်မှ ကျွန်ုပ်တို့အတွက် ရေးသားသတ်မှတ်ထားသော အခြေအနေတစ်ရပ် ဖြစ်၏။ ထို့ပြင် ၎င်းအသျှင်သာလျှင် ကျွန်ုပ်တို့၏ အသျှင်သခင်ဖြစ်ပြီး ရိုင်းပင်းကူညီတော်မူသော အသျှင် ဖြစ်တော်မူသည်။ သို့ပါ၍ မွတ်စ္စလင်မ်များသည် ထိုအသျှင်မြတ်အပေါ်၌သာလျှင် အဓိက အားကိုးအားထား ပြုရန် လိုအပ်ပေသည်။ အဓိကအကြောင်းအရင်းများအား အကြောင်းခံများနှင့် လက္ခဏာများဟုသာလျှင် သုံးသပ်ရမည်။ ထိုအပေါ် အကောင်းအဆိုး တစ်စုံတစ်ရာအား မူတည်မထားသင့်ပေ။

ကံကြမ္မာအပေါ် ယုံကြည်ခြင်းသည် အကြံအစည်အား အသုံးချခြင်းနှင့်တကွ ဖြစ်ရန် လိုအပ်၍ အကြံအစည်မရှိခြင်းအား 'သဝက္ကလ်'အားကိုးအားထားပြုသည်ဟု အမည်ပေးခြင်းသည် လုံးဝမှားခြင်း

ဤအာယသ်တော်မှ 'သက်ဒီးရ်' ကံကြမ္မာနှင့် 'သဝက္ကလ်' (အားကိုးအားထား' ပြုခြင်း၏ ပညတ်ချက်အား ရှင်းလင်းဖော်ပြထားသည်။ ၎င်းမှာ 'သက်ဒီးရ်'နှင့် သဝက္ကလ်အပေါ် ယုံကြည်ချက်ထားရှိခြင်းသည် လူသားသည် လက်ပိုက်၍ ထိုင်နေခြင်းဖြင့် မရရှိနိုင်ပေ။ ထို့ပြင် ကံကြမ္မာ၌ရှိမည်ဆိုသော် ထိုအရာသည် ဖြစ်လိမ့်မည်ဟု ပြောဆိုခြင်းအား 'သဝက္ကလ်'နှင့် 'သက်ဒီးရ်' မမည်ချေ။ သို့သာမက အကြောင်းခံများအား အသုံးပြုရန်အတွက် မိမိ၏ ပြည့်ဝသော အမြော်အမြင်နှင့် သတ္တိကိုလည်း အသုံးချရန် လိုအပ်ပေသည်။ ထို့အပြင် စွမ်းနိုင်သမျှ အကြောင်းခံများအား စုစည်းပြီးသည့်နောက် အရေးကိစ္စအား 'သက်ဒီးရ်' နှင့် 'သဝက္ကလ်'အား အပ်နှံလိုက်ရမည်။ ကိစ္စဟူသရွေ့၏ ရလဒ်သည် ထိုအသျှင်မြတ်၏ တန်ခိုးအာနုဘော်၌ ရှိသည့်အတွက် အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် အရှုထားရမည်။

'သက်ဒီးရ်'(ကံကြမ္မာ) နှင့် 'သဝက္ကလ်'(အားကိုးအားထား) ပြုခြင်း၏ ပညတ်ချက်၌ များသောအားဖြင့် လောကီသားတို့သည် ရောက်ယက်ခတ်မှု၌ တွေ့ကြုံရ၏။ အချို့သော သာသနာမဲ့သူများသည် အစကနဦးကတည်းက 'သက်ဒီးရ်'နှင့် 'သဝက္ကလ်'အား ယုံကြည်ခြင်းမရှိဘဲ ဥစ္စာပစ္စည်းများ၏ အကြောင်းခံ

များကိုသာလျှင် အသျှင်သခင်ဟု သတ်မှတ်ကြ၏။ အချို့အသိဉာဏ်ညံ့ဖျင်းသော သူများသည် 'သက်ဒီးရ်'နှင့် 'သဝက္ကလ်'အား မိမိတို့၏ သတ္တိနည်းပါးခြင်းနှင့် အလဟဿအချည်းအနှီး အကြောင်းပြချက်များ ပြုလုပ်လိုက်ကြ၏။ ကိုယ်တော်မြတ် ﷺ သည် 'ဂျီဟားဒ်'ဆင်နွှဲရန်အတွက် ပြည့်ပြည့်ဝဝ စီမံမှုများ ပြုပြီးသည့်နောက် ထိုကျရောက်လာသော အာယသ်တော်မှ ရောက်ယက်ခတ်မှုအား ချုပ်ငြိမ်းစေ၍ စစ်မှန်သော လမ်းအား ပြသသည်မှာ အကြောင်းခံအရာများသည်လည်း အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော စည်းစိမ်တော်များသာလျှင် ဖြစ်သည်။ ၎င်းစည်းစိမ်တော်များမှ အကျိုးမခံစားခြင်းသည် ကျေးဇူးကန်းခြင်းနှင့် အသိဉာဏ်ကင်းမဲ့ခြင်းသာ ဖြစ်၏။ သို့သာမက အကြောင်းခံများအား အကြောင်းခံ၏ အဆင့်အတန်းမှ ရှေ့သို့ မတိုးလေနှင့်။ ထို့ပြင် အကျိုးရလဒ်သည် ၎င်းအကြောင်းခံများ၏ နောက်လိုက်မဟုတ်ကြောင်း ယုံကြည်ချက် ထားရှိရမည့်အပြင် စစ်မှန်သော အသျှင်မြတ်၏ နောက်လိုက်ဖြစ်ကြောင်း ယုံကြည်ချက် ထားရှိရမည်။

နဝမအာယသ်တော်မှ မုအ်မင်န်အမျိုးသားများ၏ ဖြူစင်ရိုးသားသော နိမိတ်လက္ခဏာတစ်ခုအား တင်ပြပြီး ဒုက္ခအပေါ် ပျော်ရွှင်နေသော မုနာဖစ်က်အရေခြုံများအား ဤသို့ အဖြေပေးထား၏။ အသင်တို့သည် အကြင်အရာအား ကျွန်ုပ်တို့အတွက် ဒုက္ခဟု မှတ်ယူ၍ ပျော်ရွှင်နေကြသည်။ ကျွန်ုပ်တို့ထံတွင် ထိုဒုက္ခအခက်အခဲသည်လည်း ဒုက္ခအခက်အခဲမဟုတ်သည့်အပြင် ငြိမ်းချမ်းမှုနှင့် အောင်မြင်မှု၏ အခြားသင်္ကေတစ်ခု ဖြစ်သည်။ အကြောင်းမှာ မုအ်မင်န်အမျိုးသားတို့သည် မိမိတို့၏ ရည်ရွယ်ချက် မအောင်မြင်လျှင်လည်း ထာဝရ အကျိုးစဝါးဗ် ခံထိုက်သောသူများ ဖြစ်ကြသည်။ ၎င်းသည်ပင် အောင်မြင်မှုဟူသရွေ့၏ အဓိက ရည်ရွယ်ချက်ပင် ဖြစ်သည်။ ဤအတွက် မအောင်မြင်ခြင်းသည်လည်း အောင်မြင်ခြင်းဖြစ်၍ ပျက်စီးခြင်း၌လည်း အောင်မြင်မှုပင် ဖြစ်၏။

အထက်ဖော်ပြပါအာယသ်တော်၌

هَلْ تَرَبَّصُونَ بِنَا اِلَّا اِحْدَى الْحُسْنَيَيْنِ

၏ အလိုသဘောမှာလည်း ဤကဲ့သို့ပင် ဖြစ်၏။ ထိုအကြောင်းအရာနှင့်အတူ ဤသည်ကိုလည်း ညွှန်ကြားပြသလိုက်သည်မှာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ အခြေအနေသည် ၎င်းနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်၏။ အကြောင်းမှာ ၎င်းတို့သည် မည်သည့်အခြေအနေ၌မဆို ပြစ်ဒဏ်၏ ဒုက္ခပင်လယ်မှ လွတ်ငြိမ်းချမ်းသာခွင့်လွှတ်မှု ရရှိမည်မဟုတ်ပေ။ သို့တည်းမဟုတ် လောကီ၌ပင် မွတ်စ္စလင်မ်တို့၏ လက်ဝယ်၌ အသျှင်မြတ်၏ အပြစ်ဒဏ်သည် ၎င်းတို့အပေါ် ဆိုက်ရောက်လာလိမ့်မည်။ ထို့ပြင် လောကီလောကုတ္တရာ နှစ်ဌာနစလုံး၌ ထိုသူတို့သည် အပြစ်ဒဏ်အား မြည်းစမ်းရလိမ့်မည်။ အကယ်၍ လောကီ၌ ထိုအပြစ်ဒဏ်မှ ကွေကွင်းသွားခဲ့သော် နောင်တမလွန်အာခေရသ်၏ အပြစ်ဒဏ်မှ ရှောင်လွှဲမရချေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ أَنفِقُوا طَوْعًا أَوْ كَرْهًا لَّن يُتَقَبَّلَ مِنكُمْ ۖ إِنَّكُمْ كُنتُمْ قَوْمًا فَاسِقِينَ ﴿٥٣﴾

၉ : ၅၃ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် (ငွေမုနာဖစ်ကိတို့အား ဤသို့) ပြောကြားပါလေ။ အသင်တို့သည် ကြည်ဖြူစွာဖြစ်စေ၊ သို့မဟုတ် ကြည်ဖြူခြင်းမရှိဘဲလျက်ဖြစ်စေ၊ ပေးကမ်းလှူဒါန်းသုံးစွဲကြသော်လည်း ထိုသုံးစွဲမှုသည် (အသျှင်မြတ်ထံတော်၌) အသင်တို့ထံမှ သဘောတူတော်မူခြင်းကို အလျဉ်းခံရလိမ့်မည်မဟုတ်ပေ။ အကြောင်းမှာအသင်တို့သည် (အမိန့်တော်) ကို သွေဖည်ငြင်းပယ်သောသူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။

وَمَا مَنَعَهُمْ أَن تُقْبَلَ مِنْهُمْ نَفَقَاتُهُمْ إِلَّا
أَنَّهُمْ كَفَرُوا بِاللَّهِ وَبِرَسُولِهِ وَلَا يَأْتُونَ الصَّلَاةَ
إِلَّا وَهُمْ كُسَالَىٰ وَلَا يُنفِقُونَ إِلَّا وَهُمْ كَارِهُونَ ﴿٥٤﴾

၉ : ၅၄ ॥ ॥ စင်စစ် ၄င်း (မုနာဖစ်ကိ) တို့ထံမှ ၄င်းတို့၏ အလှူပစ္စည်းများကို သဘောတူ လက်ခံတော်မူခြင်းမှ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အား ၄င်းတို့၏ သွေဖည်ငြင်းပယ်ခြင်းမှအပ အခြားမည်သည့်အရာမျှ တားမြစ်ထားခဲ့သည်မဟုတ်ပေ။ ထို့ပြင် ၄င်းတို့သည် ပျင်းရိစွာမှအပ 'ဆွလာသ်' ဝတ်ပြုကြသည်လည်း မရှိ။ ထိုနည်းတူစွာ ၄င်းတို့သည် မနှစ်မြို့သော သူများအဖြစ်မှအပ လှူဒါန်းသုံးစွဲကြသည်လည်း မရှိပေ။

(တစ်နည်း:) ၄င်းတို့သည် ပျင်းရိစွာ 'ဆွလာသ်'ဝတ်ပြုခြင်း၊ ထိုနည်းတူစွာ ၄င်းတို့သည် မနှစ်မြို့ဘဲလျက် လှူဒါန်းသုံးစွဲကြသူများ ဖြစ်ကြလေသည်။)

فَلَا تُعْجِبْكَ أَمْوَالُهُمْ وَلَا أَوْلَادُهُمْ ۚ إِنَّمَا يُرِيدُ اللَّهُ لِيُعَذِّبَهُم
بِهَا فِي الْحَيَاةِ الدُّنْيَا وَتَزْهَقَ أَنفُسُهُمْ وَهُمْ كَافِرُونَ ﴿٥٥﴾

၉ : ၅၅ ॥ ॥ သို့ဖြစ်ပေရာ ၄င်း (မုနာဖစ်ကိ) တို့၏ ဥစ္စာပစ္စည်းများနှင့် ၄င်းသူတို့၏ သားသမီးများသည် အသင့်အား အံ့သြစေခြင်း မရှိစေရ။ အလ္လာဟ်အသျှင်မြတ်သည် ယင်းဥစ္စာပစ္စည်းများနှင့် သားသမီးတို့ဖြင့် ၄င်း (မုနာဖစ်ကိ) တို့အား ပစ္စုပ္ပန်မျက်မှောက်ဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်နှင့် ၄င်းတို့ သေဆုံးခါနီးတွင်လည်း ကာဖိရ်သွေဖည်ငြင်းပယ်သူများအဖြစ်နှင့် ၄င်းတို့၏ အသက်ဝိညာဉ်များ ထွက်သွားရန်သာလျှင် ရည်စူးတော်မူလေသည်။

وَيَحْلِفُونَ بِاللَّهِ إِنَّهُمْ لَمِنكُمْ وَمَا هُم مِّنكُمْ وَلَٰكِنَّهُمْ قَوْمٌ يَفْرَقُونَ ﴿٥٦﴾

၉ : ၅၆ ॥ ॥ စင်စစ် ၄င်း (မုနာဖစ်) တို့သည် မိမိတို့မှာ အသင်တို့အနက်မှပင် ဖြစ်ကြပါသည်ဟူ၍ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်ကာ ကျိန်ဆိုကြလေသည်။ သို့ရာတွင် ၄င်းတို့သည် အသင်တို့အနက်မှ မဟုတ်ကြပေ။ စင်စစ်မှာ ၄င်းတို့သည် သူရဲဘောနည်း သတ္တိကြောင်သူများသာ ဖြစ်ကြကုန်သည်။

لَوْ يَجِدُونَ مَلْجَأً أَوْ مَغَارَاتٍ أَوْ مُدَّخَلًا
لَّوَلَّوْا إِلَيْهِ وَهُمْ يَجْمَحُونَ ﴿٥٧﴾

၉ : ၅၇ ။ ။ အကယ်၍သာ ၎င်း (မုနာဖစ်က်) တို့သည် ခိုကိုးရာ နေရာတစ်ခုခုကိုသော်လည်းကောင်း၊ ဥမင်လိုဏ်ခေါင်းများကိုသော်လည်းကောင်း၊ ဝင်ရောက် (ပုန်းအောင်) ရန် နေရာတစ်ခုခုကိုသော်လည်းကောင်း တွေ့ရှိကြပါလျှင် ၎င်းတို့သည် ထိုနေရာသို့ ဦးခေါင်းမော့၍ တစ်ဟုန်တည်း လျှင်မြန်စွာ ထွက်ပြေး (ဝင်ရောက်ပုန်းအောင်) ကြမည်သာ ဖြစ်သည်။

وَمِنْهُم مَّن يَلْمِزُكَ
فِي الصَّدَقَاتِ فَإِنْ أُعْطُوا مِنْهَا رَضُوا وَإِن لَّمْ يُعْطَوْا
مِنْهَا إِذَا هُمْ يَسْخَطُونَ ﴿٥٨﴾

၉ : ၅၈ ။ ။ (အို၊ နဗီတမန်တော်) ၎င်း (မုနာဖစ်က်) တို့တွင် အလှူပစ္စည်းများ (ခွဲဝေမှုနှင့်) စပ်လျဉ်း၍ အသင့်အား ကဲ့ရဲ့ပြစ်တင် ပြောဆိုသူများလည်း ရှိကြသေးသည်။ သို့ရာတွင် အကယ်၍ ထိုသူတို့သည် ယင်းအလှူပစ္စည်းများအနက်မှ (မိမိတို့ စိတ်တိုင်းကျ) ရရှိခဲ့ကြပါလျှင် ကျေနပ်ကြလေသည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် ယင်းအလှူပစ္စည်းများအနက်မှ (မိမိတို့စိတ်တိုင်းကျ) မရရှိခဲ့ကြပါလျှင် ရုတ်တရက် မကျေနပ်ကာ အမျက်ထွက်ကြလေသည်။

وَلَوْ أَنَّهُمْ رَضُوا مَا آتَاهُمُ اللَّهُ
وَرَسُولُهُ وَقَالُوا حَسْبُنَا اللَّهُ سَيُؤْتِينَا اللَّهُ مِن فَضْلِهِ وَ
رَسُولُهُ إِنَّا إِلَى اللَّهِ رَاغِبُونَ ﴿٥٩﴾

၉ : ၅၉ ။ ။ အကယ်၍သာ ထိုသူတို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ချီးမြှင့်ပေးသနားတော်မူသမျှကို ကျေနပ်ခဲ့ကြပြီး 'ကျွန်ုပ်တို့အဖို့ အလ္လာဟ်အသျှင်မြတ်သည် မကြာမြင့်မီ ကျွန်ုပ်တို့အား မိမိ၏ ကျေးဇူးတော်ဖြင့် ချီးမြှင့်ပေးသနားတော်မူမည်။ ၎င်းပြင် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည်လည်း (ကျွန်ုပ်တို့အား ထပ်မံ၍ ပေးတော်မူဦးမည်။) ဧကန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ဘက်သို့သာလျှင် ယိမ်းယိုင် (မျှော်လင့်အားထား) သူများ ဖြစ်ကြပါသည်' ဟူ၍ ပြောဆိုခဲ့ကြပါလျှင် ကောင်းလေစွ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ နဗီတမန်တော်၊ အသင်သည် (၎င်းမုနာဖစ်က်တို့အား ဤသို့) ပြောကြားပါလေ။ အသင်တို့သည် ('ဂျီဟားဒ်'အစရှိသော စစ်ပွဲ၌) ကြည်ဖြူစွာဖြစ်စေ၊ သို့တည်းမဟုတ် ကြည်ဖြူခြင်းမရှိဘဲလျက်

ဖြစ်စေ ပေးကမ်းသုံးစွဲကြကုန်၏။ ထိုသုံးစွဲမှုသည် (အလ္လာဟ်အသျှင်မြတ်ထံတော်၌) အသင်တို့ထံမှ သဘောတူတော်မူခြင်းကို အလျှင်း ခံရလိမ့်မည်မဟုတ်ချေ။ (အကြောင်းမှာ) အသင်တို့သည် မုချဧကန် အမိန့်တော်ကို သွေဖည်ငြင်းပယ်သောသူများ ဖြစ်ကြသောကြောင့်ပင်တည်း။ ထို့ပြင် ယင်းမုနာဖစ်က်တို့ထံမှ ၎င်းတို့၏ အလှူပစ္စည်းများကို သဘောတူလက်ခံတော်မူခြင်းမှ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား ၎င်းတို့၏ သွေဖည်ခြင်းမှတစ်ပါး အခြားမည်သည့်အရာနှင့်မျှ တားမြစ်ခဲ့သည်မဟုတ်ပေ။ (ထိုအချက်ကိုပင် အထက်၌ အမိန့်ဖီဆန်ခြင်းဟု တင်ပြထားခဲ့၏။) ထို့ပြင် သွေဖည်သောသူတို့၏ မည်သည့်လုပ်ရပ်ကိုမျှ လက်ခံသဘောတူမည်မဟုတ်ချေ။) ထို့ပြင် (၎င်းတို့၏ နာမ်ပိုင်းဆိုင်ရာ ငြင်းပယ်မှု၏ လက္ခဏာသည် ပြင်ပ၌ ဤသို့ပင်တည်း။) ၎င်းတို့သည် ပျင်းရိစွာဖြင့် 'ဆွလားသ်'ဝတ်ပြုကြသည်။ ထိုနည်းတူစွာ (ကောင်းသော လုပ်ရပ်များ၌) ၎င်းတို့သည် မနှစ်မြို့သော သူများအဖြစ်နှင့်သာ လှူဒါန်းသုံးစွဲကြသည်။ (အကြောင်းမှာ နှလုံးသားအတွင်း အီမာန်အလျှင်းမရှိသော စဝါးဗ်အကျိုးကျေးဇူးအား အဘယ်မှာ မျှော်လင့်နိုင်သနည်း။ ၎င်းတို့ ပြုမူသမျှသည် အမည်ပျက်ခြင်းမှ ရှောင်ကြဉ်ရန်အလို့ငှာ ပြုမူဆောင်ရွက်ခြင်းဖြစ်၏။ သို့ဖြစ်ပေရာ ထိုသူများသည် ဤသို့သော မိစ္ဆာကောင်များဖြစ်မှု) ၎င်းတို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ သားသမီးများသည်လည်းကောင်း၊ အသင့်အား အံ့အားမသင့်စေရ။ (အကြောင်းမှာ ဤကဲ့သို့ လက်ခံသဘောတူခြင်းမရှိသော မိစ္ဆာကောင်များအား ဤမျှခန့် ချီးမြှင့်မှုများ မည်သို့ ချီးမြှင့်ထားသနည်း။ အဘယ်ကြောင့်ဆိုသော် စင်စစ်မူ ၎င်းတို့အဖို့ စည်းစိမ်တော်များမဟုတ်ဘဲ တစ်မျိုးတစ်ည်သည့် အပြစ်ဒဏ်ပင် ဖြစ်ချေ၏။)

အလ္လာဟ်အသျှင်မြတ်သည် ထိုပစ္စည်းများနှင့် သားသမီးတို့အားဖြင့် ထိုသူတို့အား ဤလောကီဘဝတွင်လည်း ပြစ်ဒဏ်ပေးတော်မူရန်နှင့် ၎င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သူများအဖြစ်နှင့် အသက်ဇီဝိန်များ ထွက်သွားရန်သာလျှင် ရည်စူးတော်မူလေသည်။ (အကြင်အရာများကြောင့် နောင်တမလွန် 'အာခိရသ်'၌လည်း အပြစ်ဒဏ်ဖြစ်သော ၎င်းဥစ္စာပစ္စည်းများနှင့် သားသမီးရတနာများအား ချီးမြှင့်ထားသော စည်းစိမ်များဖြစ်သည်ဟု မှတ်ယူခြင်းသည်ပင်လျှင် မှားယွင်း၏။) ထိုမှတစ်ပါး ယင်းမုနာဖစ်က်တို့သည် ဧကန်စင်စစ် အသင်တို့အနက်မှ ဖြစ်ကြသည်ဟူ၍ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်ကာ ကျိန်ဆိုကြလေသည်။ (၎င်းတို့ မွတ်စ္လင်မ်ဖြစ်ခြင်းကို ဆိုလို၏။ စင်စစ်မှာမူ ထိုသူများသည် အသင်တို့အနက်မှ မဟုတ်ကြချေ။ သို့သော် ယင်းမုနာဖစ်က်များသည် သူရဲဘောကြောင်သော သူများသာ ဖြစ်ကြ၏။ ကြောက်ရွံ့မှုကြောင့် မုသာဝါဒီကျိန်ဆိုပြီး မိမိတို့၏ သွေဖည်ငြင်းဆန်မှုအား ဖုံးကွယ်ရန် ကြိုးပမ်းကြလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အား အခြားကာဖိရ်များကဲ့သို့ အရေးကိစ္စများ၌ မွတ်စ္လင်မ်များ၏ဘက်မှ မပြုလုပ်စေရန်ဖြစ်၏။ ထို့ပြင် လွတ်လပ်စွာ သွားလာနိုင်ရန်အတွက် အခြားနေရာကား မရှိချေ။ သို့မဟုတ်ပါက) ထိုမုနာဖစ်က်တို့သည် ခိုကိုးရာနေရာတစ်ခုခုကိုသော်လည်းကောင်း၊ သို့တည်းမဟုတ် (တောင်အစရှိသော) ဥမင်လှိုဏ်ခေါင်းများကိုသော်လည်းကောင်း ဝင်ရောက်ပုန်းအောင်းရန် နေရာတစ်ခုခုကိုသော်လည်းကောင်း တွေ့ရှိကြပါလျှင် ၎င်းတို့သည် ထိုနေရာသို့ ဦးခေါင်းမော့ကာ တစ်ဟုန်တည်း တွန်းထိုး၍ ထွက်ပြေး ဝင်ရောက်ပုန်းအောင်းကြမည်သာတည်း။ (သို့သော် ပုံသဏ္ဌာန်သည် ဤသို့ မဖြစ်လာသည့်အပေါ်

၎င်းတို့အတွက် လိမ်လည်၍ ကျိန်ဆိုပြီး မိမိကိုယ်ကိုမိမိ မှတ်စွလင်မ်ဟု ပြောဆိုကြ၏။) ထို့ပြင် ယင်းမုနာဖစ်က် တို့ပင် အသင့်အား အလှူပစ္စည်းများနှင့် စပ်လျဉ်း၍ (ခွဲဝေမှုပြုရာ၌) ကဲ့ရဲ့ပြစ်တင် ရှုံ့ချသူများလည်း ရှိကြပေ၏။ (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံမှု တောင်းခံပါ၏။ ခွဲဝေမှုတွင် တရားမျှတခြင်း မရှိဟု ပြောဆို ကြ၏။) သို့ရာတွင် အကယ်၍ ထိုသူတို့သည် ယင်းအလှူပစ္စည်းများအနက်မှ (မိမိတို့ စိတ်တိုင်းကျ) ရရှိခဲ့ကြလျှင် ထိုသူတို့သည် ကျေနပ်ကြလေသည်။ အကယ်၍ ၎င်းတို့သည် ထိုအလှူပစ္စည်းများအနက်မှ (မိမိတို့ စိတ်တိုင်းကျ) မရရှိခဲ့သော ရုတ်တရက် အမျက်ထွက်ကြလေသည်။ (၎င်းအာယသ်တော်မှ သိရှိရ သည်မှာ ၎င်းတို့ မျက်နှာလွှဲခြင်း၏ အဓိက မည်သည့်နည်းလမ်းမှ မရှိသည့်အပြင် လောကီရမ္မက်များနှင့် အလိုဆန္ဒများသာ ဖြစ်၏။) အမှန်စင်စစ် အကယ်၍သာ ထိုသူတို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ် သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည်လည်းကောင်း ချီးမြှင့်ပေးသနားတော် မူသည်များအပေါ်၌ ကျေနပ်တော်မူပါသည်။ အလ္လာဟ်အသျှင်မြတ်သည် မကြာမြင့်မီ ကျွန်ုပ်တို့အား မိမိ ကျေးဇူးတော်ဖြင့် ချီးမြှင့်ပေးသနားတော်မူအံ့။ ထို့ပြင် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်သည်လည်း ထပ်မံ ပေးဦးမည်ဖြစ်သည်။ စေကန်စင်စစ် ကျွန်ုပ်တို့သည် စိတ်ရောကိုယ်ပါ အလ္လာဟ်အသျှင်မြတ်ဘက်သို့ သာလျှင် ယိမ်းညွတ်ပြောင်းသူများ ဖြစ်ကြပါသည်ဟု ပြောဆိုခဲ့ကြပါလျှင် ကောင်းလေစွတကား။

သိမှတ်ဖွယ်ရာများနှင့် စမှတ်များ

ယခင်အာယသ်တော်များ၌ မုနာဖစ်က်အရေခြုံများ၏ ဆိုးရွားသော အကျင့်စာရိတ္တနှင့် အကျင့်သီလ များအား တင်ပြထားခဲ့၏။ အထက်ဖော်ပြပါ အာယသ်တော်များ၌လည်း ဤအကြောင်းအရာများပင်တည်း။

إِنَّمَا يُرِيدُ اللَّهُ لِيُعَذِّبَهُم بِهَا

၌ မုနာဖစ်က်တို့၏ ဥစ္စာပစ္စည်းများနှင့် သားသမီးများသည် ၎င်းတို့အဖို့ စည်းစိမ်များမဟုတ်။ ပြစ်ဒဏ်များဖြစ်ကြောင်း အမိန့်ရှိထား၏။ အကြောင်းမှာ လောကီ၏ ချစ်ခင်စုံမက်မှု၌ လုံးပန်းနေသော လူသားအဖို့ ထိုလောကီ၌ပင်လျှင် အပြစ်ဒဏ်နှင့် ဒုက္ခတစ်ခု ဖြစ်ရှိသွားခဲ့လေသည်။ ဦးစွာပထမ ဥစ္စာပစ္စည်း နှင့် လောကီအား ရရှိရန်အလို့ငှာ မျှော်လင့်ချက်များနှင့် တစ်ဖန် စီမံမှုများ၌ ကြိုးစားအားထုတ်မှု ဒုက္ခ ခန္ဓာကိုယ်နှင့် နာမ်ပိုင်းဆိုင်ရာ ဒုက္ခများအား ထမ်းရွက်ရလေသည်။ နေ့အချိန်တွင်လည်း အေးချမ်းသာယာမှု မရှိဘဲ ညဉ့်အချိန်တွင်လည်း နှစ်ခြိုက်စွာ အိပ်စက်ရသည်ဟူ၍ မရှိချေ။ ထို့ပြင် မိမိခန္ဓာကိုယ် အစိတ်အပိုင်း အား ဂရုစိုက်နိုင်သည့်အချိန်ဟူ၍လည်း မရရှိချေ။ အိမ်သူအိမ်သားများကိုလည်း စိတ်ပျော်ရွှင်အောင် ပြုလုပ် နိုင်သည့် အခွင့်အရေး မရရှိချေ။ အကယ်၍ ရရှိမည်ဆိုပါကလည်း ၎င်းတို့အား စောင့်ရှောက်မှုနှင့် တိုးပွား အောင် ပြုခြင်း၏ သောကသည် နေ့ရောညပါ ပြစ်ဒဏ်တစ်ခု ဖြစ်နေ၏။ အကယ်၍ အနည်းငယ်ဆုံးရှုံးမှု ပေါ်ပေါက်လာသော် သို့တည်းမဟုတ် ရောဂါဝေဒနာတစ်ခုခု ဆိုက်ရောက်လာသော် သောကများ၏ တောင် ပြိုဆင်း၍ လာလေတော့၏။ ထို့ပြင် အရာဟူသရွေ့အား သဘောဆန္ဒနှင့် ကိုက်ညီစွာ ရရှိသောအခါ၌ ၎င်းပစ္စည်းများအား လျော့နည်းသွားမည်ကို စိုးရိမ်ပြီး တိုးပွားလျက် တိုးပွားအောင် ပြုလုပ်ရန် သောကသည် အချိန်တိုင်း၌ သာယာမှု ရယူနိုင်မည်မဟုတ်ချေ။

တစ်ဖန် နောက်ဆုံးတွင် ဤအရာများသည် သေခြင်းတရား ဆိုက်ရောက်လာသည့်အချိန်၊ သို့တည်းမဟုတ် ထို့ထက်အလျင် လက်လွတ်သွားသော ၎င်းအရာအပေါ် ပူဆွေးသောကဖြစ်မည်မှာ မုချပင်ဖြစ်သည်။ သို့ပါ၍ ဤအရာအားလုံးသည် ပြစ်ဒဏ်များသာလျှင် ဖြစ်သည်။ ၎င်းဥစ္စာပစ္စည်းများအား အသိဉာဏ်ကင်းမဲ့သောသူတို့သည် ငြိမ်းချမ်းသာယာသော ဥစ္စာပစ္စည်းများဟု အမည်ပေးထား၏။ ထို့ပြင် စစ်မှန်သော ငြိမ်းချမ်းသာယာမှုသည် နှလုံးသား၏ ငြိမ်းချမ်းသာယာမှုပင် ဖြစ်သည်။ ၎င်းအား လေပင် မဟပ်ခဲ့ချေ။ သို့ပါ၍ ဥစ္စာပစ္စည်းများအား စိတ်ချမ်းသာမှုဟု မှတ်ယူ၍ ထိုအပေါ် နစ်မွန်းလျက်ရှိကြ၏။ အကြင်အရာများသည် စင်စစ်၌ ၎င်းတို့အဖို့ လောကီအေးချမ်းသာယာမှုများသည်လည်း ရန်သူပင်ဖြစ်၏။ ထို့ပြင် နောင်တမလွန်အာခေရသ်၏ ပြစ်ဒဏ်၏ ရှေ့ပြေးဖြစ်သည်။

အလှူဒါနပစ္စည်းများအား ကာဖိရ်များကို ပေးနိုင်သလော၊

နောက်ဆုံးအာယသ်တော်မှ အလှူဒါန ပစ္စည်းများအနက် အချို့အား မုနာဖစ်က်အရေခြုံများကိုလည်း တစ်စိတ်တစ်ဒေသပေးကြောင်း သိရှိရ၏။ သို့သော် ထိုသူများသည် မိမိ၏ ဆန္ဒနှင့် ကိုက်ညီစွာ မရသောအခါ အမျက်ဒေါသထွက်၍ ပြစ်တင်ရှုံ့ချခဲ့ကြလေသည်။ ဤနေရာတွင် အလှူဒါန၏ အလိုသဘောမှာ 'ဝါဂျိဗ်' နှင့် 'နဖိလ်' စသော အလှူဒါနများအားလုံး အကျုံးဝင်သည် 'နဖိလ်' အလှူဒါနများအနက်မှ မွတ်စ္စလင်မ် မဟုတ်သောသူများအား ပေးခြင်းသည် အမွှသ်တစ်ခုလုံးမှ ပိုင်သည်ဟု သတ်မှတ်၍ 'စွန္နသ်' ဟု အတည်ပြုခြင်းနှင့် ပတ်သက်ပြီး မည်သည့်စောဒကမျှ မရှိခဲ့ချေ။ အကယ်၍ အလှူဒါ၏ အလိုသဘောအား ဤနေရာတွင် 'ဖွရဇ်'၊ 'ဇကားသ်'၊ 'အုရှုရ်' အစရှိသော အလှူဒါနများဖြစ်ခဲ့သည့် မုနာဖစ်က်အရေခြုံများအား ထိုထဲမှ တစ်စိတ်တစ်ဒေသ ပေးကမ်းခြင်းသည် ၎င်းတို့သည် မိမိကိုယ်မိမိ မွတ်စ္စလင်မ်ဟု ထုတ်ဖော်ခဲ့ခြင်းကြောင့် ဖြစ်ခဲ့၏။ ထို့ပြင် ပြင်ပအားဖြင့် ၎င်းတို့ ကာဖိရ်ဖြစ်ကြောင်း မည်သည့်အထောက်အထားမျှ မရှိခဲ့ချေ။ ထို့ပြင် မုနာဖစ်က်များနှင့်တကွ မွတ်စ္စလင်မ်များကဲ့သို့ အရေးကိစ္စများအား ဆောင်ရွက်ရန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမြော်အမြင်ဖြင့်လည်း ဤအတိုင်းပင် အမိန့်ပေးထား၏။ */ ဗယာနွလ်ကုရ်အာန်ကျမ်း /*

لَا يَأْتُونَ الصَّلٰوةَ اِلَّا وَهُمْ كُسَالٰى

ဤအာယသ်တော်တွင် မုနာဖစ်က်အရေခြုံများ၏ လက္ခဏာနှစ်ခုအား ဖော်ပြထား၏။ တစ်ခုမှာ နမာဇ်ဝတ်ပြုရန် ရောက်ရှိလာသောအခါ ပျင်းရိ၍ စိတ်ဓါတ်ကျစွာဖြင့် ရောက်ရှိလာကြသည်။ ဒုတိယတစ်ခုမှာ အလ္လာဟ်အသျှင်မြတ်၏ လမ်း၌ သုံးစွဲမည်ဆိုသော် မနှစ်မြို့စွာနှင့် သုံးစွဲခြင်းပင် ဖြစ်သည်။ ထိုအာယသ်တော်၌ မွတ်စ္စလင်မ်များကိုလည်း ထိုအချက်အပေါ် သတိပြုသည်မှာ နမာဇ်၌ ပျင်းရိပုံသဏ္ဍာန် ပေါ်ပေါက်ခြင်းသည် မုနာဖစ်က်၏ နိမိတ်လက္ခဏာဖြစ်သည်။ မွတ်စ္စလင်မ်များသည် ကြိုးစား၍ ထိုလက္ခဏာများမှ ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّمَا ٱلصَّدَقَٰتُ لِلْفُقَرَآءِ وَٱلْمَسَٰكِينِ وَٱلْعَٰمِلِينَ عَلَيْهَا وَٱلْمُؤَلَّفَةِ قُلُوبُهُمْ وَفِى ٱلرِّقَابِ وَٱلْغَٰرِمِينَ وَفِى سَبِيلِ ٱللَّهِ وَٱبْنِ ٱلسَّبِيلِ ۖ فَرِيضَةً مِّنَ ٱللَّهِ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿٦٠﴾

၉ : ၆၀ ။ ။ စင်စစ် 'ဇကားသ်' သည် ဆင်းရဲနွမ်းပါးသူများ၊ ပစ္စည်းမဲ့လူမွဲများ၊ ယင်း 'ဇကားသ်' ကိစ္စဖြင့် စပ်လျဉ်း၍ တာဝန်ထမ်းဆောင်သူများနှင့် (အစ္စလာမ်သာသနာတော်ဘက်သို့) ဝင်လိုသူများ၏ စိတ်ကို နှစ်သိမ့် (ညွတ်လာ) စေရန် အလို့ငှာ ဆွဲဆောင်အပ်သောသူများအဖို့သာ ဖြစ်သည်။ ၎င်းပြင် (ယင်းဇကားသ်ကို) ကျေးကျွန်များ ကျွန်ဘဝမှ လွတ်မြောက်ရေး၊ ကြွေးမြီစားများ၏ ကြွေးမြီပေးဆပ်ရေး၊ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်နှင့် (ဒုက္ခရောက်နေသော) ခရီးသည်တို့အား ကူညီစောင်မရေးတို့၌သာ (သုံးစွဲရမည်ဖြစ်သည်။) ဤသည်ကား အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော 'ဖွရ်ဇ်' တာဝန်တစ်ရပ်ပင် ဖြစ်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မုချ 'ဇကားသ်' သည် ဆင်းရဲနွမ်းပါးသူတို့အဖို့လည်းကောင်း၊ ပစ္စည်းမဲ့များအဖို့လည်းကောင်း၊ 'ဇကားသ်' နှင့်စပ်လျဉ်း၍ ကိစ္စအဝဝကို ဆောင်ရွက်သည့် အမှုထမ်းများအဖို့လည်းကောင်း၊ အစ္စလာမ်သာသနာတော်၏ တရားများကို နှစ်သက်၍ သာသနာ့ဘောင်တွင် ဝင်လိုသူများ၏ စိတ်ကို နှစ်သိမ့်စေလိုရန်လည်းကောင်း၊ ကျေးကျွန်များကို ကျွန်ဘဝမှ လွတ်မြောက်စေရန်လည်းကောင်း၊ အကြွေးရှိသူများ၏ ကြွေးမြီအား ပေးဆပ်ရာ၌လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရာ၌လည်းကောင်း၊ ဒုက္ခရောက်နေသော ခရီးသည်များအပေါ်၌လည်းကောင်း ဖြစ်သည်။ ဤသည်ကား အလ္လာဟ်အသျှင်မြတ် ထံတော်မှ ပြဋ္ဌာန်းထားတော်မူသော ပညတ်ချက်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်။

'ဇကားသ်' စားသုံးပိုင်ခွင့်ရှိသူများအကြောင်း

ထို့ထက်အလျင် အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ် ... ကိုယ်တော်မြတ် ﷺ အပေါ် ...

ထို့ထက်အလျင် အာယသ်တော်များ၌ အလျှုဒါနနှင့် ပတ်သက်၍ ကိုယ်တော်မြတ် ﷺ အပေါ် ချို့မုနာဖစ်က်များ၏ စောဒကများနှင့် အဖြေများအား တင်ပြထားခဲ့၏။ ၎င်းတွင် မုနာဖစ်က်တို့မှ ကိုယ်တော်မြတ် ﷺ အပေါ် (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံပါ၏။) ကိုယ်တော်သည် အလှုဒါနများအား ခွဲဝေရာ၌ မျှတမှုမရှိဘဲ လိုအပ်လျှင် လိုအပ်သလို ပေးကမ်းတော်မူကြောင်း ပြစ်တင်စွပ်စွဲကြလေသည်။

ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် 'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသော သူများအား သတ်မှတ်၍ ၎င်းတို့၏ မှားယွင်းသော အထင်အမြင်ယူဆချက်အား ဖယ်ရှားတော်မူသည်။ အလ္လာဟ်အသျှင်မြတ်သည် အလှူဒါနများအား မည်သို့သောသူအား ပေးဆောင်ရန် လိုအပ်သည်ကို ကိုယ်တိုင်ကိုယ်ကျ သတ်မှတ်တော်မူသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် အသျှင်မြတ်၏ အမိန့်တော်အတိုင်း မိမိ၏ အကြံဉာဏ် တစ်ခွန်းတစ်ပါဒမပါဘဲ အလှူဒါနများအား ခွဲဝေတော်မူသည်။

အဗူဒါဝူးဒ်ကျမ်းနှင့် ဒါရွလ်ကွသ်နီကျမ်းရှင်မှ ဟဇရသ်ဇိယားဒ် ဗင်န် ဟာရစ်ဇ်ဆွဒါအီ ﵁ ၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသော ဟဒီးစ်တော်ဖြင့်လည်း ထိုအချက် ပို၍ ခိုင်လုံလေသည်။ ၎င်းပုဂ္ဂိုလ်မှ ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် ခစားဝင်သော် ကိုယ်တော်မြတ် ﷺ သည် ၎င်း၏ အမျိုးအနွယ်များအား တိုက်ခိုက်ရန်အတွက် မွတ်စ္စလင်မ်များ၏ စစ်တပ်တစ်တပ်အား စေလွှတ်နေကြောင်း သိရှိရ၏။ ထိုအခါ ကျွန်တော်မျိုးမှ 'အို့, အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ကိုယ်တော်သည် ထိုစစ်တပ်အား မစေလွှတ်ပါနှင့်။ ၎င်းပုဂ္ဂိုလ်အားလုံးသည် အမိန့်နာခံသော သူများအဖြစ်နှင့် ရောက်ရှိလာရန် ကျွန်တော်မျိုး တာဝန်ယူကြောင်း လျှောက်ထားတော်မူသည်။ တစ်ဖန် ကျွန်ုပ်သည် မိမိအမျိုးအနွယ်အား စာရေးအကြောင်းကြားသော် အားလုံးသည် မွတ်စ္စလင်မ်ဖြစ်ရှိသွားခဲ့ကြလေသည်။ ထိုအပေါ် ကိုယ်တော်မှ

يَا أَخَاصُدَاءَ الْمُطَاعَ فِيْ قَوْمِهِ

ဟု အမိန့်ရှိလေသည်။ ထို့ပြင် ကိုယ်တော်မြတ်သည် ၎င်းအား ရည်စူး၍ မိန့်တော်မူသည်မှာ ဤသည် မိမိအမျိုးအနွယ်များ၏ ချစ်ခင်မှုအား ခံယူရခြင်းနှင့် နောက်လိုက်ပြုခြင်းပင် ဖြစ်သည်။ ကျွန်တော်မျိုးမှ ၎င်းတွင် ကျွန်တော်မျိုး၏ အရည်အချင်း မပါရှိကြောင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် ၎င်းတို့ 'ဟိဒါယသ်'တရားလမ်းမှန်ရရှိပြီး မွတ်စ္စလင်မ်ဖြစ်သွားကြောင်း လျှောက်ထားတော်မူ၏။ ဟဇရသ်ဇေယားဒ် ဗင်န် ဟာရဆ် ဆွဒါအီမှ ဆက်လက်၍ အမိန့်ရှိသည်မှာ ကျွန်ုပ်တို့သည် ထိုင်ဝိုင်းတွင်ရှိနေစဉ် ပုဂ္ဂိုလ်တစ်ဦးသည် ကိုယ်တော်မြတ် ﷺ ၏ အခစား၌ ရောက်ရှိလာပြီး တစ်စုံတစ်ရာ တောင်းခံသော် ကိုယ်တော်မှ ၎င်းအား ဤသို့ အဖြေပေးတော်မူ၏။

အလှူဒါန ခွဲဝေခြင်းအား အလ္လာဟ်အသျှင်မြတ်သည် နဗီတစ်ပါးပါး (သို့) နဗီမဟုတ်သော လူကိုလည်း ဤတာဝန် မအပ်နှံသည့်အပြင် မိမိကိုယ်တော်တိုင် 'ဇကားသ်'စားပိုင်ခွင့်ရှိသောသူ (၈) မျိုးအား သတ်မှတ်တော်မူ၏။ အကယ်၍ အသင်သည် ထို (၈) မျိုးအနက်မှ ပါဝင်သော် အသင့်ကိုလည်း ပေးနိုင်သည်။ အာယသ်တော်၏ ကျရောက်ပုံကျရောက်နည်းအား သိရှိပြီးသည့်နောက် အာယသ်တော်၏ ပြည့်ဝသော အကျယ်ရှင်းလင်းချက်အား နားမထောင်မီအလျင် ဤသည်အား နားလည်သဘောပေါက်ရန် သင့်ပေသည်။ အဘယ်သို့ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် လူနှင့် တိရစ္ဆာန် ဖန်ဆင်းခံဟူသရွေ့ စသည်တို့အား စားနပ်ရိက္ခာ ချီးမြှင့်ခြင်း၏ ကတိတော်အား ပြုထားတော်မူ၏။

وَمَامِنْ دَآبَّةٍ فِى الْاَرْضِ اِلَّاعَلَى اللّٰهِ رِزْقُهَا

ထို့အတူ မိမိ၏ ဆင်ခြင်တုံတရား ပြီးပြည့်စုံခြင်းသည် ဆင်းရဲသူနှင့် ချမ်းသာသူအား ခွဲမရအောင် အားလုံးအား စားနပ်ရိက္ခာ၌ တန်းတူညီတူ ချီးမြှင့်ထားခြင်း မရှိချေ။ ထိုအချက်၌ လူ့စာရိတ္တနှင့် လောက၏ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ထောင်ပေါင်းများစွာသော အမြော်အမြင်များ တည်ရှိ၏။ ၎င်းအား အကျယ်ရှင်း လင်းရန် ဤနေရာတွင် အခွင့်မသာချေ။ ၎င်းအမြော်အမြင်အား အကြောင်းခံ၍ မည်သူမည်ဝါအား သူဌေး သူကြွယ်အဖြစ် ဖန်ဆင်းပြီး မည်သူမည်ဝါအား သူဆင်းရဲအဖြစ် ဖန်ဆင်းထားတော်မူသည်။ တစ်ဖန် ဥစ္စာရှင်များ၏ ဥစ္စာ၌ ဆင်းရဲနွမ်းပါးသူများ၏ တစ်စိတ်တစ်ဒေသကိုလည်း ပေးထားလေသည်။ အမိန့်ရှိ သည်မှာ

وَ فِىْ اَمْوَالِهِمْ حَقٌّ مَّعْلُوْمٌ لِّلسَّائِلِ وَ الْمَحْرُوْمِ

အကြင်အာယသ်တော်မှ ဥစ္စာရှင်များ၏ ဥစ္စာ၌ အလ္လာဟ်အသျှင်မြတ်သည် တစ်စိတ်တစ်ဒေသ သတ်မှတ်ပြီး ဆင်းရဲနွမ်းပါးသောသူများအဖို့ ထားရှိထား၏။ ၎င်းဥစ္စာပစ္စည်းများသည် ဆင်းရဲနွမ်းပါး သော သူများ၏ ဥစ္စာပင် ဖြစ်၏။ ဥစ္စာရှင်များ၏ ပစ္စည်းဥစ္စာများအနက် အလှူဒါနပေးဆောင်ရန် အမိန့်ရှိ ထားသော အရာများသည် ၎င်း၏ ကျေးဇူးတရားများ မဟုတ်သည့်အပြင် သူဆင်းရဲ၏ ရပိုင်ခွင့်တစ်ခုဖြစ်၏။ ၎င်းအား ပေးဆောင်ရန် ဥစ္စာရှင်၏ ဝတ္တရား၌ အရေးကြီးကြောင်း သိရှိရလေသည်။ ဤသည် အလ္လာဟ်အသျှင် မြတ်ထံတော်မှ ဥစ္စာရှင်သည် ၎င်းအနက် လိုတိုးပိုလျှော့ ပြုပိုင်ခွင့်မရှိပေ။ အသျှင်မြတ်သည် ၎င်းသတ်မှတ် ထားသော ဝတ္တရား၏ အတိုင်းအတာကိုလည်း ကိုယ်တော်မြတ် ﷺ အား ပြောဆိုပြသရန် အပ်နှံထားတော် မူသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ မှ ဆွဟာဗာများအား နှုတ်ဖြင့် မတင်ပြသည့်အပြင် ထိုကိစ္စနှင့် ပတ်သက်ပြီး အကျယ်ရှင်းလင်းချက်အား ရေးသားစေ၍ ဟဇရသ်အုမရ်နှင့် ဟဇရသ်အမရ်ဗင်နိဟဇမ်အား အပ်နှံပြီး အရေးတကြီး ဆောင်ရွက်ခဲ့လေသည်။ ထိုအချက်မှ ရှင်းလင်းစွာ အတည်ဖြစ်စေသည်မှာ 'ဇကားသ်' ၏ 'နိဆားဗ်' အမျိုးအစားနှင့် 'နိဆားဗ်' တိုင်း၌ အမျိုးအစားသတ်မှတ်မှု အတိုင်းအတာသည် အမြဲထာဝစဉ် အတွက် အလ္လာဟ်အသျှင်မြတ်မှ မိမိ၏ ရစူလ်အား သတ်မှတ်ချက်ပြုလုပ်၍ ပြသထားလေသည်။ ခေတ် တစ်ခေတ်နှင့် နိုင်ငံတစ်နိုင်ငံတွင်ရှိသော တစ်ဦးတစ်ယောက်သည် ၎င်း၌ လိုတိုးပိုလျှော့ ပြုလုပ်ခြင်း၊ အပြောင်းအလဲပြုပိုင်ခွင့် မရှိချေ။

အလှူဒါနနှင့် 'ဇကားသ်'၏ 'ဖွရဇ်'ဖြစ်ခြင်းသည် အစ္စလာမ်၏ အစပိုင်း၌ မက္ကာဟ်ရွှေမြို့တော်တွင်း ကျရောက်ခဲ့ပြီးဖြစ်၏။ သဖ်စီးရ်ပညာရှင်များ၏ ခေါင်းဆောင် အိဗ်နေကစီးရ်ကျမ်းရှင်မှ စူရာဟ်'မုဇမ္မင်လ်' တွင် တင်ပြထားသကဲ့သို့

فَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ

ဟူသော အာယသ်တော်ဖြင့် အထောက်အထားပြုထားလေသည်။ အကြောင်းမှာ ဤစူရာဟ်သည် ဝဟီအစပိုင်းခေတ်သယ၌ ကျရောက်ခဲ့သော စူရာဟ်များအနက်မှ ဖြစ်လေသည်။ ၎င်းအာယသ်တော်တွင်

နမာဇ်နှင့်တကွ 'ဇကားသ်'၏ အမိန့်တော်လည်း လာရှိထား၏။ ထို့နောက် ဆင့်ပြန်ထားသော ဟဒီးစ်တော်များဖြင့် သိရှိရသည်မှာ အစ္စလာမ်၏ အစကနဦးပိုင်းတွင် 'ဇကားသ်'နှင့် ပတ်သက်၍ သီးသန့် အချိုးအစားအား သတ်မှတ်ထားခဲ့ခြင်း မရှိပေ။ သို့သော် မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်သည် မိမိ၏ လိုအပ်ချက်ထက်ပိုလျှံသော ငွေကြေးအား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခဲ့ကြလေသည်။ အချိုးအစားများသတ်မှတ်ခြင်းနှင့် 'ဇကားသ်'၏ အချိုးအစားသည် မဒီနာရွှေမြို့တော်သို့ ဟိဂျ်ရသ်ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ဖြစ်ရှိခဲ့လေသည်။ ထို့နောက်တစ်ဖန် 'ဇကားသ်'နှင့် အလှူဒါန၏ ကောက်ခံခြင်း၏ စီမံခန့်ခွဲမှုသည် ဥပဒေပုံစံဖြင့် မက္ကာဟ်ရွှေမြို့တော်အား အောင်နိုင်ပြီးသည့်နောက် ကျင့်သုံးမှုတွင် ရောက်ရှိလာခဲ့လေသည်။ ဤအာယသ်တော်၌ ဆွဟာဗာများနှင့် သာဗေအီးန်များ တစ်စုတစ်စည်းတည်း ထိုအလှူဒါန၏စားသုံးပိုင်ခွင့်ရှိသော သူများအကြောင်းအား တင်ပြထား၏။ အကြင်ပညတ်ချက်သည် နမာဇ်ကဲ့သို့ပင်မွတ်စ္စလင်မ်တိုင်းအပေါ် 'ဖွရ်ဇ်'တာဝန်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် စားသုံးပိုင်ခွင့်ရှိသော သူများနှင့် ပတ်သက်ပြီး ၎င်းအာယသ်တော်၌ သီးသန့်သတ်မှတ်ထား၏။ ၎င်းအလှူဒါနသည် 'ဖွရ်ဇ်'ဖြစ်သောအလှူဒါန၏ စားသုံးခွင်ရှိသောသူများ ဖြစ်လေသည်။ 'နဖိလ်'အလှူဒါနများနှင့် ပတ်သက်ပြီး ဆင့်ပြန်ထားသော ဟဒီးစ်တော်များအား ထောက်ရှု၍ အလွန်ကျယ်ပြောသည့်အတွက် ထိုစားသုံးပိုင်ခွင့်ရှိသော (၈) မျိုးထဲတွင် ခြုံငုံတင်ပြနိုင်ခြင်း မရှိချေ။

စင်စစ် အထက်ဖော်ပြပါအာယသ်တော်၌ 'ဆွဒကာဟ်'ဟူသော စာလုံးသည် အလှူဒါနဟူသရွေ့အတွက် သုံးနှုန်းထားသော အသုံးအနှုန်းဖြစ်သည်။ ၎င်းစကားလုံး၌ 'ဝါဂျိဗ်'နှင့် 'နဖိလ်'နှစ်မျိုးစလုံးအကျုံးဝင်ပေသည်။ သို့သော် ဤအာယသ်တော်၌ 'ဖွရ်ဇ်'အဖြစ် သတ်မှတ်ထားသော အလှူဒါန၏ စားသုံးပိုင်ခွင့်ရှိသော သူများကိုသာ ဆိုလိုကြောင်း 'အစ်ဂျ်မာအေအွမ္မသ်'မှ အတည်ပြုထား၏။ ထို့ပြင် သဖ်စီးရ်ကုရ်သုဗီကျမ်း၌ တင်ပြထားသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်တွင် 'ဆွဒ်ကာဟ်'ဟူသော စကားလုံးအား တစ်နေရာတွင် တင်ပြပြီး 'နဖိလ်ဆွဒ်ကာဟ်'နှင့် ပတ်သက်၍ ညွှန်ပြထားခြင်းမရှိသော ထိုစကားလုံးအား 'ဖွရ်ဇ်ဆွဒ်ကာဟ်'ကိုသာလျှင် ဆိုလိုသည်။

ဤအာယသ်တော်တွင် إِنَّمَا ဟူသော စကားလုံးဖြင့် အစပြုထားခြင်းသည် ခြုံငုံတင်ပြရန်အတွက်အသုံးပြုထား ခြင်း ဖြစ်လေသည်။ အာယသ်တော်၏ အစ၌ ထိုစကားလုံးဖြင့် တင်ပြခြင်းသည် အလှူဒါနစားသုံးပိုင်ခွင့် ရှိသောသူများအား ရှေ့တွင် ဖော်ပြထားသည်။ 'ဝါဂျိဗ်' အလှူဒါနဟူသရွေ့အား ထိုသူများအပေါ်သာလျှင် သုံးစွဲရန် လိုအပ်ပေသည်။ ထို့ပြင် ထိုသူများမှအပ အခြားကောင်းသောနေရာ၌ 'ဝါဂျိဗ်'အလှူဒါနအား သုံးစွဲခွင့်မရှိချေ။ ဥပမာ- စစ်ပွဲအတွက် အသင့်ပြုရာ၌သော်လည်းကောင်း၊ သို့တည်းမဟုတ်ဗလီနှင့် ကျောင်းများ၊ သို့တည်းမဟုတ် လူအများနားခိုရာ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ စင်စစ်ဤအရာအားလုံးသည် အရေးကြီး၍ ထိုအပေါ် သုံးစွဲခြင်းသည် အကျိုးကျေးဇူးမြောက်မြားစွာ ရှိသော်ငြားလည်း 'ဖွရ်ဇ်'၏ အလှူဒါနအား သီးသန့်အတိုင်းအတာ သတ်မှတ်ထား၏။ ၎င်းအား ထိုနေရာများတွင်သုံးစွဲနိုင်ခွင့် မရှိချေ။

အာယသ်တော်၏ ဒုတိယစကားလုံးမှာ صدقات ဖြစ်၏။ ၄င်းသည် صدقة ၏ ဗဟုဝုစ်ကိန်းဖြစ်လေသည်။ 'ဆွဒ်ကာဟ်'၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်အတွက် သုံးစွဲသော ဥစ္စာပစ္စည်း၏ တစ်စိတ်တစ်ဒေသကို ခေါ်ဆိုသည်။ *[ကာမူးစ်ကျမ်း]*

အေမာမ်ရာဂိဗ် (ရဟ) မှ မွဖ်ရဒါသေကုရ်အာန်၌ အဓိန့်ရှိသည်မှာ 'ဆွဒ်ကာဟ်' အလှူဒါနပေးဆောင်သောသူသည် မိမိ၏အဆိုနှင့် လုပ်ရပ်များ၌ မှန်ကန်သောသူဖြစ်ကြောင်း ကြွေးကြော်သကဲ့သို့ဖြစ်သည်။ ဤအတွက်ကြောင့် 'ဆွဒ်ကာဟ်'အား 'ဆွဒ်ကာဟ်'ဟု ခေါ်ဆိုရခြင်းဖြစ်သည်။ ၄င်းအား သုံးစွဲရန် လောကီ၏ ရည်ရွယ်ချက်များ မပါသည့်အပြင် အလ္လာဟ်နှစ်မြို့မှု ရရှိရန်အတွက် သုံးစွဲမှုသာလျှင် ဖြစ်ရမည်။ သို့ပါ၍ အကြင်အလှူဒါန၌ ကျော်ကြားမှု၊ သို့မဟုတ် လောကီ ရည်ရွယ်ချက်များ ပါဝင်နေသော် ကျမ်းတော်မြတ်ကုရ်အာန်၌ ၄င်းအလှူဒါနအား باطل (မတည်မြဲသော အရာ) ဟူ၍ သတ်မှတ်ထားလေသည်။

'ဆွဒ်ကာဟ်'ဆိုသော စကားလုံးသည် မူရင်းအဓိပ္ပာယ်အားဖြင့် အများပိုင်နာမ်စားဖြစ်သည်။ 'နဖိလ် ဆွဒ်ကာဟ်'ကိုလည်း ခေါ်ဆိုသကဲ့သို့ 'ဖွရ်ဇ်ဇကားသ်'ကိုလည်း ခေါ်ဆိုလေသည်။ 'နဖိလ်'အလှူဒါန အတွက် 'ဆွဒ်ကာဟ်'ဟူသော စကားလုံးအား သုံးနှုန်းခြင်းသည် နေရာတိုင်း၌ ဖြစ်၏။ 'ဖွရ်ဇ်'အလှူဒါန အတွက် ကျမ်းတော်မြတ်ကုရ်အာန်၌ မြောက်မြားစွာသော နေရာတွင် 'ဆွဒ်ကာဟ်' ဟူသော စကားလုံးအား သုံးနှုန်းထားလေသည်။ ဥပမာ- خُذْ مِنْ اَمْوَالِهِمْ صَدَقَةً ထို့ပြင် اِنَّمَا الصَّدَقَاتُ အစရှိသော ကုရ်သုဗီကျမ်းရှင်၏ စိစစ်မှုအရ ကျမ်းတော်မြတ်ကုရ်အာန်တွင် ယေဘုယျအားဖြင့် 'ဆွဒ်ကာဟ်'ဟူသော စကားလုံးအား သုံးနှုန်းထားသော် ၄င်းသည် 'ဖွရ်ဇ်ဆွဒ်ကာဟ်'ကိုသာ ဆိုလို၏။ ဟဒီးစ်တော်များ၌ တင်ပြထားသော 'ဆွဒ်ကာဟ်'ဟူသော စကားလုံးသည် ကောင်းသော လုပ်ရပ်တိုင်းအတွက်လည်း အသုံးပြုလေသည်။ ဥပမာ- ဟဒီးစ်တော်၌ လာရှိထား၏။ မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်နှင့် ဝမ်းမြောက်ပျော်ရွှင်စွာ တွေ့ဆုံခြင်းသည်လည်း 'ဆွဒ်ကာဟ်'ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ ဝန်ထုပ်ဝန်ပိုးအား ထမ်းရွက်ပေးခြင်းသည်လည်း 'ဆွဒ်ကာဟ်'ဖြစ်သည်။ ရေတွင်းမှ မိမိအတွက် ရေငင်၍ ၄င်းအနက်မှ အခြားသူတစ်ဦးတစ်ယောက်အား ပေးခြင်းသည်လည်း ဆွဒ်ကာဟ်ဖြစ်သည်။ ဤဟဒီးစ်တော်၌ 'ဆွဒ်ကာဟ်' ဟူသော စကားလုံးသည် အဓိပ္ပာယ်အများအပြားတွင် အသုံးပြုထားလေသည်။

တတိယစကားလုံးမှာ لِلْفُقَرَاءِ ဟူသော စကားလုံးဖြင့် အစပြုထား၏။ ၄င်းစကားလုံး၏ အစရှိတွင် ရှိသော ل (လာမ်) သည် သီးသန့်အဓိပ္ပာယ်ကို ပြရန်အတွက် အသုံးပြုလေသည်။ သို့ပါ၍ ဝါကျ၏ အဓိပ္ပာယ်သည် အလှူဒါနဟူသရွေ့အား ထိုသူများအပေါ်၌သာလျှင် သုံးစွဲပိုင်ခွင့် ရှိသည်။ ၄င်း၏ အကြောင်းအား နောက်ပိုင်းတွင် တင်ပြမည်ဖြစ်သည်။

(ယခု 'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသော လူအတန်းအစား (၈) မျိုး၏ အကျယ်ရှင်းလင်းချက်ကို တင်ပြနေသည်။ ၄င်းတို့အနက် ပထမမှာ 'ဖကီးရ်'ဖြစ်ပြီး ဒုတိယမှာ 'မစ်ကီးန်'ဖြစ်သည်။ 'ဖကီးရ်' နှင့်

'မစ်ကီးန်'၏ မူရင်းအဓိပ္ပာယ်၌ ကွဲလွဲမှုရှိသည်။ 'ဖကီးရ်'ဆိုသည်မှာ အကြင်သူ၏ထံတွင် တစ်စုံတစ်ရာ မရှိသောသူကို ခေါ်ဆိုသည်။ 'မစ်ကီးန်'ဆိုသည်မှာ အကြင်သူ၏ထံတွင် 'နေစားဗ်'အတိုင်းအတာထက် လျော့၍ ရှိသောသူကို ခေါ်ဆိုသည်။ သို့သော် 'ဇကားသ်'၏ ပညတ်ချက်၌ နှစ်မျိုးစလုံးသည် တစ်သမတ်တည်းသာ ဖြစ်လေသည်။ မည်သည့်အကွဲအလွဲမှ မရှိချေ။ သို့ပါ၍ အကြင်သူ၏ထံတွင် လိုအပ်သည်ထက် ပို၍ 'နေဆားဗ်'အတိုင်းအတာခန့် ပစ္စည်းဥစ္စာမရှိသော် ၎င်းအား 'ဇကားသ်'ပေးပိုင်ခွင့် ရှိသည်။ ထိုသို့သော သူသည် 'ဇကားသ်'ရယူခြင်းပိုင်သည်။ လိုအပ်သည့် ပစ္စည်းများမှာ နေထိုင်ရန် အိမ်၊ သုံးစွဲရန် အိုး၊ ခွက်ပန်းကန်၊ အဝတ်အစား၊ ခုံကုလားထိုင် စသည်တို့ အကျုံးဝင်လေသည်။ 'နေဆားဗ်'ဆိုလိုသည်မှာ ရွှေသည် ခုနစ်တိုလာခွဲ သို့မဟုတ် ငွေသည် ငါးဆယ့်နှစ်တိုလာခွဲ သို့တည်းမဟုတ် ၎င်း၏ တန်ဖိုး၊ အကြင်သူထံတွင် ရှိသော် ထိုသူသည် အကြွေးမြီကင်းသောသူဖြစ်ပါက ၎င်းအား 'ဇကားသ်'ပေးခြင်း၊ ယူခြင်း မပိုင်ပေ။ ထိုနည်းတူစွာ အကြင်သူ၏ထံတွင် ငွေအချို့ရှိ၍ သို့တည်းမဟုတ် လက်ဝယ် ငွေကြေးအနည်းငယ်ရှိလေသည်။ ထို့ပြင် ရွှေအနည်းငယ်လည်းရှိသော် အားလုံး၏ တန်ကြေးအား သတ်မှတ်ပြီး အကယ်၍ ငွေငါးဆယ့်နှစ်တိုလာခွဲ၏ တန်ကြေးနှင့် ညီမျှသွားသော် ထိုသူသည် 'ဆွာဟိဗေနေဆားဗ်' ဖြစ်လေသည်။ ၎င်းအား 'ဇကားသ်'ငွေပေးခြင်း၊ ယူခြင်း မပိုင်ပေ။ ထို့ပြင် အကြင်သူသည် 'နေဆားဗ်'ရှင် မဟုတ်သော်ငြားလည်း ကျန်းမာရေးကောင်းသူ၊ အင်အား ရှိသူ၊ ထို့အပြင် ရှာဖွေစားသောက်နိုင်၍ တစ်နေ့တာသုံးစွဲဖို့ရန် ၎င်းထံတွင် ရှိသည်။ ထိုပုဂ္ဂိုလ်အား 'ဇကားသ်' ပေးဆောင်ခြင်း ပိုင်လေသည်။ သို့သော် ၎င်းသည် လူများထံတွင် လှည့်လည်တောင်းခံခြင်း မပိုင်ချေ။ ထိုအချက်တွင် မြောက်မြားစွာသောသူများသည် မေ့လျော့စွာ ပြုလုပ်ဆောင်ရွက်နေကြသည်။ တောင်းခံခြင်းသည် ဤသို့သောသူများအတွက် 'ဟရာမ်'ဖြစ်သည်။ ဤသို့သော သူများ၏ တောင်းခံ၍ ရရှိသော အရာများနှင့် ပတ်သက်ပြီး ကိုယ်တော်မြတ် ﷺ မှ 'ဂျဟန္နမ်'မီးခဲများ ဖြစ်ကြောင်း အမိန့်ရှိထား၏။)

'ဇကားသ်'၏ အခန်းကဏ္ဍ၌ 'ဖကီးရ်'နှင့် 'မစ်ကီးန်'တွင် တစ်စုံတစ်ရာ ခြားနားခြင်းမရှိချေ။ သို့သော် 'ဝဆီယသ်' (မှာတမ်းစာ) ၏ ပညတ်ချက်၌ ခြားနားမှုရှိလေသည်။ 'မစ်ကီးန်'အတွက် မှာတမ်းခဲ့သော မည်သို့သောသူအား ပေးဆောင်ရမည်။ ထို့ပြင် 'ဖကီးရ်'အတွက် မှာတမ်းခဲ့သော မည်သို့သောသူကို ပေးဆောင်ရမည်။ အကြင်အကြောင်းအရာအား ဤနေရာတွင် တင်ပြရန် အရေးမကြီးချေ။ 'ဖကီးရ်'နှင့် 'မစ်ကီးန်'နှစ်ဦးစလုံးတွင် 'ဇကားသ်'ပေးရာ၌ တူညီသောအချက်မှာ အကြင်သူအား 'ဇကားသ်'၏ ဥစ္စာပစ္စည်းပေးမည်ဆိုသော် ထိုသူသည် မွတ်စ္စလင်မ် ဖြစ်ရမည်။ ထို့ပြင် လိုအပ်သည်ထက် ပို၍ 'နေဆားဗ်' အတိုင်းအတာခန့် ဥစ္စာပစ္စည်း၏ ပိုင်ရှင်မဖြစ်စေရ။

စင်စစ် အလ္လာဟ်ဒါနပဟူသရွေ့အား မွတ်စ္စလင်မ်မဟုတ်သောသူများကိုလည်း ပေးဆောင်နိုင်သည်။ ကိုယ်တော်မြတ် ﷺ မှ ဤသို့ အမိန့်ရှိထားလေသည်။

تَصَدَّ قُوْا عَلٰى اَهْلِ الْاَدْيَانِ كُلِّهَا

ဆိုလိုသည်မှာ သာသနာရှိသူတိုင်းအပေါ် အလှူဒါနပေးဆောင်ကြလေကုန်။ သို့သော် 'ဇကားသ်'၏ အလှူဒါနနှင့် ပတ်သက်ပြီး ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်မအာဇ် ؓ အား ယမန်နိုင်ငံသို့ စေလွှတ်

သည့်အချိန်တွင် ဤသို့ လမ်းညွှန်မှုပြုခဲ့၏။ 'ဇကားသ်'၏ ငွေကြေးဥစ္စာအား ချမ်းသာကြွယ်ဝသော မွတ်စ္စလင်မ်များထံ၌သာ ရယူရန်နှင့် ထိုမွတ်စ္စလင်မ်သူဆင်းရဲသားများအပေါ်၌သာ သုံးစွဲရန် မှာတမ်းမှု ပြုခဲ့၏။ သို့ပါ၍ 'ဇကားသ်'၏ ငွေကြေးဥစ္စာအား 'ဖကီးရ်'နှင့် 'မစ်ကီးန်' မွတ်စ္စလင်မ်များအပေါ်၌သာလျှင် သုံးစွဲနိုင်ပေသည်။

'ဇကားသ်'မှအပ အခြားအလှူဒါနများအား 'ဖိသ်ရာဟ်' အလှူဒါနပင် ဖြစ်လင့်ကစား မွတ်စ္စလင်မ်မဟုတ်သော 'ဖကီးရ်'အား ပေးဆောင်ခြင်း ပိုင်ပေသည်။

ထို့အပြင် ဒုတိယစည်းကမ်းချက်မှာ 'နေဆားဗ်' ရှင် မဟုတ်သောသူသည် ၄င်းကိုယ်တိုင် 'ဖကီးရ်' နှင့် 'မစ်ကီးန်'၏ အဓိပ္ပာယ်အရ ရှင်းလင်းပေသည်။ အကြောင်းမှာ ၄င်း (ဖကီးရ်နှင့် မစ်ကီးန်) ၏ထံတွင် တစ်စုံတစ်ရာ မရှိပေ။ သို့မဟုတ် 'နေဆားဗ်'အတိုင်းအတာထက် လျော့နည်း၍ ရှိလေသည်။ သို့ပါ၍ 'ဖကီးရ်' နှင့် 'မစ်ကီးန်' နှစ်ဦးစလုံးထံတွင် 'နေဆားဗ်'အတိုင်းအတာခန့် ဥစ္စာပစ္စည်းမရှိသော အချက်များပါဝင် ပတ်သက်လျက်ရှိသည်။ ဤသုံးစွဲခွင့်ရှိသော အုပ်စုနှစ်စု တင်ပြပြီးသည့်နောက် သုံးစွဲပိုင်ခွင့်ရှိသော လူတန်းစား (၆) မျိုးအား ဆက်လက်၍ တင်ပြထားသည်။ ၄င်းတို့အနက် ဦးစွာပထမ 'အာမီလီးန်ဆွဒ်ကာဟ်' ဖြစ်သည်။

တတိယ 'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသောသူများမှာ-

اَلْعَامِلِيْنَ عَلَيْهَا

ဖြစ်သည်။ ဤနေရာတွင် 'အာမီလီးန်'ဟူသည်မှာ 'ဆွဒ်ကာဟ်'အလှူဒါနပစ္စည်းများအား ကောက်ခံရန်အတွက် အစ္စလာမ့်အာဏာရှင်များဘက်မှ ခန့်အပ်ထားသော အမှုထမ်းများကို ဆိုလိုသည်။ လူတို့ထံမှ ကောက်ခံ၍ 'ဗိုင်သွလ်မာလ်'တွင် စုဆောင်းရန် သတ်မှတ်ထားသောသူများ ဖြစ်သည်။ ဤအတွက်ကြောင့် ၄င်းတို့၏ ကိစ္စအဝဝ၏ တာဝန်ဝတ္တရားသည် အစ္စလာမ်အာဏာရှင်များအပေါ် တာဝန်ရှိပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ၄င်းအာယသ်တော်မှ 'ဇကားသ်'စားသုံးခွင့်ရှိသောသူများတွင် ၄င်းတို့အတွက် တစ်စိတ်တစ်ဒေသ 'ဇကားသ်'၏ ဥစ္စာငွေကြေးများအနက်မှ သီးသန့်သတ်မှတ်ပေးထားလေသည်။

အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များထံမှ 'ဇကားသ်'နှင့် အလှူဒါနကောက်ခံခြင်း 'ဖွရ်ဇ်' တာဝန်ဝတ္တရားအား ကိုယ်တော်မြတ် ﷺ အပေါ် တိုက်ရိုက်သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ ၄င်းအကြောင်းအရာအား ဤစူရာဟ်ထဲ၌ပင် ရှေ့တွင် လာသော အာယသ်တော်များ၌ တင်ပြမည်ဖြစ်သည်။

خُذْ مِنْ اَمْوَا لِهِمْ صَدَقَةً

ဆိုလိုသည်မှာ အသင်ကိုယ်တော်မြတ် ﷺ သည် မွတ်စ္စလင်မ်များ၏ ဥစ္စာပစ္စည်းများအနက်မှ အလှူဒါနအား ကောက်ခံလေသည်။ ၄င်းအာယသ်တော်၏ အကျယ်ရှင်းလင်းချက်အား ရှေ့တွင် တင်ပြလိမ့်မည်။ ဤနေရာတွင် ၄င်းအာယသ်တော်အရ မွတ်စ္စလင်မ်များ၏ ခေါင်းဆောင်အပေါ် ဝတ္တရားဖြစ်သော 'ဇကားသ်'နှင့် အလှူဒါနအား ကောက်ခံရန်ကိုသာလျှင် တင်ပြထားလေသည်။ ဤအချက်မှ ထင်ရှားသည်မှာ

ခေါင်းဆောင်ကိုယ်တိုင် တစ်နိုင်ငံလုံးရှိသူများထံတွင် အကူအညီမရယူဘဲ ဤလုပ်ရပ်အား ပြုလုပ်ရန် မဖြစ်နိုင်ပေ။ ထိုအကူအညီပေးသောသူများ၏ အကြောင်းအား အထက်ဖော်ပြပါ အာယသ်တော်ဖြစ်သော

وَالْعَامِلِيْنَ عَلَيْهَا

၏ စကားလုံးများဖြင့် တင်ပြခဲ့လေသည်။

ထိုအာယသ်တော်များ၏ ပညတ်ချက်များအား လိုက်နာကျင့်သုံးရန် ကိုယ်တော်မြတ် ﷺ သည် မြောက်မြားစွာသော ဆွဟာဗာများကို 'ဆွဒ်ကာဟ်' အလှူပစ္စည်းများ ကောက်ခံရန်အတွက် ဒေသအသီးသီးသို့ စေလွှတ်လေသည်။ ထို့ပြင် ဖော်ပြပါအာယသ်တော်၏ လမ်းညွှန်ချက်အရ ကောက်ခံရရှိသော 'ဇကားသ်' ငွေနှင့်သာ ၎င်းတို့အား လစာပေးလေသည်။ ၎င်းတို့အနက်တွင် ကြွယ်ဝချမ်းသာသော ဆွဟာဗာများလည်း ပါဝင်ခဲ့လေသည်။ ဟဒီးစ်တော်၌ ကိုယ်တော်မြတ် ﷺ မှ အမိန့်ရှိ သည်မှာ 'ဆွဒ်ကာဟ်' အလှူဒါနပစ္စည်းသည် (၅) ဦးသော သူချမ်းသာများမှအပ ဥစ္စာပစ္စည်းကြွယ်ဝသော သူများအဖို့ 'ဟလာလ်' မဟုတ်ချေ။ ၎င်းတို့မှာ-

(၁) မိမိ၏ဌာနတွင် ကြွယ်ဝချမ်းသာသူဖြစ်သော်ငြားလည်း 'ဂျိဟားဒ်' စစ်ပွဲထွက်သည့်အချိန်တွင် ၎င်းထံ လိုအပ်သည့် အတိုင်းအတာခန့် ဥစ္စာပစ္စည်းမရှိသောသူ၊
(၂) 'ဆွဒ်ကာဟ်' အလှူပစ္စည်းများ ကောက်ခံသောသူ၊
(၃) အကြွင်းသူ၏ ထံတွင် ဥစ္စာပစ္စည်းရှိသော်ငြားလည်း လက်ရှိပစ္စည်းထက် ပို၍ ကြွေးမြီရှိသောသူ၊
(၄) 'ဆွဒ်ကာဟ်' အလှူပစ္စည်းအား နွမ်းပါးသူ 'မစ်ကီးန်' တစ်ဦးဦးထံမှ ပိုက်ဆံပေး၍ ဝယ်ယူသောသူ၊
(၅) နွမ်းပါးသူ 'ဖကီးရ်' တစ်ဦးဦးသည် ရရှိထားသော 'ဆွဒ်ကာဟ်' အလှူပစ္စည်းအား လက်ဆောင်ပုံသဏ္ဌာန်ဖြင့် ပေးခြင်းခံရသူတို့ ဖြစ်သည်။

'ဆွဒ်ကာဟ်' အလှူပစ္စည်းများအား ကောက်ခံသောသူများအဖို့ ၎င်းတို့အနက်မှ မည်မျှ ပေးရမည်ဆိုသည်နှင့် ပတ်သက်၍ အမိန့်တော်မှာ ၎င်းကြိုးပမ်းသည့်အတိုင်းအတာခန့် ပေးဆောင်ရမည်။ သို့သော် အရေးကြီးသည့်အချက်မှာ လှူဖွယ်ပစ္စည်းများ ကောက်ခံသောသူများ၏ လစာသည် 'ဇကားသ်' ၏ အချိုးအစားထက် မပိုစေရ။ အကယ်၍ 'ဇကားသ်' ကောက်ခံရရှိသော ငွေသည် ကောက်ခံသူများ၏ လစာပေးဆောင်သည့်အခါ ထက်ဝက်မျှပင် မကျန်ရှိသော ထိုအခါ လစာအား လျှော့ချပစ်လိုက်ရမည်။ ထက်ဝက်ထက်ပို၍ မသုံးစွဲရ။

အထက်ဖော်ပြပါ အကြောင်းအရာမှ သိရှိရသည်မှာ 'ဆွဒ်ကာဟ်' အလှူပစ္စည်းကောက်ခံသောသူများအား 'ဇကားသ်' ငွေဖြင့် ပေးဆောင်ခြင်းသည် 'ဆွဒ်ကာဟ်' ၏ ပုံသဏ္ဌာန်မဟုတ်သည့်အပြင် ၎င်း၏ လုပ်အားခအဖြစ် သတ်မှတ်ပေးခြင်း ဖြစ်၏။ သို့ပါ၍ ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသူ ဖြစ်သော်ငြားလည်း ထိုငွေကြေးအား စားထိုက်သူ ဖြစ်ရှိသွားလေသည်။ ထို့ပြင် 'ဇကားသ်' ငွေဖြင့် ၎င်းအား ပေးခြင်း ပိုင်ပေသည်။

ထို့ပြင် 'ဇကားသ်'စားပိုင်ခွင့်ရှိသော (၈) မျိုးအနက် တစ်မျိုးတည်းသာလျှင် 'ဇကားသ်'ငွေဖြင့် လုပ်အားခ ပေးဆောင်နိုင်လေသည်။ သို့တည်းမဟုတ်ပါက 'ဇကားသ်'ဟူသည် သူဆင်းရဲသားများအား မည်သည့် လုပ်အားခမှ မပါဘဲ ချီးမြှင့်ခြင်းကို ဆိုလိုသည်။ အကယ်၍ သူဆင်းရဲ 'ဖကီးရ်'တစ်ဦးတစ်ယောက်အား လုပ်အားခတစ်ခုခုဖြင့် 'ဇကားသ်'ငွေ ပေးဆောင်ခြင်းသည် 'ဇကားသ်'အထမမြောက်ပေ။ ဤအတွက် ကြောင့် ဤနေရာတွင် မေးခွန်းနှစ်ခု ပေါ်ပေါက်လာ၏။ ပထမမေးခွန်းမှာ 'ဇကားသ်'ပစ္စည်းအား လုပ်အားခ အနေနှင့် မည်သို့ ပေးဆောင်နိုင်မည်နည်း။ ဒုတိယမေးခွန်းသည် ချမ်းသာကြွယ်ဝသောသူအတွက် 'ဇကားသ်' ပစ္စည်းသည် မည်သို့ 'ဟလာလ်'ဖြစ်နိုင်မည်နည်း။ ထိုမေးခွန်းနှစ်ရပ်စလုံး၏ အဖြေမှာ တစ်ခုတည်းသာလျှင် ဖြစ်၏။ အကြောင်းမှာ လျှုဒါန်းကောက်ခံသော သူများ၏ အခြေအနေမှန်အား နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။ ၎င်းမှာ ဤပုဂ္ဂိုလ်များသည် 'ဖကီးရ်'သူဆင်းရဲများ၏ ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ထို့ပြင် ကိုယ်စားလှယ်၏ သိမ်းပိုက်မှုသည် သူဆင်းရဲ၏ သိမ်းပိုက်မှု၏ အမိန့်အတိုင်းပင်ဖြစ်၏။ အကယ်၍ တစ်ဦးတစ်ယောက်သည် မိမိ၏ အကြွေးအား ရယူရန်အတွက် တစ်ဦးတစ်ယောက်အား ကိုယ်စားလှယ်အဖြစ် ခန့်အပ်သော အကြွေးပေးမည့်သူသည် အကြွေးအား ကိုယ်စားလှယ်ထံ အပ်နှံလိုက်သော် ကိုယ်စားလှယ်၏ လက်ဝယ် ရောက်ရှိသည်နှင့်တစ်ပြိုင်နက် အကြွေးတာဝန် ကျေပွန်သွားမည်ဖြစ်သည်။ သို့ပါ၍ 'ဇကားသ်' ငွေအား 'ဖကီးရ်'သူဆင်းရဲများ၏ အလှူငွေကောက်ခံသော ကိုယ်စားလှယ်များဖြစ်သည့်အလျောက် လက်ခံ ရရှိသည်နှင့်အမျှ ၎င်းတို့၏ 'ဇကားသ်'သည်လည်း တာဝန်ကျေပွန်သွားမည်ဖြစ်သည်။ ယခု 'ဖကီးရ်'သူဆင်း ရဲများထံရှိသော ငွေကြေးဥစ္စာသည် ၎င်းတို့ဘက်က ကိုယ်စားလှယ်မှ လိုက်လံသိမ်းဆည်းထားသော ငွေကြေး များဖြစ်သည်။ ကိုယ်စားလှယ်များအား ပေးဆောင်သော ငွေကြေးသည် ပစ္စည်းဥစ္စာရှင်များ၏ဘက်မှ မဟုတ်ဘဲ 'ဖကီးရ်'များဘက်မှ ပေးသော ငွေကြေးဖြစ်လေသည်။ ထို့ပြင် 'ဖကီးရ်'သူဆင်းရဲများသည် ၎င်းငွေကြေးများအား မည်သည့်နေရာ၌မဆို သုံးစွဲခွင့်ရှိသည်။ ၎င်းတို့အဖို့ မိမိ၏ လုပ်ငန်းများအား ပြုလုပ် ပေးသော သူများအပေါ် မိမိငွေကြေးများအနက်မှ ၎င်းတို့အား လုပ်အားခလည်း ပေးနိုင်လေသည်။

ယခု မေးခွန်းတစ်ခု ကျန်ရှိသည်မှာ 'ဖကီးရ်'သူဆင်းရဲသားများသည် ၎င်းတို့အား ကိုယ်စားလှယ် အဖြစ် ပြုလုပ်ခြင်းမရှိပေ။ ဤသူများသည် ၎င်းတို့၏ ကိုယ်စားလှယ်အဘယ်မှာ ဖြစ်နိုင်မည်နည်း။ ၎င်း၏ အကြောင်းအရင်းမှာ အစ္စလာမ့်အာဏာရှင်များ၏ ခေါင်းဆောင်များအား 'အမီရ်'ဟု ခေါ်ဆိုလေသည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ တစ်နိုင်ငံလုံးရှိ 'ဖကီးရ်'သူဆင်းရဲသားများ၏ ကိုယ်စား လှယ်များအဖြစ် သတ်မှတ်ထားလေသည်။ အကြောင်းမှာ ၎င်းသူဆင်းရဲများ၏ ကိစ္စအဝဝ၏ တာဝန်ဝတ္တရား များသည် ၎င်းတို့အပေါ်၌ ရှိလေသည်။ နိုင်ငံ့ခေါင်းဆောင်သည် အကြင်သူအား အလှူဒါနကောက်ခံရန် ခန့်အပ်သော ထိုသူများသည် ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် 'ဖကီးရ်'သူဆင်းရဲသားများ၏ ကိုယ်စား လှယ်ဖြစ်ရှိသွားလေသည်။ ထိုအချက်မှ သိရှိရသည်မှာ အလှူငွေကောက်ခံသောသူများအား ပေးသည့်အရာ ဟူသရွေ့သည် စင်စစ် 'ဇကားသ်'မဟုတ်ချေ။ သို့သာမက 'ဇကားသ်' သည် 'ဖကီးရ်'သူဆင်းရဲသား များ ရသင့်ရထိုက်သော အရာဖြစ်သည့်အတွက် ၎င်းတို့၏ဘက်မှ လစာပေးခြင်းဖြစ်လေသည်။ ဥပမာ-

ဆင်းရဲနွမ်းပါးသော 'ဖကီးရ်' တစ်ဦးဦးသည် တစ်ဦးတစ်ယောက်အား မိမိ၏ အမှုကိစ္စ၏ ကိုယ်စားလှယ် အဖြစ် ခန့်အပ်သော် ၎င်းဆောင်ရွက်ခြင်း၏ အခကြေးငွေအား 'ဇကားသ်' ကောက်ခံရရှိသောငွေဖြင့် ပေးဆောင်ခြင်းသည် ဤနေရာတွင် ပေးဆောင်သောသူသည် 'ဇကားသ်' ပုံသဏ္ဌာန်ဖြင့် ပေးခြင်း မဟုတ် သကဲ့သို့ ယူသောသူလည်း 'ဇကားသ်' ပုံသဏ္ဌာန်ဖြင့် ယူခြင်း မဟုတ်ပေ။

အကျိုးအကျေးဇူး

အထက်ဖော်ပြပါ အကျယ်ရှင်းလင်းချက်မှ သိရှိရသည်မှာ ယနေ့ မျက်မှောက်ခေတ်ရှိ အစ္စလာမ့် စာသင်ကျောင်းများနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲရေးမှူး သို့မဟုတ် ၎င်းတို့၏ဘက်မှ စေလွှတ်သော သူသည် 'ဇကားသ်' ငွေကြေး အစရှိသည်တို့အား ကျောင်းများနှင့် အဖွဲ့အစည်းများအတွက် ကောက်ခံကြ လေသည်။ ၎င်းတို့ပညတ်ချက်သည် အာယသ်တော်၌ ဖော်ပြထားသကဲ့သို့ ဝန်ထမ်းများ၏ ပညတ်ချက် အတိုင်း 'ဇကားသ်' ငွေအနက်မှ ၎င်းတို့အား လစာပေးဆောင်ခွင့် မရှိပေ။ သို့သာမက ၎င်းတို့အား ကျောင်းနှင့် အဖွဲ့အစည်းဘက်မှ သီးသန့်လစာများ ပေးဆောင်ရန် အရေးကြီးလေသည်။ 'ဇကားသ်' ငွေဖြင့် ၎င်းတို့၏ လစာအား ပေးဆောင်ခွင့်မရှိချေ။ အကြောင်းမှာ ဤပုဂ္ဂိုလ်များသည် 'ဖကီးရ်' သူဆင်းရဲများ၏ ကိုယ်စား လှယ်မဟုတ်ကြသည့်အပြင် 'ဇကားသ်' ပေးဆောင်သော ဥစ္စာရှင်များ၏ ကိုယ်စားလှယ်များ ဖြစ်ကြ၏။ ၎င်းတို့ဘက်မှ 'ဇကားသ်' ပစ္စည်းအား သုံးစွဲရမည့်နေရာတွင် သုံးစွဲရန် အခွင့်ပေးထားခြင်းဖြစ်လေသည်။ သို့ပါ၍ လက်ဝယ် ပိုင်ဆိုင်ပြီးသည့်နောက်လည်း ဤပုဂ္ဂိုလ်များသည် ၎င်း 'ဇကားသ်' ငွေအား သုံးစွဲရမည့် နေရာတွင် မသုံးစွဲသရွေ့ ကာလပတ်လုံး 'ဇကားသ်' တာဝန် ကျေပွန်မည်မဟုတ်ချေ။ 'ဖကီးရ်' သူဆင်းရဲ များ၏ ကိုယ်စားလှယ်မဟုတ်ခြင်းသည် ဤအတွက်ကြောင့် ပေါ်လွင်လေသည်။ စင်စစ်အားဖြင့် 'ဖကီးရ်' သူဆင်းရဲတစ်ဦးဦးသည် ၎င်းတို့အား မိမိ၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းမရှိချေ။ ထို့ပြင် မုအ်မင်န်များ ၏ ခေါင်းဆောင်သည် အများအပေါ် တာဝန်ဝတ္တရားရှိသည့်အတွက် မိမိတို့ကိုယ်တိုင် 'ဖကီးရ်' သူဆင်းရဲများ ၏ ကိုယ်စားလှယ် ဖြစ်ရှိသွားလေသည်။ ထိုကဲ့သို့သော ပုံစံလည်း ဤနေရာတွင် မရှိချေ။ ထိုအတွက်ကြောင့် ၎င်းတို့အား 'ဇကားသ်' ရှင်၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ခြင်းဖြစ်လေသည်။ ထို့ပြင် ဤပုဂ္ဂိုလ်များ သည် 'ဇကားသ်' ပစ္စည်းအား သုံးစွဲရမည့်နေရာ၌ မသုံးစွဲသရွေ့ ကာလပတ်လုံး ၎င်းတို့၏လက်ဝယ် ထားရှိ သူမှာ 'ဇကားသ်' ငွေအား ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသောသူထံ ထားရှိသကဲ့သို့ ဖြစ်လေသည်။

ထိုကိစ္စ၌ များသောအားဖြင့် မေ့မှားမှုများ ပေါ်ပေါက်တတ်လေသည်။ မြောက်မြားစွာသော အဖွဲ့ အစည်းများသည် 'ဇကားသ်' ငွေကောက်ခံ၍ ၎င်းငွေအား နှစ်ချီ၍ ထားရှိထားကြ၏။ 'ဇကားသ်' ရှင်များမှာ မိမိတို့၏ 'ဇကားသ်' တာဝန်များ ကျေပွန်သွားပြီဟု မှတ်ယူနေကြသည်။ စင်စစ် ၎င်းတို့၏ 'ဇကားသ်' ငွေ သည် သုံးစွဲရမည့်သူအပေါ် သုံးစွဲမှသာလျှင် 'ဇကားသ်' တာဝန် ကျေပွန်သွားမည်ဖြစ်သည်။ ထိုနည်းတူစွာ မြောက်မြားစွာသော သူတို့သည် မသိနားမလည်မှုအား အခြေခံ၍ ၎င်းပုဂ္ဂိုလ်များအား အလျှုဒါန ကောက်ခံ သောသူများ၏ အမိန့်အတွင်း၌ ထည့်သွင်း၍ 'ဇကားသ်' ငွေဖြင့် ၎င်းတို့အား လစာပေးဆောင်ကြလေသည်။ ဤသည် ပေးသောသူနှင့် ယူသောသူ နှစ်ဦးစလုံးအတွက် မပိုင်ချေ။

'အေဗာဒသ်' အပေါ် အခကြေးငွေယူခြင်း၏ မေးခွန်းတစ်ခု

ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ ရှင်းလင်ညွှန်ကြားချက်မှ 'အေဗာဒသ်'တစ်ခုခုအပေါ်တွင် အခကြေးငွေရယူခြင်းသည် 'ဟရာမ်'ဖြစ်ကြောင်း အတည်ပြုထား၏။ 'မွတ်စ်နဒ်အဟ်မဒ်'ကျမ်း၏ ဟဒီးစ်တော်၌ ဟဇရသ်အဗ်ဒုရ်ရဟ်မာန်းဗင်န် ရှစ်ဗ်လ်မှ ဆင့်ပြန်သည်မှာ ကိုယ်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်။

اِقْرَأُوا الْقُرْاٰنَ وَلَا تَأْكُلُوْا بِهٖ

ဆိုလိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်အား ဖတ်ရွတ်လော။ သို့သော် ၎င်းအား စားသောက်ရန် အကြောင်းခံ မပြုလုပ်လေနှင့်။ အချို့ဆင့်ပြန်ချက်များမှာ ကျမ်းတော်မြတ်ကုရ်အာန်အား ဖတ်ရွတ်၍ အခကြေးငွေယူခြင်းအား 'ဂျဟန္နမ်'ငရဲလားမည့် တစ်စိတ်တစ်ဒေသဟု အမိန့်ရှိထား၏။ သို့ပါ၍ ဖေကာဟ်သာသနာ့ ပညာရှင် တစ်စုတစ်စည်းတည်းမှ 'အေဗာဒသ်'တစ်ခုခုပေါ်တွင် အခကြေးငွေရယူခြင်း မပိုင်ကြောင်း တစ်စုတစ်စည်းတည်း လာရှိထား၏။ ထို့ပြင် 'ဆွဒ်ကာဟ်'လျှုဒါန်းကောက်ခံသည့် လုပ်ရပ်သည်လည်း သာသနာအား 'ခစ်ဒ်မသ်'ပြုခြင်းနှင့် 'အေဗာဒသ်'တစ်ခုဖြစ်ကြောင်း ထင်ရှားပေသည်။ ကိုယ်တော်မြတ် ﷺ မှ ၎င်းလုပ်ငန်းအား 'ဂျီဟားဒ်'တစ်မျိုးဖြစ်ကြောင်း အမိန့်ရှိထားပေသည်။ ၎င်းလုပ်ငန်း၏ တောင့်တချက်မှာ ထိုလုပ်ငန်းအပေါ်၌လည်း အခကြေးငွေယူခြင်း 'ဟရာမ်'ဖြစ်ကြောင်း သိရှိရလေသည်။ စင်စစ် ကျမ်းတော်မြတ်ကုရ်အာန်၏ ဤအာယသ်တော်၌ ၎င်းအား ပိုင်သည်ဟု သတ်မှတ်ထားကြောင်း ရှင်းရှင်းလင်းလင်း တင်ပြပြီး ၎င်းအား 'ဇကားသ်'စားသုံးခွင့်ရှိသော (၈) မျိုးထဲတွင် ထည့်သွင်းထားလေသည်။

အေမာမ်ကုရ်သွဗီး (ရဟ) သည် မိမိ၏ သဖ်စီးရ်ကျမ်းတွင် ၎င်းနှင့် ပတ်သက်ပြီး အမိန့်ရှိသည်မှာ အကြင် 'အေဗာဒသ်'သည် 'ဖွရဒ်'သို့မဟုတ် 'ဝါဂျိဗ်'အား လူတိုင်းအပေါ် တာဝန်ရှိလေသည်။ ၎င်း 'အေဗာဒသ်'အပေါ် အခကြေးငွေရယူခြင်းသည် လုံးဝ 'ဟရာမ်'ဖြစ်သည်။ သို့သော် 'ဖရ်ဇေကီဖာယဟ်' 'အေဗာဒသ်'အပေါ် အခကြေးငွေတစ်စုံတစ်ရာ ရယူခြင်းသည် ထိုအာယသ်တော်အရ ပိုင်၏။ 'ဖရ်ဇေကီ ဖာယဟ်' ၏ အဓိပ္ပာယ်မှာ အလုပ်တစ်ခုအား အွမ္မသ်ထုတစ်ရပ်လုံး သို့တည်းမဟုတ် တစ်မြို့လုံးအပေါ်၌ တာဝန်ရှိသော 'ဖွရဒ်အေဗာဒသ်'ကို ခေါ်ဆိုလေသည်။ သို့သော် ၎င်း 'အေဗာဒသ်'အား ပြုလုပ်ရန် အားလုံး အပေါ် တာဝန်မရှိချေ။ အကယ်၍ အချို့သောသူများသည် တာဝန်ထမ်းဆောင်လိုက်သော် အားလုံးအဖို့ တာဝန်ကျေသွားပေမည်။ သို့သော် တစ်ဦးတစ်ယောက်မျှ တာဝန်ထမ်းဆောင်ခြင်းမရှိသော် အားလုံးအဖို့ အပြစ်ထိုက်မည်။

အေမာမ်ကုရ်သွဗီ (ရဟ) သခင်က အမိန့်ရှိသည်မှာ ၎င်းအာယသ်တော်မှ အေမာမ်ရှေ့ဆောင်နှင့် ခသွီးဗ်အဖို့ အခကြေးငွေရယူခြင်း ပိုင်ကြောင်း အတည်ဖြစ်စေသည်။ အကြောင်းမှာ ထို 'အေဗာဒသ်' များသည်လည်း 'ဝါဂျိဗ်အလလ်အိုင်န်' (မပြုမနေရတာဝန်ဝတ္တရား) မဟုတ်သည့်အပြင် 'ဝါဂျိဗ်အလလ် ကီဖာယဟ်' (တစ်ဦးနှစ်ဦး ထမ်းဆောင်လိုက်သော် ကျေပွန်သွားမည်။) တာဝန်ဖြစ်လေသည်။ ထိုနည်း တူစွာ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်အား သင်ကြားခြင်းနှင့် အခြားသာသနာ့ကိစ္စရပ်များသည်လည်း

ဤအခြေအနေအတိုင်းပင် ဖြစ်၏။ ဤလုပ်ရပ်အားလုံးအား အွမ္မသ်ထုတစ်ရပ်လုံးအပေါ် တာဝန်ရှိသော 'ဖွရ်ဇ်ကိဖာယဟ်' လုပ်ရပ်ဖြစ်လေသည်။ အကယ်၍ အချို့သူများ ပြုလုပ်လိုက်သော် အားလုံးအဖို့ တာဝန်ကျေပွန်းသွားပေမည်။ ဤအတွက်ကြောင့် ထိုသူများအပေါ် အခကြေးငွေလစာ ပေးဆောင်ခြင်းသည်လည်း ပိုင်ပေသည်။

'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသော သူများအနက် စတုတ္ထအမျိုးအစားမှာ مؤلفة القلوب ဖြစ်သည်။ ၎င်းတို့အား စိတ်ဓါတ်မြှင့်တင်ရန်အတွက် အလှူဒါနပစ္စည်းများအား ပေးလှူရှိသည်။ များသောအားဖြင့် ၎င်းတို့အနက် သုံးလေးမျိုးသော လူအမျိုးအစားများ ပါဝင်လေသည်။ အချို့သည် မွတ်စ္စလင်မ်များဖြစ်ကြ၍ အချို့သည် မွတ်စ္စလင်မ်မဟုတ်သော သူများဖြစ်ကြသည်။ ထို့ပြင် မွတ်စ္စလင်မ်များအနက်လည်း အချို့သော သူများသည် ဆင်းရဲနွမ်းပါးသောသူများ ဖြစ်ကြ၍ အချို့မှာ ယခုမှ အစ္စလာမ်သာသနာကို လက်ခံသော သူများလည်း ဖြစ်ကြသည်။ ၎င်းတို့အား အစ္စလာမ်သာသနာအပေါ်တွင် မြဲမြံစွာ ရပ်တည်ရန်အလို့ငှာ ပေးဆောင်ခြင်းဖြစ်လေသည်။ အချို့သောသူများသည် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသောသူများ ဖြစ်ကြ၍ မွတ်စ္စလင်မ်ဖြစ်ရှိသော်ငြားလည်း ယခုအထိ အီမာန်၏ အရောင်၊ ၎င်းတို့၏ နှလုံးသားအထဲ၌ စွဲထင်ခြင်း မရှိသေးသောသူများ ဖြစ်ကြလေသည်။ အချို့သောသူများသည် မိမိတို့ကိုယ်တိုင် လုံးဝ မွတ်စ္စလင်မ် ဖြစ်သော်ငြားလည်း ၎င်းတို့၏ အမျိုးသားများအား ထိုသူတို့အား အကြောင်းခံ၍ 'ဟေဒါယသ်'အပေါ် လျှောက်တင်နိုင်ရန်နှင့် မြဲမြံစွာ ရပ်တည်နိုင်ရန် ရည်ရွယ်သောသူတို့လည်း ပါဝင်လေသည်။ ထို့ပြင် မွတ်စ္စလင်မ်မဟုတ်သော သူများ၌လည်း ၎င်းတို့၏ အန္တရာယ် အနှောင့်အယှက်မှ ကင်းဝေးရန် ရည်စူး၍ ပေးဆောင်ခြင်းဖြစ်သည်။ အချို့သောသူများနှင့် ပတ်သက်၍ အတွေ့အကြုံအရ 'သဗ်လီးဂ်'နှင့် 'သအ်လီးမ်'သက်ရောက်မှု မရှိကြချေ။ ထို့ပြင် တိုက်ခိုက်၍လည်း ထူးခြားခြင်းမရှိသော်ငြားလည်း ကျေးဇူးတရားများဖြင့် ဆက်ဆံမည်ဆိုသော် သက်ရောက်မှုဖြစ်နိုင်လေသည်။ တစ်လောကလုံး၏ ကရုဏာရှင်ကိုယ်တော်မြတ် ﷺ မှ အသျှင်မြတ်၏ အဖန်ဆင်းခံများအား ကုဖွရ်၏ အမှောင်ထုမှ ဆွဲထုတ်၍ အီမာန်၏ 'နူးရ်'အတွင်းသို့ ခေါ်ဆောင်သော နည်းလမ်းအား သိရှိသည့်အတွက် နည်းအမျိုးမျိုးအဖုံဖုံအား စီမံမှု ပြုလေသည်။ အထက်ဖော်ပြပါ အမျိုးအစားအားလုံးသည် 'မွအလ္လဖာသွလ်လုလူးဗ်' ၌ အကျုံးဝင်လေသည်။ ၎င်းအား ကျမ်းတော်မြတ်ကုရ်အာန် ၌ 'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသူ အမျိုးအစားအနက် စတုတ္ထအမျိုးအစားဖြင့် သတ်မှတ်ထားပေသည်။

စတုတ္ထ 'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသောသူများအား 'မုအလ္လာဟ်သွလ်ကုလူဗ်'ဖြစ်သည်။ ၎င်းတို့နှင့် ပတ်သက်၍ အရှေ့စာမျက်နှာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့အား စိတ်ဓါတ်ရေးရာ မြှင့်တင်ရေးအတွက် အလှူဒါနငွေကြေးအား ပေးဆောင်လှူရှိလေသည်။ ၎င်းတို့အနက် မွတ်စ္စလင်မ်နှင့် မွတ်စ္စလင်မ်မဟုတ်သောသူများ ပါဝင်၏။ မွတ်စ္စလင်မ်မဟုတ်သောသူများအား စိတ်ဓါတ်မြှင့်တင်ပြီး အစ္စလာမ်သာသနာဘက်သို့ ဆော်ဩရန်အလို့ငှာလည်းကောင်း၊ ယခုပင် အစ္စလာမ်လက်ခံသော သူများ၏ စိတ်နှလုံးသားအား အစ္စလာမ်တွင် မြဲမြံစွာ ရပ်တည်ရန်အလို့ငှာလည်းကောင်း ပေးဆောင်လှူရှိလေသည်။ များသောအားဖြင့် ၎င်းတို့အား တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော ခေတ်သယမ၌ အကြောင်းတစ်ခုခုအား အခြေခံရန် 'ဇကားသ်'ငွေပေးခြင်းအား အထက်တွင် တင်ပြခဲ့ပြီးဖြစ်လေသည်။ ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်

အသျှင်မြတ်အမိန့် ခံယူသွားပြီးသည့်နောက် အစ္စလာမ်သာသနာတွင် ခိုင်မာသော အင်အားလည်း ရရှိခဲ့ပြီးဖြစ်သည့်အတွက် ကာဖိရ်တို့၏ အနှောင့်အယှက်မှ ရှောင်ရှားရန်အတွက်သော်လည်းကောင်း၊ သို့တည်းမဟုတ် မွတ်စ္စလင်မ်များအား အစ္စလာမ်သာသနာအပေါ် မြဲမြံစွာ ရပ်တည်ရန်အတွက် ဤသို့သော စီမံခန့်ခွဲမှုများပြုရန် အရေးမကြီးတော့ပေ။ သို့ပါ၍ ၄င်းအကြောင်းခံသည်လည်း ချုပ်ငြိမ်းသွားပြီးဖြစ်လေသည် အချို့ဖွေကာဟ်သာသနာ့ပညာရှင်များမှ ၄င်းအမိန့်တော်အား ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း တင်ပြထားကြ၏။ ဤအဆိုသည် ဟာရူးက်အအ်ဇွမ်၊ ဟစန်ဗဆ်ရီး (ရဟ) ရှအ်ဗီ၊ အဗူဟနီဖာ၊ မာလစ်က်ဗင်န်အနက်စ် (ရဟ) တို့၏ အဆိုဖြစ်လေသည်။

ထို့ပြင် မြောက်မြားစွာသော ပုဂ္ဂိုလ်များမှ مؤلفة القلوب ၏ အစိတ်အပိုင်းသည် ရုပ်သိမ်းမှုမရှိသေးကြောင်း အမိန့်ရှိကြ၏။ သို့သော် စွဒ်ဒီးက်အက်ဗရ် ﷺ နှင့် ဖာရူက်အအ်ဇွမ် ﷺ ၏ ခေတ်သမယ၌ ၄င်းအား မလိုအပ်တော့သည့်အတွက်ကြောင့် ၄င်းတို့၏ အစိတ်အပိုင်းအား ဖြုတ်ချထားကြောင်း ဆိုလိုလေသည်။ ရှေးလာမည့်ခေတ်သမယတွင် ဤသို့သော အခြေအနေလိုအပ်လာပါက တစ်ဖန် ပြန်လည်ပေးဆောင်နိုင်လေသည်။ အေမာမ်ဇိုဟ်ရီး၊ ကာဇ္ဇီအဗ်ဒွလ်ဝဟားဗ်၊ အိဗ်နေအရ်ဗီ၊ အေမာမ်ရှာဖေအီ၊ အေမာမ်အဟ်မဒ် (ရဟ) တို့၏ အဆိုသည်လည်း ထိုနည်းတူစွာပင် ဖြစ်၏။ သို့သော် စိစစ်မှုအရနှင့် မှန်ကန်သော စကားရပ်အား တင်ပြရမည်ဆိုသော် မွတ်စ္စလင်မ် မဟုတ်သောသူများအား 'ဆွဒ်ကာဟ်'စသည့် အလှူဒါန ဥစ္စာပစ္စည်းများထဲမှ မည်သည့်အချိန် မည်သည့်ခေတ်သမယ၌ပင် တစ်စိတ်တစ်ဒေသ မပေးရချေ။ ၄င်းတို့သည် 'မုအလ္လဖသွလ်ကုလူးဗ်' အမျိုးအစားဖြစ်သော အထက်ဖော်ပြပါ 'ဇကားသ်'စားသုံးခွင့်ရှိသော သူများထဲတွင် ပါဝင်ခြင်း မရှိချေ။

အေမာမ်ကုရ်သုဗီး (ရဟ) မှ မိမိသဖ်စီးရ်ကျမ်းတွင် ထိုသူအားလုံး၏ အမည်အား အကျယ်တဝင့်ရေတွက်ဖော်ပြထားလေသည်။ ၄င်းတို့အား စိတ်ဓါတ်မြှင့်တင်ရေးအတွက် ကိုယ်တော်မြတ် ﷺ မှ 'ဆွဒ်ကာဟ်'လှူဖွယ်ပစ္စည်းများအား ပေးဆောင်ခဲ့လေသည်။ ၄င်းတို့အားလုံးအား ရေတွက်ဖော်ပြပြီးသည့်နောက် ဤသို့ အမိန့်ရှိတော်မူ၏။

وَبِالْجُمْلَةِ فَكُلُّهُمْ مُؤْمِنٌ وَلَمْ يَكُنْ فِيهِمْ كَافِرٌ

ဆိုလိုသည်မှာ အနှစ်ချုပ်တင်ပြရသော် 'မုအလ္လဖသုလ်ကုလူးဗ်'ဆိုသည်မှာ အားလုံးသည် မွတ်စ္စလင်မ်များသာ ဖြစ်သည်။ ၄င်းတို့တွင် ကာဖိရ်တစ်ဦးတစ်ယောက်ပင်လျှင် မပါဝင်ပေ။

ထိုနည်းတူစွာ သဖ်စီးရ်မဇွ်ဟရီကျမ်း၌

لَمْ يَثْبُتْ اَنَّ النَّبِيَّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اَعْطٰى اَحَدًا مِنَ الْكُفَّارِ لِلْاِيْلَافِ شَيْئًا مِنَ الزَّكٰوةِ

လာရှိထားသည်မှာ ကိုယ်တော်မြတ် ﷺ သည် ကာဖိရ်တစ်ဦးတစ်ယောက်အား စိတ်ဓါတ်မြှင့်တင်ရန်အလို့ငှာ 'ဇကားသ်'၏ တစ်စိတ်တစ်ဒေသအား ပေးကြောင်း မည်သည့်ဆင့်ပြန်ချက်များမှ အတည်ပြုထား

ခြင်း မရှိပေ။ ထိုအချက်အလက်အား လေးနက်ရန်အလို့ငှာ သဖ်စီးရ်ကရှ်ရှားဖ်၌ 'ဇကားသ်'စားသုံးပိုင်ခွင့် ရှိသောသူများ၏ အကြောင်းအား ဤနေရာတွင် ကာဖိရ်များနှင့် မုနာဖစ်က်များ၏ အဖြေ၌ ဤသို့ လာရှိထား၏။ ယင်းပုဂ္ဂိုလ်များသည် ကိုယ်တော်မြတ် ﷺ အပေါ် 'ဆွဒ်ကာဟ်'ခွဲဝေမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား 'ဆွဒ်ကာဟ်'မပေးသလောဟု စောဒကတက်ခဲ့ကြ၏။ ဤအာယသ်တော်၌ 'ဇကားသ်'စားသုံးပိုင်ခွင့်ရှိသောသူများ၏ အကြောင်းအား တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ကာဖိရ်တို့အနက် မည်သူတစ်ဦးတစ်ယောက်ပင်လျှင် 'ဆွဒ်ကာဟ်'ရသင့်ရထိုက်သော သူတို့တွင် မပါဝင်ကြောင်း အဓိပ္ပါယ်ရှိထား၏။ အကယ်၍ 'မုအလ္လဖသူလ်ကုလူးဗ်'၌ ကာဖိရ်များလည်း ပါဝင်သော် ၎င်းအဖြေသည် အရေးမကြီးခဲ့ပေ။

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ ထိုလှည့်စားမှုကိုလည်း အကောင်းဆုံး ရှင်းလင်းပစ်လိုက်လေသည်။ အချို့ဆင့်ပြန်ချက်၌ လာရှိထားသော ဟဒီးစ်တော်များအား အကြောင်းခံ၍ လူတို့ထံ ပေါ်ပေါက်လာသော လှည့်စားမှုဖြစ်လေသည်။ အကြင်လှည့်စားမှုမှာ ကိုယ်တော်မြတ် ﷺ သည် အချို့မွတ်စ္စလင်မ်မဟုတ်သော သူများကို ပေးကမ်းစွန့်ကြဲကြောင်း အတည်ဖြစ်စေ၏။ စင်စစ် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းနှင့် သိရ်မဇီကျမ်းတို့၏ ဆင့်ပြန်ချက်များ၌ ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်ဆွဖ်ဝါးန်ဗင်န် အုမ္မိုင်ယဟ်သခင်အား ကာဖိရ်ဘဝ၌ အချို့ပေးကမ်းခဲ့ကြောင်း တင်ပြထား၏။ အေမာမ်နဝဝီ (ရဟ) ၏ အထောက်အထားဖြင့် ရေးသားဖော်ပြသည်မှာ ဤပေးကမ်းမှုသည် 'ဇကားသ်'ပစ္စည်းမဟုတ်သည့်အပြင် 'ဟူနိုင်းန်'စစ်ပွဲ၌ လက်ရပစ္စည်းများအနက် ငါးပုံတစ်ပုံအား 'ဗိုင်သွလ်မာလ်'အတွင်းသို့ စုစည်းရလေသည်။ ၎င်းအနက်မှ ပေးဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဓိပ္ပါယ်ရှိထား၏။ 'ဗိုင်သွလ်မားလ်'ပစ္စည်းအား မွတ်စ္စလင်မ်နှင့် မွတ်စ္စလင်မ်မဟုတ်သော သူတို့အပေါ် သုံးစွဲခြင်းသည် ဖေကာဟ်သာသနာ့ပညာရှင် တစ်စုတစ်စည်းတည်းမှ သုံးစွဲပိုင်ခွင့်ရှိကြောင်း အဓိပ္ပါယ်ရှိထား၏။ ထို့နောက်တစ်ဖန် အေမာမ်ဗိုင်ဟကီ၊ အိဗ်နေဆိုင်းဒွန္နားစ်၊ အေမာမ်အိဗ်နေကစီးရ် (ရဟ) အစရှိသော ပုဂ္ဂိုလ်များမှ ဤပေးဆောင်မှုသည် 'ဇကားသ်'ပစ္စည်းများအနက်မှ မဟုတ်ဘဲ လက်ရပစ္စည်း ငါးပုံတစ်ပုံအနက်မှဖြစ်ကြောင်း သတ်မှတ်ကြ၏။

ကြီးမားသော အကျိုးကျေးဇူးတစ်ရပ်

ကိုယ်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော ခေတ်သမယ၌ 'ဆွဒ်ကာဟ်'ပစ္စည်းများအား 'ဗိုင်သွလ်မာလ်' အတွင်း၌ စုစည်းထားရှိခဲ့လေသည်။ သို့သော် ၎င်း၏ စာရင်းအင်းသည် လုံးဝ သီးခြားစီဖြစ်၏။ ထို့ပြင် 'ဗိုင်သွလ်မားလ်'၏ အခြားကဏ္ဍ၌ ဥပမာ- လက်ရပစ္စည်း၏ ငါးပုံတစ်ပုံ သို့တည်းမဟုတ် ဘဏ္ဍာတော်၏ ငါးပုံတစ်ပုံ စသည်တို့၏ စာရင်းအင်းသည် သီးခြားစီဖြစ်၍ စားသုံးခွင့်ရှိသော သူများ၏ အချိုးအစားသည်လည်း သီးခြားစီဖြစ်လေသည်။ ဖိကာဟ်သာသနာ့ပညာရှင်များမှ အကျယ်တဝင့် ရှင်းလင်းဖော်ပြထားသကဲ့သို့ အစ္စလာမ့်အစိုးရ၏ 'ဗိုင်သွလ်မာလ်'တွင် ကဏ္ဍလေးရပ်အား သီးခြားစီထားရန် လိုအပ်ပေသည်။ ထို့ပြင် စာရင်းအင်းအား သီးခြားထားရုံသာမက 'ဗိုင်သွလ်မာလ်'၏ ကဏ္ဍတိုင်းအား သီးခြားထားရန် လိုအပ်ပေသည်။ သို့မှသာ သုံးစွဲပိုင်ခွင့်ရှိသော သူများအပေါ် ပြည့်ပြည့်ဝဝ သုံးစွဲနိုင်မည်ဖြစ်သည်။ အကယ်၍ တစ်ချိန်ချိန်တွင် ၎င်းပစ္စည်းများ လျော့နည်းသွားသော် အခြားကဏ္ဍတွင် အကြွေးပုံသဏ္ဍာန်ဖြင့် ယူသုံးခွင့်ရှိသည်။ 'ဗိုင်သွလ်မာလ်'၏ ကဏ္ဍတိုင်းမှာ ဤသို့ပင်တည်း။

ပထမကဏ္ဍမှာ خُمس غَنَائِم ဖြစ်သည်။ ၎င်းကာဖိရ်များထံမှ စစ်တိုက်၍ ရရှိသော လက်ရပစ္စည်းများအနက် လေးပုံအား 'မုဂျာဟိဒ်'စစ်ပွဲတွင် ပါဝင်ဆင်နွှဲသော သူများအနက် ခွဲဝေမှုပြုပြီး ကျန်ရှိတစ်ပုံအား 'ဗိုင်သွလ်မာလ်'တွင် သိမ်းဆည်းရန်ဖြစ်သည်။ ထို့ပြင် خمس معادن ဆိုသည်မှာ တွင်းထွက်ပစ္စည်းများအနက် ငါးပုံတစ်ပုံသည် 'ဗိုင်သွလ်မာလ်'တွင် သိမ်းဆည်းရန် ဖြစ်သည်။ خمس ركاز ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ မြေမှ ရရှိသော ရတနာတိုက်ကို ဆိုလိုသည်။ ၎င်းသည်လည်း ငါးပုံတစ်ပုံ 'ဗိုင်သွလ်မာလ်'တွင် စုစည်းရလေသည်။ ဤသုံးမျိုးသုံးစား၏ ငါးချိုးတစ်ချိုးသည် 'ဗိုင်သွလ်မာလ်'၏ ကဏ္ဍတစ်ခုတည်းတွင် အကျုံးဝင်လေသည်။

ဒုတိယကဏ္ဍမှာ 'ဆွဒ်ကာဟ်'အလှူဒါနများ၏ ကဏ္ဍဖြစ်သည်။ ၎င်းကဏ္ဍတွင် မွတ်စ္စလင်မ်များ၏ 'ဇကားသ်'၊ 'ဆွဒ်ကသွလ်ဖိသိရ်'နှင့် ၎င်းတို့၏ မြေကြီးများမှ ထွက်သော ကောက်ပဲသီးနှံ၏ ဆယ်ပုံတစ်ပုံလည်း အကျုံးဝင်လေသည်။

တတိယကဏ္ဍမှာ တွင်းထွက်ပစ္စည်းများနှင့် လက်ရပစ္စည်းများ၏ ကဏ္ဍဖြစ်သည်။ ယင်း၌ မွတ်စ္စလင်မ်မဟုတ်သောသူများ၏ မြေမှ ရရှိသော တွင်းထွက်ပစ္စည်းများနှင့် ၎င်း၏ အခွန်၊ ထို့ပြင် ၎င်းတို့ထံမှ ကောက်ခံရရှိသော အရောင်းအဝယ်အခွန်၊ ထို့ပြင် မွတ်စ္စလင်မ်မဟုတ်သောသူများထံမှ ၎င်းတို့၏ သဘောတူနှစ်မြို့မှုနှင့်တကွ ငြိမ်းချမ်းရေးပုံသဏ္ဍာန်ဖြင့် ရရှိသော ပစ္စည်းဥစ္စာအားလုံးလည်း အကျုံးဝင်လေသည်။

စတုတ္ထကဏ္ဍမှာ 'ဖွဝါအေ့'ကဏ္ဍဖြစ်သည်။ ယင်းကဏ္ဍ၌ အခြေအနေမဲ့များ၏ ပစ္စည်းဥစ္စာနှင့် ၎င်းတို့၏ အမွေအနှစ် စသည်တို့ အကျုံးဝင်လေသည်။ ထိုကဏ္ဍလေးရပ်စလုံး၏ သုံးစွဲမှုသည် စင်စစ်သီးခြားစီဖြစ်သော်ငြားလည်း 'ဖကီးရ်'များနှင့် 'မစ်ကီးန်'များ၏ ရသင့်ရထိုက်မှုအား ထိုကဏ္ဍလေးရပ်စလုံးတွင် ထားရှိထား၏။ ထိုသို့ ဆောင်ရွက်ရခြင်းမှ အစ္စလာမ့်ဥပဒေတွင် ဆင်းရဲနွမ်းပါးသောသူများအားအင်အားဖြည့်ဆည်းရန်အလို့ငှာ ထောက်ပံ့မှုနှင့်ပတ်သက်ပြီး မည်သို့မည်ပုံ စီမံဆောင်ရွက်နိုင်သည်ကို ခန့်မှန်းနိုင်ပေသည်။ စင်စစ် ဤသည် အစ္စလာမ့်အုပ်ချုပ်မှု၏ ဆင်ခြင်တုံတရားရှိသော လက္ခဏာတစ်ခုပင် ဖြစ်သည်။ သို့တည်းမဟုတ်ပါက လောကီ၏ စီမံဆောင်ရွက်မှုများတွင် အုပ်စုတစ်စုသည်သာလျှင် တိုးတက်လျက်ရှိပေမည်။ သူဆင်းရဲများအား တိုးတက်မှုလမ်း အခွင့်အရေးရရှိမည်မဟုတ်ပေ။ အဆိုပါအချက်၏ တုန့်ပြန်မှုမှ ဒီမိုကရေစီနှင့် ကွန်မြူနစ်စနစ်ကို မွေးဖွားစေခဲ့သည်။ သို့သော် ထိုနည်းစနစ်သည် ဗီဇနှင့် ဆန့်ကျင်သော ဥပဒေတစ်ရပ်ဖြစ်၍ တောမှ ထွက်ပြေးတိမ်းရှောင်၍ ရေတံလျှောက်အောက်တွင် ရပ်နေသကဲ့သို့ဖြစ်သည်။ ၎င်းနောက် လူ့စာရိတ္တအဖို့ အဆိပ်အတောက် ဖြစ်စေသည်။ အနှစ်ချုပ်တင်ပြရသော အစ္စလာမ်အုပ်ချုပ်မှု၌ 'ဗိုင်သွလ်မာလ်'လေးမျိုးနှင့် ကဏ္ဍလေးရပ်အတွက် သီးခြားသတ်မှတ်ထားလေသည်။ ထို့ပြင် 'ဖကီးရ်'နှင့် 'မစ်ကီးန်'များ၏ ရသင့်ရထိုက်မှုအား ၎င်းလေးရပ်စလုံးတွင် ထားရှိထား၏။ ယင်းသို့အနက်ပထမကဏ္ဍသုံးရပ်၏ သုံးစွဲမှုအား ကျမ်းတော်မြတ်ကုရ်အာန်တွင် အကျယ်တဝင့် သတ်မှတ်၍ ရှင်းရှင်းလင်းလင်းတင်ပြထားလေသည်။ ပထမကဏ္ဍတွင် လက်ရပစ္စည်းများ၏ ငါးပုံတစ်ပုံ၏ သုံးစွဲမှုအား 'စူရာဟ်အန်ဖားလ်' ၏ အစ၌ တင်ပြထားလေသည်။ ဒုတိယကဏ္ဍဖြစ်သော 'ဆွဒ်ကာဟ်'များ၏ သုံးစွဲမှုအား

'ရှူရာဟ်သောင်ဗာဟ်'၏ အထက်ဖော်ပြပါ အာယသ်တော် (၆၀) တွင် လာရှိထားပေသည်။ ၎င်း၏ အကျယ်အား ရှင်းလင်းလျက်ရှိသည်။ ထို့ပြင် တတိယကဏ္ဍအား ၎င်းကို ဝေါဟာရတွင် 'မာလေဖိုင်လ်' (သုံ့ပန်းပစ္စည်း) ဟု တင်စားထား၏။ ၎င်း၏ အကြောင်းအရာအား 'ရှူရာဟ်ဟရှရ်' တွင် တင်ပြထားလေ၏။ အစွလာမ့်အုပ်ချုပ်မှု၏ များသောအားဖြင့် ကဏ္ဍတိုင်းမှ စစ်ရေးသုံးစွဲမှု ဝန်ထမ်းများ၏ လစာစသည်များအား ထိုကဏ္ဍများမှ သုံးစွဲလေ့ရှိလေသည်။ စတုတ္ထကဏ္ဍသည် အခြေအနေမဲ့များ၏ ဥစ္စာပစ္စည်းအား ကိုယ်တော်မြတ် ﷺ ၏ ညွှန်ကြားမှုများနှင့် 'ခုလဖာအေရာရှိဒီးန်'၏ ကျင့်ကြံမှုများဖြင့် ဒုက္ခိတများ၊ အခြေအနေမဲ့ ကလေးများအတွက် သီးသန့်ကဏ္ဍတစ်ရပ်အနေနှင့် ထားရှိထားလေသည်။

အနှစ်ချုပ်စကားမှာ ဖိကာဟ်ပညာရှင်ကြီးများသည် 'ဗိုင်သွလ်မာလ်'၏ ကဏ္ဍလေးခုလုံးကို လုံး၀သီးခြားစီ ခွဲထားရန်နှင့် မိမိတို့ဆိုင်ရာ သုံးစွဲရမည့် နေရာများ၌ သုံးစွဲရန် လမ်းညွှန်ချက်များသည် ကုရ်အာန်၏ အမိန့်များ၊ တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်များနှင့် ခုလဖာအေရာရှိဒီးန်တို့၏ ကျင့်ဆောင်ချက်များအတိုင်းသာ ဖြစ်ပေသည်။

ထိုရောနှောနေသည့် အကျိုးကျေးဇူးများ ရှင်းလင်းပြီးနောက် တစ်ဖန် مؤلفة القلوب 'မုအလ်လဖသွလ်ကုလူးဗ်'ကို နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။ مؤلفة القلوب 'မုအလ်လဖသွလ်ကုလူဗ်' (စိတ်၏ ပျော်ရွှင်မှုအတွက် နှစ်သိမ့်ခြင်းငှာ ပေးကမ်းသည့် 'ဇကားသ် ဆွဒ်ကာဟ်') ၏ ဆေစုကို မည်သည့်ကာဖိရ်ကိုပင်ဖြစ်စေ၊ မည်သည့်အချိန်တွင်မျှ ပေးကမ်းခြင်းမပြုရပေ။ တမန်တော်မြတ် ﷺ ၏ ခေတ်မသယမ၌လည်းကောင်း၊ ခုလဖာအိရာရှိဒီန်းတို့၏ ခေတ်သယမ၌လည်းကောင်း ဤသို့ ပေးကမ်းခဲ့ခြင်းမျိုး မရှိခဲ့ပေ။ မွတ်စ္စလင်မ်မဟုတ်သူများအား ပေးကမ်းခဲ့သည်ဟူသော အဆိုမှာ 'ဆွဒ်ကာဟ်'နှင့် 'ဇကားသ်'တို့မှ ပေးကမ်းခြင်းမဟုတ်ပေ။ လက်ရပစ္စည်းများ၏ ငါးပုံတစ်ပုံမှ ပေးခဲ့ခြင်းဖြစ်သည်။ ထိုလက်ရပစ္စည်း ငါးပုံတစ်ပုံမှ ဆင်းရဲနွမ်းပါးသည့် မွတ်စ္စလင်မ်ဟူသရွေ့ကိုလည်းကောင်း၊ မွတစ္စမဟုတ်သူတို့ကိုလည်းကောင်း ပေးကမ်းနိုင်သည်။ သို့ရှိရာ مؤلفة القلوب 'မုအလ်လဖသွလ်ကုလူးဗ်' (စိတ်ပျော်ရွှင်မှုအတွက် နှစ်သိမ့်ခြင်းငှာ ပေးကမ်းခြင်းသည်) မွတ်စ္စလင်မ်အတွက်သာဖြစ်သည်။ ထိုမွတ်စ္စလင်မ်များအနက် ဆင်းရဲသားတို့၏ ဝေစုသည် နဂိုမူလအတိုင်း ရှိနေခြင်းနှင့်ပတ်သက်၍) အားလုံးတို့၏ အဆိုတူညီကြသည်။ ကွဲလွဲမှု ရှိသည့် ပုံစံမှာ ချမ်းသာပြီး 'နေဆားဗ်'ရှင်များဖြစ်လျှင် အေမာမ်ရှာဖေအီ (ရဟ) နှင့် အေမာမ်အဟ်မဒ် (ရဟ) တို့ထံတွင် ('ဇကားသ်'သုံးစွဲရမည့်နေရာတိုင်းသည် ဆင်းရဲနွမ်းပါးခြင်းနှင့် လိုလားတောင့်တမှုဟူသော စည်းကမ်းချက်မရှိပေ။ ထို့ကြောင့်) مؤلفة القلوب မုအလ်လဖသွလ်ကုလူဗ်တွင် ချမ်းသာသူနှင့် 'နေဆားဗ်' ရှင်များအတွက်လည်း ပါဝင်သည်။ အေမာမ် အဘူဟနီဖာဟ် (ရဟ) နှင့် အေမာမ်မာလိက် (ရဟ) တို့ထံတွင် عاملين صدقه 'ဆွဒ်ကာဟ်၊ ဇကားသ်ကောက်ခံသည့် တာဝန်ခံများ'မှအပ ကျန်ရှိနေရာအားလုံးတို့တွင် 'ဆင်းရဲနွမ်းပါးခြင်း'နှင့် 'လိုလားတောင့်တမှု'ဟူသည့် စည်းကမ်းချက်ပါရှိလေသည်။ ထို့ကြောင့် مؤلفة القلوب (စိတ်ပျော်ရွှင်မှုအတွက် နှစ်သိမ့်ခြင်းငှာ ပေးကမ်းသည့်) ဝေစုဝေပုံတွင်လည်း

ဆင်းရဲနွမ်းပါးခြင်းနှင့် လိုလားတောင့်တမှုဟူသည့် စည်းကမ်းချက်များ သတ်မှတ်ပေးရပေမည်။ ဥပမာ- အကြွေးတင်နေသူများ၊ ကျွန်အဖြစ်မှ လွတ်မြောက်လိုသူများနှင့် ခရီးသည် စသည့်သူများအားလုံးတို့အား ဤစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ 'ဇကားသ်' ပေးဆောင်ရပေမည်။ ၎င်းတို့သည် မိမိတို့နေရာတွင် ချမ်းသာသူများ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဤနေရာတွင် လိုလားတောင့်တသူများ ဖြစ်နေကြသည်။

ထိုဆန်းစစ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်မှာ **مؤلفة القلوب** ၏ ဝေစုသည် အေမာမ်ကြီး (၄) ပါးတို့ထံတွင် 'မန်စူးခ်'(အမိန့်ရုပ်သိမ်းခံရခြင်း) မရှိပေ။ အချို့ပညာရှင်ကြီးများထံတွင် ဆင်းရဲနွမ်းပါးသူ၊ လိုလားတောင့်တသူများအပြင် အခြားသော နေရာများ၌လည်း 'ဆင်းရဲနွမ်းပါးခြင်း'နှင့် 'လိုလားတောင့်တခြင်း'ဟူသော စည်းကမ်းသတ်မှတ်ချက်များမရှိဟု ဆိုကြသည်။ အချို့ပညာရှင်များထံ၌မူ အဆိုပါစည်းကမ်းသတ်မှတ်ချက်ရှိသည်။ ဤစည်းကမ်းချက် ထားရှိသည်ဟူသော ပညာရှင်များသည် **مؤلفة القلوب** (စိတ်ပျော့ရှင်ရန် နှစ်သိမ့်ခြင်းငှာ ပေးကမ်းခြင်း) ၌လည်း လိုလားတောင့်တသူများနှင့် ဆင်းရဲနွမ်းပါးသူများကိုသာ ပေးကမ်းကြသည်။ မည်သို့ပင်ဆိုစေ ဤ **مؤلفة القلوب** ၏ ဝေစုဝေပုံ၏ အမိန့်မှာ ကျန်ရှိနေဆဲပင်ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

ဤနေရာအထိ 'ဆွဒ်ကာဟ်'သုံးစွဲရာနေရာ (၈) မျိုးအနက် (၄) မျိုးကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထို (၄) မျိုးသည် (**لام**) အက္ခရာ၏ နောက်ဆက်တွဲအဖြစ်နှင့် ဖော်ပြခဲ့ခြင်းဖြစ်သည်။

لِلْفُقَرَاءِ وَالْمَسٰكِيْنِ ———

ဟု ဖြစ်သည်။ ရှေ့ ကျန် (၄) မျိုးကို ဖော်ပြရာတွင် ခေါင်းစဉ်ပြောင်း၍ (**لام**) ၏ နေရာတွင် (**فِىْ**) အက္ခရာကို အသုံးပြုလျက် မိန့်ကြားထားတော်မူသည်။

وَ فِى الرِّقَابِ وَالْغَارِمِيْنَ

ဟု ဖြစ်သည်။ ဇမဟ်ရှရီက ကရှ်ရှာဖ်ကျမ်းတွင် ယင်း၏ အကြောင်းခံကို တင်ပြထားသည်မှာ 'ဤနောက်ဆုံးမှ လေးမျိုးသည် ပထမနေရာ (၄) မျိုးထက် ပို၍ ထိုက်သက်မှုရှိကြောင်း ညွှန်ဆိုပြသလို၍ ဖြစ်သည်ဟု ဆိုသည်။ အကြောင်းမှာ **فِىْ** အက္ခရာသည် အရာတစ်ခုခုဘက်သို့ ညွှန်ပြပြောဆိုသည့် နေရာ၌ သုံးစွဲရသည့် အက္ခရာဖြစ်သောကြောင့်ပင် ထိုအက္ခရာအားဖြင့် အဓိပ္ပာယ်တွင် 'ဆွဒ်ကာဟ်'များကို ထိုသူများ၏ အတွင်းထားပေးရမည်'ဟု ဖြစ်သည်။ ၎င်းတို့သည် 'ဆွဒ်ကာဟ်ဇကားသ်' ပို၍ စားထိုက်ရသည့် အကြောင်းမှာ ၎င်းတို့သည် ပို၍ လိုအပ်ချက်များ ရှိကြသောကြောင့် ဖြစ်သည်။ အကြောင်းမှာ လူတစ်ဦး၏ ကျွန်ဘဝ၌ ရှိနေသူသည် အများဆင်းရဲချို့တဲ့သူတို့ထက် ပို၍ ဒုက္ခ၌ ရှိနေသောကြောင့် ဖြစ်သည်။ အလားတူ သူတစ်ပါး၏ အကြွေးတင်နေသူသည် အခြားသော ဆင်းရဲချို့တဲ့သူတို့ထက် ပို၍ ကြပ်တည်းမှုရှိသူ ဖြစ်သည်။ ထိုသူသည် မိမိ၏ သုံးစွဲမှုအတွက် ထားရမည့် သောကထက် အကြွေးရှင်တို့၏ အကြွေးအတွက် သောကဖြစ်ရခြင်းက ပို၍ တာဝန်ရှိသောကြောင့်ပင် ဖြစ်သည်။

ထိုကျွန်ရှိသည့် သုံးစွဲရာနေရာလေးခုတွင် ဦးစွာပထမ وَفِى الرِّقَابِ ကို တင်ပြမိန့်ဆိုထားသည်။ رِقَابٌ သည် رَقَبَة ၏ အများကိန်းဖြစ်သည်။ လည်ဂုတ်ကို رَقَبَة ဟု ခေါ်သည်။ ကျော်ကြားသည့် ဝေါဟာရအသုံးအနှုန်းတွင် رَقَبَة သည် 'အခြားသူတစ်ဦးထံ၌ မိမိ၏ လည်ဂုတ်သည် ကျွန်အဖြစ်နှင့် ချုပ်နှောင်ခြင်းခံရသူ' ဟု ဖြစ်သည်။

ဤနေရာတွင် رِقَابٌ ၏ အလိုသဘောသည် မည်သို့ပါနည်းဟု ဖိကာဟ်ပညာရှင်များထံတွင် ကွဲလွဲမှုရှိသည်။ ဖိကာဟ်ပညာရှင်အများစုနှင့် 'မုဟဒ်ဒိဆ်' (ဟဒီးစ်ပါရဂူ) အများစုတို့က 'ၒင်း၏ အလိုသဘောမှာ ကျွန်တစ်ဦးအား ၎င်း၏ပိုင်ရှင်က ဤရွေ့ဤမျှခန့် ငွေကြေးဥစ္စာ သတ်မှတ်၍ ပြောဆိုသည်မှာ 'အသင် ကျွန်ုပ်အား ဤမျှ ငွေကြေးပေးဆောင်လိုက်မည်ဆိုလျှင် အသင် သူကောင်းဖြစ်မည်'ဟု ပြောဆိုခြင်းခံရ သော ကျွန်ဖြစ်သည်။ ကုရ်အာန်နှင့် ဟဒီးစ်တော်တို့တွင် مُكَاتَبٌ ဟု ခေါ်ဝေါ်သုံးနှုန်းသည့် ကျွန်ဖြစ်သည်' ဟု ဆိုကြသည်။ ဤကဲ့သို့သော ကျွန်အား ၎င်း၏ ပိုင်ရှင်က 'ရောင်းဝယ်ခြင်းဖြင့်လည်းကောင်း၊ သူရင်းငှား လုပ်ခြင်းအားဖြင့်လည်းကောင်း ငွေကြေးရှာဖွေ၍ မိမိအားပေးရမည်'ဟု ခွင့်ပြုထားသည့် ကျွန်ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် رِقَابٌ ၏ အလိုသဘောမှာ 'ထိုသူ့ (ကျွန်) အား 'ဇကားသ်'ငွေမှ ဝေစုပေး၍ ကျွန်အဖြစ်မှ လွတ်မြောက်ရန် ကူညီစောင်မရန်' ဆိုလိုခြင်းဖြစ်သည်။

မုဖတ်စိရ် (အဖွင့်ပညာရှင်) များနှင့် ဖိကာဟ်ပညာရှင်များထံတွင် ဤကဲ့သို့သော ကျွန်များသည် وَفِى الرِّقَابِ ၏ အလိုသဘောပင် ဖြစ်သည်။ 'ဇကားသ်ငွေကို ၎င်းတို့အား ပေး၍ ၎င်းတို့၏ ကျွန်ဘဝမှ လွတ်မြောက်ရန် ကူညီရမည်'ဟု ဖြစ်သည်။

အဆိုပါကျွန်များအပြင် အခြားသောကျွန်များကို ဝယ်ယူ၍ သူကောင်းပြုခြင်း၊ (သို့) ၎င်းတို့၏ ပိုင်ရှင်သခင်များကို 'ဇကားသ်ငွေပေး၍ ၎င်းတို့အား ကျွန်အဖြစ်မှ လွတ်ပေးရမည်'ဟု အပြန်အလှန် ကတိပြုကြခြင်းများနှင့် စပ်လျဉ်း၍ ဖိကာဟ်ပညာရှင် အေမာမ်ကြီးများသည် ကွဲလွဲမှုများရှိသည်။ အများစု အေမာမ်ကြီးများဖြစ်သော အေမာမ်အဗူဟနီဖာဟ် (ရဟ) အေမာမ်ရှာဖီအီ (ရဟ) နှင့် အဟ်မဒ် ဗင်န် ဟန်ဗလ် (ရဟ) စသည်တို့က ထိုသို့ပြုခြင်းကို ပိုင်သည်ဟု မယူဆကြပေ။ ဟဇရသ်အေမာမ်မာလိက် (ရဟ) ၏ အဆိုတစ်ရပ်တွင် فِى الرِّقَابِ သည် 'မကာသဗ်ကျွန်'များအတွက်သာ သီးသန့် မိန့်ဆိုထားခြင်းဖြစ်သည်ဟူ၍ အများစုပညာရှင်များ၏ အဆိုနှင့် တူညီစွာ ဆင့်ပြန်ထားသည်။ ၎င်း၏ အခြားအဆိုတစ်ရပ်တွင်မူ وَفِى الرِّقَابِ သည် ကျွန်အမျိုးအစားအားလုံး ပါဝင်ပြီး 'ဇကားသ်'ငွေဖြင့် ကျွန်ဝယ်ပြီး သူကောင်းပြုခွင့် ပေးထားသည်'ဟူသော အဆိုတစ်ရပ်လည်း လာရှိထားသည်။

[အဟ်ကာမွလ်ကုရ်အာန်ကျမ်း၊ အိဗ်နုအရဗီမာလိကီကျမ်း။]

ထိုလုပ်ရပ်အား ပိုင်သည်ဟု မသတ်မှတ်သည့် ဖိကာဟ်ပညာရှင်များ၏ အမြင်အရ ဖိကာဟ်ပိုင်းဆိုင်ရာ စာဒကတစ်ခုမှာ 'အကယ်၍ 'ဇကားသ်'ငွေဖြင့် ကျွန်ကိုဝယ်၍ သူကောင်းပြုသည့်အခါ ထိုသို့

ပြုခြင်းသည် 'ဆွဒ်ကာဟ်'ဖြစ်ခြင်း၏ အဓိပ္ပာယ်ပင် မသက်ရောက်ပေ။ အကြောင်းမှာ 'ဆွဒ်ကာဟ်'ဟူသည် စားထိုက်သူကို အကျိုးတုန့်ပြန်မှု တစ်စုံတစ်ရာမယူဘဲ ပေးကမ်းလိုက်သည့် ငွေကြေးဥစ္စာပင် ဖြစ်သည်။ 'ဇကားသ်'ငွေကို အကယ်၍ ပိုင်ရှင်အား ပေးလိုက်ခြင်းဖြစ်လျှင် ထိုပိုင်ရှင်သည် 'ဇကားသ်' စားထိုက်သူ လည်း မဟုတ်၊ အကျိုးတုန့်ပြန်မှုမပါဘဲ ပေးခြင်းမျိုးလည်း မဟုတ်ကြောင်း ထင်ရှားပေသည်။ ထို့ပြင် 'ဇကားသ်'စားထိုက်သူ 'ကျွန်'အား ဤ 'ဇကားသ်'ငွေကို မပေးခဲ့ပေ။ ဤငွေကို ကျွန်၏ ပိုင်ရှင်အား ပေးလိုက်ခြင်း၏ အကျိုးကျေးဇူးသည် ကျွန်အပေါ်သို့ သက်ရောက်ခဲ့သည်။ ထိုသူက ၎င်းကျွန်အား ဝယ်ယူ၍ သူကောင်းပြုလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် သူကောင်းပြုခြင်းသည် 'ဆွဒ်ကာဟ်' ဖြစ်ခြင်း၌ မပါဝင်ပေ။ အစစ်အမှန်အဓိပ္ပာယ်ကို စွန့်လွှတ်၍ သွယ်ဝိုက်သည့် အများနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ကို မလိုအပ်ဘဲ ကောက်ယူခြင်းသည် မည်သို့မျှ မပိုင်ပါချေ။

ဖော်ပြပါအာယသ်တော်တွင် 'ဆွဒ်ကာဟ်'သုံးစွဲရာနေရာများကို တင်ပြနေခြင်းဖြစ်သည့်အတွက် فِى الرِّقَابِ သည် 'ဆွဒ်ကာဟ်'ဖြစ်ကြောင်း အဓိပ္ပာယ်မသက်ရောက်သည့် မည်သည့်အရာမျှ မဖြစ်နိုင်ပေ။ ထို့နောက် အကယ်၍ ထို 'ဇကားသ်'ငွေကို ကျွန်အား ပေးလိုက်လျှင် ကျွန်၏ပိုင်ဆိုင်မှု မဖြစ်ပေ။ ထိုငွေ သည် အလိုအလျောက် ပိုင်ရှင်၏ ငွေဖြစ်သွားပေမည်။ ထို့နောက် သူကောင်းပြုခြင်း၊ မပြုခြင်းသည်လည်း ထိုပိုင်ရှင်၏ လုပ်ပိုင်ခွင့်ပင် ဖြစ်ပေမည်။ ဤဖိကာဟ်ပိုင်းဆိုင်ရာ စာဒကအားဖြင့် ဖိကာဟ်ပညာရှင်အများ စုတို့က فِى الرِّقَابِ ၏ အလိုသဘောမှာ مُكَاتَب 'မကာသဗ်'ကျွန်ကိုသာ ဆိုလိုကြောင်း မိန့်ဆိုကြသည်။ 'ဆွဒ်ကာဟ်'အထမြောက်ရန် စားထိုက်သူတစ်ဦးအား ပိုင်ရှင်ပြုလုပ်၏။ ထိုသူအား လက်ရောက် ပေးအပ် နှင်းလိုက်ရမည်။ စားထိုက်သူသည် ပိုင်ဆိုင်သူအဖြစ် လက်ဝယ်မရရှိသမျှ 'ဇကားသ်'ပေးခြင်း အထမြောက် မည်မဟုတ်ပေ။

ဆဋ္ဌမသုံးစွဲရာနေရာမှာ اَلْغَارِمِيْنَ ဖြစ်သည်။ غَارِمٌ ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'အကြွေးတင်သူ'ဟု ဖြစ်သည်။

ပဉ္စမနှင့် ဆဋ္ဌမတို့၏ 'ဇကားသ်၊ ဆွဒ်ကာဟ်'သုံးစွဲရာ နေရာများအတွက် فِى အက္ခရာဖြင့် မိန့်ဆို ထားကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ပထမတင်ပြခဲ့သည့် သုံးစွဲရာနေရာ (၄) မျိုးထက် ပို၍ ထိုက်သက်သူများ ဖြစ်သည်။ ထို့ကြောင့် ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက်ဖြစ်စေ၊ အကြွေးတင်နေသူအား ကြွေးဆပ်နိုင် ရန်အတွက်ဖြစ်စေ ပေးခြင်းတို့သည် အခြားသော အများဆင်းရဲချို့တဲ့သူများအား ပေးကမ်းခြင်းထက် ပို၍ မြတ်သည်။ စည်းကမ်းချက်မှာ ထိုအကြွေးတင်နေသူထံတွင် အကြွေးဆပ်နိုင်လောက်အောင်သော ပိုက်ဆံ ငွေကြေးမရှိရပေ။ အကြောင်းမှာ غَارِمٌ သည် အဘိဓါန်အရ ထိုကဲ့သို့သော အကြွေးတင်သူကိုသာ ခေါ်ဆို သောကြောင့် ဖြစ်သည်။ အချို့ဖိကာဟ်ပညာရှင် အေမာမ်ကြီးများက 'ထိုသူသည် ဤအကြွေးကို မပိုင်သည့် အလုပ်များအတွက် ပြုလုပ်ထားခြင်း မရှိစေရ'ဟူသော စည်းကမ်းချက်များ သတ်မှတ်ကြသည်။ အကယ်၍ 'ဂိုနာဟ်'ဒုစရိုက်လုပ်ငန်းအတွက် ဥပမာ- အရက်သေစာ စသည်များ (သို့) မင်္ဂလာပွဲ စသည်တို့၌ မပိုင်

သော လုပ်ရပ်များအတွက် အကြွေးယူခြင်းဖြစ်လျှင် ထိုသို့သောသူအား 'ဇကားသ်'ငွေမှ မပေးရပေ။ သို့မှသာ ၎င်း၏ အပြစ်ဒုစရိုက်နှင့် အကျိုးမဲ့ ဖြုန်းတီးခြင်းလုပ်ရပ်များ ပြုလုပ်နိုင်သည့် သတ္တိမရှိတော့မည်ဖြစ်သည်။

သတ္တမသုံးစွဲရာနေရာမှာ فِىْ سَبِيْلِ اللّٰهِ ဖြစ်သည်။ ဤနေရာတွင် فِىْ အက္ခရာကို ထပ်မံအသုံးပြုထားသည်။ **تفسير كشاف** (ကရှ်ရှားဖ်၏သဖ်စီးရ်အဖွင့်) ကျမ်းတွင် ထို فِىْ အက္ခရာအား ထပ်မံ၍ အသုံးပြုရခြင်းမှာ 'ဤသုံးစွဲရာနေရာသည် ပထမသုံးစွဲရာနေရာ အားလုံးထက် ပို၍ မြတ်ကြောင်းနှင့် အကောင်းဆုံးဖြစ်ကြောင်း ညွှန်းဆိုပြသခြင်းဖြစ်သည်'ဟု ဆိုသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခြင်းသည် အကျိုးနှစ်ခုရရှိသည်။ တစ်ခုမှာ ဆင်းရဲနွမ်းပါးသူများအား ကူညီခြင်းဖြစ်ပြီး ကျန်တစ်ခုမှာ သာသနာအကျိုးပြုလုပ်ငန်း၌ ကူညီပံ့ပိုးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် فِىْ سَبِيْلِ اللّٰهِ ၏ အလိုသဘောမှာ ထိုဂါဇီနှင့် မုဂျာဟီဒ်တို့တွင် လက်နက်နှင့် စစ်ပွဲအတွက် အရေးကြီးသော အသုံးအဆောင်များဝယ်ယူရန် ငွေကြေးမရှိသောကြောင့် ဖြစ်သည်။ (သို့) 'ဟဂျ်'ပြုနိုင်ရန် ပိုက်ဆံငွေကြေး မရှိသူဖြစ်သည်။ ဤလုပ်ရပ်နှစ်မျိုးလုံးသည် သာသနာရေး အကျိုးဆောင်ခြင်းနှင့် 'အေဗာဒသ်'ပြုခြင်းသက်သက် ဖြစ်သည်။ ထို့ကြောင့် 'ဇကားသ်'ငွေအား ၎င်းတို့အပေါ် သုံးစွဲခြင်းသည် တစ်မျိုးမှာ ဆင်းရဲသားအား ကူညီရာရောက်ပြီး ကျန်တစ်မျိုးမှာ 'အေဗာဒသ်'ပြုခြင်း အထမြောက်စေရန် ကူညီပံ့ပိုးခြင်း ဖြစ်သည်။ အလားတူ ဖိကာဟ်ပညာရှင်တို့သည် သာသနာ့ပညာရှာဖွေဆည်းပူးနေကြသူများသည်လည်း 'အေဗာဒသ်'တစ်မျိုးကို ထမ်းဆောင်နိုင်ရန် ယူကြသည်ဟူ၍ ထိုအုပ်စု၌ ထည့်သွင်းလိုက်သည်။

ဗဒါအိအ်ကျမ်းရှင်က မိန့်ဆိုသည်မှာ ကောင်းမှုလုပ်ငန်း (သို့) 'အေဗာဒသ်'တစ်ခုခုကို ပြုလုပ်လိုသူသည် ထိုလုပ်ငန်းပြုလုပ်ရန် ငွေကြေးလိုအပ်နေပါလျှင် ၎င်းသည်လည်း فِىْ سَبِيْلِ اللّٰهِ တွင် အကျုံးဝင်ပေသည်။ စည်းကမ်းချက်တစ်ခုမှာ ထိုကောင်းမှု 'အေဗာဒသ်'ကို ထမ်းဆောင်ရန် ၎င်း၏ထံတွင် ထိုမျှငွေ မရရှိရပေ။ ဥပမာ- သာသနာ့ပညာရှာဖွေဆည်းပူးခြင်း၊ သဗ်လီးဂ်လုပ်ငန်းနှင့် ထိုလုပ်ငန်းများအတွက် ဖြန့်ချီခြင်းတို့ ဖြစ်သည်။ အကယ်၍ 'ဇကားသ်'စားထိုက်သူတစ်ဦးသည် ဤလုပ်ငန်းများပြုလုပ်လိုပါလျှင် ၎င်းအား ကူညီရန် 'ဇကားသ်'ငွေမှ ပေးရပေမည်။ ချမ်းသာကြွယ်ဝသူ ဆွာဟိဗိနေဆားဗ်အား 'ဇကားသ်'ငွေမှ ပေးဆောင်ခြင်း မပြုရပေ။

ဖော်ပြပါရှင်းလင်းချက်များအရ فِىْ سَبِيْلِ اللّٰهِ ၏ ဖွင့်ဆိုချက်၌ တင်ပြခဲ့သည့် ပုံစံအားလုံးတို့သည် ဆင်းရဲနွမ်းပါးခြင်းနှင့် လိုလားတောင့်တမှုများရှိရန် စည်းကမ်းချက်ဖြစ်သည်။ ချမ်းသာသည့် 'နေဆားဗ်'ရှင်တို့သည် ဤကဏ္ဍ၌လည်း ဝေစုမရှိပါချေ။ သို့ရာတွင် ထိုချမ်းသာသူ၏ လက်ရှိပစ္စည်းဥစ္စာ ကြေးငွေသည် ဤလိုအပ်ချက် ('ဂျီဟား'ဒ်' (သို့) 'ဟဂျ်') ကို ပြည့်ဝအောင် မပြုလုပ်နိုင်ပါလျှင် ထိုသူ့အတွက်ကား ဝေစုရှိပေမည်။ စင်စစ် ထိုသူသည် 'နေဆားဗ်'ပမာဏခန့် ငွေကြေးရှိသည့်အတွက် ၎င်းအား 'ဂနီ'ချမ်းသာသူဟု ခေါ်ဆိုနိုင်သည်။ ဟဒီးစ်တော်တစ်ရပ်၌လည်း ထိုသူ့အား ဂနီချမ်းသာသူဟု ခေါ်ဝေါ်ထားသည်။

သို့ရာတွင် ၎င်းသည်လည်း ဆင်းရဲသားနှင့် လိုလားတောင့်တသူတို့၏ အခြေအနေကို ရောက်ရှိသွားရခြင်းမှာ 'ဂျီဟားဒ်'နှင့် 'ဟဂ်ျ'တို့၌ သုံးစွဲရမည့် ငွေကြေးအတိုင်းအတာ ၎င်းထံ၌ မရှိတော့သည့်အတွက်ကြောင့် ဖြစ်သည်။

ဖသ်ဟွလ်ကဒီးရ်ကျမ်းတွင် ရှိက်ခ်အိဗ်နုဟာမ်မားမ် (ရဟ) က မိန့်ဆိုသည်မှာ 'ဆွဒ်ကာဟ်'နှင့် စပ်လျဉ်းသည့် အာယသ်တော်တွင် ဖော်ပြထားသည့် သုံးစွဲရာ နေရာတိုင်း၏ စာလုံးများတွင် ဆင်းရဲနွမ်းပါးခြင်းနှင့် လိုလားတောင့်တမှုရှိခြင်းတို့အပေါ် 'ဇကားသ် ဆွဒ်ကာဟ်' စားထိုက်ကြောင်းကို ညွှန်းဆိုပြသနေခြင်း ဖြစ်သည်။ **فقير** နှင့် **مسكين** စာလုံးများတွင် ဤတင်ပြချက်မှာ ရှင်းလင်းပေသည်။ **غارمين** = **رقاب** = **في سبيل الله** နှင့် **ابن السبيل** စာလုံးများတွင်လည်း '၎င်းတို့၏ လိုလားတောင့်တခြင်းများကြောင့် ၎င်းတို့အား ပေးကမ်းရခြင်းဖြစ်သည်' ဟူသည့်အကြောင်း ညွှန်းဆိုပြသလျက်ရှိသည်။ သို့သော် **عاملين** တို့ကိုမူ အခကြေးငွေ ပုံသဏ္ဍာန်ဖြင့် ပေးခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့တွင် ချမ်းသာသူနှင့် ဆင်းရဲသူမှာ အတူတူပင်ဖြစ်သည်။ ဥပမာ- **غارمين** ၏ သုံးစွဲရာနေရာ၌ တင်ပြခဲ့သည့်အတိုင်း လူတစ်ဦးတွင် ငွေ (၁၀၀၀၀) အကြွေးတင်နေသည်။ ၎င်းထံတွင် ငွေကျပ် (၅၀၀၀) သာရှိသည်ဆိုလျှင် ထိုသူ့အား ငွေကျပ် (၅၀၀၀) သာ 'ဇကားသ်'ပေးနိုင်သည်။ အကြောင်းမှာ ၎င်းထံ အကြွေးတင်ရှိနေသည့်အတွက် ၎င်း၌ ရှိနေသည့်ငွေမှာ မရှိသည့်အမိန့်၌ ဖြစ်သွားသောကြောင့်ပင် ဖြစ်သည်။

မှတ်ချက် ။ ။ **في سبيل الله** ဟူသော စာလုံး၏ အဓိပ္ပာယ်သည် အလွန်ကျယ်ပြန့်ပေသည်။ အလ္လာဟ် နှစ်သက်မှုရရှိရန် လုပ်ဆောင်သော အလုပ်ဟူသမျှသည် ထိုကျယ်ပြန့်သော အလိုသဘောတွင် ပါဝင်ပေသည်။ တမန်တော်မြတ်၏ ရှင်းလင်းတင်ပြချက်များနှင့် သဖ်စီးရ်ပညာရှင်များ၏ မိန့်ဆိုချက်များကို ကျောခိုင်း၍ စာလုံးအဓိပ္ပာယ်ဖြင့်သာ ကုရ်အာန်ကို နားလည်လိုသူတို့သည် ဤနေရာတွင် မှားယွင်းမှုတစ်ခု ဖြစ်ရှိနိုင်သည်မှာ **في سبيل الله** ဟူသော စာလုံးကို ကြည့်၍ ကောင်းမှု၊ သို့မဟုတ် 'အေဗာဒသ်'တွင် ပါဝင်သော လုပ်ရပ် ဟူသမျှတွင် 'ဇကားသ်'ငွေကြေးသုံးစွဲနိုင်သည်ဟု လွဲမှားစွာ ထင်မြင်ယူဆကြသည်။ ဗလီကျောင်း၊ ဆေးခန်း၊ ခရီးသည်များ နားနေဆောင် အစရှိသည်များ ဆောက်လုပ်ခြင်း၊ ရေတွင်းတံတားလမ်းများ ပြုလုပ်ခြင်းနှင့် လူများကို အကျိုးပြုသော အဖွဲ့အစည်းများ၏ အလုပ်သမားများကို လခပေးခြင်းနှင့် ထိုရုံးများတွင် လိုအပ်ချက်များအပေါ် သုံးစွဲခြင်းကို **في سبيل الله** တွင် ပါဝင်သည်ဟု သတ်မှတ်၍ 'ဇကားသ်'ငွေဖြင့် သုံးပိုင်သည်ဟု ယူဆကြသည်။ ဤသည် လုံးဝ မှားယွင်းပေသည်။ သာသနာ့ပညာရှင်အားလုံး၏ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ပေသည်။ တမန်တော်မြတ် ﷺ ထံပါးတွင် ကုရ်အာန်အား တိုက်ရိုက်သင်ယူ၍ နားလည်သဘော ပေါက်ခဲ့သော် ဆွဟာဗာများနှင့် သာဗေအီးန် များ၏ သဖ်စီးရ်များတွင် ဤစာလုံးနှင့်ပတ်သက်၍ ဆင့်ပြန် ချက်များ လာရှိထားသည်။ ဤစာလုံး၏ အဓိပ္ပာယ်တွင် ဟာဂျီများနှင့် မုဂျာဟီဒ်များအတွက်သာ ဖြစ်၏။ ဟဒီးစ်တော်တစ်ပါးတွင် လူတစ်ဦးသည် မိမိ၏ ကုလားအုတ်ကို အလ္လာဟ့်လမ်းတွင် လှူဒါန်းပါဝင်လိုက်သည် ဟုဆိုရာ တမန်တော်မြတ် ﷺ က ထိုကုလားအုတ်ကို ဟာဂျီများ၏ ခရီး၌ အသုံးပြုလေကုန်ဟု အမိန့်ရှိ၏။

အေမာမ်အိမ်နေဂျရီးရ်နှင့် အိဗ်နေ ကစီးရ်တို့သည် ကုရ်အာန်ကျမ်းမြတ်၏ သဖ်စီးရ်ဖွင့်ဆိုချက်အား ဟဒီးစ်တော်များဖြင့်သာ စွဲမြဲစွာ ဖွင့်ဆိုကြ၏။ ထိုကျမ်းများတွင်လည်း فِى سَبِيلِ ٱللَّهِ ကို 'ဂျိဟားဒ်' နှင့် 'ဟဂျ်' အတွက် ပစ္စည်းမလုံလောက်သော 'မုဂျာဟိဒ်' များနှင့် ဟာဂျီများအတွက်ဟု သတ်မှတ်တင်ပြထား၏။ ကျောင်းသားများနှင့် အခြားကောင်းမှု ကုသိုလ်ပြုသူများကို ဖေကာဟ်ပညာရှင်များက 'ဆင်းရဲချို့တဲ့သူများ ဖြစ်ရမည်' ဟူသော စည်းကမ်းချက်ဖြင့် فِى سَبِيلِ ٱللَّهِ တွင် ထည့်သွင်းထားပေသည်။ ဆင်းရဲချို့တဲ့သူများသည် 'ဇကားသ်' ပေးပိုင်သူများဖြစ်၍ အားလုံးတွင် ပထမဦးဆုံးဖြစ်ကြောင်း ပေါ်လွင်ပေသည်။ ထိုသူများကို فِى سَبِيلِ ٱللَّهِ ၌ မထည့်လျှင်လည်း 'ဇကားသ်' စားထိုက်သူများ ဖြစ်၏။ သို့သော် အေမာမ်ကြီးလေးပါးနှင့် အွမ္မသ်၏ ဖေကာဟ်ပညာရှင်များသည် အများအကျိုးပြု အဖွဲ့အစည်းများ တည်ထောင်ခြင်းနှင့် ဗလီနှင့် ကျောင်းများ ဆောက်လုပ်ခြင်း ၎င်းတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် 'ဇကားသ်' ငွေဖြင့် သုံးပိုင်သည်ဟု မည်သူကမျှ မပြောဆိုပေ။ သို့သာမက ဤသည်နှင့် ဆန့်ကျင်၍ 'ဇကားသ်' ငွေကို တင်ပြရာနေရာတွင် သုံးစွဲခြင်းမပိုင်ဟု တင်ပြထားပေသည်။

ဟနဖီဖေကာဟ် ပညာရှင်များထဲမှ ရှမ်စွလ်အအင်မာဟ်စရဲခ်ဆီသည် မဗ်စူးသွ်ကျမ်းနှင့် ရှရဟ်စိယရ်ကျမ်းတွင် ၎င်းရှာဖီအီ ဖေကာဟ်ပညာရှင်များတွင် အဗူအိုဗိုက်ဒ်သည် ကေသာဗွလ်အမ်ဝါးလ်တွင်လည်းကောင်း၊ မာလီကီ ဖေကာဟ်ပညာရှင်များထဲမှ ဒရ်ဒေးဇ်သည် ရှရဟ်မုခသဆွရ်ခလီးလ်တွင်လည်းကောင်း၊ ဟမ်ဗလီပညာရှင်များထဲမှ မူးဝါဖက်သ်သည် မွတ်ဂ်နီကျမ်းတွင်လည်းကောင်း အကျယ်တဝင့် ရေးသားတင်ပြထားသည်။ သဖ်စီးရ်ပညာရှင်များနှင့် ဖေကာဟ်ပညာရှင်များ၏ အထက်တင်ပြခဲ့သည့် ရှင်းလင်းချက်များအပြင် အချက်တစ်ချက်ကို စဉ်းစားလျှင် ဤမေ့္မသတ်ကို နားလည်နိုင်ပေသည်။ ထိုအချက်မှာ အကယ်၍ 'ဇကားသ်' ၏ မေ့္မသတ်တွင် ဤမျှ ကျယ်ပြန့်နေပါက အမိန့်နာခံမှုတိုင်းနှင့် 'အေဗာဒသ်' မှန်သမျှ အပါအဝင် ကောင်းမှုကုသိုလ်တိုင်း၌ သုံးစွဲပိုင်ခွင့်ရှိပါက ကုရ်အာန်ကျမ်းတော်မြတ်သည် 'ဇကားသ်' သုံးရန် နေရာ (၈) မျိုး ခွဲခြားတင်ပြရန် မလိုအပ်တော့ဘဲ အပိုဖြစ်သွားပေမည်။ ဤအကြောင်းနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ၏ မိန့်ဆိုချက်ကိုလည်း တင်ပြထားပြီးဖြစ်၏။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဇကားသ်' ပေးရမည့် နေရာများကို သတ်မှတ်ရန် နဗီတမန်တော်မြတ် ﷺ ကိုပင် မခိုင်းစေခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် နေရာရှစ်ခု သတ်မှတ်ပေးခဲ့၏။ သို့ရှိရာ အကယ်၍ فِى سَبِيلِ ٱللَّهِ ၏ အလိုသဘောတွင် အမိန့်နာခံမှုများနှင့် ကောင်းမှုကုသိုလ်အားလုံး ပါဝင်၍ 'ဇကားသ်' ငွေဖြင့် အသုံးပြုနိုင်ပါက (معاذ الله) တမန်တော်မြတ် ﷺ ၏ ဤမိန့်ဆိုချက်သည် မှားယွင်းသည်' ဟု သတ်မှတ်ရမည်။ ထို့ကြောင့် فِى سَبِيلِ ٱللَّهِ ဟူသော စာလုံး၏ အဘိဓါန်အဓိပ္ပာယ်ကို မသိနားမလည်သူသည် فِى سَبِيلِ ٱللَّهِ ဟူသော စာလုံး၏ အဓိပ္ပာယ်ကို ကျယ်ပြန့်သည်ဟု မှတ်ယူလေသည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဆိုလိုသော အလိုသဘောမဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ် ဆိုလိုသော အလိုသဘောမှာ တမန်တော်မြတ် ﷺ ၏ တင်ပြချက်နှင့် ဆွဟာဗာများ၏ ရှင်းလင်းချက်တွင် လာရှိပြီးဖြစ်သည်။

အဋ္ဌမမြောက် 'ဇကားသ်'သုံးစွဲရမည့်နေရာမှာ ابن السبيل ဖြစ်သည်။ سبيل ၏ အဓိပ္ပာယ်သည် လမ်းဖြစ်၍ ابن ၏ မူရင်းအဓိပ္ပာယ်မှာ သားဖြစ်သည်။ သို့သော် အာရဗီအသုံးအနှုန်းတွင် اب ، اخ အစရှိသည့် စာလုံးများသည် နက်နက်နဲနဲ ပတ်သက်သည့်အရာများတွင် အသုံးပြုလေသည်။ ဤအသုံးအနှုန်းအရ ابن السبيل သည် လမ်းသွားခရီးသည်ကို ခေါ်ဆိုပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ နက်နဲစွာ ပတ်သက်မှုမှာ ခရီးဆုံးရန်နှင့် ပန်းတိုင်ရောက်ရန် အရေးကြီးပေသည်။ 'ဇကားသ်'သုံးစွဲရမည့်နေရာများတွင် အိမ်နေစဉ်းရိ၏ အလိုသဘောမှာ မိမိ၏ မွေးရပ်မြေတွင် မည်မျှပင် ပစ္စည်းဥစ္စာရှိစေကာမူ ခရီး၌ လိုအပ်သည်ခန့် ပစ္စည်းဥစ္စာမရှိသော ခရီးသည်ကို ခေါ်ဆိုသည်။ ဤကဲ့သို့သော ခရီးသည်ကို 'ဇကားသ်'ပေးနိုင်ပေသည်။ ဤငွေများဖြင့် ခရီး၏ လိုအပ်ချက်များကို ဖြည့်စွက်၍ မိမိ၏ မွေးရပ်မြေသို့ ပြန်လည်သွားနိုင်ရပေမည်။ တင်ပြခဲ့သည့် အာယသ်တော်တွင် 'ဆွဒ်ကာဟ်'နှင့် 'ဇကားသ်'သုံးစွဲရန် နေရာ (၈) ခုနှင့် ပတ်သက်၍ ရှင်းလင်းချက်ကို ဤနေရာတွင် ရှင်းလင်းပြီးဖြစ်၏။ ယခု ဤနေရာတွင် ဤသုံးစွဲရမည့်နေရာများအားလုံးနှင့် တစ်ညီတည်း ပတ်သက်သော ဓမ္မသတ်အချို့ကို တင်ပြလိုပေသည်။

'သမ်လီးက်' (လက်ရောက်အပိုင်ပေးခြင်း) နှင့် ပတ်သက်သည့် ဓမ္မသတ်

ဖေကာဟ်ပညာရှင် အများစုက တစ်ညီတစ်ညွတ်တည်း အမိန့်ရှိသည်မှာ 'ဇကားသ်'ပေးရန် သတ်မှတ်ထားသည့်နေရာ (၈) ခုတွင် ပေးဆောင်ခြင်းဖြင့် တာဝန်ကျေစေရန် စည်းကမ်းချက်တစ်ခုမှာ 'ဇကားသ်'စားထိုက်သူကို အပြီးအပိုင် လက်ရောက်ပေးဆောင်ရမည်။ အပြီးအပိုင် လက်ရောက်မပေးဘဲ 'ဇကားသ်'ငွေသည် 'ဇကားသ်'ပေးသူကို အကျိုးရှိရန်အတွက် အသုံးပြုလျှင် 'ဇကားသ်'အထမြောက်မည်မဟုတ်ပေ။ ထို့ကြောင့် အေမာမ်ကြီးလေးပါးနှင့် ဖေကာဟ်ပညာရှင်အများစုသည် အခြားအရာများတွင် သုံးစွဲခြင်းမပိုင်ဟု အမိန့်ရှိထားပေသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် ဆင်းရဲသားများနှင့် အခြား 'ဇကားသ်'စားသုံးသူများကိုလည်း အကျိုးသက်ရောက်သော်ငြားလည်း လက်ရောက်ပိုင်ဆိုင်ခြင်းမရှိသည့်အတွက် 'ဇကားသ်'အထမြောက်ပေ။ သို့သော် ယသီးမ်ခါနာများတွင် ယသီးမ်များ၏ အစားအသောက်၊ အဝတ်အထည် အစရှိသည်များကို အပိုင်ပေးအပ်လိုက်လျှင် ထိုသုံးစွဲသည့် အတိုင်းအတာခန့် 'ဇကားသ်'ဖြစ်သွားပေမည်။ ဤသို့ပင် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကို သူဆင်းရဲများအား အပိုင်ပေးလိုက်လျှင် ဤဆေး၏ တန်ဖိုးသည် 'ဇကားသ်'ငွေဖြင့် စာရင်းဝင်ပေသည်။ ဤသို့ပင် ဖေကာဟ်ပညာရှင်များ တင်ပြထားသည်မှာ ဆွေမျိုးတစ်ဦးတစ်ယောက်မှ မရှိသော 'ကဖန်'ကို 'ဇကားသ်'ငွေဖြင့် ဆောင်ရွက်ပေးခြင်း အခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် သေဆုံးသူသည် ပိုင်ဆိုင်နိုင်သော အရည်အချင်းမရှိပေ။ ဆင်းရဲသားတစ်ဦးကို 'ဇကားသ်'ပေးဆောင်၍ ထိုဆင်းရဲသားမှ မိမိ၏ သဘောန္ဒ အရ ထိုငွေဖြင့် ဆွေမျိုးမရှိသော 'မိုင်ယသ်'အပေါ် 'ကဖန်'ဆောင်ရွက်ခွင့်ရှိပေသည်။ ဤသို့ပင် သေဆုံးသူတွင် အကြွေးရှိလျှင် 'ဇကားသ်'ငွေဖြင့် အကြွေးဆပ်ခွင့်မရှိပေ။ ၎င်း၏ အမွေစားအမွေခံများထဲမှ 'ဇကားသ်'ထိုက်သူ ဆင်းရဲသားကို အပြီးအပိုင် ပေးအပ်လိုက်ရမည်။ ထိုငွေကို

ပိုင်ဆိုင်ပြီးနောက် မိမိ၏ သဘောဆန္ဒဖြင့် သေဆုံးသူ၏ အကြွေးကို ပေးဆပ်ရမည်။ ဤသို့ပင် လူအများ အကျိုးရှိသော လုပ်ငန်းရပ်ဟူသမျှ (ဥပမာ- ရေတွင်း (သို့) တံတား (သို့) လမ်း အစရှိသည်တို့ တည်ဆောက်လျှင် 'ဇကားသ်'စားထိုက်သူများကိုလည်း အကျိုးရှိပေမည်။ သို့သော် လက်ရောက်ပေးကမ်းခြင်း မဟုတ်သည့်အတွက် 'ဇကားသ်'တာဝန် မကျေနိုင်ပေ။ ဤမွေ့သတ်တွင် အေမာမ်ကြီးလေးပါးဖြစ်သော အေမာမ်အဘူဟနီဖာ၊ အေမာမ်ရှာဖီအီ၊ အေမာမ်မာလစ်ကီ၊ အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ်နှင့် ဖေကာဟ်ပညာရှင်များ အားလုံးတို့သည် တစ်ညီတစ်ညွတ်တည်း ဖြစ်ပေသည်။

ရှမ်စွလ်အအင်မာစရ်ခ်စီသခင်သည် ဤမွေ့သတ်နှင့်ပတ်သက်၍ အေမာမ်မိုဟမ္မဒ်၏ ကျမ်းများဖြစ်သော မဗ်စူးသ်နှင့် စိယရ်၏ ရှရဟဲတွင် အပြည့်အဝ လေ့လာဆန်းစစ်၍ အကျယ်တဝင့် ရေးသားထား၏။ ရှာဖေအီ၊ မာလီကီ၊ ဟန်ဗလီ ဖေကာဟ်ပညာရှင်များ၏ စာအုပ်များတွင်လည်း အကျယ်တဝင့် ရှင်းလင်းတင်ပြချက်များ လာရှိထား၏။ ရှာဖေအီဖေကာဟ်ပညာရှင်ဖြစ်သော အဘူအိုဗိုင်သည် 'ကေသာဗွလ်အမ်ဝါးလ်'တွင် ရေးသားထားသည်မှာ သေဆုံးသူဘက်မှ အကြွေးပေးချေရန် (သို့) 'ဒဖန်'၏ အသုံးစရိတ်နှင့် ဗလီဆောက်ခြင်း၊ ချောင်းဖောက်ခြင်း အစရှိသည်တို့တွင် 'ဇကားသ်'ငွေဖြင့် သုံးစွဲခြင်း မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဆူဗီယားန်ဆောင်ဒီသခင်နှင့် ပညာရှင်အများစုက 'ဤသို့ သုံးစွဲခြင်းဖြင့် 'ဇကားသ်'အထမမြောက်ပေ။ အကြောင်းမှာ ဤသည် ကုရ်အာန်မှ တင်ပြသော နေရာ (၈) မျိုးတွင် မပါဝင်'ဟု တစ်ညီတစ်ညွတ်တည်း မိန့်ဆိုထားသည်။ ဤသို့ပင် ဟန်ဗလီဖေကာဟ်ပညာရှင် မိုဝါဖက်သည် မုဂ်နီကျမ်းတွင် ရေးသားထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ဇကားသ်'ပေးဆောင်ရန် တင်ပြထားသည့် နေရာများမှ လွဲ၍ အခြားမည်သည့် ကောင်းမှုကုသိုလ်လုပ်ငန်းတွင်မျှ 'ဇကားသ်'ငွေဖြင့် သုံးစွဲခြင်းမပိုင်ပေ။ ဥပမာ- ဗလီ (သို့) တံတားနှင့် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ (သို့) လမ်းပြင်ခြင်း၊ (သို့) သေဆုံးသူများကို ကဖန်အတွက် အသုံးပြုခြင်း၊ (သို့) ဧည့်သည်များကို ထမင်းကျွေးခြင်း အစရှိသည်တို့သည် 'စဝါးဗ်'ရရှိသော နေရာများဖြစ်သော်လည်း 'ဇကားသ်'သုံးစွဲပိုင်သည့် နေရာများမဟုတ်ပေ။ မာလီကွလ်အိုလမာသည် 'ဗဒါအေ'ကျမ်းတွင် 'ဇကားသ်' ပေးဆောင်ခြင်းတွင် လက်ရောက် အပြီးအပိုင်ပေးခြင်း အရေးကြီးသည့် စည်းကမ်းချက်ဖြစ်ကြောင်း ဤသို့ အထောက်အထား တင်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အများအားဖြင့် 'ဇကားသ်'နှင့် 'ဆွဒ်ကာဟ်သိဝါဂျိဗာဟ်'အတွက် إِيتَاء ဟူသော စာလုံးသုံးထားလေသည်။ ဥပမာ-

اَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ ــ اَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ

اٰتُوْا حَقَّهٗ يَوْمَ حَصَادِهٖ ــ اِقَامِ الصَّلٰوةِ وَاِيْتَاءِ الزَّكٰوةِ

အစရှိသည့် အာယသ်တော်များဖြစ်၏။ إِيتَاء ၏ အဓိပ္ပာယ်မှာ ပေးကမ်းခြင်းဖြစ်၏။ အေမာမ်ရာဂစ်ဗ်အဆ္ဖဖဟာနီသည် မုဖ်ရာဒါသွလ် ကုရ်အာန်ကျမ်းတွင် မိန့်တော်မူထားသည်မှာ-

اَلْاِيْتَاءُ الْاِعْطَاءُ وَخُصَّ وَضَعُ الصَّدَقَةِ فِى الْقُرْاٰنِ بِاالْاِ يْتَاءِ

ဆိုလိုသည်မှာ ايتاء ၏ အဓိပ္ပာယ်သည် ချီးမြှင့်ခြင်းဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် 'ဆွဒ်ကာသိဝါဂျိဗာ'တို့ တာဝန်ချရန် ايتاء ဟူသော စာလုံးဖြင့် သီးခြားမိန့်ထားလေသည်။ အရာဝတ္ထုတစ်ခုကို ပေးကမ်းခြင်း၏ မူရင်းဇစ်မြစ်အလိုသဘောမှာ ပေးခြင်းခံရသူကို အပိုင်ပေးခြင်းဖြစ်ကြောင်း ပေါ်လွင်၏။ 'ဇကားသ်'နှင့် 'ဆွဒ်ကာဟ်'အပြင် ايتاء ဟူသော စာလုံးသည် ကုရ်အာန်ကျမ်းမြတ်တွင် ပိုင်ရှင်ပြုလုပ်ပေးရန်အတွက် သုံးစွဲကြောင်း လာရှိထား၏။ ဥပမာ- اٰتُوا النِّسَاءَ صَدُقٰتِهِنَّ ဆိုလိုသည်မှာ အမျိုးသမီးများ၏ 'မဟရ်'ကို ပေးပါလေ။ 'မဟရ်'ပေး ဆောင်ရာတွင် ပေးအပ်လိုက်၍ 'မဟရ်'၏ အမျိုးသမီးထံလက်ရောက် အပ်နှံခြင်းဖြစ်ကြောင်း ပေါ်လွင်ပေ၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ဇကားသ်'ကို 'ဆွဒ်ကာဟ်'အဖြစ်လည်း သုံးနှုန်းထားသည်။ ဥပမာ-

اِنَّمَا الصَّدَقَاتُ لِلْفُقَرَاءِ

'ဆွဒ်ကာဟ်'၏ မူရင်းအဓိပ္ပာယ်မှာ ချို့တဲ့ဆင်းရဲသူတစ်ဦးကို အပိုင်ပေးလိုက်ခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်ကို ကျွေးမွေးခြင်း၊ (သို့) အများအကျိုးပြု လုပ်ငန်းများတွင် သုံးစွဲခြင်းသည် 'ဆွဒ်ကာဟ်'၏ မူရင်းဇစ်မြစ်ကို ထောက်ရှုသော အဓိပ္ပာယ်မဟုတ်ပေ။ ရှိုက်ခ်အိဗ်နိဟုမားမ်သခင်သည် ဖသ်ဟွလ်ကဒီးကျမ်းတွင် မိန့်ဆိုသည်မှာ ဆင်းရဲသားတစ်ဦးကို ပစ္စည်းဥစ္စာများ အပြီးအပိုင် ပေးအပ်လိုက်ခြင်းသာလျှင် 'ဆွဒ်ကာဟ်'၏ မူရင်းဇစ်မြစ် အလိုသဘောဖြစ်ပေသည်။ ဤသို့ပင် အေမာမ်ဂျဆ်ဆွားဆ်သခင်သည် အဟ်ကမွလ်ကုရ်အာန်ကျမ်းတွင် မိန့်သည်မှာ 'ဆွဒ်ကာဟ်'သည် ပေးအပ်လိုက်ခြင်းကို ခေါ်ဆိုသည်။

'ဇကားသ်'ပေးဆောင်ခြင်းနှင့် ပတ်သက်၍ အရေးကြီးသော အချို့ဓမ္မသတ်များ

ဓမ္မသတ်များ ။ ။ မှန်ကန်သည့် ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ သည် ဟဇရသ်မအားဇ် ؓ သခင်ကို 'ဇကားသ်'ကောက်ခံခြင်းနှင့် ပတ်သက်၍ ဤသို့ လမ်းညွှန်ထား၏။

خُذْ هَا مِنْ اَغْنِيَآئِهِمْ وَرُدَّهَا فِىْ فُقَرَآئِهِمْ

ဆိုလိုသည်မှာ မွတ်စ္စလင်မ်ချမ်းသာသူများထံမှ 'ဆွဒ်ကာဟ်'များ ရယူ၍ ထိုမြို့ရှိ သူဆင်းရဲများအပေါ်တွင် အသုံးပြုလေကုန်။ ဤမိန့်ဆိုချက်ကြောင့် ဖေကာဟ်ပညာရှင်များက မလိုအပ်ဘဲ မြို့တစ်မြို့ (သို့) ရွာတစ်ရွာ၏ 'ဇကားသ်'ကို အခြားမြို့ (သို့) ရွာသို့ မပို့ဘဲ ဤမြို့ရွာမှ ဆင်းရဲသားများအပေါ်၌သာ ပို၍ ထိုက်၏။ သို့သော် တစ်ဦးတစ်ယောက်၏ ဆင်းရဲသော ဆွေမျိုးများသည် အခြားမြို့တွင် ရှိပါက ၎င်းတို့ထံ ထို 'ဇကားသ်'ငွေကို ပို့နိုင်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် ဤသို့ပြုလုပ်ခြင်းကို အကျိုးစဝါးဗ်နှစ်ဆ ရစေသည်ဟု သတင်းကောင်းပေးထားခြင်းကြောင့် ဖြစ်သည်။ ဤသို့ပင်

အကယ်၍ အခြားမြို့ရွာ၌ ရှိသော သူတို့သည် မိမိတို့မြို့ရွာရှိ သူများထက် ပို၍ ဆင်းရဲနွမ်းပါးသည်ကို သိရှိရပါက ထိုမြို့ရွာ (သို့) ပို့နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'ဇကားသ်'ပေးခြင်း၏ ရည်ရွယ်ချက်သည် ဆင်းရဲသားများ၏ လိုအပ်ချက်ကို ကင်းကွာစေရန်အတွက် ဖြစ်သည်။ ထို့ကြောင့် ဟဇရသ်မအားဇ် ؓ သည် ယမန်နိုင်ငံတွင် အဝတ်အထည်များကို 'ဇကားသ်'အဖြစ် ယူလေသည်။ ဆင်းရဲသား မိုဟာဂျိရ်များအတွက် မဒီနာသို့ ပို့နိုင်ရန်ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် မြို့တစ်မြို့တွင် နေထိုင်၍ ၎င်း၏ ပစ္စည်းဥစ္စာများသည် အခြားမြို့၌ ရှိလျှင် (၎င်းနှင့် ပတ်သက်သော အမိန့်မှာ) လက်ရှိ ထိုသူနေထိုင်သော မြို့အပေါ် မူတည်လေသည်။ အဘယ်ကြောင့်ဆိုသော် 'ဇကားသ်'ကို တာဝန်ချရမည့် မိန့်မြွက်ချက်မှာ ထိုလူ့အပေါ်တွင်သာ ရှိနေသောကြောင့် ဖြစ်သည်။

ဓမ္မသတ် ။ ။ ပစ္စည်းဥစ္စာ၏ 'ဇကားသ်ဝါဂျိဗ်' အတွက် ထိုပစ္စည်းဥစ္စာမှ အပုံလေးဆယ်ပုံတစ်ပုံကို ထုတ်၍ ထိုက်သင့်သူများကို ပေးလိုက်လျှင်လည်း တာဝန်ကျေပေသည်။ ဥပမာ– အရောင်းအဝယ်လုပ်သော အဝတ်အထည်များ၊ အိုး၊ ခွက်၊ ပန်းကန်များနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အစရှိသည်တို့ ဖြစ်သည်။ (ထိုပစ္စည်းများထဲမှ အပုံလေးဆယ်ပုံတစ်ပုံကို ဆင်းရဲသားများအား ပေးလိုက်လျှင် 'ဇကားသ်' အထမြောက်၏။) 'ဇကားသ်'၏ အတိုင်းအတာအရ ပစ္စည်း၏ တန်ဖိုးကို ထုတ်၍ 'ဇကားသ်'စားထိုက်သူများကို ခွဲဝေပေးလျှင်လည်း ပိုင်ကြောင်း မှန်ကန်သည့် ဟဒီးစ်တော်များဖြင့် အတည်ပြုထားပေသည်။ အချို့ဖိကဟ်ပညာရှင်များက မိန့်ဆိုထားကြသည်မှာ ဤလက်ရှိကာလတွင် တန်ဖိုးငွေကိုသာ ပေးခြင်းသည် ပို၍ ကောင်းလေသည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေးသည် မည်သည့်လိုအပ်ချက်ကိုမဆို အသုံးပြုနိုင်သည်။

ဓမ္မသတ် ။ ။ မိမိ၏ ဆွေမျိုးသားချင်းများသည် ဆင်းရဲချို့တဲ့၍ 'ဇကားသ်'စားထိုက်သူများဖြစ်လျှင် ၎င်းတို့ကို 'ဇကားသ်ဆွဒ်ကာဟ်'ပေးခြင်းသည် ပိုကောင်း၍ အကျိုး 'စဝါးဗ်'နှစ်ဆ ရလေသည်။ တစ်ခုမှာ 'ဇကားသ်ဆွဒ်ကာဟ်'ပေးခြင်းကြောင့်ဖြစ်၍ ဒုတိယတစ်ခုမှာ အမျိုးစပ်ခြင်းကြောင့် ဖြစ်သည်။ 'ဆွဒ်ကာဟ်' (သို့) 'ဇကားသ်'ပေးနေသည်ဟု ပြောဆိုရန် အရေးမကြီးဘဲ လက်ဆောင်အနေဖြင့်လည်း ပေးနိုင်၏။ သို့မှသာ ယူသောသူမှာ သိမ်ငယ်မှုကို ခံစားရမည်မဟုတ်ပေ။

ဓမ္မသတ် ။ ။ လူတစ်ဦးသည် မိမိ၏ အပြောအဆို (သို့) လုပ်ဆောင်မှုဖြင့် 'ဇကားသ်'ထိုက်၍ လိုအပ်သူဖြစ်သည်ဟု ဖော်ပြ၍ 'ဇကားသ်'နှင့် 'ဆွဒ်ကာဟ်'ကို တောင်းခံလျှင် ပေးသောသူသည် အခြေအနေအမှန်ကို စစ်ဆေးရန် အရေးကြီးပါသည်။ အခြေအနေအမှန်ကို မစစ်ဆေးဘဲ မပေးဘဲနေရမည်လော။ ဤမေးခွန်းနှင့်ပတ်သက်၍ ဟဒီးစ်တော်များနှင့် ဖေကာဟ်ပညာရှင်များ မိန့်ဆိုထားသည်မှာ စုံစမ်းရန် မလိုအပ်ဘဲ အပေါ်ယံအခြေအနေအရ ဤသူသည် အမှန်တကယ် ဆင်းရဲချို့တဲ့သူဖြစ်ကြောင်း ထင်ရလျှင် ထိုသူကို 'ဇကားသ်'ပေးနိုင်၏။ ဟဒီးစ်တော်တစ်ပါးတွင် တမန်တော်မြတ် ﷺ ထံ အလွန်ဆင်းရဲချို့တဲ့သော လူတစ်စု ရောက်ရှိလာ၏။ တမန်တော်မြတ် ﷺ သည် ထိုသူတို့အတွက် လူများထံမှ 'ဇကားသ်'များ

စုပေးရန် မိန့်ဆိုတော်မူသည်။ အများအပြားရရှိလာသော် ၄င်းတို့ကို ပေးအပ်လိုက်၏။ တမန်တော်မြတ် ﷺ သည် ထိုသူများ၏ အခြေအနေအမှန်ကို စုံစမ်းရန် မလိုအပ်ဟု မယူဆခဲ့ပေ။ *[ကုရ်သုဗီးကျမ်း]*

သို့သော် အေမာမ်ကုရ်သုဗီသည် 'အဟ်ကာမွလ်ကုရ်အာန်' ကျမ်းတွင် မိန့်ဆိုထားသည်မှာ 'ဇကားသ်' ပေးရမည့်သူများတွင် အကြွေးရှိသူများလည်း ပါဝင်၏။ အကယ်၍ တစ်ဦးတစ်ယောက်သည် ကျွန်ုပ်ထံတွင် အကြွေးရှိပါသည်။ အကြွေးဆပ်နိုင်ရန် 'ဇကားသ်' ငွေပေးပါဟု ဆိုလျှင် အကြွေးရှိကြောင်း အထောက်အထား တောင်းခံရမည်။ ၄င်းနောက် အကြွေးရှိသူ၊ အလ္လာဟ့်လမ်းတွင် ရှိသူ၊ ခရီးသည် အစရှိသည်တို့တွင်လည်း ဤသို့ စမ်းစစ်ရန် ခက်ခဲမှုမရှိပေ။ ထို 'ဇကားသ်' သုံးပိုင်သည့် နေရာများတွင် အခြေအနေကို လိုက်၍ စမ်းစစ်သင့်ပေသည်။

ဓမ္မသတ် ။ ။ 'ဇကားသ်' ငွေများကို မိမိ၏ ဆွေမျိုးသားချင်းများအား ပေးဆောင်ခြင်းသည် 'စဝါးဗ်' ပိုမို ရရှိမည်။ သို့သော် လင်မယား၊ မိဘနှစ်ပါးနှင့် သားသမီးများအချင်းချင်း တစ်ဦးကိုတစ်ဦး 'ဇကားသ်' မပေးပိုင်ပေ။ အကြောင်းမှာ ၄င်းတို့ထဲမှ အပြန်အလှန်ပေးဆောင်ခြင်းသည် မိမိကိုယ်ကို မိမိ ပေးခြင်းသာ ဖြစ်သည်။ ခင်ပွန်းသည်မှ ဇနီးသည်ကို (သို့) ဇနီးသည်မှ ခင်ပွန်းကို မိမိ၏ 'ဇကားသ်' ပေးလျှင် ဇကန်စင်စစ် မိမိ၏ သုံးစွဲမှုတွင်သာ ထားခြင်းမည်၏။ ဤသို့ပင် မိဘနှင့် သားသမီးသည်လည်းဖြစ်၏။ သားသမီး၏ သားသမီးနှင့် ဘိုး၊ ဘေးတို့တွင်လည်း ဤအမိန့်အတိုင်း ဖြစ်၏။ ၄င်းတို့ကို 'ဇကားသ်' ပေးခြင်း မပိုင်ပေ။

ဓမ္မသတ် ။ ။ အကယ်၍ လူတစ်ဦးသည် အခြားလူတစ်ဦးကို 'ဇကားသ်' စားထိုက်သည်ဟု ယူဆ၍ 'ဇကားသ်' ပေးလိုက်၏။ ထို့နောက် သိရှိရသည်မှာ ထိုသူသည် 'ဇကားသ်' ပေးသူ၏ ကျွန် (သို့) ကာဖိရ် ဖြစ်လေသည်။ ထိုသို့ဆိုလျှင် 'ဇကားသ်' အထမမြောက်ဘဲ ပြန်လည်ပေးဆောင်ရမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်၏ ပိုင်ဆိုင်မှုသည် သခင်၏ ပိုင်ဆိုင်မှုသာဖြစ်သည့်အတွက် အသင်ပိုင်ဆိုင်သည့်နေရာမှ ထွက်မသွားချေ။ ထို့အပြင် 'ဇကားသ်' ပေးပြီးနောက် အပေးခံရသူသည် ချမ်းသာသူ (သို့) တမန်တော်မြတ် ﷺ ၏ မျိုးနွယ် ဟာရှင်မ်မီ (သို့) မိမိဖခင် (သို့) သားသမီး (သို့) ဇနီး (သို့) ခင်ပွန်း စသည်တို့ဖြစ်လျှင် 'ဇကားသ်' ပြန်လည်ပေးဆောင်ရန် မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ဇကားသ်' ငွေသည် ၄င်း၏ ပိုင်ဆိုင်မှုမှ ထွက်၍ 'စဝါးဗ်' ရမည့်နေရာတွင် ရောက်ရှိသွားသောကြောင့် ဖြစ်သည်။ သုံးစွဲခွင့်ရှိသော နေရာကို သတ်မှတ်ကြလျှင် အမှောင်ထုကြောင့်သော်လည်းကောင်း၊ လွဲမှား၍သော်လည်းကောင်း ဖြစ်သည့်အတွက် အပြစ်တစ်စုံတစ်ရာ မရှိပေ။ 'ဆွဒ်ကာဟ်' ၏ အာယသ်တော်နှင့် ပတ်သက်၍ ရှင်းလင်းချက်များနှင့် ဓမ္မသတ်များကို လိုအပ်သည်ခန့် အကျယ်တဝင့် တင်ပြလိုက်ပြီးဖြစ်၏။

وَمِنْهُمُ الَّذِينَ يُؤْذُونَ
النَّبِيَّ وَيَقُولُونَ هُوَ أُذُنٌ ۚ قُلْ أُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ
بِاللَّهِ وَيُؤْمِنُ لِلْمُؤْمِنِينَ وَرَحْمَةٌ لِّلَّذِينَ آمَنُوا
مِنكُمْ ۚ وَالَّذِينَ يُؤْذُونَ رَسُولَ اللَّهِ لَهُمْ عَذَابٌ أَلِيمٌ ﴿٦١﴾

၉ : ၆၁ ။ ။ ၎င်းပြင် ထိုသူတို့တွင် အချို့သောသူများသည် နဗီတမန်တော်မြတ်အား စိတ်ဒုက္ခပေးကြ၏။ ၎င်းတို့က ထိုနဗီတမန်တော်မြတ်သည် (မည်သည့်စကားမျိုးကိုမဆို) ပြောဆိုသမျှ နားထောင်လေ့ ရှိတော်မူသည်ဟူ၍ ပြောဆိုကြသည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့ ပြန်၍) ပြောကြားပါလေ။ ၎င်းသည် အသင်တို့နှင့်ပတ်သက်၍ ကောင်းရာကောင်းကြောင်းများကိုသာ ရှေးရှုနားထောင်ခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်သည်။ ၎င်းပြင် အသင်တို့အနက်မှ မုအ်မင်န်သက်ဝင်ယုံကြည်သောသူတို့အဖို့ ကရုဏာတော်လည်း ဖြစ်ချေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား စိတ်ဒုက္ခပေးကြသော သူတို့အဖို့မှာမူ ပြင်းထန်နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်သည် ရှိပေသည်။

يَحْلِفُونَ بِاللَّهِ لَكُمْ لِيُرْضُوكُمْ وَاللَّهُ وَرَسُولُهُ
أَحَقُّ أَن يُرْضُوهُ إِن كَانُوا مُؤْمِنِينَ ﴿٦٢﴾

၉ : ၆၂ ။ ။ ၎င်း (မုနာဖစ်က်) တို့သည် အသင်တို့အား ကျေနပ်နှစ်သိမ့်စေရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြလေသည်။ စင်စစ် အကယ်၍ ၎င်းသူတို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူများ ဖြစ်ခဲ့ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည်လည်းကောင်း ထိုသူတို့၏ ကျေနပ်စေခြင်းကို ပို၍ပင် ခံထိုက်တော်မူ၏။

أَلَمْ يَعْلَمُوا أَنَّهُ مَن يُحَادِدِ اللَّهَ وَرَسُولَهُ فَأَنَّ لَهُ نَارَ جَهَنَّمَ
خَالِدًا فِيهَا ۚ ذَٰلِكَ الْخِزْيُ الْعَظِيمُ ﴿٦٣﴾

၉ : ၆၃ ။ ။ စေကန်စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တော်မြတ်ကိုလည်းကောင်း ဆန့်ကျင်ဘက် ပြုခဲ့သည်ရှိသော် စေကန်မုချ ထိုသူတို့အဖို့ 'ဂျဟန္နမ်' ငရဲမီး၌သာလျှင် ရှိ၏။ (ထိုသူသည်) ယင်းငရဲမီး၌ပင် အမြဲထာဝစဉ် ရှိနေမည်ဖြစ်ကြောင်းကို ၎င်း (မုနာဖစ်က်) တို့သည် (ယခုထက်တိုင်) မသိကြသေးသလော။ ဤသည်ကား ကြီးကျယ်လှစွာသော အရှက်တကွဲ အကျိုးနည်းဖြစ်စေခြင်းပင် ဖြစ်သည်။

يَحْذَرُ الْمُنٰفِقُوْنَ
اَنْ تُنَزَّلَ عَلَيْهِمْ سُوْرَةٌ تُنَبِّئُهُمْ بِمَا فِيْ قُلُوْبِهِمْ ؕ
قُلِ اسْتَهْزِءُوْا ۚ اِنَّ اللّٰهَ مُخْرِجٌ مَّا تَحْذَرُوْنَ ﴿٦٤﴾

၉ : ၆၄ ။ ။ ဤမုနာဖစ်က် (အယောင်ဆောင် မွတ်စ္စလင်မ်) တို့သည် မိမိတို့၏ စိတ်နှလုံးတွင်း ရှိသည့် (လျှို့ဝှက်ချက်) တို့ကို ဖော်ပြမည့် စူရာဟ်တစ်ခုခုသည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အပေါ်သို့ ကျရောက်လာ (၍ သိကြားစေ) မည်ကို စိုးရိမ်ကြောင့်ကြလျက် ရှိကြလေသည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းမုနာဖစ်က်တို့အား ဤသို့) ပြောကြားပါလေ။ အသင်တို့သည် ပြက်ချော်ပြောင်လှောင်မှုကိုသာပြု၍ နေကြလေကုန်။ စင်စစ်အမှန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ စိုးရိမ်လျက်ရှိကြကုန်သော အရာများကို ထုတ်ဖော်တော်မူမည့် အသျှင်မြတ် ဖြစ်တော်မူသည်။

وَلَئِنْ سَاَلْتَهُمْ لَيَقُوْلُنَّ اِنَّمَا كُنَّا نَخُوْضُ وَنَلْعَبُ ؕ قُلْ اَبِاللّٰهِ
وَاٰيٰتِهٖ وَرَسُوْلِهٖ كُنْتُمْ تَسْتَهْزِءُوْنَ ﴿٦٥﴾

၉ : ၆၅ ။ ။ သို့ရာတွင် အကယ်၍ အသင်သည် ၎င်း (မုနဖစ်က်) တို့အား စစ်ဆေးမေးမြန်းခဲ့ပါလျှင် စင်စစ်မလွဲ ၎င်းတို့က "ကျွန်ုပ်တို့သည် စိတ်ပျော်ရွှင်အောင် အပျော်အပျင်း ကျီစယ်၍ ပြောဆိုခြင်းမျှသာ ဖြစ်သည်" ဟု ဖြေကြားကြပေမည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) "အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ အာယသ်တော်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်ကိုလည်းကောင်း ပြက်ရယ်ပြောင်လှောင်ကြလေသလော။

لَا تَعْتَذِرُوْا قَدْ
كَفَرْتُمْ بَعْدَ اِيْمَانِكُمْ ؕ اِنْ نَّعْفُ عَنْ طَآئِفَةٍ مِّنْكُمْ
نُعَذِّبْ طَآئِفَةًۢ بِاَنَّهُمْ كَانُوْا مُجْرِمِيْنَ ﴿٦٦﴾

၉ : ၆၆ ။ ။ အသင်တို့သည် (အဓိပ္ပာယ်ကင်းမဲ့၍ မမှန်ကန်သော) အကြောင်း (များကို) မပြကြလေနှင့်။ စင်စစ်စင်စစ် အသင်တို့သည် "မိမိတို့ အီမာန်သက်ဝင် ယုံကြည်ကြပါပြီ" ဟူ၍ ထုတ်ဖော်ပြောဆိုပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြခြင်း ဖြစ်သည်။ အကယ်၍ ငါအသျှင်မြတ်သည် အသင်တို့အနက် လူတစ်စုကို ခွင့်လွှတ်တော်မူလျှင်လည်း အခြားလူတစ်စုကိုမူကား ပြစ်ဒဏ်ပေးတော်မူမည်သာ ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် ပြစ်မှုထင်ရှားသောသူများ ဖြစ်ကြသောကြောင့်ပင်ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုနာဖစ်ကိမျှားထဲမှ အချို့သည် တမန်တော်မြတ် ﷺ ကို ဒုက္ခပေးကြသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ၏ ဂုဏ်တော်ကို သိမ်ငယ်စေသည့် စကားများပြောဆိုကြသည်။ တားမြစ်သူရှိလျှင် တမန်တော်မြတ် ﷺ သည် စကားတိုင်းကို နားထောင်သူဖြစ်သည်ဟု ပြောဆိုကြသည်။ တမန်တော်မြတ် ﷺ ကို လိမ်လည်ပြောဆို၍ လှည့်ဖြားခြင်း လွယ်ကူပေသည်။ ထို့ကြောင့် ပူပင်စရာမရှိဟု ဆိုကြသည်။ သို့ရာတွင် အသင်တမန်တော်မြတ် ﷺ ဤသို့ အဖြေပေးပြောကြားပါလေ။ အသင်တို့ကိုယ်တိုင် လှည့်စားမှုနှစ်မျိုးရှိသည့်အနက် တစ်မျိုးမှာ ထိုစကားရပ်ကို နှလုံးသားအတွင်းမှ မှန်ကန်သည်ဟု ယူဆ၍ ထောက်ခံရန်အတွက်ဖြစ်၍ ဒုတိယတစ်မျိုးမှာ အကျင့်စာရိတ္တကောင်းခြင်းနှင့် သဘောထားကြီးခြင်းအား ဖော်ပြရန်အတွက် ဖြစ်သည်။ မည်သည့်စကားရပ်သည် မှားယွင်းနေမှုကို သိလင့်ကစား သဘောထားကြီးခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းတို့ကြောင့် ထိုစကားရပ်ကို ဆန့်ကျင်မှုမပြုဘဲ ပြောဆိုသူကို ရှင်းရှင်းလင်းလင်း လိမ်လည်သည်ဟု မပြောဆိုပေ။ သို့ရှိရာ နဗီတမန်တော်သည် အသင်တို့အတွက် ကောင်းမွန်၍ အကျိုးရှိသော စကားကိုသာ အာရုံစိုက်နားထောင်ပေသည်။ ထိုသို့ ပြုရခြင်း၏ ရလဒ်မှာ အလ္လာဟ်အသျှင်မြတ်၏ စကားရပ်များကို ဝဟီဖြင့် သိရှိရ၍ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူကြသည်။ တမန်တော်မြတ် ﷺ ၏ ထောက်ခံမှုပြုခြင်း၏ ကောင်းမွန်မှုမှာ တစ်လောကလုံးအတွက် ပေါ်လွင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သင်ပေးခြင်းနှင့် မျှတခြင်းသည် ဤထောက်ခံခြင်းအပေါ် မူတည်ပေသည်။

စစ်မှန်သော မုအ်မင်န်များ၏ စကားများကို အီမာန်နှင့် အိခ်လာဆ်ကြောင့် ယုံကြည်လက်ခံပေသည်။ ဤသည်လည်း ကောင်းခြင်းဖြစ်ကြောင်း ပေါ်လွင်ပေသည်။ အများအပေါ် မျှတခြင်းသည် အထက်ပါအချက်အပေါ်၌ မူတည်ပေသည်။ အခြေအနေ အမှန်ကို တိတိကျကျ သိခြင်း၏ အကြောင်းခံမှာ စစ်မှန်သည့် မုအ်မင်န်များသာဖြစ်သည်။ အချုပ်ဆိုရသော် အာရုံစိုက်၍ နားထောင်ခြင်းသည် မှန်ကန်သည်ဟု ယူဆ၍ နားထောင်ခြင်းသည် စစ်မှန်သူများ၏ စကားများကိုသာ နားထောင်ခြင်းဖြစ်သည်။ အသင်မုနာဖစ်ကိတို့၏ ညစ်ညမ်းမှု၊ ဆိုးသွမ်းမှုပါဝင်သော စကားများကို နားထောင်ရခြင်းသည် တမန်တော်မြတ် ﷺ ထိုသူတို့၏ အခြေအနေအပေါ် သနားကရုဏာထားခြင်းကြောင့်ဖြစ်သည်။ အသင်တို့သည် အီမာန်ကို ဖော်ထုတ်၍ နှလုံးသားအတွင်း၌ အီမာန်မရှိကြချေ။ သို့ရှိရာ ဤကရုဏာနှင့် ကောင်းသော အကျင့်စာရိတ္တကြောင့် အသင်တို့၏ စကားရပ်များကို နားထောင်ခြင်း ဖြစ်သည်။ ထိုစကားရပ်များ၏ မူရင်းဇစ်မြစ်ကို သိရှိပြီးသော်လည်း တိတ်တဆိတ်နေတော်မူပေသည်။ ထိုစကားရပ်များကို နားထောင်ရခြင်းသည် အခြားအကြောင်းအရင်းပုံစံဖြင့် ဖြစ်သည်။ အသင်တို့သည် မိမိတို့၏ ညံ့ဖျင်းမှုဖြင့် အခြားအကြောင်းအရင်းကို ပထမအကြောင်းအရင်းဟု ယူဆကြသည်။

အချုပ်ဆိုရသော် အသင်တို့က တမန်တော်မြတ် ﷺ သည် မိမိတို့၏ စကားရပ်၏ အလိုသဘောကို နားမလည်ဟု ထင်နေကြသည်။ ဧကန်စင်စစ် အသင်တို့နားလည်မှု မရှိကြခြင်းသာ ဖြစ်သည်။ တမန်တော်မြတ် ﷺ ကို ဒုက္ခရောက်စေရန် ပြောဆိုပြီးနောက် أُذُنٌ ဟု ဆိုကြသည်။ ၎င်းတို့သည် တမန်တော်ကို أُذُنٌ ဟု ပြောခြင်းမှာ သေးသိမ်စေရန်အတွက် ဖြစ်သည်။ (معاذ الله) တမန်တော်မြတ် ﷺ တွင် အသိ

တရားမရှိ၊ ကြားရသော အကြောင်းအရာအပေါ် လက်ခံလိုက်သည်ဟု ပြောဆိုကြသည်။ ထိုသူများအတွက် ပြင်းထန်သော အပြစ်ဒဏ်ရှိပေသည်။ ဤမုနာဖစ်က်တို့သည် မွတ်စ္စလင်မ်များရှေ့တွင် လိမ်လည် ကျိန်ဆိုကြသည်။ ကျွန်ုပ်တို့သည် ထိုစကားရပ်ကို မပြောဆိုကြပါ။ သို့မဟုတ် စစ်ပွဲတွင် အကြောင်းခံတစ်ခုခုကြောင့် မသွားနိုင်ကြပါ။ ဤသို့ ပြောဆိုခြင်းများသည် အသင်တို့ ကျေနပ်စေရန်အတွက်ဖြစ်သည်။ သို့မှသာ ၎င်းတို့၏ အသက်အိုးအိမ် စည်းစိမ်များ၏ အကာအကွယ်ဖြစ်ပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်သာ ပို၍ တာဝန်ရှိပေသည်။ အကယ်၍ ဤသူတို့ စစ်မှန်သော မွတ်စ္စလင်မ် ဖြစ်ခဲ့မည်ဆိုလျှင် ထိုသူတို့ကို ကျေနပ်နှစ်သက်စေမည်။ ဤသည် 'အိခ်လားဆ်'နှင့် အီမာန်အပေါ် မူတည်ပေသည်။ ဤသူတို့ပြုလုပ်သကဲ့သို့ အလ္လာဟ်နှင့် ရစူလ်ကို ဆန့်ကျင်လျှင် အမြဲတစေနေရမည့် 'ဂျဟန္နမ်'၏ မီးသာ ရရှိမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်ကို ထိုသူတို့ မသိသလော။ ဤသည် အလွန်တရာ သိက္ခာမဲ့စေသော ကိစ္စရပ်ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ ထံ ဝဟီဖြင့် မုနာဖစ်က်တို့၏ စိတ်တွင်းရှိ အရာများကို စူရာဟ် (သို့) အာယသ်တော်ဖြင့် မွတ်စ္စလင်မ်များ သိရှိသွားမည်ကို မုနာဖစ်က်တို့ စိုးရိမ်ကြသည်။ ဆိုလိုသည်မှာ ၎င်းတို့ တိတ်တဆိတ် ပြောင်လှောင်ပြောဆိုသော အရာများသည် စိတ်နှလုံးသားအတွင်းမှ ဖြစ်သည့်ပုံစံနှင့် မွတ်စ္စလင်မ်များကို မသိစေလိုပေ။

အို, တမန်တော်၊ အသင် ပြောကြားပါလေ။ အသင်တို့ ပြောင်လှောင်နေကြကုန်။ ဤသို့ ပြောဆိုခြင်းဖြင့် ၎င်းတို့ ပြောင်လှောင်ကြောင်း သိရှိသွားစေရန်ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဆက်လက်၍ မိန့်တော်မူထားသည်မှာ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အသင် မုနာဖစ်က်များ ပေါ်လွင်မည်ကို စိုးရိမ်မည့်အရာများကို ဖော်ထုတ်တော်မူပေမည်။ သို့ရှိရာ ပြောင်လှောင်သည်ဟု ပြောဆို၍ ပြောင်လှောင်ကြောင်း ဖော်ထုတ်လိုက်ပေသည်။ ဤသို့ ပေါ်လွင်ပြီးနောက် အသင်တမန်တော်မှ အဘယ်ကြောင့် ပြောင်လှောင်သနည်းဟု မေး၏။ ကျွန်ုပ်တို့သည် ပျော်ရွှင်စေရန် ပြုပါသည်ဟု ဖြေကြားလိမ့်မည်။ စိတ်ပျော်စေရန်နှင့် ခရီးအလွယ်တကူ ပြီးဆုံးစေရန် သက်သက်သာ ဤကဲ့သို့ စကားများ ပြောဆိုခြင်းဖြစ်သည်ဟူသော သဘောမှ ဧကန်စင်စစ် မဟုတ်ပေ။ အသင်တမန်တော်၊ ၎င်းတို့ကို ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို၊ ၎င်းနောက် အလ္လာဟ်၏ ရစူလ်တမန်တော်မြတ် ﷺ ကို အသင်တို့ ပြောင်လှောင်မှုများ ပြုကြပါသလား။ ဆိုလိုသည်မှာ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုသည်ဖြစ်စေ၊ အချုပ်မှာ မည်သူနှင့် ပြောင်လှောင်နေသည်ကို ကြည့်ရပေမည်။ အသင်တို့ ပြောင်လှောင်သူများသည် မည်သည့်ရည်ရွယ်ချက်နှင့်မျှ ပြောင်လှောင်ပိုင်သူများ မဟုတ်ပေ။ အသင်တို့ ယခု ဤအကျိုးမဲ့ အချည်းအနှီး အကြောင်းပြချက်ကို မတင်ပြလျက် အလိုသဘောမှာ ဤအကြောင်းပြချက်သည် လက်ခံဖွယ်ရာမဟုတ်။ ၎င်းနောက် ဤအကြောင်းပြချက်ဖြင့် ပြောင်လှောင်ခြင်းလည်း မပိုင်ပေ။ အသင်တို့သည် မိမိကိုယ်ကို အီမာန်ရှင်ဟု ပြောဆို၍ ငြင်းဆန်သည့် အလုပ်ကို လုပ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သာသနာနှင့် ပတ်သက်၍ ပြောင်လှောင်ခြင်းသည် လုံးလုံးလျားလျား ကာဖိရ်ဖြစ်သည်။ အသင်တို့သည် ကနဦးကပင် နှလုံးသားအတွင်း အီမာန်မရှိကြပေ။ သို့သော် အကယ်၍ တစ်ဦးတစ်ယောက်သည် စိတ်ရောကိုယ်ပါ 'သောင်ဗာဟ်'ပြု၍ စစ်မှန်သော မုအ်မင်န်ဖြစ်သွားပါက ကုဖွ်ရ်၏ 'အဇာဗ်'မှ လွတ်ကင်းသွားပေသည်။

သို့သော် ဤသို့ 'သောင်ဗာဟ်'ပြုနိုင်စွမ်းသည် လူတိုင်း မရရှိနိုင်ပေ။ အချို့သည် ဤသို့ မွတ်စ္စလင်မ် ဖြစ်သွားလျှင် လွတ်ငြိမ်းခွင့် ရရှိပေမည်။ သို့ရှိရာ ငါအသျှင်မြတ်သည် အသင်တို့ထဲမှ အချို့ကို မွတ်စ္စလင်မ် ဖြစ်သွားသည့်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်။ အချို့ကို မုချကေန် အပြစ်ဒဏ်ပေးမည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်တွင် မွတ်စ္စလင်မ်မဖြစ်ဘဲ အပြစ် 'ဂိုနာဟ်' ကျူးလွန်သူများဖြစ်ကြသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြခဲ့သည့် အာယသ်တော်များတွင် ရှေးအလျှင်အာယသ်တော်များကဲ့သို့ မုနာဖစ်က်တို့၏ အချည်း အနှီး စောဒကများ၊ တမန်တော်မြတ် ﷺ ကို ဒုက္ခပေးခြင်းများ၊ ထို့နောက် လိမ်လည်ကျိန်ဆို၍ မိမိတို့ အီမာန်ရှင်ဖြစ်ကြောင်း ယုံကြည်စေသည့် အဖြစ်အပျက်များနှင့် ၎င်းတို့၏အပေါ် သတိပေးခြင်းများ လာရှိ ထားပေသည်။ ပထမအာယသ်တော်တွင် မုနာဖစ်က်တို့သည် တမန်တော်မြတ် ﷺ ကို ပြောင်လှောင်သည့် သဘောဖြင့် သူ့တွင် နားရှိသည်ဟု ဆိုကြ၏။ ဆိုလိုသည်မှာ ကြားသည့်အရာတိုင်းကို ယုံကြည်၍ ကျွန်ုပ် တို့ ပူပင်စရာမလိုပေ။ အကယ်၍ ကျွန်ုပ်တို့၏ အကြံအစည် ပေါ်လွင်သွားလျှင်လည်း ငါတို့၏ ကစမ်ကျိန်ဆို၍ အပြစ်ကင်းကြောင်း တမန်တော်မြတ် ﷺ ကို ယုံကြည်စေမည်။ ဤပြောဆိုမှု၏ အဖြေအတွက် အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့၏ ညံ့ဖျင်းမှုကို ပေါ်လွင်စေသည်။ မုနာဖစ်က်တို့နှင့် ဆန့်ကျင်သူတို့၏ လွဲမှားသော စကားရပ်များကို ကြားနာ၍ ဆိတ်ဆိတ်နေခြင်းမှာ တမန်တော်မြတ် ﷺ ၏ သဘောထားကြီးမှုပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် အခြေအနေမှန်ကို မသိဘဲ အသင်တို့ ပြောကြားချက်ကိုသာ ယုံကြည်သည်ဟု မထင်လေနှင့်။ သို့သာမက အသင်တို့ ပြောကြားချက်တို့၏ ဇစ်မြစ်ကို သိတော်မူပေသည်။ အသင်တို့၏ လိမ်လည်သော စကားရပ်များကို ကြား၍ အသင်တို့ မှန်ကန်သည်ဟု မယူဆဘဲ မိမိ၏ အကျင့်စာရိတ္တ မြင့်မားခြင်းနှင့် သဘောထားကြီးမှုကြောင့် အသင်တို့၏ မျက်နှာပေါ်တွင် အသင်တို့ကို ငြင်းဆန်ခြင်းမပြုပေ။

إِنَّ اللّٰهَ مُخْرِجٌ مَّا تَحْذَرُوْنَ

ဤအာယသ်တော်တွင် သတင်းပေးထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က်တို့၏ လျှို့ဝှက်အကြံအစည်များနှင့် ဆိုးသွမ်းမှုများကို ဖော်ထုတ်တော်မူမည်။ ဤသည်နှင့် ပတ်သက်၍ 'သဗူးက်' စစ်ပွဲအပြန်တွင် အကြောင်းအရာတစ်ခု ရှိသည်။ မုနာဖစ်က်တို့သည် တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်ရာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ကို ဟဇရသ်ဂျိဗ္ဗရာအီးလ် ؑ ဖြင့် အမိန့်ပေး၍ မုနာဖစ်က်တို့ စုရုံးနေသောလမ်းမှ ဖယ်ရှားလိုက်လေသည်။ ၎င်းနောက် ဟဇရသ်အိဗ်နေ့ အဗ္ဗားစ် ؓ သခင် ဆင့်ပြန်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က်တို့၏ ဦးရေ (၇၀) ၏ ဖခင် တို့၏ အမည်နှင့်တကွ နိမိတ်လက္ခဏာအား တမန်တော်မြတ် ﷺ အား ပြသခဲ့သည်။ သို့သော် လောက၏ မဟာကရုဏာတော်ရှင်သည် လူသားများအပေါ် မဖော်ထုတ်ခဲ့ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ٱلْمُنَٰفِقُونَ
وَٱلْمُنَٰفِقَٰتُ بَعْضُهُم مِّنۢ بَعْضٍ ۚ يَأْمُرُونَ بِٱلْمُنكَرِ
وَيَنْهَوْنَ عَنِ ٱلْمَعْرُوفِ وَيَقْبِضُونَ أَيْدِيَهُمْ ۚ نَسُوا۟
ٱللَّهَ فَنَسِيَهُمْ ۗ إِنَّ ٱلْمُنَٰفِقِينَ هُمُ ٱلْفَٰسِقُونَ ﴿٦٧﴾

၉ : ၆၇ ။ ။ မုနာဖစ်က် (အယောင်ဆောင် မွတ်စ္စလင်မ်) များ ဖြစ်ကြသော ယောကျ်ား၊ မိန်းမတို့သည် တစ်မျိုးတစ်စားတည်းပင် ဖြစ်ကြကုန်သည်။ ၄င်းတို့သည် စက်ဆုပ်ရွံရှာဖွယ်ရာ (မကောင်းမှု) များကို ပြုလုပ်ရန်အတွက် အမိန့်ပေးကြ၍ ကောင်းမှုများမှ တားမြစ်ကြလေသည်။ ထို့ပြင် (အလ္လာဟ့်လမ်းတော်၌ သုံးစွဲခြင်း မပြုဘဲ) မိမိတို့၏ လက်များကို ဆုပ်ထားကြလေသည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား မေ့လျော့ခဲ့ကြပေရာ ထိုအသျှင်မြတ်သည်လည်း ၄င်းတို့အား မေ့လျော့(ထား) တော်မူခဲ့လေသည်။ စင်စစ်အမှန် မုနာဖစ်က် (မွတ်စ္စလင်မ်အယောင်ဆောင်) တို့သည် အမှန်တကယ် အမိန့်တော်ကို သွေဖည်ငြင်းပယ်သူများပင် ဖြစ်ကြလေသည်။

وَعَدَ ٱللَّهُ ٱلْمُنَٰفِقِينَ وَٱلْمُنَٰفِقَٰتِ وَٱلْكُفَّارَ نَارَ جَهَنَّمَ خَٰلِدِينَ
فِيهَا ۚ هِىَ حَسْبُهُمْ ۚ وَلَعَنَهُمُ ٱللَّهُ ۖ وَلَهُمْ عَذَابٌ مُّقِيمٌ ﴿٦٨﴾

၉ : ၆၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က် (မွတ်စ္စလင်မ်အယောင်ဆောင်သော) ယောကျ်ား၊ မိန်းမများနှင့် ကာဖိရ်တို့အား 'ဂျဟန္နမ်' ငရဲမီး၌ အမြဲထာဝရ နေထိုင်ကြရမည်ဖြစ်ကြောင်းကို ကတိထားတော်မူခဲ့လေသည်။ ယင်းငရဲမီးသည် ၄င်းတို့အား (ပြစ်ဒဏ်ပေးရန်) လုံလောက်တော်မူပေသည်။ ၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ထို့ပြင် ၄င်းသူတို့အဖို့ (ထိုအသျှင်မြတ်၏ ကတိတော်အတိုင်း) ထာဝစဉ်တည်သော ပြစ်ဒဏ်သည် ရှိချေသည်။

كَٱلَّذِينَ مِن قَبْلِكُمْ كَانُوٓا۟ أَشَدَّ مِنكُمْ قُوَّةً وَأَكْثَرَ
أَمْوَٰلًا وَأَوْلَٰدًا فَٱسْتَمْتَعُوا۟ بِخَلَٰقِهِمْ فَٱسْتَمْتَعْتُم
بِخَلَٰقِكُمْ كَمَا ٱسْتَمْتَعَ ٱلَّذِينَ مِن قَبْلِكُم بِخَلَٰقِهِمْ
وَخُضْتُمْ كَٱلَّذِى خَاضُوٓا۟ ۚ أُو۟لَٰٓئِكَ حَبِطَتْ أَعْمَٰلُهُمْ فِى
ٱلدُّنْيَا وَٱلْءَاخِرَةِ ۖ وَأُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ﴿٦٩﴾

၉ : ၆၉ ။ ။ (အသင်တို့၏ အခြေအနေသည်ကား) အသင်တို့ထက်အလျင် ရှေးအတိတ်ကာလ၌ ရှိခဲ့ကြသော သူတို့(၏ အခြေအနေ) ကဲ့သို့ပင် ဖြစ်သည်။ ၄င်းတို့သည် အသင်တို့ထက် ခွန်အားဗလကြီးမားသည့်အပြင် ဥစ္စာပစ္စည်းနှင့် သားသမီးအားဖြင့်လည်း (အသင်တို့ထက်) အလွန်များပြားခဲ့လေသည်။ သို့ဖြစ်ပေရာ ၄င်းတို့သည် မိမိတို့၏ (လောက) ဝေစုဝေပုံဖြင့်

(အစွမ်းကုန်) အကျိုးခံစားခဲ့ကြလေသည်။ အသင်တို့သည် အသင်တို့အလျင် ရှိခဲ့ကြဖူးသော သူများကလည်း မိမိတို့၏ (လောက) ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားကြသည့်နည်းတူ အသင်တို့သည်လည်း မိမိတို့ (လောက) ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားကြချေပြီ။ ထို့ပြင် ၄င်းတို့သည် မကောင်းမှု၌ ဝင်ရောက်ခဲ့ကြသည့်အလား အသင်တို့သည်လည်း မကောင်းမှု၌ ဝင်ရောက်ခဲ့ကြလေသည်။ ဤသူများသည် အကြင်သူများပင်ဖြစ်၏။ ထိုသူတို့၏ အကျင့်အမူများသည် ပစ္စုပ္ပန်မျက်မှောက် လောကဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း အချည်းနှီး ဖြစ်ခဲ့ကြလေပြီ။ ၄င်းပြင် ဤသူများသည်သာလျှင် နစ်နာဆုံးရှုံးသူများ ဖြစ်ကြကုန်သည်။

اَلَمۡ يَاۡتِهِمۡ نَبَاُ الَّذِيۡنَ مِنۡ قَبۡلِهِمۡ قَوۡمِ نُوۡحٍ وَّعَادٍ وَّثَمُوۡدَ ۙ وَقَوۡمِ
اِبۡرٰهِيۡمَ وَاَصۡحٰبِ مَدۡيَنَ وَالۡمُؤۡتَفِكٰتِ ؕ اَتَتۡهُمۡ رُسُلُهُمۡ
بِالۡبَيِّنٰتِ ۚ فَمَا كَانَ اللّٰهُ لِيَظۡلِمَهُمۡ وَلٰكِنۡ كَانُوۡۤا اَنۡفُسَهُمۡ يَظۡلِمُوۡنَ ۝

၉ : ၇၀ ။ ။ ၄င်း (မုနာဖစ်က်) တို့ထံသို့ ၄င်းတို့ထက်အလျင် ရှေးအတိတ်ကျော်ကာလ၌ ရှိခဲ့ကြသော (နဗီတမန်တော်) နူးဟ်၏ အမျိုးသားများ၊ အားဒ်အမျိုးသားများ၊ စမူးဒ်၏ အမျိုးသားများ၊ (နဗီတမန်တော်) အီဗ္ဗရာဟီမ်၏ အမျိုးသားများ၊ မဒ်ယန်မြို့သားများနှင့် အထက်အောက်ပြောင်းပြန် မှောက်လှန်ဖျက်ဆီးခြင်း ခံကြရသော မြို့ရွာများ၏ ပျက်စီးဆုံးရှုံးသွားသော အကြောင်းသတင်းများသည် မရောက်ရှိခဲ့လေသလော။ ၄င်းတို့ထံသို့ ၄င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များနှင့်တကွ ယူဆောင်၍ ရောက်ရှိလာခဲ့ကြလေသည်။ (သို့ရာတွင် ယင်းအမျိုးသားများသည် သွေဖည်ငြင်းဆန် မနာခံကြသည့်အတွက် ပျက်စီးဆုံးရှုံးသွားခဲ့ကြလေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား (ဤပျက်စီးမှု၌) မတရားသဖြင့် နှိပ်စက်တော်မူသည်မဟုတ်ပေ။ သို့ရာတွင် ၄င်းတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ခဲ့ကြလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုနာဖစ်က်အမျိုးသားများနှင့် အမျိုးသမီးတို့သည် တစ်မျိုးတစ်စားတည်းဖြစ်ကြ၏။ မကောင်းသော စကားရပ်များဖြစ်သည့် ကုဖွ်ရ်၊ အစ္စလာမ်နှင့် ဆန့်ကျင်ရန် သင်ကြားပြသကြ၏။ ကောင်းသော စကားရပ်များဖြစ်သော အီမာန်ယုံကြည်ခြင်းနှင့် နဗီတမန်တော်၏ အမိန့်နာခံခြင်းမှ တားမြစ်ကြသည်။ အလ္လာဟ်အသျှင်မြတ်၏လမ်းတော်၌ သုံးစွဲခြင်းမှ မိမိတို့၏ လက်များကို ပိတ်ထားကြ၏။ အလ္လာဟ်အသျှင်မြတ်ကို သတိမရကြပေ။ ဆိုလိုသည်မှာ အမိန့်မနာခံကြပေ။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည်လည်း ၄င်းတို့ကို သတိမရပေ။ ဆိုလိုသည်မှာ မိမိ၏ သီးခြား 'ရဟ်မသ်'တော်သည် ၄င်းတို့အပေါ် မထားရှိပေ။ မုချကေန် ဤမုနာဖစ်က်တို့သည် အလွန်တရာ ဆိုးသွမ်းသူများဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က်အမျိုးသား အမျိုးသမီးများနှင့် ပေါ်လွင်ထင်ရှားစွာ ငြင်းဆန်သူများအတွက် 'ဂျဟန္နမ်'၏ မီးတို့ ကတိပြုထား၏။ ထိုမီးထဲတွင် ၄င်းတို့ အမြဲတစေနေရမည်။ ဤအပြစ်ဒဏ်သည် ၄င်းတို့အဖို့ လုံလောက်၏။ အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော သူများ၏ မိမိ၏ ကရုဏာတော်နှင့် ဝေးကွာစေ၏။ ထိုသူများကို ကတိတော်နှင့်အညီ အမြဲတစေ 'အဇာဗ်'အပြစ်ဒဏ်၌ ထားရှိပေမည်။

အို၊ မုနာဖစ်က်အပေါင်းတို့၊ အသင်တို့၏ အခြေအနေဖြစ်သော ကုဖ္ဖရ်နှင့် ကုဖိရ်ကြောင့် ရရှိသော အပြစ်ဒဏ်တွင် လွန်လေပြီးသော သူများကဲ့သို့ ဖြစ်၏။ ထိုသူတို့သည် အလွန်တရာ အားအင်ပြည့်ဝသူများဖြစ်၍ သားသမီးနှင့် ပစ္စည်းဥစ္စာ ကြွယ်ဝရာတွင် အသင်တို့ထက် ပို၏။ သို့ရှိရာ ထိုလွန်လေပြီးသော သူတို့သည် မိမိတို့၏ လောကီစည်းစိမ်များမှ အပြည့်အဝ အကျိုးခံစားသကဲ့သို့ အသင်တို့လည်း ထိုကဲ့သို့ အကျိုးခံစားကြလေသည်။ ထိုသူတို့ မကောင်းမှုများတွင် နစ်မွန်းသကဲ့သို့ အသင်တို့လည်း မကောင်းမှုများနစ်မွန်းကြသည်။ ထိုသူတို့၏ ကောင်းမှုကုသိုလ်တို့သည် လောကီလောကုတ္တရာတွင် ပျက်စီးခဲ့ပြီးဖြစ်၏။ လောကီတွင် ကောင်းမှုများအပေါ် အကျိုးစဝါးဗ်ရမည်ဟု သတင်းကောင်းနှင့် နောင်တမလွန်တွင် အကျိုးကုသိုလ်လည်း မရရှိပေ။ လောကီလောကုတ္တရာတွင် (ကောင်းမှုများကို) ဤသို့ ရုပ်သိမ်းခံရခြင်းကြောင့် ထိုသူတို့သည် ဆုံးရှုံးသူများဖြစ်၏။ နစ်ဘဝတွင် ပျော်ရွှင်အေးချမ်းမှုများမှ လက်လွှတ်ဆုံးရှုံးရသည်။

သို့ရှိရာ အသင်မုနာဖစ်က်တို့သည်လည်း ထိုလွန်လေပြီးသူများကဲ့သို့ ကုဖ္ဖရ်ငြင်းဆန်မှုကို ပြုသည့်အတွက် ၎င်းတို့ကဲ့သို့ပင် ပျက်စီး ဆုံးရှုံးမှု ဖြစ်ရလေသည်။ ထိုသူတို့ထံတွင်ရှိသော ပစ္စည်းဥစ္စာများနှင့် သားသမီးများသည်လည်း များပြားစွာရှိနေသော် အသုံးမဝင်ပေ။ အသင်တို့ထံတွင် ၎င်းတို့ထက် နည်းနေခြင်းကြောင့် ပို၍ပင် အသုံးမဝင်သည်မှာ သေချာပေသည်။ ဤသည် နောင်တမလွန်၏ ဆိုးကျိုးအပေါ် ခြိမ်းခြောက်မှုဖြစ်သည်။ ဆက်လက်၍ လောကီဆိုးကျိုးကို တင်ပြသတိပေးထားသည်မှာ မုနာဖစ်က်များကို လွန်လေပြီးသူများ၏ အပြစ်ဒဏ်နှင့် ပျက်စီးဆုံးရှုံးများအကြောင်း မကြားသိလေသလော။ ဥပမာ- နူးဟ် ﷺ ၏ မျိုးနွယ်စုများ၊ အားဒ်၊ စမူးဒ်၊ အိဗ္ဗရာဟီမ် ﷺ ၏ မျိုးနွယ်ဝင်များ၊ မရ်ယာန်မြို့နေသူများ၊ မြေလှန်ခြင်းခံရသော ရွာများ ဆိုလိုသည်မှာ လူးသ် ﷺ ၏ မျိုးနွယ်ဝင်များ စသည်တို့ဖြစ်သည်။ ထိုသူများထံသို့လည်း ၎င်းတို့၏ နဗီတမန်တော်များသည် ပေါ်လွင်ထင်ရှားသည့် အမှန်တရားများကို ယူဆောင်လာခဲ့ကြသည်။ သို့သော် ထိုသူတို့ လက်မခံကြခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြသည်။ သို့ရှိရာ ဤပျက်စီးဆုံးရှုံးမှုတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုမိမိ ညှဉ်းပန်းနှိပ်စက်ခြင်းသာဖြစ်သည်။ ဤအချက်ကို ထောက်ရှု၍ မုနာဖစ်က်တို့သည်လည်း ကြောက်ရွံ့သင့်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တင်ပြခဲ့သည့် အာယသ်တော်များရှိ ပထမအာယသ်တော်တွင် မုနာဖစ်က်တို့၏ အခြေအနေတစ်ခုကို ဤသို့ တင်ပြထားသည်။ ထိုသူတို့သည် မိမိတို့၏ လက်ကို ပိုက်ထားကြ၏။ သဖ်စီးရ်ရေကွရ်သုဗီးကျမ်းတွင် မိန့်ထားသည်မှာ လက်ပိုက်ထားသူဟူသော အလိုသဘောမှ 'ဂျိဟားဒ်' ကို လက်လွှတ်ထားခြင်းနှင့် 'ဝါဂျိဗ်' ဖြစ်သော ဝတ္တရားများကို မထမ်းဆောင်ခြင်းဖြစ်သည်။

نَسُوا اللهَ فَنَسِيَهُمْ

ဤအာယသ်တော်၏ အဓိပ္ပာယ်မှာ ထိုသူများ အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့လိုက်သည့်အတွက် အလ္လာဟ်အသျှင်မြတ်ကလည်း ထိုသူများကို မေ့လျော့လိုက်သည်ဟူ၍ အပေါ်ယံအားဖြင့် အဓိပ္ပာယ်ရသည်။

သို့သော် အလ္လာဟ်အသျှင်မြတ်သည် မေ့လျော့ခြင်းမှ ကင်းစင်ပေသည်။ ထို့ကြောင့် ဤနေရာတွင် အာယသ်တော်၏ အလိုသဘောမှာ မုနာဖစ်ကိတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မေ့သွားသကဲ့သို့ စွန့်လွှတ်ကြသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည်လည်း နောင်တမလွန်၏ ကုသိုလ်အကျိုး ချီးမြှင့်ရာတွင် ကောင်းမှုကုသိုလ် မပြုသူများကဲ့သို့ လွှတ်လိုက်၏။ အာယသ်တော် (၆၅) ၏ ရှင်းလင်းချက်တစ်ခုတွင် ဤသည် မုနာဖစ်ကိများကို ပြောဆိုခြင်းဖြစ်ကြောင်း အနှစ်ချုပ်ရှင်းလင်းချက်တွင် တင်ပြထားပြီးဖြစ်သည်။ ဒုတိယရှင်းလင်းချက်တစ်ခုတွင် ဤသည် မွတ်စ္စလင်မ်များကို ရည်ညွှန်း၏။ ဆိုလိုသည်မှာ

كَالَّذِيْنَ مِنْ قَبْلِكُمْ

အလိုသဘောမှာ အသင်တို့သည်လည်း မိမိတို့၏ ရှေးအလျှင် လူများကဲ့သို့ လောကီစည်းစိမ်ဥစ္စာများတွင် နစ်မွန်း၍ နောင်တမလွန်ကို မေ့လျော့ပစ်၏။ အမျိုးမျိုးသော အပြစ်ဒုစရိုက်များနှင့် အကျင့်ဆိုးများတွင် နစ်မွန်းသကဲ့သို့ အသင်တို့လည်း နစ်မွန်းကြလိမ့်မည်ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်၏ ရှင်းလင်းချက်တွင် ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ ဆင့်ပြန်ထား၏။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အသင်တို့သည်လည်း အသင်တို့အလျှင် အုမ္မသ်များ၏ နည်းလမ်းကိုသာ ရွေးချယ်ကြလိမ့်မည်။ တစ်ထွာကို တစ်ထွာချင်း၊ တစ်တောင်ကို တစ်တောင်ချင်း ဆိုလိုသည်မှာ ၎င်းတို့ပြုခဲ့သည့်အတိုင်း ထပ်တူထပ်မျှ ပြုလုပ်ကြလိမ့်မည်။ အကယ်၍ ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်သည် ဖွတ်တွင်းသို့ ဝင်လျှင် အသင်တို့သည်လည်း ဝင်ကြလိမ့်မည်။ ဟဇရသ် အဘူဟူရိုင်ရာဟ် ﷺ သည် ဤဟဒီးစ်တော်ကို ဆင့်ပြန်၍ မိန့်တော်မူသည်မှာ ဤဟဒီးစ်တော်၏ ထောက်ခံချက်ကို အသင်တို့ ကြည့်လိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏

كَالَّذِيْنَ مِنْ قَبْلِكُمْ

ဟူသော အာယသ်တော်ကို ဖတ်ရွတ်ပါ။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သည် ဤဟဒီးစ်တော်ကို ကြား၍ မိန့်တော်မူသည်မှာ-

مَا اَشْبَهَ اللَّيْلَةَ بِالْبَارِحَةِ

ဆိုလိုသည်မှာ ယနေ့ညသည် ပြီးခဲ့သည့်ညနှင့် အလွန်တူလေသည်။ ဤဗနီအီစ္စရာအီးလ်တို့သည်လည်း ကျွန်ုပ်တို့နှင့် နှိုင်းနှိုင်းခြင်း ခံရပေသည်။

ဟဒီးစ်တော်၏ ရည်ရွယ်ချက်မှာ ပေါ်လွင်ပေသည်။ နောက်ဆုံးခေတ်တွင် မွတ်စ္စလင်မ်များသည် ယဟူဒီ၊ နဆွာရာနီများ၏ လမ်းစဉ်အတိုင်း လျှောက်ကြပေမည်။ မုနာဖစ်ကိများခံရမည့် အပြစ်ဒဏ်အကြောင်း တင်ပြပြီးသည့်နောက် ယဟူဒီနှင့် နဆွာရာနီတို့၏ နည်းလမ်းအတိုင်း လျှောက်သူတို့သည် အီမာန်မပြည့်ဝသော မွတ်စ္စလင်မ်များဖြစ်ကြောင်း ရည်ညွှန်းနေပေသည်။ ထိုအီမာန်မပြည့်ဝသော သူများသာလျှင် မုနာဖစ်ကိ၏ ရောဂါပိုးပါရှိလေသည်။ တမန်တော်မြတ် ﷺ ၏ အုမ္မသ်၏ သူမွန်သူမြတ်များသည် ဤသို့သော ရောဂါများမှ ရှောင်ကြဉ်ရန်နှင့် အခြားသူများကိုလည်း ကယ်တင်ရန် ဤအာယသ်တော်တွင် လမ်းညွှန်ထား၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالْمُؤْمِنُوْنَ وَالْمُؤْمِنٰتُ بَعْضُهُمْ اَوْلِيَآءُ
بَعْضٍ يَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ
وَيُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَيُطِيْعُوْنَ اللّٰهَ
وَرَسُوْلَهٗ اُولٰٓئِكَ سَيَرْحَمُهُمُ اللّٰهُ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿٧١﴾

၉ : ၇၁ ။ ။ ထိုနည်းတူစွာ မုအ်မင်နသက်ဝင်ယုံကြည်သော ယောကျာ်း၊ မိန်းမတို့သည် (သာသနာရေးတွင်) အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများ ဖြစ်ကြကုန်သည်။ ၎င်းတို့သည် ကောင်းမြတ်သော အမှုကိစ္စများကို (ပြုလုပ်ရန်) အမိန့်ပေးကြလေသည်။ ၎င်းပြင် မကောင်းသော (စက်ဆုပ်ရွံရှာဖွယ်ရာ) အမှုကိစ္စများမှလည်း တားမြစ်ကြကုန်သည်။ ထို့ပြင် ယင်းသူတို့သည် 'ဆွလာသ်' ဝတ်ပြုမှုကို စွဲမြဲစွာ ဆောက်တည်ခဲ့ကြကုန်သည်။ ထို့ပြင် ၎င်းသူတို့သည် 'ဇကားသ်' တရားဝင် ဒါနကြေးကိုလည်း ပေးဆောင်ကြကုန်သည်။ ထိုနည်းတူစွာ ယင်းသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကိုလည်း ကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေသည်။ ဤသူတို့သည် အကြင်သူများပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အပေါ်သို့ မုချ ကရုဏာပြုတော်မူပေမည်။ ဧကန်အမှန် အလ္လာဟ် အသျှင်မြတ်သည် ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَعَدَ اللّٰهُ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا
الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَمَسٰكِنَ طَيِّبَةً فِيْ جَنّٰتِ عَدْنٍ
وَرِضْوَانٌ مِّنَ اللّٰهِ اَكْبَرُ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿٧٢﴾

၉ : ၇၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်နသက်ဝင်ယုံကြည်သော ယောကျာ်း၊ မိန်းမတို့အား အကြင် 'ဂျန္နသ်' ဥယျာဉ်များကို (ချီးမြှင့်တော်မူရန်) ကတိပြုထားတော်မူခဲ့သည်။ ထိုဥယျာဉ်များအောက်တွင် စမ်းရေချောင်းများ စီးဆင်းလျက် ရှိကြပေမည်။ (ထိုသူတို့သည်) ၎င်းဥယျာဉ်များ၌ အစဉ်ထာဝရ စံမြန်းနေထိုင်လျက် ရှိကြပေမည်။ ၎င်းပြင် (ထိုအသျှင်မြတ်သည်) ထာဝစဉ်တည်ရှိသော ဥယျာဉ်များတွင် ကောင်းမွန်၍ သန့်ပြန့်စင်ကြယ်သော ဗိမာန်များကိုလည်း (ချီးမြှင့်တော်မူရန် ကတိပြုထားတော်မူသည်။) ထို့ပြင် အလုံးစုံတို့ထက် သာလွန်ကြီးကျယ်မြင့်မြတ်လှစွာသော (စည်းစိမ်သည်ကား) အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်ကျေနပ်မှု (ကို ၎င်းတို့ရရှိခြင်း) ပင်ဖြစ်ပေသည်။ ဤသည်ကား အကြီးအကျယ်ဆုံးသော အောင်မြင်မှုပင်ဖြစ်၏။

يٰٓاَيُّهَا النَّبِيُّ جَاهِدِ الْكُفَّارَ وَالْمُنٰفِقِيْنَ وَاغْلُظْ عَلَيْهِمْ وَ
مَاْوٰىهُمْ جَهَنَّمُ وَبِئْسَ الْمَصِيْرُ ﴿٧٣﴾

၉ : ၇၃ ။ ။ အို၊ နဗီတမန်တော်၊ အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သူများနှင့် မုနာဖစ်က် (အယောင်ဆောင် မွတ်စ္စလင်မ်) တို့အား 'ဂျိဟားဒ်' ပြု (တိုက်ခိုက်) ပါလေ။ ထို့ပြင် ၎င်းတို့အပေါ်၌ အသင်သည် ပြင်းထန်သော ကြပ်တည်းမှု

ကို ပြုပါလေ။ ၎င်းတို့၏ (နောက်ဆုံး) ခိုကိုးရာဌာနသည် 'ဂျဟန္နမ်'ငရဲဘုံပင် ဖြစ်သည်။ အမှန်စင်စစ် ယင်း 'ဂျဟန္နမ်'ငရဲဘုံ သည် လွန်စွာ ဆိုးရွားလှသော စခန်းပင်ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မွတ်စ္စလင်မ်အမျိုးသား၊ အမျိုးသမီးများသည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး သာသနာ့မိတ်ဆွေများ ဖြစ်၏။ ကောင်းမွန်သော စကားရပ်များကို သင်ကြားပေး၍ မကောင်းသော စကားရပ်များမှ တားမြစ်ကြသည်။ နမာဇ်ကို စွဲမြဲစွာ ဆောက်တည်ကြသည်။ 'ဇကားသ်'လည်း ပေးဆောင်ကြလေသည်။ အလ္လာဟ် အသျှင်မြတ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၏ အမိန့်ပညတ်ချက်များကိုလည်း နာခံကြလေသည်။ ဤကဲ့သို့သောသူများအဖို့ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ကရုဏာတော်ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူလေသည်။ ဤသည်နှင့်ပတ်သက်၍ ရှေးတွင် တင်ပြထားပေသည်။ မုချဧကန် အလ္လာဟ်အသျှင် မြတ်သည် အလုံးစုံကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ပြည့်ဝသော အစားကို ပေးနိုင်တော်မူ၍ အမြော်အမြင်ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့ကြောင့် သင့်လျော်သော အစားကို ပေးတော်မူသည်။ ထို့ကြောင့် အထက်တွင် တင်ပြခဲ့သော 'ရဟ်မသ်'တော်၏ အကြောင်း တင်ပြ ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်အမျိုးသား၊ အမျိုးသမီးများကို ဤကဲ့သို့သော ဥယျာဉ်များ ပေးတော်မူမည်ဟု ကတိပြုထားတော်မူသည်။ ထိုဥယျာဉ်များ၏ အောက်တွင် ချောင်းများ စီးတွေနေ၏။ ထိုဥယျာဉ်များတွင် ၎င်းတို့ အမြဲတစေ နေထိုင်ကြရပေမည်။ ကောင်းသော နေထိုင်မှုကိုလည်း ရရှိမည်ဟု ကတိပြုထား၏။ ထိုအမြဲတစေရှိမည့် ဥယျာဉ်များတွင် ထိုနေထိုင်ဖွယ်ရာကောင်းသော အဆောက် အဦးများရှိ၏။ ဤချီးမြှင့်မှုများနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုသည်လည်း 'ဂျန္နသ်' သားများနှင့်အတူ အမြဲတစေ ရှိနေမည်ဖြစ်သည်။ အသျှင်မြတ်၏ နှစ်သက်မှုများတွင် ဤနှစ်သက်မှုသာလျှင် အကြီးအကျယ်ဆုံး ဖြစ်တော်မူသည်။ ဤသည် အလွန်တရာ ကြီးကျယ်သော အောင်မြင်မှုပင် ဖြစ်သည်။ အို၊ တမန်တော်၊ ကာဖိရ်များကို လက်နက်ကိရိယာများနှင့် မုနာဖစ်က်များကို နှုတ်လျှာဖြင့် 'ဂျိဟားဒ်'ပြုကြ လေကုန်။ ၎င်းတို့အပေါ် ပြင်းပြင်းထန်ထန် ပြုမူကြလေကုန်။ မုနာဖစ်က်များကို လောကတွင် ဤသို့ ဆက်ဆံရန် ထိုက်၏။ နောင်တမလွန်တွင် ၎င်းတို့၏ ဌာနေသည် 'ဂျဟန္နမ်'ဖြစ်၍ မကောင်းဆုံးသော နေရာပင် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် မုနာဖစ်က်တို့၏ အခြေအနေများသည် ၎င်းတို့၏ အကြံအစည် များနှင့် ဒုက္ခပေးမှုများကြောင့် ၎င်းတို့အပေါ် ကျရောက်မည့် 'အဇားဗ်'အပြစ်ဒဏ်များကို တင်ပြထား၏။ ကုရ်အာန်ကျမ်းမြတ်၏ တင်ပြမှုနည်းလမ်းများအရ ဤနေရာတွင် စစ်မှန်သော အီမာန်ရှင်များ၏ အခြေအနေ နှင့် ၎င်းတို့၏ ကုသိုလ်များအဆင့်အတန်းများကို တင်ပြလျှင် သင့်တော်ပေသည်။ ထို့ကြောင့် ယခုအာယသ်

တော်တွင် ဤသည်များကို တင်ပြထားပေသည်။ သို့သော် ဤနေရာတွင် စဉ်းစားရန်အချက်မှာ မုနာဖစ်ကက်များနှင့် စစ်မှန်သော အီမာန်ရှင်များ၏ အခြေအနေအား ယှဉ်တွဲ၍ တင်ပြထား၏။ သို့သော် တစ်နေရာတွင် မုနာဖစ်ကက်များနှင့်ပတ်သက်၍ အမိန့်ရှိထားသည်မှာ-

بَعْضُهُم مِنْ بَعْضٍ

ဟု ဖြစ်၍ မုအ်မင်န်များနှင့် ပတ်သက်၍ တင်ပြရာတွင်

بَعْضُهُمْ اَوْلِيَاءُ بَعْضٍ

ဟု တင်ပြထားခြင်းကြောင့် မုနာဖစ်ကက်များအချင်းချင်း ဆက်သွယ်မှုသည် ဆွေမျိုးတော်စပ်ခြင်း၊ သို့မဟုတ် ရည်ရွယ်ချက်တစ်ခုခုအပေါ်တွင် မူတည်နေပေသည်။ အသက်ကြီးခြင်းကြောင့်လည်းမဟုတ်။ နှလုံးသားအတွင်းမှ ခင်မင်မှုနှင့် စိတ်ရောကိုယ်ပါ ကူညီရိုင်းပင်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် ခင်မင်မှုရလာဒ်လည်း မရှိပေ။ ၎င်းမုနာဖစ်ကက်တို့နှင့် ဆန့်ကျင်၍ မုအ်မင်န်များမှ အချင်းချင်း မိတ်ဆွေရင်းများဖြစ်ကြ၍ အမှန်တကယ် ရိုင်းပင်းကူညီသူများဖြစ်သည်။ ဤမိတ်ဆွေဖြစ်ခြင်းနှင့် ရိုင်းပင်းကူညီခြင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ သီးသန့်ဖြစ်၍ အပေါ်ယံအားဖြင့်သော်လည်းကောင်း၊ အတွင်းပိုင်းအားသော်လည်းကောင်း၊ အသင့်ရှိနေသည့် အချိန်၌သော်လည်းကောင်း အကွယ်၌ရှိနေသော အချိန်တွင်လည်းကောင်း၊ အခြေအနေတိုင်းတွင် အတူတူဖြစ်၍ အမြဲတစေ ခိုင်မြဲနေပေမည်။ ဤသည်မှ စစ်မှန်သော မုအ်မင်န်ဖြစ်ခြင်း၏ နိမိတ်လက္ခဏာပင်ဖြစ်သည်။ အီမာန်နှင့် အာမာလေဆွာလေဟာ၏ ထူးခြားချက်မှာလည်း ဤအချက်ပင်ဖြစ်၏။ အချင်းချင်း မိတ်ဆွေဖြစ်ကြ၍ ချစ်ခင်မှုကို ဖြစ်ပေါ်စေသည်။ ကုရ်အာန်ကျမ်းမြတ်တွင်

سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا

ဟူသော အာယသ်တော်သည် ဤအချက်နှင့် ပတ်သက်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ အီမာန်ရှင်များနှင့် ကောင်းမှုကုသိုလ်တွင် နစ်မွန်းနေသူကို အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အချင်းချင်း နှလုံးသားအတွင်းမှ နက်ရှိုင်းစွာ မိတ်ဆွေဖြစ်ခြင်းကို ဖြစ်ပေါ်စေသည်။ မျက်မှောက်ခေတ်တွင် ကျွန်ုပ်တို့ အီမာန်နှင့် ကောင်းမှုကုသိုလ်များတွင် အားနည်းချက်များဖြစ်နေခြင်းကြောင့် မွတ်စ္စလင်မ်အချင်းချင်း ချစ်ခင်မှုကို မတွေ့ရသည့်အပြင် ကိုယ်ကျိုးနောက်သာ လိုက်နေကြသည်။

جَاهِدِ الْكُفَّارَ وَالْمُنَافِقِيْنَ وَاغْلُظْ عَلَيْهِمْ

ဤအာယသ်တော်တွင် ကာဖိရ်နှင့် မုနာဖစ်ကက်နှစ်ဦးစလုံးတို့ဖြင့် 'ဂျီဟား' ပြုရန်နှင့် ၎င်းတို့ကို ပြင်းပြင်းထန်ထန် ဆက်ဆံရန် အလ္လာဟ်အသျှင်မြတ်မှ တမန်တော်မြတ် ﷺ အား အမိန့်ပေးထားတော်မူသည်။ ပေါ်လွင်သော ကာဖိရ်များနှင့် စစ်ထိုးရန်မှာ ရှင်းလင်း၏။ သို့သော် မုနာဖစ်ကက်များနှင့် စစ်ထိုးရမည်ဟူသော သဘောကို တမန်တော်မြတ် ﷺ ၏ လုပ်ရပ်ဖြင့် ဤသို့ သိရှိရ၏။ မုနာဖစ်ကက်များနှင့် စစ်ထိုးရမည်ဟူသော

အလိုသဘောမှာ နှုတ်လျှာဖြင့်ဖြစ်၏။ မုနာဖစ်က်များကို အစ္စလာမ်သာသနာတော်၏ မှန်ကန်မှုလမ်းစဉ်ကို သိနားလည်မှုရရှိရန်အတွက် ဖိတ်ခေါ်ရန် သို့မှသာ မိမိတို့ မွတ်စ္စလင်မ်ဖြစ်ကြောင်း ကြွေးကြော်မှုတွင် အစစ်အမှန် ဖြစ်ပေသည်။

وَاغْلُظْ عَلَيْهِمْ တွင် **غلظ** ၏ မူရင်းအဓိပ္ပာယ်မှာ တစ်ဖက်လူ၏ ဆက်ဆံမှုအတိုင်း ငဲ့ညှာမှု၊ ထောက်ထားမှုမရှိဘဲ ဆက်ဆံခြင်းကို ခေါ်ဆိုသည်။ ဤစာလုံးသည် **رأفت** ဟူသော စာလုံးနှင့် ဆန့်ကျင်စွာ သုံးစွဲလေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ကရုဏာထားခြင်းနှင့် စိတ်နှလုံးပျော့ပြောင်းခြင်း ဖြစ်ပေသည်။ အေမာမ်ကွရ်သူဗီသခင်မှ အမိန့်ရှိသည်မှာ ဤနေရာတွင် **غلظت** ပြင်းထန်သော စာလုံးသုံးထားသည့်အတွက် လုပ်ရပ်အားဖြင့် 'ပြင်းထန်သော' ဟု အဓိပ္ပာယ်ရသည်။ မုနာဖစ်က်များအပေါ် ရှရီအသ်၏ အမိန့်ပြဋ္ဌာန်း ချက်များ ချမှတ်ရာတွင် ငဲ့ညှာမှု၊ ထောက်ထားမှု မပြုရချေ။ နှုတ်လျှာဖြင့် ပြောဆိုမှုတွင် ပြင်းထန်ရမည် ဟူသော အလိုသဘောမဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤသည် နဗီတမန်တော်များ၏ ဓလေ့နှင့် ဆန့်ကျင် သည်။ နဗီတမန်တော်များသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပြင်းထန်စွာ မပြောဆိုရပေ။ ဆဲရေး တိုင်းထွာမှုလည်း မပြုရပေ။ ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ-

اِذَا زَنَتْ اَمَةُ اَحَدِكُمْ فَلْيَجْلِدْهَا الْحَدَّ وَلَا يُثَرِّبْ عَلَيْهَا

အကယ်၍ အသင်တို့၏ ကျွန်မတစ်ဦးမှ 'ဇေနာ'အမှုကို ကျူးလွန်သည်ရှိသော် ရှရီအသ်၏ အပြစ် ဒဏ်ကို ပေးကြလေကုန်။ နှုတ်လျှာဖြင့် မကောင်းပြောဆိုခြင်းသာ မပြုကြလေနှင့်။ */ ကုရ်သုဗီ /*

တမန်တော်မြတ် ﷺ ၏ အခြေအနေနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်ကိုယ်တိုင် အမိန့်ရှိထား သည်မှာ-

وَلَوْ كُنْتَ فَظًّا غَلِيْظَ الْقَلْبِ لَانْفَضُّوا مِنْ حَوْلِكَ

'အကယ်၍ တမန်တော်မြတ် ﷺ သည် နှုတ်ကြမ်းသူ၊ စိတ်ဓါတ်မာကျောသူဖြစ်ပါက လူတို့သည် တမန်တော်မြတ် ﷺ ထံတော်ပါးမှ ထွက်ပြေးကြကုန်မည်။ တမန်တော်မြတ် ﷺ သည် လုပ်ဆောင်မှုများတွင် ကာဖိရ်နှင့် မုနာဖစ်က်များနှင့် ပြောဆိုဆက်ဆံရာတွင် မည်သည့်အခါမှ ပြင်းထန်စွာ ဆက်ဆံကို မတွေ့ ရှိရပေ။'

မှတ်ချက် ။ ။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ အစ္စလာမ်သာသနာတော်တွင် ပြင်းထန်စွာ ပြောဆိုမှုကို မရွေးချယ်ခဲ့ပါ။ မျက်မှောက်ခေတ် မွတ်စ္စလင်မ်များသည် အခြားမွတ်စ္စလင်မ်များကို အတားအဆီး မရှိ ပြောဆိုကြသည်။ မြောက်မြားစွာသော သူတို့သည် ဤအချက်ကိုပင် သာသနာဟု ထင်မှတ်၍ ပျော်ရွှင် နေကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَحْلِفُونَ بِاللّٰهِ مَا قَالُوْا ۗ
وَلَقَدْ قَالُوْا كَلِمَةَ الْكُفْرِ وَكَفَرُوْا بَعْدَ اِسْلَامِهِمْ وَهَمُّوْا
بِمَا لَمْ يَنَالُوْا ۚ وَمَا نَقَمُوْٓا اِلَّآ اَنْ اَغْنٰىهُمُ اللّٰهُ وَرَسُوْلُهٗ
مِنْ فَضْلِهٖ ۚ فَاِنْ يَّتُوْبُوْا يَكُ خَيْرًا لَّهُمْ ۚ وَاِنْ يَّتَوَلَّوْا
يُعَذِّبْهُمُ اللّٰهُ عَذَابًا اَلِيْمًا ۙ فِى الدُّنْيَا وَالْاٰخِرَةِ ۚ وَمَا لَهُمْ
فِى الْاَرْضِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿۷۴﴾

၉ : ၇၄ ။ ။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ မိမိတို့မှာ (ထိုစကားကို) မပြောဆိုခဲ့ကြပါဟု ကျိန်ဆိုခဲ့ကြသည်။ စင်စစ်မှာ ၎င်းတို့သည် ကုဖ္ဖရ်စကားကို အမှန်ပင် ပြောဆိုခဲ့ကြသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့ (အယောင်ဆောင်) အစ္စလာမ်ကို လက်ခံခဲ့ကြပြီးနောက် (လက်တွေ့အားဖြင့်) သွေဖည်ငြင်းပယ်ခဲ့ကြလေသည်။ ထို့မျှမက ၎င်းတို့သည် (မိမိတို့ မပြုစွမ်းနိုင်သည့်) အကြံ (အန်ဆွာရ်နှင့် မုဟာဂျိရီန်တို့၏ စပ်ကြားတွင် သွေးခွဲရန်) ကိစ္စတစ်ရပ်ကို လည်း ပြုလုပ်ရန် ကြံစည်ခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့သည် မအောင်မြင်ခဲ့ကြပေ။ စင်စစ်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်က မိမိ၏ ကျေးဇူးတော်ဖြင့် ၎င်း (မုနာဖစ်က်) တို့အား ကြွယ်ဝချမ်းသာစေတော်မူခဲ့သည်မှအပ အခြားတစ်စုံတစ်ရာကိုမျှ (မကျေနပ်သောအားဖြင့်) တုန့်ပြန်လက်စားချေခဲ့ကြသည် မဟုတ်ပေ။ (ယခုသော်) အကယ်၍ ထိုသူတို့သည် ဝန်ချတောင်းပန်းကြပါလျှင် ၎င်းတို့အဖို့ အကောင်းဆုံး ဖြစ်ပေမည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သ် မျက်နှာလွှဲဖယ် ကျောခိုင်း၍ တိမ်းရှောင်သွားကြပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဤပစ္စုပ္ပန်လောကဘဝ၌လည်းကောင်း၊ 'အာခိရတ်' (နောင်တမလွန်ဘဝ) ၌လည်းကောင်း၊ ပြင်းပြနာကျင်စေသော ပြစ်ဒဏ်ကို ပေးတော်မူမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့အဖို့ ကမ္ဘာမြေဝယ်၌ (ကာကွယ်စောင့်ရှောက်ရန်) အဆွေခင်ပွန်းဟူ၍လည်းကောင်း ကူညီစောင်မမည့်သူဟူ၍လည်းကောင်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။

وَمِنْهُمْ مَّنْ عٰهَدَ اللّٰهَ لَئِنْ
اٰتٰىنَا مِنْ فَضْلِهٖ لَنَصَّدَّقَنَّ وَلَنَكُوْنَنَّ مِنَ الصّٰلِحِيْنَ ﴿۷۵﴾

၉ : ၇၅ ။ ။ ၎င်းတို့အနက် အကြင်သူတို့လည်း ရှိကြကုန်သည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား (ဤသို့) ပဋိညာဉ် ဝန်ခံချက် ပေးခဲ့လေသည်။ 'အကယ်၍ ထိုအလ္လာဟ်အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား (မိမိ၏ ကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်းကို) ချီးမြှင့်ပေးသနားတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် ကောင်းစွာ ရက်ရော၍ လှူဒါန်းကြပါမည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသော သူတော်ကောင်းတို့တွင် မှချ ပါဝင်ကြပါမည်။

فَلَمَّآ اٰتٰىهُمْ مِّنْ فَضْلِهٖ بَخِلُوْا بِهٖ وَتَوَلَّوْا وَّهُمْ مُّعْرِضُوْنَ ﴿٧٦﴾

၉ : ၇၆ ။ ။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ ကျေးဇူးတော် (ဖြင့် ဥစ္စာပစ္စည်းများ) ကို ချီးမြှင့်ပေးသနားတော်မူခဲ့သောအခါ ၎င်းတို့သည် ယင်း (ဥစ္စာပစ္စည်းများ) ကို (ပေးကမ်းလှူဒါန်းခြင်းမပြုဘဲ) စေးနှဲတွန့်တိုခဲ့ကြသည်။ ထို့ပြင် (မိမိတို့ ထားရှိခဲ့ကြသော ကတိသစ္စာမှ) မျက်နှာလွှဲဖယ် ကျောခိုင်းခဲ့ကြလေသည်။ စင်စစ် ၎င်းတို့သည် တိမ်းရှောင်လေ့ရှိကြသူများသာ ဖြစ်ကြကုန်သည်။

فَاَعْقَبَهُمْ نِفَاقًا فِيْ قُلُوْبِهِمْ اِلٰى يَوْمِ يَلْقَوْنَهٗ بِمَآ اَخْلَفُوا
اللّٰهَ مَا وَعَدُوْهُ وَبِمَا كَانُوْا يَكْذِبُوْنَ ﴿٧٧﴾

၉ : ၇၇ ။ ။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်း (မုနာဖစ်က်) တို့၏ စိတ်နှလုံးများတွင် ၎င်းသူတို့အား ထိုအသျှင်မြတ်နှင့် တွေ့ဆုံကြမည့်နေ့တိုင်အောင် 'နိဖာက်' (မွတ်စ္လင်မ်အရေခြုံမှု) ကို (ထည့်သွင်းတော်မူခြင်းအားဖြင့်) ပြစ်ဒဏ်ခတ်တော်မူခဲ့လေသည်။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား မိမိတို့ ပေးခဲ့ကြသည့် ကတိဝန်ခံချက်ကို ဖောက်ဖျက်ခဲ့ကြသည့်အပြင် မုသားပြောဆိုလေ့ ရှိခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

اَلَمْ يَعْلَمُوْٓا
اَنَّ اللّٰهَ يَعْلَمُ سِرَّهُمْ وَنَجْوٰىهُمْ وَاَنَّ اللّٰهَ عَلَّامُ الْغُيُوْبِ ﴿٧٨﴾

၉ : ၇၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်ချက်များနှင့် ၎င်းတို့၏ လျှို့ဝှက်တိုင်ပင် ဆွေးနွေးချက်တို့ကို ဧကန်မလွဲ သိရှိတော်မူကြောင်း ထို့ပြင် ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ဖုံးကွယ်လျက်ရှိသည်တို့ကို ကောင်းစွာ သိရှိတော်မူကြောင်း ယင်းတို့သည် မသိရှိကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုနာဖစ်က်များသည် 'ကစမ်' ကျိန်ဆိုခဲ့ကြလေသည်။ ငါတို့သည် (ဥပမာ- တမန်တော်မြတ် ﷺ အား သတ်ဖြတ်မည်ဟု) မပြောဆိုခဲ့ကြပါ။ ဧကန်စင်စစ် ထိုသူတို့သည် ကုဖွ်ရ်၏ စကားရပ်ကို ပြောဆိုခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ အား အဆုံးစီရင်ရန် စီစဉ်ခဲ့ကြောင်း ပေါ်လွင်၏။ ထိုမုနာဖစ်က်များသည် ဤစကားရပ်တို့ကို ပြောဆို၍ အပေါ်ယံအားဖြင့် မွတ်စ္လင်မ်ဖြစ်ပြီးနောက် ပေါ်ပေါ်လွင်လွင်ပင် ကာဖိရ်ဖြစ်သွားကြပေသည်။ မိမိတို့အုပ်စုအတွင်း၌ ကာဖိရ်ဖြစ်ကြောင်း သတင်းကို မွတ်စ္လင်မ်များလည်း သိရှိသွားကြသည်။ ထို့ကြောင့် ၎င်းတို့ ကာဖိရ်ဖြစ်ခြင်း ပေါ်လွင်သွား၏။ ၎င်းတို့သည် မိမိတို့ မစွမ်းနိုင်သော ကိစ္စကို ဆန္ဒပြုခဲ့ကြသည်။ တမန်တော်မြတ် ﷺ အား လုပ်ကြံရန် ရှိသော်လည်း မအောင်မြင်ခဲ့ကြပေ။ ၎င်းမုနာဖစ်က်တို့သည် အလ္လာဟ်နှင့် ရစူလ်မှ စားနပ်ရိက္ခာများ ချီးမြှင့်၍ ချမ်းသာသူများဖြစ်စေခြင်းကြောင့် ဤသို့ တုန့်ပြန်ကြခြင်းဖြစ်သည်။ ၎င်းမုနာဖစ်က်များထံတွင် ကျေးဇူးပြုခြင်း၏ အစားမှာ မကောင်းမှု

ပြုခြင်းသာ ဖြစ်သည်။ ဤသို့ပြုပြီးနောက် 'သောင်ဗာဟ်'ပြုလျှင်လည်း ၎င်းတို့အတွက် နှစ်ဘ၀နှစ်ဌာန ကောင်းကျိုးရှိပေသည်။ သို့ရှိရာ ဟာဇရသ်ဂျဒ်လားစ်ကို 'သောင်ဗာဟ်'ပြုခွင့်ရခဲ့၏။ 'သောင်ဗာဟ်'ပြုခြင်းမှ မျက်နှာလွှဲ၍ ကုဖွရ်နှင့် 'နေဖာက်'တွင် စွဲမြဲနေပါက အလ္လာဟ်အသျှင်မြတ်သည် လောကီနှင့် လောကုတ္တရာ နှစ်ဌာနစလုံး၌ ပြင်းထန်သော အပြစ်ပေးလိမ့်မည်။ သို့ရှိရာ သက်တမ်းတစ်လျှောက်လုံး အမည်ပျက်၊ ၀မ်းနည်းပူဆွေးမှု ကြောက်ရွံ့စိုးရိမ်မှုနှင့် နေထိုင်ရခြင်း သေအံ့ဆဲဆဲအချိန်တွင်လည်း ဒုက္ခဆင်းရဲတို့ကို တွေ့ရခြင်းသည်လည်း လောကီအပြစ်ဒဏ်များ ဖြစ်ပေသည်။ နောင်တမလွန်၌လည်း 'ဂျဟန္နမ်'သို့ သွားရမည်မှာ ပေါ်လွင်ပေသည်။

၎င်းမုနာဖစ်က်များသည် အပြစ်ဒဏ်မှကာကွယ်ရန် မိတ်ဆွေလည်း မရှိ၊ ကူညီမည့်သူလည်းမရှိပေ။ လောကတွင် အများအားဖြင့် အကူအညီ ရရှိနိုင်သော်လည်း ကူညီမည့်သူ မရှိလျှင် နောင်တမလွန်၌ ပို၍ပင် ရှိမည်မဟုတ်ပေ။ ထိုမုနာဖစ်က်များထဲမှ အချို့သူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ကတိသစ္စာပြုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ နှင့် ကတိသစ္စာပြုခြင်းသည် အလ္လာဟ်နှင့် ကတိသစ္စာပြုရာ မည်၏။ ထိုကတိမှာ အကယ်၍ အသျှင်မြတ်သည် ကျွန်ုပ်တို့ကို မိမိ၏ ကျေးဇူးတော်ဖြင့် ပစ္စည်းဥစ္စာများ ချီးမြှင့်ပြီဆိုပါက ကျွန်ုပ်တို့သည် ရက်ရက်ရောရော လှူဒါန်းကြမည်။ အလွန်ကောင်းမွန်သော ကောင်းမှုများကို ပြုကြမည်ဟုဖြစ်သည်။ သို့ရှိရာ အလ္လာဟ်သျှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ပစ္စည်းဥစ္စာများကို ချီးမြှင့်လေရာ စေးနဲတွန့်တိုကြ၍ 'ဇကားသ်'မပေးကြပေ။ အမိန့်နာခံမှုမှ မျက်နှာလွှဲကြသည်။ ထို့ပြင် ၎င်းတို့သည် အလျှင်ကတည်းက မျက်နှာလွှဲသည့် အကျင့်ဆိုးရှိကြသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ဤလုပ်ရပ်၏ အပြစ်ဒဏ်အတွက် ၎င်းတို့၏ စိတ်နှလုံးသားအတွင်း 'နေဖာက်' (အရေခြုံ) စိတ်ကို တည်မြဲစေလိုက်၏။ အသျှင်မြတ်ထံ သွားရမည့်နေ့အထိ ဆိုလိုသည်မှာ သေဆုံးသည့်အထိ ထိုအကြောင်းခံကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် မိမိတို့ပြုထားသော ကတိကို ချိုးဖောက်ကြ၏။ ကတိသစ္စာပြုရာတွင် ကနဦးကတည်းက လိမ်လည်ပြောဆိုခြင်းသည်လည်း ဤအကြောင်းခံကြောင့်ဖြစ်၏။ ဆိုလိုသည်မှာ ကတိပြုချိန် ကတိတည်ရန် ရည်ရွယ်ချက်လည်း မရှိကြပေ။ ထို့ကြောင့် 'နေဖာက်'အရေခြုံစိတ်သည် ကတိပြုချိန်၌ပင် ၎င်းတို့ နှလုံးသားအတွင်း၌ ရှိသည့် မုသားပြောဆိုခြင်းနှင့် ကတိချိုးဖောက်ခြင်းသည် ဤအကြောင်းခံကြောင့် ဖြစ်သည်။ မုသားပြောဆိုခြင်းနှင့် ကတိချိုးဖောက်ခြင်းကြောင့် ပို၍ အမျက်ဒေါသထွက်စရာ ဖြစ်သည်။ ထိုသို့ ပို၍ အမျက်ဒေါသထွက်ခြင်းကြောင့် အစပထမကရှိသော 'နေဖာက်'အရေခြုံစိတ်သည် အမြဲတစေရှိ၍ ပျက်ပြယ်လိမ့်မည်မဟုတ်ပေ။ 'သောင်ဗာဟ်'လည်း လုပ်ခွင့်ရမည် မဟုတ်ပေ။ ဤအခြေအနေတွင် သေဆုံး၍ အမြဲတစေ 'ဂျဟန္နမ်'၌ နေရမည်ဖြစ်သည်။ အစ္စလာမ်နှင့် အမိန့်နာခံခြင်းကို ဖော်ထုတ်ကြသော်လည်း ၎င်းတို့၏ ကုဖွရ်သည် တိမ်မြုပ်၍ ရှိနေခြင်းကို အလ္လာဟ်အသျှင်မြတ် ၎င်းတို့၏ နှလုံးသားအတွင်းမှ လျှို့၀ှက်ချက်နှင့် လျှို့၀ှက်ပြောဆိုမှုအားလုံးကို အလ္လာဟ်သိကြောင်း ထိုမုနာဖစ်က်များ မသိသလော။ အလ္လာဟ်အသျှင်မြတ်သည် အကွယ်၌ ရှိသော စကားရပ်အားလုံးကို အလွန်တရာ သိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့ကြောင့် အပေါ်ယံအားဖြင့် မွတ်စ္စလင်မ်ဖြစ်ခြင်းနှင့် အမိန့်နာခံခြင်းသည် မည်သို့မှ အသုံးမ၀င်ပေ။ နောင်တမလွန်တွင် သာပို၍ အသုံး၀င်မည်မဟုတ်ဘဲ 'ဂျဟန္နမ်'၏ အပြစ်သည် သေချာသွားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြခဲ့သည့် အာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် မုနာဖစ်က်များအကြောင်း တင်ပြထားသည်မှာ ၎င်းတို့သည် မိမိတို့၏ ထိုင်ဝိုင်းများတွင် ကုဖွရ်၏ စကားများ ပြောဆိုကြသည်။ မွတ်စ္စလင်မ်များ သိရှိသွားလျှင် မိမိတို့အပြစ်မရှိကြောင်း လိမ်လည်ကာစမ်ကိုန်ဆိုကြ၏။ ဤအာယသ်တော် ကျရောက်ပုံနှင့် ပတ်သက်၍ ဘဂ်ဝီသခင်က ဤသို့ တင်ပြထား၏။ တမန်တော်မြတ် ﷺ သည် 'သဗူးက်' စစ်ပွဲတွင် 'ခွသ်ဗာဟ်' တစ်ခု ပေးခဲ့၏။ ထို 'ခွသ်ဗာဟ်' တွင် မုနာဖစ်က်များ၏ အခြေအနေဆိုးများ၊ ရလဒ်ဆိုးများ အကြောင်း တင်ပြထား၏။ ထိုင်ဝိုင်းတွင် ဂျုလ္လားစ်အမည်ရှိ မုနာဖစ်က်တစ်ဦး ရှိ၏။ ထိုသူသည် မိမိ၏ အသိုင်းအဝိုင်းသို့ သွား၍ 'တမန်တော်မြတ် ﷺ သည် မှန်ကန်လျှင် ငါတို့သည် လားသတ္တဝါထက်ပင် ယုတ်ညံ့သည်' ဟု ပြောဆို၏။ ဤပြောဆိုမှုကို ဆွဟာဗီတစ်ဦးဖြစ်သော အာမိရ်ဗင်န်ကိုက်စ်မှ ကြားလေရာ 'မုချကေန် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ မှန်ကန်၍ အသင်တို့သည် အမှန်တကယ် လားသတ္တဝါများထက်ပင် ဆိုးသွမ်းကြသည်' ဟု ပြောဆိုလေသည်။ တမန်တော်မြတ် ﷺ သည် 'သဗူးက်' စစ်ပွဲမှ မဒီနာမြို့သို့ ပြန်ရောက်သော် ဆွဟာဗာကြီး အာမိရ်ဗင်န်ကိုက်စ်သည် ဤအဖြစ်အပျက်ကို တမန်တော်မြတ် ﷺ အား ပြောဆိုလေသည်။ ဂျုလ္လားစ်သည် မိမိပြောဆိုသည့် စကားများမှ ရှောင်ထွက်၍ ပြောဆိုသည်မှာ 'အာမိရ်ဗင်န်ကိုက်စ်သည် ကျွန်ုပ်အပေါ် စွပ်စွဲခြင်းသည်သာ ဖြစ်၏။ တမန်တော်မြတ် ﷺ သည် နှစ်ဦးစလုံးကို မဂျစ်နဗဝီ၏ မင်ဗရ်အနီး၌ ရပ်စေ၍ 'ကစမ်' ကိုန်ဆိုစေသည်။ ဂျုလ္လားစ်သည် ကျွန်ုပ် ဤသို့ မပြောဆိုပါ။ အာမိရ်က လိမ်လည်နေပါသည်ဟု မကြောက်မရွံ့ 'ကစမ်' ကိုန်ဆို၏။ ဟဇရသ်အာမိရ် အလှည့်ရောက်သော် ၎င်းသည်လည်း ကစမ်ကိုန်၏။ ထို့နောက် လက်မြှောက်၍ အို၊ အသျှင်၊ မိမိရစူလ်ကို ဝဟီဖြင့် ဤအဖြစ်အပျက်၏ မူရင်းဇစ်မြစ် ရှင်းလင်းစွာ သိစေတော်မူဟု ဒိုအာပြုရာ တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်များက 'အာမင်န်' ဆိုကြသည်။ ယခု ထိုနေရာမှ လူတို့ မရွေ့မီအလျှင် ဂျီဗ္ဗရာအီးလ်သည် တင်ပြခဲ့သည့် အာယသ်တော်များကို ယူဆောင်ရောက်ရှိလာ၏။ ဂျုလ္လားစ်သည် ဤအာယသ်တော်များကို ကြားနာ၍ ချက်ချင်း မတ်တတ်ရပ်ကာ 'အို၊ အလ္လာဟ်၊ ယခု ကျွန်ုပ်တော်မျိုး မှားယွင်းကြောင်း ဝန်ခံပါသည်။ အာမိရ်ပြောဆိုသည်မှာ မှန်ကန်ပါသည်။ သို့သော် ဤအာယသ်တော်တွင် ကျွန်ုပ်ကို အလ္လာဟ်အသျှင်မြတ်သည် 'သောင်ဗာဟ်' ပြုခွင့် ပေးထား၏။ ယခု ကျွန်ုပ်တော်မျိုး အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ခွင့်လွှတ်မှုတောင်းခံပါသည်။ ၎င်းနောက် 'သောင်ဗာဟ်' ပြုပါသည်' ဟု ပြောဆိုလေ၏။ တမန်တော်မြတ် ﷺ သည် ၎င်း၏ အမှားဝန်ခံမှုကို လက်ခံတော်မူလိုက်လေသည်။ ၎င်းသည် မိမိ 'သောင်ဗာဟ်' ပေါ်၌ ရပ်တည်၍ မိမိ၏ အမှားများကို ပြုပြင်ခဲ့လေသည်။ တစ်ချို့ သဖ်စီးရ်ပညာရှင်များက ဤအာယသ်တော် ကျရောက်ပုံနှင့်ပတ်သက်၍ အခြားအဖြစ်အပျက်များ တင်ပြထား၏။ ဤအာယသ်တော်တွင်

وَهَمُّوا بِمَا لَمْ يَنَالُوا

ဟူသော ဝါကျပါသည့်အတွက်ဖြစ်သည်။ ဆိုလိုသည်မှာ အောင်မြင်မှုမရှိသော လုပ်ရပ်အတွက် ထိုသူတို့ ဆန္ဒပြုခဲ့ကြ၏။ ထို့ကြောင့် သိရှိရသည်မှာ ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ နှင့်

မွတ်စ္စလင်မ်များကို ဆန့်ကျင်သည့် အကြံအစည်နှင့်ပတ်သက်သော အဖြစ်အပျက်တစ်ခုသည် ဤအာယသ်တော်နှင့် ပတ်သက်နေပေသည်။ သို့သော် ထိုအကြံအစည် မအောင်မြင်ခဲ့ပေ။ ဥပမာ- 'သဗူးက်'စစ်ပွဲမှ အပြန် အဖြစ်အပျက်မှာ ကြော်ကြား၍ မုနာဖစ်က် (၁၂) ဦးသည် တောင်ကြားလျှိုမြောင်းတွင် ပုန်း၍ စောင့်နေကြ၏။ တမန်တော်မြတ် ﷺ ရောက်ရှိလာလျှင် တစ်ပြိုင်နက် ရန်မူ၍ သတ်ဖြတ်လိုက်ကြရန် ရည်ရွယ်ကြ၏။ ဟဇရသ်ဂျိဗ္ဗရာအီးလ် ﷺ မှ တမန်တော်မြတ် ﷺ အား သတင်းပေးလေရာ တမန်တော် ﷺ သည် ထိုလမ်းမှ သွားရောက်ခြင်း မရှိသည့်အတွက် ၎င်းတို့၏ အကြံအစည်သည် သဲထဲရေသွန်သကဲ့သို့ ဖြစ်ခဲ့ရ၏။ မုနာဖစ်က်များထဲမှ အခြားအကြောင်းအရာများရှိ၍ ထိုအကြောင်းအရာများသည် ဆန့်ကျင်ဖက်မဟုတ်သည့်အတွက် ဤအာယသ်တော်၏ အလိုသဘောတွင် အားလုံးပါဝင်ပေသည်။ ဒုတိယအာယသ်တော်တွင်

وَمِنۡهُمۡ مَنۡ عٰهَدَ اللّٰهَ

သည်လည်း သီးခြားအဖြစ်အပျက်တစ်ခုနှင့် ပတ်သက်ပေသည်။ ဤအဖြစ်အပျက်ကို အိဗ်နေဂျရီး၏၊ အိဗ်နေအဗီဟာကင်မ်၊ အိဗ်နေမသ်ဒီရာ သွဗရာနီနှင့် ဗိုင်ဟကီမ်ကျမ်းတို့တွင် ဟဇရသ်အဗူအိုမာမဟ်ဗာဟိလီ မာစင်ရီ ﷺ ၏ ဆင့်ပြန်ချက်ကို တင်ပြထား၏။ ဆအ်လဗာဗင်န်ဟာသွဗ် (အန်ဆွာရီ) အမည်ရှိ လူတစ်ဦးသည် တမန်တော်မြတ် ﷺ ထံ 'ကျွန်ုပ်ချမ်းသာရန် ဒိုအာပြုပေးပါ'ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က 'အသင် ကျွန်ုပ်၏ နည်းလမ်းကို မနှစ်သက်သလော။ ငါကိုယ်တော်၏ အသက်ကို စိုးပိုင်တော်မူသော အသျှင်၏ ကစမ်၊ ငါကိုယ်တော်အလိုရှိလျှင် မဒီနာမြို့ရှိ တောင်များသည် ရွှေဖြစ်၍ ငါကိုယ်တော့်အနီးသို့ လှည့်လည်နေပေမည်။ သို့သော် ငါရစူလ်သည် ဤသို့ ချမ်းသာမှုကို မနှစ်မြို့'ဟု မိန့်တော်မူရာ ဤသူသည် ထွက်သွားလေသည်။ တစ်ဖန် ဒုတိယအကြိမ် ပြန်လာ၍ ကတိသစ္စာတစ်ခုနှင့်အတူ ထပ်မံ၍ လျှောက်ထားပြန်သည်။ ထိုကတိသစ္စာမှာ 'အကယ်၍ ကျွန်ုပ်သည် ပစ္စည်းဥစ္စာများ ရရှိလျှင် ထိုက်သင့်သောသူများအား ပေးဆောင်မည်'ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဒိုအာပြုပေးလိုက်၏။ ထိုဒိုအာကြောင့် ၎င်း၏ ဆိတ်အုပ်များ အတိုင်းအဆမဲ့ တိုးပွားလာ၏။ မဒီနာမြို့တွင် နေရာကျဉ်းမြောင်းသောကြောင့် မြို့ပြင်သို့ ထွက်သွားရလေ၏။ 'ဇိုဟိုရ်'နှင့် 'အဆွရ်'နှစ်ကြိမ်သာ လာရောက်၍ တမန်တော်မြတ် ﷺ နှင့် ဝတ်ပြု၏။ ကျန်နမာဇ်များကို ပစ္စည်းဥစ္စာရှိသော တော၌သာ ဝတ်ပြုရ၏။ ထို့နောက် ဆိတ်များ ထပ်မံများပြားလာလေရာ မြို့ပြင်ရှိ နေရာလည်း ကျဉ်းမြောင်းလာသည့်အတွက် မဒီနာမြို့နှင့် အလွန်ဝေးသော နေရာ၌ နေရ၏။ 'ဂျုမုအာဟ်'အတွက်သာ မဒီနာမြို့သို့ လာရောက်၍ ဝတ်ပြုပြီး၊ နမာဇ်ငါးကြိမ်ကို ထိုနေရာ၌သာ ဝတ်ပြုရ၏။ ပစ္စည်းဥစ္စာများ ထပ်မံများပြားလာရာ ဤနေရာကိုလည်း လွှတ်၍ မဒီနာမြို့နှင့် အလွန်ဝေးသော နေရာသို့ ပြောင်းရွှေ့ရ၏။ ဤနေရာတွင် 'ဂျမာအသ်'နှင့် ဝတ်ပြုသော နမာဇ်များအားလုံး လက်လွှတ်ဆုံးရှုံးရလေသည်။

အချိန်ကာလ အနည်းငယ်ကြာပြီးနောက် တမန်တော်မြတ် ﷺ သည် လူတို့အား ၎င်းနှင့် ပတ်သက်၍ မေးမြန်းရာ 'ပစ္စည်းဥစ္စာ အလွန်ပေါများသွားသည့်အတွက် မြို့အနီးနား၌ မနေ၍ မြို့နှင့် ဝေးလံသည့် နေရာတွင် သွားရောက်နေထိုင်သည့်အတွက် မဒီနာမြို့တွင် မတွေ့တော့ပါ'ဟု ပြောဆိုကြ၏။ ဤသည်ကို ကြားနာ၍ တမန်တော်မြတ် ﷺ သည် သုံးကြိမ်တိုင်တိုင် يَاوَيۡحَ ثَعۡلَبَة ရွတ်ဆိုလေသည်။ ဆိုလိုသည်မှာ

'ဆအလဗာအတွက် ဝမ်းနည်းဖွယ်ရာ'ဟု ပြောဆိုလေသည်။ ထိုအချိန်၌ပင် 'ဆွဒ်ကာဟ်'၏ အာယသ်တော် ကျရောက်လာလေသည်။ အာယသ်တော်ထဲ၌ တမန်တော်မြတ် ﷺ အား မွတ်စ္စလင်မ်များထံမှ 'ဆွဒ်ကာဟ်' ခေါ် 'ဇကားသ်'ကောက်ခံရန်

خُذْ مِنْ اَمْوَالِهِمْ صَدَقَةً

ဟူသော အာယသ်တော်ဖြင့် အမိန့်ပေးခဲ့၏။ တမန်တော်မြတ် ﷺ သည် တိရစ္ဆာန်များ၏ 'ဇကားသ်' နှင့် ပတ်သက်၍ ဥပဒေအပြည့်အစုံကို ရေးသားစေ၍ လူနှစ်ဦးကို 'ဇကားသ်'ကောက်ခံသူအဖြစ် စေလွှတ်၏။ ဆအ်လဗာဗင်န်ဟာသွဗ်ထံ သွားရောက်ရန်နှင့် ဗနီဆိုလိုင်းမ်မှ လူတစ်ဦးထံသို့ သွားရန် အမိန့်ပေးခဲ့၏။ 'ဇကားသ်'ကောက်ခံသူနှစ်ဦးသည် ဆအ်လဗာထံ ရောက်ရှိ၍ တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကို ပြသရာ ဆအ်လဗာက 'ဤသည် မွတ်စ္စလင်မ်မဟုတ်သူများထံမှ ကောက်ယူသော အခွန်အတွက်သာ ဖြစ်သည်။ ယခု အသင်တို့ သွားလိုက်ပါ။ ပြန်မည့်အချိန်မှ ကျွန်ုပ်ထံသို့ လာပါ' ဟု ပြောဆိုသည့်အတွက် 'ဇကားသ်' ကောက်ခံသူနှစ်ဦး ထွက်သွား၏။ အခြားသူတစ်ဦးဖြစ်သော ဆိုလိုင်မီသည် မိမိ၏ တိရစ္ဆာန်များထဲမှ အကောင်းဆုံး ကုလားအုတ်နှင့် ဆိတ်များကို 'ဇကားသ်'၏ နေစားဗ်'နှင့်အညီ ယူဆောင်၍ ကိုယ်တိုင် တမန်တော်မြတ် ﷺ ၏ ကိုယ်စားလှယ်များထံသို့ ရောက်လာ၏။ ထိုအခါ ၎င်းတို့က 'ကျွန်ုပ်တို့ သည် အကောင်းဆုံးတိရစ္ဆာန်များ ရွေးမယူပါဘဲ အလယ်အလတ်တိရစ္ဆာန်များကိုသာ ယူရန် အမိန့်ပေးထား သည့်အတွက် ကျွန်ုပ်တို့ မယူလိုပါ'ဟု ပြောဆိုကြ၏။ ထိုအခါ ဆိုလိုင်မီသည် 'ကျွန်ုပ်သည် မိမိသဘော ဆန္ဒနှင့် ပေးလိုခြင်းဖြစ်သည့်အတွက် ဤတိရစ္ဆာန်များကိုသာ လက်ခံပါ'ဟု အကြိမ်ကြိမ် ပြောဆိုလေသည်။ ထို့နောက် ဤပုဂ္ဂိုလ်နှစ်ဦးသည် အခြားမွတ်စ္စလင်မ်များထံမှ 'ဇကားသ်'ကောက်ခံပြီး ပြန်လာရာ ဆအ်လဗာ ထံသို့ ရောက်ရှိလာ၏။ ထိုအခါ ၎င်းက 'ဥပဒေများကို ကျွန်ုပ်အား ပြသပါ'ဟု ပြောဆို၍ ကြည့်ရှုပြီးနောက် 'ဤသည် အခွန်တစ်မျိုးသာဖြစ်၍ မွတ်စ္စလင်မ်များထံမှ မယူသင့်ပါ။ ယခု အသင်တို့ သွားလိုက်ပါ။ ယခု ကျွန်ုပ် စဉ်းစားဆုံးဖြတ်ပါမည်'ဟု ပြောဆိုလေသည်။ ဤသူနှစ်ဦးသည် မဒီနာမြို့သို့ ရောက်သော အခါ တမန်တော်မြတ် ﷺ ထံပါးသို့ ခစားဝင်ရာ တမန်တော်မြတ် ﷺ သည် အခြေအနေကို မမေးမြန်းမီ အလျင် အထက်တင်ပြခဲ့သော ဝါကျကို သုံးကြိမ်တိုင်တိုင် မိန့်တော်မူသည်။

يَاوَيْحَ ثَعْلَبَةَ يَاوَيْحَ ثَعْلَبَةَ يَاوَيْحَ ثَعْلَبَةَ

ဆိုလိုသည်မှာ 'ဆအ်လဗာအတွက် အလွန်ဝမ်းနည်းဖွယ်ရာ'ဟူ၍ ဖြစ်သည်။ ထို့နောက် ဆိုလိုင်မီ၏ အဖြစ်အပျက်အား ကျေနပ်နှစ်သက်တော်မူ၍ ဒိုအာတောင်းပေးခဲ့သည်။ ဤအဖြစ်အပျက်နှင့် ပတ်သက်၍

وَمِنْهُمْ مَنْ عٰهَدَ اللّٰهَ

ဟူသော အာယသ်တော် ကျရောက်ခဲ့လေသည်။ အဓိပ္ပာယ်မှာ '၎င်းတို့ထဲမှ အချို့သည် အလ္လာဟ် အသျှင်မြတ်ထံ၌ ဤသို့ ကတိသစ္စာပြုခဲ့ကြ၏။ အကယ်၍ အလ္လာဟ်အသျှင်မြတ်မှ ပစ္စည်းဥစ္စာများ ချီးမြှင့် လျှင် လှူဒါန်းမှုများ ပြုကြလိမ့်မည်။ အမှသ်၏ သူမွန်များကဲ့သို့ ထိုက်သင့်သူများ၊ ဆွေမျိုးများ၊ ဆင်းရဲသား

များ၏ ဝတ္တရားများကို ကျေပွန်ကြမည်ဟု ကတိပြုကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား ပစ္စည်းဥစ္စာများ ချီးမြှင့်လေရာ စေးနဲတွန့်တို၍ အလ္လာဟ့်ရစူလ်၏ အမိန့်နာခံခြင်းမှ မျက်နှာလွှဲခဲ့ကြသည်။

فَاَعۡقَبَهُمۡ نِفَاقًا فِىۡ قُلُوۡبِهِمۡ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ အကျင့်ဆိုးများနှင့် ကတိသစ္စာဖောက်ဖျက်မှုများ၏ ရလဒ်အနေဖြင့် ၄င်းတို့၏ စိတ်နှလုံးသားအတွင်း၌ 'နေဖာက်'(အယောင်ဆောင်မှု) ကို တည်တံ့ခိုင်မြဲစေလိုက်၏။ ယခု ၄င်းတို့ 'သောင်ဗာဟ်'ပြုရန် အခွင့်အလမ်း မရှိနိုင်တော့ပေ။

အကျိုးကျေးဇူး ။ ။ အချို့မကောင်းမှုများ၏ ဆိုးကျိုးသည် 'သောင်ဗာဟ်' ပြုနိုင်သည့် အခွင့်အရေး ရုပ်သိမ်းခံရတတ်လေသည်။

အိဗ်နေဂျရီးရ်သည် ယခု အကျယ်တဝင့် တင်ပြခဲ့သော အဗူအိုမာမာ၏ ဆင့်ပြန်ချက်အဆုံး၌ ရေးသားထားသည်မှာ တမန်တော်မြတ် ﷺ သည် ဆအ်လဗာဟ်အတွက်

يَاوَ يْحَ ثَعْلَبَةَ

ဟု သုံးကြိမ်မိန့်ဆိုသောအချိန် ထိုထိုင်ဝိုင်း၌ရှိသော ဆအ်လဗာဟ်ဆွေမျိုးတို့သည် ဤမိန့်ဆိုမှုကို ကြားခဲ့လေသည်။ ၄င်းတို့ထဲမှ တစ်ဦးသည် ချက်ချင်း ခရီးထွက်၍ ဆအ်လာဗာထံသို့ ရောက်သွားသည်။ ဆအ်လဗာကို ပြစ်တင်ရှုံ့ချ၍ အသင်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော် ကျရောက်ကြောင်း ပြောဆိုလေသည်။ ဤသည်ကိုကြား၍ ဆအ်လဗာသည် ကြောက်ရွံ့ထိတ်လန့်ကာ မဒီနာသို့ ရောက်ရှိလာပြီး 'ကျွန်ုပ်၏ 'ဇကားသ်'ကို လက်ခံပါ'ဟု လျှောက်တင်လေ၏။ ထိုအခါ တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်အား အသင်၏ 'ဇကားသ်'အား လက်ခံခြင်းမှ တားမြစ်သည်'ဟု မိန့်တော်မူရာ ဆအ်လဗာသည် မိမိဦးခေါင်းပေါ်သို့ မြေကြီးများ လောင်းထည့်၍ တမန်တော်မြတ် ﷺ က 'ဤသည် အသင်၏ ကျင့်ဆောင်မှုသာ ဖြစ်သည်။ ငါကိုယ်တော်၏ အမိန့်ကို အသင်မနာခံခဲ့ပါ။ ယခု အသင်၏ 'ဇကားသ်'များကို လက်မခံနိုင်တော့ပါ'ဟု မိန့်တော်မူလေသည်။ ဆအ်လဗာသည် အောင်မြင်မှုမရှိဘဲ ပြန်လှည့်လာခဲ့လေသည်။ ထိုအဖြစ်အပျက်၏ ရက်အနည်းငယ်ကြာပြီးနောက် တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်သွားတော်မူသည်။ ဟဇရသ်အဗူဗကရ်ခလီဖာ ဖြစ်သောအချိန် ဆအ်လဗာသည် ဟဇရသ်အဗူဗကရ်ထံ လာရောက်၍ ကျွန်ုပ်၏ 'ဇကားသ်'များကို လက်ခံလိုက်ပါဟု ပြောဆို၏။ ထိုအခါ စွဒ္ဒီးကိအက်ဗဇ်ရ်က 'တမန်တော်မြတ် ﷺ လက်မခံခဲ့သည့် အရာကို ကျွန်ုပ်မည်ကဲ့သို့ လက်ခံတော့မည်နည်း'ဟု မိန့်ကြားလေသည်။ ထို့နောက် ဟဇရသ်အဗူဗကရ် ကွယ်လွန်သွားပြီးနောက် ဆအ်လဗာသည် ဟာရူးက်အအ်ဇွမ်းထံ ရောက်ရှိလာ၍ အထက်ပါကဲ့သို့ပင် လျှောက်ထားပြန်လေသည်။ စွဒ္ဒီးကိအက်ဗဇ်ရ် ပေးသော အဖြေကိုသာ ရရှိလေသည်။ တစ်ဖန် ဟဇရသ်ဒွတ်စ်မားန် ﷺ ၏ အုပ်ချုပ်မှုလက်ထက်တွင်လည်း လျှောက်ထားပြန်လေရာ ငြင်းဆန်ခြင်းကိုပင် ခံရပြန်သည်။ ဟဇရသ်ဒွတ်စ်မားန်၏ အုပ်ချုပ်မှုသက်တမ်းတွင် ဆအ်လဗာ သေဆုံးသွားခဲ့သည်။

ဓမ္မသတ် ။ ။ ဤနေရာတွင် 'ဆအ်လဗာသည် အမှားကို သိမြင်၍ ရောက်ရှိလာသော်လည်း ၄င်း၏ 'သောင်ဗာဟ်' ကို အဘယ်ကြောင့် လက်မခံသနည်း' ဟု မေးနိုင်လေသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ အား ဝဟီဖြင့် သိရှိပြီးဖြစ်သည်။ ယခု ဤသူသည် စိတ်စေတနာ 'သောင်ဗာဟ်' မဟုတ်ဘဲ ၄င်း၏ နှလုံးသားအတွင်း၌ 'နေဖာက်' ရှိနေ၏။ အချိန်ပိုင်း အဆင်ပြေစေရန် မွတ်စ္စလင်မ်များကို လှည့်ဖြားရန် ကျေနပ်မှုယူလိုသောကြောင့် လက်မခံရခြင်း ပေါ်လွင်ပေသည်။ တမန်တော်မြတ် ﷺ သည် ၄င်းကို မုနာဖစ်က်ဟု သတ်မှတ်လိုက်သည့်အတွက် ကျန်အုပ်ချုပ်သူများသည်လည်း ၄င်း၏ 'ဇကားသ်' ကို လက်ခံပိုင်ခွင့် မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် 'ဇကားသ်' အတွက် မွတ်စ္စလင်မ်ဖြစ်ရန် အရေးကြီးသည်။ သို့သော် တမန်တော်မြတ် ﷺ ၏ နောက်ပိုင်း တစ်ဦးတစ်ယောက်၏ နှလုံးသားအတွင်း၌ 'နေဖာက်' ရှိကြောင်း အတိအကျ မည်သူမျှ မသိနိုင်သည့်အတွက် တစ်ဦးတစ်ယောက်သည် စိတ်နှလုံးသားအတွင်း မည်သို့ပင်ရှိစေ 'သောင်ဗာဟ်' ပြု၍ အစ္စလာမ်နှင့် အီမာန်ကို ဝန်ခံလျှင် မွတ်စ္စလင်မ်ကဲ့သို့သာ ဆက်ဆံရမည်ဟု အမိန့်ရှိထားတော်မူသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اَلَّذِيْنَ يَلْمِزُوْنَ الْمُطَّوِّعِيْنَ مِنَ الْمُؤْمِنِيْنَ
فِى الصَّدَقٰتِ وَالَّذِيْنَ لَا يَجِدُوْنَ اِلَّا جُهْدَهُمْ
فَيَسْخَرُوْنَ مِنْهُمْ ؕ سَخِرَ اللّٰهُ مِنْهُمْ ۫ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿٧٩﴾

၉ : ၇၉ ။ ။ (ထိုအသျှင်မြတ်သည်) အကြင် (စေးနဲတွန့်တို ကြွယ်ဝချမ်းသာသော) သူတို့ (အား ကောင်းစွာ သိရှိတော်မူ၏။) ၄င်း (မုနာဖစ်က်) တို့သည် မုအ်မင်သက်ဝင် ယုံကြည်သူများအနက် ကြည်ဖြူစွာ ပေးကမ်းရက်ရောသော သူတို့အား ပြစ်တင်ဝေဖန် ပြောဆိုကြလေသည်။ ထို့ပြင် ပင်ပန်းကြီးစွာ ရှာဖွေကာ မိမိတို့ရသမျှ ချွေးနဲစာမှအပ အခြားတစ်စုံတစ်ရာ မရရှိနိုင်ကြသော သူတို့ကိုလည်း ၄င်း (မုနာဖစ်က်) တို့သည် ကဲ့ရဲ့ပျက်ချော် ပြောင်လှောင်ကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုပြက်ရယ်ပြောင်လှောင်သူ (မုနာဖစ်က်) တို့အား ပြက်ရယ်ပြောင်လှောင်တော်မူခဲ့လေသည်။ ထို့ပြင် ၄င်းတို့၌ ပြင်းပြနာကျင်စေသော ပြစ်ဒဏ်သည် ရှိပေမည်။

اِسْتَغْفِرْ لَهُمْ اَوْ لَا تَسْتَغْفِرْ لَهُمْ ؕ اِنْ تَسْتَغْفِرْ لَهُمْ سَبْعِيْنَ مَرَّةً
فَلَنْ يَّغْفِرَ اللّٰهُ لَهُمْ ؕ ذٰلِكَ بِاَنَّهُمْ كَفَرُوْا بِاللّٰهِ وَرَسُوْلِهٖ ؕ
وَاللّٰهُ لَا يَهْدِى الْقَوْمَ الْفٰسِقِيْنَ ﴿٨٠﴾

၉ : ၈၀ ။ ။ အို့၊ နဗီတမန်တော်၊ အသင်သည် ၄င်းတို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရေးကို ပန်ကြားသည်ဖြစ်စေ၊ သို့မဟုတ် ပန်ကြားခြင်းမပြုသည်ဖြစ်စေ (အကြောင်းမထူးချေ။) အကယ်၍ အသင်သည် ၄င်တို့အဖို့ အကြိမ်ပေါင်း ခုနှစ်ဆယ်

တိုင်အောင် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ပန်ကြားသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့် အလျဉ်း ပေးသနားတော်မူမည်မဟုတ်ပေ။ အကြောင်းမှာ ၎င်းသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အား သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို ဖီဆန်သူတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤမုနာဖစ်က်တို့သည် 'ဆွဒ်ကာဟ်' လှူဒါန်းသော မွတ်စ္စလင်မ်များအပေါ် အနည်းငယ်လှူဒါန်းသည့်အတွက် မကောင်းပြောဆိုကြသည်။ အထူးသဖြင့် အပင်ပန်းခံ ရှာဖွေ၍ အနည်းငယ် ရရှိသည့်အပေါ် ပို၍ မကောင်းပြောဆိုကြသည်။ ၎င်းတို့သည် အနည်းငယ်သော ဝင်ငွေထဲမှ ကြိုးစား၍ လှူဒါန်းကြသည်။ ဆိုလိုသည်မှာ အနည်းငယ်လှူသည့်အတွက် အားလုံးကို မကောင်းပြောဆိုကြသည်။ အပင်ပန်းခံ ရှာဖွေသော ဆင်းရဲသားများကို 'ဤအနည်းငယ်သော ပစ္စည်းများကိုလည်း လှူဒါန်းနိုင်သည်လော' ဟု ပြောဆိုပြောင်လှောင်ကြသည်။ (အလ္လာဟ်အသျှင်မြတ် ထိုပြောင်လှောင်သူများကို သီးခြားအပြစ်ဒဏ် ပေးတော်မူပါစေ) အပြစ်ပြောဆိုသူများအတွက် နောင်တမလွန်တွင် ပြင်းထန်သော အပြစ်ဒဏ်ရရှိပေမည်။ အသင်တမန်တော်သည် မုနာဖစ်က်များအတွက် ခွင့်လွှတ်ရန် တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အတူတူပင် ဖြစ်သည်။ ၎င်းတို့သည် မည်သို့မျှ အကျိုးရှိမည်မဟုတ်သည့်အပြင် ခွင့်လွှတ်မည်လည်းမဟုတ်ပေ။ အကယ်၍ အသင်တမန်တော်သည် ၎င်းတို့အတွက် အကြိမ် (၇၀) ဆိုလိုသည်မှာ များပြားစွာ ခွင့်လွှတ်တောင်းခံလျှင်လည်း အလ္လာဟ်အသျှင်မြတ် ခွင့်လွှတ်လိမ့်မည်မဟုတ်ပေ။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်ကို ငြင်းဆန်ခဲ့ကြ၏။ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ အီမာန်နှင့် အမှန်တရားကို မလိုလားသည့် ဆိုးသွမ်းသူများကို လမ်းမှန်ပြမည်မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့သည် သက်တမ်းတစ်လျှောက်လုံး ကာဖိရ်ဘဝနှင့်ပင် နေရ၍ ဤအတိုင်းပင် သေဆုံးရပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပထအာယသ်တော်တွင် 'နဖိလ်' (ဆွဒ်ကာဟ်) ပေးလှူသော မွတ်စ္စလင်မ်များသည် မကောင်းပြောဆိုသော မုနာဖစ်က်များ၏အကြောင်း တင်ပြထား၏။ မွတ်စ္စလင်မ်၏ ကျမ်းတွင် ဟာဇရသ်မတ်စ်အူဒ် ﷺ သခင် တင်ပြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့ထံ ပစ္စည်းဥစ္စာများ မရှိပေ။ ဤအပင်ပန်းခံ ရှာဖွေမှုများမှ ရရှိသည်များကို လှူဒါန်းကြလေသည်။ သို့ရှိရာ အဗူအကီးလ်သည် စွာအ်တစ်ဝက်မျှ လှူဒါန်း၏။ အခြားလူတစ်ဦးသည် ထို့ထက်အနည်းငယ် လှူဒါန်း၏။ ဤလှူဒါန်းမှုအပေါ် မုနာဖစ်က်တို့သည် မကောင်းပြောဆိုကြ၍ အလွန်သေးငယ်၍ အနည်းငယ်သော အရာကို မလိုအပ်ပေ။ များစွာ လှူဒါန်းသူကိုလည်း

လူတို့အား ပြစားရန်ဟု စွပ်စွဲကြသည်။ ဤသို့ ပြောဆိုမှုများအပေါ် سَخِرَ اللَّهُ مِنْهُمْ ဟူသော အာယသ်တော် ကျရောက်လာ၏။ ပြောင်လှောင်မှုအစားကို ပြောင်လှောင်မှုဟုသာ တင်ပြထား၏။ ဒုတိယအာယသ်တော်တွင် မုနာဖစ်က်များနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ အား မိန့်တော်မူထားသည်မှာ အသင်တမန်တော်၊ ၎င်းတို့နှင့် ပတ်သက်၍ ခွင့်လွှတ်ရန် တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အတူတူပင်ဖြစ်၏။ မည်မျှပင် တောင်းခံသည်ဖြစ်စေ ခွင့်လွှတ်မည်မဟုတ်ပေ။ ဤအကြောင်း ရှေ့လာမည့် အာယသ်တော်၏ အောက်တွင် လာရှိပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَرِحَ الْمُخَلَّفُونَ بِمَقْعَدِهِمْ
خِلَافَ رَسُولِ اللَّهِ وَكَرِهُوا أَن يُجَاهِدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ
فِي سَبِيلِ اللَّهِ وَقَالُوا لَا تَنفِرُوا فِي الْحَرِّ ۗ قُلْ نَارُ جَهَنَّمَ أَشَدُّ
حَرًّا ۚ لَّوْ كَانُوا يَفْقَهُونَ ﴿٨١﴾

၉ : ၈၁ ။ ။ ('သဗူးက်' စစ်မြေပြင်သို့မလိုက်ပါဘဲ) နောက်တွင် ကျန်ရစ်ခဲ့သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် (ကြွသွားတော်မူပြီး) နောက်တွင် မိမိတို့ (၏ နေအိမ်၌ ကျန်ရစ်) ထိုင်နေခဲ့ကြရသောကြောင့် ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြကုန်သည်။ ထို့ပြင် ၎င်းသူတို့သည် မိမိ၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျီဟားဒ်' သက်စွန့်ကြိုးပမ်းတိုက်ခိုက်ရန် ဝန်လေး (စက်ဆုပ်) ခဲ့ကြကုန်သည်။ ထို့မျှမက ၎င်းတို့သည် (မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး) 'အသင်တို့သည် (ဤမျှ ပြင်းထန်လှသော) အပူရှိန်တွင် (နေအိမ်မှ) မထွက်ကြလေနှင့်' ဟူ၍ လူတို့အား ပြောဆို (တားမြစ်) ခဲ့ကြသည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'ဂျဟန္နမ်' ၏ အပူမီးသည် (ဤအပူရှိန်ထက်ပင်) သာလွန်၍ ပူပြင်းလှပေသည်' ဟု ပြောဆိုပါလေ။ အကယ်၍ (ဤသည်ကိုပင်) ၎င်းတို့သည် သိမြင်နားလည်ကြပါလျှင် ကောင်းလေစွ။

فَلْيَضْحَكُوا قَلِيلًا وَلْيَبْكُوا كَثِيرًا جَزَاءً بِمَا كَانُوا يَكْسِبُونَ ﴿٨٢﴾

၉ : ၈၂ ။ ။ သို့ဖြစ်ပေရာ ၎င်း (မုနာဖစ်က်) တို့သည် (ဤလောကတွင်) အနည်းငယ်မျှ ရယ်မောကြပါစေ။ တစ်ဖန် (နောင်တမလွန်ဝဘဝတွင်မူ ၎င်းတို့သည်) မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသည့် (ဒုစရိုက်ပြစ်မှု) များကြောင့် များစွာ ငိုကြွေးကြပါစေ။

فَإِن رَّجَعَكَ ٱللَّهُ إِلَىٰ طَآئِفَةٍ مِّنْهُمْ فَٱسْتَـْٔذَنُوكَ لِلْخُرُوجِ فَقُل لَّن تَخْرُجُوا۟ مَعِىَ أَبَدًا وَلَن تُقَٰتِلُوا۟ مَعِىَ عَدُوًّا ۖ إِنَّكُمْ رَضِيتُم بِٱلْقُعُودِ أَوَّلَ مَرَّةٍ فَٱقْعُدُوا۟ مَعَ ٱلْخَٰلِفِينَ ﴿٨٣﴾

၉ : ၈၃ ။ ။ သို့ဖြစ်ပေရာ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ၎င်းတို့အနက်မှ လူတစ်စုထံသို့ ပြန်လည်၍ ရောက်ရှိစေတော်မူသည့်အခါ ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ရပါစေဟူ၍ အသင့်ထံ ခွင့်ပန်ခဲ့ကြလျှင် 'အသင်သည် (ထိုသူတို့အား၊ အချင်းတို့) အသင်တို့သည် ငါနှင့်အတူ မည်သည့်အခါမျှ ထွက်ကြမည်လည်း မဟုတ်ပေ။ ထို့နည်းတူစွာ အသင်တို့သည် ငါနှင့်အတူ မည်သည့်ရန်သူ တစ်ဦးတစ်ယောက်ကိုမျှ တိုက်ခိုက်ကြမည်လည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ပထမအကြိမ်၌လည်း (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန်အတွက် မထွက်ခဲ့ကြဘဲ) အသင်တို့သည် (အိမ်တွင်း၌) ထိုင်၍ နေရစ်ခဲ့ခြင်းကိုသာ နှစ်သက်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ယခုလည်း အသင်တို့သည် နောက်၌ ကျန်ရစ်ခဲ့ကြသောသူတို့နှင့်အတူ (အိမ်၌) ထိုင်၍ပင် နေရစ်ခဲ့ကြလေကုန်'ဟု ပြောဆိုဖြေကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

တမန်တော်မြတ် ﷺ သွားပြီးနောက် ကျန်ရစ်ခဲ့သူများသည် မိမိတို့ ကျန်ရစ်ခဲ့ခြင်းကြောင့် ပျော်ရွှင်နေကြသည်။ အလ္လာဟ့်လမ်းတွင် မိမိ၏ ပစ္စည်းဥစ္စာ၊ အသက်နှင့် စစ်ထိုးရန် အကြောင်းနှစ်ခုကြောင့် မပြုလုပ်လိုကြပေ။ တစ်ခုမှာ ကုဖွ်ရ်ဖြစ်၍ ဒုတိယတစ်ခုမှာ စည်းစိမ်ယစ်မူးလို၍ ဖြစ်သည်။ အခြားသူများကိုလည်း 'ဤသို့ ပူပြင်းနေသောအချိန်၌ အိမ်မှ မထွက်နှင့်'ဟု ပြောဆိုကြလေသည်။ 'ဂျဟန္နမ်၏ မီးသည် ထို့ထက်ပင် ပို၍ ပူပြင်းသည်'ဟု အသင်တမန်တော်၊ ၎င်းတို့အား အဖြေပေးပါလေ။ သို့ရှိရာ အံ့ဩစရာကောင်းသည်မှာ ဤအပူရှိန်မှ ရှောင်၍ 'ဂျဟန္နမ်'သို့ သွားရန် ကိုယ်တိုင် အသင့်ပြင်ကြလေသည်။ ငြင်းဆန်ခြင်းနှင့် ဆန့်ကျင်ခြင်းကို လက်မလွှတ်ကြပေ။ ဤအချက်ကို နားလည်လျှင် ၎င်းတို့အတွက် ကောင်းလေစွ။ သို့ရှိရာ အထက်တင်ပြခဲ့သော ကိစ္စ၏ ရလဒ်မှာ လောကတွင် ရက်အနည်းငယ်သာ ပျော်ရွှင်စွာ နေရရန် နောင်တမလွန်၌ အမြဲတစေ ငိုကြွေးနေရပေမည်။ ဆိုလိုသည်မှာ ရက်အနည်းငယ် ရယ်မော၍ အမြဲတစေ ငိုခြင်းကို ရရှိပေမည်။

ကုဖွ်ရ်၊ နေဖားက်နှင့် ဆန့်ကျင်ခြင်း စသည့် လုပ်ဆောင်မှုများ၏ အစားတွင် အထက်ပါကဲ့သို့သာ ဖြစ်ပေသည်။ ၎င်းတို့၏ အခြေအနေကို သိရှိပြီးနောက် အကယ်၍ အလ္လာဟ်အသျှင်မြတ်မှ တမန်တော်မြတ် ﷺ အား ဤ 'ဂျိဟားဒ်'ခရီးမှ မဒီနာသို့ ကောင်းမွန်ချောမောစွာ မုနာဖစ်က်အုပ်စုများဘက်သို့ ပြန်ရောက်လာလျှင် ဤသူတို့သည် ချဲ့နှဲ၍ အပြစ်မှ လွတ်ရန် 'တမန်တော်မြတ် ﷺ အနှင့်အတူ နောင် 'ဂျိဟားဒ်'တွင် လိုက်ပါမည်' ဟု ခွင့်တောင်းကြပေမည်။ ထိုအချိန်တွင်လည်း ၎င်းတို့၏ စိတ်နှလုံးသားအတွင်း၌ အချိန်ကျလာလျှင် အကြောင်းတစ်ခုခုပြမည်ဟု စိတ်ကူးထားကြ၏။

အသင်တမန်တော်၊ ဤသို့ ပြောကြားပါလေ။ ဤအချိန်တွင် အသင်တို့သည် လောကီရမ္မက်အတွက် ဤသို့ ပြောဆိုနေကြခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ နှလုံးသားတွင်း၌ ရှိသော အရာကို ပြသပြီးဖြစ်သည်။ ထို့ကြောင့် အသေအချာ ပြောဆိုနိုင်သည်မှာ အသင်တို့သည် မည်သည့်အခါမှ ကျွန်ုပ်နှင့်အတူ 'ဂျီဟားဒ်'တွင် လိုက်မည်မဟုတ်ပေ။ ကျွန်ုပ်နှင့်အတူ သာသနာရန်သူ တစ်ဦးတစ်ယောက်ကိုမျှ စစ်ဆင်နွှဲမည်မဟုတ်ပေ။ ဤသည် စစ်ဆင်နွှဲခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် အစကတည်းက ထိုသို့ဖြစ်နေခြင်းကို နှစ်သက်၍ ယခုလည်း ဤသည်ကိုသာ အပြည့်အဝ ဆန္ဒပြုထားရာ အဘယ်ကြောင့် လိမ်လည်စကားများ ပြောဆိုကြပါသနည်း။ ပထမကဲ့သို့ပင် ယခုလည်း ထိုသို့နေပါ။ စင်စစ် အသင်တို့သည် ချွင်းချက်ကြောင့် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများကဲ့သို့ နောက်ချန်နေရန် ထိုက်သူများသာ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်မှ မုနာဖစ်က်များ၏ အခြေအနေများကို တင်ပြထားပေသည်။ ၎င်းတို့သည် 'သဗူးက်'စစ်ပွဲတွင် အားလုံးပါဝင်ရန် အမိန့်ပေးထားသော်လည်း မပါဝင်ခဲ့ကြပေ။ ယခုတင်ပြခဲ့သော အာယသ်တော်များ၏ အစတွင်လည်း ၎င်းတို့၏ အခြေအနေနှင့် နောင်တမလွန်၏ အပြစ်ဒဏ်နှင့် ခြိမ်းခြောက်မှုများ ၎င်းတို့သည် လောကတွင် ရှေ့လျှောက် အစ္စလာမ်၏ 'မုဂျာဟစ်ဒ်'များ၏ စာရင်းမှ ပယ်ဖျက်ပစ်ရန် ရှေ့တွင် ဖြစ်ပွားမည့် မည်သည့်သာသနာ့ စစ်ပွဲတွင်မှ ခွင့်ပြုချက်ပါဝင်ခွင့် မပြုရန် တင်ပြထား၏။

مُخَلَّفُونَ သည် مُخَلَّفٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ စွန့်လွှတ်ထားသော၊ စွန့်လွှတ်ပြီးဖြစ်သည်ဟူ၍ ဖြစ်သည်။ ကျွန်ုပ်တို့ကို မိမိတို့၏ အသက်မှ ဒုက္ခရောက်ခြင်းမှ ကယ်တင်လိုက်ကြသည်။ 'ဂျီဟားဒ်'တွင် ပါဝင်စရာ မလိုတော့ဟု ယူဆရန် ပျော်ရွှင်နေကြကြောင်း ရည်ညွှန်းထား၏။ သို့သော် စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မုနာဖစ်က်တို့ကို 'ဂျီဟားဒ်'၏ အကျိုးကျေးဇူးရထိုက်သူများ မဟုတ်ဟု သတ်မှတ်ထားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် မုနာဖစ်က်တို့သည် 'ဂျီဟားဒ်'ကို လွှတ်သူများ မဟုတ်ဘဲ 'ဂျီဟားဒ်'က ၎င်းတို့အား လွှတ်ထားခြင်းဖြစ်သည်။ ၎င်းတို့သည် စွန့်လွှတ်ထိုက်သူများဖြစ်ကြောင်း အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မှ သတ်မှတ်ထားသည်။ خِلَافَ رَسُولِ اللهِ တွင် خِلَافَ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'ထို့နောက်'ဟူ၍ ဖြစ်သည်။ အဗူအိုဗိုက်ဒါသခင်မှ ဤအဓိပ္ပာယ်သာဖြစ်သည်ဟု တင်ပြထားသည်။ အလိုသဘောမှာ မုနာဖစ်က်တို့သည် တမန်တော်မြတ် ﷺ 'ဂျီဟားဒ်'သွားပြီး နောက်ချန်ရစ်ခဲ့ခြင်းကြောင့် ပျော်ရွှင်နေကြသည်။ စင်စစ် ဤသည် ပျော်ရွှင်ဖွယ်ရာ မဟုတ်ပေ။ بِمَقْعَدِهِمْ ဤစာလုံးသည် 'ထိုင်ခြင်း'ဟု အဓိပ္ပာယ်ရသည်။ خِلَافَ ၏ ဒုတိယအဓိပ္ပာယ်မှာ ဤနေရာတွင် 'ဆန့်ကျင်ခြင်း'ဟု အဓိပ္ပာယ်ရသည်။ မုနာဖစ်က်တို့သည် တမန်တော်မြတ် ﷺ ၏ အမိန့်ကို ဆန့်ကျင်ရန် အိမ်တွင် ထိုင်နေကြသည်။ ကိုယ်တိုင် ထိုင်နေကြရုံသာမဟုတ်ဘဲ အခြားသူများကိုလည်း لَا تَنفِرُوا فِي الْحَرِّ ၏ အဓိပ္ပာယ်မှာ 'ပူလောင်သောရာသီတွင် 'ဂျီဟားဒ်'မထွက်လေနှင့်'ဟု ဆော်သြ

ကြသည်။ 'သဗူးက်'စစ်ပွဲဖြစ်သော အချိန်သည် အလွန်ပူလောင်သော ရာသီဥတုတွင်ဖြစ်ကြောင်း သိရှိပြီးဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စကားကို قُلْ نَارُ جَهَنَّمَ اَشَدُّ حَرًّا ဟု အဖြေပေးထား၏။ ဆိုလိုသည်မှာ ဤနဖူးစာဆိုးသူတို့သည် လောကီအပူကိုကြည့်၍ ရှောင်ကြဉ်ရန် ကြိုးစားနေကြသည်။ ရလဒ်မှာ အလ္လာဟ်နှင့် ရစူလ်၏ အမိန့်တော်ကို ဖီဆန်ခြင်းကြောင့် 'ဂျဟန္နမ်'မီးနှင့် ရင်ဆိုင်ရမည်ကို သောကမထားကြပေ။ ရာသီဥတု၏ အပူသည် 'ဂျဟန္နမ်'မီးထက် သာပို၍ ပူမည်လော၊ ဆက်လက်၍ မိန့်သည်မှာ-

فَلْيَضْحَكُوْا قَلِيْلًا

လုံးချင်းကောက်အဓိပ္ပာယ်မှာ 'နည်းနည်းရယ်၍ များများငိုပါ'ဟူ၍ ဖြစ်သည်။ ဤစာလုံးကို အမိန့်ပေးသည့်အနေဖြင့် သုံးထားသော်လည်း မိုဖက်စိရ်ပညာရှင်အများစုက 'သတင်း၏ အဓိပ္ပာယ်'ဟု သတ်မှတ်ကြသည်။ 'အမလ်'ဖြင့် မိန့်ရခြင်းအကြောင်းအရင်းမှာ 'ဤသို့ဖြစ်ရန် သေချာသည်'ဟူသော သဘောဖြစ်သည်။ ဆိုလိုသည်မှာ မုနာဖစ်က်တို့၏ ရယ်မောပျော်ရွှင်မှုသည် ရက်အနည်းငယ်အတွက်သာ ဖြစ်သည်။ ထို့နောက် နောင်တမလွန်တွင် အမြဲတစေ ငိုကြွေးရမည်မှာ ဧကန်မုချသာ ဖြစ်ပေသည်။ အိဗ်နေအဗီဟာသင်မ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ်ထံမှ ဤအာယသ်တော်၏ သဖ်စီးရ်ကို ဆင့်ပြန်၍ တင်ပြထားသည်မှာ-

اَلدُّنْيَا قَلِيْلٌ فَلْيَضْحَكُوْا فِيْهَامَاشَآ ؤُافَا ذَا انْقَطَعَتِ الدُّنْيَا

وَصَارُوْا اِلَى اللهِ فَلْيَسْتَاْ نِفُوا الْبُكَاءَ بُكَاءً لَا يَنْقَطِعُ اَبَدًا (مظهری)

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ လောကတွင် ရက်အချို့သာ နေရမည်ဖြစ်၍ နှစ်သက် သလို ရယ်မောပါလေ။ ဒုန္နယာ၏ ရက်များ ကုန်ဆုံးပြီးနောက် အလ္လာဟ်အသျှင်မြတ်ထံသို့ ရောက်ရှိရမည် ဖြစ်သည်။ ထိုအချိန်တွင် ငိုခြင်း၊ စတင်၍ မည်သည့်အခါမှ ကုန်ဆုံးရမည်မဟုတ်ချေ။

ဒုတိယအာယသ်တော်တွင် تَخْرُجُوْا ဟု ပါရှိ၍ အလိုသဘောကို အနှစ်ချုပ်ရှင်းလင်းချက်တွင် ဤသို့ တင်ပြထား၏။ မုနာဖစ်က်တို့သည် ရှေ့လာမည့်ကာလတွင် 'ဂျီဟားဒ်'ပြုရာတွင် ဆန္ဒပြုပါက ၎င်းတို့၏ နှလုံးသားတွင်း အီမာန်မရှိသည့် အတွက် ဆန္ဒပြုရာတွင် 'အိခ်လားစ်'လည်း ပါရှိမည်မဟုတ်ပေ။ ထွက်ခွာရမည့်အချိန်ရောက်သော် ပထမအချိန်များကဲ့သို့ပင် အကြောင်းခံ၍ ရှောင်ဖယ်ကြမည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား မိန့်တော်မူသည်မှာ ၎င်းတို့အခြေအနေအမှန်ကို တင်ပြပါလေ။ အသင်တို့၏ အပြောအဆိုနှင့် အပြုအမူအပေါ် ယုံကြည်ဖွယ်ရာမရှိ။ အသင်တို့ 'ဂျီဟားဒ်'ပြုမည်မဟုတ်။ အစ္စလာမ်၏ ရန်သူများကို ငါကိုယ်တော်နှင့်အတူ သတ်ဖြတ်လိမ့်မည်မဟုတ်ဟူ၍လည်း ပြောကြားပါလေ။ မုဖက်စိရ်ပညာရှင်အများစုက မိန့်ဆိုကြသည်မှာ အကယ်၍ မုနာဖစ်က်များမှ အမှန်တကယ် သာသနာ့စစ်ပွဲတွင် ပါဝင်ရန် ပြောဆိုလျှင်လည်း ပါဝင်ခွင့် မပြုလေနှင့်။ ဤအမိန့်သည် ၎င်းတို့ကို လောကီအပြစ်ဒဏ်အနေနှင့် ပေးထားခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا تُصَلِّ عَلَىٰٓ أَحَدٍ مِّنْهُم مَّاتَ أَبَدًا وَلَا تَقُمْ عَلَىٰ قَبْرِهِۦٓ ۖ إِنَّهُمْ كَفَرُوا۟ بِٱللَّهِ وَرَسُولِهِۦ وَمَاتُوا۟ وَهُمْ فَٰسِقُونَ ﴿٨٤﴾

၉ : ၈၄ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) ၎င်း (မုနာဖစ်က်) တို့အနက် မည်သူတစ်ဦးတစ်ယောက်မဆို သေဆုံးခဲ့သည်ရှိသော် အသင်သည် ၎င်းသူ၏အပေါ်၌ 'ဂျနာဇာဟ်ဆွလာသ်' ကို မည်သည့်အခါမျှ မပြုပါလေနှင့်။ ၎င်းပြင် ထိုသူ၏ သင်္ချိုင်းပေါ်၌လည်း မည်သည့်အခါမျှ မရပ်ပါလေနှင့်။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား သွေဖည်ငြင်းပယ်ခဲ့ကြသည့်အပြင် ယင်းသူတို့သည် အမိန့်တော်ကို ဖီဆန်သူများအဖြစ်နှင့်ပင် သေဆုံးခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုနာဖစ်က်များထဲမှ တစ်ဦးတစ်ယောက် သေဆုံးလျှင် ၎င်း၏ 'ဂျနာဇာဟ်' မဖတ်လေနှင့်။ မြေမြှုပ်နှံရန် ၎င်း၏ 'ကဗရ်' ၌ မရပ်လေနှင့်။ ထိုမုနာဖစ်က်သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့ကို ငြင်းဆန်ခဲ့၏။ ကုဖွရ်၏ အခြေအနေဖြင့်ပင် သေဆုံး၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်သည် မုနာဖစ်က်အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုင်၏ သေဆုံးခြင်းသည် ၎င်း၏ 'ဂျနာဇာဟ်နမာဇ်' နှင့် ပတ်သက်၍ ကျရောက်ခဲ့ကြောင်း မှန်ကန်သော ဟဒီးစ်တော်များဖြင့် တစ်ညီတစ်ညွတ်တည်း တင်ပြထား၏။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဆင့်ပြန်ချက်တွင် ၎င်းအား တမန်တော်မြတ် ﷺ 'ဂျနာဇာဟ်' နမာဇ် ဖတ်ပေးခဲ့ပြီးနောက် ဤအာယသ်တော် ကျရောက်လေသည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် မည်သည့်မုနာဖစ်က်၏ 'ဂျနာဇာဟ်' နမာဇ်ကိုမှ မဖတ်တော့ပေ။ စွဟီဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဤအာယသ်တော်ကျရောက်ပုံနှင့် ပတ်သက်၍ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ်၏ ဆင့်ပြန်ချက်မှာ ဤသို့ အကျယ်တဝင့် တင်ပြထား၏။ အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုင်းဗင်န်စလူးလ်သေဆုံးသွားသောအခါ ၎င်း၏သား အဗ်ဒွလ္လာဟ်သည် မွတ်စ္စလင်မ်အစစ်ဖြစ်၍ ဆွဟာဗီလည်းဖြစ်၏။ တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်ရှိလာ၍ မိမိဖခင်၏ 'ကဖန်' အတွက် တမန်တော်မြတ် ﷺ ၏ အင်္ကျီကို တောင်းခံလေ၏။ တမန်တော်မြတ် ﷺ မှ မိမိအင်္ကျီကို ချီးမြှင့်လိုက်လေ၏။ တစ်ဖန် တမန်တော်မြတ် ﷺ သည် 'ဂျနာဇာဟ်' နမာဇ်ဖတ်ပေးရန် လျှောက်ထားရာ တမန်တော်မြတ် ﷺ မှ လက်ခံလိုက်၏။ 'ဂျနာဇာဟ်' နမာဇ်အတွက် ရပ်သော် ဟဇရသ်အုမရ် ؓ သခင်သည် တမန်တော်မြတ် ﷺ ၏ အဝတ်စကို ကိုင်၍ ကိုယ်တော်သည် မုနာဖစ်က်၏ 'ဂျနာဇာဟ်' နမာဇ်ကို ဖတ်မည်လော။ အလ္လာဟ်အသျှင်မြတ်သည်

ကိုယ်တော်အား မုနာဖစ်က်တို့၏ 'ဂျနာဇာဟ်'နမာဇ်ဖတ်ခြင်းမှ တားမြစ်ထား၏။ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်ကို အလ္လာဟ် အသျှင်မြတ်က ခွင့်လွှတ်မှု၏ ဒိုအာပြုရန်နှင့် မပြုရန်ကို ရွေးချယ်ခွင့်ပြုထား၏။ အာယသ်တော်တွင် အကြိမ် (၇၀) ခွင့်လွှတ်ရန် တောင်းခံလျှင်လည်း ခွင့်မလွှတ်ဟု မိန့်ထားလေရာ ငါကိုယ်တော်သည် အကြိမ် (၇၀) ထက်ပို၍ ခွင့်လွှတ်ရန် တောင်းခံနိုင်ပေသည်။ အာယသ်တော်ဆိုသည်မှာ စူရာဟ်သောင်ဗာဟ်၏ ပြီးခဲ့သည့် အာယသ်တော်

اِسْتَغْفِرْ لَهُمْ اَوْلَا تَسْتَغْفِرْ لَهُمْ سَبْعِيْنَ مَرَّةً فَلَنْ يَّغْفِرَ اللهُ لَهُمْ

ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် 'ဂျနာဇာဟ်'နမာဇ် ဖတ်ပေးလိုက်သည်။ နမာဇ်ဖတ်ပြီးနောက်

وَلَا تُصَلِّ عَلٰى اَحَدٍ مِّنْهُمْ ـــ ـــ ـــ الخ

ဟူသော အာယသ်တော် ကျရောက်လာသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် မည်သည့် မုနာဖစ်က်၏ 'ဂျနာဇာဟ်'ကိုမှ မဖတ်တော့ပေ။

တင်ပြခဲ့သည့် အဖြစ်အပျက်အပေါ် ဇော ဒကအချို့နှင့်အဖြေ

ဤနေရာတွင် မေးစရာတစ်ချက်မှာ အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုင်း၏ မုနာဖစ်က်ဖြစ်ခြင်းသည် အချိန်မျိုးစုံ၌ ပေါ်လွင်ပြီးဖြစ်၏။ မုနာဖစ်က်တို့၏ ခေါင်းဆောင်ဖြစ်၏။ ဤသို့ဖြစ်ပါလျက် တမန်တော်မြတ်သည် ၎င်းကို အထူးတလည် အဘယ်ကြောင့် ဆက်ဆံသနည်း။ ၎င်း၏ 'ကဖန်'အတွက် တမန်တော်မြတ် ﷺ သည် မိမိ၏ ဝတ်ရုံတော်ကို ချီးမြှင့်ခဲ့၏။ အဖြေမှာ ဤသို့ဖြစ်သည်။ ဤသို့ဖြစ်ရခြင်း အကြောင်းခံနှစ်ခု ရှိ၏။ တစ်ခုမှာ ၎င်း၏ သားသည် မွတ်စ္စလင်မ်ဆွဟာဗီစစ်စစ်ဖြစ်၏။ သူ၏ လျှောက်ထားချက်အပေါ် စိတ်ဖြေသိမ့်စေနိုင်ရန် ဤသို့ ပြုခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြောင်းခံမှာ ဘိုခါရီကျမ်းတွင် ဟဇရသ်ဂျာဗိရ် ﷺ သခင် ဆင့်ပြန်ထားသည်။ 'ဗဒ်ရ်'စစ်ပွဲတွင် ကိုရိုက်ရှ်ခေါင်းဆောင်အချို့ အဖမ်းခံရချိန်တွင် တမန်တော်မြတ် ﷺ ၏ ကြာကြာ အဗ္ဗားစ်သခင်လည်း ပါဝင်သည်။ ထိုအချိန်တွင် ၎င်း၏ ခန္ဓာကိုယ်ပေါ်၌ အင်္ကျီမရှိသည့်အတွက် ဝတ်ဆင်ပေးရန် ဆွဟာဗာများကို အမိန့်ရှိလေသည်။ ဟဇရသ်အဗ္ဗားစ် ﷺ သည် အရပ်ရှည်သောကြောင့် အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုင်းရ်မှ လွဲ၍ အခြားသူ၏ အင်္ကျီမှာ မတော်ပေ။ သို့ရှိရာ တမန်တော်မြတ် ﷺ သည် အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုင်းထံမှ အင်္ကျီယူ၍ မိမိ၏ ကြာကြာအဗ်ဒုလ္လာဟ်ကို ဝတ်ဆင်ပေးခဲ့၏။ ဤကျေးဇူးကို အစားဖြေဆည်းပေးရန်အတွက် တမန်တော်မြတ် ﷺ သည် မိမိ၏ဝတ်ရုံတော်ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယမေးခွန်းမှာ တမန်တော်မြတ် ﷺ အား ဟဇရသ်အုမရ်မှ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်ကို မုနာဖစ်က်တို့၏ 'ဂျနာဇာဟ်'နမာဇ်ဖတ်ခြင်းမှ တားမြစ်ထားသည်ဟု အဘယ်ကြောင့် ပြောဆိုသနည်း။ ဤအာယသ်တော်၏အလျင် မည်သည့်အာယသ်တော်နှင့်မှ တမန်တော်မြတ် ﷺ အား မုနာဖစ်က် 'ဂျနာဇာဟ်' နမာဇ်ဖတ်ပေးခြင်း ပေါ်ပေါ်လွင်လွင် တားမြစ်ထားခြင်း မရှိ။ ဟဇရသ်အုမရ် ﷺ သည် တားမြစ်ချက်သည် စူရာဟ်သောင်ဗာဟ်၏ အထက်ပါအာယသ်တော်အမှတ် (၈၀) ကြောင့် ပြောဆိုခြင်းမှာ ပေါ်လွင်၏။ ဤ

အာယသ်တော်သည် 'နမာဇ် 'ဂျနာဇာဟ်'မှ တားမြစ်ထားခြင်းအပေါ် ရည်ညွှန်းနေသော်လည်း တမန်တော်မြတ် ﷺ က တားမြစ်ချက်ဟု အဘယ်ကြောင့် မသတ်မှတ်ဘဲ ကျွန်ုပ် ရွေးချယ်ခွင့်ရှိသည်'ဟု မိန့်ဆိုရခြင်းအပေါ် စောဒကတက်နိုင်ပေသည်။ အဖြေမှာ ဇကန်စင်စစ် အာယသ်တော်နှစ်ခုစလုံး၏ အပေါ်ယံ အလိုသဘောမှ ရွေးချယ်ခွင့်ပြုခြင်းသာ ဖြစ်၏။ အကြိမ် (၇၀) ဟု မိန့်ထားခြင်းမှာ အရေအတွက်သတ်မှတ်ထားခြင်းမဟုတ်ဘဲ များပြားမှုကို တင်ပြရန်ဖြစ်သည်။ သို့ရှိရာ အာယသ်တော်၏ အပေါ်ယံအားဖြင့် အလိုသဘောမှာ တမန်တော်မြတ် ﷺ သည် မည်မျှပင် ခွင့်လွှတ်ရန် တောင်းခံစေကာမူ မုနာဖစ်က်တို့ ခွင့်လွှတ်ခြင်းခံရမည်မဟုတ်ပေ။ သို့သော် ခွင့်လွှတ်တောင်းခံရန် ပေါ်ပေါ်လွင်လွင် တားမြစ်ထားခြင်းလည်း မရှိ။ ကုရ်အာန်ကျမ်းမြတ်၏ စူရာဟ်ယာစီးန်၌ရှိသော အာယသ်တော်တစ်ခုတွင်

سَوَآءٌ عَلَيْهِمْ ءَاَنْذَرْتَهُمْ اَمْ لَمْ تُنْذِرْهُمْ

ဟု မိန့်ဆိုထား၏။ ဤအာယသ်တော်ကို ပို့ချခြင်းမှ တားမြစ်မထားပေ။ အခြားအာယသ်တော်များတွင် မုနာဖစ်က်များကို ဖိတ်ခေါ်ပို့ချရမည်ဟု တင်ပြထားသည်။ ဥပမာ-

بَلِّغْ مَآ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ နှင့် اِنَّمَآ اَنْتَ مُنْذِرٌ وَّلِكُلِّ قَوْمٍ هَادٍ

အစရှိသည်တို့ ဖြစ်သည်။

ءَاَنْذَرْتَهُمْ اَمْ لَمْ تُنْذِرْهُمْ

ဟူသော အာယသ်ဖြင့် တမန်တော်မြတ် ﷺ အား ရွေးချယ်ခွင့်ပြုကြောင်း မိန့်ထား၏။ ထို့နောက် သီးသန့်အထောက်အထားဖြင့် တမန်တော်မြတ် ﷺ ကို (နောင်တမလွန်မှ) ခြိမ်းခြောက်ခွင့်ပြုထား၏။ တမန်တော်မြတ် ﷺ သည် တင်ပြခဲ့သည့် အာယသ်တော်ဖြင့် မုနာဖစ်က်များကို ခွင့်မလွှတ်ဟု သိရှိထား၏။ သို့သော် အခြားအာယသ်တော်တစ်ခု၏ ခွင့်လွှတ်မှု တောင်းခံခြင်းကိုလည်း တားမြစ်မထားပေ။ ကိုယ်တော်၏ ဝတ်ရုံ (သို့) နမာဇ်ဖတ်ပေးရုံဖြင့် မုနာဖစ်က်များ လွတ်ငြိမ်းချမ်းသာခွင့်မရဟု တမန်တော်မြတ် ﷺ သိရှိထားသည်။ သို့သော် အစ္စလာမ်သာသနာအတွက် အခြားကောင်းကျိုးများရှိ၏။ ၎င်းမှာ မျိုးနွယ်ဝင်များနှင့် အခြားကာဖိရ်များမှ တမန်တော်မြတ် ﷺ ၏ ဤလုပ်ရပ်ကို တွေ့မြင်၍ အစ္စလာမ်သာသနာနှင့် နီးစပ်လာကြမည်။ မွတ်စ္စလင်မ်ဖြစ်သွားကြ၏။ နမာဇ်ဖတ်ပေးခြင်းကို ပေါ်လွင်စွာ တားမြစ်ထားခြင်း မရှိသည့်အတွက် တမန်တော်မြတ် နမာဇ်ဖတ်ပေးလိုက်ခြင်း ဖြစ်၏။ ဤအဖြေတွင် ဝါကျတစ်ခုမှာ ဘိုခါရီကျမ်း၌ ဟဇရသ် အိဗ်နေအဗ္ဗာ:စ် ؓ ၏ ဆင့်ပြန်ချက် တင်ပြထားသည်မှာ 'အကယ်၍ ငါကိုယ်တော်သည် ကြိမ် (၇၀) ထက်ပို၍ လွတ်ငြိမ်းချမ်းသာခွင့်အတွက် ဒိုအာပြုလျှင် လွတ်ငြိမ်းချမ်းသာခွင့် ရမည်ဆိုပါက ငါတမန်တော်ပြုပေမည်။' အခြားအထောက်အထားတစ်ခုအနေဖြင့် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်တွင် မိန့်တော်မူထားသည်မှာ 'ငါကိုယ်တော်၏ ဝတ်ရုံသည် ထိုမုနာဖစ်က်ကို 'အဇား:ဗ်'မှ မကာကွယ်နိုင်ပေ။ သို့သော် ငါကိုယ်တော်သည် ဤသို့လုပ်ရခြင်းမှာ ဤလုပ်ရပ်ကြောင့် ၎င်း၏ မျိုးနွယ်စုမှ ထောင်နှင့်ချီသော လူတို့သည် မွတ်စ္စလင်မ်ဖြစ်သွားကြပေလိမ့်မည်။' သို့ရှိရာ မဃာဇီကျမ်းနှင့် အချို့သဖ်စီးရ်ကျမ်းများတွင် လာရှိထားသည်မှာ ဤအဖြစ်အပျက်ကို ကြည့်၍ ခဇ်ရဂျ်မျိုးနွယ်လူပေါင်း (၁၀၀၀) မွတ်စ္စလင်မ်ဖြစ်သွားလေသည်။

အချုပ်ဆိုရသော် တင်ပြပြီးခဲ့သည့်အာယသ်တွင် တမန်တော်မြတ်ကိုယ်တိုင် မိမိလုပ်ဆောင်မှုတစ်ခုခုဖြင့် ထိုမုနာဖစ်က်အား ခွင့်လွှတ်ခြင်းမဖြစ်နိုင်ဟု မုချဧကန် သိရှိထားပြီးဖြစ်သည်။ သို့သော် အာယသ်၏ အပေါ်ယံစကားလုံးများအရ ရွေးချယ်ခွင့်ပြုထား၏။ အခြားအာယသ်တော်များဖြင့် ယခုတိုင် တားမြစ်ထားခြင်းလည်း မရှိပေ။ အခြားတစ်ဖက်၌ ကာဖိရ်တစ်ဦး၏ကျေးဇူးကို လောက၌ပင် ပြန်လည် ဖြည့်စွက်လိုက်သည့် အကျိုးကျေးဇူးလည်း ရှိသည်။ ဤအဖြစ်အပျက်ကို ထောက်ရှု၍ အခြားကာဖိရ်များ မွတ်စ္စလင်မ်ဖြစ်မည်ဟု မျှော်လင့်ရပေသည်။ ထို့ကြောင့် နမာဇ်ဖတ်ပေးခြင်းကို ရွေးချယ်လိုက်၏။ ဟဇရသ်ဖာရူက်အဇွမ်က အာယသ်တော်များဖြင့် လွတ်ငြိမ်းမှုမရနိုင်ဟု အတည်ဖြစ်ထားသည့်အတွက် 'ဂျနာဇာဟ်'နမာဇ်ဖတ်၍ 'မဂ်ဖိရသ်' အတွက် ဒိုအာတောင်းခံခြင်းသည် အကျိုးမဲ့အချည်းအနှီးလုပ်ရပ် ဖြစ်သည့်အတွက် နဗီတမန်တော်၏ ဂုဏ်ပုဒ်နှင့် ဆန့်ကျင်နေလေသည်။ ထို့ကြောင့် ဟဇရသ်အုမရ် ﵁ သခင်က တားမြစ်ထားပြီးဖြစ်သည်ဟု ယူဆပေသည်။ တမန်တော်မြတ် ﷺ သည် ဤလုပ်ရပ်ကို အကျိုးရှိသော လုပ်ရပ်ဟု မယူဆသော်လည်း အခြားသူများ မွတ်စ္စလင်မ်ဖြစ်နိုင်သည်ဟူသော အကျိုးကို ရှေးရှု၍ ဤအလုပ်ကို အကျိုးမဲ့ဟု မယူဆပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ ၏ လုပ်ရပ်အပေါ် စောဒကမရှိသကဲ့သို့ ဟဇရသ်အုမရ် ﵁ ၏ စကားအပေါ် စောဒကမရှိပေ။ သို့သော် لَا تُصَلِّ ဟု ရှင်းလင်းစွာ ကျရောက်လာသည့်အတွက် သိရှိရသည်မှာ နမာဇ်ဖတ်ပေးခြင်းဖြင့် တမန်တော်မြတ် ﷺ ယူဆသော သာသနာအကျိုးတွင် ဆိုးကျိုးတစ်ခုလည်း ရှိပေသည်။ ဤဆိုးကျိုးဘက်သို့ တမန်တော်မြတ် ﷺ မစဉ်းစားပေ။ ၎င်းမှာ ဤလုပ်ရပ်ကြောင့် စစ်မှန်သော မွတ်စ္စလင်မ်များ၏ နှလုံးသားတွင် စိတ်သောကဖြစ်နိုင်ရန် စိုးရိမ်ရသည်။ အကြောင်းမှာ မွတ်စ္စလင်မ်စစ်စစ်နှင့် မုနာဖစ်က်များကို ချိန်ခွင်တစ်ခုတွင်း၌ပင် ချိန်လေသည်။ ဆိုလိုသည်မှာ အတူတူ ဆက်ဆံလေသည်။ ဤဆိုးကျိုးကို ထောက်ရှု၍ ကျမ်းမြတ်ကုရ်အာန်မှ တားမြစ်ချက် ကျရောက်လာလေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် မည်သည့်အခါမှ မုနာဖစ်က်တစ်ဦးတစ်ယောက်၏ 'ဂျနာဇာဟ်' နမာဇ်ကို ဖတ်ပေးတော်မမူခဲ့ပေ။

ဓမ္မသတ် ။ ။ အာယသ်တော်ဖြင့် သိရှိသည်မှာ ကာဖိရ်ကို 'ဂျနာဇာဟ်'နမာဇ် ဖတ်ပေးခြင်းနှင့် 'မဂ်ဖေရသ်'အတွက် တောင်းခံပေးခြင်း မပိုင်။

ဓမ္မသတ် ။ ။ ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ ကာဖိရ်ကို ဂုဏ်ပေးရန်အတွက် 'ကဗုရ်'တွင် ရပ်ခြင်း၊ 'ဇေယာရသ်'ပြုခြင်းသည် 'ဟရာမ်'ဖြစ်သည်။ သင်ခန်းစာယူရန်အတွက် (သို့) အကြောင်းတစ်ခုခုကြောင့် ဖြစ်လျှင် ဤတားမြစ်ချက် မရှိပေ။ ဟေဒါယာကျမ်းတွင် လာရှိထားသည်မှာ မွတ်စ္စလင်မ် တစ်ဦးတစ်ယောက်၏ ဆွေမျိုးကာဖိရ် သေဆုံးသွားပြီး ၎င်း၏ အမွေစားအမွေခံမရှိလျှင် မွတ်စ္စလင်မ်ဆွေမျိုးများမှ ထိုသေဆုံးသူကို စွန္နသ်နည်းလမ်းအတိုင်း မဟုတ်ဘဲ မြေမြုပ်ပေးနိုင်၏။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَا تُعْجِبْكَ أَمْوَالُهُمْ وَأَوْلَادُهُمْ ۚ إِنَّمَا يُرِيدُ
اللَّهُ أَنْ يُعَذِّبَهُمْ بِهَا فِي الدُّنْيَا وَتَزْهَقَ أَنْفُسُهُمْ وَهُمْ كَافِرُونَ ﴿٨٥﴾

၉ : ၈၅ ॥ ॥ ထို့ပြင် ၎င်း (မုနာဖစ်က်) တို့၏ ဥစ္စာပစ္စည်း (ကြွယ်ဝမှု) နှင့် ၎င်းတို့၏ သားသမီးများ (ပြားမှု) သည် အသင့်အား အံ့ဩစေခြင်းကို မဖြစ်စေရ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်းသူတို့အား ယင်း (ဥစ္စာပစ္စည်းများ နှင့် သားသမီး) တို့ဖြင့် လောကဘဝ၌ ပြစ်ဒဏ်ခတ်တော်မူရန်နှင့် ၎င်းသူတို့သည် ကာဖိရ် သွေဖည်ငြင်းပယ်သူများအဖြစ် နှင့် (ရှိနေကြစဉ်) ၎င်းတို့၏ အသက်ဇီဝိန်များ ထွက်သွားရန်ကိုသာလျှင် ရည်စူးတော်မူလေသည်။

وَإِذَا أُنْزِلَتْ سُورَةٌ أَنْ آمِنُوا بِاللَّهِ وَجَاهِدُوا مَعَ رَسُولِهِ
اسْتَأْذَنَكَ أُولُو الطَّوْلِ مِنْهُمْ وَقَالُوا ذَرْنَا نَكُنْ مَعَ الْقَاعِدِينَ ﴿٨٦﴾

၉ : ၈၆ ॥ ॥ စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား (စိတ်ရောကိုယ်ပါ) သက်ဝင်ယုံကြည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်နှင့်အတူ (ပေါင်း၍) 'ဂျိဟားဒ်' စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း ကို ပြုကြလေကုန်ဟူသော အမိန့်တော်ပါရှိသည့် (ကုရ်အာန်ကျမ်းမြတ်လာ) စူရာဟ် (ကဏ္ဍ) တစ်ခုခု ကျရောက်လာခဲ့သည် ရှိသော် ၎င်းသူတို့အနက် ဥစ္စာဓနေ ကြွယ်ဝသူများကပင် 'ကျွန်တော်မျိုးတို့အား ခွင့်လွှတ်ပါ။ ကျွန်တော်မျိုးတို့သည် (အိမ်တွင်) ထိုင်၍ နေရစ်ခဲ့ကြသော သူတို့နှင့်အတူ နေရစ်ခဲ့ပါရစေ' ဟူ၍ ပြောဆိုကာ အသင့်ထံတွင် ခွင့်ပန်တောင်းခံလာကြပေသည်။

رَضُوا بِأَنْ يَكُونُوا مَعَ الْخَوَالِفِ وَطُبِعَ عَلَىٰ قُلُوبِهِمْ
فَهُمْ لَا يَفْقَهُونَ ﴿٨٧﴾

၉ : ၈၇ ॥ ॥ ထိုသူတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် မလိုက်ကြဘဲ) နောက်တွင် ကျန်ရစ်ခဲ့သော အမျိုးသမီး တို့နှင့်အတူ နေရစ်ခဲ့ခြင်းကိုပင် နှစ်သက်ခဲ့ကြလေသည်။ အမှန်စင်စစ် ၎င်းသူတို့၏ စိတ်နှလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ခံခဲ့ရ ပြီးဖြစ်လေသည်။ သို့ဖြစ်ပေရာ ၎င်းသူတို့သည် ('ဂျိဟားဒ်' စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း သဘောတရား အစစ်အမှန်ကို) သိမြင်နားလည်ကြသည် မဟုတ်ချေ။

لَٰكِنِ الرَّسُولُ وَالَّذِينَ آمَنُوا مَعَهُ
جَاهَدُوا بِأَمْوَالِهِمْ وَأَنْفُسِهِمْ ۚ وَأُولَٰئِكَ لَهُمُ الْخَيْرَاتُ ۖ
وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿٨٨﴾

၉ : ၈၈ ॥ ॥ သို့ရာတွင် ရစူလ်တမန်တော်မြတ်နှင့်တကွ ထိုတမန်တော်မြတ်နှင့်အတူ အီမာန်သက်ဝင် ယုံကြည်ခဲ့ ကြသော သူတို့မှာမူ မိမိတို့၏ ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း စစ်မက်ပြိုင်ဆိုင်

တိုက်ခိုက်ခဲ့ကြလေသည်။ အမှန်စင်စစ် ထိုသူတို့အဖို့သာလျှင် မင်္ဂလာအဖြာဖြာတို့သည် ရှိကြပေသည်။ ထိုနည်းတူးစွာ ၎င်းသူတို့သည်သာလျှင် အောင်မြင်မှုရရှိသောသူများ ဖြစ်ကြကုန်သည်။

أَعَدَّ ٱللَّهُ لَهُمْ جَنَّٰتٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ خَٰلِدِينَ فِيهَا ۚ ذَٰلِكَ ٱلْفَوْزُ ٱلْعَظِيمُ ﴿٨٩﴾

(၉ : ၈၉) ။ ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အဖို့ အကြင်ကဲ့သို့သော ဥယျာဉ်များကို အသင့်ပြုလုပ်ထားတော်မူပြီးဖြစ်သည်။ ယင်းဥယျာဉ်များအားအောက်တွင် စမ်းရေချောင်းများသည် တသွင်သွင် စီးဆင်းလျက်ရှိချေသည်။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ အမြဲထာဝရ နေထိုင်စံမြန်းလျက် ရှိကြပေမည်။ ဤသည်ပင် ကြီးကျယ်မြင့်မြတ်လှစွာသော အောင်မြင်မှုပင်ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းမုနာဖစ်ကတ်တို့၏ ပစ္စည်းဥစ္စာများနှင့် သားသမီးများတွေ့ရှိ၍ ဤသို့ မအံ့သြလေနှင့်။ အလ္လာဟ်အသျှင်မြတ်၏ အမျက်ထွက်ခြင်းခံရသူများအပေါ် ဤချီးမြှင့်မှုမှာ မည်ကဲ့သို့ ဖြစ်သနည်း။ ဤအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများမဟုတ်ဘဲ 'အဇာဗ်'အပြစ်ဒဏ်၏ ပစ္စည်းများသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများဖြင့် လောကတွင် ၎င်းတို့အား အပြစ်ဒဏ်တွင် နစ်မွန်းရန်နှင့် ကာဖိရ်ဘဝ၌ပင် ဇီဝိန်ချုပ်ရန်ဖြစ်သည်။ ထို့ကြောင့် နောင်တမလွန်တွင် အပြစ်ဒဏ်များခံစားရမည်။ ကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော်များတွင် အသင်တို့ စိတ်စေတနာဖြူစင်စွာဖြင့် အလ္လာဟ်အသျှင်မြတ်ထံ အီမာန်ယူ၍ တမန်တော်မြတ်နှင့်အတူ သာသနာ့စစ်ဆင်နွှဲကြကုန်ဟူသော အကြောင်းအရာများ ပါရှိသည့် အာယသ်တော်များ ကျရောက်လာလျှင် ၎င်းတို့သည် တမန်တော်မြတ် ﷺ ထံမှ ခွင့်တောင်းခံကြလေသည်။ ခွင့်တောင်းခံသည့် အကြောင်းအရာမှာ ကျွန်ုပ်တို့ ကျန်ခဲ့သူများနှင့်အတူ နေခွင့်ပေးတော်မူပါ။ သို့သော် အီမာန်နှင့် 'အိခ်လားစ်'ရှိကြောင်း ကြွေးကြော်၍ မည်သို့မှ ကျင့်ဆောင်မှုမပြုလုပ်ဘဲ ကျွန်ုပ်တို့ စိတ်စေတနာဖြူစင်သူများဖြစ်သည်ဟု ပြောဆိုကြသည်။ ထိုသူတို့သည် အရှက်တရားကင်းမဲ့စွာ အမျိုးသမီးများနှင့်အတူ ကျန်ခဲ့ရန် သဘောတူလိုက်၏။ ထို့ကြောင့် ၎င်းတို့၏ စိတ်နှလုံးကို တံဆိပ်ခပ်နှိပ်လိုက်ပြီးဖြစ်သောကြောင့် အရှက်တရားရှိခြင်း၊ မရှိခြင်းကို မသိရှိတော့ပေ။ သို့သော် တမန်တော်မြတ် ﷺ နှင့်အတူ ပါဝင်သော မွတ်စ္စလင်မ်များသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံ၍ မိမိ၏ ဥစ္စာပစ္စည်းနှင့် အသက်ကို ပဓါနမထားဘဲ သာသနာ့စစ်အတွက် ပါဝင်ကြ၏။ ထိုသူများအတွက်သာ ကောင်းသော အရည်အချင်းများရှိ၍ အောင်မြင်သောသူများ ဖြစ်ပေသည်။ ကောင်းသော အရည်အချင်းများနှင့် အောင်မြင်မှုများဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များအား ဥယျာဉ်များ ချီးမြှင့်ပေမည်။ ထိုဥယျာဉ်များ၏ အောက်တွင် ချောင်းများ စီးတွေနေပေမည်။ ထိုဥယျာဉ်များတွင် အမြဲတစေ နေရမည်။ ဤသည် ကြီးကျယ်သော စည်းစိမ်ဖြစ်ပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြခဲ့သည့် အာယသ်တော်များတွင် 'သဗူးက်' စစ်ပွဲသို့ မပါဝင်လို၍ အကြောင်းခံအမျိုးမျိုးပြကာ ကျန်ရှိခဲ့သော မုနာဖစ်က်များ၏ အခြေအနေကို တင်ပြထား၏။ မုနာဖစ်က်များထဲမှ အချို့သည် ငွေကြေးအဆင်ပြေသူများလည်း ရှိကြသည်။ ထိုသူတို့၏ အခြေအနေကိုကြည့်၍ မွတ်စ္စလင်မ်များက ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်ထံတွင် လက်မခံသူများဖြစ်ပါလျက် လောကီစည်းစိမ်များ အဘယ်ကြောင့် ချီးမြှင့်ခြင်း ခံနေရပါသနည်းဟု တွေးတောကြပေမည်။ အဖြေကို ပထမအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ 'အကယ်၍ စဉ်းစားဆင်ခြင်လျှင် ၎င်းတို့၏ ပစ္စည်းဥစ္စာနှင့် သားသမီးများသည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်နှင့် ချီးမြှင့်မှုမဟုတ်ဘဲ လောက၌ပင် 'အဇားဗ်' အပြစ်ဒဏ် ဖြစ်တော်မူ၏။ နောင်တမလွန်၌ အပြစ်ဒဏ်မှာလည်း ထပ်ဆင့်ရပေဦးမည်။ လောက၏ အပြစ်ဒဏ်ဆိုသည်မှာ ပစ္စည်းဥစ္စာကို ချစ်ခင်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးပွားစေခြင်းတို့အတွက် သောကများပြားနေလေရာ မည်သည့်အချိန်အခါမှ အေးဆေးစွာ မနေရပေ။ ဇိမ်ခံပစ္စည်း မည်မျှပင်ရှိစေကာမူ အေးချမ်းမှုမရှိပေ။ အေးချမ်းမှုအစစ်အမှန်ဟူသည့် နှလုံးသား၏ အေးချမ်းမှုသာဖြစ်သည်။ ထို့အပြင် ဤလောကီပစ္စည်းဥစ္စာတို့သည် နောင်တမလွန်ကို မေ့လျော့စေ၍ ကုဖွ်ရ်နှင့် အပြစ်ဒုစရိုက်များတွင် နစ်မွန်းစေရန် အကြောင်းခံဖြစ်လေသည်။ အပြစ်ဒဏ်၏ အကြောင်းခံဖြစ်ခြင်းကြောင့် ပစ္စည်းဥစ္စာများကို 'အဇားဗ်' ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်တွင်

اَلَّذِيْنَ كَفَرُوْا مِنْهُمْ

ဟု မိန့်တော်မူထား၍ အလ္လာဟ်အသျှင်မြတ်သည် ပစ္စည်းဥစ္စာများ၏ အကြောင်းခံဖြင့် မုနာဖစ်က်များကို အပြစ်ဒဏ်ပေးလိုသည်ဟု အဓိပ္ပာယ်ရသည်။ 'စွမ်းဆောင်နိုင်သူများ' ဟူသော စာလုံးသည် သီးခြားတင်ပြရန်မဟုတ်ဘဲ မစွမ်းဆောင်နိုင်သူများ၏ အခြေအနေကို ပို၍ သိရှိရပေသည်။ ထိုမစွမ်းဆောင်နိုင်သူများထံတွင် အပေါ်ယံအားဖြင့် ချွတ်ယွင်းချက်ရှိနေပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَجَآءَ الْمُعَذِّرُوْنَ مِنَ الْاَعْرَابِ لِيُؤْذَنَ لَهُمْ وَقَعَدَ الَّذِيْنَ
كَذَبُوا اللّٰهَ وَرَسُوْلَهٗ ۚ سَيُصِيْبُ الَّذِيْنَ كَفَرُوْا مِنْهُمْ
عَذَابٌ اَلِيْمٌ ۝

၉ : ၉၀ ။ ။ စင်စစ် ကျေးရွာများတွင် နေထိုင်ကြကုန်သော သူတို့အနက်မှ လိမ်လည်၍ (အခြေအမြစ်မရှိသော) အကြောင်းပြချက်များကို (တင်ပြမည့် အချို့သော) သူတို့သည် မိမိတို့ (စစ်ထွက်ရာသို့ မလိုက်ပါရဘဲ) ခွင့်ပြုခြင်းခံကြရန်

(အသင့်ထဲသို့) လာရောက်ပြောဆိုခဲ့ကြကုန်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း မုသားပြောဆိုခဲ့ကြသော (အချို့) သူတို့မှာမူ (လိမ်လည်၍ အကြောင်းပြရန်ပင် မလာကြဘဲ) ထိုင်၍ နေရစ်ခဲ့ကြကုန်သည်။ ၎င်းတို့အနက် ကာဖိရ်သွေးဖည်ငြင်းပယ်သော သူတို့၌ ပြင်းပြနာကျင်စေသော ပြစ်ဒဏ်သည် မကြာမြင့်မီပင် ဆိုက်ရောက်ပေလိမ့်မည်ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြောင်းပြသူများထဲတွင် အချို့တောသားများသည် ပါရှိပေသည်။ အိမ်တွင် စစ်မထွက်ဘဲနေရန် ခွင့်တောင်းကြလေသည်။ ထိုတောသားများထဲမှ အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်ရစူလ်ကို အီမာန်ယူသည်ဟု ကြွေးကြော်၍ လုံးဝလိမ်လည်ပြောဆိုလေသည်။ ထိုသူတို့သည် လိမ်လည်အကြောင်းပြရန်ပင် မလာရောက်ဘဲ ထိုင်နေကြသည်။ ၎င်းတို့သည် အဆုံးအထိ ကာဖိရ်များဖြစ်၍ နောင်တမလွန်၌ ပြင်းထန်သော အပြစ်ဒဏ်ခံရမည်။ အချိန်မီ 'သောင်ဗာဟ်'ပြု အမှားဝန်ခံပါက 'အဇာဗ်'မှ လွတ်ကင်းပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤရှင်းလင်းချက်ဖြင့် သိရှိရသည်မှာ တောသားများတွင် နှစ်မျိုးနှစ်စား ရှိပေသည်။ တစ်မျိုးမှာ လှည့်ကွက်အမျိုးမျိုးပြု၍ တမန်တော်မြတ် ﷺ ထံ ရောက်ရှိလာ၍ သာသနာ့စစ်ပွဲသို့ သွားခြင်းမှ ခွင့်တောင်းခံကြသည်။ အချို့ဆိုးသွမ်းသော မုနာဖစ်က်တောသားများသည် ခွင့်တောင်းခံရန်ကိုပင် ဂရုမစိုက်ဘဲ မိမိအိမ်၌သာ ထိုင်နေကြပေသည်။ ဟဇရတ်ဂျာဗိရ် ဗင်န်အဗ်ဒုလ္လာဟ် ؓ သခင် တင်ပြသည်မှာ တမန်တော်မြတ် ﷺ သည် ဂျဒ်ဗင်န်ကိုင်စ်ကို 'ဂျိဟာဒ်'တွင် မလိုက်ရန် ခွင့်ပေးလိုက်ရာ အချို့မုနာဖစ်က်များလည်း ရောက်ရှိလာ၏။ အကြောင်းအမျိုးမျိုးပြ၍ 'ဂျိဟာဒ်'တွင် မလိုက်ရန် ခွင့်တောင်းကြသည်။ တမန်တော်မြတ် ﷺ မှ ခွင့်ပေးလိုက်သော်လည်း လိမ်လည်အကြောင်းပြနေကြသည်ဟု နားလည်လိုက်၏။ ထို့ကြောင့် ၎င်းတို့မှ မျက်နှာလွှဲတော်မူ၏။ ထို့အပေါ် ဤအာယသ်တော် ကျရောက်လာလေသည်။ အာယသ်တော်တွင် ၎င်းတို့၏ အကြောင်းခံများသည့် လက်မခံထိုက်ပေ။ ထို့ကြောင့် ၎င်းတို့ကို ပြင်းထန်သော အပြစ်ဒဏ်ရမည်ဟု ခြိမ်းခြောက်မှုကို တင်ပြခဲ့၏။ သို့သော် ဤသည်နှင့်အတူ မိန့်တော်မူ၍ ၎င်းတို့မှ အချို့၏ အကြောင်းပြချက်သည် ကာဖိရ်နှင့် မုနာဖစ်က်ဖြစ်ခြင်းကြောင့် မဟုတ်ဘဲ ပျင်းရိခြင်းကြောင့်ဖြစ်သည်။ ထိုသူတို့သည် ကာဖိရ်များ၏ 'အဇာဗ်'တွင် ပါဝင်မည်မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لَيْسَ عَلَى الضُّعَفَاءِ وَلَا عَلَى الْمَرْضَىٰ وَلَا
عَلَى الَّذِينَ لَا يَجِدُونَ مَا يُنفِقُونَ حَرَجٌ إِذَا نَصَحُوا لِلَّهِ وَ
رَسُولِهِ ۚ مَا عَلَى الْمُحْسِنِينَ مِن سَبِيلٍ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٩١﴾

၉ : ၉၁ ။ ။ အားအင်ချည့်နဲ့သူတို့အပေါ်၌ (စစ်မြေပြင်သို့ မလိုက်ခဲ့ကြသောကြောင့်) အပြစ်တစ်စုံတစ်ရာ မရှိပေ။ ထို့အတူ ဝေဒနာရှင်အပေါ်တို့၌လည်း (အပြစ်) မရှိပေ။ ထို့နည်းတူစွာ (စစ်ရေးတွင် ပါဝင်နိုင်ရန်အတွက်) သုံးစွဲရန် (စရိတ်စက) တစ်စုံတစ်ရာမျှမရှိသော သူတို့အပေါ်၌လည်း အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ် ကြည်ဖြူသော စိတ်စေတနာ (သစ္စာ) ထားရှိခဲ့ကြပါလျှင် (စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းမပြုနိုင်ဘဲ ကျန်ရစ်ခဲ့ကြသောကြောင့်) မည်သို့မျှ အပြစ်မရှိပေ။ ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ကြကုန်သော သူတော်ကောင်းတို့အပေါ်ဝယ် အပြစ်တင်ရန် မည်သည့်နည်းလမ်းမျှ မရှိပေ။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَلَا عَلَى الَّذِينَ إِذَا مَا أَتَوْكَ لِتَحْمِلَهُمْ قُلْتَ لَا أَجِدُ
مَا أَحْمِلُكُمْ عَلَيْهِ تَوَلَّوا وَّأَعْيُنُهُمْ تَفِيضُ مِنَ الدَّمْعِ
حَزَنًا أَلَّا يَجِدُوا مَا يُنفِقُونَ ﴿٩٢﴾

၉ : ၉၂ ။ ။ ထို့နည်းတူစွာ အကြင်သူတို့အပေါ်၌လည်း (ပြစ်တင်ရန် မည်သည့်နည်းလမ်းမျှ) မရှိချေ။ ၎င်းသူတို့သည် မိမိတို့အား (တစ်စုံတစ်ရာ) အစီးအနင်းပေါ်သို့ (စီစဉ်) တင်ပေးရန် အသင့်ထံသို့ လာကြသောအခါ အသင်သည် ၎င်းတို့အား "ငါ့ထံသို့ အသင်တို့အား (စီစဉ်) တင်ပေးရန် အစီးအနင်းတစ်စုံတစ်ရာ မရှိပေ"ဟူ၍ ပြောဆိုခဲ့လေသည်။ (ထိုအခါ) ၎င်းတို့သည် (စစ်ရေးတွင် ပါဝင်) သုံးစွဲရန် တစ်စုံတစ်ရာကိုမျှ မရရှိခဲ့ကြသောကြောင့် ဝမ်းနည်းပူဆွေး၍ မျက်စိများမှ မျက်ရည်များဖြင့် ပြည့်လျှံလျက် ပြန်သွားခဲ့ရရှာလေသည်။

إِنَّمَا السَّبِيلُ عَلَى الَّذِينَ
يَسْتَأْذِنُونَكَ وَهُمْ أَغْنِيَاءُ ۚ رَضُوا بِأَن يَكُونُوا
مَعَ الْخَوَالِفِ وَطَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ فَهُمْ لَا يَعْلَمُونَ ﴿٩٣﴾

၉ : ၉၃ ။ ။ စင်စစ်မှာ အကြင်သူတို့အပေါ်၌သာ အပြစ်ဆိုရန် အကြောင်းရှိပေသည်။ ထိုသူတို့သည် ချမ်းသာကြွယ်ဝကြသူများ ဖြစ်ကြပါလျက် (စစ်မြေပြင်သို့ မလိုက်ဘဲ နေကြရန်) အသင့်ထံတွင် ခွင့်ပန်ကြလေသည်။ ၎င်းတို့သည် နောက်၌

ကျန်ရစ်ခဲ့သူ အမျိုးသမီးတို့နှင့်အတူ နေရစ်ခဲ့ကြရန် နှစ်သက်ခဲ့ကြလေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများအပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူခဲ့လေပြီ။ သို့ဖြစ်ပေရာ ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း သဘောတရားကိုပင်) မသိနားမလည်ကြပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အားအင်ချည့်နဲ့သူများ၊ ရောဂါရှိသူများ၊ သာသနာ့စစ်ဆင်နွှဲရန် အသုံးစရိတ်နှင့် ပစ္စည်းမရှိသူများသည် စစ်မထွက်လျှင် မည်သို့မျှ မပြစ်မရှိပေ။ ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်၊ ၎င်းနောက် ရှရီအသ်၏ အမိန့်ပညတ်ချက်များတွင် စိတ်နေစေတနာဖြူစင်ရမည်။ စိတ်ရောကိုယ်ပါ အမိန့်နာခံရမည်။ ဤသို့သောသူများကို မည်သို့မှ ပြစ်တင်မှုမရှိပေ။ အာယတ်ကြောင့်ဆိုသော်

اَلَّذِيْنَ كَفَرُوْا مِنْهُمْ

ဟု မိန့်တော်မူထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကယ်၍ ဤသို့သော သူများသည် မိမိတို့ အသိပညာတွင် အားနည်းချက်ရှိသော်လည်း စိတ်စေတနာဖြူစင်စွာ အမိန့်နာခံ၍ ကြိုးစားနေထိုင်ရင်း အားနည်းချက် အနည်းငယ်ရှိသွားလျှင်လည်း ခွင့်လွှတ်ခြင်းခံရပေမည်။ ထိုသူများအပေါ် အပြစ် 'ဂိုနာဟ်' နှင့် စွပ်စွဲပြောဆိုမှု တစ်စုံတစ်ရာမရှိပေ။ ၎င်းသူတို့သည် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ လာရောက်၍ အစီးအနင်းတောင်းခံလေရာ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော့်ထံတွင် မည်သည့်ပစ္စည်းမှ မရှိသည့်အတွက် အသင်တို့ကို အစီးအနင်းမပေးနိုင်' ဟု ပြောဆိုလေသည်။ ထိုအခါ ၎င်းတို့သည် မျက်ရည်လည်ရွဲဖြင့် ပြန်လှည့်လာရလေသည်။ 'ဂျိဟားဒ်' အတွက် ပစ္စည်းများနှင့် အသုံးစရိတ် မစီစဉ်နိုင်သည့်အတွက် ဝမ်းနည်းပူဆွေးကြပေသည်။ ကိုယ်တိုင်မရှိသကဲ့သို့ အခြားနေရာမှလည်း မစီစဉ်နိုင်ကြပေ။ အချုပ်ဆိုရသော် ဤချွင်းချက်ရှိသူများအပေါ် မည်သို့မှ အပြစ်ယူမည်မဟုတ်ပေ။ သို့ရှိရာ စွပ်စွဲပြောဆိုခြင်းနှင့် အပြစ်ယူခြင်း ခံရမည့်သူများမှာ ပစ္စည်းဥစ္စာပြည့်စုံ၍ အင်အားရှိပါလျက် အိမ်တွင်နေထိုင်ရန် ခွင့်တောင်းသူများသာ ဖြစ်သည်။ ထိုသူတို့သည် အလွန်တရာ အရှက်တရားကင်းမဲ့၍ အိမ်တွင်းပုန်း အမျိုးသမီးများနှင့် အတူနေထိုင်ရန် ရွေးချယ်ခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ နှလုံးသားကို တံဆိပ်ခတ်နှိပ်လိုက်သည့်အတွက် ကောင်းကျိုးနှင့်အပြစ်ကို ခွဲခြားမသိရှိတော့ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များတွင် သာသနာ့စစ်ပွဲ၌ အားနည်းချက်တစ်စုံတစ်ရာ မရှိဘဲ မပါဝင်သူများ၏ အခြေအနေများကို တင်ပြထားပေသည်။ အချို့သည် ပျင်းရိသည့်အတွက် အကြောင်းပြ၍ ကျန်ရစ်ခဲ့သည်။ (သို့) အချို့မုနာဖစ်က်များသည် မိမိတို့၏ ကုဖွရ်နှင့် 'နေဖားက်' ကြောင့် အကြောင်းခံ အမျိုးမျိုးရှာ၍ တမန်တော်မြတ် ﷺ ထံ ခွင့်တောင်းခံကြသည်။ အချို့သည် ထို့ထက်ဆိုး၍ အကြောင်းပြခွင့်

ယူရန်ကိုပင် ယူသည်ဟု မထင်ဘဲ ထိုင်နေကြလေသည်။ ထိုလူများသည် ချို့ယွင်းချက်ရှိသူများမဟုတ်ဘဲ ကုဖွရ်နှင့် 'နေဖားက်' ကို ကျူးလွန်ခဲ့ကြသည့်အတွက် ပြင်းထန်သော အပြစ်ဒဏ်ရမည်ကို လွန်လေပြီးသော အာယသ်တော်များဖြင့် တင်ပြထား၏။ ယခုတင်ပြထားသည့် အာယသ်တော်တွင် အမှန်စင်စစ် ချွင်းချက်ရှိသူများ ဖြစ်သည့်အတွက် 'ဂျိဟားဒ်' တွင် မပါဝင်နိုင်သည့် စစ်မှန်သော မွတ်စ္စလင်မ်များကြောင့်ဖြစ်သည်။ ၎င်းတို့ထဲတွင် အချို့သည် မျက်စိမမြင်ခြင်း (သို့) ရောဂါရှိခြင်းကြောင့် အားနည်းသူများဖြစ်သည်မှာ ပေါ်လွင်ပေသည်။ အချို့သည် 'ဂျိဟားဒ်' တွင် ပါဝင်ရန် အသင့်ရှိသည်သာမက အလွန်အမင်း သွားလိုကြသည်။ သို့သော် ၎င်းတို့ထံ၌ပါးတွင် ခရီးသွားနိုင်ရန် အစီးအနင်းမရှိပေ။ ခရီးမှာ ရှည်လျား၍ ရာသီဥတုလည်း ပူပြင်းပေသည်။ ၎င်းတို့သည် မိမိတို့ စစ်ထွက်လိုစိတ်နှင့် အစီးအနင်းမရှိသည့် အားနည်းချက်ကို တမန်တော်မြတ် ﷺ အား လျှောက်ထား၍ ကျွန်ုပ်တို့အတွက် အစီးအနင်း စီစဉ်ပေးရန် မေတ္တာရပ်ခံကြသည်။ သဖ်စီးရ်နှင့် အစ္စလာမ့်သမိုင်းကျမ်းများတွင် ဤကဲ့သို့သော အဖြစ်အပျက်မျိုးစုံကို ရေးသားထားသည်။ အချို့အဖြစ်အပျက်မှာ အစတွင် တမန်တော်မြတ် ﷺ ကို ကျွန်ုပ်တို့ထံ အစီးအနင်းမရှိပါဟု တင်ပြကြသည်။ သို့သော် ဤသူတို့သည် ငိုကြွေးရင်း အိမ်ပြန်ရောက်ရှိလာကြရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အတွက် ကုလားအုတ် (၆) ကောင်ကို ထိုအချိန်၌ပင် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်ရှိနိုင်ရန် စီစဉ်ခဲ့၏။ တမန်တော်မြတ် ﷺ သည် ကုလားအုတ်များကို ၎င်းတို့အား ချီးမြှင့်ခဲ့သည်။ ထိုသူများထဲမှ (၃) ဦးအတွက် အစီးအနင်းကို ဟဇရသ်အွတ်စ်မားန်သည် မိမိဘက်မှ စီစဉ်ပေး၏။ အမှန်မှာ ထို့ထက်အလျှင် မြောက်မြားစွာသော စစ်ရေးဆိုင်ရာ အစီအမံများကို မိမိအသုံးစရိတ်ဖြင့် ပြုလုပ်ပြီးဖြစ်၏။ အချို့သည် အစီးအနင်း လုံးဝမရတော့သည့်အတွက် မတတ်နိုင်သည့်အဆုံး ကျန်ရစ်ခဲ့ရတော့၏။ ယခုတင်ပြခဲ့သည့် အာယသ်တော်များသည် ဤပုဂ္ဂိုလ်များနှင့် ပတ်သက်၍ လာရှိထားခြင်းဖြစ်သည်။ အဆုံးတွင် သတိပေးထားသည်မှာ 'ဂျိဟားဒ်' ပြုရန် စွမ်းအားရှိပါလျက် မပါဝင်ဘဲ အမျိုးသမီးများကဲ့သို့ နေထိုင်ရန် နှစ်သက်သူများအပေါ်သို့သာ အပြစ်ဒဏ်များ လာရှိမည်ဖြစ်ပေသည်။

إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَسْتَأْذِنُونَكَ وَهُمْ أَغْنِيَاءُ

ဟူသော အာယသ်တော်၏ အလိုသဘောမှာလည်း ဤသည်သာဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၀]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''